
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

အကယ်ဒမီမှတ်တမ်း

၄။ ဝင်းငြိမ်း
ပထမများ ကြိုးစိုးသွားတဲ့
၂၀၁၈ ခုနှစ် အကယ်ဒမီ



**One Minute Interview**

မနိုးသူ ၂၆။
နေတိုး၊ ဝင်းလွင်ထက်
Rဇာနည်၊ နီနီခင်ဇော်
အေးဝတ်ရည်သောင်း

လူမှုဝန်းကျင်
လင်းနိုင်ဦး ၅၀။
ကုန်းဘောင်ခေတ်
မင်္ဂလာဝတ်စုံနဲ့
မင်္ဂလာပွဲဆင်နွဲခဲ့ကြတဲ့
သူထူးစံနဲ့ ထိုက်ဆုဝင်း

ပူးငုံပွင့်သစ်
မနိုးသူ ၅၆။
ဂီတအတွက် ကတိပေးပြီး
ကြိုးစားမယ့် စစ်ပိုင်ထက်
မနိုးသူ ၆၀။
ကိုယ်တိုင်
အကောင်းကြိုက်လို့
အကောင်းဆုံးဖြစ်အောင်
ကြိုးစားတယ်

ဓာတ်ရုပ်ရှင်
လင်းနိုင်ဦး ၄၄။
ပြုံးရွှင်ရေ...ပျော်ရဲ့လား
နိုင်ငံတကာစာမျက်နှာ
ဘို ၂၀။
မိုက်ကယ်ဂျက်ဆင်
လိင်မှုအရှုပ်တော်ပုံ
တစ်ကျော့ပြန်ပေါ်လာ
ဇာနည်ညီဖိုး ၃၆။
၉၁ ကြိမ်မြောက်
အော်စကာဆုပေးပွဲ
ကျင်းပပြီးစီး

ရွှေနှလုံးသား
မောင်အင်း [illegible] ၆၄။
စံပယ်တင်မှဲ့နဲ့
တကယ့်ကိုယည်

ရုပ်စုံမဂ္ဂဇင်း
အမှတ်၃၅၁၊ ဧပြီ၊ ၂၀၁၉
**ဝင်းငြိမ်း** စီစဉ်တည်းဖြတ်သည်

ရွှေဝတ္ထု
၇၄။ ရဲရင့်လုံ [illegible]
မစ္စစမစ်နှင့် အာနီး
၈၂။ မြေယာမင်းသူ
[illegible]
ဗိုင်းရပ်စ်
၈၈။ ရဲသျှမ်း
ဘူတာရုံကလေး(၆)
၉၄။ အမြဲ့ရောင် [illegible]
သံသယ သံသရာ
၁၃၆။ မြင့်မိုရ်ကျော်လင်း
[illegible]
အမှောင်ကမ္ဘာရဲ့ ည
၁၅၂။ ရှည်ညီလေး
ကြယ်မြည်သံ
၁၅၈။ မော်မော်မောင်
ရေတိမ်နစ်တဲ့ငါး
၁၆၄။ ညီ့မြင်းရှ
အတွင်းတိမ်
၁၇၀။ သဉ္ဇာဂျိုင် [illegible]
နှင်းခါးတွေ ပြိုတဲ့အခါ
၁၇၆။ မခ
အိမ်ဦးနတ်
၁၈၀။ ဘုန်း [illegible]
မသေကောင်း
မပျောက်ကောင်း
၁၈၆။ လှမြင့်မောင်
[illegible]
အသွင်ပြောင်းကျောက်
၁၉၂။ ငြိုးပိုင် [illegible]
အစုန်မြစ်ထဲက
ဆန်ရေတစ်စက်

www.burmeseclassic.com

www.burmeseclassic.com




**ရွှေဝတ္ထုရှည်စ/ဆုံး**

**ရေအေး** ၁၁၂။
အလုံပိတ်ကမ္ဘာ

**ချမ်းအောင်** ၁၄၂။
ရေခဲမုန့်မရှိတဲ့မြို့

**ကောင်းမြတ်** ၂၂၈။
ရွက်ကြွေကကြိုး

**ရွှေဝတ္ထုများကို ပြန်လည်တူးဖော်ခြင်း**

**သန်းဆွေ** ၁၀၆။
တစ်ခုသော သကြိန်အခါ

**ရွှေအသစ်**

................................ ၂၀၆။
................................ ၂၁၂။
................................ ၂၁၆။
................................ ၂၂၂။

**ရသစာတမ်း**

**ကျကြီးအောင်လှ ခင်မိုး** ၁၃၀။
တိမ်းစောင်းခြင်း
အလှတရား

**အက်ဆေးအကြောင်း**

**အက်ဆေး**

၁၂၄။ **မောင်ရင်မာ၊ ကျောင်းကုန်း၊**
ချုန်ထွန်းအောင်၏
လက်ဖျံရိုးနှင့်
ဆရာဝန်တစ်ယောက်၏
မျက်နှာပေး

**အမှတ်တရစာစု**

၇၀။ **မောင်သန်းဆွေ၊ ထားဝယ်၊**
မမခင်(စာရေးဆရာမကြီး
ဒေါ်ပတ္တမြားခင်)
အမှတ်တရ

၁၀၀။ **ငါးနု**
ဦးမြင့်သန်း

**နှစ်ကြောင်းရေး တစ်ကြောင်းခြစ်**

၁၉၀။ **ပင်းငြိမ်း**
လူတိုင်းသည်
စာရေးဆရာလော…



အယ်ဒီတာအဖွဲ့-
တိုက်(၁၇)၊ အခန်း (၄-၀၁)၊ ၅၂
လမ်း(အောက်ဘလောက်)၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။
ဖုန်း-၀၁-၉၁၁၀၇၁၁
**Email:**
**nyeinfamily@gmail.com**
မျက်နှာဖုံး၊ မေဂ္ဂဇင်းလက်ဆောင်နှင့်
အတွင်းပုံနှိပ်သူ-
ဒေါ်မြို့မြို့(ခ)အေးအေးသိန်း(၀၀၉၇၀)
ဇမ္ဗူတာလှပုံနှိပ်တိုက်၊ အမှတ် ၁၁၁၀၊
ရွှေတောင်ကြား ၅ လမ်း၊ ၆၃ ရပ်ကွက်၊
တက်မှုန် တောင်အုံ၊ ရန်ကုန်မြို့။
ထုတ်ဝေသူ -
ဒေါ်မြို့မြို့(ခ)အေးအေးသိန်း (၀၁၀၉၁)
အမှတ် ၁၃၃၃၊ လမ်း ၄၀၊
ကုန်သည်လမ်းနှင့် ပဟာဝမ္ဗလလမ်းကြား၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖြန့်ချိရေး - ဇမ္ဗူတာလှစာပေ
အမှတ် ၁၃၃၃၊ လမ်း ၄၀၊ ကုန်သည်လမ်းနှင့်
ပဟာဝမ္ဗလလမ်းကြား၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း-၀၁-၃၃၉၈၂၉
စာတိုက်သေတ္တာအမှတ် ၁၂၅၇
**E-mail:**
**zabutalu@gmail.com**
**Available at : Wun Zinn**


www.burmeseclassic.com

www.burmeseclassic.com



ပထမများ ကြိုးရိုးသွားတဲ့ ၂၀၁၈ ခုနှစ်

# အကယ်ဒမီ

ပင်းငြိမ်း

ဓာတ်ပုံ - လင်းနိုင်ဦး၊ အောင်မျိုး၊ ဟိန်းမြတ်

www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်
ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင်
အဖွင့်အမှာစကားပြောကြားခဲ့ပါတယ်

ရုပ်ရှင်ဇာတ်ကားပေါင်း ၈၃ ကား ရုံတင်ပြသနိုင်ခဲ့တဲ့ ၂၀၁၈ ခုနှစ်အတွက် မြန်မာ ရုပ်ရှင် ထူးချွန်ဆုပေးပွဲကို ၂၀၁၉ ခုနှစ် မတ်လ ၂၃ ရက်နေ့က သုဝဏ္ဏမြို့ One Entertainment ရုံကြီးမှာ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ပါတယ်။

မြန်မာ့ရုပ်ရှင်ထူးချွန် ဆုရွေးချယ်ရေးအတွက် စည်းမျဉ်းအသစ်များ ရေးဆွဲဆောင်ရွက်ခဲ့ရာမှာ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး အခြေခံအဖွဲ့ အလွှာ ၈ လွှာမှ တစ်ခုလျှင် ကိုယ်စားလှယ် ၅ ဦးစီဖြင့် အဖွဲ့ဝင်ပေါင်း ၄၀ တို့က ရုပ်ရှင်ကား ၈၃ ကားကို ကြည့်ရှုအကဲဖြတ်ကြပြီး ရုပ်ရှင်ကား ၂၅ ကားကို ဆန်ခါတင်အဖြစ် ရွေးချယ်ခဲ့ကြပါတယ်။ ဒီအစုအဖွဲ့မှ ဒါရိုက်တာ ဦးကြည်စိုးထွန်းက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပေးခဲ့ခြင်း ဖြစ်ပါတယ်။

ဆန်ခါတင်ရွေးချယ်ခြင်းခံရတဲ့ ရုပ်ရှင်ကား ၂၅ ကားကို အခြေခံအဆင့် အဖွဲ့ဝင် ၄၀ အပြင် ဝါရင့်ရုပ်ရှင်ပညာရှင်ကြီး ၅ ဦးတို့ ထပ်ပေါင်းကာ နောက်ဆုံးဆင့်အဖြစ် စိစစ်အကဲဖြတ်ခဲ့ကြပြန်ပါတယ်။(အစည်းအဝေးအထပ်ထပ်ကျင်းပပြီး ရေးဆွဲခဲ့တဲ့ ဒီစည်းမျဉ်းမှာ ရုပ်ရှင်



၂၀၁၈ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုရရှိသူများ အမှတ်တရ

ဖြေလျှော့ခွေ ဇာတ်ကားထဲမှာ ဒေါ်မြင့်မြင့်ခင် သီဆိုခဲ့တဲ့ မြစ်ကြီး ရေဝါ သီချင်းနဲ့ ရေဒီယိုသီချင်းတစ်ပုဒ်ဖြစ်တဲ့ နားယဉ်းဆဲ သီချင်းများကို အကနဲ့တွဲဖက်ပြီး ဖျော်ဖြေရာမှာ အကယ်ဒမီများရှင်များဖြစ်တဲ့ ရန်အောင်နဲ့ မေသန်းနုတို့က ပါဝင်ဖျော်ဖြေပေးကြပါတယ်



www.burmeseclassic.com

www.burmeseclassic.com




၂၀၁၈ ခုနှစ်အတွက်
တစ်သက်တာ
ဂုဏ်ထူးဆောင်ဆုရှင်
အကယ်ဒမီများရှင်
ဒေါ်မြင့်မြင့်ခင်

ကျေးဇူးတင်စကားပြောကြားနေတဲ့ တစ်သက်တာ ဂုဏ်ထူးဆောင်ဆုရှင် အကယ်ဒမီများရှင် ဒေါ်မြင့်မြင့်ခင်


အကောင်းဆုံးရုပ်ရှင်အသံဆုရ
ကိုအေး ကို ဂုဏ်ပြုနှုတ်ဆက်နေကြတဲ့
အနုပညာမောင်နှမများ

အကောင်းဆုံးရုပ်ရှင်အသံဆုရ
ကိုအေး ကို အကယ်ဒမီ ဦးသန့်ဦးက
ဆုပေးအပ်ချီးမြှင့်ခဲ့ပါတယ်

အကောင်းဆုံး
ရုပ်ရှင်အသံဆုရ
ကိုအေး



www.burmeseclassic.com

www.burmeseclassic.com



တစ်သက်တာဂုဏ်ထူးဆောင်ဆုရ ဒေါ်မြင့်မြင့်ခင်ကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ဆုပေးအပ်ချီးမြှင့်ခဲ့ပါတယ်



အနုပညာရှင်များက နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကို ကြိုဆိုနှုတ်ဆက်ခဲ့ကြပါတယ်



အစီအစဉ်တင်ဆက်သူများနဲ့ ရွှေကြိုးများ

ကျွမ်းကျင်ပညာရှင် နှစ်ဦးတို့လည်း ပါဝင်ရမယ်လို့ ဆိုပေမဲ့ ၂၀၁၈ ခုနှစ်အတွက် ရွေးချယ်ရာမှာတော့ အဲဒီ ၂ ဦး မပါဝင်ပါဘူး။)

အများစု ခန့်မှန်းခြေက **မုန်းစွဲ** ဇာတ်ကားက ဆုအများဆုံး သိမ်းပိုက်လိမ့်မယ်လို့ ခန့်မှန်းထားကြပါတယ်။ အထူးသဖြင့် ကလေးသရုပ်ဆောင် ၂ ဦးတို့ကို အထူးဆုအဖြစ် ချီးမြှင့်လိမ့်မယ်လို့လည်း ခန့်မှန်းထားခဲ့ကြတာပါ။ မတ်လ ၂၃ ရက်နေ့ ညကတော့ အဖြေထွက်ခဲ့ပါပြီ။

ရာသီဥတု ပူပြင်းလှပေမဲ့ One Entertainment ရုံအတွင်းမှာတော့ လေအေးပေးစက်များက နိုင်နိုင်နင်းနင်း ရှိတဲ့အတွက် အပြင်မှာ ပူခဲ့သမျှ ရုံတွင်းမှာ သက်သက်သာသာ ရှိပါတယ်။ ဒီနှစ် အဓိက ပံ့ပိုးသူများကတော့ Moon Entertainment နဲ့ Bo Bo Music Entertainment တို့ ဖြစ်ကြပြီး ရုံအပြင်အဆင်နဲ့ အစီအစဉ်များကို ဌန်လွင်နဲ့ ဘိုစန်းတို့က စီစဉ်ဆောင်ရွက်ကြပါတယ်။

၂၀၁၈ ခုနှစ်အတွက် ထူးချွန်ဆုပေးပွဲ ကျင်းပရာမှာ ယမန်နှစ်ကလိုပဲ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ကိုယ်တိုင် ကြွရောက်ချီးမြှင့်ပေးပါတယ်။ အဖွင့်အမှာစကား ပြောကြားပေးတဲ့ အပြင် ၂၀၁၈ ခုနှစ်အတွက် တစ်သက်တာဂုဏ်ထူးဆောင်ဆုရှင် **အကယ်ဒမီများရှင် ဒေါ်မြင့်မြင့်ခင်** ကိုလည်း **တစ်သက်တာ ဂုဏ်ထူးဆောင်ဆု** ကို ချီးမြှင့်ပေးခဲ့ပါတယ်။

ဒေါ်မြင့်မြင့်ခင်ကို ဂုဏ်



www.burmeseclassic.com

www.burmeseclassic.com



အကောင်းဆုံး
ရုပ်ရှင်တည်းဖြတ်ဆုရ
ကျော်နိုင်စိုးကို
ဦးဇော်မင်း(ဟံသာမြေ)က
ဆုပေးအပ်ချီးမြှင့်ခဲ့ပါတယ်

အကောင်းဆုံး
ရုပ်ရှင်တည်းဖြတ်ဆုရ
ကျော်နိုင်စိုး

အကောင်းဆုံး
ရုပ်ရှင်ဓာတ်ပုံဆုရ
ဝင်းလွင်ထက်နဲ့
ဓာတ်ပုံ နိုင်နှရိုန်(ဖထီး)

အကောင်းဆုံး ရုပ်ရှင်ဓာတ်ပုံဆုရ ဝင်းလွင်ထက် ကို
ဂုဏ်ပြုနှုတ်ဆက်နေတဲ့ ဒေါ်နန်းမောက်လောင်ဝ်ဆိုင်



www.burmeseclassic.com

www.burmeseclassic.com





ကောင်းဆုံး ရုပ်ရှင်နောက်ခံတေးဂီတဆုရ မျက်နှာပြင်များ(Dimensions)ဇာတ်ကားမှ ပါဝင်ကြသူများ အမှတ်တရ
















ပြုကြရာမှာ ဒါရိုက်တာ မောင်ဗေဒါရဲ့အစီအစဉ်နဲ့ ယဉ်ကျေးမှုတက္ကသိုလ်မှ ကျောင်းသူကလေးများရဲ့ အကကို မြူးမြူးကြွကြွ တွေ့မြင်ရပါတယ်။ **ဖြေလျော့ခွေ** ဇာတ်ကားထဲမှာ ဒေါ်မြင့်မြင့်ခင် သီဆိုခဲ့တဲ့ *မြစ်ကြီး ဧရာဝတီ* သီချင်းနဲ့ ရေဒီယိုသီချင်းတစ်ပုဒ်ဖြစ်တဲ့ *နားပန်းဆံ* သီချင်းများနဲ့ အက တွဲဖက်ပြီး ဖျော်ဖြေရာမှာ အကယ်ဒမီများရှင်များဖြစ်တဲ့ ရန်အောင်နဲ့ မေသန်းနုတို့က ပါဝင်ဖျော်ဖြေပေးကြပါတယ်။

ဖျော်ဖြေရေးအစီအစဉ်များ ကြားဖြတ်တင်ဆက်ပေးရင်း ဆုများ စတင်ကြေညာပါတယ်။ ပထမဆုံးကြေညာတဲ့ဆုက ရုပ်ရှင်အသံဆု ဖြစ်ပါတယ်။ ဒီဆုကို စာအိတ်ဖွင့်ဖောက်ကြေညာပေးသူက အကယ်ဒမီ ဦးဆန်းဦး ဖြစ်ပါတယ်။ (ဦးဆန်းဦးက ၂၀၀၉ ခုနှစ်မှာ **အတိတ်၏အရိပ်**၊ ၂၀၁၁ ခုနှစ်မှာ **ပန်းကြာဝတ်မှုံ** ဇာတ်ကားများနဲ့ ရုပ်ရှင်အသံဆုဆွတ်ခူးရရှိခဲ့သူ ဖြစ်ပါတယ်။) ဦးဆန်းဦးကစာအိတ်ဖွင့်ဖောက် ကြေညာပေးရာမှာတော့ **မုန်းစွဲ** ဇာတ်ကားမှာ အသံပိုင်းဆိုင်ရာကို တာဝန်ယူ ဆောင်ရွက်ပေးတဲ့ **ကိုအေး** က ဆွတ်ခူးရရှိသွားပါတယ်။

ဒုတိယမြောက်ဆုအဖြစ် ကြေညာတဲ့ဆုကတော့ **ရုပ်ရှင်တည်းဖြတ်ဆု** ဖြစ်ပါတယ်။ ဒီဆုကို ဖွင့်ဖောက်ကြေညာပေးဖို့ ဦးဇော်မင်း(ဟံသာမြေ)ကို ဖိတ်ခေါ်ခဲ့ပါတယ်။ (ဦးဇော်မင်းက ၂၀၀၂ ခုနှစ်မှာ ငါ **သူတစ်ပါး**



www.burmeseclassic.com

www.burmeseclassic.com



အကောင်းဆုံး ရုပ်ရှင်ဇာတ်ညွှန်းဆုရ ဝိုင်း ကို အနုပညာ မောင်နှမများက ဝိုင်းဝန်းဂုဏ်ပြုခဲ့ကြပါတယ်

အကောင်းဆုံး ရုပ်ရှင်ဒါရိုက်တာဆုရ
ဩရသ

အကောင်းဆုံး ရုပ်ရှင်ဒါရိုက်တာဆုရ
ဩရသ ကို ဦးအောင်လွင်က ဆုချီးမြှင့်ပေးခဲ့ပါတယ်



www.burmeseclassic.com

www.burmeseclassic.com



အကောင်းဆုံး ရုပ်ရှင်ဓာတ်ညွှန်းဆုရ ဗိုင်း ကို ဒါရိုက်တာ ကြည်စိုးထွန်းက ဆုချီးမြှင့်ပေးခဲ့ပါတယ်

အကောင်းဆုံး ရုပ်ရှင်ဇာတ်ကားဆုရ ငွေသော်တာရုပ်ရှင်ထုတ်လုပ်ရေးကို ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ဆုချီးမြှင့်ပေးခဲ့ပါတယ်

ငွေသော်တာရုပ်ရှင်ထုတ်လုပ်ရေး မိသားစုများ အမှတ်တရ

ယောက်ျား မိန်းမ၊ ၂၀၀၄ ခုနှစ်မှာ လျှို့ဝှက်သောနှင်း၊ ၂၀၀၆ ခုနှစ်မှာ မျှော်လင့်ခြင်းများစွာ၊ ၂၀၀၉ ခုနှစ်မှာ ကျောက်စက်ရေ၊ ၂၀၁၂ ခုနှစ်မှာ ဥ၊ ၂၀၁၅ ခုနှစ်မှာ ချစ်စံအိမ် ဇာတ်ကားများနဲ့ ထူးချွန်ဆု ၆ ကြိမ် ဆွတ်ခူးထားသူဖြစ်ပါတယ်။) ဦးဇော်မင်း စာအိတ်ဖွင့်ဖောက် ကြေညာပေးလိုက်ရာမှာတော့ ရွှေကြာ ဇာတ်ကားကိုတည်းဖြတ်ခဲ့သူ ကျော်ခိုင်စိုး က ဆွတ်ခူးရရှိသွားပါတယ်။

တတိယမြောက်ဆုကတော့ ရုပ်ရှင်ဓာတ်ပုံဆု ဖြစ်ပါတယ်။ ဒီဆုကို ဓာတ်ပုံ နိုင်နှင်းရိန်(ဖထီး)က ဖွင့်ဖောက်ကြေညာပေးမှာ ဖြစ်ပါတယ်။ (နိုင်နှင်းရိန်က ၂၀၁၅ ခုနှစ်က မိုးကုပ်စက်ဝိုင်းကိုကျော်လွန်၍ ဇာတ်ကားနဲ့ ထူးချွန်ဆု ရရှိခဲ့သူ ဖြစ်ပါတယ်။) စာအိတ်ဖွင့်ဖောက် ကြေညာလိုက်ရာမှာတော့ မုန်းစွဲ ဇာတ်ကားမှာ ရုပ်ရှင်ဓာတ်ပုံပညာရှင်အဖြစ် ဆောင်ရွက်ပေးခဲ့တဲ့ ဝင်းလွင်ထက် က ဆွတ်ခူးရရှိသွားပါတယ်။

နောက်တစ်ဆုကတော့ ရုပ်ရှင်နောက်ခံတေးဂီတဆု ဖြစ်ပါတယ်။ ဒီဆုအတွက် စာအိတ်ဖွင့်ဖောက်ကြေညာပေးဖို့ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး နာယကအဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ ဒါရိုက်တာ မောင်နှင်းမိုးကို ဖိတ်ခေါ်ခဲ့ပါတယ်။ စာအိတ်ဖွင့်ဖောက် ကြေညာလိုက်ရာမှာတော့ မျက်နှာပြင်များ(Dimensions) ဇာတ်ကားရဲ့ နောက်ခံတေးဂီတ တာဝန်ယူတီးခတ်ပေးခဲ့သူ တိုင်းရင်းသားပညာရှင်တစ်ဦး



www.burmeseclassic.com



အကောင်းဆုံး အမျိုးသားဇာတ်ပို့ဆုရ ကျော်ကျော်ဗို ကို
ထွန်းထွန်းဝင်းက ဆုချီးမြှင့်ပေးခဲ့ပါတယ်





အကောင်းဆုံး အမျိုးသမီး ဇာတ်ပို့ဆုရ
အေးမြတ်သူကို ဝိုင်းဝန်းဂုဏ်ပြုကြတဲ့
အနုပညာရှင်များ



အကောင်းဆုံး
အမျိုးသမီးဇာတ်ပို့ဆုရ အေးမြတ်သူ



အကောင်းဆုံး
အမျိုးသမီးဇာတ်ပို့ဆုရ
အေးမြတ်သူကို
ခင်စိုးပိုင် က
ဆုချီးမြှင့်ပေး
ခဲ့ပါတယ်




အေးမြတ်သူနဲ့ ချစ်ငယ်





www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



အကောင်းဆုံး
အမျိုးသားဇာတ်ပို့ဆုရ
ကျော်ကျော်ဗို ကို
အနုပညာမောင်နှမများက
ဝိုင်းဝန်းဂုဏ်ပြုခဲ့ကြပါတယ်



အကောင်းဆုံး
အမျိုးသားဇာတ်ပို့ဆုရ
ကျော်ကျော်ဗို



အကောင်းဆုံး အမျိုးသမီးဇာတ်ပို့ဆုရ အေးမြတ်သူနဲ့
အကောင်းဆုံး အမျိုးသား ဇာတ်ပို့ဆုရ ကျော်ကျော်ဗို

ဖြစ်တဲ့ **ရှုလုံးအမ်ရေနမ်** က ဆွတ်ခူးရရှိသွားပါတယ်။

ဆဋ္ဌမမြောက်ဆုဖြစ်တဲ့ **ရုပ်ရှင်ဇာတ်ညွှန်းဆု** ကို ကြေညာပေးမယ့်သူက ဒါရိုက်တာ ကြည်စိုးထွန်း ဖြစ်ပါတယ်။ (ဒါရိုက်တာ ကြည်စိုးထွန်း က ၁၉၈၉ ခုနှစ်မှာ **ဒိုး** ဇာတ်ကား၊ ၁၉၉၇ ခုနှစ်မှာ **သူ့ကျွန်မခံပြီ**၊ ၂၀၀၂ ခုနှစ်မှာ **ဆန်ရေ**၊ ၂၀၀၅ ခုနှစ် မှာ **ဆဋ္ဌဂံ** ဇာတ်ကားများနဲ့ ဒါရိုက်တာဆု ရရှိခဲ့တဲ့အပြင် ၂၀၀၅ ခုနှစ်မှာ **ဆဋ္ဌဂံ** ဇာတ်ကားနဲ့ ဇာတ်ညွှန်းဆုကိုလည်း ရရှိထားသူ ဖြစ်ပါတယ်။) ဦးကြည်စိုးထွန်း စာအိတ်ဖွင့်ဖောက် ကြေညာလိုက်ရာမှာတော့ **ရွှေကြာ** ဇာတ်ကားရဲ့ ဇာတ်ညွှန်းရေးဖွဲ့သူ **ဝိုင်း** က ဆွတ်ခူးရရှိသွားပါတယ်။

နောက်တစ်ဆုဖြစ်တဲ့ **ရုပ်ရှင်ဒါရိုက်တာဆု** ကို ကြေညာပေးဖို့အတွက် ဦးအောင်လွင်ကို ဖိတ်ခေါ်ခဲ့ပါတယ်။ (ဦးအောင်လွင်က မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး နာယကအဖွဲ့ဝင်တစ်ဦး ဖြစ်တဲ့အပြင် ၁၉၇၄ ခုနှစ်က **နော်ကူးမ** ဇာတ်ကားနဲ့ အမျိုးသားဇာတ်ပို့ဆုရခဲ့သူဖြစ်ပါတယ်။) ဒါရိုက်တာဆုအတွက် စာအိတ်ဖွင့်ဖောက် ကြေညာလိုက်ရာမှာတော့ **မုန်းစွဲ** ဇာတ်ကားရိုက်ကူးခဲ့သူ ဒါရိုက်တာ **ဩရသ** က ဆွတ်ခူးရရှိသွားပါတယ်။

ဆုကြီးတစ်ဆုဖြစ်တဲ့ **အကောင်းဆုံးရုပ်ရှင်ဇာတ်ကား** ဆုကို ကြေညာပေးဖို့အတွက် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်ကို ဖိတ်ခေါ်



www.burmeseclassic.com

www.burmeseclassic.com



အကောင်းဆုံး အမျိုးသမီးဇာတ်ဆောင်ဆုရ
ဖွေးဖွေးကို ဂုဏ်ပြုနှုတ်ဆက်ကြတဲ့ အနုပညာရှင်များ



အကောင်းဆုံး အမျိုးသားဇာတ်ဆောင်ဆုရ
သူထူးစံကို လွင်မိုးက ဆုချီးမြှင့်ပေးခဲ့ပါတယ်





အကောင်းဆုံး အမျိုးသားဇာတ်ဆောင်ဆုရ
သူထူးစံကို ဂုဏ်ပြုနှုတ်ဆက်ကြတဲ့
တစ်သက်တာဆုရှင် ဒေါ်မြင့်မြင့်ခင်၊
အကောင်းဆုံးအမျိုးသမီး
ဇာတ်ပို့ဆုရှင် အေးမြတ်သူနဲ့
အကောင်းဆုံး အမျိုးသား
ဇာတ်ပို့ဆုရှင် ကျော်ကျော်ဗို



www.burmeseclassic.com

www.burmeseclassic.com





အကောင်းဆုံး
အမျိုးသမီးဇာတ်ဆောင်ဆုရ ဖွေးဖွေး



အကောင်းဆုံး
အမျိုးသမီးဇာတ်ဆောင်ဆုရ
ဖွေးဖွေးကို ဒေစီကျော်ဝင်းက
ဆုချီးမြှင့်ပေးခဲ့ပါတယ်



အကောင်းဆုံး အမျိုးသားဇာတ်ဆောင်ဆုရ
သူထူးစံကို ဂုဏ်ပြုနှုတ်ဆက်ကြတဲ့
အနုပညာရှင်များ

ခဲ့ပါတယ်။ စာအိတ်ဖွင့်ဖောက်ကြေညာလိုက်ရာမှာတော့ ငွေသော်တာရုပ်ရှင်ထုတ်လုပ်ရေးမှ ရိုက်ကူးထုတ်လုပ်ခဲ့တဲ့ **ရွှေကြာ** ဇာတ်ကားက ဆွတ်ခူးရရှိခဲ့ပါတယ်။ **ရွှေကြာ** ဇာတ်ကားက စာရေးဆရာမ ပုညခင်ရဲ့ **အရှေ့တံခါးအဝင်** ဝတ္ထုကို ရိုက်ကူးခဲ့တဲ့ ရုပ်ရှင်ကား ဖြစ်ပါတယ်။

ရုပ်ရှင်ကားများမှာ မပါမဖြစ် အရေးပါတဲ့ **အမျိုးသားဇာတ်ပို့ဆု**ကို ကြေညာပေးဖို့အတွက် ဦးထွန်းထွန်းဝင်းကို ဖိတ်ခေါ်ခဲ့ပါတယ်။ (ဦးထွန်းထွန်းဝင်းက ၁၉၉၉ ခုနှစ်မှာ **နှောင်ထုံးဖွဲ့မေတ္တာ** ဇာတ်ကားနဲ့ အမျိုးသားဇာတ်ပို့ဆု ရခဲ့သူဖြစ်ပါတယ်။) ဦးထွန်းထွန်းဝင်းကြေညာပေးလိုက်တဲ့ **အကောင်းဆုံးအမျိုးသားဇာတ်ပို့ဆုရှင်** ကတော့ **မုန်းစွဲ** ဇာတ်ကားမှာပါဝင်သရုပ်ဆောင်ခဲ့တဲ့ **ကျော်ကျော်ဘို** ဖြစ်ပါတယ်။

**အမျိုးသမီးဇာတ်ပို့ဆု**ကို ကြေညာပေးဖို့အတွက် ၁၉၈၅ ခုနှစ်က **ပန်းသီတဲ့ကြိုး** ရုပ်ရှင်ကားနဲ့ အကောင်းဆုံး အမျိုးသမီးဇာတ်ပို့ဆု ဆွတ်ခူးရရှိခဲ့ဖူးတဲ့ ခင်စိုးပိုင်ကို ဖိတ်ခေါ်ခဲ့ပါတယ်။ ခင်စိုးပိုင်က ဒါရိုက်တာ မောင်ယဉ်အောင် ရိုက်ကူးတဲ့ **နောင်တွင်ဥဒါန်းတွင်စေသတည်း** ဇာတ်ကားမှာ ပါဝင်သရုပ်ဆောင်ခဲ့တဲ့ **အေးမြတ်သူ** ကို ၂၀၁၈ ခုနှစ်အတွက် **အကောင်းဆုံးအမျိုးဇာတ်ပို့**အဖြစ် ကြေညာပေးခဲ့ပါတယ်။ အေးမြတ်သူက တက်ရောက်လာတဲ့ ဧည့်သည်တော်များကို တောင်းပန်ပြီး တော်တော်ရှည်ရှည်လျှားလျှား



www.burmeseclassic.com

www.burmeseclassic.com



ဒါရိုက်တာ ဇာကြီးနဲ့
ပိုင်ဖြိုးသု

ဇော်ခီနဲ့
ဒါရိုက်တာ
ခရစ္စတီးနားခီ

ရွှေထူးနဲ့ ရွှေမှုံရတီ

ကိုစစ်နိုင်နဲ့
သက်မွန်မြင့်



www.burmeseclassic.com

www.burmeseclassic.com



ထူးခင်နဲ့ ခင်စံပယ်ဦး

မိုးဇေယျာထွန်းနဲ့ ခင်သဲနိုင်

ပြေတီဦးနဲ့ အိန္ဒြာကျော်ဇင်

ဒါရိုက်တာ စင်ရော်အောင်အောင်နဲ့ ကိုရီးယားနိုင်ငံမှ ရုပ်ရှင်ထုတ်လုပ်သူတစ်ဦး

ကျေးဇူးတင်စကားကို ပြောကြားသွားပါတယ်။ သူက မော်ဒယ်လောကမှ သရုပ်ဆောင်ဘဝသို့ ကူးပြောင်းလာသူဖြစ်တဲ့အတွက် မော်ဒယ်လ်တစ်ယောက်ဖြစ်လာအောင် သင်ကြားပေးခဲ့ကြတဲ့ ဆရာများ၊ ပံ့ပိုးပေးခဲ့ကြတဲ့ စာနယ်ဇင်းဆရာများ၊ ရုပ်ရှင်လောကမှ သူ့ထက် အသက်၊ ဝါကြီးသူများကို ကန်တော့ပါကြောင်းနဲ့ ကျေးဇူးတင်ပါကြောင်းပြောကြားခဲ့ပါတယ်။

စိတ်ဝင်စားစရာကောင်းတဲ့ **အကောင်းဆုံးအမျိုးသမီးသရုပ်ဆောင်ဆု**ကိုတော့ ၁၉၇၁ ခုနှစ်က **အားနဲ့သူပါရှင်** ရုပ်ရှင်ဇာတ်ကားနဲ့ အကောင်းဆုံးအမျိုးသမီးသရုပ်ဆောင်ဆု ဆွတ်ခူးခဲ့ဖူးသူ ဒေစီကျော်ဝင်းက ကြေညာပေးခဲ့ပါတယ်။ ၂၀၁၈ ခုနှစ်အတွက် အကောင်းဆုံး အမျိုးသမီးဇာတ်ဆောင်ဆုကို ဆွတ်ခူးသွားသူက **ရွှေကြာ** ဇာတ်ကားမှာ ပါဝင်သရုပ်ဆောင်ခဲ့တဲ့ ဖွေးဖွေး ဖြစ်ပါတယ်။ ဖွေးဖွေးက ၂၀၁၂ ခုနှစ်မှာ **လက်ပံ** ဇာတ်ကား၊ ၂၀၁၅ ခုနှစ်မှာ **ကျွန်မက နှင်းဆီပါမောင်** ဇာတ်ကားများနဲ့ နှစ်ကြိမ် ဆွတ်ခူးရရှိပြီးဖြစ်လို့ ဒီတစ်ကြိမ်ဟာ ဖွေးဖွေးအတွက် တတိယမြောက် ရွှေစင်ရုပ်ဆု ဖြစ်ပါတယ်။ ကားတိုက်မှုကြောင့် လက်ကျိုးထားတဲ့ ဖွေးဖွေးက ဘယ်ဘက်လက်ကိုသိုင်းပြီး တက်ရောက်လာခဲ့ပါတယ်။

နောက်ဆုံးကြေညာရမယ့် **အမျိုးသားဇာတ်ဆောင်**ဆုကိုတော့ ၁၉၉၉ ခုနှစ်မှာ **ရင်ထဲက ဆောင်းရာသီ**၊



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com




၂၀၀၁ ခုနှစ်မှာ **ပန်းတစ်ပွင့် ဖန်ဆင်းခြင်း**၊ ၂၀၀၄ ခုနှစ်မှာ **တစ်ခါက ဧရာဝတီညများ** ဇာတ်ကားများနဲ့ အကယ်ဒမီဆုများရှင် လွင်မိုးက ဖွင့်ဖောက်ကြေညာပေးပါတယ်။ ၂၀၁၈ ခုနှစ် အမျိုးသားဇာတ်ဆောင်ဆုရှင်ကတော့ **မှော်ဝင်သမန်းကျား** ဇာတ်ကားမှာ သရုပ်ဆောင်ခဲ့တဲ့ **သူထူးစံ** ပဲ ဖြစ်ပါတယ်။

၂၀၁၈ ခုနှစ်အတွက် ထူးချွန်ဆုများ ဆွတ်ခူးသွားကြသူများအနက် ကိုအေး၊ ကျော်ခိုင်စိုး၊ ဝင်းလွင်ထက်၊ ရှုလုံးအမ်ရောနမ်၊ ဩရသ၊ ကျော်ကျော်ဗို၊ အေးမြတ်သူ၊ သူထူးစံတို့ဟာ ပထမဆုံးအကြိမ် ချီးမြှင့်ခံရသူများ ဖြစ်ပါတယ်။ ဒါကြောင့် ၂၀၁၈ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုအများစုဟာ ပထမအကြိမ်ဆွတ်ခူးသူများ ကြီးစိုးတဲ့နှစ်အဖြစ် မှတ်တမ်းတင်ရပါတယ်။

ထူးခြားတဲ့ဖြစ်စဉ်တစ်ခုကတော့ ထူးချွန်ဆုပေးပွဲ မစတင်မီမှာ လူမှုကွန်ရက်ပေါ်သို့ တက်လာတဲ့ သတင်းတစ်ခုပါပဲ။ စာရွက်ပိုင်းတစ်ခုပေါ်မှာ လက်ရေးနဲ့ ရေးထားတဲ့ ထူးချွန်ဆု ဆွတ်ခူးမယ့်သူများစာရင်း ဖြစ်ပါတယ်။ ဒီစာရင်းကို မယုံရဲခဲ့ပေမဲ့ သူရေးထားတာက အားလုံးမှန်နေတာကို တွေ့ရပါတယ်။ အကြားအမြင်ရသူများလားတော့ မပြောတတ်ပါဘူး။ မတ်လ ၂၃ ရက်နေ့ညမှာ ပွဲမပြီးခင်ကစတင်ပြီး လူမှုကွန်ရက် သုံးစွဲသူများက ဝေဖန်သံတွေညံနေခဲ့တာကိုလည်း မှတ်တမ်းတင်ရပါမယ်။ ■ **ဝင်းငြိမ်း**



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

# မိုက်ကယ်ဂျက်ဆင်

## လိင်မှုအရှုပ်တော်ပုံ တစ်ကျော့ပြန်ပေါ်လာ

ဘို

အသက် ၅ နှစ်အရွယ်သာရှိသေးသော ဝိဒ်ရော့ဘ်ဆန်က သူ့ကိုယ်သူ အိပ်မက်မက်နေတယ်လို့ပဲ ထင်နေမိပါတယ်။ ဘာကြောင့်လဲဆိုတော့ သူ အင်မတန် ချစ်မြတ်နိုးပြီး သူ့ဘဝမှာ သူရဲကောင်းတစ်ယောက်သဖွယ် ကိုးကွယ်မိတဲ့ မိုက်ကယ်ဂျက်ဆင်က ဩစတြေးလျနိုင်ငံ ဘရစ္စဘိန်းမြို့မှာ လာရောက်ဖျော်ဖြေတဲ့အချိန် သူ့ကို စင်မြင့်ပေါ်သို့ ဖိတ်ခေါ်လိုက်ခြင်းကြောင့်ပါပဲ။ ‘ကျွန်တော် သူ့ကို မြင်နေရတယ်။ ပြီးတော့ သူသီဆိုနေတဲ့ စင်မြင့်အလယ်ကောင်ကို ရောက်လာခဲ့တယ်။ သူ့ပရိသတ်တွေကလည်း တစ်ခဲနက် အားပေးနေကြတယ်။ ဒါတွေကို ကျွန်တော်က အိပ် မက်မက်နေတယ်လို့ပဲ ထင်ခဲ့မိပါတယ်’ လို့ အခု အသက် ၃၆ နှစ်အရွယ် ရှိပြီဖြစ်တဲ့ ရော့ဘ်ဆန်က ပြောပြခဲ့ပါတယ်။

‘သူဟာ ကျွန်တော့်ရဲ့ Idol ဖြစ်သလို ကျွန်တော့်ကိုးကွယ်ရာ ဘုရားတစ်ဆူလည်းဖြစ်ပါတယ်’လို့ သူ့အရင် တစ်နှစ်က ဂျိမ်းစ်ဆေ့ဖ်ချာ့ခ်ဆိုတဲ့ အသက် ၁၀ နှစ်အရွယ် ကလေးသရုပ်ဆောင်ကလေးက ပြောခဲ့ဖူးပါတယ်။ သူကလည်း မိုက်ကယ်ဂျက်ဆင်နဲ့ နီးစပ်ခဲ့ဖူးပြီး ဝိဒ်လိုပဲ တွေ့ကြုံခဲ့ဖူးသူ ဖြစ်ပါတယ်။ ၁၉၈၆ ခုနှစ်က မိုက်ကယ်ဂျက်ဆင် ရိုက်ကူးခဲ့တဲ့ Pepsi ကြော်ငြာမှာ ပါဝင်ခဲ့ဖူးသူလည်း ဖြစ်ပါတယ်။ အခုတော့ ဂျက်ဆင်ကွယ်လွန်ခဲ့တာလည်း ဆယ်စုနှစ်တစ်ခုရှိခဲ့ပြီး ရော့ဘ်ဆန်နဲ့ ဆေ့ဖ်ချာ့ခ်တို့ကလည်း အိမ်ထောင် အသီးသီးနဲ့ သားသမီးတွေ ထွန်းကားနေကြသူများလည်း ဖြစ်နေကြပါပြီ။

ဒါပေမဲ့ အခုတော့ သူတို့နှစ်ယောက်စလုံးက ဂျက်ဆင်နဲ့ ပထမဆုံး တွေ့ကြုံတဲ့အချိန်မှာ ဘာတွေဖြစ်ခဲ့တယ်ဆိုတာ ဖွင့်အန်လိုက်ပုံများက တစ်ထပ်တည်းတူနေတာ တွေ့ရပါတယ်။ သူတို့ကို ဂျက်ဆင်က မိဘတစ်ယောက်သဖွယ် ပြုစုယုယပြီး နောင်မှာတော့





www.burmeseclassic.com

www.burmeseclassic.com

လိင်မှုကိစ္စတွေ ကျူးလွန်ခဲ့တယ်လို့ ထုတ်ဖော်ပြောကြားလိုက်ခြင်း ဖြစ်ပါတယ်။ သူတို့က အိမ်ထောင်နဲ့ သားသမီးတွေ ရနေကြပြီဖြစ်ပေမဲ့ ဂျက်ဆင်နဲ့ ကြုံခဲ့ပုံများဟာ ဒီနေ့ထက်ထိ ခြောက်လှန့်နေဆဲ ခံစားနေရတယ်လို့ ဆိုပါတယ်။

ရောဘ်ဆန်နဲ့ ဆေ့ဖ်ချပ်ခ်တို့ရဲ့ စွပ်စွဲချက်များကို HBO ရုပ်မြင်သံကြားဌာနကြီးရဲ့ မော်ကွန်းရုပ်ရှင်ကားတစ်ကား ဖြစ်တဲ့ **Leaving Neverland** ဆိုတဲ့ ရုပ်ရှင်ကားမှာ ရိုက်ကူးထားလို့ပါပဲ။ ဒီမှတ်တမ်းရုပ်ရှင်ကားက ၄ နာရီအထိ ကြာမြင့်ပြီး ဖွင့်ဟဝန်ခံသူ အမျိုးသားကြီးနှစ်ယောက်ကို သူတို့ မိသားစုဝင်များကလည်း နားလည်မှုရှိစွာ အားပေးခဲ့ကြပြီး တရားစွဲဆိုဖို့ အခြေအနေအထိ ရောက်ရှိနေပြီ ဖြစ်ပါတယ်။ သူတို့နှစ်ယောက်စလုံးဟာ ပေါ့ပ်ဘုရင်လို့ တင်စားခဲ့ကြတဲ့ မိုက်ကယ်ဂျက်ဆင်ရဲ့ လိင်စော်ကားမှုခံခဲ့ရခြင်းကြောင့်ပါပဲ။ ဒီမော်ကွန်းရုပ်ရှင်ဇာတ်ကားကို ဇန်နဝါရီလက Sandance မှာ ပထမဆုံးအကြိမ် ကြည့်ကြပါတယ်။ အများပြည်သူကို ပြသခြင်းမပြုဘဲ တာဝန်ရှိသူတချို့သာ ကြည့်ခွင့်ရခဲ့ကြတာ ဖြစ်ပါတယ်။ မသက်ဆိုင်သူများကို ရုံအပြင်ထွက်ပေးဖို့ မေတ္တာရပ်ခံခဲ့ပါတယ်။ ဒါပေမဲ့ ဂျက်ဆင်ကို အရူးအမူးချစ်ခဲ့ကြပြီး ကိုးကွယ်ခဲ့ကြသူများက ဂျက်ဆင်ရဲ့ ပုဂ္ဂလိကဘဝကို စော်ကားခြင်းသာဖြစ်တယ်လို့ ဆိုကြပါတယ်။

ဂျက်ဆင်က *Jackson 5, Thriller* တို့နဲ့ အောင်မြင်မှုရခဲ့တဲ့ အဆိုကျော်တစ်ယောက်ဖြစ်ပြီး လူကြီးတစ်ယောက်ဖြစ်နေပါလျက်နဲ့ သူ့အနားမှာ ကလေးများ ပတ်ချာလည်ဝိုင်းကာ အမြဲရှိနေခဲ့သူ ဖြစ်ပါတယ်။ ကလေးငယ်များကို သူနဲ့အတူ လာအိပ်ဖို့ အမြဲဖိတ်ခေါ်လေ့ရှိပြီး စန်တာဘာဘရာကောင်တီမှာရှိတဲ့ သူ့အိမ်ကို Neverland Ranch လို့ သူက နာမည်ပေးထားပြီး အိမ်ဝင်းထဲမှာလည်း ကလေးများ ပျော်ရွှင်အောင် ကစားစရာမျိုးစုံ ဖန်တီးပေးထားသူ ဖြစ်ပါတယ်။

ပထမဦးဆုံး စွပ်စွဲလာသူက ၁၉၉၃ ခုနှစ်မှာ ၁၂ နှစ်အရွယ်ရှိတဲ့ ဂျော်ဒန်ချန်ဒလာ ဆိုတဲ့ ကလေးတစ်ယောက် ဖြစ်ပါတယ်။ ဒါပေမဲ့ ရုံးတော်ပြင်ပမှာ ဖြေရှင်းလိုက်တဲ့အတွက် ဒီကိစ္စက လူသိရှင်ကြား ဖြစ်မသွားခဲ့ပါဘူး။ ရောဘ်ဆန်နဲ့ ဆေ့ဖ်ချပ်ခ်တို့က ဂျက်ဆင်နဲ့ တွေ့ဆုံချိန်မှာ အသက်အလွန်ငယ်သေးတဲ့ ကလေးများဖြစ်တာကြောင့် ဘာဖြစ်တယ်ဆိုတာ တိတိပပ မပြောနိုင်ခဲ့ကြပါဘူး။ ၂၀၀၄ ခုနှစ်မှာ နောက်တစ်ကြိမ် ဂါဗင်အာဗီဇို ဆိုတဲ့ အသက် ၁၃ နှစ်အရွယ် ကလေးတစ်ယောက်က ဒီလိုပဲ စွပ်စွဲလာပြန်ပါတယ်။ ဒါပေမဲ့ ဂျူရီအဖွဲ့က နောက်တစ်နှစ်မှာ အပြစ်မရှိဘူးလို့ ဆုံးဖြတ်ပေးလိုက်တဲ့အတွက် ဘာမှဖြစ်မသွားခဲ့ပါဘူး။ အဲဒီကာလတုန်းက ရောဘ်ဆန်ဟာ လူသိများထင်ရှားတဲ့ ကလေးကချေသည်တစ်ဦးဖြစ်ပြီး ရုံးတော်မှာ ကျမ်းကျိန်ကာ ဂျက်ဆင်အနေနဲ့ သူ့ကို မတော်မတရားမပြုကျင့်ခဲ့ပါဘူးလို့ ထွက်ဆိုခဲ့ဖူးပါတယ်။

အခုတော့ ရောဘ်ဆန်နဲ့ ဆေ့ဖ်ချပ်ခ်တို့ နှစ်ယောက်စလုံးက ရှေ့ထွက်လာကြပြီး သူတို့ငယ်စဉ်က ဂျက်ဆင် သူတို့ကို ဘယ်လိုလုပ်ခဲ့တယ်ဆိုတာ ပြောပြလာကြပါပြီ။ ဂျက်ဆင် ညှို့ယူဖမ်းစားထားတဲ့အတွက် ငယ်စဉ်ဘဝက မပြောနိုင်ဖြစ်ခဲ့ရကြောင်း ဆိုကြပါတယ်။ ဒါကြောင့် ဂျက်ဆင်ချစ်သူများနဲ့ ဂျက်ဆင် အမှန်တကယ် အပြစ်ရှိမရှိ အငြင်းပွားစရာ ဖြစ်လာခဲ့ပါတယ်။

မတ်လ ၃ ရက်နေ့ကတော့ Twitter တွင် မိုက်ကယ်ဂျက်ဆင်ရဲ့ ပရိသတ်များက မိုက်ကယ်ဂျက်ဆင်ကို ကာကွယ်ပြောဆိုကြသံများ အများအပြား တက်လာခဲ့ပါတယ်။ သူတို့ချစ်တဲ့ အဆိုကျော်နဲ့ ပတ်သက်ပြီး အခုလိုတစ်တစ်ခွခွ ပြောဆိုစွပ်စွဲကြတာများကို ကန့်ကွက်ကြခြင်းပါပဲ။ ယခင် အတွေ့အကြုံများအတိုင်း ဂျက်ဆင်ရဲ့ မိသားစုဝင်များကတော့ စွပ်စွဲချက်များကို ငြင်းဆိုခဲ့ပါတယ်။ မိုက်ကယ်ဂျက်ဆင်မှာ ကလေးသုံးယောက်ဖခင် ဖြစ်တဲ့အတွက် အခုလို စွပ်စွဲလာသူများဟာ ပိုက်ဆံလိုချင်လို့ စွပ်စွဲလာသူများသာဖြစ်တယ်လို့တုံ့ပြန်ကြပါတယ်။ HBO မှ Leaving Neverland မှတ်တမ်းရုပ်ရှင်ရိုက်ကူးခဲ့တဲ့





www.burmeseclassic.com

www.burmeseclassic.com



ဒါရိုက်တာ ဒဲန်ရိဒ်ကတော့ ဒီမှတ်တမ်း ရုပ်ရှင်မှာ ပါဝင်ပြောဆိုပေးဖို့ ဆုံဖြဲပျော်နဲ့ ရော့ဘ်ဆန်တို့ကို ပိုက်ဆံပေးခေါ်ခဲ့တာ မဟုတ်ဘူးလို့ငြင်းဆိုပါတယ်။ သူတို့နှစ်ဦးစလုံးက ပိုက်ဆံရလို့မှုအတွက် ပြောဆိုခဲ့ခြင်း မဟုတ်ဘူးလို့လည်း ငြင်းဆိုခဲ့ပါတယ်။

ဒီအချိန်အတောအတွင်းမှာပဲ ဂျက်ဆင်ပိုင်ခဲ့တဲ့ Neverland စံအိမ်မှာ ပျက်စီးမှု များစွာရှိလာတဲ့အတွက် အဲဒီပျက်စီးမှုတန်ဖိုးက ဒေါ်လာသန်းတစ်ရာဝန်းကျင်ရှိတယ်လို့ ဆိုပါတယ်။ အဲဒီအတွက် HBO က တကယ်လို့ ဒီမှတ်တမ်းရုပ်ရှင်ဇာတ်ကားကို ရုပ်မြင်သံကြားအစီအစဉ်မှ လွှင့်ထုတ်မယ်ဆိုရင် အဲဒီဒေါ်လာသန်း တစ်ရာကို ပေးဆပ်ရမယ်လို့



www.burmeseclassic.com

www.burmeseclassic.com








ဆိုလာပါတယ်။ တစ်ချိန်က #Me Too နဲ့ Time's Up ဇာတ်လမ်းများမှာ ပါဝင်သရုပ်ဆောင်ဖူးတဲ့ အော်ပရာဝင်းဖရေးကိုယ်တိုင် HBO ရဲ့ မှတ်တမ်းရိုက်ကူးပြီးစီးချိန်မှာ ရော့ဘ်ဆန်နဲ့ ဆေ့ဖ်ချာ့ခ်တို့ကို တွေ့ဆုံမေးမြန်းခဲ့ပါတယ်။ "ဒီလိုတွေ့ဆုံမေးမြန်းလိုက်တဲ့အတွက် ကမ္ဘာအဝန်းမှာရှိတဲ့ မိုက်ကယ်ဂျက်ဆင်ချစ်သူတွေကတော့ မခံမရပ်နိုင်ဖြစ်ပြီး အသံတွေ ထွက်လာလိမ့်မယ်"လို့ ဝင်းဖရေးက ဆိုပါတယ်။ ဝင်းဖရေးကိုယ်တိုင်ကလည်း ငယ်ဘဝက လိင်မတရား အကျင့်ခံခဲ့ရဖူးသူ ဖြစ်ပါတယ်။ ဒါကြောင့် အသက်ငယ်ရွယ်တဲ့ ကလေးများကို လူကြီးများက မတော်မတရား ကျင့်ကြံကြပြီးတဲ့အခါမှာ ကလေးများအနေနဲ့ ဘယ်လိုပြန်ပြောရမှန်းမသိလို့ ပြစ်မှုကျူးလွန်သူတွေက လွတ်မြောက်နေကြခြင်းသာ ဖြစ်တယ်လို့လည်း ဝင်းဖရေးက သုံးသပ်ပါတယ်။ "အဲဒီအထဲမှာ မိုက်ကယ်ဂျက်ဆင်ပါတယ်။ ကလေးဘဝမှာဆိုတော့ ဒီလိုလုပ်ခံရတာကို ဘယ်လိုစကားနဲ့ ပြန်ပြောရမှန်း မသိဘူး။ တကယ်တော့ လူကြီးတွေရဲ့ ထောင်ချောက်ထဲမှာ ဒီကလေးတွေ



www.burmeseclassic.com

www.burmeseclassic.com

ပိတ်မိခဲ့ကြတာပါပဲ" လို့လည်း ဆိုပါတယ်။

တကယ်တော့ မိုက်ကယ်ဂျက်ဆင်နဲ့ ရော့ဘ်ဆန်၊ ဆေ့ဖ်ချာ့ခ်တို့ရဲ့ စောစောပိုင်း ဆက်ဆံရေးများက ပုံပြင်များထဲကလို သာယာနေပါလိမ့်မယ်။ ဂျက်ဆင်ကိုယ်တိုင်က နတ်သမီးပုံပြင်များကို နှစ်သက်သူ ဖြစ်လို့ပါပဲ။ ကလေးတွေက သာယာနေချိန်မှာ မိသားစုဝင်များကလည်း ဂျက်ဆင်ရဲ့ နတ်ဘုံနတ်နန်းတမျှ ရင်သပ်ရှုမောဖွယ်ကောင်းတဲ့ နေအိမ်ထဲမှာနေတာဖြစ်လို့ ဒီအိမ်ထဲကို ရောက်သွားရင်ပဲ မိဘတွေကိုယ်တိုင်က မပြန်ချင်လောက်အောင် ဖြစ်ကြရတာကိုး။ ဆေ့ဖ်ချာ့ခ်က ဂျက်ဆင်နဲ့ ၁၉၈၆ ခုနှစ်မှာ တွေ့ဆုံခဲ့တာပါ။ ဂျက်ဆင်က ကလေးနဲ့အတူ မိသားစုဝင်များကို သူ့အိမ်လိုက်လည်ဖို့ ဖိတ်ခေါ်ခဲ့ပါတယ်။ သူ့ကို ယုံကြည်နေတဲ့ ကလေးမိဘများကို အခန်းတစ်ခန်းမှာ တည်းခိုစေပြီး ဆေ့ဖ် ချာ့ခ်ကတော့ ဂျက်ဆင်နဲ့ တစ်ခန်းတည်းမှာ အိပ်ရပါတယ်။ အဲဒီလို အိပ်တဲ့အချိန်မှာ အသက် ၁၀ နှစ်သာရှိသေးပြီး ဂျက်ဆင်က အသက် ၂၈ နှစ်အရွယ် ရှိပါပြီ။ အတူတူအိပ်ကြရာမှာ အဝတ်များကို ချွတ်ထားစေပြီး တစ်စုံတစ်ယောက် အခန်းထဲဝင်ဖို့ တံခါးခေါက်လာရင်တော့ အဝတ်တွေ ပြန်ဝတ်ဆင်စေခဲ့တယ်လို့ ဆိုပါတယ်။ အခု ဆေ့ဖ်ချာ့ခ်က အသက် ၄၁ နှစ် ရှိပါပြီ။

ရော့ဘ်ဆန်နဲ့ကတော့ ၁၉၈၇ ခုနှစ် ဖျော်ဖြေပွဲမှာ တွေ့ဆုံခဲ့တာပါ။ ဒါပေမဲ့ အဆက်အသွယ်မရှိခဲ့ဘဲ ၁၉၉၀ ပြည့်နှစ် လော့စ်အိန်ဂျလိစ်မှာ ဖျော်ဖြေတဲ့ပွဲကျမှ သူတို့နှစ်ယောက်ဟာ မခွဲနိုင်ဖြစ်သွားခဲ့ကြတယ်လို့ ဆိုပါတယ်။

People မဂ္ဂဇင်းမှာ အဲဒီကာလတုန်းက ကလေးအရွယ်သာရှိသေးတဲ့ လူနှစ်ယောက်က ဂျက်ဆင် သူတို့ကို ဘယ်လိုဆက်ဆံခဲ့တယ်ဆိုတာ အသေးစိတ် ဖော်ပြပေးထားပါတယ်။ HBO မှာ မှတ်တမ်းရိုက်ထားပြီး ဒီမော်ကွန်းရုပ်ရှင်ကို လွှင့်ထုတ်ခြင်း ပြု၊မပြု ဆိုတာကိုတော့ စောင့်ကြည့်နေကြဆဲ ဖြစ်ပါတယ်။

■ ဘို

***Ref: People . March. 2019***








www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



# ညီလေးငယ်(မင်းသွေး)အတွက် အမှတ်တရတွေ လုပ်ဆောင်ဦးမယ့် နေတိုး

မန်းသူ

'သူ(မင်းသွေး) မရှိတော့တဲ့ အချိန်မှာလည်း သူရှိစဉ်က ဦးဆောင်ပြီးတော့ လုပ်ခဲ့တာတွေ အဲဒါတွေကိုလည်း ကျွန်တော် လုပ်နိုင်သလောက် လုပ်ပေးနေတယ်။ ပြီးတော့ ပရိသတ်အတွက်လည်း အကျိုးရှိမယ်၊ အနုပညာအားဖြင့်လည်း ခံစားတဲ့အချိန်မှာ ပရိသတ်အတွက် အချိန်ကုန်တာ တန်ဖိုးရှိမယ် ဆိုတဲ့ အနုပညာတွေကို ကျွန်တော်က ကျန်ခဲ့တဲ့အထဲက ဆွဲထုတ်ပြီးတော့မှ ပရိသတ်အတွက် အများကြီး စီစဉ်ပေးသွားမှာပါ။ သူ့အတွက်လည်း အမှတ်တရဖြစ်၊ သူ့ပရိသတ်အတွက်လည်း အမှတ်တရဖြစ်အောင်လို့ပါ'လို့ ပြောကြားလာသူက နေတိုးပါ။ နေတိုးက သူ့ရဲ့ အနုပညာအလုပ်တွေ မနားတမ်း လုပ်ဆောင်နေရင်းနဲ့ တစ်ဆက်တည်းမှာပဲ ကွယ်လွန်သွားရှာပြီဖြစ်တဲ့ ညီလေး မင်းသွေး အမှတ်တရတွေကိုလည်း ဆက်ပြီး လုပ်ဆောင်ပေးနေတာပါ။ နေတိုးက မင်းသွေး ပါဝင်သီဆိုထားပြီး သူ့အနေနဲ့ နောက်ဆုံးလို့လည်း ပြောလို့ရတဲ့ *ပထမသုံး* တေးစီးရီးအတွက်လည်း အစ်ကို တစ်ယောက်အနေနဲ့ လုပ်ဆောင်ပေးနေတာပါ။

**ညီလေးငယ်ရဲ့ *ပထမသုံး* အတွက် အမှတ်တရ။**

သူရှိနေရင် ခုချိန် သူပျော်နေမှာပေါ့နော်။ သူက အနုပညာကို ဖန်တီးတယ်။ လုပ်တယ်။ သူ မကြိုက်မချင်းလည်း လုပ်နေတယ်။ ကျွန်တော်တို့ထက်လည်း သူက အချိန်တွေ ပိုရတယ်။ ရုပ်ရှင်နဲ့ ပတ်သက်ရင်လည်း သူက သေချာစိစစ်ပြီး လုပ်တယ်။ ကျွန်တော်တို့လည်း စိစစ်ပြီး လုပ်ပါတယ်။ ဒါပေမဲ့ သူ့အနေနဲ့ကျတော့ အချိန်ပိုယူနိုင်တဲ့အခါကျတော့ ထူး ခြားတာက သူ့ရဲ့ အနုပညာ လှုပ်ရှားမှုတွေအားလုံးက ၂၀၁၉ ထဲမှာ ရောက်လာတာကတော့ အင်မတန်မှ ဆုံးရှုံးသွားရတဲ့ ခံစားမှုတစ်ခုပေါ့နော်။ သူ့အတွက် အရမ်းပျော်ရွှင်စရာကောင်းတဲ့ အချိန်တွေကို မခံစားလိုက်ရဘူးဆိုတာ တစ်ခုကတော့ သူ့ရဲ့ မိသားစု၊ သူငယ်ချင်းတွေရင်ထဲမှာလည်း ဖွင့်မပြောပေမဲ့ရှိနေမယ်။ ဒါလေးကတော့ မြင်နေရတယ်ပေါ့။ ခံစားမှုဆိုတာကတော့ ကျွန်တော်တို့ ဖွင့်မပြောပေမဲ့ ရင်ထဲမှာ ရှိနေဖို့ပဲ အရေးကြီးပါတယ်။

**နေတိုးရော သီချင်းတွေ ထပ်လုပ်ဖို့ ရှိလား။**

ကျွန်တော့်အနေနဲ့က တော့ သီချင်းတွေ လုပ်နေတာပဲပေါ့နော်။ ဥပမာအားဖြင့် *လရောင်ချော့တေး* ဆိုတဲ့ ဇာတ်ဝင်တေးတွေရှိမယ်။ တစ်ကိုယ်တော် အယ်လ်ဘမ်ထွက်မှ မဟုတ်ပါဘူး။ ကျွန်တော် အငြိမ့်က,တယ်။ သီချင်းတွေဆိုတယ်။ ရရင်ရသလို ကျွန်တော် မျိုးစုံပေးနေတယ်။ Musical ဇာတ်လမ်းမျိုးတွေပါမယ်။ အဲဒီမှာဆို ဇာတ်ဝင်တေးတွေ ဆိုသွားဖို့ ရှိပါတယ်။

**ညီလေးငယ်နဲ့ အမှတ်တရမှာ သီချင်းနဲ့ ရုပ်ရှင် ဘယ်အပိုင်းက စွမ်းရည်ပိုတယ်လို့ မှတ်သားမိလဲ။**

အနုပညာအလုပ် လုပ်နေတဲ့ သူတွေဆိုတော့ သရုပ်ဆောင်ပဲဖြစ်ဖြစ်၊ သီချင်းပဲဖြစ်ဖြစ် ဒီအလုပ်တွေလုပ်နေတဲ့အချိန်မှာ ကြိုးစားပြီးပဲ ရှေ့ဆက်နေကြရတယ်။ တစ်ခုခုကို ပိုပြီး လုပ်ချင်တယ်ဆိုတာမျိုး မရှိဘူး။ သူရော ကျွန်တော်ရော အမြဲတမ်းပြောပါတယ်။ သူရော ကျွန်တော်ရော ဘယ်အရာကိုမှ ပိုပြီး လုပ်ချင်တယ်ဆိုတာမျိုး၊ ဘယ်အရာကိုမှ ကိုယ့်အတွက် ပိုပြီး Focus ထားတယ်ဆို တာမျိုး မဟုတ်ဘူး။ အခြေအနေ၊ အကြောင်းအရာပေါ်မှာတော့ မူတည်တယ်ပေါ့။ သီချင်းဆိုနေတဲ့အချိန်မှာ ကျွန်တော်တို့အတွက် သီချင်းသည် အရေးကြီးဆုံးဖြစ်တယ်။ ရုပ်ရှင်ချိန်မှာဆို ရုပ်ရှင်သည်အရေးကြီးဆုံး ဖြစ်တယ်။ အဓိကတော့ ကိုယ်လုပ်နေတဲ့ အလုပ်အပေါ်မှာပဲ လုပ်နေရင်း၊ လုပ်နေရင်းနဲ့ ဒါကိုပဲ အာရုံစိုက်စရာ လိုတယ်လို့တော့ မြင်တယ်ပေါ့။ ကျွန်တော့်အမြင်မှာတော့ သူသည် ဂီတကို ဝါသနာကြီးတယ်။ သရုပ်ဆောင်ကို ရူးသွပ်ပါတယ်။

နေတိုးက ညီဖြစ်သူ မင်းသွေး ဦးဆောင်လုပ်ကိုင်သွားပြီး၊ ပါဝင်သီဆိုထားတဲ့ *ပထမသုံး* အခွေအတွက် ပါဝင်ပံ့ပိုးကူညီနေပြီး လက်ရှိ ရိုက်ကူး ပြီးစီးထားတဲ့ရိုက်ကူးရေးတချို့မှာလည်း ပံ့ပိုးထားသလို MTV အတွက်လည်း ပံ့ပိုးပေးမယ်လို့ သိရပါတယ်။ ■ မန်းသူ



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

## ONE MINUTE INTERVIEW

# ဖြစ်ချင်လို့လုပ်ခဲ့တဲ့ Life ကို ကျေနပ်တယ်

မန်းသူ

ဒါရိုက်တာ ဝင်းလွင်ထက်က လူငယ်ဆန်တဲ့ ဇာတ်လမ်းတွေကို ကိုယ်တိုင်စဉ်းစားပြီး သူများနဲ့ မတူအောင် ဖန်တီးရိုက်ပြနိုင်သူပါ။ အဆိုတော် လွှမ်းပိုင်ကို မင်းသားအနေနဲ့ လက်တွဲရိုက်ကူးတဲ့ ဒါရိုက်တာလည်း ဖြစ်ပြီး ရိုက်ချက်လှလှတွေ ပြသနိုင်တဲ့ ဒါရိုက်တာ ဝင်းလွင်ထက်က ၂၀၁၉ ခုနှစ်အတွက်လည်း ကိုယ်ပိုင်ဇာတ်လမ်းဆန်းဆန်း၊ မဖန်တီးဖူးသေးတဲ့ အနုပညာအသစ်တွေ ရှိတယ်ဆိုတာကြောင့် သူ့ရဲ့ အသစ် Box 88 ကန်တော့ပွဲနေ့က တွေ့ဆုံဖြစ်ခဲ့ပါတယ်။ Box 88 ကလည်း သူ့ရဲ့ကိုယ်ပိုင်ဇာတ်လမ်းပဲဖြစ်ပြီး

ဒီမှာ မရိုက်ဖူးသေးတဲ့ ဇာတ်ဆိုတာကြောင့်…။

**ဒီမှာလည်း မရိုက်ဖူးသေးတဲ့ ဇာတ်၊ ကိုယ်ပိုင် ရေးသားထားတဲ့ ဇာတ်လမ်းဆိုတော့ ဖန်တီးရတာ ပိုလွယ်ကူပြီး သွက်မှာပေါ့။**

ပိုပြီးတော့ လွတ်လွတ်လပ်လပ် ရှိတာပေါ့နော်။ ဒီဇာတ်လမ်းက ရေးနေရင်းနဲ့ပဲ ဇာတ်လမ်းတစ်ဝက်လောက်က တစ်မျိုး၊ နောက်တစ်ခါ ပြောင်းတဲ့ Ending ကတစ်မျိုး၊ အခု ရိုက်ခါနီးမှာ ပြောင်းလိုက်တဲ့ Ending က တစ်မျိုး၊ ကိုယ့်စိတ်ကြိုက် လုပ်လို့ရတာပေါ့နော်။ ပို ကောင်းသွားတာပေါ့။

**ဇာတ်ကားရိုက်မယ်ဆို သရုပ်ဆောင်တွေလည်း Character Mood ဝင်အောင်သွင်းရသလို ဒါရိုက်တာလည်း အဲဒီလို ရှိမှာပဲနော်။ ဒီကားရဲ့ ဒါရိုက်တာအဖြစ် Mood ကရော…။**

ဒီကားအတွက်က ကျွန်တော် ပြင်ဆင်နေတာ ၅လ၊ ၆လလောက်တောင် ရှိပြီ။ အဲဒီအချိန်က ရိုက်တဲ့ပုံစံအတွက် ခံစားထားတာ မဟုတ်ဘဲနဲ့ ဇာတ်လမ်းအတွက် အသေးစိတ်လိုအပ်ချက်တွေ တစ်ခုချင်းစီ လိုက်ပြင်ဆင်နေတာ။ ခု ဒီရက်ပိုင်းမှာ ရိုက်တော့မယ်ဆိုတော့ ဇာတ်ညွှန်းကို ခဏ ခဏ ပြန်ဖတ်ပြီး ဇာတ်လမ်းကို ကိုယ့်မျက်စိထဲမှာ ပြန်မြင်ကြည့်နေတာပေါ့။

**ဇာတ်ကားတစ်ကား ဖန်တီးတဲ့နေရာမှာ မရိုက်ခင်က ဒီလိုဒီပုံ ဖန်တီးဖို့ ဖြစ်ပါ့မလားလို့ စိုးရိမ်မှုနဲ့ ရိုက်ကူးပြီးစီးချိန်အားမရမှု ဘယ်အပိုင်းက ရာခိုင်နှုန်းပိုများလဲ။**

အစ်မ မေးသလို မရိုက်ခင်အချိန်မှာ ငါလုပ်နိုင်ပါ့မလားလို့ မဖြစ်တော့ မဖြစ်ဖူးဘူးပေါ့နော်။ ဟိုးအရင်ကတည်းက ကျွန်တော် အဲဒီလို မတွေးဘူး။ ဒါပေမဲ့ သေချာပြင်ဆင်တယ်၊ ကိုယ့်စိတ်ကူးတဲ့အတိုင်း မဖြစ်မှာစိုးလို့ပေါ့နော်။ အဲဒါကို စိတ်ပူလို့ Reproduction ကို သေချာ ဖိပြီး ပြင်ဆင်တယ်။ အဲဒီတော့ ရိုက်တဲ့အချိန်မှာတော့ အခက်အခဲ ပိုနည်းတာပေါ့။ ရှိသင့်တဲ့ အခက်အခဲတော့ ရှိတယ်။ ပုံမှန် တစ်ကြိမ်တော့ရှိတာပဲ။ ရိုက်ပြီးထွက်လာတဲ့ Result ကတော့ ၉၀၊ ၉၅ ရာခိုင်နှုန်းမျှော်မှန်းထားရင် ၇၀၊ ၇၅ ရာခိုင်နှုန်းတော့ ရတာပေါ့နော်။ အပြည့်ကြီးရတယ် ဆိုတာတော့ ရှားပါတယ်။

**အချစ်၊ အလွမ်း၊ ဟာသ၊ ဒရာမာ ဇာတ်လမ်းပေါင်းစုံမှာ ဘယ်လို ဇာတ်လမ်းနဲ့ နာမည် ပို ထွက်စေချင်တဲ့ ဒါရိုက်တာလဲ။**

ကျွန်တော့်ကို အခု သူများကမြင်တာတော့ Romance တွေရိုက်တဲ့ ဒါရိုက်တာ၊ ပြီးတော့ အရုပ်ကို ပိုပြီး ဂရုစိုက်တဲ့သူဆိုတော့ Romance နဲ့ ပိုလိုက်တယ်လို့မြင်ကြတယ်။ ဒါပေမဲ့ ကျွန်တော်ကတော့ အဲဒီလိုတစ်ခုတည်း ဘောင်ခတ်ထားမှာတော့ မဟုတ်ဘူး။ Drama ရော၊ Romance ရော Comedy ရော ပြီးတော့ ကျွန်တော်က စစ်ကားလည်း ရိုက်ကြည့်ချင်သေးတယ်။ စစ်ကားလည်း တစ်ခါမှမရိုက်ဖူးသေးဘူး။ နောက်တော့ ရိုက်မယ်။ ခုထိတော့ ဘာဇာတ်လမ်းမှလည်းမရှိသေးဘူး။

**ခုချိန်ထိ ကိုယ့်ရပ်တည်မှု၊ ကိုယ့်အနုပညာဖန်တီးမှုတွေကို ရာနှုန်းပြည့်မဟုတ်ရင်တောင် ၈၀၊ ၉၀ လောက် ကျေနပ်နေပြီလို့ပြောလို့ရလား။**

မရပါဘူးဗျ။ ကျွန်တော် မကျေနပ်သေးပါဘူး။ ဒီထက်ပိုကောင်းအောင် လုပ်ရဦးမယ်။ အခုမှ ကျွန်တော်တို့ဆီက ရုပ်ရှင်က နည်းနည်းကောင်းလာတယ်လို့ ပြောလို့ရတယ်။ နည်းနည်း ပိုဂရုစိုက်လာတယ်။ နည်းနည်းပဲရှိသေးတာနော်။ သူများနိုင်ငံနဲ့ ယှဉ်ပြောမယ်ဆိုမမီသေးဘူး။ တော်တော်လိုပါသေးတယ်။

**ကိုယ်တိုင်ရွေးထားတဲ့ ဘဝကိုခုချိန်မှာကျေနပ်လား။**

ဒီ Life ကိုကျေနပ်တယ်။ ဒါ ကိုယ်ငယ်ငယ်ကတည်းက ဖြစ်ချင်လို့လုပ်လာတဲ့ Carrier ပဲ။ ကျွန်တော်တို့ ငယ်ငယ်က ဆိုမျိုးစုံပဲ။ အယ်ဒီတာလည်း လုပ်ခဲ့တယ်။ ကင်မရာလည်း ရိုက်ခဲ့တယ်။ တစ်ဆင့်စီပေါ့နော်။ ဒီ Carrier နဲ့ ဒီ Life မှာတော့ကျေနပ်ပါတယ်။

ဒါရိုက်တာ ဝင်းလွင်ထက်က သမိုင်းကိုလည်း စိတ်ဝင်စားသူတစ်ဦး ဖြစ်တာကြောင့် မြန်မာနိုင်ငံရဲ့ အထင်ကရ မိဖုရားခေါင်ကြီးတစ်ဦးဖြစ်တဲ့ စုဖုရားလတ် ဘဝ အစိတ်အပိုင်းတချို့ကို ဖန်တီးချင်တဲ့ စိတ်ကူးလည်း ရှိနေတယ်လို့ ဆိုပါတယ်။ ■

မန်းသူ



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

# ONE MINUTE INTERVIEW

တွေ့ရာဆုံရာ တစ်မိနစ်တာ

# ဖြစ်ချင်တာတွေ ရင်ထဲမှာပဲ သိမ်းပြီး လုပ်ဆောင်နေတဲ့ နီနီခင်ဇော်

မန်းသူ

တေးသံရှင် နီနီခင်ဇော်က အဆိုပြိုင်ပွဲကနေ ထူးချွန်စွာနဲ့ ရွေးချယ်ခံခဲ့ရပြီး ဂီတလောကမှာ ကိုယ့်နေရာတစ်ခုကို ဆုပ်ကိုင် ရယူနိုင်ခဲ့သူပါ။ အခုအချိန်မှာ နီနီက တစ်ဖန်ပြန်ပြီး Myanmar Music Industry အတွက် The Voice Mynmar အဆို ပြိုင်ပွဲကနေ အရည်အချင်းရှိတဲ့သူတွေ ရွေးထုတ်ပေးနေတာ The Voice Myanmar Season 2 ကို ရောက်လာပါပြီ။ ကိုယ့်အလှည့်မှာ "ပြိုင်ပွဲ" ဆိုတဲ့အပေါ် ဘယ်လို ခံစားနားလည်ပြီး လုပ်ဆောင်နေတယ်ဆိုတဲ့ အကြောင်း နီနီခင်ဇော် ပြောတာ နားထောင် ကြည့်ခဲ့ပါတယ်။

**ကိုယ်တိုင်ပြိုင်ပွဲဝင်အနေနဲ့ အရွေးချယ်ခံခဲ့ရဖူးသူဆိုတော့ ကိုယ်က ပြန်ရွေးချယ်နေရချိန် အနုပညာသမားဆိုတော့ နှလုံးသားနဲ့ ရွေးချယ်ရခက်တာတွေ ရှိတတ်လား။**

ဒါကတော့လေ ရွေးချယ်ရမှာပဲ။ ပြိုင်ပွဲကြီးဖြစ်နေတာကိုးလေနော်။ နှစ်ယောက်စလုံး ကောင်းလို့ နှစ်ယောက်စလုံးကို ရွေးချင်ပါတယ်၊ Winner ပေးချင်ပါတယ်လို့ မရဘူးလေနော်။ ဒါကြောင့် ဘယ်လိုပဲဖြစ်ဖြစ်ရွေးရမှာပဲ။ ဒီတော့ နီနီတို့က တစ်ခါ တလေ ဉာဏ်နဲ့ ရွေးလိုက်ရတာရှိတယ်၊ တစ်ခါတလေ နှလုံးသားအရင်းခံပြီး ရွေးလိုက်ရတာမျိုးတွေ ရှိပါတယ်။ ဉာဏ်နဲ့ဆိုတာမျိုးက သူ့ရဲ့ရှေ့ရေး၊ အရှေ့မှာ သူ ဘယ်လို ကောင်းလာနိုင်လား၊ ဆိုးလာနိုင်လားဆိုတာကို ကြည့်တယ်။ နှလုံးသားနဲ့ကျတော့ တစ်ခါတလေ မှားတတ်တယ်။ နှလုံးသားနဲ့ ရွေးတာကျတော့လေ ဒီတစ်ပွဲမှာကောင်းပေမဲ့ နောက်တစ်ပွဲကျရင် ကောင်းချင်မှကောင်းတော့တာ။ ယှဉ်ပြီး ရွေးရတာပေါ့။

**ပြိုင်ပွဲဝင်တိုင်းလည်း ကိုယ်လိုနေရာရောက်ချင်မှ ရောက်လာမှာလေ။ တစ်ခါတလေကျတော့ ကိုယ့်လိုနေရာထိ ရောက်လာဖို့ မျှော်လင့်စိတ် ထားမိတာမျိုးရှိလား။**

အခုလေ နီနီတို့ လေးယောက်စလုံး တိုင်ပင်ထားကြတာ ဘာလဲဆိုတော့ နီနီတို့ ဆီက Winner ဖြစ်သွား သော်လည်းကောင်း၊ မဖြစ် သွားသော်လည်းကောင်း နီနီ တို့ရဲ့ Myanmar Music Industry မှာ လိုအပ်နေတဲ့ နေရာလေးတွေ ရှိတယ်။ မြန်မာနိုင်ငံမှာ ဒီလို အဆိုတော်မျိုး မရှိသေးဘူးဆိုတာ မျိုးရှိတယ်။ အဲဒီလို နေရာကို ဖြည့်ဆည်းပေးနိုင်တဲ့ ပြိုင်ပွဲဝင်ကောင်းလေးတွေက တစ်ဆင့် အနုပညာရှင်ကောင်းလေးတွေ အဖြစ် သွားဖို့ပဲ နီနီတို့က ပို ရည်ရွယ်တယ်။ ဒါကတော့ ပြိုင်ပွဲရဲ့ နောက်ကွယ်က နီနီ့ရဲ့ ခံစားချက်လေးပါ။ ဒီလိုပါပဲ။ နီနီဆိုရင်လည်း လိုအပ်တဲ့ နေရာလေးတစ်ခုမှာ နီနီ ဆိုပြီး ရှိကောင်း ရှိနေပြီး တခြား အနုပညာရှင်တွေလည်း အဲဒီလိုပဲ ရှိကောင်းရှိနေနိုင်ပါတယ်။ ဒါကြောင့်မို့ လိုအပ်တဲ့ နေရာလေးမှာ သူတို့ စိတ်ထားတတ်အောင်၊ အနုပညာအပေါ် စစ်မှန်တဲ့ချစ်ခြင်းမေတ္တာ ရှိလာအောင် အဲဒီစိတ်လေးတော့ ရအောင်သွင်းပေးတယ်။ ပြိုင်ပွဲတစ်ခုပဲ ကောင်းအောင် မကြိုးစားသွားဘဲနဲ့ ရေရှည်မှာ အနုပညာအပေါ် ထားတဲ့စိတ် ဘယ်လောက်ထိ ရိုးသားရတယ်ဆိုတာလည်း ပြောပြဖြစ်ပါတယ်။

**နီနီကိုယ်တိုင်လည်း ပြိုင်ပွဲမှာ ယှဉ်ပြိုင်တုန်းက ပြိုင်ပွဲဝင်ဆိုတဲ့ စိတ်တစ်ခုတည်းနဲ့ မကျေနပ်ဘဲနဲ့ အများကြီး ကြိုးစားခဲ့ရတာတွေ၊ စိတ်ပင်ပန်းခဲ့ရတာတွေကရော…။**

ပြိုင်ပွဲဆိုတာက အမှန်တကယ်တော့ ရေတိုလုပ်ငန်းပါပဲ။ နီနီက အဲဒါကို သိပ်အားမပေးချင်ဘူး။ ပြိုင်ပွဲတစ်ခုတည်းမှာပဲ ကြိုးစားရမယ် မဟုတ်ဘူး။ ပြိုင်ပွဲပြီးမှ သူတို့က ပိုကြိုးစားရမှာ။ နီနီကတော့ အဆိုတော်ဖြစ်ရမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့တော့ သီချင်းတွေဆိုတာ မဟုတ်ပါဘူး။သီချင်းတွေကို ချစ်လို့ ဆိုတာပါ။ အခုဆိုရင် ဘာပဲပြောပြော လမ်းတွေက အများကြီး ပွင့်သွားပြီ။ နီနီတို့ ပိုထပ်ပြီး၊ ပိုပြီးတောင် ကြိုးစားရဦးမှာ။ မိန်းကလေးတစ်ယောက်ဆိုတော့ အချိန်နဲ့၊ ကိုယ့်အရွယ်နဲ့ နီနီတို့ အရင်ကထက် သုံးဆလောက် ပိုကြိုးစားနေရပါတယ်။ နီနီ ထပ်လုပ်ချင်တာတွေလည်း ရှိပါတယ်။ ဒါပေမဲ့ ရင်ထဲမှာပဲ သိမ်းပြီးတော့ လုပ်တာများပါတယ်။ အလုပ်တိုင်းမှာ ဖြစ်တာတွေလည်းရှိ၊ မဖြစ်တာတွေလည်း ရှိတာကို လက်ခံလာတယ်။ ဒါကြောင့် ရင်ထဲမှာပဲ သိမ်းပြီးတော့ ဆက်လျှောက်နေပါတယ်။ အဆိုပြိုင်ပွဲတွေအနေနဲ့ ဆိုရင်တော့ အခု နီနီ အရမ်းအားရပါတယ်။ ဒီပြိုင်ပွဲမှာဆိုရင် နီနီတို့က ဒိုင်မဟုတ်ဘူး။ သူတို့ရဲ့ အသင်းခေါင်းဆောင် လုပ်ရတယ်။ ဒီတော့ သူတို့ ဘာတွေစဉ်းစားနေလဲ။ ဘာတွေနားထောင်နေလဲ။ သူတို့က နီနီတို့ထက် အများကြီး မြင့်သွားပါပြီ။ ဒါက ဝမ်းသာအားရစရာပါပဲ-လို့လည်း နီနီခင်ဇော်က ပြောပြခဲ့ပါတယ်။

■ မန်းသူ



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



# နောက်ဆံမတင်းရတဲ့ ချစ်သူနဲ့ ချစ်ရတာကြိုက်တဲ့ မအေးသောင်း

မန်းသူ

မအေးသောင်းက မကြာခင်ရက်ပိုင်းကမှ **ရင်ခွင်ရှင်းတမ်း** ဆိုတဲ့ စီးရီးတွဲဇာတ်လမ်းကို ရိုက်ကူးပြီးစီးထားပါတယ်။ ၂၀၁၉ အတွက် ပထမဆုံးစီးရီးတွဲဖြစ်ပြီး လူသားမျိုးစုံရဲ့ အချစ်မျိုးစုံကို ဖော်ကျူးထားတဲ့ ဇာတ်လမ်းပါ။ မအေးသောင်းက မတူညီတဲ့ ဇာတ်ရုပ်လည်း ဖြစ်ပြီး တစ်ခါမှမလုပ်ဖူးတဲ့ ဇာတ်ရုပ်မို့ လက်ခံရိုက်ကူးခဲ့တာပါ။ အချစ်ကြောင့် ပြောင်းလဲသွားရတဲ့ ဆရာဝန်မလေး ဇာတ်ရုပ်ကနေ မူလ မအေးသောင်းရဲ့ အချစ်အကြောင်းတွေ မေးကြည့်တော့…။

**မအေးသောင်းကို ကြည့်လိုက်ရင် မိန်းမ အရမ်းဆန်ပြီး နူးနူးညံ့ညံ့နဲ့ အရမ်း ချစ်တတ်သလိုပဲနော်။ fb မှာ လည်း တစ်ခါ တစ်ခါ အရမ်း 'ရို' နေရော။**

ဟုတ်တယ်။ ဘာလို့လဲ မသိဘူး။ ပေါက်စီက ချစ်နေရတာကို ကြိုက်တာ။ ချစ်နေရတာ၊ ဂရုစိုက်နေရတာ အဲဒါမျိုးလေးတွေ ပေါက်စီက သဘောကျတယ်။ ကိုယ်ချစ်တဲ့သူကို ဂရုစိုက်ရတာကြိုက် တယ်။ သူ ကိုယ့်ကို ဂရုစိုက်တာလည်း ကြိုက်တယ်။

**ပေါက်စီလို အနုပညာရှင်တစ်ယောက်အပေါ် ချစ်ရတဲ့သူက အစစအရာရာ ပေါက်စီကို နားလည်ပေးနိုင်ရဲ့လား။ ပေါက်စီခံစားနေရတဲ့ အချစ်က…။**

လက်ရှိကတော့လေ… ဟုတ်တယ်။ တစ်ခါတလေ အနုပညာရှင်တစ်ယောက်ကို အပြင်လူတစ်ယောက်က နားလည်ပေးဖို့က ခက်တယ်။ အဲဒီတော့ ကိုယ့်ကို သူ နားလည်ပေးဖို့ သူကြိုးစားရတယ်။ ပြီးတော့ ပေါက်စီကို ဂရုစိုက်တယ်။ သူ နားလည်ပေးတယ်။ အားငယ်တဲ့အချိန်မှာ အားပေးတယ်။ ပေါက်စီ ကောင်းသည်၊ ဆိုးသည်ကို သူ ညွှန်ပြတယ်။ အဓိက ပေါက်စီ စိတ်ချမ်းသာစရာ အကောင်းဆုံးကတော့ ပေါက်စီ အလုပ်လုပ်နေတဲ့အချိန်မှာ နောက်ဆံမတင်းရဘူးပေါ့နော်။ အဲဒါကတော့ အရေးကြီးဆုံးပဲ။ မိန်းကလေးတွေအတွက်လည်း အဲဒါက အရေးကြီးဆုံးလို့ ထင်တယ်။ ပေါက်စီ စိတ်ပူစရာမလိုဘူး။ ပေါက်စီလည်း သူ့အပေါ်မှာ အဲဒီလိုပဲနေတယ်။ သူ စိတ်ပူရအောင် မနေဘူး။ သူစိတ်ချရအောင်နေတယ်။ တစ်ယောက်နဲ့တစ်ယောက် နားလည်မှု၊ ယုံကြည်မှုပေါ့။ သူ့ရဲ့ကောင်းတာ၊ ဆိုးတာ၊ အားနည်းချက်၊ အားသာချက်ပေါ့။ လူတိုင်းက Perfect ဖြစ်မနေဘူးလေ။ သူ့ရဲ့အားနည်းချက်တွေကို ကိုယ်က လက်ခံနိုင်လား။ လက်မခံနိုင်ရင်လည်း ဘယ်လိုကြောင့်လဲဆိုတာကို ညှိနှိုင်းကြတာများတာပေါ့။

**ပေါက်စီက အလုပ်တွေကို Planနဲ့ လုပ်တယ်ဆိုရင် ဒီနှစ်အတွက် ချထားတဲ့ အနုပညာရေး၊ စီးပွားရေး Plan တွေက…။**

ဒီနှစ်အတွက် ပေါက်စီရဲ့ Plan က ၂၀၁၉ မှာ ပေါက်စီ ရုပ်ရှင်ကားကြီးတစ်ကား လက်ခံထားတယ်။ ဇူလိုင်လလောက်မှာ ရိုက်မယ်။ ပြီးတော့ ပေါက်စီ အရမ်းလုပ်ချင်တဲ့ Character တစ်ခု ရှိတယ်။ အဲဒါကို ၂၀၁၉ မှာပဲ အကောင်အထည်ဖော်ဖြစ်မလား၊ ၂၀၂၀ မှာပဲ ဖော်ဖြစ်မလားတော့ မသိဘူး။ အဲဒီအတွက်က ကိုယ်ကိုယ်တိုင် အရင်ပြောင်းလဲဖို့အတွက် ကိုယ်က ကြိုးစားရမှာ ဆိုတော့လေ။ ဇာတ်ရုပ်မမေးနဲ့နော်။ ဒါက လျှို့ဝှက်ချက်ပဲ။ စီးပွားရေး အနေနဲ့ကတော့ ပေါက်စီနယ်ဘက်မှာ ဆိုင်လေးတစ်ဆိုင် ထပ်ဖွင့်ချင်တာ ကြိုးစားနေတယ်။ သေချာရင် စာနယ်ဇင်းကို အရင် အသိပေးမှာပါ။

**ကိုယ်တိုင်လုပ်ချင်တဲ့ ဇာတ်တွေအတွက် ကိုယ်တိုင် ထုတ်ဖို့ရော စိတ်ကူး မရှိဘူးလား။**


ထုတ်လုပ်တဲ့သူ ရှိရင်လည်း ပျော်မှာပေါ့နော်။ တစ်ခါတလေလည်း ထုတ်လုပ်သူနဲ့ညှိလို့ အဆင်မပြေရင်လည်း ကိုယ်တိုင်လုပ်ရင်လည်း လုပ်မှာပေါ့နော်။ ဒါပေမဲ့ အဲဒီဇာတ်ကားက ခိုင်မာရမယ်၊ ကိုယ့်အတွက်လည်း Challenge ဖြစ်မယ်၊ ပြောင်းလဲသွားမယ်၊ လူတွေအတွက်လည်း အသစ်ဖြစ်မယ့် Character မျိုး ပေါက်စီက လုပ်ချင်တာပေါ့။

မအေးသောင်းက သူ အရမ်းစိတ်ဝင်စားနေတဲ့ ဇာတ်လမ်းနဲ့ ပတ်သက်ပြီး "ကိုယ်လုပ်ချင်တာကို ပေါက်စီက စဉ်းစားထားတာပါ။ စိတ်ကူးယဉ်နေတာပေါ့။ အဲဒါက ကိုယ့်အတွက် အရမ်းချဲလင့်နဲ့ဖြစ်လို့ ပေါက်စီက သဘောကျတာ။ ဒီအတိုင်းကြီးဆိုရင် ပေါက်စီဆိုတာက ပျင်းဖို့ကောင်းပါတယ်။ ပုံစံအသစ်နဲ့ "ဟာ"၊ "ဟင်" လို့ ဖြစ်သွားတာကို ပေါက်စီက သဘောကျတယ်။ သူများနဲ့ ညှိလို့ ရရင်ရ၊ မရရင် ပေါက်စီကိုယ်တိုင် လုပ်နိုင်ဖို့လည်း ကြိုးစားနေတယ်" လို့ ပြောပြခဲ့ပါတယ်။ ■ **မန်းသူ**



www.burmeseclassic.com

www.burmeseclassic.com



# ၉၁ ကြိမ်မြောက် အော်စကာဆုပေးပွဲ ကျင်းပပြီးစီး

ဇာနည်ညီဖိုး



www.burmeseclassic.com

www.burmeseclassic.com



ဟောလီဝုဒ်ရဲ့ ၉၁ ကြိမ်မြောက် အကယ်ဒမီ(အော်စကာ)ဆုပေးပွဲကို ကျင်းပပြီးစီးသွားခဲ့ပါပြီ။ မြန်မာနိုင်ငံမှာ ရုံတင်ခဲ့ပြီးဖြစ်တဲ့ The Queen တေးဂီတအဖွဲ့မှ အဖွဲ့သားတစ်ဦးဖြစ်သူ ဖရက်ဒီမာကျူရီရဲ့ အတ္ထုပ္ပတ္တိကို ဇာတ်လမ်းဆင် ရိုက်ကူးထားတဲ့ **Bohemian Rhapsody** ရုပ်ရှင်ဇာတ်ကားမှာ ဖရက်ဒီနေရာက ပါဝင်သရုပ်ဆောင်ခဲ့တဲ့ မာလစ်က အကောင်းဆုံးအမျိုးသား ဇာတ်ဆောင်ဆုကို ဆွတ်ခူးသွားခဲ့ပါတယ်။ မြန်မာနိုင်ငံမှာ ရုံတင်ပြသစဉ်က ပထမပိုင်းမှာ ပရိသတ်များ မသိရှိကြလို့ ကြည့်သူမရှိခဲ့ပေမဲ့ နောက်ပိုင်းမှာတော့ ရုံပြည့်ရုံလျှံဖြစ်ခဲ့ပြီး ဂီတသမားတစ်ဦးက တစ်ရုံလုံးကို လက်မှတ်ဝယ်ကာ သူ့ဂီတအသိုင်းအဝိုင်းက မိတ်ဆွေများကို အခမဲ့ ပြသတဲ့အထိ အောင်မြင်ခဲ့တဲ့ ဇာတ်ကားလည်း ဖြစ်ခဲ့ပါတယ်။ ဒီ ဇာတ်ကားက ကြက်သီးမွေးညင်းထ,လောက်အောင် ကောင်းတဲ့ ဇာတ်ကားတစ်ကား ဖြစ်ပါတယ်။ ဂီတချစ်သူများအနေနဲ့ အဲဒီလိုခံစားရမှာ ဖြစ်ပေမဲ့ ဂီတနဲ့ ဆက်နွှယ်မှုမရှိတဲ့သူများအနေနဲ့ကတော့ အဲဒီလို ခံစားချင်မှ ခံစားရမှာပါ။

အကောင်းဆုံးဇာတ်ကားအဖြစ် ဆန်ခါတင်စာရင်းဝင်နေတဲ့ **A Star is Born** ဇာတ်ကားကို အကောင်းဆုံးဇာတ် ကားဆု ရလိမ့်မယ်လို့ ထင်ခဲ့ကြပေမဲ့ ဘယ်သူမှ ထင်မထားတဲ့ **Green Book** ရုပ်ရှင်ဇာတ်ကားက အကောင်းဆုံးဇာတ်ကားအဖြစ် ဆွတ်ခူးသွားပါတယ်။ ဆန်ခါတင်စာရင်းထဲမှာ **A Star is Born** ပါဝင်သလို **Bohemian Rhapsody** လည်း ပါဝင်ပါတယ်။




www.burmeseclassic.com

www.burmeseclassic.com














www.burmeseclassic.com

www.burmeseclassic.com







**အကောင်းဆုံး အမျိုးသမီးဇာတ်ဆောင်ဆု** ကို A Star is Born မှာ ပါဝင်သရုပ်ဆောင်ထားတဲ့ လေဒီဂါဂါ ဆွတ်ခူးလိမ့်မယ်လို့ တစ်ပြေးနေခဲ့ပေမဲ့ ဆုချီးမြှင့်တဲ့အခါမှာတော့ The Favourite ဇာတ်ကားမှ **အိုလီဗီယာ ကိုးလ်မဲန်း** က ဆွတ်ခူးသွားခဲ့ပါတယ်။

**အကောင်းဆုံး အမျိုးသားဇာတ်ပို့ဆု** ကို A Star is Born မှ ဆမ်အီးလီးရော့ တစ်ပြေးခဲ့ပေမဲ့ တကယ်ချီးမြှင့်ရာမှာတော့ Green Book ဇာတ်ကားမှ **မာရှာဟာလာအလီ** က ရရှိသွားပါတယ်။

**အကောင်းဆုံး အမျိုးသမီးဇာတ်ပို့ဆု** ကို If Beale Street Could Talk ဇာတ်ကားမှ **ရယ်ဂျီနာကင်း** က ဆွတ်ခူးရရှိသွားခဲ့ပါတယ်။

ဆုများထဲမှ ထိပ်တန်းဆုတစ်ဆုဖြစ်တဲ့ **အကောင်းဆုံး ဒါရိုက်တာဆု** ကို Roma ဇာတ်ကား ရိုက်ကူးခဲ့တဲ့ **အယ်လ်ဖွန်းဆိုးကာရွန်** က ဆွတ်ခူးခဲ့ပါတယ်။ အော်စကာဆုပေးပွဲရဲ့ ထုံးစံအတိုင်း ကော်ဇောနီ လျှောက်လမ်းပေါ်ကို လျှောက်နေစဉ်ကတည်းက လမ်းဘေးဝဲယာမှာ စောင့်ကြည့်နေကြတဲ့ ပရိသတ်များနဲ့ စည်ကားခဲ့ရာ Stylish Couple အဖြစ် People မဂ္ဂဇင်းက ရွေးချယ်ဖော်ပြရာမှာ လီဇာဘိုးနက်နဲ့ ဂျေဆန်မိုမာ၊ ဘရက်ဒလီကူးပါးနဲ့ အိုင်ရင်းနားရှာခ်၊ လူစီဗွန်တန်နဲ့ ရာမီမာလစ်၊ မလီဇာမက္ကာတနီနဲ့ ဘယ်လ်ဖဲလ်ကွန်၊ အဲလက်စ်ရိုဒရီဂေါ့ဇ်နဲ့ ဂျနီဖာလိုပက်ဇ်၊ အိုလီဗီယာကိုးမဲန်းနဲ့ အက်ဒ်စင်ကလဲ၊ မာရှာလာအလီနဲ့ အမားတပ်ဆာမီကာရင် တို့ကို ရွေးချယ်ခဲ့ပါတယ်။

အမျိုးသားများထဲက အသပ်ရပ်ဆုံး ဝတ်စုံကို ဝတ်ဆင်လာသူများအဖြစ် စပိုက်လီး၊ စတီဖင်ဂျိမ်းစ်၊ ချာ့ဒ်ဝစ်ဘို့စ်မဲန်း၊ ဟင်နရီဂိုးလ်ဒင်း၊ ဘီလီပေါ်တာ၊ ခရက်စ်အီဗန် တို့ကို ရွေးချယ်ဖော်ပြခဲ့ပါတယ်။ အထူးခြားဆုံးကတော့ ချာ့ဒ်ဝစ်ရဲ့ ဂါဝန်ချိုဝတ်စုံပဲ ဖြစ်ပါတယ်။ အမျိုးသမီးတစ်ဦးအသွင် ဝတ်ဆင်ကာ တက်ရောက်လာခြင်း ဖြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com





အမျိုးသမီးများရဲ့ လက်ဝတ်ရတနာများနဲ့ ပတ်သက်ပြီး ဖော်ပြရာမှာတော့ ထိပ်ဆုံးက ပြေးသူမှာ ချာလိုက်ဇ်သီရွန် ဖြစ်ပါတယ်။ သူဝတ်ဆင်ထားတဲ့ ဘူလ်ဂါရီ စိန်လည်ဆွဲမှာ စိန် ၁၅၅ ကာရက် ပါဝင်ပြီး တန်ဖိုးအားဖြင့် ဒေါ်လာ ၂.၅ ဘီလျံ ရှိတယ်လို့ ဆိုပါတယ်။ သူ့အပြင် အေမီအဒမ်၊ ဟဲလင်းမီရန်၊ လော်ရာဟာရီယာ၊ လော်ရာဒန်း၊ အလီဆန်ဂျယ်နီ၊ ဆာရာပေါလ်ဆန် တို့ရဲ့ လည်ဆွဲရတနာဆန်းများကိုလည်း ရွေးချယ်ဖော်ပြထားပါတယ်။

ဒီနှစ် ကျင်းပတဲ့ အော်စကာဆုပေးပွဲမှာ ထူးထူးခြားခြား ဆံပင်ကို နောက်မှာ စုပြီးချည်ထားတဲ့ ပိုနီတေးလ်ဆံပင်ပုံစံနဲ့ တက်ရောက်သူများလည်း ရှိခဲ့ပါတယ်။ သူတို့ကတော့ ကေစီမာ့စ်ဂရေဖ်၊ စရီနားဝီလျံ၊ အန်ဂျလာဘာဆက်၊ ကွန်စတန့်စ်ဝူးတို့ ဖြစ်ပါတယ်။ ■

**ဇာနည်ညိမ်း**

***Ref: People,March. 2019***



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



**Best Picture**
**Winner: Green Book**
Black Panther
BlacKkKlansman
Bohemian Rhapsody
The Favourite
Roma
A Star is Born
Vice

**Best Director**
**Winner: Roma** - Alfonso Cuaron
BlacKkKlansman- Spike Lee
Cold War - Pawel Pawlikowski
The Favourite - Yorgos Lanthimos
Vice - Adam Mckay

**Best Actress**
Winner: Olivia Colman - **The Favourite**
Yalitza Aparicio - Roma
Gleen Close - The Wife
Laddy Gaga - A Star is Born
Melissa McCarthy - Can You Ever Forgive Me?

**Best Actor**
**Winner :** Rami Malek - **Bohemian Rhapsody**
Christian Bale - Vice
Bradley Cooper - A Star is Born
Willem Dafoe - At Eternity's Gate
Viggo Mortensen - Green Book

**Best Supporting Actress**
**Winner : Regina King - If Beale Street Could Talk**
Amy Adams - Vice
Marina de Tavira - Roma
Emma Stone - The Favourite
Rachel Weisz - The Favourite

**Best Supporting Actor**
**Winner : Mahershala Ali - Green Book**
Adam Driver - BlacKkKlansman
Sam Eillot - A Star is Born
Richard E. Grant - Can You Ever Forgive Me?
Sam Rockwell - Vice











www.burmeseclassic.com

# ပြုံးရွှင်ရေ... ပျော်ရဲ့လား

**လင်းနိုင်ဦး**



မျက်ခြယ်ရုပ်ရှင်ထုတ်လုပ်ရေးအတွက် ဒါရိုက်တာ ဝင်းထွန်းထွန်း ရိုက်ကူးပေးထားတဲ့ **ပြုံးရွှင်ရေ ပျော်ရဲ့လား** ရုပ်ရှင်ဇာတ်ကားကို မဟာသင်္ကြန်အပြီးမှာ ရုံတင်ပြသပေးသွားတော့မှာ ဖြစ်ပါတယ်။ **ပြုံးရွှင်ရေ ပျော်ရဲ့လား** ဇာတ်ကားမှာ နေတိုး၊ ကျော်ကျော်ဗိုလ်၊ ရွှေမှုံရတီ၊ အေးမြတ်သူနဲ့ ဇာတ်ပို့ဇာတ်ရံများစွာပါဝင်ပြီး ဇာတ်သဘင်အနုပညာရှင်များကပါ ပါဝင်ရိုက်ကူးပေးထားကြပါတယ်။

ဒါရိုက်တာ ဝင်းထွန်းထွန်းက ဇာတ်သဘင်နောက်ခံဇာတ်လမ်းတစ်ပုဒ်ဖြစ်တဲ့ စာရေးဆရာ အကြည်တော်ရဲ့ **ပြုံးရွှင်ရေ ပျော်သလားဟေ** ဝတ္ထုကို ရိုက်ကူးရာမှာ တကယ့်ဇာတ်ရုံ၊ ဇာတ်ခုံပေါ်မှာ ရိုက်ကူးခဲ့တာဖြစ်ပြီး ရွှေမန်း တင်မောင်ဆန်းမင်းဝင်း မျှော်စင်ကျွန်းမှာ မိုးရာသီကပြတဲ့ ဇာတ်ခုံပေါ်မှာ ရိုက်ကူးခဲ့တာ ဖြစ်ပါတယ်။ ဒီဇာတ်ကားမှာ ရုပ်ရှင်သရုပ်ဆောင်များအပြင် တင်မောင်ဆန်းမင်းဝင်းဇာတ်သဘင်အဖွဲ့မှ မင်းသား၊ မင်းသမီးများ၊ လူရွှင်တော်များနဲ့ တင်မောင်ဆန်းမင်းဝင်းကိုယ်တိုင် မင်းသားနေရာက ပါဝင်ရိုက်ကူးပေးထားပါတယ်။

**ပြုံးရွှင်ရေ ပျော်သလားဟေ** ဝတ္ထုဖြစ်ပေါ်လာပုံနဲ့ ပတ်သက်ပြီး စာရေးဆရာ အကြည်တော်က 'ကျွန်တော်နေတဲ့ ရပ်ကွက်က ဇာတ်သမားရပ်ကွက်လို့ ပြောလို့ရတယ်။ ဒါကြောင့် ဇာတ်သမားတွေနဲ့ ကျွန်တော် တော်တော် ထိထိတွေ့တွေ့ရှိတယ်။ ကျွန်တော်က ဇာတ်သမားတွေရဲ့ ပုံစံမတူတဲ့ ကာလာ နှစ်မျိုးကို ထည့်သွင်းရေးသားထားတာပါ။ စင်ပေါ်မှာကျတော့ ပျော်နေကြတယ်လို့ ထင်ကြတယ်။ စင်အောက်မှာကျတော့ သူတို့ဘဝတွေက အဲဒီလောက် မချောမွေ့ကြဘူး။ အဲဒီလောက် မပျော်နိုင်ဘူး။ အဲဒါကို ကျွန်တော် ရေးသားထားတာပါ။ 'စင်ပေါ်မှာ သူတို့ပျော်ပြေပြီး ကပြနေရပေမဲ့၊ ပြက်လုံးထုတ်နေကြရပေမဲ့ အမြဲပျော်ရွှင်နေရတာ မဟုတ်ပါဘူး။ သူတို့ဆီမှာလည်း ကြီးမားတဲ့ခံစားချက်တွေ ရှိကြပါတယ်။ လူတစ်ယောက်ကို အနုပညာသမား တစ်ယောက်အနေနဲ့ မျက်ရည်ကျအောင် လုပ်ရတာ သိပ်လွယ်



www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ပေမဲ့ ဟာသအနေနဲ့ ရယ်မောစေဖို့ကျတော့ ခက်ခဲတယ်။ စင်ပေါ်ရောက်တာနဲ့ အားလုံးကိုမေ့ပြီး သူ့ပရိသတ်ကို ရယ်အောင်လုပ်နိုင်မှ ဖြစ်မှာကိုး။ ရယ်အောင်လုပ်နိုင်ဖို့ဆိုတာ တော်တော်လေးခက်ခဲတဲ့ အလုပ်ပါ။ ဒီလိုလုပ်နိုင်ဖို့ဆိုတာလည်း တော်ရုံနဲ့ မလွယ်ဘူး။ ဖြတ်သန်းမှုအရ အတွေ့အကြုံနဲ့ ဖြတ်သန်းမှု တော်တော်ကြီးကြီးမားမား ရှိဖို့လိုတယ်။ နိုင်ငံတကာမှာရော၊ မြန်မာနိုင်ငံမှာရော အဲဒီလူတွေရဲ့ ဖြတ်သန်းမှုဟာ တော်တော်ကြီးကြီးမားမား ရှိကြတယ်။ အဲဒါမှလည်း အောင်မြင်တဲ့ လူရွှင်တော်တစ်ယောက် ဖြစ်မယ်။ လူရွှင်တော်ပညာမှာလည်း အခြေခံအုတ်မြစ်က တော်တော်လေး အရေးကြီးတယ်။ အခြေခံအုတ်မြစ်ကို ဖြစ်တည်ဖို့အတွက် သူတို့ရဲ့ဘဝကလည်း ဖြတ်သန်းမှုကြီးမားရတယ်။ အများကြီးဖြတ်သန်းရတဲ့အချိန်မှာ ဆိုးရွားတဲ့အတွေ့အကြုံရော၊ အောင်မြင်တဲ့အတွေ့အကြုံရော အများကြီး တွေ့ကြုံရတာပဲ။ စင်ပေါ်မှာ ရယ်စရာလုပ်နိုင်တာ စင်အောက်မှာ အတွေ့အကြုံတွေ အများကြီး စုဆောင်းထားနိုင်လို့ပါပဲ။ သူတို့ရဲ့ဘဝတွေကို ကျွန်တော် ဝတ္ထုအဖြစ် ဖန်တီးထားရာမှာ အဓိကဇာတ်ကောင် ပြုံးရွှင်ရဲ့ဘဝ၊ အခက်အခဲ၊ မိသားစုပြဿနာတွေကို အများကြီး တွေ့ကြရမှာဖြစ်တယ်'လို့ ပြောပြခဲ့ပါတယ်။

စာရေးဆရာ အကြည်တော်ပြောတဲ့အတိုင်းပဲ **ပြုံးရွှင်ရေ ပျော်သလားဟေ့** ဝတ္ထုကို **ပြုံးရွှင်ရေ ပျော်ရဲ့လား** အဖြစ် ရိုက်ကူးထားရာမှာ ပြုံးရွှင်(နေတိုး)က လူရွှင်တော်၊ သူ့မိန်းမ ခင်မြရီ(ရွှေမှုံရတီ)က ယိမ်းသမ။ ပြုံးရွှင်က ဆွေမရှိ၊ မျိုးမရှိ ဇာတ်ထဲနေ၊ ဇာတ်ထဲကြီးတဲ့သူ ဖြစ်သလို သူ့မိန်းမ ခင်မြရီကလည်း သူ့ အတိုင်းပါပဲ။ အရွယ်ရောက်လာတော့ နှစ်ယောက်သား မေတ္တာမျှတယ်။ လက်ထပ်လိုက်ကြတယ်ပေါ့။ တစ်နှစ်ခွဲ နှစ်နှစ်လောက်အကြာမှာ ခင်မြရီ ကိုယ်ဝန်ရလာတယ်။ ကိုယ်ဝန်ရင့်လာတော့ ဇာတ်မက, နိုင်တော့ဘူးပေါ့။ အဲဒါကြောင့် သူ့နေရာ အခက်အခဲဖြစ်ရတယ်။ ဇာတ်ဆရာကလည်း မကြည်ဘူးပေါ့။ ဒါနဲ့ပဲ ကလေးမွေးပြီး ၁၀ ရက်လောက်အကြာမှာ သွေးနုသားနုနဲ့ မင်းသားနဲ့အပြိုင်သွားက ,လိုက်တော့ သွေးလေဖောက်ပြန်ပြီး အောက်ပိုင်း သေသွားပါတယ်။ အဲဒီလိုနဲ့ ဇာတ်ကိုစ ,ထားပြီး ပြုံးရွှင်တစ်ယောက် လူမမာမိန်းမက တစ်ဖက်၊ လူမမည် ကလေးကတစ်ဖက်နဲ့ သူတတ်တဲ့ လူရွှင်တော်အလုပ်ကိုပဲ ဆက်လုပ်ရပါတယ်။





www.burmeseclassic.com

www.burmeseclassic.com





ဈေးရောင်းကြည့်ပြန်တော့လည်း အဆင်မပြေ၊ ဇာတ်ထဲပြန်ရောက်လာတော့လည်း သမီးငယ်လေးက တစ်ဖက်နဲ့ စင်ပေါ်တက်ရတာမို့ တစ်ခါတစ်ခါ သမီးပါ စင်ပေါ်ရောက်လာတဲ့အခါ သမီးငိုနေတဲ့အခါ ကပြဖို့ ပြုံးရွှင်အတွက် အခက်အခဲတွေ အများကြီး ကြုံရပါတယ်။ ဒီဇာတ်ကားမှာ ပြုံးရွှင်နဲ့အတူ လူရွှင်တော်အဖြစ် သရုပ်ဆောင်ပေးထားတာက ကျော်ကျော်ဗိုလ်ပဲ ဖြစ်ပါတယ်။ အပြင်မှာလည်း အတွဲညီသလို ညီအစ်ကိုရင်းတမျှလည်း ချစ်ခင်ကြတာကြောင့် တစ်ယောက်နဲ့တစ်ယောက် ဖေးမ,ရင်းစာနာမှုတွေနဲ့ တိုင်းကျော်(ကျော်ကျော်ဗိုလ်)က အတွဲညီညီ သရုပ်ဆောင်ပေးထားပါတယ်။

လူမမာ မိန်းမဖြစ်သူ ခင်မြရီတစ်ယောက် ဆုံးပြီးတဲ့နောက်မှာတော့ ဇာတ်ထဲက ယိမ်းသမ မတင်စိန်(အေးမြတ်သူ)နဲ့ နောက်အိမ်ထောင်





www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



ပြုလိုက်တဲ့အခါမှာတော့ ဇာတ်က တော်တော်လေး လှုပ်ခတ်လာပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ယိမ်းသမ မတင်စိန်က က,တဲ့အချိန်ကလွဲလို့ အမြဲတမ်း ဖဲရိုက်နေတတ်တဲ့ ခပ်ကြမ်းကြမ်း ယိမ်းသမတစ်ဦး ပါ။ ကွမ်းကိုလည်း မပြတ်ဝါးရင်း အမြဲတမ်း ထဘီတမမ,နဲ့ ခပ်ကြမ်းကြမ်း ဇာတ်ရုပ်နဲ့ အေးမြတ်သူက အကောင်းဆုံး သရုပ်ဆောင်ပေးထားပါတယ်။ မိန်းမသေပြီး နောက်အိမ်ထောင်ပြု၊ သမီးကလည်း နိုင်ငံခြားကို ပညာသင်သွားတဲ့အခါမှာ မတင်စိန်ရဲ့အသုံးအစွဲကြမ်းမှု၊ ကွယ်လွန်သွားတဲ့ ဇနီးသည်ကိုလွမ်းတဲ့စိတ်၊ အမိကကတော့ သမီးကိုတွေ့ချင်လွန်းတဲ့စိတ်နဲ့ ပြိုးရှင် တစ်ယောက် အရက်သမားဘဝကို လုံးလုံး လျားလျား ရောက်သွားပါတော့တယ်။ ဒီဇာတ်ကားမှာ ပြိုးရှင်အဖြစ် လူရွှင်တော် တစ်ယောက်ရဲ့ ခက်ခဲကြမ်းတမ်းမှု တွေကြားက အနုပညာ အလုပ်ကို အကောင်းဆုံးဖြစ်ဖို့ တင်ဆက်တဲ့နေရာမှာ သရုပ်ဆောင်မှုတွေ ကောင်းတဲ့အတွက် နေတိုး အကယ်ဒမီ မှန်းနိုင်တဲ့ ဇာတ်ကားလို့ မှတ်ချက်ပေးထားကြပါတယ်။ ဒီဇာတ်ကားကိုတော့ မဟာသင်္ကြန်အပြီး ရုံတင်ပြသ ပေးသွားမှာဖြစ်ပြီး ရုံမတင်ခင် ကတည်းက အားလုံး သဘောကျ အကြိုက် တွေ့တဲ့ အနုပညာ မှတ်တိုင် တစ်ခုအဖြစ် နေတိုးကို အမှတ်ပေးထားကြပါတယ်။ မဟာသင်္ကြန်အပြီးမှာတော့ မြန်မာရုပ်ရှင်ဇာတ်ကားများ ခါတိုင်းလို သောကြာနေ့မှာ ဇာတ်ကားလဲပြီး ရုံတင်ပြသတာမျိုး မဟုတ်ဘဲ နိုင်ငံတကာမှာလို ကြာသပတေးနေ့မှာကားသစ် လဲပြီး ရုံတင်ပြသတော့မှာ ဖြစ်တယ်လို့ သိရပါတယ်။

■လင်းနိုင်ဦး



www.burmeseclassic.com

www.burmeseclassic.com



သရုပ်ဆောင်နှစ်ဦးဖြစ်ကြတဲ့ သူထူးစံနဲ့ ထိုက်ဆုဝင်းတို့ရဲ့ မင်္ဂလာဧည့်ခံပွဲကို ဖေဖော်ဝါရီလ ၂၂ ရက်နေ့ မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ နိုဗိုတယ် ဟိုတယ်မှာ ကျင်းပခဲ့ရာ မင်္ဂလာမောင်နှံတို့က မြန်မာ့ရိုးရာ မင်္ဂလာဝတ်စုံကို ကုန်းဘောင်ခေတ် ဒီဇိုင်းများနဲ့ မင်္ဂလာဧည့်ခံပွဲ ဆင်နွှဲခဲ့ကြပါတယ်။ သူထူးစံနဲ့ ထိုက်ဆုဝင်းတို့က မင်္ဂလာ လက်မှတ်ရေးထိုးပြီးလို့ မင်္ဂလာဦးအလှူ ကျင်းပစဉ် ကတည်းက လိုအပ်တဲ့ ပရဟိတကလေးငယ်များ အတွက် လှူဒါန်းမှုများနဲ့ စတင်ခဲ့ကြပါတယ်။ Pre Wedding ရိုက်ကူး ခြင်းတော့လည်း မြန်မာ့ရိုးရာ ဝတ်စုံများကို ကုန်းဘောင်ခေတ် ပုံစံ ဝတ်ဆင်ရိုက်ကူးခဲ့ကြလို့ ပရိသတ်များ တော်တော်လေး သဘောကျခဲ့ကြပါတယ်။ မင်္ဂလာသတို့သားကတော့ ရန်ကုန်မြို့နေ ဦးတင်လှမိုး၊ ဒေါ်ယဉ်ယဉ်မေတို့ရဲ့သားကြီး မောင်ဇော်ဇော်မိုး(ခ)သူထူးစံ ဖြစ်ပြီး မင်္ဂလာသတို့သမီး ကတော့ မန္တလေးမြို့နေ (ဦးဝင်းမြင့်စိန်)၊ ဒေါ်နွယ်နီထွန်း တို့ရဲ့သမီးထွေး ထိုက်ဆုဝင်း ဖြစ်ပါတယ်။ နိုဗိုတယ်ဟိုတယ်မှာ ကျင်းပတဲ့ မင်္ဂလာဧည့်ခံပွဲမှာတော့ ခန်းမထဲကို ဝင်လိုက်တယ်ဆိုရင်ပဲ မြန်မာ့ရိုးရာအငွေ့အသက်များနဲ့ ဆင်မြန်းအလှဆင်ထားတာတွေကို တွေ့ရပြီး ခန်းမအဝင်မှာလည်း မြန်မာ့ရိုးရာ မင်္ဂလာဧည့်ခံပွဲလို့ ကမ္ဗည်းထိုးထားပါတယ်။ သူထူးစံနဲ့ ထိုက်ဆုဝင်းတို့ရဲ့ မင်္ဂလာဧည့်ခံပွဲမှာ မင်္ဂလာအကျိုးတော် ဆောင်များအဖြစ် ဆောင်ရွက်ပြီး ပရိသတ်များကို ဧည့်ခံနေရာချပေး ကြတာက နေမင်း၊ ကျော်ကျော်၊



www.burmeseclassic.com

www.burmeseclassic.com



# ကုန်းဘောင်ခေတ်

## မင်္ဂလာဝတ်စုံနဲ့ မင်္ဂလာပွဲဆင်နွှဲခဲ့ကြတဲ့

# သူထူးစံ နဲ့ ထိုက်ဆုဝင်း

လင်းနိုင်ဦး

www.burmeseclassic.com

www.burmeseclassic.com



အေးမြတ်သူနဲ့ ဆုမြတ်နိုးဦးတို့ပဲ ဖြစ်ပါတယ်။ အပျိုကြီး၊ လူပျိုကြီးတွေက သူထူးစံတို့ကို ပါရမီဖြည့်ရင်း သူတို့မင်္ဂလာပွဲဆင်နွှဲတဲ့အခါ အတွေ့အကြုံရဖို့ ကူညီပေးခဲ့ကြတယ်လို့လည်း ပြောပြခဲ့ကြပါတယ်။

မင်္ဂလာမောင်နှံတို့ ပွဲထွက်တဲ့အချိန်မှာ မင်္ဂလာတေးများ တီးခတ်သီကျူးပေးတာက မြန်မာသံအဆိုတော် ဝိုင်းလမင်းအောင်နဲ့ သူ့ရဲ့ မြန်မာသံတေးဂီတအဖွဲ့ပဲ ဖြစ်ပါတယ်။ ထူးထူးခြားခြားပဲ မင်္ဂလာအခမ်းအနားမှူးအဖြစ် တာဝန်ယူပေးတာက သရုပ်ဆောင် ဟိန်းဝေယံပဲ ဖြစ်ပါတယ်။ မင်္ဂလာပွဲမှာ မင်္ဂလာပန်းကြဲ၊ ဗန်းကိုင်တာဝန် ယူပေးခဲ့ကြတာကတော့ သရုပ်ဆောင် ယွန်းယွန်း၊ မေမြင့်မိုရ်၊ ဝင့်ယမုံနိုင်တို့ပဲ ဖြစ်ပါတယ်။

မင်္ဂလာပွဲမှာ မင်္ဂလာဆုတောင်းနဲ့ ဆုံးမဩဝါဒစကားများ ချီးမြှင့်ပေးကြသူများကတော့ သူထူးစံရဲ့ ဆရာများဖြစ်ကြတဲ့ ဒါရိုက်တာ ဗန်းကြီး၊ ဒါရိုက်တာ ညီညီထွန်းလွင်၊ အကယ်ဒမီများရှင် ရန်အောင်နဲ့ အကယ်ဒမီများရှင် မို့မို့မြင့်အောင်တို့ ဖြစ်ကြပါတယ်။

မင်္ဂလာအောင်စံပယ်ပန်းကုံးကိုတော့ မက်စ်မြန်မာ ကုမ္ပဏီဥက္ကဋ္ဌ ဦးဇော်ဇော်နဲ့ ဇနီး ဒေါ်ဌေးဌေးခိုင်တို့က ချီးမြှင့်ပေးခဲ့ကြပြီး မင်္ဂလာလက်စွပ်များကို လွယ်ဟိန်း



www.burmeseclassic.com

www.burmeseclassic.com



ကုမ္ပဏီဥက္ကဋ္ဌ ဒေါက်တာ စိုင်းဆမ်ထွန်းနဲ့ ဇနီး ဒေါ်ဂျူလီယာတို့က ချီးမြှင့်ပေးခဲ့ကြပါတယ်။

မြန်မာ့ရိုးရာမင်္ဂလာ ဧည့်ခံပွဲလို့ အမည်ပေးထားတဲ့ အတိုင်း စင်မြင့်ထက် သတို့သားနဲ့ သတို့သမီးနောက်မှာ သစ်သားဒေါင်းရုပ်နဲ့ အလှဆင်ထားပါတယ်။ မင်္ဂလာသတို့သား၊ သတို့သမီးတို့က ကုန်းဘောင်ခေတ် ရိုးရာပုံစံ မင်္ဂလာဝတ်စုံများ ဆင်မြန်းနိုင်ဖို့ အမရပူရမြို့ မြနန်း ရွှေရည်ပိုးထည်တိုက်မှ ရက်လုပ်ပေးထားတဲ့ ပိုးထည်များကို ဝတ်စုံဒီဇိုင်နာ အဒ္ဒလီဇော်ထက်နဲ့အဖွဲ့က ချုပ်လုပ်ပေးထားတာဖြစ်တယ်လို့ သိရပါတယ်။ လက်ဝတ်ရတနာများကို ဝိန့်စိန်ရတနာရွှေဆိုင်က ဆင်မြန်းပေးထားပါတယ်။

ဆရာရင်းတစ်ဦးဖြစ်တဲ့ ဒါရိုက်တာ ဗန်းကြီး (မောင်အောင်-ရှုပဗေဒ)က "မိဘတွေက သားသမီးတွေကို မွေးဖွားပေးလိုက်သလို ကျွန်တော်တို့တပည့်တွေကိုလည်း ဆရာသမားတွေက မွေးဖွားပေးလိုက်လို့ အောင်မြင်မှုတွေ ရခဲ့ကြတာပါ။ သူထူးစံက အခက်အခဲတွေ များစွာ ကျော်လွှားပြီးမှ ဒီနေရာကို ရောက်ခဲ့တာပါ။ အခုချိန်မှာတော့ သူ့ရဲ့ အိမ်ထောင်ဖက် ထိုက်ဆုဝင်းရှိလာခဲ့ပြီဖြစ်လို့ နှစ်ယောက် အခက်အခဲတွေကို ညီညီနှိုင်းနှိုင်းနဲ့ တိုင်ပင်ဖြေရှင်းရင်း အောင်မြင်မှုများနဲ့ ရိုးမြေကျ



www.burmeseclassic.com

www.burmeseclassic.com




ပေါင်းသင်းသွားနိုင်ပါစေလို့ ဆန္ဒပြုဆုတောင်းပေးပါတယ်' လို့ ပြောကြားခဲ့ပါတယ်။

ဆရာရင်းတစ်ဦးဖြစ်တဲ့ အကယ်ဒမီ မို့မို့မြင့်အောင်ကလည်း 'ဇေယျာတုသဗ္ဗ မင်္ဂလာပါရှင်၊ အခုဆိုရင် မင်္ဂလာအပေါင်းနဲ့ အင်မတန်မှ ပြည့်စုံလှပါတယ်။ တစ်မိသားစုနဲ့ တစ်မိသားစု ပေါင်းသင်းကြ၊ ချစ်သူတစ်ဦးနဲ့ တစ်ဦး ပေါင်းသင်းကြတဲ့ မင်္ဂလာရှိတဲ့ နေ့မြတ်လေးပါပဲ။ အခုဆိုရင် ကျွန်မရဲ့ တပည့်၊ ကျွန်မရဲ့သားကြီးက မြန်မာဆန်ဆန်နဲ့ သူ့တီထွင်ပြီး ဒီမင်္ဂလာပွဲလေးကို ကျင်းပသွားမယ်လို့ ပြောခဲ့ဖူးပါတယ်။ ကျွန်မ တစ်ခုလို နေတယ်လို့ ထင်ပါတယ်။ သူပြင်ဆင်ထားတဲ့ပုံနဲ့ဆိုရင် ရွှေဓားလေးတစ်ချောင်းပါ ကိုင်ဆောင်လိုက်မယ်ဆိုရင် ပိုပြီး ပြည့်စုံသွားမယ် ထင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူယူထားတဲ့ သတို့သမီးလေးက မိန်းမချောလေးဖြစ်နေတဲ့ အခါကျတော့ တစ်ချိန်ချိန် သူ့သမီးချောလေးတွေ ရခဲ့ရင် ဒီရွှေဓားလေးကို အခုကတည်းက ဆောင်ထားရင် ပိုပြီး လိုက်ဖက်မယ်လို့ ထင်ပါတယ်။ ကျွန်မသားကြီးကို အရင်တုန်းက မိန်းမယူသွားမှာ အင်မတန် စိုးရိမ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့



www.burmeseclassic.com

www.burmeseclassic.com









အနုပညာသမားတစ်ယောက် လျှော့သွားမှာစိတ်ပူလို့ပါ။ မမို့ တပည့်က အနုပညာအရာမှာ အင်မတန်တော်ခဲ့တဲ့ ကလေး တစ်ယောက်ပါ။ ဈေးကွက် မှာလည်း သူထူးစံ ဆိုတဲ့ ဈေး ကွက်ကိုရအောင် ထူထောင်ခဲ့ တဲ့သူပါ။ ဒါပေမဲ့ သူအရွယ် လည်း ရောက်လာပြီ။ သူယူ မယ့် မိန်းကလေးကလည်း မိကောင်းဖခင် သမီးလိမ္မာ လေးဖြစ်နေတဲ့အတွက် သူ့ အတွက် တကယ့်ကို တင့် တယ်တဲ့ သတို့သမီးလေး ဖြစ်ပါတယ်။ အဲဒါကြောင့် ကျွန်မသားကြီး၊ ကျွန်မ တပည့်အတွက် စိတ်အေး ချမ်းမှုရပါပြီ။ အနုပညာ လောကမှာသာမက အပြင် လောက၊ စီးပွားရေးလောက မှာပါ အောင်မြင်တဲ့ ခင်ပွန်း သည်ကောင်းတစ်ယောက်၊ ဖခင်ကောင်းတစ်ယောက်ဖြစ် အောင် ကြိုးစားပေးပါလို့ တိုက်တွန်းလိုက်ပါတယ်"လို့ အမှတ်တရစကား ပြောကြား ခဲ့ပါတယ်။

သူထူးစံနဲ့ ထိုက်ဆုဝင်း တို့ရဲ့ မင်္ဂလာဧည့်ခံပွဲမှာ သရုပ်ဆောင် နေမင်းက မင်္ဂလာအကျိုးတော်ဆောင် အဖြစ် ဆောင်ရွက်ပေးခဲ့ရုံမက မင်္ဂလာမှတ်တမ်းများကိုပါ သူ့ရဲ့အဖွဲ့နဲ့ မေတ္တာနဲ့ မှတ် တမ်းတင်ပေးခဲ့တယ်လို့ သိရ ပါတယ်။ ■ လင်းနိုင်ဦး



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



# ဂီတအတွက် ကတိပေးပြီးကြိုးစားမယ့် စစ်ပိုင်ထက်

မန်းသူ

ဒီလ ဖူးငုံအတွက် အနုပညာ အစဉ်အလာ ကြီးမားတဲ့ မန်းရွှေမြို့က တက်သစ်စ ဂီတ ဝါသနာအိုးလေး စစ်ပိုင်ထက်နဲ့ တွေ့ဆုံဖြစ်ပါတယ်။ တကယ်တော့ စစ်ပိုင်ထက်က ရန်ကုန်ကို လာတွေ့ဆုံတာဆိုရင် ပိုမှန်ပါတယ်။ ခုခေတ်မှာက ထုံးစံအတိုင်း ဂီတကနေ ကိုယ့်ဝါသနာလေးတွေ ချပြရင်း ပရိသတ်နဲ့ အစပ်အဟပ် တည့်သွားကြတဲ့အထဲမှာ စစ်ပိုင်ထက်လည်း ပါနေပါတယ်။ သူ့ရဲ့ ရွှေခြေကျင်းနဲ့ မန္တလေးသူ သီချင်းနဲ့ သစ္စာရှိပါနော် သီချင်းတွေက ကြည့်ရှုသူ သိန်းကျော်နေတာကြောင့် တွေ့ချင်နေတဲ့အချိန်၊ သူကလည်း စွန့်စားမှုနဲ့ တစ်ကိုယ်တော်ခွေအတွက် ရန်ကုန်ကို ဆင်းလာချိန် မန်းသားလေး စစ်ပိုင်ထက်နဲ့ ရွှေအမြုတေက မန်းသူတို့ တွေ့ဆုံဖြစ်ခဲ့တာပါ။

**သားရဲ့ အနုပညာ နာမည်က စစ်ပိုင်ထက်ပဲလား။**

ကျွန်တော်ကတော့ ဆမ်ဆမ်လို့ပဲ သုံးချင်တာ ပါဗျ။ ဒါပေမဲ့ ခုတော့ စစ်ပိုင်ထက်လို့ပဲ လူပိုသိကြတယ်။

**သီချင်းတွေကို၊ အနုပညာကို စပြီး**



www.burmeseclassic.com

www.burmeseclassic.com



**စိတ်ဝင်စားခဲ့တာက…။**

ကျွန်တော် တကယ် သီချင်းတွေလုပ်ချင်၊ အဆိုတော် လုပ်ချင်တာကတော့ ၁၅ နှစ်သားလောက်ကျမှ စ,ဝင်ခဲ့ချင်တာပါ။ ဒါပေမဲ့ ပီယာနိုတို့၊ ဂစ်တာတို့ကတော့ ဟိုးငယ်ငယ်လေးကတည်းက တီးခတ်ခဲ့တာပါ။ ကလေးဘဝက ကျောင်းစင်မြင့်တွေမှာ ပီယာနိုတွေ တီးဖူးတယ်။ အဲဒီကတည်းက စင်ပေါ်မှာ ဖျော်ဖြေရတာကို နှစ်သက်ခဲ့ တာပါ။ ပီယာနိုကတော့ ကျွန်တော် Favourite ပါ။ ကောင်းကောင်း တီးတတ်ပြီးတော့ သီချင်းတွေလည်း ရေးတတ်၊ သံစဉ်တွေလည်း ဖော်တတ်ပြီ။ ဂစ်တာကိုလည်း သေချာပြန်သင်ပြီး လုပ်ထားပါတယ်။

**ပထမဆုံး ပရိသတ်ရခဲ့တဲ့သီချင်းနဲ့ အမှတ်တရက…။**

၂၀၁၈ ခုနှစ်၊ မနှစ်က အစလောက်ကပေါ့နော်။ ကိုသြရသက ရွှေခြေကျင်းနဲ့ မန်းလေးသူ သီချင်း ရေးပေးတယ်။ ကျွန်တော်က သီချင်းပုံစံကို မကြိုက်လို့ မဆိုချင်ပေမဲ့ အမေတို့က ဆိုကြည့်ပါ၊ တင်ကြည့်ပါဆိုတာနဲ့ ဆိုဖြစ်ရင်း အင်တာနက်မှာ လူသိသွားတော့ ပျော်တာပေါ့။ အဲဒီသီချင်း



www.burmeseclassic.com

www.burmeseclassic.com

လေးက ခုဆိုရင် 2 million ကျော်သွားပြီဗျ။ နောက် ဒုတိယအပုဒ် သစ္စာရှိပါနော် ဆိုရင် 3 million ကျော်သွားပါပြီ။

**အဲဒီရလဒ်ကြောင့် ဂီတလမ်းကို လျှောက်ရဲချင်တာလား။ ပရိသတ် သိတုန်း ဘယ်လို အသုံးချမလဲ။**

ကျွန်တော် အခု တစ်ကိုယ်တော်တေးစီးရီးထွက်ဖို့ အကုန်စီစဉ်နေပါပြီခင်ဗျ။ ဇူလိုင်လလောက်တော့ ထွက်ဖို့ ကြိုးစားနေပါတယ်။ သီချင်းတွေက ခု ရှစ်ပုဒ်လောက်ရှိနေပါပြီ။ ၁၁ ပုဒ်လောက်တော့ ထည့်ဖို့ စဉ်းစားထားတယ်။ Audio CD ပဲ အရင်ထွက်မယ်။ ဒါကလည်း အခုခေတ်က လူတွေက Online Platform မှာပဲ ရှိကြတယ်။ Movie လည်း Online Platform မှာပဲ ကြည့်တာများတယ်။ အခွေဝယ်တာကလည်း အရင်ကထက်စာရင် နည်းသွားပြီလေ။

**စစ်ပိုင်ထက်က ဘယ်လို Entertainment မျိုး ကို ပိုအားသာလဲ။ သီချင်းနဲ့ performance ပိုင်းမှာရော…။**

ကျွန်တော်က သီချင်းနဲ့ Performance တွဲပြီး က,နေရရင်ကို Facial expression ပိုပြလို့ရတယ်ဆိုပြီး ပိုနှစ်သက်ပါတယ်။

**တစ်ကိုယ်တော်ခွေဆိုတာက ဒီခေတ်မှာအသစ်တစ်ယောက်အနေနဲ့ စွန့်စားရာကျတယ်လို့ရော မထင်မိဘူးလား။**

ဟုတ်ကဲ့။ ကျွန်တော်က ဝါသနာပါလို့ကို လုပ်တာပါခင်ဗျ။ မအောင်မြင်ဘူး၊ အောင်မြင်မယ်လည်း မတွေးမိပါဘူး။ သီချင်းတွေကို ချစ်လို့၊ ပရိသတ်နဲ့လည်း အဆက်မပြတ်အောင်လို့ လုပ်ဖြစ်တာပါ။



**ခုချိန်မှာ ကိုယ်လျှောက်လှမ်းမယ့် ဂီတလမ်းအတွက် ဘယ်သူတွေဆီက အကူအညီ၊ အကြံဉာဏ်တွေ ယူဖြစ်လဲ။**

ကျွန်တော့်ကို ကူညီပေးနေတာဆို အခုဆို ကိုဟဲလေး ရှိမယ်၊ ကိုမိုးမိုး ရှိမယ်။ ကိုဩရသ၊ ကို Aသွေး၊ ရန်ကုန်က ဂီတက လူတွေနဲ့ ရင်းနှီးအောင်လုပ်ပေးတဲ့ ကိုဂျေစီစီ ရှိမယ်။ သူတို့က သင်ပေးကြပါတယ်။

**အမေ့ကိုရော ကတိတွေ ပေးရသေးလား။**

ဒီဂီတကို ဆက်လုပ်ချင်လို့ ပညာရေးမှာ အတော်ဆုံး မဟုတ်ရင်တောင် မညံ့ဘဲ အောင်မြင်အောင် ကြိုးစားပါ့မယ်ဆိုတဲ့ ကတိတော့ ပေးလိုက်ရတယ်ခင်ဗျ။

မန်းသားလေး စစ်ပိုင်ထက်က "ကျွန်တော်ကတော့ ဘယ်လိုပဲ ကျရှုံးပါစေ။ ကျွန်တော့်မိသားစု ရှိတယ်။ သူငယ်ချင်းတွေ ရှိတယ်။ သူတို့က ကျွန်တော့်ကို အမြဲ Supporting ပေးပါတယ်ခင်ဗျ။ ကျွန်တော်က ပညာရေးနဲ့ ဂီတနှစ်ခု တွဲပြီး လျှောက်သွားမှာပါ။ နောက်နှစ်လောက်ကျရင် ကျွန်တော်က UKမှာ ကျောင်းသွားတက်ပါမယ်။ အဲဒီကျရင်လည်း ကိုယ်ပိုင် Studio လေး ထောင်ပြီး သီချင်းတွေ ပရိသတ်နဲ့ အဆက်မပြတ်အောင် လုပ်မှာပါ"လို့ ပြောပြခဲ့ပါတယ်။

■ မန်းသူ





www.burmeseclassic.com

www.burmeseclassic.com



# ကိုယ်တိုင်အကောင်းကြိုက်လို့ အကောင်းဆုံးဖြစ်အောင် ကြိုးစားတယ်

မနှင်းသူ

ဝါသနာလည်းပါပြီး ကိုယ်ချစ်မြတ်နိုးတဲ့ အလုပ်အတွက် ဇွဲ၊ လုံ့လ၊ ဝီရိယနဲ့ အချိန်တွေပေးပြီး ဝေယံမင်းက ကြိုးစားနေပါတယ်။ သရုပ်ဆောင်ကောင်းဖြစ်ရန် ဆိုတဲ့ အိပ်မက်နဲ့ ကျရာနေရာ၊ ကျရာ ဇာတ်ရုပ်ကို မညည်း မညူလုပ်ဆောင်ရင်း ပရိသတ် သတိထားမိလာတဲ့ ကက်ဆက်ခွေ ဇာတ်လမ်းတွဲ သရုပ်ဆောင်သစ် တစ်ဦးပါ။ ဗိုလ်အောင်ဒင် ကက်ဆက် ဇာတ်လမ်း ထဲက ကိုကိုချစ်ကို ပိုသိကြ တာလား။ ဟုတ် တယ်ဗျ။ သူက နောက် ဆုံး လည်း ဖြစ်တယ်လေ။ ကျွန်တော်တို့ Laureal Art Academy က သင်တန်းသူ၊ သင်တန်းသား တွေ ကက်ဆက်ခွေဇာတ် လမ်းတွေကို အသံနဲ့တစ်ထပ် တည်းကျအောင် သရုပ်ဆောင် ကြရတာမှာ ဇာတ်လမ်း အပိုင်း ၃၀ ကျော် ရိုက်ကူး ပြီးသွားပြီ ဆိုတော့ နားလိုက် ပြီး တခြားဇာတ်လမ်းတွဲတွေ၊ ရုပ်ရှင်တွေ ရိုက်ဖို့ အန်တီ သီတာလင်းတို့က စီစဉ်နေကြ ပြီ။ နောက်ရိုက်မယ့် ဇာတ် လမ်းတွဲနဲ့ ရုပ်ရှင်ကားကြီးမှာ လည်း ကျွန်တော် ပါဝင် သရုပ်ဆောင်ရမှာပါ။

Laureal Art မှာ ဘယ်အချိန်က စပြီး တက် ဖြစ်တာလဲ။ အနုပညာကို အဲဒီကပဲ စခဲ့တာလား။

ကျွန်တော်က ပထမဆုံး အပတ်စဉ်ကတည်းက စတင် ခဲ့တာပါ။ အဲဒီတုန်းက ပညာဒါန မဟုတ်သေးဘူး။ အခကြေးငွေနဲ့၊ ကြော်ငြာကို အဖေက တွေ့ပြီး သွားတက် ဖို့ပြောတာ။ ကျွန်တော့် အဖေ ရော၊ အမေရောက အနုပညာ ဝါသနာပါကြတယ်လေ။ သူ တို့ကကို အားပေးပြီး ပံ့ပိုး ကူညီတာပါ။ ကျွန်တော်က အပြင်က ဒါရိုက်တာတွေနဲ့ လည်း တခြားကားတွေမှာ ပါဝင်ဖူးပါတယ်။ ရည်းစား တစ်ဝမ်းကွဲ မှာလည်း ပါဝင် သရုပ်ဆောင်ဖူးပါတယ်။



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

**ကိုယ်ဖြစ်ချင်တာကို ရော ခုချိန်မှာ သေချာသိနေပြီ လား။**

ကျွန်တော်ကတော့ အကောင်းဆုံး သရုပ်ဆောင် ဖြစ်ချင်တယ်။ ကျွန်တော့် ကိုယ်ကျွန်တော် မင်းသားလို့ မမြင်ဘူး။ ကျွန်တော့်ကို ဇာတ်ရုပ်တစ်ရုပ်ချပေးရင် မလုပ်ခင်သေချာကြည့်တယ်။ အတတ်နိုင်ဆုံး ကြိုးစား တယ်။ သရုပ်ဆောင်တယ်။ မှားနေရင် ကျွန်တော့်ကို ပြင်ပေး စိတ်မဆိုးဘူး။ ကျွန်တော်က သရုပ်ဆောင်ကောင်း တစ်ယောက် ဖြစ်ချင်တာ။

**သင်တန်း အစကတည်းက ဒါရိုက်တာ ကြည်စိုးထွန်းတို့၊ အကယ်ဒမီ ဆွေဇင်ထိုက်တို့နဲ့ တိုက်ရိုက် တွေ့ဆုံ သင်ယူခွင့်ရတော့ သူတို့ဆီက ဘာတွေရလိုက်လဲ။**

ဆရာကြီး ဦးကြည်စိုးထွန်းလည်း ကျွန်တော်တို့ကို သင်တယ်။ တီချယ် ဆွေဇင်ထိုက်ရော၊ ပြီးတော့ အိုမားဆရာမ သီတာလင်းရော ပေါ့။ ပြီးတော့ ဆရာကြီး ဦးကြည်စိုးထွန်းနဲ့လည်း ဇာတ်ကားတွေ ရိုက်ဖူးတယ်။ ဇာတ်လမ်းတွဲတွေရော၊ ဇာတ်လမ်းတိုတွေရောပေါ့။ အဲဒီမှာ ကိုယ်မှားသွားရင် ဆရာကြီးက ဟောကောင်၊ အဲ့နေရာမှာ ဒါမျိုး မဟုတ်ဘူး။ ဒါမျိုး လုပ်လို့ရတယ်လို့ သူတို့ တစ်ကွက်ပြလိုက်တာက အဲဒီတစ်ကွက် ကျွန်တော်တို့ တစ်သက်လုံး သုံးလို့ ရတယ်။ အနုပညာတွေလည်း အများကြီးရတယ်။

**တကယ့်သရုပ်ဆောင်ဘဝက ထင်ထားတာနဲ့ တူရဲ့လား။ ပိုခက်လား။**

ခက်တယ်ဗျ။ ပုံမှန်လုံးဝ မဟုတ်ဘူး။ ပြောတော့သာ လွယ်မလိုနဲ့လေ။ ပရိသတ် ၁၅ မိနစ်လောက် ကြည့်ရဖို့ကို တစ်ခါတလေ နှစ်ရက်လောက် ရိုက်ရတာမျိုးတွေ ရှိတယ်။ အခု လာရိုက်သွားတဲ့ **Line Walker 2** ကိုပဲ ကြည့်လေ။ ပါမယ့်အချိန်လေးက နည်းနည်းလေးကို လေး၊ ငါး၊ ခြောက်ရက် ရိုက်သွားတာ။ 'သူ' ဆိုတဲ့ နေရာကို ကိုယ်လို့ ခံစားပြီး ရိုက်ရတာ လွယ်မယောင်နဲ့ ခက်ပါတယ်။ ကျွန်တော်ကတော့ ဒါကို ငယ်ငယ်ကတည်းက ရူးသွပ်တာ။ ဒါက ကျွန်တော့် ရင်ထဲက ဖြစ်နေတာ။ ဒီအနုပညာ အလုပ်ဆိုတာက ငွေကြေးပြည့်စုံနေလည်း မရဘူး။ ရုပ်အရမ်းချောနေရင်လည်း ဖြစ်ချင်မှ ဖြစ်တာ။ ကံ၊ ဉာဏ်၊ ဝီရိယ၊ စန်း ဆိုတာ ရှိတယ်။ ဒီမှာကျတော့ သင်တန်းဆိုတာထက် မိသားစုလို ဖြစ်နေတာဆိုတော့ အခက်အခဲရှိလည်း အတူဖြေရှင်းကြတော့ အဆင်ပြေပါတယ်။

**အနုပညာဆိုတာကို အခု ဘယ်လိုနားလည်နေပြီလဲ။**

အနုပညာဆိုတာက စကားလုံးလေးက လေးလုံးတည်း။ ပရိသတ်က ကြည့်မယ်ဆိုလည်း ခဏလေးပဲ။ ကျွန်တော်တို့ကျတော့ အတော်ကြိုးစားရပါတယ်။ ကျွန်တော်က သီချင်းဆိုသည်ပဲ ဖြစ်ပစေ၊ ပြဇာတ်က,သည်ပဲ ဖြစ်ပစေ၊ သရုပ်ဆောင်သည်ပဲဖြစ်ပစေ စိတ်ထဲမှာ လေးလေးနက်နက်နဲ့ သေချာဂရုတစိုက်လုပ်တယ်။ ဘာလို့လဲဆိုတော့ ကျွန်တော် အကောင်းဆုံးတွေပဲ ကြိုက်လို့ပါ။ ပရိသတ်တွေကို တင်ဆက်တဲ့နေရာမှာလည်း ကိုယ် ဖျော်ဖြေလိုက်တဲ့ ရသတစ်ခု၊ ကိုယ်တင်ဆက်လိုက်တဲ့ အနုပညာတစ်ခုက ပရိသတ် ကြိုက်တယ်ဆိုရင် Feel ဖြစ်တယ်။ ပရိသတ်ဆီက လက်ခုပ်သံနဲ့ အားပေးမှုကိုပဲ ကျွန်တော် မျှော်လင့်တယ်။ ပရိသတ်ကို ကျွန်တော့်အနုပညာတွေ ပေးဆပ်ဖို့ အကောင်းဆုံးတွေဖြစ်အောင်ပဲ ကျွန်တော် ကြိုးစားတယ်။

ဝေယံမင်းက Laureal Art က ရိုက်ကူးမယ့် ဂီတကို အခြေခံထားတဲ့ ဇာတ်လမ်းတွဲ တစ်ခုမှာလည်း ပါဝင်ရမှာ ဖြစ်ပြီး ဒါရိုက်တာ ဝင်းလွင်ထက် ရိုက်ကူးမယ့် ရုပ်ရှင်ကားကြီးတစ်ကားမှာလည်း ပါဝင်သရုပ်ဆောင်မယ်လို့ သိရပါတယ်။

■

မန်းသူ





www.burmeseclassic.com

www.burmeseclassic.com




ငယ်ငယ်ကဆို အဖေ့လက်ကိုတွဲပြီး ကျောင်းကပြန်ခွင့်ရရင် အရမ်းပျော်တာ။ ဘာကြောင့်လဲဆိုတော့ လမ်းထိပ်က "ကျူးဝိုင်း"ကိုရောက်ရင် အဖေနဲ့အတူတူ ရုပ်ကြည့်ခွင့်ရလို့ပေါ့။ ကျူးဝိုင်းက ဆိုက်ကားဂိတ်မှာဆိုတော့ ရုပ်ကြည့်သူတွေနဲ့ အမြဲ စည်ကားနေတတ်တယ်။ အဖေကတော့ အကြာကြီးရုပ်ကြည့်လေ့ မရှိပါဘူး။ ဒါပေမဲ့ ပွဲစ၊လို့ သုံးလေးကွက်စီရွှေ့ပြီးရင် ဘယ်သူဖြင့် "နိုင်"မှာလို့ တန်းပြောတတ်တယ်။ အံ့ဩစရာကောင်းတာက အဖေပြောတိုင်း "မှန်" သွားတတ်တဲ့ အချက်ပါ။ အဖေ ဘာကြောင့် အမြဲမှန်လဲလို့ ကျွန်တော် မေးတော့ အဖေ့အဖြေက တိုတိုကလေးရယ်။ "နှစ်ဖက်စလုံးကို ကြည့်ပေါ့ သားရယ်"တဲ့။

❑

ကျွန်တော်နဲ့ အေးမြမြမိုး တွေ့တာ ပွဲခွင်တစ်ခုမှာပါ။ အမှန်တော့ ပွဲကန်ထရိုက်ဖြစ်တဲ့ ကျွန်တော်က ဘယ်ဇာတ်၊ ဘယ်အငြိမ့်မဆို ဇာတ်ပိုင်၊ အငြိမ့်ပိုင် မင်းသား၊ မင်းသမီးတွေနဲ့ ရင်းနှီးမှုရယူတတ်သူပါ။ ပြီးတော့ ဒီလို ရင်းနှီးတယ်ဆိုတာကလည်း လုပ်ငန်းသဘောဆိုတော့ ဆန်းလှတယ်ရယ်တော့ မဟုတ်ပါဘူး။ ဒါပေမဲ့

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

အေးမြမြမိုးကို စတင်ရင်းနှီးမှုယူရာမှာတော့ မရိုးသားမှု ကျွန်တော့်ဘက်က ပါကြောင်း ဝန်ခံပါတယ်။

အေးမြမြမိုးဟာ ဆပ်ကပ်အဖွဲ့လေးတစ်ဖွဲ့ရဲ့ ကျွမ်းဘားမယ်ပါ။ အပွင့်လင်းဆုံးပြောရရင် ကျွန်တော့် ကန်ထရိုက်သက်တမ်း ဆယ်နှစ်အတွင်းမှာ ဇာတ်ပေါင်းစုံ၊ အငြိမ့်ပေါင်းစုံနီးပါးကို ကျွန်တော် ရင်းနှီးခဲ့တယ်။ အလုပ်လုပ်ရင်း ပြဇာတ်တွေ၊ နှစ်ပါးသွားတွေလည်း ထိုင်ကြည့်ဖူးတယ်။ စတိတ်ရှိုးတွေ ကြည့်ဖူးတယ်။ ဒါကြောင့် ဘယ်ဇာတ်က ဘယ်မင်းသားအကကောင်းတယ်။ နောက်ပိုင်းကိုတော့ ဘယ်ဇာတ်က သာတယ်။ မင်းသမီးထဲမှာတော့ အပျိုတော်ခုနစ်ခန်းကို ဘယ်သူက အပိုင်ဆုံး၊ ပြဇာတ်မှာ ဌာန်ရော၊ မာန်ရော သရုပ်ပါတဲ့ မင်းသမီးက ဘယ်သူ စတာတွေကို ကျွန်တော် သိလာခဲ့တယ်။ ခက်တာက ဆပ်ကပ်ကို ကန်ထရိုက်ဆွဲဖူးခြင်း မရှိတော့ ဆပ်ကပ်ကျွမ်းဘားမယ်တစ်ယောက်အကြောင်းကို ဘယ်လာသိမှာတုံး။ ဒါကြောင့် အေးမြမြမိုးကို တွေ့ပြီးနောက် ကျွန်တော့်စိတ်တွေက မရိုးမသားတော့ဘူး။ အမြင်ဆန်းတဲ့ ကျွမ်းဘားကွက်တွေကြောင့်လား မသိဘူး။ ကြည့်မဝ ကိုဖြစ်ခဲ့တာ။

အေးမြမြမိုးကို မတွေ့မီကဆိုရင် လုပ်ငန်းသဘောအရရော၊ ဝါသနာအရပါ ကျွန်တော် ပွဲကြည့်တယ်။ နာမည်ကြီးတွေထက် တက်သစ်စ ဇာတ်မင်းသား၊ ဇာတ်

rD&mif
atmuf
tvSwGm
xjcHwkdf
rdvfuyf
a&mifpkdwGY
twlyDewmyg
wkdifkmwh
Zmwf½kdfwkdf
oyHwf
ay;xmovkd
o½kdfqmif&if
rdvfuyf
jy,fcsdf
yifukdkfu
xifcedqkdwmh
nu
&ifckdf&difwmif
reufusawmh
&ifckdfoH
ysujy,f
oMcbdygw,f

မင်းသမီးတွေပါတဲ့ အဖွဲ့ကိုပိုပြီး အာရုံစိုက်တယ်။ အဲဒီအခါ လူငယ်ခြေတက်တွေကို သတိထားမိလာတယ်။ သတိထားမိရာကနေ သူဘယ်လောက်ကြိုးစားဦးမလဲ၊ အရည်အသွေးကရော စတာတွေပါ ထပ်လေ့လာတယ်။ ကျွန်တော့်မှာက ငွေကြေးတောင့်တင်းပြီး ဝါသနာအရ ဇာတ်ထောင်ချင်တဲ့ "ဘောစိ" တွေကလည်း ရင်းနှီးထားတာရှိတော့ တောက်မယ့်မီးခဲများတွေ့ရင် ချိတ်ပေးလိုက်တော့တာပေါ့။ အေးမြမြမိုးကို ကြည့်ဖြစ်တာကျတော့ တစ်မျိုး။ ဈေးကွက်ဆိုတာမျိုးထက် သူ့ရဲ့ ထူးခြားတဲ့ စွမ်းရည်တွေကို သတိပြုမိရာ က စ,တာ။ ပြောရရင် ဇာတ်လောက်၊ အငြိမ့်လောက်၊ စတိတ်ရှိုးလောက်သာ ကန်ထရိုက်ဆွဲဖူးတဲ့ ကျွန်တော် ဆပ်ကပ်ကို ဘုရားပွဲတစ်ခုမှာ ရုံသွင်းမိရာက စတင်ပြီး စွဲလမ်းသွားတာပါ။

"ရာပြည့်ပွဲတဲ့ကွ၊ ကွင်းလည်းကျယ်တယ်။ နယ်ဘုရားပွဲ။ မင်းသွားကြည့်ပါလား"

စီးပွားဖက် တစ်ယောက်ပြောတဲ့ နယ်ဘုရားပွဲဟာ ကျွန်တော်နဲ့ မစိမ်းပါဘူး။ သုံးကြိမ်လောက် ရောက်ဖူးတဲ့ ဘုရားပွဲပါ။ အဲဒီပွဲတွေတုန်းကတော့ ကျွန်တော် ဇာတ်သွင်းတာပါ။ ထူးခြားတာက အဲဒီကွင်းသူကွင်းသားတွေဟာ တစ်နှစ်မှတစ်ခါ ပျော်ရတဲ့ ဘုရားပွဲမှာ ဇာတ်မရွေးဘူး။ အဓိကက ပွဲဦးညမှာသာ အရည်အသွေးပြလိုက်၊ ကြိုက်ပြီဟော့ဆို ငါးညက,လည်း ရုံပြည့်တယ်။ ပြောရရင် ဇာတ်သာကောင်းနာမည်ကြီးသွားစေရမယ်ဆိုတော့ ကန်ထရိုက်အကြိုက်ပေါ့။ နာမည်ကြီးဇာတ်တွေကို ကြေးကြီးပေးငှားစရာမလိုတော့ ပိုပိုသာသာလေးရနိုင်တာကိုး။ ခု အဲဒီဘုရားပွဲက ရာပြည့်ပွဲ။ ရာပြည့်ပွဲဆိုတော့ အရင်နှစ်တွေထက် လူစည်ကားမှာ မြေကြီးလက်ခတ်မလွဲပဲ။ ဒါကြောင့် ကျွန်တော် သတင်းရ,ရချင်း အဲဒီကွင်းကို ဆင်းတော့တာပေါ့။ ကွင်းကိုရောက်ရောက်ချင်း ရင်းနှီးပြီးသားဖြစ်နေတဲ့ ဂေါပကအဖွဲ့နဲ့ ညှိတဲ့အခါ သိရတာက ဘုရားရန်ပုံငွေအတွက် ဂေါပကတွေကိုယ်တိုင် ဇာတ်သွင်းမှာတဲ့။ ကြားရတာက ပွဲတော်စည်ကားမှာမို့ တူတူတန်တန်အမြတ်လည်း ကျန်အောင် နာမည်ကြီးဇာတ် ငှားပြီးပြီတဲ့။ ဒီနေရာမှာ ကျွန်တော်တွက်တာက နာမည်ကြီးဇာတ်ဆို ညကြေးမြင့်ပြီ။ ညကြေးမြင့်ရင် ဖျာဖိုးနဲ့ ရုံဝင်ခပါ မြင့်တော့မှာ။ ပွဲက တောဘုရားပွဲ။ တစ်နေ့လုပ် တစ်နေ့စား ကွင်းသူကွင်းသားတွေ ကိုယ့်ရွာဘုရားပွဲ နင့်နေတဲ့ ပွဲစရိတ်ကြောင့် အဝမှ ကြည့်နိုင်ပါ့မလား။ သုံးညက သုံးည၊ ငါးညက ငါးည ပွဲအဝ, ကြည့်ခဲ့သမျှ ဒီနှစ်တော့ တစ်ညနဲ့ပဲ အပျော်တွေ ရပ်သွားမှာလား အဲဒီလို တွေးတာပေါ့။ ဒါကြောင့် တွေးတဲ့အကြံ ဂေါပကထံ တင်တော့ ဂေါပကတွေ ခေါင်းချင်းရိုက်ကုန်ကြတယ်။ ဒါဟုတ်တယ်ဖြစ်ကုန်ရော။

နောက်တော့ တိုင်ပင်ကြရင်း ရုံနေရာပေးမယ်။ ဈေးသက်သက်သာသာနဲ့ က,ပေးနိုင်မယ့်ပွဲမျိုး ရှာသွင်း။ ဒါပေမဲ့ မူလဇာတ်ကို အပြိုင်တိုက်ပြီး ပရိသတ်ခွဲပေးရမယ့်ပွဲမျိုးတော့ မဖြစ်စေနဲ့တဲ့။ အဲဒီမှာ ကျွန်တော် အကြံခက်သွားတာ။ ပရိသတ်သောင်းချီပြီး လာမယ့်ပွဲခင်း။ နာမည်ကြီးဇာတ်နဲ့ သာမန်ဇာတ်ကလေး ယှဉ်ရင် ကျွန်တော်ကွဲပြီ။



www.burmeseclassic.com

www.burmeseclassic.com

ဇာတ်ကြီးနဲ့ ဇာတ်ကြီးချင်း ပြိုင်ရင်လည်း ဘယ်သူအထိနာနာ မကောင်းဘူး။ နောက်ဆုံးတော့ အမြင်လည်းဆန်း၊ ကလေးတွေလည်း ဗဟုသုတရ၊ လက်ရှိကွင်းကို တစ်ခေါက်တစ်ခါမှ လာမက,ဖူးသေးတဲ့ ဆပ်ကပ်အဖွဲ့ သွင်းဖို့ ကျွန်တော် ဆုံးဖြတ်လိုက်တာ။ ဒီမှာပဲ အေးမြမြမိုးပါတဲ့ ဆပ်ကပ်အဖွဲ့ကို ကျွန်တော် ချိတ်မိသွားတာ။

သူတို့အဖွဲ့လေးဟာ နာမည်တော့ သိပ်မကြီးပါဘူး။ ဒါပေမဲ့ တိရစ္ဆာန်တွေရော၊ လူအင်အားပါပေါင်းရင် ကားနှစ်စီးတိုက်လောက်ရှိတယ်။ မြင်းလိမ္မာ၊ မျောက်လိမ္မာ၊ ခွေးလိမ္မာနဲ့ ကြက်တူရွေးလိမ္မာတွေပါတော့ ကလေးတွေ အကြိုက်ဖြစ်မှာ ကျွန်တော်က သိလိုက်ပြီ။ ဒါကြောင့် ဈေးညှိပြီး စရန်ပါရိုက်လိုက်တယ်။

ကျွန်တော် တွက်ဆတဲ့အတိုင်းပါပဲ။ ဘုရားပွဲညအစမှာ ကျွန်တော့်ဆပ်ကပ်ရုံ ရုံပြည့်တယ်။ အထူးသဖြင့် ကလေးပရိသတ်အားလုံး ပွဲမထွက်မီကတည်းက ရုံထဲလာ၊ တိရစ္ဆာန်လေးတွေကို ကြည့်၊ မိဘကို ပူဆာတော့ မပြည့်ခံနိုင်ပါ့မလား။ ဒီကြားထဲ ကြိုးတန်းပေါ် လမ်းလျှောက်မှာတို့၊ ကမ္ဘာလုံးကြီးထဲ ဆိုင်ကယ်စီးမှာတို့၊ လူသားအမြောက်ဆန်ပြကွက်တို့ကို ကြိုတင်ကြေညာထားတဲ့ ဓာတ်ပုံတွေလည်း တွေ့ရောမိဘတွေပါ သားသမီးနဲ့ သဘောထပ်တူဖြစ်ကုန်တာ။ နောက်တော့ ဆပ်ကပ်ကို သေချာချာ မကြည့်ဖူးတဲ့ ကျွန်တော်လည်း ပွဲခင်းထဲမှာ ဝဲလည်လည် ဖြစ်နေတော့တာပေါ့။

ဆပ်ကပ်ဟာ စ,ထွက်ကတည်းက မျက်တောင်မခတ်ချင်အောင် ကြည့်ဖြစ်တဲ့ပွဲပါ။ အဖွဲ့သားတွေက ရှေ့ကျွမ်းနောက်ကျွမ်းထိုး။ တိရစ္ဆာန်လေးတွေက လှည့်ပတ်ပြေး။ လူတစ်ယောက်ချင်းစီ၊ တိရစ္ဆာန်တစ်ကောင်ချင်းစီက ပရိသတ်ကို ဂါရဝပြု။ ထူးကဲတဲ့ အရည်အသွေးတွေပြတော့ ပရိသတ်ဆိုတာ ဝေါခနဲ လက်ခုပ်လက်ဝါးတီးနေကြတယ်။ ခဏကြာ ဓားပေါက်ခန်းလည်းရောက်ရော စောစောက ဆူညံခဲ့သမျှ ငြိမ်သွားတာ အသက်ရှူသံတောင် ကြားရတယ်။ ကျွန်တော်ကတော့ အဲဒီမှာ အေးမြမြမိုးကို စတင်သတိထားမိလိုက်တာ။

အေးမြမြမိုးကို သစ်သားပျဉ်ချပ်မှာကပ်ပြီး ရပ်ခိုင်း။ ဓားဆရာက ချွန်မြတဲ့ ဓားတွေနဲ့ တစ်လက်ပြီးတစ်လက် ပစ်ပေါက်။ ဓားချက်က အေးမြမြမိုးရဲ့ ခန္ဓာကိုယ်ကောက်ကြောင်းတစ်လျှောက် ပွတ်ကာသီကာ ဒေါက်ခနဲ စိုက်ဝင်။ ပစ်ချက်တစ်ချက်ပြီးတိုင်း ပရိသတ်က ဟာခနဲ။ ဒါကို အေးမြမြမိုးက အပြုံးမပျက်တော့ ကျွန်တော့်ရင်ထဲမှာ လှုပ်ခနဲ လှုပ်ခနဲပဲ။ အေးမြမြမိုးဟာ အသားဝင်းဝင်းလေးပေါ်အောင် အနက်ရောင်အသားကပ်အင်္ကျီလေးကို ဝတ်ထားပါတယ်။ ဒီတော့ အားကစားလိုက်စားသော သူ့ကိုယ်ဟန်ဟာ အရိုက်အဖိုမှန်သမျှ ပေါ်လွင်နေတာပေါ့။ ပြောရရင် ဇာတ်တွေ၊ အငြိမ့်တွေ၊ စတိတ်ရှိုးပွဲတွေကို ကန့်ထရိုက်ဆွဲရင်း အဆိုတော်မိန်းကလေးတွေ၊ ဇာတ်သမတွေ၊ အငြိမ့်မင်းသမီးတွေကို ကျွန်တော် ကြည့်ဖူးတယ်။ အားလုံးလိုလို သူ့အချိုးအစားနဲ့သူ လှကြပါတယ်။ ဒါပေမဲ့ အေးမြမြမိုးလို ရင်ထဲစွဲထင်အောင် လှတာမျိုးကိုတော့ ကျွန်တော် မတွေ့ဖူးသေးပါဘူး။

အေးမြမြမိုးဟာ ဓားပေါက်ချက်တွေကို အပြုံးမပျက် ရင်ဆိုင်ရဲသလို လှေကားတစ်စင်းရဲ့ထိပ်ကို အထောက်အကူမပါဘဲ တက်သွားနိုင်တယ်။ လှေကား ထီးထီးကြီးမတ်နေအောင် ဟန်ချက်ထိန်းရင်း လှေကားပေါ်မှာ ကင်းမြီးကောက်ထောင်ပြတဲ့ ပြကွက်ဟာ ပရိသတ်ကို မျက်တောင်ခတ်ဖို့ မေ့သွားစေခဲ့ပါတယ်။ ပြီးတော့ လူသားအမြောက်ဆန်ဆိုတဲ့ ပြကွက်မှာ အမြောက်ထဲကိုထည့်။ မောင်းတံကန်အားကိုသုံးပြီး လေထဲကို ပစ်မြှောက်လိုက်ပါလျှက် လေထဲမှာ တွဲလောင်းကျနေတဲ့ ဘားတန်းကို အမိအရ ကိုင်နိုင်ပုံတွေဟာ ကျွန်တော့်အတွက်တော့ မကြည့်ရက်စရာတွေပါ။ သူဟာ သံကမ္ဘာလုံးကြီးထဲမှာ ဝေါခနဲ ဝေါခနဲ ဆိုင်ကယ်စီးနေတော့လည်း အပြုံးမပျက်ပြန်ဘူး။ ကျွန်တော့်မှာ သူ့အစား ပင့်သက်တွေချရင်း အဲဒီညတစ်ညလုံး ရေသောက်မဝအောင် ရင်ဖိုခဲ့ရပါတယ်။ သူ့ရဲ့အလှနဲ့ သရုပ်ဆောင်ပညာကိုတော့ အဲဒီညရဲ့ ဒုတိယပိုင်းအစီအစဉ်မှာ စတင်ပြီး အပြည့်အစုံ ခံစားခဲ့ရတာပါ။

ဆပ်ကပ်အဖွဲ့တွေရဲ့ ထုံးစံဟာ ညဦးပိုင်းအစီအစဉ်မှာ အဖွဲ့ရဲ့ စွမ်းရည်တွေကို ပြသလေ့ရှိပါတယ်။ ခေတ္တ အားလပ်ချိန်ပေးပြီး ညဉ့်နက်ပိုင်းအစီအစဉ် ပြန်စ,တဲ့အခါ တေးသံသာဖျော်ဖြေမှုနဲ့ နောက်ခံစကားပြော ပြဇာတ်တွေကို မိုးအလင်းတင်ဆက်တာပါ။ ဒါကြောင့် ညဦးပိုင်းမှာ ဓားပေါက်ခံ၊ ကျွမ်းထိုး၊ လေထဲခုန်၊ ဆိုင်ကယ်ကို ကြမ်းကြမ်းတမ်းတမ်း စီးနင်းခဲ့တဲ့ အေးမြမြမိုး။ အနုအရွတွေနဲ့ ဧည့်လည်းဧည့်ခံရော သူမှုပုတ်ရဲ့လားတောင် ကျွန်တော် ထင်သွားတာ။ *မြတ်ပန်းခွေ* တေးသီချင်းကို နွဲ့နွဲ့လေး သီဆိုတဲ့သူဟာ ချိတ်ထဘီလေးနဲ့ဆိုတော့ နုလိုက်ယဉ်လိုက်ပုံများ နှိုင်းတုစရာကို မရှိပါဘူး။ ပြဇာတ်မှာလည်း တက္ကသိုလ်ကျောင်းသူလေးဟန်နဲ့ ကန့်ကလျ သရုပ်ဆောင်ပြန်တော့ တကယ့်အကယ်ဒမီရှော့ခ်တွေပါပဲ။ နောက်ခံစကားပြောပေးတဲ့ အတိုင်း ခွင်ကျကွက်တိ လှုပ်ရှားသရုပ်ဆောင်ရင်း ပရိသတ်ရဲ့ မနောပီတိကို အိခနဲ စိမ့်ဝင်အောင် သူလုပ်ပြသွားတာတွေဟာ ထောင့်စေ့လွန်းတော့ မိုးလင်းလို့ ပြဇာတ်သာသိမ်းတယ် ကျွန်တော့်မျက်လုံးတွေက ဇာတ်စင်ပေါ်မှာ။



www.burmeseclassic.com

www.burmeseclassic.com

တကယ်တော့ ကျွန်တော့်အသက်ဟာ သုံးဆယ်ကျော်ပါပြီ။ လေးဆယ်နားနီးတာပါ။ ကျွန်တော်ဝါသနာပါရာ လုပ်ငန်းကို လုပ်ကိုင်ရင်း ရင်ခုန်ဖို့ ကျွန်တော်မေ့နေတာကြာပါပြီ။ ငယ်ငယ်ကတော့ လှလှပပလေးတွေမြင်ရင်၊ အသံချိုအီအီလေးတွေကို ကြားရင် ဖျတ်ခနဲတော့ ကျွန်တော် ရင်ခုန်တာပေါ့။ အမေမရှိတော့တဲ့နောက်ပိုင်း အငြိမ်းစား အဖေ့ကို ပြုစုစောင့်ရှောက်ရင်း ရင်ခုန်ခြင်းဆိုတဲ့အရာကို ကျွန်တော် ထိပ်တိုက်ကို မတိုးတော့တာပါ။ ပြီးတော့ အသားမာတက်နေတဲ့ ကျွန်တော့်နှလုံးသားဟာ တန်ရုံအလှကိုတော့ ဆင့်ပွားပြီး ခံစားလို့ မရပါဘူး။ နောက် ကျွန်တော်နဲ့နီးစပ်တာကလည်း မီးရောင်အောက်က အလှတွေချည်းလိုလို ဖြစ်နေတာကိုး။

မီးရောင်အောက်က အလှတွေဟာ ထုံးစံအတိုင်း မိတ်ကပ်ရောင်စုံတွေနဲ့ အတိပြီးနေတာပါ။ တိုက်ထားတဲ့ ဇာတ်ရုပ်အတိုင်း သံပတ်ပေးထားသလို သရုပ်ဆောင်ရင်း မိတ်ကပ်ပြယ်ချိန်မှာ ပင်ကိုရုပ်က ထင်းခနဲဆိုတော့ ညက ရင်ခုန်မိရင်တောင် မနက်ကျတော့ ရင်ခုန်သံ ပျက်ပြယ်သွားခဲ့ဖူးပါတယ်။ ခုက အေးမြမြမိုးဟာ မနက်ရောက်တဲ့အထိ ကျွန်တော့်ရင်ကို တဆတ်ဆတ်ခုန်စေခဲ့တာပါ။

အဲဒီနေ့က မနက်လင်းတော့ ဇာတ်သူဇာတ်သား ထုံးစံအတိုင်း မိတ်ကပ်ဖျက်သူဖျက်၊ မျက်နှာသစ်ပြီး အဆာခံစားသူစား။ ပြီးရင်

bmrd/fuyfS
r&EbJ
yuwd/Sewlh
tv&,f
tydk&;ysuf
wpfhvkd/nf
yifyefaeygvsuf
acRoW&JJ
usat mif
av/busjhJ
av/busifewm
&, fpvmawGukd
ai;Nlunfherd/m
aygh
oluawmh
uleafwmh
tjzpfukd
roSbJ
jrif/uav;ukdyJ
yGwfoyfaew,f

တစ်ရေးတစ်မောအိပ်ပြီး နောက်နေ့ ပွဲစဉ်အတွက် အားမွေးကြဖို့ ဆပ်ကပ်အဖွဲ့သားတွေ ပြင်ဆင်နေတာ ကျွန်တော် တွေ့ရပါတယ်။ အရင်ပွဲခွင်တွေတုန်းကဆိုရင် ဖျာဖိုး၊ ရုံဝင်ခ စ,တာတွေကို စာရင်းပြုစုပြီး ကျွန်တော်လည်း အိပ်တတ်သူပါ။ ဖြစ်ချင်တော့ နောက်နေ့ည တိုးချဲ့မယ့်အစီအစဉ်တွေကို အဖွဲ့ခေါင်းဆောင်က လာပြောတော့ ကွင်းအနှံ့သိရအောင် လော်နဲ့ ကြော်ငြာရေး ကျွန်တော် ပြင်ဆင်ပေးမိတယ်။ တွက်ကြည့်ရင် ညကဝင်ငွေဟာ မြိုးမြိုးမြက်မြက်ကို ကျွန်တော်ရလိုက်တာပါ။ ဒါကြောင့် ညဥ့်နက်ပိုင်းရောက်တော့ ကျွန်တော် ရုံဖွင့်ပေးလိုက်ပါသေးတယ်။ ကျွန်တော့်စေတနာဟာ ကြော်ငြာသလိုဖြစ်ခဲ့မှန်း မိုးလင်းလို့ ရုံဖြုတ်ကတည်းက သိလိုက်ပါပြီ။ ဒါကို ဆပ်ကပ်အဖွဲ့က အစီအစဉ်သစ်တွေ ထပ်တိုးဦးမယ်ဆိုတော့ ကျွန်တော် ပျော်တာပေါ့။ နောက်တော့ ကြော်ငြာဖို့အရေး ဆွေးနွေးကြရင်း ဇာတ်ခုံနောက်ကျောဘက် ကျွန်တော် လိုက်သွားမိတယ်။ အဲဒီမှာပဲ သဘာဝအလှစစ်စစ်ကို ကျွန်တော် ခံစားရတာပါ။

အေးမြမြမိုးဟာ ဇာတ်ခုံနောက်ဘက်မှာ ရှိနေဆဲပါ။ သူဟာ အများသူငါလို နံနက်စာစားဖို့၊ အိပ်ဖို့ မပြင်ဆင်သေးဘဲ မြင်းလေးတစ်ကောင်ကို လေ့ကျင့်နေပါတယ်။ အစာကျွေးလိုက်၊ ကြိမ်လုံးလေးကို ဝှေ့ယမ်းလိုက်လုပ်ရင်း နှုတ်က တဖွဖွရွတ်တော့ မြင်းငယ်လေးက ခုန်ပေါက်နေပါတယ်။ မြင်းငယ်လေးဟာ နောက်ခြေနှစ်ချောင်းကို အားပြုရပ်ရင်း သူနဲ့အတူ လမ်းလျှောက်တော့ အေးမြမြမိုးရဲ့ ရယ်သံစူးစူးလေးဟာ ဇာတ်ခုံနောက်မှာ ညံနေတာပေါ့။ ကျွန်တော်ဟာ ဘာမိတ်ကပ်မှ မရှိဘဲ ပကတိ လှနေတဲ့ အလှရယ်၊ အိပ်ရေးပျက်၊ တစ်ညလုံးလည်း ပင်ပန်းနေပါလျက် ချွေးသံတရွှဲရွှဲကျအောင် လေ့ကျင့်မြဲ လေ့ကျင့်နေတာရယ် စတာတွေကို ငေးကြည့်နေမိတာပေါ့။ သူကတော့ ကျွန်တော့်အဖြစ်ကို မသိရှာဘဲ မြင်းကလေးကိုပဲ ပွတ်သပ်နေတယ်။ ခဏကြာမှ ဂျိုကာဝတ်စုံဝတ်ထားသူကို ရယ်မော စ,နောက်ပြီး မျက်နှာသစ်ဖို့ ပြင်တယ်။

"ကျွန်တော်တို့အဖွဲ့ရဲ့ ကျွမ်းဘားမယ်ပေါ့၊ အေးမြမြမိုးတဲ့"

ကျွန်တော့်အကြည့်တွေကို သတိထားမိတဲ့ အဖွဲ့ခေါင်းဆောင်က ခဏကြာတော့ မိတ်ဆက်ပေးပါတယ်။ ရယ်ရယ်ပြုံးပြုံး နှုတ်ဆက်ရင်း စကားပြောရတဲ့အခါ ပိုပြီး နှစ်လိုဖွယ်ရှိကြောင်း ကျွန်တော် သတိပြုမိလိုက်တယ်။

"ဂျိုကာကြီးက သူ့အဖေပေါ့။ အရမ်းအားကိုးရတဲ့ သားအဖတွေလေ"

ကျွန်တော် နားလည်ထားတာက ဆပ်ကပ်အဖွဲ့တစ်ခုမှာ ဂျိုကာလုပ်သူဟာ သေတ္တာမှောက်ပါပဲ။ တစ်ဖွဲ့လုံးရဲ့အထာကိုသိပြီး အစုံနှံ့စပ်တဲ့ ဂျိုကာဟာ မရှိမဖြစ်ပါ။ ညက ကြည့်ရှုရတဲ့ အခြေအနေအရဆိုရင် အေးမြမြမိုးတို့ သားအဖဟာ ဒီဆပ်ကပ်အဖွဲ့ရဲ့ ဦးစီးခေါင်းဆောင်တွေဆိုရင် မမှားပါဘူး။

"လေးစားတယ်ဗျာ"

"ဘာကိုလဲရှင်"

သူဟာ ကျွန်တော့်စကားကို နားလည်ပုံမရပါဘူး။ ဒါကြောင့် သူ့ဘယ်ဘက်ပါးပြင်ပေါ်က စံပယ်တင်မှဲ့ကလေး လှုပ်ခတ်သွား



www.burmeseclassic.com

www.burmeseclassic.com

သည်အထိ ပြုံးလိုက်ရင်း ပြန်မေးပါတယ်။

'တော်လို့ပေါ့ဟယ်'

'ဘာတွေ တော်ပါလိမ့်'

'တို့က ဒီတစ်ခါပဲ ဆပ်ကပ်ကြည့်ဖူးတာ။ ဒါပေမဲ့ အစအဆုံး မျက်တောင်မခတ်ဘဲ မိုးအလင်းကြည့်ဖူးတာ ဒါ ပထမဆုံး'

'ဪ...'

အဲဒီတော့မှ ကျွန်တော့်ဆိုလိုရင်းကို သူသိသွားပုံပါပဲ။ နောက်တော့ အဖွဲ့ပိုင်ရှင်နဲ့အတူ ကြော်ငြာဖို့ အစီအစဉ်တွေ ကျွန်တော် ဆွဲခိုက်မှာ သူလည်း အနားယူဖို့ ထွက်ခွာသွားပါတယ်။ အဲဒီနေ့မှာပဲ ဆပ်ကပ်ပိုင်ရှင်ထံကတစ်ဆင့် သူ့အကြောင်းတွေ ကျွန်တော် သိခဲ့ရတယ်။ သူ ဆယ့်လေးနှစ်သမီးမှာ မိခင်ဆုံးတော့ ဖခင်ရှိရာ ဆပ်ကပ်အဖွဲ့ထဲ ရောက်လာတာတွေ၊ ဆပ်ကပ် ပညာကို စိတ်ဝင်စားပြီး လေ့လာလိုက်စားရာက နေရာ ရလာတာတွေ။ အသက်နှစ်ဆယ်ကျော်လာသည့်တိုင် အိမ်ထောင်ရေး မစဉ်းစားဘဲ ဖခင် အိုမင်းလာရင် သားအဖနှစ်ယောက် အနားယူပြီး ပြင်ပစီးပွားရေးနဲ့ ရပ်တည်နိုင်ဖို့ ငွေကြေးစုဆောင်းတာတွေ သိလိုက်ရတော့ ကျွန်တော် ကရုဏာသက်မိတာပေါ့။

အမှန်တော့ သူနဲ့ကျွန်တော် ရာပြည့်ဘုရားပွဲ ပွဲခွင်မှာ သံယောဇဉ် တွယ်မိပါတယ်။ ခက်တာက သူက နှစ်ဆယ်ကျော်၊ ကျွန်တော်က လေးဆယ်နီးပါးဆိုတဲ့ အသက်ကွာဟမှုက တံတိုင်းကြီးလို ခြားနေတော့ 'ချစ်တယ်' ဆိုတဲ့စကားကို ကျွန်တော် မပြောရက်ဘူး။ အဲဒီရက်တွေအတွင်းမှာ ပွဲတော်ကျင်းပရာ ဘုရားရင်ပြင်ထက် သူနဲ့ကျွန်တော် အတူတူတက်ဖူးတယ်။ ဘုရားပန်းတွေ ဝေနေအောင် အတူတူကပ်လှူဖူးတယ်။ သူ့ညကြေးလေးရယ်၊ ကျွန်တော့်လုပ်အားခရယ် ပေါင်းပြီးတော့ နှစ်ဦးနာမည်နဲ့ ရွှေသင်္ကန်းလှူဖူးတယ်။ ခွဲခွာရမယ့်ရက်ရောက်တော့ ရီဝေဝေမျက်ဝန်းတွေချင်း အကြာကြီး ဆုံခဲ့ဖူးတယ်။ အချစ်ရဲ့ ပြတင်းဟာ မျက်ဝန်းဆိုရင် သူရော ကျွန်တော်ပါ မျက်ဝန်းကိုယ်စီက တစ်ဆင့် ပြတင်းဖွင့်လို့ မျှော်ခဲ့ဖူးတာ အမှန်ပါ။

ဒီအကြောင်းတွေကို အိမ်ရောက်တော့ အဖေ့ကို ပြောမိပါတယ်။ ခင်မင်စရာကောင်းတဲ့ ကောင်မလေးအကြောင်း၊ ပြီးတော့ အမိအဖကို သိပ်ပြီးအလေးထားတဲ့ အကြောင်း၊ သူ့အလုပ်ကို သူ အာရုံစိုက်တဲ့အကြောင်း စီကာပတ်ကုံးပြောတော့ ကျွန်တော့်ကိုကြည့်ပြီး အဖေက ရယ်နေတယ်။

နောက်ပိုင်းမှာတော့ သူနဲ့ကျွန်တော် အဆက်အသွယ်ပြတ်ခဲ့ပါတယ်။ ကျွန်တော်ကလည်း ပွဲကန်ထရိုက်လုပ်ငန်းနဲ့ နယ်တွေဆင်း။ သူကလည်း သူ့ပွဲခွင်နဲ့သူ အဝေးကိုနှင်နေတော့ အဆက်အသွယ်မရှိဘူးပေါ့။ သို့သော်လည်း သူ့ရဲ့ အောင်မြင်ကျော်ကြားမှုသတင်းတွေကို ဂျာနယ်၊ မဂ္ဂဇင်းတွေကတစ်ဆင့် ကျွန်တော် မြင်တွေ့နေရတယ်။ စံပယ်တင်မှဲ့ကလေးနဲ့ ပုံကအမြဲ အထင်းသား ပါနေတတ်တော့ အဲဒီဂျာနယ်၊ မဂ္ဂဇင်းတွေတွေ့ရင် ကျွန်တော် ဝယ်သိမ်းဖြစ်တယ်။

တစ်ရက်မှာ နယ်ကနေ ကျွန်တော်ပြန်တော့ အဖေက ပြောတယ်။ 'မင်းကောင်မလေး အိမ်လည်လာသကွ' တဲ့။ အဖေဟာ ကျန်းမာရေးကြောင့် အိမ်ပြင်ထွက်လေ့မရှိပါဘူး။ ကျွန်တော် စီစဉ်ပေးတဲ့ ချိုင့်ဆွဲထမင်းကို အားကိုးပြီးနေသူပါ။ ကျွန်တော် ခရီးသွားရင် လေးငါးရက်ကြာတတ်တော့ ဆိုင်ထမင်းနဲ့ ကျေနပ်နေရသူပါ။ ဒီတော့ ဧည့်သည်လာရင် ဧည့်ဝတ်မကျေတဲ့အဖြစ်ကို အမြဲ စိတ်ကသိကအောက်ဖြစ်နေတတ်ပါတယ်။ ခုတော့ 'မင်းကောင်မလေး' လို့ ပြောရင်း မျက်နှာက ပြုံးနေလို့ စိတ်ကျေနပ်မှုတစ်ခုခု ရသလားလို့ ကျွန်တော် တွေးလိုက်မိတယ်။

'ဘယ်က ကောင်မလေးလဲ အဖေရ'

'အမယ်... မင်းမှာ သူ့အပြင် ဘယ်သူရှိလို့လဲ'

ကျွန်တော် မူလိုက်ပေမဲ့ ငယ်ငယ်ကတည်းက အမေလိုတစ်မျိုး၊ အဖေလိုတစ်ဖုံ စောင့်ရှောက်လာတဲ့ အဖေ့ကို ကျွန်တော် ညာလို့ မရပါဘူး။

'သူ ပွဲနားရက် လာလည်တာတဲ့။ လိပ်စာက မင်းပေးထားတာဆို'

'ဟုတ်'

'အဖေ့ကို ထမင်းဟင်းလည်း ချက်ကျွေးသွားတယ်။ ဒီ သိုးမွေးဆွယ်တာလေးက သူကိုယ်တိုင် ထိုးတာတဲ့'

အဖေဟာ အဲဒီလိုပြောရင်း ကျွန်တော့်ကို စူးစူးစိုက်စိုက်ကြည့်တော့ ကျွန်တော် မနေတတ်တော့ဘူး။

'ဘုရားပန်းလည်းလဲ၊ အိမ်သန့်ရှင်းရေးလည်းလုပ်ရင်း မိုးရာသီရောက်လို့ ပွဲနားရင် တစ်ပတ်တစ်ခါ သူလာခဲ့မယ်တဲ့။ အဖေက မျှော်နေမယ် သမီးရေလို့ ပြောလိုက်တယ်။ စံပယ်တင်မှဲ့လေးနဲ့ အချောလေးကွနော့...'

အဖေပြောသမျှသာ နားစွင့်နေတာပါ။ ကျွန်တော် ခေါင်းမဖော်ရဲဘူး။ စိတ်ထဲမှာ ရှက်သလိုလိုပဲ။ ပြီးတော့ ရင်ကလည်း ခုန်လိုက်တာ တဆတ်ဆတ်ပဲ။

'မင်းတို့နှစ်ယောက် ညားမှာပါကွာ။ အဖေကတော့ သဘောတူသဟေ့'

အားရပါးရပြောရင်း အဖေ အိပ်ခန်းထဲဝင်တော့ အေးမြမြမိုး သန့်ရှင်းရေးလုပ်ပေးခဲ့တဲ့ တိုက်ခန်းလေးကို ကျွန်တော် ဝေ့ဝဲကြည့်မိတယ်။ သန့်ရှင်းတောက်ပြောင်နေတာများ ကြမ်းတွေဆို မနင်းရက်စရာ။

❑

ကျွန်တော့် အဖေက ကျားပွဲကြည့်တာ ဝါသနာ။ ပြီးရင် ဘယ်သူနိုင်မယ် ဟောတာများ အတိအကျ။ မလွဲစေရဘူး။ ဘာကြောင့်လဲ မေးကြည့်၊ အဖေပြောလိမ့်မယ်။ 'နှစ်ဖက်စလုံး ကြည့်လို့ပေါ့' လို့။ ■

**မောင်အင်း၊ဉက္ကံ၊**



www.burmeseclassic.com

www.burmeseclassic.com

# မမခင်

## (စာရေးဆရာမကြီး ဒေါ်ပတ္တမြားခင်)

## အမှတ်တရ

မောင်သန်းဆွေ(ထားဝယ်)

အမှတ် ၃၅၃ ဧပြီ ၂၀၁၃

အမှတ်တရစာစု



www.burmeseclassic.com

www.burmeseclassic.com







မနေ့က
စာရေးသူအိမ်သို့
မန္တလေးမှ
အသိလင်မယား
နှစ်ယောက်
လာကြပါသည်။
စကားပြောကြရင်း
ဇနီးဖြစ်သူက-
'ရှင်...
မမခင်ဆုံးတာ
သိပြီး ပြီလား'
'သိပြီးပြီ၊ အင်္ဂါနေ့ည
မြန်မာ့အသံ သတင်းမှာ
ပါတယ်။ ဗုဒ္ဓဟူးနေ့
ကြေးမုံသတင်းစာမှာလည်း
မန္တလေးအသင်း (ရန်ကုန်)က
ဝမ်းနည်းကြောင်း ထည့်ထားတယ်။
အသက် ၉၅ နှစ်တောင် ရှိသွားပြီပဲ။
အမေရိကန်၊ ဖလော်ရီဒါပြည်နယ်
ဖို့တ်လော်ဒါဒေးလ်မြို့မှာ
ဆုံးတာတဲ့'
'ဒီမှာဆိုရင်
ရန်ကုန်မှာပဲ သေသေ၊
မန္တလေးမှာပဲသေသေ
သိပ်စည်မှာပဲနော်'
'ဒါပေါ့၊ အသက် ၉၅ နှစ်ဆိုတော့
မီးစာကုန်၊ ဆီခန်းပါပဲ။
ဒါနဲ့ ခင်ဗျားတို့ကို
ပြောရဦးမယ်။
မမခင် ရန်ကုန်က
နောက်ဆုံးမသွားခင်
သုံးလေးရက်အလိုမှာ
သူ့ကို ကျွန်တော်
သွားနှုတ်ဆက်တယ်။
အဲဒီတုန်းက သူလမ်းထွက်ဖို့
လုပ်နေတယ်။ ဒါနဲ့ ကျွန်တော်က
အစ်မခင် ဘယ်သွားမှာလဲ၊
ကျွန်တော့်ကားနဲ့ လိုက်ပို့ပေးမယ်လေ
ပြောလို့ သူသွားချင်တဲ့
သူ့မိတ်ဆွေ သီလရှင်ဆီကို
လိုက်ပို့ရတယ်။ သူက
သွားနှုတ်ဆက်ရင်း
ပိုက်ဆံသွားလှူတာ။ အဲဒါ
ဟိုရောက်တော့ သူ့မိတ်ဆွေ
သီလရှင်က ဘယ်သူဖြစ်နေလဲ
သိလား။ ကျွန်တော်တို့



www.burmeseclassic.com

www.burmeseclassic.com

သမိုင်းဆရာမ ဒေါ်ခင်ခင်လင်း ဖြစ်နေတယ်။ ကျွန်တော်လည်း အံ့ဩလို့မဆုံးဘူး။ ဒေါ်ခင်ခင်လင်း သီလရှင်ဝတ်တာကို ကျွန်တော် မသိဘူး။ ဒါနဲ့… ကျွန်တော်လည်း အိတ်ထဲပါသမျှပိုက်ဆံကို စမ်းကြည့်တော့ လေးငါးခြောက်ထောင်ပဲပါတယ်။ ပါသမျှပဲ ချလှူပြီး ကန်တော့ခဲ့ရတယ်'

'ပါလီစံလင်းလို ခေတ်ဆန်တဲ့သူ သီလရှင်ဝတ်သွားတာ အံ့ဩစရာပဲနော်' ဟု ပြန်ပြောပါသည်။ ခင်ပွန်းဖြစ်သူက–

'နေဦး… ခင်ဗျားကိုမေးရဦးမယ်။ တစ်နေ့က မမခင်ဆုံးတဲ့သတင်း ပြောကြရင်း စာရေးဆရာတစ်ယောက်က မမခင်ဟာ မင်းဆွေမင်းမျိုးဖြစ်တယ်လို့ ခင်ဗျားစာအုပ်တစ်အုပ်မှာ ရေးထားတာကို ဖတ်ရတယ်တဲ့။ ခင်ဗျားကလည်း လူတကာကို မင်းဆွေမင်းမျိုးလုပ်နေတော့တာပဲလို့ ပြောတယ်။ ကျွန်တော်က မခံချင်လို့ စာအုပ်ထဲမှာတောင် ရေးထားတာ၊ မဟုတ်ဘဲနဲ့ ရေးပါ့မလားလို့ ပြန်ပြောလိုက်ရတယ်။ ဘယ်စာအုပ်ထဲမှာလဲ၊ ကျွန်တော်တို့လည်း မဖတ်ဖူးဘူး'

'ဩော်… **အိမ်ရှေ့စံ လှိုင်မင်းမှသည် ဂျွန်ဝီလီယန်မောင်လတ်သို့** ဆိုတဲ့ စာအုပ်ထဲမှာပါ။ ကြာလှပြီ ၂၀၀၄ ခုနှစ်လောက်က စာအုပ်ပါ။ ကျွန်တော့်မှာတောင် မရှိတော့ဘူး။ ရှိရင် ခင်ဗျားတို့ကို ပေးလိုက်ပါတယ်။ ကျွန်တော်က မမခင်ကို မင်းဆွေမင်းမျိုးလို့ ရေးတာမဟုတ်ပါဘူး။ သာယာဝတီမင်းရဲ့ သားတော် အိမ်ရှေ့စံလှိုင်မင်းနဲ့ မမခင်ရဲ့အဘွား ဒေါ်မမကြီးတို့ဟာ အမေတူဖအေကွဲ မောင်နှမလို့ ရေးပြထားတာပါ။ အများက မမခင်ကို ဗိုလ်ကပြားပဲ ထင်နေကြတယ်လေ'

ဟု ပြောလိုက်ရသည်။ သူတို့လင်မယားလည်း ထိုစာအုပ်ကို စာအုပ်အဟောင်းဆိုင်များမှာ လိုက်ရှာကြည့်ရဦးမည်ဟု ပြော၍ ပြန်သွားကြပါသည်။ သူတို့ပြန်သွားကြမှ စာရေးသူ မမခင်အကြောင်း စဉ်းစားမိသည်။

rrcif m
rifaqGifrSd
jzpfv, f/ bd
ciAsm;
pmt kyfvpf t kyfb
a&;xm;wmu kd
zwf&w, fvbh
ciAsm;uvnf
vlwumuk d
rifaqGifrSd
v kyfeawmhbvmyS/ bd
ajymw, f
uReKfawmfu
rcHcsif/ bd
pmt kyfxJrSmawmif
a&;xm;wm
r[ kwfbJeY
a&;yghrvm;v bd
jyefajymvdkuf&w, f

စာရေးသူ၏ဖခင် ကျောက်ဆည်တွင် ၁၉၅၄ ခုနှစ်လောက်က ခရိုင်ရဲဝန်အဖြစ် အမှုထမ်းပါသည်။ ထိုစဉ်က မန္တလေးသို့ မကြာခဏ ရောက်ရာ မိဘများနှင့်ပတ်သက်ပြီး မမခင်ကို စတင်မြင်ဖူးခြင်း၊ သိခြင်း ဖြစ်သည်။ စာရေးသူ ထိုစဉ်က အသက် ၁၂ နှစ်ခန့်သာ ရှိသေးသည်။

ကုန်းဘောင်သမိုင်းမှ အိမ်ရှေ့စံလှိုင်မင်းဆိုသည်ကို သိပ်မသိကြပါ။ မြန်မာသက္ကရာဇ် ၁၁၂၈ ခု(1767) တွင် ဆင်ဖြူရှင်မင်းသည် အယုဒယ မြို့တော်ကြီးနှင့်တကွ နိုင်ငံအဝန်းကို အောင်မြင်ပြီးနောက် မင်းမိဖုရား၊ မင်းညီမင်းသား၊ မှူးတော်မတ်တော်၊ အိမ်ထောင်စုံ စုစုပေါင်း ၁၀၆၁၀၀ ကို မြန်မာနိုင်ငံ အင်းဝနေပြည်တော်သို့ ခေါ်ဆောင်ခဲ့သည်။ အင်းဝနေပြည်တော်၌ ၄င်းတို့ကို မျိုးရိုးအဆင့်အတန်းအလိုက် ခွဲခြားပြီး နန်းတွင်း၊ နန်းပြင် အကွက်အစုများ၌ စီရင်ချထားလျက် ပေးကမ်းစောင့်ရှောက်ထားခဲ့သည်။

မင်းတရားကြီးသည် ယိုးဒယား သုံ့ပန်းများကို အဆင့်အတန်းမခွဲခြားခဲ့ပေ။ ယိုးဒယားဘုရင့် သမီးတော် ကျောက်ဘွားစောဘွဲ့ခံ ဥပစောပတိ (သခင်ဥ)ကို ကိုယ်လုပ်တော်အဖြစ် ကောက်ယူတော်မူခဲ့သည်။ ပဒုံမင်းတရားကြီး(ဘိုးတော်ဘုရား)သည်လည်း ယိုးဒယားဘုရင်၏ သမီးတော် ရှင်မင်းပုကို ကောက်ယူတော်မူ၍ ကိုယ်လုပ်တော် သီရိသုမင်္ဂလာဟု တွင်သည်။ တစ်ဖန် ယိုးဒယားမင်းသား၏ သမီးတော်ကို ကောက်ယူတော်မူပြန်ရာ ကိုယ်လုပ်တော် သီရိမိတ္တာဟု တွင်သည်။ ပဒုံမင်း၏ မြေးတော် သာယာဝတီမင်းသားကြီးသည် မင်းသားဘဝကတည်းကပင် ယိုးဒယား နန်းတွင်းသူ၊ နန်းတွင်းသား အဆက်အနွယ် နှမ်းအီပူဟု ခေါ်သော ယိုးဒယား အမျိုးသမီးတစ်ဦးကို မြတ်နိုးတော်မူ၍ ကောက်ယူလျက် ကိုယ်လုပ်တော်ကြီး အရာ ထားရှိမြှောက်စားသည်။

သာယာဝတီမင်းသားကြီးနှင့် ကိုယ်လုပ်တော် နှမ်းအီပူတို့က မောင်ထောင်ဟူသော သားတော်တစ်ပါး ထွန်းကားသည်။ ယိုးဒယားဘာသာ 'ထောင်'အနက်အဓိပ္ပာယ်မှာ 'ရွှေ'ဟု ဆိုလိုသည်။ သို့ဖြစ်၍ သားတော်ကလေး၏အမည်မှာ မောင်ရွှေမင်းသား ဖြစ်လေသည်။ သာယာဝတီမင်းကြီးသည် နှမ်းအီပူကို မညီးမနွမ်းစေရဘဲ ထားတော်မူသော်လည်း နှမ်းအီပူသည် နန်းတွင်း၌ မပျော်မွေ့ပါ။ မင်းသားများတွင် ကိုယ်လုပ်တော်ပေါင်းများစွာရှိရာ နှမ်းအီပူသည် မင်းသားကြီး၏ မေ့လျော့ပစ်ပယ်မှုကို ခံရဟန်တူသည်။ သို့ဖြစ်၍ နှမ်းအီပူ၏ ခွင့်တောင်းမှုကြောင့် လိုက်လျောလျက် မင်္ဂလာအိမ်တော်မှ လွှတ်တော်မူ(ကွာပေး)ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com

လှိုင်မင်းသား၏ မယ်တော် နွမ်အီပူသည် သာယာဝတီမင်းသားထံမှ လွတ်ခွင့်(ကွာရှင်းခွင့်)ရသောအခါ သားတော်လေး လှိုင်မင်းသားကို မင်္ဂလာစံအိမ်တော်တွင် ထားခဲ့ပြီး သူ၏ မိဘများအိမ်သို့ ပြန်လည်နေထိုင်လေသည်။ နွမ်အီပူတွင် ငယ်ချစ် 'နိုင်လုံဟူ' ဟူသော မျိုးတူ ယိုးဒယားသူငယ်လေး ရှိခဲ့၏။ သို့ဖြစ်၍ နွမ်အီပူသည် နိုင်လုံဟူနှင့်ပင် ဒုတိယအိမ်ထောင်ပြုသည်။ ၁၈၅၆ ခုနှစ်တွင် သမီးကလေး 'မမကြီး'ကို ဖွားမြင်သည်။

မောင်ထောင်သည် သာယာဝတီမင်းသားကြီး၏ သားတော်အငယ်ဆုံးဖြစ်သည်။ ခမည်းတော် အထွတ်အထိပ်သို့ ရောက်တော်မူမှ မင်းတပ်မြို့ကို သနားမြတ်ခံရသည်။ သတိုးမင်းရဲကျော်စွာရွှေဘွဲ့ကိုလည်း ခံယူရသည်။ မြန်မာသက္ကရာဇ် ၁၂၀၅ ခုနှစ်ရောက်မှ မင်းတပ်မြို့နှင့်လဲ၍ လှိုင်မြို့ကို သနားတော်မူသောကြောင့် လှိုင်မင်းသားဟု ဖြစ်လာသည်။ နောင်တော် ပုဂံမင်းတရားကြီးလက်ထက်တွင် လှိုင်မြို့စားမင်းသားကို သီရိမဟာ ဓမ္မရာဇာဘွဲ့ ချီးမြှင့်သည်။ ပုဂံမင်း၏ ညီတော် တရုတ်မြော်မြို့စားမင်းသားသည် မသင့်သောအကြံအစည်ကို ကြံစည်၍ အဆုံးစီရင်ခြင်းခံရသည်။ ညီတော်မင်းတုန်းမင်းသားနှင့် ကနောင်မင်းသားတို့သည်လည်း နောင်တော်ပုဂံမင်းတရားကို ပုန်ကန်ရာ ညီတော်လှိုင်မင်းသားကို အိမ်ရှေ့အရာ အဆောတလျှင် နှင်းအပ်ချီးမြှင့်ပြီးလျှင် မင်းတုန်းနှင့် ကနောင်မင်းသားတို့၏ ထီးစစ်ကို ခုခံတော်လှန်စေသည်။ သို့သော် ၁၂၁၄ ခု၊ တပေါင်းလဆန်း ၁၁ ရက်၊ ကြာသပတေးနေ့တွင် လှိုင်မြို့စားမင်းသားသည် အမရပူရမြို့တော်၊ နန္ဒမူတံခါးတိုက်ပွဲတွင် ပြောင်းသေနတ်သင့်၍ နတ်ရွာစံ(ကျဆုံး)တော်မူရလေသည်။

မမကြီး အရွယ်ရောက်သောအခါ ကျီဝန်မင်း၏ စာရေးကြီး ဦးသန့်ဆိုသူနှင့် လက်ဆက်ခဲ့သည်။ (၁) ခင်ခင်၊ (၂) မောင်မောင်မြင့်၊ (၃) တင်တင်၊ (၄) ခင်ခင်ဘီ၊ (၅) ခင်ခင်ကြည် ဟူသော သားတစ်ယောက်၊ သမီးလေးယောက် ထွန်းကားခဲ့သည်။ ဒုတိယသမီး တင်တင်သည် ဗြိတိသျှစစ်ဗိုလ်ကပ္ပတိန်ဂျေအက်ဖ်ဒန်မင်နှင့် အိမ်ထောင်ကျသည်။ တစ်ဦးတည်းသောသမီး ခင်ခင်မေ ခေါ် မေဒန်ကင်ကို ဖွားမြင်ခဲ့သည်။ ခင်ခင်မေ ၁၃ နှစ်အရွယ်တွင် မိဘနှစ်ပါး ရှေ့ဆင့်နောက်ဆင့် ကွယ်လွန်သွားကြ၍ အဘွားဖြစ်သူ ဒေါ်မမကြီးက မြေးမလေးကို မိခင်သဖွယ် ပြုစုထိန်းသိမ်းစောင့်ရှောက်ခဲ့ရလေသည်။

ခင်ခင်မေသည် မန္တလေးမြို့သို့ နယ်ပိုင်ဝန်ထောက်အဖြစ် ပြောင်းရွှေ့တာဝန်ထမ်းဆောင်လာသည့် ဩစတေးလျှန်းလူမျိုး မစ္စတာ ဆန်လီပီနှင့် လက်ဆက်ခဲ့သည်။ ခင်မကြီးဟူသော သမီးကလေးတစ်ဦးတည်းကို ၁၉၂၄၊ မေလ ၁၄ ရက်နေ့တွင် ဖွားမြင်ခဲ့သည်။ ခင်မကြီး ၄ နှစ်သမီးအရွယ်တွင် ဖခင်ကွယ်လွန်အနိစ္စရောက်သည်။ ခင်မကြီးတို့သားအမိကို ဘွားအေ ဒေါ်မမကြီးက မိခင်သဖွယ် ပြန်လည်စောင့်ရှောက်ခဲ့ရ ပြန်သည်။ ခင်မကြီးငယ်စဉ်က မန္တလေးမြို့ စိန့်ဂျိုးဇက်ကွန်ဗင့်တွင် ပညာဆည်းပူးခဲ့ရသည်။ ခင်မကြီး မှတ်မိသည့် အရွယ်မှစ၍ လှိုင်မင်းသား၏ သမီးတော်တစ်ပါးဖြစ်သည့် လှိုင်ထိပ်ခေါင်တင်အိုသည် ဘွားအေ ဒေါ်မမကြီးထံ မကြာခဏ အလည်အပတ်လာရောက်သည်ကို တွေ့ရဖူးသည်။ ဘွားအေ ဒေါ်မမကြီးကလည်း မိမိတို့မျိုးရိုးသည် လှိုင်မင်းသားအဆက်ဟူ၍လည်းကောင်း၊ လှိုင်ထိပ်ခေါင်တင်အိုနှင့် မည်သို့မည်ပုံ ဆွေမျိုးတော်စပ်သည် ဟူ၍လည်းကောင်း မှတ်မှတ်ရရ ပြောပြခဲ့ဖူးသည်။ ဒေါ်မမကြီးသည် လှိုင်မင်းသားနှင့် မအေတူ ဖအေကွဲဖြစ်ပေရာ လှိုင်ထိပ်ခေါင်တင်အို၏ အရီးတော်စပ်လေသည်။

ခင်မကြီးဆိုသူမှာ မမခင်(စာရေးဆရာမကြီး ဒေါ်ပတ္တမြားခင်) ဖြစ်၏။ မမခင် ဆယ်တန်းအရောက်တွင် အဘွားဒေါ်မမကြီးသည် အသက် ၈၆ နှစ်အရွယ်၌ ကွယ်လွန်အနိစ္စရောက်သည်။ မမခင်၌ အင်္ဂလိပ်သွေးငါးမူး၊ ထိုင်းသွေးတစ်မတ်၊ မြန်မာသွေးတစ်မတ် ပါဝင်သည်ဟု ပြောရမည်။ မမခင်သည် စစ်ပြီးခေတ် ၁၉၄၇ ခုနှစ်တွင် မန္တလေးမြို့၌ ခန့်ခန့်ကြီး အမျိုးသမီးဓာတ်ပုံတိုက်ကို ဖွင့်လှစ်ခဲ့သည်။ ခန့်ခန့်ကြီး ကလောင်အမည်ဖြင့် ဒေါ်ဒဂုန်ခင်ခင်လေး၏ ယုဝတီဂျာနယ်တွင် အမျိုးသမီးများအတွက် 'ဓာတ်ပုံပညာ တက်စရာ' ဆောင်းပါးများ အခန်းဆက်ရေးသားခဲ့သည်။ 'ကင်မရာကိုင်ခဲ့သော ကျွန်မဘဝ' ဆောင်းပါးများကို မဟေသီမဂ္ဂဇင်းတွင်လည်းကောင်း၊ ရွှေအမြုတေမဂ္ဂဇင်းတွင် 'အတိတ်လမ်းကို ပြန်လျှောက်ခြင်း' ကိုယ်ရေးရုပ်ပုံလွှာကိုလည်းကောင်း ရေးသားခဲ့သည်။ စန္ဒာမဂ္ဂဇင်းတွင် 'သန္တာစမ်းမှ အလွမ်းစာ' ဆောင်းပါးများကို အမေရိကန်မှ ရေးသားပေးပို့ခဲ့သည်ကို မှတ်မိနေသေးသည်။

စာရေးသူ အိမ်၌ မန္တလေးမှ မိတ်ဆွေအမျိုးသမီး ပြောသကဲ့သို့ မမခင်(ဒေါ်ပတ္တမြားခင်)သာ မြန်မာနိုင်ငံ ရန်ကုန်မြို့၌ဖြစ်စေ၊ မန္တလေးမြို့၌ဖြစ်စေ ကွယ်လွန်ခဲ့လျှင် မမခင်၏ အသုဘသည် အလွန်စည်ကားပေလိမ့်မည်။ မန္တလေးမြို့၌ မမခင်ကို လူချစ်လူခင်ပေါသည်။ ရန်ကုန်မြို့၌လည်း လူချစ်လူခင်ပေါသည်။ အမေရိကန်သို့ ရောက်သွားသော်လည်း မန္တလေးအသင်း ရန်ကုန်မှတစ်ဆင့် စာရေးဆရာများထဲမှ နာမကျန်းဖြစ်နေသူ၊ ဆင်းရဲနွမ်းပါးသူ စာရေးဆရာများကို နှစ်စဉ် ထောက်ပံ့ခဲ့သည်။ ယခုမူ တစ်ပြည်တစ်ရွာ၌ ကွယ်လွန်ရသဖြင့် အသုဘအခမ်းအနားသည် အထိုက်အလျောက်သာ ရှိပေလိမ့်မည်ဟု မှန်းဆရင်း....။

မမခင် ကောင်းရာသုဂတိသို့ လားပါစေ။ ■

**မောင်သန်းဆွေ၊ထားဝယ်၊**



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

၁။

'ကေား(ငါ)တို့လို
လူပဲကွနော်' ဆိုပြီး
အံ့ညြတဲ့ မျက်နှာနဲ့
နိုင်ဝီးက ပြောတော့
သူတို့အားလုံး တဟားဟား
အော်ရယ်ပစ်လိုက်ကြတယ်။
ပြီးတော့ ဂိုဂိုးက ဆရာကြီး
ပုံစံနဲ့ 'လူပါဆိုနေမှ
လူပုံစံပေါ့ဟ' ဆိုပြီး
ပြန်ပြောတယ်။
ဟောက်ပူလေးကတော့
ကြပန်းကွတ်
(ကောက်သစ်စားပွဲ)မှာ
က,နေတဲ့လူတွေကို
ဝိုင်းကြည့်ကြသလိုမျိုး
အကြည့်ခံခဲ့ရတဲ့
တိုးရစ်မကြီးရဲ့
နီစပ်စပ်မျက်နှာကိုပဲ
ပြန်မြင်ယောင်ကြည့်နေမိ
တယ်။

❑

၂။

'လူဖြူမကြီး ရွာထဲမှာ
ရောက်နေတယ်'တဲ့။
ဒီနေ့ တစ်မနက်ခင်းလုံး
မှာ ရွာလုပ်ရွာတစ်ရွာလုံးက
အဲဒီအကြောင်းကိုပဲ ပြောနေ
ကြတယ်။ တချို့ကလည်း
အဲဒီလူဖြူမကြီး



www.burmeseclassic.com

တည်းနေတဲ့ အူလာလယ်တို့ အိမ်ဆီ မယောင်မလည်နဲ့ သွားပြီး စပ်စုကြတယ်။ ဟောက်ပူလေးတို့နှစ်ယောက်သား အူလာလယ်တို့ အိမ်ရောက်တော့ အိမ်ထဲမှာ လူတွေအများကြီး ရောက်နှင့်နေကြပြီ။

ဟောက်ပူလေးရဲ့ လက်ကို အသာကုတ်ရင်း ခိုင်ပီးက "ကေးတို့ နောက်ကျနေပြီထင်တယ်"ဆိုပြီး ခပ်တိုးတိုးပြောတယ်။ "ဘာမှ မဖြစ်ပါဘူးဟ… လာ"၊ ဆိုပြီး ကုပ်ချောင်းချောင်း လုပ်နေတဲ့ ခိုင်ပီးရဲ့လက်ကို အတင်းဆွဲရင်း အိမ်ထဲကို ဝင်လိုက်တယ်။ ဧည့်ခန်းကြမ်းပြင်ပေါ်မှာ သူ့နူနူး(အမေ)နဲ့ အတူထိုင်နေတဲ့ ဂိုဂိုးက သူတို့ကို မြင်တော့ ဟီးခနဲ သွားဖြဲပြတယ်။ ဟောက်ပူလေးရဲ့ စိတ်ထဲမှာတော့ "ဒီကောင် ငါတို့တောင် မစောင့်ဘူး" ဆိုပြီး တွေးမိလိုက်သေးတယ်။

"ဟောက်ပူလေးတို့ပါလား။ လာ… လာ… ထိုင်ကြ။ ငါ့ညီလေးတောင် လူကောင်ထွားပြီး လူပျိုဖြစ်တော့မယ်။ ခဏထိုင်ဦး။ ငါ့ညီဖို့ လက်ဆောင်တွေ သွားယူလိုက်ဦးမယ်"

အူလာလယ်က တကယ်သဘောကောင်းတယ်။ ပြီးတော့ သူ့ကိုလည်း သိပ်ချစ်တယ်ဆိုတာ ဟောက်ပူလေး သိတယ်။ အူလာလယ်က နူနူးရဲ့ မောင်တစ်ဝမ်းကွဲဆိုတော့ ဟောက်ပူလေးရဲ့ ဦးလေးတော်တယ်။ ဒါပေမဲ့ ဟောက်ပူလေးကို "ငါ့ညီ"လို့ပဲ ခေါ်တယ်။ ဟောက်ပူလေးကလည်း အဲဒီလို ခေါ်တာကို ပိုပြီးသဘောကျတယ်။

အိမ်ခန်းထဲက ပြန်ထွက်လာတဲ့ အူလာလယ် လက်ထဲမှာ နက်ပြာရောင် ကျောပိုးအိတ်လှလှလေးတစ်လုံးနဲ့ ဗလာစာအုပ်တွေ ပါလာတယ်။ ဟောက်ပူလေးက လာမယ့်နှစ်ဆိုရင် ခါမ်းပါတ်မှာ ငါးတန်းတက်ရတော့မှာ။ အူလာလယ်က သူ့လက်ထဲ လက်ဆောင်ပစ္စည်းတွေထည့်ပေးပြီး "စာကြိုးစားနော် ငါ့ညီ"လို့ ပြောတော့ ဟောက်ပူလေးလည်း "ဟုတ်"လို့ ပြန်ပြောလိုက်ရတယ်။

ဒီနှစ်မှာတော့ အူလာလယ် ယူလာပေးတဲ့ လက်ဆောင်ပစ္စည်းတွေအပေါ်မှာ သိပ်အာရုံမရှိဘဲ ဖြစ်နေမိတယ်။ လက်ဆောင်တွေရတယ်ဆိုတော့ ပျော်တော့ ပျော်တာပေါ့။ အရင်ကလိုဆိုရင် ပျော်လွန်းလို့ ထ,တောင်ခုန်မိမှာ။ ဒီနှစ်မှာတော့ ဟောက်ပူလေးတို့အားလုံး မီးဖိုဘေးမှာ အငွေ့တထောင်းထောင်းနဲ့ ရေနွေးကြမ်းခွက်ကြီးကို ကိုင်ထားတဲ့ တိုးရစ်မကြီးကိုပဲ ငေးကြည့်နေမိကြတယ်။

အူလာလယ် ပြောပြလို့ အဲဒီတိုးရစ်မကြီးရဲ့ နာမည်က မစ္စစမစ်ဆိုတာ သိရတယ်။ မစ္စစမစ်က နူနူးခန္ဓာကိုယ်ထက် နှစ်ဆလောက်ကြီးမယ်ဆိုပြီး ဟောက်ပူလေး တွေးနေမိတယ်။ အူလာလယ်က မစ္စစမစ်ရဲ့ အသက်အရွယ်ကို ခန့်မှန်းခိုင်းတယ်။ ဟောက်ပူလေးက သုံးဆယ့်ငါးလို့ ဖြေလိုက်တယ်။ အူလာလယ်က ရယ်ပြီး မစ္စစမစ်ရဲ့ အသက်အရွယ်ကို ပြောပြတော့ ဟောက်ပူလေး မျက်လုံးပြူးမိတယ်။ တကယ်ဆို နူနူးနဲ့ အသက်အတူတူပဲ။ နူနူးက ပြီးခဲ့တဲ့ ခရစ္စမတ်တုန်းက လေးဆယ့်ခြောက်နှစ် ပြည့်ခဲ့တယ်။ အခုဆို နူနူးမျက်နှာပေါ်မှာ အရေးအကြောင်းတွေနဲ့ အများကြီးအိုစာနေပြီ။ နိုင်ငံခြားသူဆိုတာ တီဗွီပုံးထဲက ရုပ်ရှင်ဇာတ်ကားတွေထဲမှာပဲ မြင်ဖူးကြသူတွေဆိုတော့ အခုလို အိမ်ထဲမှာ လူအကောင်လိုက် မြင်နေရတာကို အံ့သြပြီး ဝိုင်းကြည့်ကြတယ်။

လူတွေအများကြီးက ဝိုင်းကြည့်နေကြပေမဲ့ မစ္စစမစ်ကတော့ မီးဖိုဘေးမှာ ဘာမှမဖြစ်သလိုပုံစံနဲ့ အေးအေးဆေးဆေး ထိုင်နေတယ်။ ဖြူဖျော့ဖျော့ ပါးပြင်နှစ်ဖက်လုံးမှာ အနီရောင်အစက်အပြောက်သေးသေးလေးတွေ အများကြီးရှိနေတာကို တွေ့ရတယ်။ ကျောလယ်လောက်ရှိတဲ့ ရွှေအိုရောင်ဆံပင်တွေကို ခေါင်းစည်းကြိုးတစ်ချောင်းနဲ့ စုစည်းချည်နှောင်ထားတယ်။ မစ္စစမစ်မှာ ကြင်နာတတ်တဲ့ မျက်လုံးတွေရှိတယ်လို့ ဟောက်ပူလေး ထင်မိတယ်။ ပါးလျတဲ့ နှုတ်ခမ်းတွေက အမြဲ ပြုံးယောင်သန်းနေတတ်တယ်။

လက်ထဲက ရေနွေးကြမ်းခွက်ကို တဖူးဖူးမှုတ်သောက်လိုက်၊ အူလာလယ်နဲ့ စကားတွေပြောရင်း ရယ်လိုက်မောလိုက် လုပ်နေတဲ့ မစ္စစမစ်ကိုကြည့်ရင်း "သဘောတော့ ကောင်းမယ့်ပုံပဲ "လို့ ဟောက်ပူလေး တွေးမိတယ်။ သူတို့နှစ်ယောက်က အင်္ဂလိပ်လိုပြောနေဆိုနေကြတာဆိုတော့ ဝိုင်းကြည့်နေတဲ့သူတွေ အားလုံး ဘယ်သူမှ သေသေချာချာ နားမလည်ကြပါဘူး။

မစ္စစမစ်နဲ့ မျက်လုံးချင်းဆုံမိတဲ့အချိန်မှာ ခိုင်ပီးက ရယ်ကျဲကျဲနဲ့ "ဌတ်မောနင်းအန်တီ"ဆိုပြီး နှုတ်ဆက်လိုက်တယ်။ မစ္စစမစ်က အားရပါးရပြုံးပြပြီး "မင်္ဂလာပါ"လို့ ပြန်ပြောလိုက်တော့ အိမ်ကလေးထဲမှာ ရယ်သံတွေ အများကြီး ထွက်ကုန်ကြတယ်။

❑

၃။

မစ္စစမစ်က ခင်ပွန်းဖြစ်သူ ကွယ်လွန်ခဲ့တာ တစ်နှစ်ကျော်ကျော်ပဲ ရှိသေးတဲ့အကြောင်း၊ ကယ်လီဖိုးနီးယားက တက္ကသိုလ်တစ်ခုမှာ သင်တန်းနည်းပြတစ်ဦးဖြစ်ကြောင်း၊ အမွေဆက်ခံစရာ သားသမီးတစ်ဦးမှ မရှိတဲ့အကြောင်း အူလာလယ်က ပြောပြတယ်။ မြန်မာနိုင်ငံဆီ အလည်အပတ်ခရီးဟာ သူမအတွက် ပထမဆုံးအကြိမ်ဖြစ်တဲ့အကြောင်းကိုလည်း သိရတယ်။ အခုလည်း တောင်ပေါ်ကျေးလက်ရွာတွေ ရောက်ဖူးချင်တယ်ဆိုလို့ တီးတိန်ကနေ အပြန် ရွာမှာ ခရီးတစ်ထောက်ဝင်နားကြတာလို့ အူလာလယ်က ပြောတယ်။

အူလာလယ်က ရန်ကုန်မှာနေပြီး ဧည့်လမ်းညွှန်လုပ်နေတာ ငါးနှစ်လောက်ရှိပြီ။ ခရစ္စမတ်ချိန်ဆိုရင်တော့ ရွာ



www.burmeseclassic.com

www.burmeseclassic.com

ကို မမေ့မလျော့ အရောက် ပြန်လာတတ်တယ်။ အခု တော့ မထင်မှတ်ဘဲ ကျောင်း ပိတ်ချိန် မေလဆန်းမှာ ဒေ့ဒ့်သည် တိုးရစ်မကြီးနဲ့အတူ ရွာကို ပြန်ရောက်လာခဲ့တယ်။ အူလာလယ်ရောက်လာတော့ အမျိုးတွေလည်း ပျော်ကုန် ပြီး အိမ်မှာ လူစည်သွားတော့ တယ်။

တစ်နေရာပြီး တစ် နေရာ လည်ဖို့ပတ်ဖို့ ပိုက်ဆံ တွေ သိန်းဆယ်ချီပြီး သုံးရ တယ်ဆိုတာ သိလိုက်ရတော့ ဟောက်ပူလေးလည်း အံ့သြ သွားမိတယ်။ ဟောက်ပူလေး တို့ အပါး(အဖေ)ဆို လက်ထဲ မှာ ပိုက်ဆံတစ်သိန်းပြည့် အောင် မကိုင်ဖူးဘူး။ ပြီးတော့ ဟောက်ပူလေးကို ကျောင်း ဆက်ထားဖို့ ဒီနှစ် အိမ်မှာ အများကြီး ချွေတာကြရမယ် လို့လည်း အပါးက ပြော တယ်။ ချွေတာကြရမယ်သာ ပြောတယ်။ နေ့တိုင်းစားတဲ့ ထမင်းစားပွဲမှာ ဟင်းက ပိန်းဥပြုတ်နဲ့ ရွှေဖရုံသီးဟင်း ချည်းပဲ။ အသားဟင်းက တော့ ထုံးစံအတိုင်း အပါးတို့ တောကောင်ရတဲ့နေ့မှ စားရ တယ်။ အဲဒါတောင် ခါမ်း ပါတ်ဈေးမှာ သွားရောင်းဖို့ အသားကောင်းတွေ ဖယ် ထားပြီးမှ ကျန်တာကို ချက် စားရတယ်။ ဟောက်ပူလေး တို့အိမ်မှ မဟုတ်ပါဘူး။ ရွာ လုပ်ရွာက အိမ်တိုင်း အဲဒီလို ပဲ နေထိုင်စားသောက်ကြရ တယ်။

'ပိုက်ဆံတွေ အများ ကြီးကုန်တယ်ဆိုတော့ နှမြော စရာကြီးနော်'

ဟောက်ပူလေးက အဲဒီ လို ပြောတော့ အူလာလယ်က ရယ်တယ်။ ပြီးတော့ ဟောက် ပူလေးရဲ့ ဆံပင်ကြမ်းကြမ်း တွေကို သူ့လက်နဲ့ ထိုးဖွလိုက် ရင်း 'စိတ်အပန်းဖြေဖို့ ခရီး ထွက်ရတယ် ငါ့ညီရ' ဆိုပြီး ပြန်ပြောတယ်။ 'ဟောက်ပူ လေး ကြီးလာရင် သိလိမ့် မယ်' ဆိုပြီး ဆက်ပြောသေး တယ်။ တစ်ခုခုပြောလိုက် တိုင်း 'ဟောက်ပူလေး ကြီး လာရင် သိလိမ့်မယ်'လို့ ခဏ ခဏ ပြန်ပြောခံရတာကိုတော့ ဟောက်ပူလေး သိပ်မကြိုက် ဘူး။ ဟောက်ပူလေးကတော့ ကြားထဲကနေ အဲဒီပိုက်ဆံ တွေကိုပဲ နှမြောနေမိတယ်။ အဲဒီလောက် ပိုက်ဆံနဲ့ ဆို ဟောက်ပူလေးတို့ တစ် မိသားစုလုံး ခါမ်းပါတ်မှာ အိမ်ဝန်းတစ်ဝန်းဝယ်ပြီး ပြောင်းနေလို့ရပြီ။

'လာလယ်ဝေး'

တူဝရီးနှစ်ယောက် စကားကောင်းနေကြတုန်း အိမ်ရှေ့ဆီကနေ အော်ခေါ်သံ ကို ကြားရတယ်။ အိမ်ရှေ့ တံခါးဝမှာ ရယ်ကျဲကျဲ အဆီ ပြန်မျက်နှာနဲ့ ပူထန်ကို တွေ့ရ တယ်။ ပူထန်ဆိုတာ အူလာ လယ်ပါးရဲ့ သူငယ်ချင်း။ ဘယ်သူ့ကိုမဆို ခင်မင်ဖော် ရွေတတ်တယ်။

'လာပါ ထိုင်ပါ ပူထန်'

'မထိုင်တော့ဘူး၊ ငါ မေးစရာရှိလို့'

'အော မေးပါ ပူထန်'

ပူထန်က အူလာလယ် ကို ခပ်တိုးတိုး ကပ်မေးလိုက် ပေမဲ့ ဟောက်ပူလေးလည်း ကောင်းကောင်းကြားလိုက် တယ်။ 'မင်းဒေ့ဒ့်သည်က အွီးဆာမှဲ့ စားသလား။ ငါတို့ အိမ်မှာ ချက်လို့ ပို့ပေးရ မလား' တဲ့။ အွီးဆာမှဲ့ဆိုတာ ခွေးသားဟင်း။

အဲဒီအချိန်မှာ မစ္စစမစ် က မီးဖိုဘေးမှာ စာအုပ်တစ် အုပ်ကို ငုံ့ဖတ်နေတယ်။ ပူထန်ရဲ့ စကားကိုကြား တော့ အူလာလယ်မျက်နှာ သိသိသာသာ ပျက်သွား တယ်။ ပြီးတော့ 'သူ စားမှာ မဟုတ်ဘူး ပူထန်' ဆိုပြီး ချက်ချင်း ပြန်ဖြေတယ်။ အဲဒါနဲ့ ပူထန်လည်း အူလာ လယ်ကို နှုတ်ဆက်ပြီး ပြန် သွားတယ်။ ဟောက်ပူလေး ကတော့ 'ပူထန် တကယ်မသိ လို့ မေးတာ ဖြစ်လိမ့်မယ်' ဆိုပြီး တွေးနေမိတယ်။ ဟုတ် တယ်။ ပူထန်က ရိုးလည်းရိုး တယ်။ ပြီးတော့ သဘော လည်း တကယ်ကောင်း တယ်။

❑

၄။

အွီးဆာမှဲ့ဆိုလို့ ပြောရ ဦးမယ်။ ဟောက်ပူလေးတို့ ဆီမှာ ခွေးသားကို တအား စားကြတယ်။ ခါမ်းပါတ်မှာ ဆိုရင် ဆိုင်ကယ်နောက်ခုံပေါ် မှာ သီချင်းအကျယ်ကြီးဖွင့် ထားတဲ့ ဆောင်းဘောက်ကြီး တင်ပြီး ခွေးသားလည်ရောင်း တဲ့ လူကြီးကို ဟောက်ပူလေး တွေ့ဖူးတယ်။

အူလာလယ် ခဏခဏ ပြောပြလို့ ကိုရီးယားလူမျိုး တွေလည်း ခွေးသား တအား စားတယ်ဆိုတာ သိရတယ်။ ဟောက်ပူလေးတို့ တစ်အိမ် လုံးလည်း စားကြတာပဲ။ ဟောက်ပူလေးလည်း အရင် ကတော့ စားဖူးတယ်။ ခွေး သားနဲ့ သူနဲ့ မတည့်ဘူးလို့ ထင်မိတယ်။ ခွေးသားစား ပြီးရင် ရင်ဘတ်ထဲမှာ ပူ လောင်ပြီး နေရထိုင်ရခက် တယ်။ ရေလည်း ခဏခဏ ထ,သောက်ရတယ်။ အဲဒါနဲ့ နောက်ထပ် မစားဖြစ်တော့ ဘူး။

ခွေးသား တအားကြိုက် တဲ့ ပူထန်ကဆို လူကြားထဲမှာ 'အွီးဆာမှဲ့ကို အာဆာမှဲ့ (ကြက်သားဟင်း)နဲ့ မလဲနိုင် ဘူး'ဆိုပြီး ခဏခဏ ပြော တယ်။ ပူထန်ရဲ့သား အူဆေ ဆေးဆိုလည်း ခွေးသား တအားကြိုက်တယ်။ အူဆေ ဆေးက 'ဆောင်းတွင်းမှာ အွီးဆာမှဲ့စားရင် စောင်ခြုံ စရာတောင် မလိုဘူး'ဆိုပြီး အားပါးတရ ပြောလေ့ရှိ တယ်။

ဟောက်ပူလေးက တော့ အူလာလယ်ရဲ့ ကွန်ပျူ တာထဲမှာ ကြည့်ခဲ့ဖူးတဲ့ ဟာချီကိုဆိုတဲ့ ခွေးကလေး အကြောင်း ရုပ်ရှင်ဇာတ်လမ်း ကို ကြည့်ပြီး မျက်ရည်ကျ မိတယ်။ ဇာတ်လမ်းထဲက ခွေးကလေး ဟာချီကိုဟာ အလုပ်ထဲမှာ သူ့သခင် ရုတ် တရက်သေသွားတာကို မသိ ဘဲ ဘူတာရုံမှာ နေ့စဉ်ရက် ဆက် ကိုးနှစ်တိုင် သွားကြို နေခဲ့တယ်။ အဲဒီဇာတ်ကား ကို ကြည့်ပြီးကတည်းက ခွေး သားကိုလည်း ပိုပြီးမစားချင် တော့ဘူး။

ဒါပေမဲ့ ခွေးသားစားတဲ့ သူတွေကို ဟောက်ပူလေးက တော့ ဘာမှမပြောပါဘူး။ သူ တို့ဟာသူတို့ ကြိုက်လို့ စား တာပဲ။ ကိုယ်မကြိုက်တော့ ကိုယ်မစားဘူး။ အဲဒီလိုပဲ တွေးလိုက်တယ်။ ရွာမှာ



www.burmeseclassic.com

www.burmeseclassic.com

ခွေးသားမစားတဲ့သူတွေလည်း အများကြီးရှိတာပဲ။

အွီးဆာမဲ့အကြောင်း တွေးမိရင် ခိုင်ပီး ငယ်ငယ်က အကြောင်းကိုလည်း အမြဲ အမှတ်ရမိတယ်။ သူတို့ သူငယ်ချင်းတွေထဲမှာ ခိုင်ပီးက နှလုံးသားနုတယ်။ အဲဒီတုန်းက ခိုင်ပီးတို့ အခု နေ့နေတဲ့အိမ်ကို ဆောက်နေကြတာ။ ရွာမှာ အိမ်တစ်အိမ် အသစ်ဆောက်ပြီဆိုရင် လူကြီးတွေက ဝိုင်းကူပြီး ဆောက်ကြတာ ဓလေ့တစ်ခုပဲ။ တစ်ယောက်နဲ့တစ်ယောက် ရယ်စရာတွေပြော၊ သီချင်းတွေ အကျယ်ကြီးအော်ဆိုပြီး ပျော်ပျော်ကြီး ဝိုင်းကူကြတယ်။ အိမ်ဆောက်လို့ ပြီးစီးသွားတဲ့အခါ အိမ်ရှင်က ဧည့်ဝတ်ပြုတဲ့အနေနဲ့ ခေါင်ရည်အိုးနဲ့ တည်ခင်းပြီး ညစာ ထမင်းကျွေးကြတယ်။

အဲဒီတုန်းက ကျောင်းဆင်းပြီးချိန်မှာ ခိုင်ပီး အိမ်ပြန်သွားတယ်။ သိပ်မကြာလိုက်ဘူး။ ဟောက်ပူလေးဆီကို ခိုင်ပီးတစ်ယောက် မျက်ရည်တွေနဲ့ ပြန်ရောက်လာတယ်။ ဟောက်ပူလေးက မေးတော့ 'ဘီးခုပ် အိမ်မှာ မရှိတော့ဘူး' လို့ ပြန်ဖြေတယ်။ 'ဘီးခုပ်' ဆိုတာ ခိုင်ပီးတို့အိမ်က ခွေးထီးကြီး။ ခိုင်ပီးက ဘီးခုပ်ကို တအားချစ်တယ်။ ကျောင်းဆင်းပြီးလို့ ကစားကွင်းထဲ ဆော့ကြတဲ့အခါ ဘီးခုပ်လည်း အမြီးတနန့်နန့်နဲ့ အမြဲပါလာတတ်တယ်။

ခဏနေတော့ ခိုင်ပီးပါး (ခိုင်ပီးအဖေ) လိုက်လာတယ်။ ပြီးတော့ ညှိုးငယ်တဲ့ မျက်နှာနဲ့ 'အပါးတို့အိမ်မှာ ဘီးခုပ်ပဲ ရှိတော့လို့ပါ သားရာ' ဆိုပြီး ခိုင်ပီးကို ချော့တယ်။ အဲဒီတုန်းက ခိုင်ပီးတော်တော်နဲ့ အငိုမရပ်ခဲ့တာကို ဟောက်ပူလေး ကောင်းကောင်း မှတ်မိနေသေးတယ်။ ခိုင်ပီးပါးက ခိုင်ပီးအတွက် ခွေးပေါက်လေးတစ်ကောင် ချက်ချင်း ပြန်ဝယ်ပေးတယ်။ အခုဆိုရင် ခိုင်ပီးက ညနေတိုင်းမှာ သူ့ခွေးကလေး 'ဘူကီ' နဲ့ ပျော်ပျော်ကြီး ဆော့ကစားလို့နေပါပြီ။ ခိုင်ပီးဟာ ဘီးခုပ်ကိုတောင် မေ့ကောင်းမေ့နေလောက်ပြီဆိုပြီး ဟောက်ပူလေး တွေးမိလိုက်သေးတယ်။

❑

၅။

နေ့လယ်စာကို အူလာလယ်တို့အိမ်မှာပဲ စားပစ်လိုက်တယ်။ ဟောက်ပူလေးက အိမ်မပြန်ချင်သေးဘူး။ အူလာလယ်နဲ့ စကားတွေ အများကြီး ပြောချင်သေးတယ်။ အူလာလယ် ပြန်လာတဲ့အခေါက်တိုင်း နိုင်ငံခြားက အထူးအဆန်းဖြစ်ရပ်တွေ အများကြီးပြောပြတော့ ဟောက်ပူလေး တကယ် ပျော်တယ်။

မစ္စစမစ်က ဟောက်ပူလေးတို့လို ထမင်းမစားဘူး။ ပေါင်မုန့်ချပ်တွေကို ထောပတ်သုတ်ပြီး စားတယ်။ ပြီးတော့ ငါးသေတ္တာဘူးသေးသေးလေးထဲက ငါးတွေကိုလည်း စားတယ်။ ဟောက်ပူလေးကိုလည်း ပေါင်မုန့်ထောပတ်သုတ်တစ်ချပ် ကျွေးတယ်။ သိပ်စားလို့ကောင်းတာပဲ။ နောက်ထပ် ကျွေးပေမဲ့ အားနာတာနဲ့ ငြင်းလိုက်တယ်။ ပြီးတော့ တကယ်လည်း ဗိုက်ဝ,နေပါပြီ။

'လာလယ်ဝေး'

ပြောပြောဆိုဆိုနဲ့ အိမ်ထဲဝင်လာတဲ့ ဆရာ ပါးဂင်ခိုပေါင်ကို အူလာလယ်က 'ဝေး' ဆိုပြီး ပြန်ထူးလိုက်တယ်။ ဆရာပါးလက်ထဲမှာ ခေါင်အိုးကြီးတစ်လုံးကို မနိုင့်တနိုင် မ,ထားတယ်။ ခေါင်အိုးကို ကြမ်းပြင်ပေါ်မှာ နေရာချပြီး ဆရာပါးနဲ့ အူလာလယ်တို့ လက်ဆွဲနှုတ်ဆက်လိုက်ကြတယ်။ အူလာလယ်နဲ့ ဆရာပါးက ငယ်သူငယ်ချင်းတွေ။ အူလာလယ်ရဲ့ သူငယ်ချင်းအများစုက ရွာမှာ မရှိကြတော့ဘူး။ ရွာက အရွယ်ရောက်ပြီးသား လူငယ်တိုင်းလိုလို မလေးရှားသွားပြီး အလုပ်လုပ်ကြတယ်။ ပြီးတော့ အိမ်ကို ငွေပြန်ပို့ပေးကြတယ်။ ဆရာပါးကတော့ ရွာက မူလတန်းကျောင်းမှာပဲ ကျောင်းဆရာလုပ်နေတယ်။ ဆရာပါးက ဟောက်ပူလေးတို့ ဆရာ။

ဆရာပါးက ခါးကြားမှာ ထိုးယူလာတဲ့ ခေါင်စုပ်ပိုက်ကို လက်ဝါးပေါ် တစ်ချက်နှစ်ချက် ရိုက်ခါလိုက်ပြီး ခေါင်အိုးထဲ ထောင်မတ်နေအောင် ထိုးစိုက်လိုက်တယ်။

'ငါ့သူငယ်ချင်းကို ငါ တတ်နိုင်သလောက်လေးနဲ့ ပြုစုရတာ တကယ်ဝမ်းသာတယ်' ဆိုပြီး ဆရာပါးက ပြောလိုက်သေးတယ်။ ပြီးတော့ သူငယ်ချင်းနှစ်ယောက် ထိုင်ခုံကိုယ်စီနဲ့ တစ်လှည့်စီ ခေါင်ရည်စုပ်ကြတယ်။ ဟောက်ပူလေးကတော့ ဗီရိုထဲက ပုံပြင်စာအုပ်တစ်အုပ်ကို ထုတ်ယူပြီး ထိုင်ဖတ်နေလိုက်တယ်။

'Excuse me'

စကားသံကြားလို့ လှည့်ကြည့်လိုက်တော့ ကင်မရာတစ်လုံး လည်မှာ ဆွဲထားတဲ့ မစ္စစမစ်ကို တွေ့ရတယ်။ အူလာလယ်နဲ့ မစ္စစမစ် စကားတွေပြောကြတယ်။ အူလာလယ်က ပြုံးရယ်ပြီး ခေါင်းညိတ်လိုက်တာကိုလည်း တွေ့ရတယ်။ အဲဒီနောက် ခေါင်ရည်စုပ်နေတဲ့ အူလာလယ်တို့ သူငယ်ချင်းနှစ်ဦးကို မစ္စစမစ်က ဓာတ်ပုံ တဖျပ်ဖျပ်ရိုက်တယ်။ မစ္စစမစ်က အားရပါးရ ပြုံးရယ်ပြီး 'သင့်ခ်ယူ' လို့ ပြောလိုက်သေးတယ်။ ပြီးတော့ မီးဖိုဘေးမှာ ပြန်ထိုင်ပြီး ဖတ်လက်စ,စာအုပ်ထူကြီးကို ဆက်ဖတ်တယ်။

'စာသင်ရတာ အဆင်ပြေရဲ့လား သူငယ်ချင်း'

အူလာလယ်က မေးတော့ ဆရာပါးက ရယ်တယ်။

'ငါတို့ဆီမှာ ပညာရေးကို အားမပေးကြဘူး လာလယ်ရ။ ကလေးတွေ နည်းနည်းကြီးရင် ကျောင်းနုတ်ပြီး တောင်ယာမှာ ခိုင်းဖို့ပဲ စိတ်ကူးနေကြတယ်။ ငါ မှာ လူကြီးတွေကို မနည်းပြောနေရတယ်။ သူတို့စိတ်ကူးထဲမှာ အချိန်တန်ရင် မလေးရှားပို့မယ်ဆိုပြီး အမြဲတွေးနေကြသလားပဲ။ ဟား… ဟား.. တကယ်ခက်တဲ့ လူကြီးတွေ'

ဆရာပါးက များများပြောပြီး အူလာလယ်က များများနားထောင်တယ်။ ခေါင်ရည်အရှိန်တက်လာတော့



www.burmeseclassic.com

www.burmeseclassic.com

ဆရာပါးက စကားပိုသွက်လာတယ်။ ဆရာပါးပြောတဲ့ စကားတွေထဲမှာ တချို့ ရိုးရာဓလေ့ထုံးထမ်းတွေဟာ ခေတ်မမီတော့တဲ့အတွက် ခေတ်နဲ့အညီ ပြုပြင်သင့်တဲ့အကြောင်းလည်း ပါတယ်။ လင်နဲ့မယား ကွဲကြတဲ့အခါ မွေးလာတဲ့ ကလေးလေးကို ယောကျ်ားလေးဘက်က မွေးပြီးပြီးချင်း လာရောက်ယူငင်တာကလည်း မဖြစ်သင့်တဲ့အကြောင်း၊ ရင်အုပ်မကွာ စောင့်ရှောက်ခွင့်ကို ကိုယ်တိုင်ဝမ်းနဲ့လွယ်ပြီး မွေးထုတ်ခဲ့ရတဲ့ မိခင်ဖြစ်သူကပဲ ရသင့်တဲ့အကြောင်းလည်းပါတယ်။ ပြီးတော့ အမွေကိစ္စ ခွဲဝေကြတဲ့အခါ အကြီးဆုံးသားဖြစ်သူကို ဦးစားပေးနေရတာကလည်း သဘာဝမကျဘူးလို့ ပြောသေးတယ်။ အူလာလယ်ကတော့ သူ့သူငယ်ချင်းကို "ဟုတ်တယ် ဟုတ်တယ်" ဆိုပြီး ပြုံးပြုံးကြီး ခေါင်းညိတ်ထောက်ခံနေတော့တာပဲ။

ဆရာပါး ပြောပုံဆိုပုံတွေက တခြားလူတွေနဲ့ လုံးဝမတူတဲ့အတွက် ဆရာပါးကို လူတွေက ကွယ်ရာမှာ "လူကတ်ကြီး"လို့ ပြောနေကြတာဖြစ်မယ်ဆိုပြီး ဟောက်ပူလေး တွေးမိတယ်။ ဒါပေမဲ့ ဆရာပါး တကယ်သဘောကောင်းတယ်ဆိုတာကိုတော့ ဟောက်ပူလေး ကောင်းကောင်းသိတယ်။ ဆရာပါးက ကျောင်းမှာလည်း တပည့်တွေကို စိတ်ရှည်လက်ရှည် စာသင်ပေးတယ်။ ပြီးတော့ သူ့အိမ်မှာလည်း ညကျောင်းဆိုပြီး ခေါ်သင်ပေးသေးတယ်။ အဲဒီလို သင်ပေးတဲ့အတွက် ဘယ်သူ့ကိုမှ ပိုက်ဆံမကောက်ဘူး။ အဲဒါကြောင့် ဆရာပါးက အပြောဆိုးပေမဲ့ တကယ်သဘောကောင်းတယ်ဆိုတာ တပည့်ဖြစ်တဲ့ ဟောက်ပူလေးက သိတယ်။

အူလာလယ်တို့ စကားကောင်းနေတုန်းမှာ အိမ်ထဲကို အူဆေးဆေး ဝင်လာတယ်။ အူဆေးဆေးနောက်မှာ ဟောက်ပူလေးအစ်ကို ဆေးကပ်လည်း ပါလာတယ်။ အူဆေးဆေးကိုမြင်တော့ ဆရာပါးမျက်နှာ ချက်ချင်း ပျက်သွားတယ်။ ပြီးတော့ အူလာလယ်ကို "ငါပြန်တော့မယ်" ဆိုပြီး ထ,ပြန်သွားတယ်။

ဆရာပါးနဲ့ အူဆေးဆေးက တစ်ယောက်နဲ့တစ်ယောက် မတည့်ကြတော့ ဘယ်နေရာမှာဖြစ်ဖြစ် မျက်နှာချင်းဆိုင်လို့ မရဘူးဆိုတာ တစ်ရွာလုံးက သိကြတယ်။ ဆရာပါးက အူဆေးဆေးကို အသားငတ်တဲ့ကောင်၊ အသားစားကြူးတဲ့ကောင် ဆိုပြီး ပြောတယ်။ အူဆေးဆေးကလည်း ဆရာပါးကို "ကျောင်းဆရာလုပ်ပြီး ဘဝင်မြင့်နေတဲ့ လူကန့်လန့်ကောင်" ဆိုပြီး ခဏခဏပြောတယ်။

"မနက်ဖြန် ငါတို့ မင်းကို ကော်ပီး(ကလေးမြို့) လိုက်ပို့ကြမလို့" ဆိုပြီး အူဆေးဆေးက ပြောတယ်။ ဆေးကပ်ကလည်း " ဟောက်ပူလေးကိုလည်း ခေါ်ခဲ့ရမယ်။ သူ့အတွက် ကျောင်းစိမ်းဝတ်စုံတွေ ဝယ်ပေးရဦးမှာ" လို့ ဝင်ပြောတယ်။ မနက်ဖြန် သူပါ လိုက်ရမယ်ဆိုတော့ ဟောက်ပူလေးလည်း တအားပျော်သွားတယ်။

"အို… အိုး"

အသံကြားလို့ လှမ်းကြည့်လိုက်ကြတော့ မစ္စစမစ်ရဲ့ ခြေထောက်တစ်ဖက်ကို နမ်းပြီး အမြီးတယမ်းယမ်းလုပ်နေတဲ့ အာနိုးကို တွေ့လိုက်ရတယ်။ အာနိုးက ကိုယ်လုံး ဝဝဖောင်းဖောင်းလေးနဲ့ အမြီးဖျားမှာ ဆွတ်ဆွတ်ဖြူနေတဲ့ ချစ်စရာတောင်ပေါ်ခွေးပေါက်ကလေး။ အူလာလယ်တို့အိမ်မှာ တစ်ကောင်ပဲကျန်နေခဲ့တဲ့ နို့ခွဲပြီးစခွေးထီးကလေး။

မစ္စစမစ်က အာနိုးကို ကောက်ယူပွေ့ချီလိုက်တယ်။ အာနိုးက မစ္စစမစ်ရဲ့ လက်ထဲမှာ ပျော်မြူးနေပုံရပြီး အမြီးနန့်ရင်း တအီအီ အော်မြည်တယ်။ မစ္စစမစ်ကလည်း အာနိုးကို ကလေးလေးလို ချော့မြူတယ်။ ကြမ်းပြင်ပေါ် ချပေးလိုက်ပေမဲ့ အာနိုးက ဝေးရာကို မသွားဘူး။ မစ္စစမစ်ဘေးမှာ ပတ်ချာလှည့်ပြေးလိုက်၊ ရပ်ပြီး အမြီးနန့်လိုက်နဲ့ အလုပ်ရှုပ်နေတယ်။

မစ္စစမစ်က ပေါင်မုန့်တစ်ချပ်ကို ထောပတ်သုတ်ပြီး ချကျွေးတော့ အာနိုးက အငမ်းမရ စားတယ်။ အာနိုးစားနေတဲ့ပုံကို မစ္စစမစ်က ပြုံးပြီး ကြည့်နေတယ်။ အစားကောင်းတွေ့သွားတဲ့ အာနိုးက မစ္စစမစ်ကို အဖက်တောင် မလုပ်တော့ပါဘူး။ သူ့အမြီးကိုတော့ အဆက်မပြတ် ယမ်းခါနေတုန်းပဲ။

မစ္စစမစ်က အူလာလယ်ကို လှမ်းပြောတယ်။ ကြည့်ရတာ အာနိုးကို လက်ဆောင်အဖြစ်ပေးဖို့ တောင်းနေတဲ့ပုံပဲ။ ဟောက်ပူလေး အတွေးမှန်တယ်ဆိုတာ ချက်ချင်းပဲ သိလိုက်ရတယ်။ မီးဖိုဘေးမှာ မီးလှုံနေကြတဲ့ သူ့အပါးနဲ့ နူနူးကို မစ္စစမစ်က အာနိုးကို တောင်းနေတဲ့အကြောင်း ပြောပြလိုက်တယ်။ အူလာလယ်ပါးက ရယ်ပြီး အာနိုးကို တကယ်ပေးမယ့်အကြောင်း ပြန်ပြောခိုင်းတယ်။ မစ္စစမစ်က "သင့်ခ်ယူ… သင့်ခ်ယူ" ဆိုပြီး အားရဝမ်းသာ ပြန်ပြောတယ်။

အူဆေးဆေးက သူတို့အိမ်ဘက် ခဏကူးသွားတယ်။ ပြီးတော့ ခေါင်းအိုးတစ်လုံး မ,ပြီး ပြန်ရောက်လာတယ်။ အူလာလယ်ကို "ငါလည်း မင်းကို ခေါင်းအိုးနဲ့ ပြုစုရမှာပေါ့ကွာ" ဆိုပြီး ပြောတယ်။ အူလာလယ်က "ကျေးဇူးအထူးပါ သူငယ်ချင်း" ဆိုပြီး ပြန်ပြောတယ်။ မနက်ဖြန် စောစောထရမှာမို့ ဟောက်ပူလေးလည်း အူလာလယ်ကို နှုတ်ဆက်ပြီး အိမ်ပြန်ခဲ့လိုက်တော့တယ်။

❑

၆။

မစ္စစမစ်က ရယ်နေရင်း ခေါင်းကိုသာ ခဏခဏယမ်းနေတော့တယ်။ ပြီးတော့ အူလာလယ်ကို ပခုံးတွန့်ပြတယ်။ အူလာလယ်က မစ္စစမစ်ပြောသမျှကို ဘာသာပြန်ပြီး အဖြူရောင်အင်္ကျီ၊ အပြာရောင်ဘောင်းဘီရှည်ဝတ်စုံနဲ့ လူကြီးကို ပြန်ပြောပြပေးတယ်။ ခရီးဆောင်အိတ်တွေသယ်ဖို့ ရပ်စောင့်နေကြတဲ့ အပြာရောင်ဝတ်စုံနဲ့ လူ



www.burmeseclassic.com

www.burmeseclassic.com

တွေကလည်း စိတ်ရှည်ပုံ မရတော့ဘူးလို့ ဟောက်ပူလေး ထင်မိတယ်။

“ဂျာကြီးရာ။ တခြားလူတွေလည်း မဟုတ်ဘဲနဲ့။ ခွေးကလေးကို ကာကွယ်ဆေးလည်း ထိုးထားပြီးပါပြီ။ လုံခြုံစိတ်ချရတဲ့ လှောင်အိမ်ထဲမှာ ထည့်ယူဖို့ကိုလည်း သေသေချာချာ ပြင်ဆင်ထားပါတယ်။ လုပ်ပါဗျာ ဂျာကြီး ကူညီမှ ဖြစ်မှာပါ”

ဂျာကြီးဆိုတဲ့ လူကြီးက သူ့ခေါင်းကို အကြိမ်ကြိမ် ခါပြနေတော့တာပဲ။ “စိတ်တော့ မကောင်းဘူးဗျာ၊ ကျွန်တော်တို့ ခွင့်မပြုတာကြာပါပြီ” ဆိုပြီး ပြောတယ်။

ဘေးမှာ ရပ်စောင့်နေကြတဲ့ အူဆေဆေးတို့ကလည်း စိတ်မရှည်ကြတော့ဘူး။ အူဆေဆေးက ဆေးကပ်ကို “ငါတော့ ပြန်ချင်လှပြီ” ဆိုပြီး ခဏခဏ ပြောတယ်။ ဆေးကပ်ကလည်း “အပြန် မိုးချုပ်ရင် မလွယ်ဘူး” လို့ ပြန်ပြောတယ်။ အူလာလယ်ကတော့ “ဘာမှ တိတိကျကျမသိရသေးခင် မပြန်ကြနဲ့ဦး” ဆိုပြီး တားထားတယ်။

မစ္စစမစ်က “ဘာကြောင့် ခွင့်မပြုရတာလဲ” ဆိုပြီး ထပ်ကာထပ်ကာ ပြန်မေးခိုင်းတယ်။ ဂျာကြီးဆိုတဲ့လူနဲ့ မစ္စစမစ် အငြင်းအခုံဖြစ်နေကြတာ နာရီဝက်နီးနီး ကြာနေပြီ။ လေယာဉ်ထွက်ခွာချိန်ကလည်း နီးကပ်နေပြီလို့ အူလာလယ်က ပြောတယ်။ အူဆေဆေးက စိတ်တိုတဲ့ လေသံနဲ့ ပြောတယ်။

“ခွေးတစ်ကောင်အတွက်များ အလုပ်ရှုပ်နေကြသေးတယ်”

မစ္စစမစ်က အူဆေဆေးစကားကို ကြားလိုက်ပုံ မရဘူး။ အင်း … ကြားရင်လည်း ဘာမှသိမှာ မဟုတ်တော့ ဘယ်လိုမှ ခံစားရမှာ မဟုတ်ဘူး။ အူလာလယ်နဲ့ နှစ်ယောက်သား ဂျာကြီးကို မဖြစ်ဖြစ်တဲ့နည်းနဲ့ ကူညီဆောင်ရွက်ပေးဖို့ တစ်ချိန်လုံး တောင်းပန်နေကြတယ်။

“လေယာဉ်ပေါ် သယ်လို့မရရင်လည်း ပြန်ယူခဲ့ရုံပဲကွာ။ နောက်ထပ် ခြောက်လလောက် ဆက်မွေးထားလိုက်ရင် သတ်စားလို့ရပြီ”

အဲဒီစကားကို ကြားလိုက်တော့ ဟောက်ပူလေး တစ်ယောက် အူဆေဆေးကို စိတ်ဆိုးချင်သလိုလို ဖြစ်သွားတယ်။ အူလာလယ်က ဟိုဘက်လှည့်ပြီး စကားပြောနေတာမို့ ကြားလိုက်ပုံ မရဘူး။ အဲဒါကြောင့်လည်း ဆရာပါးက “အသားတော်တဲ့ကောင်”လို့ ပြောတာဖြစ်မှာပဲဆိုပြီး ဟောက်ပူလေး တွေးလိုက်မိတယ်။ အာနီးကတော့ ဘာမှ သိပုံမရဘူး။ ငြင်းခုံပြောဆိုနေကြတဲ့ လူတွေကို မော့ကြည့်ပြီး သံလှောင်အိမ်သေးသေးလေးထဲကနေ တအီအီ အော်မြည်နေတယ်။ ကြည့်ရတာ သူ ကြောက်နေပုံပဲ။

နောက်ဆုံးမှာ သဘောတူညီမှု ရသွားကြတယ်။ အာနီးကို လေယာဉ်ပေါ်ခေါ်သွားဖို့ သတ်မှတ်လိုက်တဲ့ ငွေကြေးပမာဏကို ကြားလိုက်ရချိန်မှာ ဟောက်ပူလေး စိတ်ထဲကနေ “သွားပြီကွာ” ဆိုပြီး တွေးလိုက်မိတယ်။ ဟုတ်တယ်။ ခွေးတစ်ကောင်ကို လေယာဉ်ပေါ်မှာ သယ်ယူသွားဖို့ ဘယ်သူက အဲဒီလောက်ငွေတွေအများကြီး သုံးမှာတဲ့လဲ။ မစ္စစမစ်နဲ့ အာနီး ပါမသွားတော့မှာကို တွေးပြီး ဟောက်ပူလေးစိတ်ထဲမှာ ငိုချင်သလိုလို ဖြစ်လာပြန်တယ်။

အဲဒီအချိန်မှာ မစ္စစမစ်က သူ့ကျောပိုးအိတ်ကြီးထဲကနေ ပိုက်ဆံအိတ်တစ်လုံးကို ထုတ်ယူလိုက်တယ်။ ပြီးတော့ တစ်ထောင်တန်ငွေစက္ကူတွေကို တစ်ရွက်ချင်း သေသေချာချာရေပြီး ဂျာကြီးကို လှမ်းပေးတယ်။ သူ့အကျင့်အတိုင်း အားရပါးရပြုံးပြီး “ကျေးဇူးအများကြီးတင်ပါတယ်” ဆိုတဲ့ စကားကို ခဏခဏ ပြောလိုက်သေးတယ်။

အားလုံးအဆင်ပြေသွားပြီမို့ အူလာလယ်က သူတို့ကို နှုတ်ဆက်စကားဆိုတယ်။ ရွာကိုကောင်းကောင်း ပြန်ကြဖို့ကိုလည်း ထပ်ကာထပ်ကာ မှာတယ်။ တစ်မိသားစုလုံးအပေါ် ဘုရားကောင်းချီးပေးပါစေဆိုပြီး အားလုံးအတွက် လှိုက်လှိုက်လှဲလှဲ ဆုတောင်းပေးတယ်။ ပြီးတော့ ခရီးဆောင်အိတ်တချို့ကို ဆွဲပြီး လေဆိပ်အဆောက်အဦထဲ ဝင်သွားကြတယ်။ သံလှောင်အိမ်လေးကို ဆွဲမ,ထားတဲ့ မစ္စစမစ်က လေယာဉ်ကွင်းထဲ ဝင်ခါနီးမှာ ဟောက်ပူလေးတို့ဘက်လှည့်ပြီး လက်ပြနှုတ်ဆက်လိုက် သေးတယ်။

ကောင်းကင်ဆီ တစ်ဟုန်ထိုး ပျံတက်သွားတဲ့ လေယာဉ်ကြီးကို ကြည့်ငေးရင်း ဟောက်ပူလေး ရင်တွေ ခုန်နေမိတယ်။ ရင်ထဲမှာလည်း ဘယ်လိုကြီး ခံစားနေရမှန်း မသိဘူး။ တလှိုက်လှိုက် ပျော်နေတယ်။ ဟုတ်တယ်။ ဟောက်ပူလေး တကယ်ပျော်နေတယ်။ မစ္စစမစ်နဲ့ အာနီးတို့ မြင်မှာ မဟုတ်တာကို သိနေပေမဲ့လည်း ဟောက်ပူလေးတစ်ယောက် ပျံတက်သွားတဲ့ လေယာဉ်ကြီးကို အကြာကြီး လက်ပြနှုတ်ဆက်နေမိတယ်။ ❑

၇။

ကြာတော့လည်း ကြာခဲ့ပါပြီ။ အခုဆိုရင် ဟောက်ပူလေးတောင် ကလေးတစ်ယောက်အဖေ ဖြစ်နေပြီ။ ရွာကိုတော့ မစွန့်ခွာနိုင်သေးဘူး။ ရွာမှာပဲ တောင်ယာစိုက်တယ်။ အမဲလိုက်တယ်။ အူလာလယ်တို့ မိသားစုကတော့ ရန်ကုန်မှာ အခြေကျနေကြပြီ။

ဟောက်ပူလေးတို့ရွာလည်း အရင်ကလိုပဲ။ ဘာမှ ထူးထူးခြားခြား မပြောင်းလဲသေးဘူး။ အရင်ကလိုပဲ အိမ်ခြေကျဲပါးတုန်း။ သွားရေးလာရေး ခက်ခဲတုန်း။ အရင်ကလိုပဲ လူငယ်အများစုက မလေးရှားမှာ သွားအလုပ်လုပ်ပြီး အိမ်ကို ပိုက်ဆံပြန်ပို့ကြတယ်။


ဘာရယ်တော့ မဟုတ်ဘူး။ ညိုညိုလုံးလုံး အမွေးစုတ်ဖွား တောင်ပေါ်ခွေးသားပေါက်လေးတွေကို မြင်တွေ့ရတိုင်း ဟောက်ပူလေးတစ်ယောက် မစ္စစမစ်ကို အောက်မေ့နေမိတယ်။ ■

**ရဲရင့်လုံ၊ဆေး-မန်း၊**



www.burmeseclassic.com

www.burmeseclassic.com



## မြယမင်းသူ(နည်းပညာ)

၁။

ရောဂါပိုးကို ကျွန်မ အမှတ်မထင် တွေ့ခဲ့ခြင်းဖြစ်ပါ၏။

❑

၂။

စတွန်းပိုင်းအတွင်း ကူးစက်သွားသည်မှာလည်း မြန်ဆန်လှသည်။ မျက်ဝါးထင်ထင် မြင်ရခြင်းမဟုတ်လျှင် ကျွန်မ ဘေးလူပြောပြင့် ယုံနိုင်စရာအကြောင်း မရှိချေ။ လျှပ်တစ်ပြက် မြင်ကွင်းတွင် ကျွန်မ အံ့သြထိတ်လန့်တုန်လှုပ်ခြင်းကြီးစွာလည်း ဖြစ်ခဲ့ရပါ၏။

❑

၃။

ထိုရောဂါပိုးအား စုတော့ အမည်သညာတပ်နိုင်ရန် ကျွန်မ ကြိုးစားရလေပြီ။

❑

၄။

ဖြစ်စဉ်အစမှာ အရေးကြောင့်ဖြစ်၏။

အမေ ရွာတွင် ရာအိမ်မှူးတာဝန် ထမ်းဆောင်ရာက လစာမဲ့ ကိုယ့်ထမင်းကိုယ်စား ဒုက္ခတွေများနေချိန်တွင် မိသားစုပါ တစ်နှယ်ငင် တစ်စင်ပါ ဖြစ်ရသည့် အခြေအနေတွေက ဆင့်ကဲဆင့်ကဲ ပေါ်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့က-

'ဆရာရေ ဆရာ၊ ဆရာ ရှိလား'

အိမ်ရှေ့တွင် ထိုးရပ်သည့် ဆိုင်ကယ်စက်သံ ဆုံးသည်နှင့် ခေါ်သံအော်သံနဲ့အတူ ဝင်ချလာသည့် ကျွန်းမာရေးမှူး ဆရာမကို ကျွန်မ မြင်လိုက်ရသည်။

'မရှိပါဘူး အစ်မ၊ ပေါက်ဘက်သွားတယ် အလုပ်ကိစ္စနဲ့'

ကျွန်မ စကားအဆုံးမှာ ကျွန်းမာရေးမှူး ဆရာမမျက်နှာလေး ငယ်သွားပုံက ဆီးရွက်သာသာမျှသာ ရှိမည်ထင်မိသည်။

၂၀၀၉ ဧပြီ ရွှေအမြုတေ ရုပ်စုံမဂ္ဂဇင်း၊

www.burmeseclassic.com

www.burmeseclassic.com

"ထိုင်ဦးလေ အစ်မ၊ ဘာကိစ္စရှိလို့လဲ၊ ဖုန်းဆက်ပေးရမလား"

"မနက်ဖြန် ရွာထဲက ကလေးတွေ ဂျပန်ဦးနှောက်ရောင် ကာကွယ်ဆေး ထိုးရမှာလေ၊ အဲဒါ ဆရာကို အကူအညီတောင်းမလို့ သွားပါပြီ"

ဆရာမ စိတ်ခတ်ကျဟန်က မျက်နှာပြင်မှာ ထင်ရှားလှသည်။

"ကျန်တဲ့လူတွေနဲ့ ဝိုင်းလုပ်ကြတာပေါ့ ဆရာမရယ်၊ ဒီကိစ္စလောက် အဖေမရှိလဲ ဝိုင်းလုပ်လို့ရပါတယ်"

ကျွန်မ အားပေးစကားအဆုံးမှာ ဆရာမ မျက်နှာ အနည်းငယ် သက်သာရာရဟန်ကို မြင်ရသည်။

"ဆရာရှိတော့ စိတ်ချရတယ်၊ ပိုအဆင်ပြေတာပေါ့ ညီမရယ်"

သည်နှယ် အဖေ့ကိုအားကိုးကြသည်က တစ်ဖွဲ့တည်းမဟုတ်၊ အဖွဲ့စုံက အားကိုးကြသည်။

"ဆရာမလုပ်ရမယ့် အစီအစဉ်တွေသာ ပြောပါ၊ ကျွန်မ ကူမယ်၊ ဘာတွေလိုမလဲ"

"၇ နာရီလောက်ကစပြီး အသံချဲ့စက်ဖွင့်မယ်၊ ဆေးထိုးဖို့ နှိုးဆော်ပေးရမယ်၊ ဆေးထိုးပြီး ချက်ချင်း မပြန်ဘဲ ၁ နာရီလောက် စုရပ်မှာနေပေးဖို့ ကလေးနဲ့ အုပ်ထိန်းသူတွေ တားထားပေးရမှာ"

ကျွန်မ တာဝန်ကို တစ်ချက်တော့ စဉ်းစားရသေးသည်။ လုပ်နိုင်၏၊ မလုပ်နိုင်၏။

"ကျွန်မ အပိုင်းက အဲဒါလေးတင်လား ဆရာမ"

"အင်းပေါ့၊ ဆေးထိုး

]remblaemf
rembl
ygusLiJG
olkf az
tm;ay;oH
tqkdfS
ygusJ
rsupdkVfyD
tEirfvkf
vufrmifxJ
tyOifbmawmh
rsuEfwpfcsuf
½IPf
ygusLm;
rifjgav

တာ ဆေးထိုးရမယ့် လူစာရင်းတွေက အစ်မဘာသာ စီစဉ်မှာပါ"

ကျွန်မ ထိုမျှတော့ အဖေ့ကိုယ်စား လုပ်ပေးနိုင်မည်ဟု ထင်လိုက်မိ၏။

"ရတယ် အစ်မ၊ ကျွန်မ လုပ်ပေးမယ်၊ စိတ်အေးအေးထား"

စိတ်အေးအေးထားဟု ကျွန်မ အားပေးသည့်တိုင် ထ,ပြန်သွားသည့် ဆရာမ လေသံက ခပ်ညည်းညည်းလေး ပြောသွားသေးသည်။

"ဆရာရှိရင် ပိုကောင်းတာပေါ့ ညီမလေးရယ်"

ကျွန်မ အသံထွက် မရယ်ဘဲ ပြုံးလိုက်မိပါ၏။

❑

၅။

နီးရာလူစု၍ စားပွဲနှစ်ဝိုင်းနှင့် ထိုင်ခုံတွေ ပြင်အပြီးမှာ အသံချဲ့စက်က သီချင်းသံ စည်စည်ဝေဝေ ရှိလှ၏။ ကျွန်မ အစ်ကိုဝမ်းကွဲတစ်ယောက်က အမ်ပီဖိုင်ယားနားက မခွာလှ။

"ကျေးရွာအတွင်းမှ ၅ နှစ်အထက်နှင့် ၁၅ နှစ်အောက် ကလေးမိခင်ဖခင်များ ခင်ဗျား၊ ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေး ကျန်းမာရေးဌာနမှ ထိုးပေးမည်ဖြစ်၍ ကလေးများကို ခေါ်ဆောင်ပြီး စုရပ်သို့ ယခုချက်ချင်းလာကြဖို့ နှိုးဆော်ပါသည် ခင်ဗျား"

အနီးဆုံးအိမ်တွေက တစ်ဦးစ နှစ်ဦးစ အလျင်ရောက်လာကြချေပြီ။ ဆရာမ နှစ်ဦးက ဆိုင်ကယ်ပေါ်က ဆေးအိတ်တွေ သယ်ချတော့ ဝိုင်းကူကြရသည်။

"အစ်မတို့က ဆေးအိတ်တွေနဲ့ ရှေ့က စားပွဲမှာ ဆေးထိုးမယ်၊ ညီမလေးက ဝင်လာတဲ့ လူတွေဆီက စာရွက်တွေ ထပ်ပြီး အရင်ရောက်တဲ့ လူကနေ ၅ ယောက်တစ်တွဲ အမည်ခေါ်ပေး"

ဆေးအိတ်တွေပြင်ရင်း ဆရာမက ကျွန်မဆီ လှမ်းပြောတော့ ဦးဆုံးရောက်သည့် ၂ ဦးက လက်ထဲက စာရွက်တွေ စားပွဲပေါ်လာတင်ကြသည်။ တစ်စ တစ်စနှင့် လူတွေ စုမိလာကြသည်။ ကလေးတွေက ဆိုဒ်စုံ။ ဆေးမထိုးမီ ကစားရန် စုပေးထားသည့်နှယ်။

ရင်ခွင်ပိုက် နို့စို့များကတော့ အမေဖြစ်သူ နို့ကိုဆွဲပြီး ငြိမ်နေကြသည်။ ထို့ထက်ကြီးသည့်အုပ်စုတွေက အငြိမ်မနေ။ စုရပ်သည် အသံချဲ့စက်သံ၊ လူကြီးသံ၊ ကလေးသံ အသံမျိုးစုံတို့ဖြင့် စည်စည်ဝေစပြုပြီ။

❑

၆။

"ဟော့ကောင် ပါကျဲ၊ မပြေးနဲ့"

အိမ်နီးနားချင်း ကလေးအုပ်က ကျွန်မစားပွဲကို ပတ်ပြေးသည်။ အစ်မဝမ်းကွဲ သမီးက လူက ရပ်နိုင်ရုံသာသာ သူ့အမေဖွင့်ပြထားသည့် ဟန်းဆက်ထဲက အရုပ်တွေ စူးစူးကြည့်ပြီး မလှုပ်။ သူ့နားတွင် ၅ ယောက်ခန့် ငြိမ်ကုပ်နေကြသည်။

"ဂလုံ…ဒုံး…"

ပေတလူကား မိုက်ကြိုးကို ခလုတ်တိုက်မိလေပြီ။

"ဟာ ဟော့ကောင်တွေ၊ ဆော့လှချေလား၊ ငြိမ်ငြိမ်နေကြ"

အစ်ကိုဝမ်းကွဲက မိုက်ကို ကောက်ပြီး ခလုတ်ဖွင့်ကာ "ဟလို ဟလို"ပြုလုပ်ကြည့်နေသည်ကို ကြည့်ပြီး ကျွန်မ အသံထွက်ရယ်လိုက်မိသည်။ လူသံ ဆူသံကဖြင့် ညံလှချေပြီကား။

ကျွန်မရှေ့က စားပွဲပေါ်တွင် ကလေးနာမည်စာရင်း စာရွက်တွေ တဖြည်းဖြည်း စုပုံလာတော့-

"ဆရာမ စ,ခေါ်လို့ရပြီနော်"

ဟု အသံပြုရသည်။ ကြာကြာထားလျှင် မလွယ်။ ဆေးထိုးသည့် စုရပ်မဟုတ်၊



www.burmeseclassic.com

www.burmeseclassic.com

ကလေးကစားကွင်းကြီးသဖွယ်ဖြစ်လာလေတော့မည်။

'အစ်ကို ထွန်းအောင်မိုက်က အော်လို့ရသေးလား'

ကျွန်မ အမေးကို အစ်ကို ဝမ်းကွဲက ချက်ချင်း မဖြေနိုင်ပါချေ။ လက်ကတော့ ဟိုလှည့်ဒီလှည့် လုပ်နေတာ မြင်ရသည်။ ခဏနေတော့မှ ခေါင်းယမ်းရင်း မရတော့ဘူးဆိုသည့် သဘောကို ဟန်ဖြင့်ပြတော့သည်။

'ဗျန်း…ဗျန်း… ဗျန်း'

သဘောပေါက်သွားသည့် ဆရာမက လက်ထဲက စာအုပ်ကို လက်ဖဝါးနှင့်ရိုက်ပြီး အသံပေးတာကိုမြင်ရ၏။

'ဒီမှာ… ဒီမှာ… အားလုံး နားထောင်ပါ၊ ဗျန်း…ဗျန်း…'

ဆူညံသံတွေ ချက်ချင်း အားပျော့သွားပြီး နောက်တစ်မိနစ်စာအတွင်းမှာ ငြိမ်ကျသွားပါလေပြီ။

'ဒီမှာ အားလုံး နားထောင်ပါ။ ဟိုစားပွဲက ညီမလေးက ထပ်ထားတဲ့ စာရွက်ပုံထဲက ကလေးနာမည်နဲ့ အမေအမည်ပေါင်းပြီး တစ်ခါခေါ်၊ ၅ ယောက်တစ်တွဲခေါ်မယ်နော်၊ ဟုတ်လား'

အသံ တစ်ချက်မှ ပြန်ထွက်မလာ။ သို့သော် နားလည်သည့်သဘော ခေါင်းညိတ်သူက ညိတ်ပြတာ မြင်ရပါ၏။ သည်တော့မှ ဆရာမက စကားဆက်ပါသည်။

'ဆေးထိုးပြီးသူတွေက ချက်ချင်း မပြန်ရဘူးနော်၊ ၁ နာရီလောက် စောင့်ပေးရမယ်နော်'

သည်တစ်ခါတော့ဖြင့် 'ဟုတ်ကဲ့'ဆိုသည့် အသံ

tyft pkUfS ]0g)qbbnf ibbH tus; ÉuD toAv HqpkU rwlbfyif&yg)ESf wdkUbuD wdkFpD@Lu ygav awmh apmapmu qbHbHm, tpm; a0vifceY atmfbbH tukf/kuk vIf;ckbGonf [ef

အချို့ ကွက်ကြားထွက်တာ ကြားရတော့သည်။ ဆရာမက ကျွန်မဆီ လှမ်းကြည့်ရင်း မျက်လုံးဖြင့် အလုပ်စရန် အချက်ပြပါတော့၏။

❑

၇။

'ပထမတွဲ နံပါတ်တစ် ပါကျဲ၊ ချီးပေ၊ ဆိတ်ချေး၊ မိတုတ်၊ မိကုတ်'

အမည်ရင်းများဖြင့် မဟုတ်ပါလေ။ လမ်းထဲက ကလေးများဖြစ်၍ အိမ်နာမည်ကို ကျွန်မ တန်းခေါ်မိ၏။ မွေးစာရင်းမှ အပျံစားအမည်များက ရှည်လည်းရှည်သလို မွေးမေမေများပင် မှတ်မိချင်မှ မှတ်မိတတ်၏။

ကိုဖိုးထွန်းသား ပါကျဲက ပထမ ဆေးထိုးခံမည့်ကောင်။

ပါကျဲကား သူ့အမေလက်ထဲကနေ ဆရာမလက်ထဲက ဆေးထိုးအပ်ကို စွေကြည့်ကာ မျက်နှာတစ်ချက်ပျက်သွားတာ မြင်ရပါပြီ။

'မနာဘူးနော် မနာဘူး၊ ပါကျဲကွ'

သူ့အဖေ အားပေးသံအဆုံးမှာ ပါကျဲ မျက်စိမှိတ်ပြီးအံကြိတ်၏။ လက်မောင်းထဲ အပ်ဝင်သွားတော့ မျက်နှာတစ်ချက်ရှုံ့၏။ ပါကျဲကား မငိုပါလေ။

'နံပါတ် ၂၊ ချီးပေ'

အစ်မ သန္တာအောင်၏သမီး။ သူ့အမေပေးထားသည့် ဟန်းဆက်နဲ့ ဇိမ်ကျနေရာက ထ,ရရှာပြီး လမ်းတောက်တောက် လျှောက်နိုင်သလို စကားစပြောသည့်အရွယ်။ တလှုပ်လှုပ်နဲ့ သူ့အမေ လက်ထဲမှာ ဂနာမငြိမ်လှ။ သူ့ကို ဆေးထိုးမှာမှန်းပင် မသိ။ ဆရာမ နှစ်ယောက် ဆေးအထိုးမှာ တစ်ချက်တွန့်သွားသည်မှအပ မငို။ ဟန်းဆက်တကိုင်ကိုင် ပြန်လုပ်ရှာ၏။

'နံပါတ် ၃၊ ဆိတ်ချေး'

အစ်ကို အောင်စိုးမင်းသား ဖြစ်ပါ၏။ ဆိတ်ချေးက ၇ နှစ်ခန့်ရှိပြီ။ သူ့ဘာသာလာရပ်၍ ဆေးထိုးခံရာမှ သူလည်း မျက်နှာတော့ ရှုံ့ရှာပါ၏။

'ဟဲ့ ဆိတ်ချေး၊ နင်မပြန်ရသေးဘူးနော်'

မိဘတွေ ပါလာတာမမြင်ရ၍ ကျွန်မက ဦးစွာသတိပေးထားမိ၏။

'အင်း…အင်း'

ဆိတ်ချေးက ထိုမျှသာ စကားပြန်ပြီး အုတ်တံတိုင်းပေါ် တွယ်တက်ပါလေပြီ။

'နံပါတ် ၄၊ မိတုတ်'

ကိုအောင်နိုင်ကြီး သမီး၊ အမည်နှင့် လိုက်ပါသည်။ စကားမပြောတတ်သည့်တိုင် တုတ်တုတ်ခိုင်ခိုင်ကြီး။ အမေ့ရင်ခွင်ထဲကနေ လက်မောင်းကိုင်ကြသည်အထိ ဦးခေါင်းက မငြိမ်။ ဟိုဟိုဒီဒီ ကြည့်နေရှာပါသည်။ ဆရာမ ဆေးအထိုးမှာ တစ်ချက် မျက်နှာရှုံ့သွားသည်မှ အပ ငိုရမှန်းမသိရှာပါလေ။

'နံပါတ် ၅၊ မိကုတ်'

ကိုထူးသာ သမီး။ မိကုတ်နှင့် ကျွန်မ ညီမဝမ်းကွဲ တော်စပ်ပါ၏။ သူမလည်း ဖက်တီးပုတ်။ ဘုတ်အီး၊ အငြိမ်မနေ။ ဝိုင်းချုပ်ပြီး ဆေးထိုးတော့ 'အင့်'ဆိုသံနှင့် မဲ့သွားသည့်တိုင် မငို။

ဆရာမက ကျွန်မကို လှမ်းအကြည့်မှာ အကြည့်ချင်းဆုံမိသည့်အခိုက် ပြိုင်တူ ပြုံးမိကြသည်။ ကာကွယ်ဆေးထိုးခြင်းက အရှိန်ရစပြုနေပြီ။

❑

၈။

'ဟဲ့ ခရမ၊ ငါ အိမ်ခဏပြန်သွားတာ အလုည့်ကျော်ပြီလား'

နောက်နားက ပေါ်လာသည့် အသံအဆုံး ကျွန်မ ငဲ့ကြည့်ဖြစ်သည်။

'ကြီးကြီးက ဘာလို့ပြန်တာလဲ၊ အနားမရှိရင် ကျော်ရတာပေါ့'

'ခဏပါဟဲ့၊ ဧည့်သည်



www.burmeseclassic.com

www.burmeseclassic.com

လာလို့၊ လုပ် လုပ်၊ ပြန်ခေါ်ပေး'

'မရပါဘူး၊ အောက်ရောက်သွားပြီ၊ စောင့်'

'ညည်းတို့ဟာ ဟုတ်သေးပါဘူးအေ'

မကျေနပ်သံအစအန ကြားရသည့်တိုင် အတွန့်ဖြင့် ထပ်မတက်၍ တော်ပါသေးရဲ့လို့ ကျွန်မ ဖြေတွေး တွေးရင်း စာရွက်ထပ်ကို ကြည့်ဖြစ်သည်။

လွယ်လှသည် ဖြင့် မဟုတ်ပါလေ။

လူသံ၊ ဆူသံ၊ စကားပြောသံ၊ ကလေးသံ၊ ဆော့သံ၊ ပြေးဟန် ရှုပ်ထွေးဆူညံနေသော မြင်ကွင်းကို အလိုက်သင့် စီးမျောရန်မှအပ အခြားမရှိ။ စာရွက်ကို ပြန်အာရုံစိုက်နေစဉ် ရှေ့မှ ၅ ယောက်တွဲ တစ်တွဲ အစသတ်သည်။

'ညီမရေ၊ နောက်တစ်တွဲ'

ဆရာမ အသံက တိုးသည့်တိုင် ကျွန်မ ကြားရုံမျှတော့ ဖြစ်ပါသည်။

'မောင်ဝေလင်းခန့်'

အမည်ခေါ်ပြီးမှ ထ,ရပ်သူကို ကြည့်တော့ အစ်ကိုဝေလွှင့်သား။ အမေဖြစ်သူက လက်ဆွဲရပ်တော့ မျက်နှာက ရှုံ့တွတွ။ လူကောင်က ထွားသည်။ မှတ်တမ်းစာရွက်မှာ ၅ နှစ်နီးပါး အသက်ကို ရေးထားတာ မြင်ရသည်။

'မအိချောပို'

ကျွန်မခေါ်အပြီးမှာ ပြုံးမိပါ၏။ ဒီတစ်ခါအတွဲကဖြင့် နာမည်တွေက အပျံစား။ ကိုဟန်မြင့်ကြီးသမီး၊ သူ့အဖေကမူ သူ့သမီးကို ဘူးညွှန့်ဟုသာ ခေါ်သည်ကို ကျွန်မ မကြာခဏ ကြားမိသည်။ အခုတော့ အိချောပို ဆိုပါလား။

'မောင်နန္ဒကျော်'

သည်ကောင်လေးလည်း ကိုဟန်မြင့်ကြီးသား။ သူ့အဖေက ဘူးသီးဟုခေါ်တာ ကျွန်မ သေချာသိတော့ မရယ်မိရန် အတော် ကြိုးစားရပါ၏။

'မနှင်းအိစံပယ်လှိုင်'

မဘုသမီး။ အမေ မဘုကား နှင်းအိစံပယ်လှိုင် အမည်ကို ဘယ်တော ဘယ်တောင်က ရှာရခဲ့မှန်းမသိဟု တွေးရင်း ကျွန်မ ပြုံးစိစိဖြစ်မိရပြန်ပြီ။

'မသွန်းရတီစိုး'

တယ်ဟုတ်ပါလားဟု စိတ်ထဲက ပြောမိသည်ထိ ကျွန်မ ဖြစ်ရပါ၏။ သည် ၅ ယောက်တွဲ အမည်များကား အပျံစားပါလား။

'စုံပြီနော်၊ စုံရင် ဆရာမတွေ နားသွား၊ တစ်လှည့်စီနော်၊ ဆေးထိုးပြီး မပြန်ရဘူး၊ နာရီဝက် တစ်နာရီ ဒီနားမှာပဲနေ'

❑

၉။

'မောင်ဝေလင်းခန့်'

အပ်ကိုင်သည့် ဆရာမ အသံအဆုံး အမေဖြစ်သူက ဆွဲအခေါ်တွင် ကလေးက အသံမထွက်ဘဲ မျက်ရည်ကျတာ ကျွန်မ မြင်ရသည်။

'ရှေ့က နင့်ထက်ငယ်တာတွေတောင် မငိုဘူး၊ ငါ လုပ်လိုက်ရ'

အမေလုပ်သူက ဆွဲခေါ်သည့်တိုင် ကုတ်ကတ်နေတာကို ကျွန်မကြည့်နေမိသည်။ လက်မောင်းကို နှစ်ယောက်ကိုင်ထားသည့်တိုင် ရုန်းသည်။ အပ်အစိုက်မှာ 'ဝါး' ဆိုသည့် ငိုသံက အကျယ်ကြီး။ အသံဗလံမျိုးစုံက မတိုင်ပင်ရပါဘဲနှင့် တိတိကြီး တိတ်သွားကြပါလေတော့၏။ စောစောက ဆူသံညံသံများအစား ဝေလင်းခန့် အော်ငိုသံက အကုန်လုံးကို လွှမ်းခြုံသွားသည့်ဟန်။

ဆူညံစွာ ဆော့ကစားနေရာက ကလေးအားလုံး အကြည့်သည် ဝေလင်းခန့်ထံ စုပုံကုန်တော့၏။ သွေးပျက်ချောက်ချားဟန် ကလေးတွေမျက်နှာက ထင်ထင်ရှားရှား ရှိလှသည့်အခါ . . .။

❑

၁၀။

'မအိချောပို'

မိခင်အား ကုတ်ကတ် အတင်းဖက်ထားသည်မှာ လက်မောင်းကို မနည်းကြီး ဆွဲထုတ်ယူရ၏။ အပ်အစိုက်မှာ ငိုသံက အကျယ်ကြီး။

'မောင်နန္ဒကျော်'

. . . . . .

'မနှင်းအိစံပယ်လှိုင်'

. . . . . .

'မသွန်းရတီစိုး'

. . . . . .

ငိုသံများ ဟိုမှ သည်မှ။

❑

၁၁။

'မောင်ဒီမိုအောင်'

နောက်တစ်ပြန် အတွဲအမည် စ,ခေါ်တော့ ကျွန်မ အသံ အဖျားခတ် တုန်ယင်ရခဲ့ပြီး-

'မနိုဝင်ဘာလင်းလက်'

ခေါ်သံအဆုံး ကျွန်မ အသံ တိုးလျှ နစ်ဝင်သွားခဲ့သည်။ ■

**မြယမင်းသူ့**နည်းပညာ၊

**အယ်ဒီတာအဖွဲ့**

အခန်း (၄-၀၁)
တိုက်အမှတ် ၁၇/၁၉
၃ လွှာ၊ ၅၂လမ်း
(အောက်ဘလောက်)
ပိုလ်တထောင်မြို့နယ်
ရန်ကုန်
ဖုန်း-၀၁-၉၀၁၀၅၀၁
**E-mail:**
**nyeinfamily@gmail.com**




www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



(က)

မြန်မာ့မီးရထားမှာလည်း စာအုပ်စိမ်းကြီး ရှိပါတယ်။ တချို့က အခြေခံဥပဒေလို့ ခေါ်သလို တချို့က အထွေထွေနည်းဥပဒေလို့ ခေါ်ကြတယ်။ ဖြည့်စွက်တာတွေ များလာတော့ အခု အထွေထွေနည်းဥပဒေနှင့် ဆောက်ဆက်တွဲ နည်းဥပဒေ ဖြစ်သွားပြီ။ အဲဒီ စာအုပ်စိမ်း ကြီးထဲမှာ 'ဘူတာ' ဆိုတဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်ပါတယ်။ 'သွားလာ၊ ပို့ဆောင်ရေးလုပ်ငန်းတစ်ခုခုကို လုပ်ဆောင်သော ရထားလမ်းပေါ်ရှိ နေရာတစ်ခုကို ဘူတာဟုခေါ်သည်' တဲ့လေ။

နည်းနည်းတော့ ရှုပ်လောက်တယ်နော်။ မူရင်း အင်္ဂလိပ်လိုကို ဘာသာပြန်ထားတာဆိုတော့ ဒီလောက်တော့ ရှိမှာပေါ့။

၂၀၀၉ ဧပြီ ရွှေအမြုတေ ရုပ်စုံမဂ္ဂဇင်း၊ ဂျူ

www.burmeseclassic.com

www.burmeseclassic.com

ရထားသံလမ်းဘေး နေရာတစ်ခုပဲ ဖြစ်ပါတယ်။ နေရာတစ်ခုတဲ့။ တဲလည်းဖြစ်နိုင်သလို အဆောက်အဦအကြီးကြီးလည်း ဖြစ်နိုင်တယ်။ သစ်ပင်တစ်ပင်မှာ ဆိုင်းဘုတ်ရိုက်ထားရင်လည်း ဘူတာလို့ပဲ သတ်မှတ်ရလိမ့်မယ်။ ဘူတာ အဓိပ္ပာယ်ဖွင့်ဆိုချက်ထဲမှာ 'သွားလာ'တဲ့၊ 'ပို့ဆောင်'တဲ့။ ဒီဝေါဟာရတွေကို ရှင်းရရင် ရုံပိုင်သင်တန်းပို့ချချက် သင်ခန်းစာထိ ရောက်သွားနိုင်တယ်။ အလွယ်မှတ်ရင်တော့ သွားလာရေးလုပ်တဲ့ ဘူတာက ရထားစက်ခေါင်းမောင်းကို ထွက်ခွင့်ပေးနိုင်တဲ့ ဘူတာပေါ့။ လာပြန်ပြီ ဘာလဲထွက်ခွင့်။ ထွက်ခွင့်ပါ ဆက်ရှင်းရရင်တော့ ရှင်းရင်း ရှုပ်တော့မယ်။ အရပ်စကားနဲ့ဆို နည်းနည်းလွယ်မယ်။ သွားလာရေးလုပ်တဲ့ ဘူတာကို ရုံပိုင်ထားရတယ်။ ပို့ဆောင်ရေးသာ လုပ်ရတဲ့ ဘူတာကျတော့ စာရေးနဲ့ရတယ်။ အဲ…သွားလာရေးရော ပို့ဆောင်ရေးရော လုပ်တဲ့ ဘူတာကြီးတွေမှာတော့ ရုံပိုင်ရော၊ စာရေးရော ရှိကြပါတယ်။

ဘူတာဆို တာက အိန္ဒိယစကားတဲ့။ ကြားဖူးတာပါ။ ကိုလိုနီခေတ် ၁၈၇၆ မေ ၁ ရက်နေ့မှာ ရန်ကုန်-ပြည် မီးရထားလမ်းဖွင့်တော့ မြန်မာနိုင်ငံထက် ၂၄ နှစ်စောအသားကျနေတဲ့ အိန္ဒိယက ရုံပိုင်ကြီးတွေကို ခေါ်လာပြီး တာဝန်ပေးတာကိုး။ အဘိုးကြီးတွေကို အိန္ဒိယလို ဘူတားကြီး ခေါ်တာဆိုတော့ အိန္ဒိယနိုင်ငံသား ရုံပိုင်အဘိုးကြီး ဘူတားကြီးတွေနေတဲ့

ac\Guk
3 &uf\vmuf
t pmauR&if
3 EpeY
rarb\wh
vLuawmh
3 Ep\vmuf
auRxm\D
3 &uf
rauRvLuawmh
&ef\yeC&rS
'gMumif\Fm;
0Duma\umf\if
acGwGuk
apwem
a&p\Durfyk
xrif
auRaeovm;
rod

နေရာမလို့ ဘူတာလို့ ခေါ်ကြတာဆိုပဲ။ ၈၈ အရေးတော်ပုံကြီးမှာ အဓိကနေရာက ပါဝင်ခဲ့ပြီး ထောင်ချခံရ၊ ထောင်ထဲမှာ ကျဆုံးသွားခဲ့တဲ့ စာရေးဆရာကြီး မောင်သော်က ကတော့ 'ဘူတာ'ဆိုတာ ဘောက်ဒါးက လာသတဲ့။ ဘောက်ဒါးဆိုတာ အိန္ဒိယလို အလံကိုခေါ်တာ။ အလံ စိမ်း၊ နီ ဘောက်ဒါးတွေ ကိုင်ထားတဲ့ သူတွေ ရှိတဲ့နေရာ ဖြစ်တာကြောင့် ဘောက်ဒါးကနေ ဘူတာလို့ ကာလရွေ့လျောပြီး ပြောင်းသွားတာတဲ့လေ။ ဘာပဲဖြစ်ဖြစ် ဘူတာလို့ခေါ်ရတာ အဆင်ပြေလှပါတယ်။ တစ်ခုခု အစားထိုး ပြောင်းရင် ပိုလို့ ရှုပ်သွားနိုင်တယ်။

မြန်မာ့မီးရထားမှာ ဘူတာတွေ အများကြီးပါ။ အကြီး၊ အလတ်၊ အသေး စုံမှစုံ။ ရထားလမ်းမရှိဘဲ ဘူတာဆောက်ထားတာတောင် ရခိုင်ဘက်မှာ ရှိသေး။ မလိုအပ်ဘဲ ရထားလမ်းတွေဖောက်၊ လမ်းက ကြံ့ခိုင်ရေးမကောင်း၊ ခရီးသည်ကမရှိတော့ ပျက်စီးနေတဲ့ ရထားလမ်းနဲ့ နွားတင်းကုပ် ဖြစ်သွားတဲ့ ဘူတာတွေတောင် Fbမှာ ခဏခဏ ပြန်ပေါ်လာတာ တွေ့မှာပေါ့။

ဘူတာတွေက စိတ်ဝင်စားစရာ ကောင်းပါတယ်။ သူတို့မှာ ပုံပြင်တွေ၊ ဇာတ်လမ်းတွေ ကိုယ်စီ ရှိတတ်ကြပါတယ်။

❑

၁။

လက်မှတ်ရောင်းရုံသာ လုပ်တဲ့ ပို့ဆောင်ရေးဘူတာရုံကလေးတစ်ခုကို သွားလာရေး လုပ်ငန်းတွေပါလုပ်ဖို့အတွက် အဆင့်မြှင့်မယ်ဆိုတော့ သွားလာရေးလုပ်ငန်းမှာ အဓိက ပါဝင်တဲ့ ရထားဆုံ၊ ကျော်ဖို့လမ်း ထပ်ခင်းရမယ်။ လမ်းလွှဲပွိုင့်တွေ တပ်ဆင်ပေးရလိမ့်မယ်။ အချက်ပြတိုင်တွေ စိုက်ထူ၊ ထိန်းချုပ်ခုံတည်ဆောက်ရမယ်။ လုပ်အား၊ ငွေကြေး၊ နည်းပညာအားလုံးကို စိုက်ထုတ်ရမှာပါ။ ဟိုခေတ်ကလို ဆီးသီးဖန်းမှောက်လို့ မရဘူး။ ဒီတော့ ဌာန အကြီးအကဲတွေ၊ ကြီးကြပ်သူတွေ အင်အားအပြည့်နဲ့ ဘူတာလေးဆီ ရောက်လာကြတယ်။ ဒီတော့ အဆင့်မြှင့် စီမံကိန်း အောင်ထားတဲ့ ကုမ္ပဏီကြီးက လက်မနေးဘူး။ ဘူတာလေးမှာ လိုအပ်တာ သုံးဖို့ဆိုပြီး အပေါ်ဖွင့် ဆမ်ဆောင်း ရေခဲသေတ္တာကြီးတစ်လုံး ဘူတာရုံကလေးဆီ ပို့ပေးလိုက်တယ်။ သိတတ်မှု၊ စေတနာ၊ ပံ့ပိုးကူညီမှုလို့ ဆိုရမလားဘဲ။

'ဟာ…ရေခဲသေတ္တာက အခွံကြီးဖြစ်နေမှာပေါ့၊ ရေဘူးထည့်သောက်ရုံလောက်ကတော့ မနိပ်ဘူးဟ'

အသစ်စက်စက် ရုံပိုင်ဖြစ်တဲ့ သူ့သတင်းလွှင့်လိုက်မှုက အတော့်ကို ထိရောက်သွားတယ်။ မီးရထားလိုင်းဖုန်းတွေက အဆင့်ဆင့် ရှဲပေးလိုက်တာအပြင် ကြီးကြပ်ဆရာတွေ မျက်နှာနဲ့ ဟိုကဒီက ပို့လိုက်တာများ ဆန်အိတ်လိုက်၊ ဆီပုံးလိုက်၊ ဟင်းသီးဟင်းရွက် ကုန်စိမ်းတင်ရတဲ့ ဘူတာတွေလည်း မနေသာတော့ဘူး။ လက်ဆောင်ရတဲ့ ရေခဲသေတ္တာကြီးမို့မောက်သွားလောက်အောင် အလျှံပယ် ရောက်လာပါတော့တယ်။ လမ်းတိုးချဲ့ဖောက်ရတဲ့ သံလမ်းလုပ်သားတွေ၊ အချက်ပြ ထိန်းချုပ်ခုံ တည်ဆောက်နေသူ ဝန်ထမ်းတွေ၊ အချက်ပြတိုင်စိုက်ထူနေတဲ့ အချက်ပြလုပ်သားတွေ၊ လျှပ်စစ်ကျွမ်းကျင်တွေ၊ ကြီးကြပ်တဲ့ ဆရာတွေပင်ပန်းတာကို ကိုယ်ချင်းစာစိတ်နဲ့ ပေးပို့တာလို့ မှတ်ယူရမှာပါ။

လုပ်သားတွေ၊ ဝန်ထမ်းတွေက ဌာနချုပ်ကနေ တစ်လကိုးသီတင်း လာလုပ်ရတာဖြစ်ပါတယ်။ ဝယ်စားဖို့က ငွေကြေးခက်ခဲတာကြောင့် စုပေါင်း ချက်စားကြတာမှာ အခုလို လှူဒါန်းပေးပို့ကြ



www.burmeseclassic.com

www.burmeseclassic.com

တော့ ဘုရားပွဲလှည့်သလိုကို ခံစားရတာပေါ့။

ဒီဘူတာလေးက ကံကောင်းရှာတယ်။ စီမံကိန်းမီးရထားဝန်ထမ်းတွေ မလာခင်ကတည်းက ဘူတာခရီးသည်တွေနဲ့ ဘူတာစာရေးအတွက် နေ့စဉ် ရေသန့်ဘူးကြီး ၃ ဘူး လှူတဲ့သူရှိတယ်။ ရေသန့်လုပ်ငန်းရှင် ဦးကျော်ကျော်လင်းတဲ့။ ဒီဘူတာရှိတဲ့ မြို့နယ်တစ်ခုလုံးရဲ့ ရေသန့်ဈေးကွက်ကို သိမ်းထားနိုင်သူပါ။ စေတနာကောင်းချက်ကတော့ ဘူတာမှာ လာခိုနေတဲ့ ခွေး ၁၀ ကောင်လောက်ကို နေ့စဉ်နေ့ရောညရော ထမင်းလာကျွေးတတ်တယ်။ ခွေးကျွေးတာပဲ ဆိုပြီး ပြီးလွယ် စီးလွယ် မဟုတ်ဘူး။ အမဲသားအရွတ်ပြုတ်ရည်တို့၊ ငါးပြုတ်ရည်တို့နဲ့ နယ်ဖတ်ကျွေးတာ။ ရေသန့်ပို့တဲ့ ပစ်ကပ်ကားလေးပေါ် ထမင်းတွေ၊ အသား ငါး ပြုတ်ရည် ပုံးကြီးတင်လာပြီး ဘူတာနောက်က ကုက္ကိုပင်ကြီးအောက်မှာ ပလတ်စတစ်ဇလုံလေးတွေနဲ့ အကျအနကိုကျွေးတာမို့ ခွေးတွေလည်း ဝ,ဖီးပြီး အပိုးကိုကျိုးလို့။

ခွေးကို ၃ ရက်လောက်အစာကျွေးရင် ၃ နှစ်နဲ့ မမေ့ဘူးတဲ့။ လူကတော့ ၃ နှစ်လောက် ကျွေးထားပြီး ၃ ရက် မကျွေးလို့ကတော့ ရန်လုပ်ခံရမှာ။ ဒါကြောင့်များ ဦးကျော်ကျော်လင်း ခွေးတွေကို စေတနာ ရေစီးကမ်းပြို ထမင်းကျွေးနေသလား မသိပါဘူး။ သေချာတာကတော့ ခွေးက ထမင်းကျွေးတဲ့ လက်

uk/Sifa&
xrif
pm;aumifoAsm
[ifvnf
aumif
qef/vnf
aumif
cSufm;wmvnf
aumif
qmqmeY
pm;vkdufvm
ukefwmfawmif
2 yefUef
Asm

ကို ပြန်မကိုက်တတ်ဘူး။ ကိုက်ခဲပါတယ်။

စီမံကိန်း စပြီး ၇ ရက်လောက်မှာ ဦးကျော်ကျော်လင်း ဘူတာရုံလေးဆီ ရောက်လာပြီး-

"ရုံပိုင်ကြီး ခင်ဗျားတို့လည်း စီမံကိန်း ဝန်ထမ်းတွေအတွက် ချက်ပြုတ်ပေးနေရတာဆိုတော့ အပန်းမကြီးရင် ကျွန်တော့်ကောင်တွေအတွက်ပါ အစာ ကျွေးပေးပါလားဗျာ၊ ကျွန်တော် ဆန်နဲ့ အသား ငါး ပို့နိုင်းပါ့မယ်။ အဆင်ပြေရင် လုပ်ပေးပါလားဗျာ။ ကျွန်တော် နိုင်ငံခြားခရီး တစ်လကျော်လောက် သွားစရာရှိလို့ပါ။ ကျွန်တော့် အလုပ်သမားတွေ ခိုင်းရတာ စိတ်မချလို့၊ သူတို့က ခွေး မချစ်တတ်ဘူး၊ ကျွန်တော့် မလွှန်ဆန်နိုင်လို့သာ လုပ်ကိုင်ပေးနေတာ၊ အဆင်ပြေမယ်ဆိုရင် ကူညီပါလားဗျာ"

ဆိုတော့ သူလည်း အူကြောင်ကြောင်ကို ဖြစ်လို့။ သည်လူ့နယ် ခရီးထွက်မှာတောင် လမ်းဘေးခွေးတွေကို စိတ်မချ ဖြစ်နေသေးဆိုတဲ့ အတွေး ရောက်သွားပေမဲ့ လူစာအတွက် ချက်ပြုတ်ပြီး ထင်းမီးကျန်လေးနဲ့ ခွေးစာကျိုပေးရတာ သိပ်တော့လည်း အပန်းကြီးမှာ မဟုတ်ပေဘူးလို့လည်း အတွေးက ရောက်ပြန်တယ်။ ကုသိုလ်ရတာပေါ့လေဆိုတဲ့ အတွေးအပြင် ရေသန့်ဘူးကြီးတွေ နေ့စဉ်လှူပေးနေတဲ့ မျက်နှာကလည်း ရှိနေလေတော့ အိုးသူကြီးလုပ်နေရတဲ့ ဂိတ်စောင့် ကိုလှဝင်းကို ခေါ်ပြီး ဦးကျော်ကျော်လင်း အကူအညီတောင်းတဲ့ ခွေးကိစ္စ ဆောင်ရွက်ပေးနိုင်၊ မပေးနိုင် မေးကြည့်တော့ ကိုလှဝင်းက အိုကေတဲ့လေ။

"ကျေးဇူးပါ ရုံပိုင်ကြီးရာ၊ ကျွန်တော် စိတ်ဖြောင့်ဖြောင့် ခရီးထွက်နိုင်ပြီပေါ့။ ကျွန်တော့် အလုပ်သမားတွေ နေ့တိုင်း မနက် ၁၀ နာရီလောက်ဆို အသား ငါး တစ်ခုခု လာပို့ပါလိမ့်မယ်။ ဆန်ကိုတော့ ကျွန်တော် ညနေပို့ပေးလိုက်ပါမယ်"

ကျေးဇူးစကား အကြိမ်ကြိမ် ဆိုရင်း သူ့ရဲ့ လက်ကိုဆွဲ နှုတ်ဆက်နေတာများ ဟန်ဆောင်မှုကင်း၊ လှိုက်လှိုက်လှဲလှဲပါပဲ။

❑

ညနေပိုင်းကျတော့ ဦးကျော်ကျော်လင်း တပည့်လေးက ဟိုင်းဂျက်ကားလေးနဲ့ ဆန် ၂ အိတ် လာပို့ပါတယ်။ ဘူတာ လမ်းခွဲကိုင်လေး အောင်အောင်က ဆန်အိတ် ထိပ်ပိုင်း ထောင့်စွန်းကို လက်ညှိုးနဲ့အတင်းထိုး ဆန်စေ့လေးတွေကို ဆွဲထုတ်ကြည့်ပြီး-

"ဆရာရေ . . . မိုက်တယ်ဗျို၊ မနောသုခလား မသိဘူး" ဆိုတော့ သူ့ရင်ထဲ တစ်မျိုး ဖြစ်သွားလေရဲ့။

"တပည့်ရာ... အခု တို့လည်း ဝိုင်းဝန်းပို့ထားတာကြောင့် ပေါ်ဆန်း စားနေတာပါကွ။ အသား၊ ငါး၊ ဟင်းသီးဟင်းရွက်လည်း ရေခဲသေတ္တာထဲမှာ အပြည့်ပါကွ မင်းက ခွေးများ မနာလိုနေသလား မသိပါဘူး"

လမ်းခွဲကိုင်လေးက သူ့စကားကြောင့် ဟီးခနဲ တစ်ချက် ရယ်ရင်းကနေ သူတို့အတွက် ချက်ပြုတ်ဖို့လုပ်ထားတဲ့ ယာယီ မီးဖိုခန်းဘေး ကပ်လျက် စတိုခန်းထဲကို ဆန်အိတ်ရွှေ့ထားလိုက်တော့တယ်။

❑

၂။

စီမံကိန်း ဆောင်ရွက်မှု တစ်ဝက် မပြည့်လောက်ချိန်မှာပဲ ကြီးကြပ် ဆရာကြီးတွေ တခြားအရေးကြီးလုပ်ငန်းတွေဘက် ခြေဦးလှည့်ကြပြီ။ လုပ်ငန်းအရှိန်ရလာလို့ ကြီးကြပ်စရာ မလိုလောက်ဘူးလို့ ထင်ကောင်း ထင်မှာပေါ့။ ဆရာတွေ မလာကြတော့ ဟိုက၊ ဒီက ပို့တာတွေလည်း တဖြည်းဖြည်း ပါးလျားသွားပြီ။ သိတယ်မဟုတ်လား၊ အစပိုင်းတော့ အတော် တက်ကြွကြတာ။ အပြိုင်အဆိုင်ကို လုပ်ကြတာ။ အပို အလျှံတွေ



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ကုန်ရော။ ဟော အခု ပါး လျှားပြီဆိုတော့ ဆန်အိတ်လည်း မလာတော့။ ကုလားပဲလည်းဝေး၊ ဆီလည်းမရောက်၊ မီးသွေးအိတ်လည်း မမြင်ရတော့။ စီမံကိန်း ဝန်ထမ်းတွေလည်း လခထဲက စိုက်ပြီး ချက်စားရပြီ။ ကိုယ့် ငွေနဲ့ စိုက်ချက်စားရတာဆိုတော့ စီမံကိန်း အစကလိုတော့ မြိုးမြိုးမြက်မြက် မဖြစ်နိုင်တော့ဘူး။ အိုးသူကြီး ကိုလှဝင်းခမျာလည်း ဘုံစုထားတဲ့ငွေကို ခြစ်ခြုတ်သုံးနေရတာမို့ ချဉ်ပေါင်ဟင်း၊ ငါးပိရည်ကျို၊ ကန်စွန်းရွက်ကြော် ဖြစ်မှန်းမသိ ဖြစ်လာကြပြီ။

❑

ဒီကနေ့ စီမံကိန်း ဝန်ထမ်းတွေရဲ့ နေ့လယ်စာထမင်းဝိုင်းမှာ ဆန်ကလည်း ကော့လို့၊ စင်းပြီး မွေးလို့၊ ဟင်းကလည်း ငါးကြော်ချက်၊ ကုလားပဲ ဟင်းချိုနဲ့ ဆိုတော့ တွယ်လိုက်ကြတာ ခေါင်းကို မဖော်ကြဘူး။ ပင်ပန်းတာလည်း ပါမှာပေါ့လေ။

သူက ဒီမနက် တိုင်းရုံး အစည်းအဝေး တက်ပြီး ၁၂ နာရီခွဲလောက်မှ ပြန်ရောက်တာမို့ ဒီနေ့ ထမင်းဝိုင်းကို ကြည့်ပြီး အံ့သြနေတော့တာပါ။ ဒီကနေ့ ရိက္ခာအလှူရှင်ပေါ်လာလို့ စားဖိုမှူး ကိုလှဝင်းလည်း လက်စွမ်းပြခွင့်ရသွားတယ် ထင်ပါတယ်။ သူလည်း ထမင်းဝိုင်းထဲ ဝင်လိုက်တော့တယ်။

'ကိုလှဝင်းရေ ထမင်းစားကောင်းသဗျာ၊ ဟင်းလည်းကောင်း၊ ဆန်လည်းကောင်း၊ ချက်ထားတာလည်းကောင်း။ ဆာဆာနဲ့ စားလိုက်တာ ကျွန်တော်တောင် ၂ ပန်းကန်ဗျာ'

ကိုလှဝင်းက ပြုံးပြီး လက်မ ၂ ဖက်စလုံး ထောင်ပြတာမို့ သူလည်း ဘုမသိ ဘမသိ ယာဘက်လက်မ ထောင်ပြလိုက်မိသေးတယ်။

❑

ခွေးတစ်အုပ်ကို ကိုလှဝင်းနဲ့ လမ်းခွဲကိုင်လေးက ဘူတာနောက် ကုက္ကိုပင်ကြီးအောက်မှာ ပလတ်စတစ်ဇလုံလေးတွေနဲ့ ထမင်းကျွေးနေတာကို သူက သူ့ရုံးခန်း ပြတင်းပေါက်လေးကနေ လှမ်းငေးရင်း ဦးကျော်ကျော်လင်း စေတနာအပြင် သူ့တာပည့်နှစ်ယောက်ရဲ့ မငြိုမငြင် လုပ်ကိုင်ပေးနေတဲ့ စေတနာကို သာဓု ခေါ်နေမိတယ်။

'ကဲ စားကြ အမျိုးကောင်းလေးတို့ရေ၊ စိတ်တော့ မဆိုးကြနဲ့နော်၊ မင်းတို့ဆန်နဲ့ ငါတို့ဆန် လဲလိုက်တာ၊ ပြီးတော့ မင်းတို့ထဲက ငါးအလယ်ပိုင်းလေးတွေ ယူလိုက်ရတာ'

'ဟာ'

သူ့နှုတ်က ဟာခနဲ ထွက်သွားလောက်အောင်ကိုပဲ ကိုလှဝင်းစကားက နှလုံးသားထိ ရောက်ချသွားတယ်။ ခွေးတွေကတော့ ဆန်ညှံ့တာ၊ ငါးခေါင်း၊ အမြီး ခွဲသိမှာမှတ်လို့။ အဲ ခါတိုင်းထက်တော့ အရသာနည်းနည်း လျော့သွားတယ်လို့ ထင်ကောင်း ထင်နေမလားပဲ။

'ဒီနေ့ ထမင်းစားကောင်းတယ်'လို့ ပြောမိတဲ့အတွက် သူလည်း အပြစ်တစ်ခုခုကို ကျူးလွန်သွားမိသလိုလိုဖြစ်ပြီး ရင်ထဲမှာ နင့်နေတော့တယ်။

❑

၃။

နောက် ၁၀ ရက်လောက်ဆိုရင် စီမံကိန်းပြီးပြီ။ အင်ဂျင်နီယာဌာန ဝန်ထမ်းတွေ၊ အချက်ပြ ဆက်သွယ်ရေး ဝန်ထမ်းတွေလည်း နောက်ထပ် အဆင့်မြှင့်မယ့် ဘူတာတစ်ခုကို ရွှေ့ပြောင်းရလိမ့်မယ်။ ဦးကျော်ကျော် လင်းလည်း နောက်တစ်ပတ်လောက်ဆိုရင် ပြန်ရောက်တော့မယ်ထင်တယ်။

စီမံကိန်း ပြီးပြီဆိုရင် ချက်ပြုတ်စားစရာအကြောင်း မရှိတော့ဘူးလေ။ ဒီတော့ ဦးကျော်ကျော်လင်းလည်း သူ့ကောင်တွေကို ခါတိုင်းလိုပဲ ပစ်ကပ်ကားလေးနဲ့ လာကျွေးရမှာပဲ။ သူ စိုးရိမ်ပူပန်မိတာက နောက်ထပ် အဆင့်မြှင့်မယ့် ဘူတာမှာ ဦးကျော်ကျော်လင်းလို လူတစ်ယောက် မရှိလိုက်မှာကိုပါပဲ။ ဘူတာရှိရင် ခွေးအလေအလွင့်က ရှိနေမှာပဲ မဟုတ်လား။

❑

(ခ)

ပို့ဆောင်ရေး သက်သက်ကိုသာ လုပ်ဆောင်ရတဲ့ ဘူတာရုံလေးတစ်ခုဟာ အခုတော့ သွားလာ၊ ပို့ဆောင်ရေး လုပ်ငန်းပါ လုပ်ကိုင်နိုင်လောက်အောင် အဆင့်မြှင့်သွားခဲ့ပါပြီ။

စိတ်ဝင်စားစရာ ဇာတ်လမ်းလေးတစ်ခုလည်း ရှိသွားခဲ့ပါပြီလေ။ ■

**ရဲသျှမ်း**

**မှတ်ချက်**

ဘူတာရုံကလေး (၁)၊ (၂)၊ (၃)၊ (၄)၊ (၅) တို့ကို မဂ္ဂဇင်း အသီးသီးတွင် ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။

**အယ်ဒီတာအဖွဲ့**

အခန်း (၄-၀၁)
တိုက်အမှတ် ၁၇/၁၉
၃ လွှာ၊ ၅၂လမ်း
(အောက်ဘလောက်)
ဗိုလ်တထောင်မြို့နယ်
ရန်ကုန်
ဖုန်း-၀၁-၉၀၁၀၅၀၁
E-mail:
nyeinfamily@gmail.com



www.burmeseclassic.com

www.burmeseclassic.com



# သံသယ သံသရာ


အမြဲ့ရောင်၊ရှေ့၊

နောက်ဆုံးတော့ အရှင်ဘုရားရဲ့ ခြေတော်ရင်း တပည့်တော် ရောက်ခဲ့ရပြီပေါ့ ဘုရား။ တပည့်တော် အရှင်ဘုရားကို ဖူးချင်နေတာ ကြာခဲ့ပြီဘုရာ့။ တပည့်တော်တို့ တိုင်းပြည် မှာတော့ အရှင်ဘုရားဟာ အင်မတန် တန်ခိုးကြီးတယ်၊ ဆုတောင်းပြည့်တယ်လို့ ကျော်ကြားတဲ့ ဘုရားတစ်ဆူ မဟုတ်လား။ ဒါပေမဲ့ အရှင်ဘုရားကိုဖူးဖို့ဆိုတာ လွယ်တာမှ မဟုတ်တာကိုး။ အဲဒီလောက် တန်ခိုးရှိန်စော် အာနုဘော်ကြီးလှတဲ့ အရှင်ဘုရားကို တစ်နေ့တော့ ရအောင် ဖူးမဟဲ့လို့ သန္နိဋ္ဌာန်ချထားတာပဲဘုရာ့။



www.burmeseclassic.com

www.burmeseclassic.com



ရာဇဝင်မှာ စာတင်ခဲ့တဲ့ ဗမာ့မြေ ဗမာ့မြေကို
အရှင်ဘုရားကတော့ တစ်ခါမှ မနင်းခဲ့ဖူးဘူး
ဒါကြောင့်များ မျက်နှာလွှဲတော် မမူနိုင်ဘူး
ဆိုရင်လည်း သံယောဇဉ် ဖြတ်တော်မူပါ ဘုရား။
စာတွေထဲ ဖတ်ရသလို ဘုရားချွတ်တောင်
မကျွတ်နိုင်တဲ့ ပြိတ္တာကြီးတွေထဲမှာ မြန်မာနိုင်ငံက
လူတွေ ထိပ်ဆုံးကပေါ့ ဘုရာ့



www.burmeseclassic.com

www.burmeseclassic.com

တပည့်တော်ဟာ အရှင်ဘုရားရဲ့သတင်းကို စာတွေထဲ ဖတ်မိပြီဆိုကတည်းက တတ်နိုင်သလောက် ငွေစုတာပဲ။ ဒါပေမဲ့ တပည့်တော်လို သာမန်ဘွဲ့ရ စာကြည့်တိုက်မှူး တစ်ယောက်အနေနဲ့ ရရစားစား ဝါးဝါးမျိုမျိုဆိုသလို ငွေစုဖို့ဆိုတာ အတော်ကို မလွယ်တဲ့ကိစ္စကိုး။ ဒါတောင် တပည့်တော်က ဝါသနာနဲ့ အလုပ် တစ်ထပ်တည်းကျပြီး စာအုပ်ဝယ်ဖတ်စရာမလိုတဲ့ စာကြည့်တိုက်မှူးဖြစ်လေတော့ အပိုဖြုန်းရယ်လို့ရှိတာ မဟုတ်လို့။ ဒါပေမဲ့ ကုန်ဈေးနှုန်းနောက်ကို တရွတ်ဆွဲလိုက်နေရတဲ့ သာမန်ဝန်ထမ်းလေး ဖြစ်နေလေတော့ ငွေစုဖို့ဆိုတာ လာမယ်ကြာမယ်ဖြစ်နေတာပေါ့ ဘုရား။ ဆုတောင်းဆို ပြန်တော့လည်း တပည့်တော်က မယုံဘူးဘုရာ့။ ဗုဒ္ဓဘာသာဆိုတာ ကိုယ်တိုင်ကျင့်ကြံအားထုတ်ရတဲ့ဘာသာ မဟုတ်လား။ ဒီတော့ ဆုတောင်းဆိုတာကို လည်း မယုံကြည်လို့ မလုပ်ဖြစ်။ နှစ်နှစ်ကာကာ ယုံကြည်တဲ့ ကိုယ်တိုင် အားထုတ်ကြိုးပမ်းမှုဆိုတာကလည်း ကြိုးစားတိုင်း မရနိုင်တဲ့ အခက်အခဲတွေ အများကြီးရှိလေတော့ တပည့်တော်ဟာ ကံပဲလို့ ပုံချထားခဲ့မိတာပဲ။

အဲဒီလိုနဲ့ ကံကောင်းချင်တော့ တပည့်တော့်အမေက နေမကောင်းဖြစ်ပါလေရော။ အဲ… စကားက ရောသွားပြီ။ ကံကောင်းတယ်ဆိုတာ အမေ နေမကောင်းဖြစ်တာကို ပြောတာမဟုတ်ဘူး ဘုရာ့။ အမေက 'ဘန်ကောက်ကို ဆေးစစ်သွားမယ်၊ သူနဲ့လိုက်ခဲ့'လို့ အမိန့်ချမှတ်လေတော့ တပည့်တော်ဟာ ကံကောင်းထောက်မ,စွာနဲ့ အရှင်ဘုရား ခြေတော်ရင်း ရောက်ရတာမလား။ ဒါကိုပြောတာပါ ဘုရာ့။

ArmÇeEUkd
aMumuf/kd
qkvfajy;
cHumuG[kawvh
NrHbpf
wnf[kawvh
beaumuf
NrHawmf[ m
tckselfMawmh
ArmvrSdawG
t vkf#dpkd
vmvkf&wvh
ae&m
rBl m;xm;
NMu&wvh
ae&m
jzpfaeygaygh
bl&m;

အခုတော့ တကယ်ကို ကံကောင်းထောက်မစွာနဲ့ အရှင်ဘုရားရှေ့တော်မှောက် ရောက်ရပြီ။ တပည့်တော်ကြားခဲ့ဖူးတာက အရှင်ဘုရားဟာ တန်ခိုးကြီးလွန်းလို့ ဖူးခွင့်ရှိမှ ဖူးရတယ်ဆိုတာပဲ။ တကူးတက လာဖူးကြပေမဲ့ ရေကြီးလို့၊ ဘန်ကောက်မှာ အရေးအခင်းဖြစ်လို့၊ ကားကျပ်လို့… အဲလိုပေါ့လေ။ တချို့များ ထိုင်းနိုင်ငံထဲ ရောက်နေတာတောင် ခိုးဝင်အလုပ်သမားဖြစ်လေတော့ ထိုင်းရဲကြောက်ပြီး အရှင်ဘုရားဆီ မလာရဲကြဘူး ဆိုတာကိုး။ ဖူးခွင့်မရသူတွေဟာ အကြောင်းမျိုးစုံနဲ့ မဖူးရဘူးဆိုတာ စာအုပ်တွေထဲ ဖတ်ခဲ့ရတော့ ဘန်ကောက်ရောက်တာတောင် တပည့်တော် အသက်ဝဝမရှူရဲဘူး။ အခု အရှင်ဘုရား ရှေ့တော်ရောက်တော့မှ အသက်ရှူရဝ,တော့တာပဲ။

ဘုရားဝန်းကြီး စ,ဖွင့်ပါပြီဆိုကတည်းက ကြိတ်ကြိတ်တိုး တန်းစီနေတဲ့ နိုင်ငံပေါင်းစုံ ဘုရားဖူးတွေကြားမှာ ဗမာတွေ ပါကြတယ်။ တကယ့် ကမ္ဘာလှည့်ခရီးသည်ကြီးတွေလို တိုးရစ်ဂိုက်တွေနဲ့ သွားတဲ့သူတွေပါသလို ဒီလိုပဲ ဟိုကြည့်ဒီကြည့် သူများကြည့် လိုက်ကြည့်၊ သူများလက်အုပ်ချီ လိုက်လက်အုပ်ချီ၊ သူများကန်တော့ လိုက်ကန်တော့တဲ့ ဗမာတွေလည်း ပါသပေါ့ ဘုရား။ တပည့်တော်တို့လိုပေါ့လေ။ စကားပြန်အတွက် 'ဝင်ကြေး ဘတ်ငါးရာ' အကုန်မခံနိုင်တော့ စကားပြန်ကို အပြင်မှာ ထားခဲ့ပြီး ကိုယ့်ဘာသာကိုယ် ကြိတ်လိုက်ကြသူတွေပေါ့။ လူချင်းတူပေမဲ့ ကံချင်းမတူဘူးဆိုတာ အဲဒါကိုပြောတာနေမှာပေါ့ဘုရာ့။ တပည့်တော် တို့ဟာ ဘုရားဖူးချင်လို့ ဘုရားရှေ့ ရောက်လာတာတောင် ကံချင်းမတူတော့ ဖူးပုံဖူးနည်း ကွာတာပေါ့။ အရှင်ဘုရား သိတော်မူမှာပဲ။ အရှင်ဘုရားဆီ လာတိုင်တည်ကြ၊ ဆုတောင်းကြ ပူပန်သောက ဖြေဖျောက်ကြတဲ့ ဗမာလူမျိုးတွေဆိုတာ နေ့စဉ်ရက်ဆက်ပဲ မဟုတ်လားဘုရာ့။ ဗမာလူမျိုးတွေက ဆုတောင်းသန်ကြသူတွေကိုး။ နောက် မျှော်လင့်ချက်ဆိုတာ မရှိကြတော့တဲ့ အနေအထားမှာ ဆုတောင်းရုံသာ တတ်နိုင်ကြတော့တာလည်း ပါမှာပေါ့ ဘုရား။

အဲ… တပည့်တော် အမြင် ပွင့်ပွင့်လင်းလင်းကြီး ပြောရရင်ဖြင့် အရှင်ဘုရားတောင် ကံကောင်းလို့ ဘုရာ့။ ဒီတိုင်းပြည်ရောက်နေတာ အရှင်ဘုရား ကုသိုလ်ကောင်းလို့သာ နှလုံးသွင်းပါရော့။ ❑

၂။

ဘာလို့ဆို တပည့်တော် အရှင်ဘုရားကို ဖူးလိုက်ရကတည်းက…၊ အဲ… နေဦးဘုရာ့ တပည့်တော် ဘုရားကျောင်းဆောင်ထဲ ဝင်တာကနေ စ,ပြောမှ အရှင်ဘုရား မျက်စိလည်တော်မမူမှာကိုး။ တပည့်တော်တို့သားအမိလည်း အဆောင်ဆောင်အခန်းခန်းနဲ့ အင်မတန် ခမ်းနားထည်ဝါတဲ့ ဘုရား ပရဝဏ်ထဲမှာ ဟိုဒီ လျှောက်ကြည့်ရင်း အရှင်ဘုရားရဲ့ စံကျောင်းတော်ကို မနည်းရှာခဲ့ရတာဘုရား။ လူမျိုးပေါင်းစုံဟာ နေပူပူမှာ ကြိတ်ကြိတ်တိုးနေတာကိုး။ အရှင်ဘုရားရဲ့ စံကျောင်းတော်ဟာ ထိုင်းဘုရင့်နန်းတော်ထဲမှာ ရှိတာဆိုတော့ တပည့်တော်တို့မှာ ကြည့်စရာတွေအများသား။ ဘုရားရှင်ရဲ့ တရားတော်တွေ ထားတဲ့



www.burmeseclassic.com

www.burmeseclassic.com

စာကြည့်တိုက်၊ ကမ္ဘောဒီးယားက အန်းကောဝပ်ဘုရားကျောင်းဆောင်ပုံစံငယ်။ နောက်ဘီလူးရုပ်တုကြီးတွေ၊ ရင်သပ်ရှုမော ထိုင်းဗိသုကာလက်ရာတွေ၊ နံရံဆေးရေးပန်းချီတွေကြည့်ရင်း မန္တလေးနန်းတွင်းကို သွားသတိရတော့တာပဲ။ အပြင်မြင်ကွင်းမှာတော့ လေးဖက်လေးတန် ရေကျုံးပတ်လည်ဝိုင်းထားတဲ့ နန်းမြို့ရိုးနီနီဟာ မန္တလေးတောင် နောက်ခံပြီး အန့်မတန်ခံ့ညားတာမလား။ နန်းမြို့ထဲက ဘာမှန်းမသိရတဲ့ လူနေအိမ်ခြေ၊ အဆောက်အဦတချို့ကို ဖယ်လိုက်ရင် အင်မတန်ပြစားလို့ကောင်းမယ့် နေရာလို့ တွေးမိပါရော။ တပည့်တော်ဟာ သတိရခြင်း သံသရာလည်ရင်း ထပ်တွေးမိတာက နေပူပူကြီးမှာ ဖိနပ်သာ မစီးရရင် ဟိုဟိုဒီဒီ စိတ်အေးလက်အေး လည်နိုင်မယ်၊ လှေလာနိုင်မယ် မထင်ဘူး ဘုရား။ အရှင်ဘုရားရဲ့ စံကျောင်းရှေ့ရောက်မှ ဖိနပ်စင်တွေထားပေးပြီး ဖိနပ်ချွတ်ရတာဆိုတော့ ဖိနပ်စီးခြင်း ယဉ်ကျေးမှုကို ထပ်အတုခိုးမိရပြန်ရော။ စံကျောင်းရဲ့ အဝင်ဝမှာ လူအုပ်ကြီးဟာ အရှင်ဘုရားကို ဖူးမြော်ဖို့ ကျပ်တည်းတိုးဝေ့နေကြတယ်။ အဲဒီမှာတင် စကားပြန်ကောင်မလေးပြောလိုက်တာ သတိရသွားတယ်။ မြဘုရားရဲ့ရှေ့မှာ စည်းခြားထားသတဲ့။ ထိုင်းလူမျိုးတွေပဲ ဝင်ခွင့်ရသတဲ့။ နိုင်ငံခြားသားဘုရားဖူးတွေက စည်းအပြင်ကပဲ ဖူးရတာလို့ မှာလိုက်သကိုး။ လူတွေပြည့်ကျပ်နေရင် မတ်တတ်ရပ်ပြီး ဖူးရသတဲ့ ဘုရား။

တပည့်တော်တို့ သားအမိနှစ်ယောက်သား တစ်ယောက်မျက်နှာတစ်ယောက် ကြည့်မိပါရော။ အမေက သူ့တစ်သက်လုံး ဘုရားရှေ့ထိုင်ထိခြင်းငါးပါးနဲ့ ရှိခိုးလာတဲ့သူဆိုတော့ မတ်တတ်ရပ်ပြီး လက်အုပ်ချီဖို့ ဘယ်ကြည်သာလိုက်လျှောရှိပါ့မတုံး။ အဲဒီမှာတင် တပည့်တော်လည်း ကြံရဖန်ရတော့တာပေါ့။ အမေ့ကို နောက်ကထားပြီး ရှေ့က အတင်းတိုးရတာပဲ။

ဘုရားရှေ့ထိုင်ပြီး စိတ်အေးလက်အေး ဖူးစေချင်တဲ့ စေတနာက တိုက်တွန်းလေတော့ တော်၏မတော်၏ မစဉ်းစားနိုင်ဘူး။ မတ်တတ်ရပ်ဝတ်ပြုနေကြတဲ့ တရုတ်နွယ်ဝင်တွေ၊ ကမ္ဘာလှည့် ခရီးသည်တွေကြားက ဇွတ်တိုးဝင်လိုက်တာ "ထိုင်း လူမျိုးများသာ" ဆိုတဲ့ ဆိုင်းဘုတ်ရှေ့ရောက်ကရော။ ခါးလယ်လောက်ရှိတဲ့ သံပန်းစည်းထဲမှာ ထိုင်းလူမျိုး ယူနီဖောင်းဝတ်တစ်ယောက်က ကင်းလှည့်သလို ဟိုကြည့်ဒီကြည့်ပေါ့လေ။

အရှင်ဘုရား တပည့်တော်ကို သတိထားမိရင် ပြုံးတော်မူမှာပဲဘုရား။ တပည့်တော်က လည်ချောင်းကို လက်နဲ့အုပ်ပြီး အမေ့လက်တွဲလို့ စည်းအတွင်းထဲ ဝင်လိုက်တယ်။ အမေ့ကို ဘုရားရှေ့ နေရာလွတ်ရှိရာ တွန်းပို့ရင်း တပည့်တော်က နောက်ကလိုက်ရတာပေါ့လေ။ ထိုင်းလုံခြုံရေးက မြင်သွားတော့ အမေ့လက်လာတွဲပြီး ဟိုးရှေ့နေရာလွတ်ဆီ ခေါ်သွားပေးတယ်။ အဲဒီတော့မှ တပည့်တော့်ရင်ထဲ အလုံးကြီး ကျသွားတော့တာ။ ဟုတ်တယ်လေ၊ တပည့်တော်တို့လို ခရီးခဲဆစ် ဘုရားဖူးလာရသူအတွက် မတ်တတ်ရပ်ပြီး လက်အုပ်ချီရမယ်ဆိုရင် အမေက စိတ်ကောင်းမှာ မဟုတ်ဘူး။ ထိုင်းနဲ့ ဗမာဆိုတာ ရုပ်ချင်းခပ်ဆင်ဆင် မဟုတ်လား ဘုရား။ ဒီတော့ လုံခြုံရေးကများ မေးလာရင် အသံပဲ မထွက်သလိုလို၊ လည်ချောင်းပဲ နာသလိုလို ဟန်ဆောင်ဖို့ လက်နဲ့အုပ်ထားလိုက်တာ။ တပည့်တော်မှ ထိုင်းစကားမတတ်ဘဲကိုး။ ဒါပေမဲ့ အရှင်ဘုရား တန်ခိုးတော်ပဲ ဘုရား။ ဟန်ဆောင်စရာမလိုဘဲ အရှင်ဘုရားရှေ့အရောက် တပည့်တော်တို့ ဖူးခွင့်ရတော့တာပဲ။ ရှေ့ဆုံးမှာလည်း နေရာရရော တပည့်တော့်အမေဟာ ဘုရားရှိခိုးအမျိုးမျိုးထဲက ရှိခိုးနည်းပေါင်းစုံနဲ့ ရှိခိုးလိုက်၊ ပါလာတဲ့ပုတီးထုတ် စိပ်လိုက်၊ လက်နှစ်ဖက်ယှက်ပြီး တရားထိုင်လိုက်၊ ဘုရားရှေ့ စိတ်ပါလက်ပါ အာရုံဝင်စားနေလိုက်တာ တပည့်တော်ဖြင့် စောင့်ရတာ ညောင်းချည့်လာပါရော။

အဲဒါနဲ့ ဟိုဟိုဒီဒီကြည့်ရင်း အရင်ဆုံး သတိထားမိသွားတာက ထိုင်းလူမျိုးတွေနဲ့ သူ့အစိုးရကိုပဲ ဘုရား။

ဘုရားရှေ့ စည်းခြားတာတော့ တပည့်တော်တို့ မြန်မာနိုင်ငံမှာလည်း ရှိသပေါ့။ ဒါပေမဲ့ ဗမာလူမျိုးတွေအတွက် သီးသန့် စိတ်အေးလက်အေး နိုင်ငံသားအခွင့်အရေးရယ်လို့ ဦးစားပေးတာ မဟုတ်ဘူး ဘုရား။ ဘုန်းကြီးနဲ့ ယောကျ်ားတွေအတွက် သီးသန့်ထားတာ။ အဲဒီစည်းဝိုင်းထဲ မိန်းမဝင်မိရင် ပြည်ပျက်တော့မလို၊ မွေခေါင်ခေါင်လေကြီးမိုးကြီးကျတော့မလို အဲလိုတွေ။ ပါးစပ်ရာဇဝင်တွေပေါ့ ဘုရား။ အစဉ်အဆက် အဲလိုကန့်သတ်ခဲ့ကြတော့ စည်းဝိုင်းတားထားရင် ယောကျ်ားသားတွေအတွက်လို့ အလိုလိုနေရင်း အဓိပ္ပာယ်ပေါက်ရ၊ သိမ်ငယ်ရတော့တာပဲ။

ခုလို ရုတ်တရက်ကြီး "ထိုင်းလူမျိုးများသာ" ဆိုတဲ့ ဆိုင်းဘုတ်ကို တွေ့လိုက်ရတော့ အံမယ် ထိုင်းတွေ လူဝါးဝသပဟဲ့၊ ဗုဒ္ဓဘာသာ အချင်းချင်း နှိမ်သပဟဲ့လို့ ရုတ်တရက် တွေးမိသွားရာကနေ သေချာစဉ်းစားကြည့်တော့ တော်တော်ဝမ်းနည်းမိသွားတယ်ဘုရား။ ဩော်… သူ့အစိုးရ သူ့ပြည်သူတွေကို ဂရုစိုက်သပဟဲ့၊ ပြည်သူပြည်သား အချင်းချင်းကလည်း ယောကျ်ားမိန်းမ တန်းတူပဲ။ နင်တို့မိန်းမတွေ နောက်ကနေဟဲ့၊ အောက်ကနေဟဲ့လည်း မပြော၊ ဘုရားရှေ့မှာ အားလုံးဟာ တန်းတူညီမျှပါလားပေါ့။

အဲ… အဲ… တပည့်တော်လည်း လေရှည်နေလိုက်တာ ပထမပိုင်းတုန်းက လျှောက်ခဲ့တဲ့ အရှင်ဘုရားကံကောင်းတယ်ဆိုတာ အခုမှ လာတော့မှာ ဘုရား။

❑

၃။

ပါးစပ်ရာဇဝင်လား ဘာလားတော့ မသိဘူး



www.burmeseclassic.com

www.burmeseclassic.com

ဘုရား။ တပည့်တော်က လည်း စာကြမ်းပိုးအဆင့်ပဲကိုး။ သမိုင်းသုတေသီမဟုတ်လေတော့ အမှန်လား၊ ပါးစပ်ပြောတွေလား မသိဘူး။ အရှင်ဘုရားကို ထုဆစ်ခဲ့တာ အိန္ဒိယပြည်မှာတဲ့ ဘုရား။ ကမ္ဘာမှာ Emerald Buddha ဆိုပြီး ကျော်ကြားတဲ့ အရှင်ဘုရားရဲ့ ဇာတိက ပါတလိပုတ်ပြည်ပေါ့။ ရသေ့ကြီး နာဂသေနက ဗုဒ္ဓဘုရားရှင်ရဲ့ ပုံတူ ရုပ်ရှင်တော်မြတ်ကို ထုလုပ်ကိုးကွယ်ခဲ့တယ်။ ဂေါတမဗုဒ္ဓဘုရား ပရိနိဗ္ဗာန်စံပြီးနောက် နှစ်ပေါင်းငါးရာ လောက်မှာပေါ့ဘုရား။ ဂေါတမဗုဒ္ဓဘုရားရှင်ရဲ့ ပုံတူတွေထဲမှာ အရှင်ဘုရားဟာ ပထမဦးဆုံး ပုံတူလို့ ဆိုကြတယ်။ အရှင်ဘုရားရဲ့ ပုံတူကို ထုဖို့ ဟိန္ဒူနတ်ဘုရား ဗီနုနဲ့ လူတစ်ပိုင်း နတ်တစ်ပိုင်း အင်ဒရာနတ်ဘုရားရဲ့ အကူအညီကို ယူခဲ့သတဲ့။ အဲဒါဟာ အရှင်ဘုရားရဲ့ ဇာတိအစပေါ့လေ။ အဲဒီလိုနဲ့ အရှင်ဘုရားဟာ ပါတလိပုတ်မှာ ကိုးကွယ်ခံတော်မူရင်း ပြည်တွင်းစစ်ဖြစ်လာတော့ သီရိလင်္ကာကို ရောက်သွားဆိုသကိုး။

သီရိလင်္ကာကလည်း ဗုဒ္ဓဘာသာထွန်းကားတဲ့တိုင်းပြည်ဖြစ်လေတော့ အရှင်ဘုရားကို မြတ်မြတ်နိုးနိုး ကိုးကွယ်ကြတာပေါ့။ ဒါပေမဲ့ အင်မတန် ဘုန်းတန်ခိုးထွားတော်မူတဲ့ ပုဂံပြည့်ရှင် အနော်ရထာမင်းဟာ ရှင်အရဟံကို သံတမန်အဖြစ် စေလွှတ်ပြီး သီဟိုဠ်ပြည်(သီရိလင်္ကာ)က မြတ်စွာဘုရားရှင်ရဲ့ ဓာတ်တော်မွေတော်တွေနဲ့ အရှင်ဘုရားကို ပင့်ဆောင်စေခဲ့သတဲ့။ ဒါပေမဲ့ အပြန်ပင်လယ်ဖြတ် ခရီးကြမ်းမှာ လေကြီးမိုးကြီးကျပြီး အရှင်ဘုရားဟာ ကမ္ဘောဒီးယားကို ရောက်ပြီး သီတင်းသုံးနေခဲ့တာ နှစ်ပေါင်းရာချီ ကြာခဲ့ပြန်ပါရော။ နောက်တော့ ထိုင်း-ခမာစစ်ပွဲအပြီးမှာ ထိုင်းဘုရင်ဟာ အရှင်ဘုရားကို သူ့တိုင်းပြည်ကို ပင့်ဆောင်ခဲ့တယ်။ ခမာတွေဟာ ထိုင်းလူမျိုးတွေနဲ့ ဖြစ်တဲ့စစ်အပြင် ပလိပ်ရောဂါနှိပ်စက်လေတော့ ခမာယဉ်ကျေးမှု ပျက်စီးဆုံးရှုံးခဲ့တယ်လို့ ဆိုကြတယ်။ ခမာလူမျိုးတွေဟာ သူတို့ရဲ့ ဘုရားဆင်းတုတော်တွေ၊ ရိုးရာယဉ်ကျေးမှုတွေနဲ့ မြေကို သိမ်းပိုက်ခဲ့တဲ့ ထိုင်းလူမျိုးတွေကို "ဆီယမ် = သူခိုး"လို့ သမုတ်ခဲ့ကြလို့ ထိုင်းလူမျိုးတွေဟာ "ဆီယမ်"လို့ အမည်တွင်တော့သတဲ့။

နောက်တော့ အရှင်ဘုရားဟာ ထိုင်းနိုင်ငံကနေ လာအိုနိုင်ငံကိုရောက်၊ လာအိုနဲ့ ထိုင်း အပြန်အလှန်စစ်ပွဲတွေဖြစ်ပြီး နောက်ဆုံးမှာ ထိုင်းနိုင်ငံ၊ အယုဒ္ဓယကို ရောက်ခဲ့ပြန်ရော။ ဗမာဘုရင် အလောင်းဘုရားက အယုဒ္ဓယကို လာသိမ်းပိုက်တော့ ဗမာဘုရင်ကို ကြောက်တဲ့ ထိုင်းဘုရင်က ဘန်ကောက်ကို မြို့တော်သစ်ရွေးပြီး ပြောင်းရွှေ့ခဲ့ကတည်းက အရှင်ဘုရားဟာ ဒီနေရာမှာ အမြဲ သီတင်းသုံးဖြစ်ခဲ့တော့တာကိုး။ ခုနှစ်သက္ကရာဇ်တွေတော့ တပည့်တော် မမှတ်မိတော့ဘူး။ အရှင်ဘုရား ဘန်ကောက်စံကျောင်းတော်ကို ရောက်နေတာတော့ နှစ်ပေါင်း နှစ်ရာ့ငါးဆယ် ပြည့်တော့မှာပဲ။ တပည့်တော်လည်း ဒီလောက်ပဲ မှတ်မိတော့တယ်။ အရှင်ဘုရားကို ဘန်ကောက်စံကျောင်းတော်မှာ သီတင်းသုံးရအောင် ပင့်ဆောင်ခဲ့တဲ့ ထိုင်းဘုရင် ရာမ(၁)ဆိုတာ တပည့်တော်တို့ ကုန်းဘောင်မင်းဆက်နဲ့ ခေတ်ပြိုင်ပေါ့ဘုရား။ အခုလက်ရှိ "ချက်ကရီမင်းဆက်"ကို တည်ထောင်ခဲ့တဲ့ ဘုရင်ပေါ့။ အဲဒီတော့ တပည့်တော် စဉ်းစားမိတယ်ဘုရား။ ဗမာ့ရန်ကြောက်လွန်းလို့ ဘန်ကောက်မြို့တော်သစ်ကိုရှာ၊ "ချက်ကရီမင်းဆက်"ကို တည်ထောင်ခဲ့တဲ့ ထိုင်းဘုရင် ရာမ(၁)ရဲ့ မျိုးဆက်ဟာ ဟိုတစ်နှစ်က ကံတော်ကုန်ခဲ့တဲ့ ဘုရင် ဘူမိဘောပဲ။ ဘူမိဘောရဲ့သားဟာ အခုချိန်ထိ ထီးနန်းကို ထိန်းသိမ်းလို့ ထိုင်းပြည်သူလူထုရဲ့အချစ်ခံ၊ ဦးစားပေးခံဘဝမှာ ခံ့ခံ့ညားညား စံတော်မူနေတုန်းပဲ။ အဲဒီ ချက်ကရီမင်းဆက်နဲ့ ခေတ်ပြိုင် တိုက်ဖော်တိုက်ဖက်၊ ရဲဘော်ရဲဘက်၊ ကြောက်ဖော်ကြောက်ဖက်၊ ဘတစ်ပြန် ကျားတစ်ပြန် ရဲရင့်ခဲ့တဲ့ ဗမာ့သူရဲကောင်း ကုန်းဘောင်မင်းဆက်တွေက ခုတော့ဖြင့် ဘယ်ဆီဘယ်ဝယ်ပေါ့ ဘုရား။

အဲဒီလိုနဲ့ ဗမာပြည်လွတ်လပ်ရေးရခါနီးမှာ "ဆီယမ်"ဆိုတာကနေ "ထိုင်း"လို့ ပြောင်းဖို့ အမိန့်ထုတ်ခဲ့သတဲ့။ ပါးစပ်ရာဇဝင်တွေမှာတော့ "ဆီယမ်"ဆိုတာ ခမာတွေရဲ့ ယဉ်ကျေးမှုအမွေတွေကို ခိုးယူခဲ့ကြလို့ "သူခိုး"လို့ အဓိပ္ပာယ်ရကြောင်း ပြောကြတာကိုး။ အဲဒါကြောင့်ပဲလားတော့ မသိဘူး။ ထိုင်းလူမျိုးတွေက "ဆီယမ်"လို့ ခေါ်တာကို မကြိုက်ဘူးပြောတာပဲဘုရား။ နောက် ထိုင်း အဓိပ္ပာယ်နဲ့ "ဆီယမ်" ဆိုတာ ရွှေထွက်တဲ့မြေ၊ ရွှေမြေပေါ့လေ။ "ရွှေမြေပဲဖြစ်ဖြစ်၊ သူခိုးကြီးပဲဖြစ်ဖြစ်"ပေါ့ဘုရား။ အခုလက်ရှိမှာတော့ ထိုင်းလူမျိုးတွေရဲ့ စိတ်ဓာတ်တွေ၊ ရုပ်ပစ္စည်း တိုးတက်မှုတွေကို တပည့်တော်တို့ ရွှေဗမာတွေ နှစ်နှစ်ဆယ်နဲ့ မီပါ့မလား ဘုရား။ ကျော်ဟိန်းရဲ့ လက်ဆယ်ချောင်း နှစ်ခါပြန် ထောင်ပြတာတောင် ထိုင်းကို မီပါ့မလား။

ဒီတစ်ခါတော့ တကယ်ပြောပါပြီဘုရား။ အရှင်ဘုရား ကံကောင်းတော်မူတဲ့ အကြောင်းလေ။ တပည့်တော်လည်း အမေ့စောင့်ရတာ ပျင်းပျင်းနဲ့ စိတ်ကူးတည့်ရာ လျှောက်သံတော်ဦးတင်နေတော့ အရှင်ဘုရားလည်း နားငြီးရော့မယ်။ အရှင်ဘုရားဟာ အင်မတန်သပ္ပာယ်လှတဲ့ ရွှေပလ္လင်တော်ပေါ်မှာ သီတင်းသုံးနေတာကို မြင်ကတည်းက သာစုသုံးခွန်း လေးလေးနက်နက် ခေါ်မိတာပဲ ဘုရား။ ဘာကြောင့်လဲဆိုတော့ တပည့်တော်တို့ တိုင်းပြည်က ဘုရားတွေဟာ အရှင်ဘုရားလောက်မှ ကံကောင်းတော်မမူကြဘူးကိုး ဘုရား။ တပည့်တော်ဖြင့် ဘုရားရုပ်ပွားတော်ချင်း တူ



www.burmeseclassic.com

www.burmeseclassic.com

တာတောင် ကံချင်း မတူတာကို တွေးမိပြီး ကြက်သီးထ၊ မိပါရောဘုရား။ ဟော… တပည့်တော်က ဒီလိုလျှောက်တော့ အရှင်ဘုရား ပြုံးတော်မူပြီလား ဘုရား။ ကဲပါ တပည့်တော် လေရှည်မနေဘဲ လျှောက်တင်ပါတော့မယ် ဘုရား။

❑

၄။

တပည့်တော်ဟာ အရှင်ဘုရားအရိပ်ထဲ ရောက်ကတည်းက အမေ့အတွက် နေရာ အရင်ရှာနေခဲ့တော့ အင်မတန် ကျော်ကြားလှတဲ့ အရှင်ဘုရားကို ချက်ချင်း မော်မဖူးဖြစ်ဘူး ဘုရား။ အမေ့အတွက် နေရာရပြီး အခါအခွင့်သင့်လို့ မော်ဖူးလိုက်တယ်ဆိုရင်ပဲ ကြည်နူးပီတိနဲ့ မျက်စိမလွှဲနိုင် ဖြစ်ရတော့တာပဲ။ မဖြစ်ခံနိုင်ရိုးလား ဘုရား။ မြန်မာနိုင်ငံမှာတုန်းက ကြားခဲ့ဖူးသလိုပဲ အရှင်ဘုရားရဲ့ ဉာဏ်တော်ဟာ ခပ်နိမ့်နိမ့်ပဲ။ ဒါကို သိပြီးသားမလို့ မအံ့သြပါဘူး။ တပည့်တော် အံ့သြမိတာက အရှင်ဘုရားစံတော်မူနေတဲ့ ရွှေပလ္လင်တော်နဲ့ အင်မတန် လိုက်ဖက်ညီလှတဲ့ အခင်းအကျင်းကိုပါပဲ။

အရှင်ဘုရားဟာ ဘုန်းတော် ခြောက်ပါးထဲက တစ်ပါးဖြစ်တဲ့ "သီရိဘုန်းတော်-ရွှေမျက်နှာတော် ရွှေလက်တော်မှ စ၍မကြွင်း ပင်လုံးဝင်းသည် ပန်းမင်းအနေကျက်သရေမင်္ဂလာ စုဝေးကာဖြင့် လွန်စွာတင့်တယ်သပ္ပာယ်တော်မူသော ဘုန်းတော်"နဲ့ ပြည့်စုံလွန်းလို့ တကယ့်သက်ရှိထင်ရှားမြတ်ဘုရားကို ကိုယ်တိုင်ဖူးမြော်လိုက်ရသလို ငြိမ်းအေးချမ်းသာခြင်း သန္တိသုခနဲ့ ပြည့်စုံပြီး ကြည်နူးစိတ်တွေနဲ့ တပည့်တော်ရင်ထဲမှာ တလှိုက်လှိုက် ဖြစ်လာပါလေရော။

အရှင်ဘုရား စံမြန်းတော်မူနေတဲ့ ခန်းမဆောင်ကြီးတစ်ခုလုံးကို အင်မတန် လက်ရာမြောက်တဲ့ နံရံဆေးရေးပန်းချီတွေနဲ့ ပူဇော်ပသထားတယ်။ ရွှေပလ္လင်တော်ရဲ့ ဘေးနှစ်ဖက်နဲ့ နောက်ကျောဘက်မှာ ဗုဒ္ဓမြတ်စွာ တရားဟောနေပုံ၊ ရဟန်းငါးရာခြံရံပြီး ဒေသစာရီလှည့်လည်နေပုံ။ နောက်တော့ ကောင်းကင်နတ်ဘုံနတ်နန်းမှာ နတ်သား၊ နတ်သမီးတွေကို တရားပြနေပုံတွေဟာ စကြဝဠာအနန္တမှာ ဘုရားရှင်စိုးမိုးခဲ့ပုံကို မျက်မြင်ထင်ရှား မြင်လိုက်ရသလို ခံစားရတော့တာပဲ။ တိမ်စိုင်တိမ်လွှင်းတွေအလယ်မှာ ချိတ်နီရောင်၊ ရွှေရောင်၊ သင်္ကန်းရောင်၊ သစ်ပင်တောတောင် စိမ်းရောင်စို၊ အဆောက်အဦ ပုံသဏ္ဌာန်စုံနဲ့ ဗုဒ္ဓမြတ်စွာဘုရား၊ ရဟန်းတော်တွေ၊ နတ်သမီးနတ်သားတွေ၊ အလုပ်အကျွေးပြု တပည့်သာဝကတွေအားလုံးရဲ့ ပုံဟန်အရောင်အရိပ်တွေကို တစိမ့်စိမ့်ကြည့်ရင်း ကြည်နူးမိစေ၊ ကြည်ညိုမိစေ၊ ကျေနပ်မိစေတာပဲ။

ခန်းမနောက်ပိုင်း လူပရိသတ်ထိုင်တဲ့ အပိုင်းမှာတော့ ရာမာယနဇာတ်တော်ကြီးကို ဇာတ်ကွက်ဇာတ်လမ်းတွေနဲ့ သရုပ်ဖော်ထားတာလည်း အတော်စိတ်ဝင်စားဖို့ကောင်းတာ။ မြေပြင်ကို တကယ့်မြေနီရောင်၊ ဘီလူးတွေ၊ မျောက်တွေရဲ့ ချပ်ဝတ်တန်ဆာတွေက ရွှေရောင်၊ ဘီလူးအသားက ခရမ်းပြာ၊ မျောက်အသားတွေကို အညိုရောင်၊ သစ်ပင်တွေဟာ စိမ်းတာစိမ်း၊ နီတာနီ၊ ဝါတာဝါ အို… တကယ့်ကို အရောင်ရိပ်မျိုးစုံဟာ မျက်နှာမလွှဲနိုင်အောင်ပါပဲ။ ရွှေဗမာတွေဆိုရင်တော့ "ဘုရားကားအောက် မျောက်ကားအထက်" မသင့်တော်ဘူးလို့ ရေရွတ်ကြမယ် ထင်တာပဲ ဘုရား။

နောက် အရှင်ဘုရား သီတင်းသုံးတဲ့ ရွှေပလ္လင်ဟာ ၁၂ ပေတော့ မြင့်လောက်ရဲ့။ ရွှေပလ္လင် ဘေးတစ်ဖက်တစ်ချက်မှာ နတ်သား လေးပါးဟာ နိမ့်မြင့်တန်းပြီး ခစားနေကြတယ်။ နောက် ပလ္လင်ရဲ့ရှေ့ တစ်ဖက်တစ်ချက်မှာတော့ ပိုအရွယ်အစားကြီးတဲ့ နတ်ရုပ်ကြီး နှစ်ရုပ်ရှိလေရဲ့။ ရွှေပလ္လင်ရှေ့မှာ မီးတိုင် တချို့နဲ့ ပန်းမျိုးစုံ ပူဇော်ထားတဲ့ ငွေလင်ပန်းတွေကို တွေ့ရပြန်တယ်။ ပန်းမွေ့ရာ ငွေလင်ပန်းတွေဟာ လေးငါးဗန်းပါပဲ။ ဒီထက် မပိုဘူး။

နောက်ခံပန်းချီ နီညိုညို၊ စိမ်းညို့ညို့ အလယ်မှာ ရွှေရောင်တောက်နေတဲ့ အရှင်ဘုရားရဲ့ စံအိမ်တော်ဟာ အင်မတန် ကြည်ညိုသပ္ပာယ် စရာကောင်းလှတဲ့ အခင်းအကျင်းပါပဲ။ အလင်းရောင်ပေးထားပုံကလည်း အရှင်ဘုရားရဲ့ အသရေကို ပိုတောက်ပလင်းလက်စေတယ်။ အဲဒီပလ္လင်ထက်မှာ ထက်ဝယ်ဖွဲ့ခွေ စံတော်မူနေတဲ့၊ အချိုးအစားကျနလှတဲ့ ကိုယ်ဟန်အနေအထားကို ဖူးမြော်ရတဲ့ တပည့်တော့်ရင်ထဲ ကြည်ညိုသဒ္ဓါစိတ်နဲ့ ရွှင်လန်းအားတက်စိတ်ကို တစ်ပြိုင်တည်း ခံစားရတော့တာပဲ။

တပည့်တော်ပြောချင်တဲ့ အရှင်ဘုရား ကံကောင်းတော်မူတယ်ဆိုတာ အဲဒါပဲ ဘုရား။

အရှင်ဘုရားကို ဖူးမြော်လို့ရလာတဲ့ ပီတိသုခကို တငြိမ့်ငြိမ့်ခံစားနေရင်း တပည့်တော်ဟာ မန္တလေးက မဟာမုနိဘုရားရယ်၊ အင်းလေးက ဖောင်တော်ဦးဘုရားတွေရယ်ကို သွားမြင်မိတော့တာပါပဲ။ တပည့်တော်တို့ လူမျိုးဟာ သံသရာကို အင်မတန် ယုံကြည်ကြတဲ့ လူမျိုးကိုးဘုရား။ တပည့်တော်တို့ ဗမာတွေရဲ့ ကြည်ညိုသဒ္ဓါစိတ်တွေ၊ အလှူဒါနအပေါ် အဓိပ္ပာယ်ဖွင့်ပုံတွေ၊ နောင်သံသရာ ကောင်းစားဖို့ ရည်ရွယ်ချက်နဲ့ ဒီဘဝမှာ အတ္တကို ရှေ့တန်းတင်ပြီး လှူနေကြတာတွေကို မျက်လုံးထဲမှာ ကွက်ကွက်ကွင်းကွင်း မြင်လာပါလေရော။

တပည့်တော် တစ်ခု သတိထားမိတာက အခု အရှင်ဘုရားရှေ့ တပည့်တော် ထိုင်နေတဲ့ အချိန်မှာလည်း "ထိုင်းလူမျိုးများသာ"ဆိုတဲ့ စည်းပိုင်းထဲဝင်လာတဲ့ ဘုရားဖူးတော်တော်များများဟာ အမွှေးတိုင်၊ ဖယောင်းတိုင်တွေ၊ ပန်းတွေကိုင်လာတာ

စာမျက်နှာ(၁၀၅)သို့…



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ကျွန်မဖေဖေက စာရေးဆရာတစ် ယောက်ပါ။ အဲဒီတော့ ဖေဖေ့မိတ်ဆွေ တော်တော်များများက စာရေးဆရာ၊ ကဗျာဆရာ၊ ပန်းချီဆရာ၊ ကာတွန်း ဆရာတွေပဲပေါ့။ ကျွန်မအနေနဲ့ သူတို့တွေ ကို သူတို့ကလောင်အမည်တွေနဲ့ တွဲသိ နေတာလည်း ရှိပါတယ်။ တွဲပြီး မသိတာလည်း ရှိပါတယ်။ ကလေးဗိုလ် ဦးမြဇာ၊ ဦးငွေကြည်၊ ဦးရွှေမင်းသား တို့ကိုပဲ ပိုသိ ပိုရင်းနှီးနေတာပါ။ သူတို့ရဲ့ ကာတွန်းစာအုပ်လေးတွေကို သူတို့လက်

# ဦးမြင့်သန်း

သုံးနှုန်းတတ်တယ်။ ဦးရွှေမင်းသားကို ကိုလှိုင်တဲ့။ ဆရာဒီကို ကိုမျိုးညွန့်တဲ့။ ဘဘ ဦးမြတ်သစ်ကို စိန်သန်းကြီးတဲ့။ ဦးချစ်ကို ကျော်စွာတဲ့။ ဦးတင်လှဝင်းကို ကျ အစ်ကိုလေးတဲ့။

အစ်ကိုလေးနဲ့ ဆရာဒီကိုတော့ ကျွန်မငယ်ငယ်ကလေးကတည်းက ပန်းချီဆရာတွေမှန်း သိနေပါတယ်။ ကျွန်မမှတ်မိသလောက် ကျွန်မတို့အိမ်မှာ အစ်ကိုလေး ပန်းချီကားက တစ်ချပ်၊ ဆရာဒီ ပန်းချီကားက နှစ်ချပ်တောင် ရှိနေတာကိုး။ ဆရာဒီ ပန်းချီကား တစ်ချပ်က တောင်တစ်လုံးထီးတည်း နောက်ခံနဲ့ အဝါရောင်လယ်ကွင်း ပုံ ရှုမျှော်ခင်း ပန်းချီကား။ နောက် တစ်ချပ်က ကျောက်သင်ပုန်း၊ ကျောက်တံနဲ့ သစ်သားပေတံကလေး တစ်ချောင်းပါတဲ့ ပန်းချီကား။ နှစ်ချပ်

မြင်တိုင်း ကြောက်စိတ်ဝင်မိတဲ့ ရေဆေး ကားကလေး။ လေ့ပေါ်က လူအရိပ်တွေ ရေထဲ ထင်နေသလိုလိုနဲ့။ စာအုပ်စင်ရှိ ရာကို စာအုပ်ရှာဖို့၊ စာအုပ်ပြန်ထားဖို့ သွားတိုင်း အဲဒီပန်းချီကားကို ကျွန်မက မကြည့်မိအောင် သတိထားရတယ်။ ဒါပေမဲ့ အဲဒီ အစ်ကိုလေးက လူက နုသလို စကားပြောရင်လည်း သိပ်နုတာ ပဲ။ တစ်ရက် အိမ်ကို သူ အလည်လာ တော့ ဖေဖေက ကျွန်မကို ရေနွေးကြမ်း ယူလာခိုင်းဖို့အတွက် လှမ်းခေါ်တယ်။ ကျွန်မက ထုံးစံအတိုင်း 'ရှင်…'လို့ ထူးလိုက်တာပေါ့။ သူတို့အနား ကျွန်မ ရေနွေးကြမ်းသွားချပေးတော့ အစ်ကို လေးက 'သမီးရဲ့ အဲဒီ ရှင်… ဆိုတဲ့ အသံကလေးကိုက လှတာ' တဲ့။ ကျွန်မ မှာ သူရှင်းပြဖွဲ့နွဲ့နေတဲ့ အသံရဲ့ အလှ အကြောင်းကို အတော်ကြာအောင် မတ်

www.burmeseclassic.com

www.burmeseclassic.com

ရှိနေတယ်လို့ ကျွန်မတို့ မေ့နေလောက်အောင်ကို ကြာတာ။ ပြီးရင် ဆရာဒီက အကြာကြီး ပျောက်သွားပြန်ရော။ တစ်ခါကဆို သူ့ရဲ့ခေတ်ပေါ် ပန်းပုရုပ် တစ်ရုပ်ကို ဖေဖေကမကြိုက်ဘူး၊ နားမလည်ဘူး ပြောမိလို့တဲ့ ဖေဖေ့ကို သူက အပြစ်ပေးတယ်ဆိုပြီး "ခင်ဗျားနဲ့ ခြောက်လ စကားမပြောဘဲနေမယ်" ပြောသွားတာတဲ့။

ဦးဝသုန်ကိုကျတော့ ကျွန်မက သူ့ရဲ့ပန်းချီကားတွေ မပါဘဲနဲ့ကို ရင်းနှီးနေတာပါ။ သူက ဖေဖေနဲ့ အရပ်အမောင်းရော၊ ခန္ဓာကိုယ်ရော၊ မျက်နှာသွယ်တာရော ဆင်ဆင်တူတယ်လေ။ ဖေဖေကတော့ ကျွန်မအဖေမဟုတ်လား။ ပိုချောတယ်လို့ ထင်မိတာတော့ ရှိတာပေါ့။ ဦးဝသုန်က မနက်စောစောပိုင်းတွေမှာ အိမ်ကို လာလေ့ရှိတယ်။ တစ်ခါတလေ မေမေကြိုက်တတ်တဲ့ ငါးခြောက်ဝိုင်းဝိုင်းသေးသေးလေးတွေ ဈေးကဝယ်လာပြီး "မချိုရီကြိုက်တတ်လို့" ဆိုပြီး ဝင်ပေးတတ်ပါတယ်။ မေမေ ဘုရားရှိခိုးနေချိန်၊ ဖေဖေကလည်း မနိုးသေးဘူးဆိုရင်တော့ ကျွန်မနဲ့ စကားစမြည်ပြောပြီးမှ ပြန်ပါတယ်။ သူက ကျွန်မကို လူကြီးတစ်ယောက်လို အလေးထားပြီး စကားပြောတတ်တာ ကျွန်မမှတ်မိနေပါတယ်။

အဲဒီအချိန်တွေတုန်းက ကျွန်မတို့ အိမ် ကို အဝင်အထွက်များလို့ ကျွန်မ မှတ်မိနေတဲ့ တခြားသူတွေလည်း ရှိပါသေးတယ်။ ချိုချိုလို့ ကျွန်မ ခေါ်တတ်တဲ့ ဦးဖိုးချို၊ ဦးဖေသဏ်း၊ ဦးကျော်သောင်း၊ ဦးပေါ်သိမ်း၊ ဦးချိမ့်။ နောက် ဘကြီးမိုး၊ ဘကြီးစိန် စသဖြင့်ပေါ့လေ။ ပြီးတော့ မုတ်ဆိတ်မွေးတွေနဲ့ ဖေဖေ့ရုပ်ရှင်တွေထဲ ပါပါတတ်တဲ့ ဦးလေး၊ ဘဘဦးအောင်စိုးကို ကျွန်မက ဦးလေးလို့ပဲ သိခဲ့တာ။ ဖေဖေက ဦးလေးလို့ပဲ ခေါ်တာကိုး။ သူနဲ့စာရင် ကျွန်မက သူ့ဇနီး အမေမာနဲ့ပဲ ပိုရင်းနှီးနေပါတယ်။ အများအားဖြင့်ကတော့ ဖေဖေ့မိတ်ဆွေတွေဆိုတာ ပြောခဲ့သလိုပဲ ကဗျာဆရာ၊ ပန်းချီဆရာတွေ အများစု မဟုတ်လား။

azazUawmh olwlf csifcsif awlflu pUm; ajymfLUwlb cg trsm;tm;jzifh emrnf&ifawGm ac:a0: olfEfwwfv, f 0D&Tifom;Ukd Ukdvbdfvbh q&m' DUkd UkdEkdnfESfvbh bb 0jDwfbpfUkd pefbefUDvbh 0DpfUkd aUsmfpfESvbh 0Dvifv0Sif fUkdus tpfUkdv;wbh

ပိန်ပိန်ပါးပါး၊ ညှဉ်းဆိုးဆိုး၊ မသပ်မရပ်တွေပဲပေါ့။

ဒါပေမဲ့ အဲဒီလို လူတွေ အများကြီးထဲမှာ သူတို့တွေနဲ့ သိပ်မတူတဲ့ ရုံးဝတ်စုံနဲ့ ဦးလေးကြီးတစ်ယောက်လည်း ပါပါတယ်။ ဖေဖေက သူ့ကို ကိုမြင့်သန်းတဲ့။ သူက လည်ကတုံး အင်္ကျီအဖြူကို ပုဆိုးအကွက်ကြီးကြီးတွေနဲ့ တွဲဝတ်ပြီး ပါတီအိတ်ကြီး လက်မှာ အမြဲဆွဲလာတတ်တယ်။ ဒီတော့ ကျွန်မက သူ့ကို စာရေးဆရာ၊ ကဗျာဆရာ၊ ပန်းချီဆရာ ဘယ်ထဲမှာမှ မထည့်ဘဲ ရုံးသမားကြီး ဦးမြင့်သန်းလို့ပဲ မှတ်ထားလိုက်မိတော့တယ်။

သူက ဖေဖေ့ တခြား မိတ်ဆွေတွေနဲ့ မတူ အတော့်ကို ထူးခြားနေပါတယ်။ အသားဖြူဖြူ၊ ဝဝ၊ သန့်သန့်။ မျက်နှာဝိုင်းဝိုင်း။ နှုတ်ခမ်းပါးပါးက သွေးရောင်အမြဲ လွှမ်းနေပါတယ်။ စကားပြောတာကလည်း တိုးတိုးလေးရယ်။ တိုးတဲ့အပြင်လေးက လေးသေးတယ်။ မေမေ့နာမည် နှစ်လုံးတည်းကိုတောင် အတော်လေး အားယူပြီး ခေါ်ရသလို လေးတွဲ့တယ်။ "မ…ချို…ရီ" လို့ သူ့နှုတ်ခမ်းက ထွက်ဖို့ရာ အတော်ကိုစိတ်မရှည်နိုင်စရာ။

ဦးမြင့်သန်းနဲ့ ဆန့်ကျင်ဘက်က အန်တီ မအေးသောင်း။ သူ့ချစ်ဇနီးပါ။ လူပုံက ပါးပါးလျားလျား၊ ထဘီကို တိုတိုဝတ်တတ်ပြီး စကားကို အားရပါးရ ကျယ်ကျယ်ပြောတတ်တယ်။ စိတ်မြန်လက်မြန်ရှိမယ့်ပုံဆိုတာ မြင်တာနဲ့ သိတယ်။ သိဆို မေမေနဲ့သူ စကားပြောနေတာ၊ ဦးမြင့်သန်းကို အိမ်မှာလာလာရှာတဲ့အခါတွေမှာ သူ့ရဲ့ ပြုမူပြောဆိုနေပုံတွေက မြင်သာနေတာကိုး။

သူတို့က ကျွန်မတို့အိမ်နောက်ဘက် ရွှေနားပန်ဘုရားကုန်းနားမှာ နေခဲ့ကြဖူးတယ်။ အိမ်နီးတော့ မကြာခဏ တွေ့တွေ့နေရတာပဲပေါ့။ ဦးမြင့်သန်းဆီ တယ်လီဖုန်းတွေဘာတွေ လာရင်လည်း ကျွန်မက အန်တီ မအေးသောင်းဆီ သွားပြေးပြောပေးရတယ်လေ။

သူတို့နဲ့ ပတ်သက်ပြီး ကျွန်မမျက်စိထဲ စွဲနေတာတစ်ခုက အန်တီ မအေးသောင်းက ဦးမြင့်သန်းကို ဒေါသတွေထွက်ပြီး ပြောဆိုနေလည်း ဦးမြင့်သန်းက ဘာမှ မဖြစ်သလိုပဲပုံမှန် နေမြဲလိုရှိနေတတ်တာကိုပဲ။ မျက်နှာငယ်နေတာ၊ စိတ်တိုတာ၊ ခံပြင်းတာ၊ မကျေနပ်တာ ဘာဆိုဘာမှမဖြစ်ဘဲ နဂို သူ့ကိုမြင်နေကျအတိုင်း မြင်နေရတာကိုက ကျွန်မအတွက် ထူးဆန်းနေတာ။ သူ့တုံ့ပြန်ပုံက သူ့ပင်ကိုလေသံ တိုးတိုးလေးနဲ့ပဲ။ အေးအေးဆေးဆေးပဲ။

ပြီးတော့ ဖေဖေက ကျွန်မကို ပြောပြောနေကျ ဦးမြင့်သန်းကြီးရဲ့ အမှတ်တရတစ်ခုလည်း ရှိသေးတယ်။ အဲဒီနေ့က…။ ဖေဖေတို့က ဆုံနေကျ လမ်းဘေးလက်ဖက်ရည်ဆိုင်တစ်ဆိုင်မှာ လူစုံနေကြတာတဲ့။ ဖေဖေက မိတ်ဆွေ



www.burmeseclassic.com

www.burmeseclassic.com

စာရေးဆရာ ရှေ့နေတစ်ယောက်နဲ့ ထိုင်နေတာတဲ့။ တခြားဝိုင်းတွေမှာလည်း စာရေးဆရာတွေ၊ ပန်းချီဆရာတွေ ထိုင်နေကြတာ။ ဦးမြင့်သန်းလည်း ပါသတဲ့။ အဲဒီရက်က အားလုံးနီးပါး ပိုက်ဆံပြတ်နေကြသတဲ့။ လက်ဖက်ရည်တစ်ခွက်ကို တစ်ဝက်စီသောက်တဲ့သူတွေက သောက်။ ဘာမှ မမှာသေးဘဲ လက်ဖက်ရည်တိုက်မယ့် ဒကာကို စောင့်တဲ့သူတွေက စောင့်နေကြတဲ့ အချိန်ပေါ့။ တွေရာလေးပါး ရောက်တတ်ရာရာ စကားပြောနေကြရင်း ဖေဖေ့မိတ်ဆွေ ရှေ့နေကလည်း သူ့အခက်အခဲတွေ ပြောရင်းဆိုရင်း အမှုတစ်ခုလောက် လိုက်ရရင်ကောင်းမယ်လို့ ညည်းသတဲ့။ အဲဒီအချိန် ဖြုန်းဆို အန်တီမအေးသောင်း ရောက်ချလာပြီး မပြောမဆိုနဲ့ ဦးမြင့်သန်းကြီးကို ထီးနဲ့ ရိုက်ပါလေရောတဲ့။

ဦးမြင့်သန်းကလည်း လက်ကလေး ကာကာပြီး ဟိုဟာ… ဟိုဟာနဲ့ပေါ့။ ဘေးကပ်လျက်က ပန်းချီဆရာကြီးက "ဟဲ့ မအေးသောင်းရဲ့ မလုပ်ပါနဲ့ဟ မလုပ်ပါနဲ့" ဆိုပြီး ဝင်ဆွဲတော့ ပန်းချီဆရာကြီးကိုပါ ထီးနဲ့ ရိုက်လိုက်ရင်း ဦးမြင့်သန်းကို "ဟင်… ရှင့်ကို ပိုက်ဆံသွားရှာပါဆိုတာ ဒီကလေကချေတွေနဲ့ လက်ဖက်ရည်ဆိုင်လာပြီး အလေလိုက်နေတယ်" လို့ ဆူပါလေရော။ ရုတ်ရုတ်သဲသဲတွေဖြစ်နေချိန် ဖေဖေက သူ့မိတ်ဆွေရှေ့နေကို "ဟော့လူ။ ခင်ဗျား အမှုလိုချင်နေတယ်ဆို။ အဲမှာ အမှုဖြစ်နေပြီလေ။ ကိုမြင့်သန်းဘက်က နေ ရှေ့နေလိုက်ပေးလိုက်" ဆိုတော့ "တော်ပါဗျာ ခင်ဗျားကလည်း။ ဒီအမှုတော့ မလိုက်ပါရစေနဲ့"တဲ့။ နောက်ပိုင်းမှာ ဦးမြင့်သန်း အရိုက်ခံရတာကို မိတ်ဆွေအပေါင်းအသင်းတွေ ရယ်ပွဲဖွဲ့ကြရင် ဦးမြင့်သန်းကတော့ သူပြုံးနေကျ မပွင့်တပွင့်အပြုံးနဲ့ "အေးဗျာ…" ဆိုပြီး ရော အရိုက်ခံ၊ အပြောခံရတဲ့ မိတ်ဆွေတွေကို အားနာနေတော့တာတဲ့။

ဦးမြင့်သန်းကြီးနဲ့ ပတ်သက်ပြီး ကျွန်မ ဘယ်တော့မှ မမေ့တဲ့ နောက်

olwbMwEb'ygfwlwh
½kdwpf;ddkYa&mv;ukD
wpf, muf/nf
ygygw, fazazu
olUukd
ujidibefwbolu
vnfuwkd
t ufb jzlukd
ykqkd t uGJukBuD
awEGKwBwlygD
ygwbD wd/EukD
vuf6
tjrd;qGmwwfv, f
'Dwmh
ukfu olUukd
pma&;q&m? uAsmq&m?
yef;cDq&m
b, fxJrSx nfbJ
½kdorm;BuD
0pDi fbefvyJU
rSwfxm;vkdufawmh
w, f

ထပ် အကြောင်းတစ်ခုလည်း ရှိပါသေးတယ်။ ကျွန်မတို့အိမ်က ရုပ်မြင်သံကြားစက်နဲ့ ပတ်သက်တဲ့အကြောင်းပါ။ အဲဒီအချိန်တုန်းက မေမေက လက်ဖက်သုပ်၊ ချင်းသုပ်ဆိုင်လေး ဖွင့်ထားပါတယ်။ မေမေ့ဆိုင်လေးက သိပ်ကို ရောင်းကောင်းတယ်။ ရပ်ကွက်က ဈေးဆိုင်ကောင်းကောင်းရယ်လို့လည်း သိပ်မရှိ၊ ကားမှတ်တိုင်နဲ့ နီးပြီး ညဘက် ဘတ်စ်ကားကြီးတွေ ဂိတ်သိမ်းချိန် ဆယ်နာရီ၊ ဆယ့်တစ်နာရီလောက်အထိ စောင့်ရောင်းတာမို့ အမြဲလို ရောင်းရပါတယ်။ အဲဒီတော့ ထိုက်သင့်တဲ့ အမြတ်ငွေလေးတွေ ထွက်လာတာပေါ့။ အချိန်အတိုင်းအတာတစ်ခုအရောက်မှာ မေမေက စုထားတဲ့ အဲဒီအမြတ်ငွေလေးတွေ ရယ်၊ ဖေဖေ့စာမူခတွေရယ် ပေါင်းပြီး ရုပ်မြင်သံကြားစက်တစ်လုံး ဝယ်ဖို့ကြိုးစားတယ်။ နောက်တော့ ဦးမြင့်သန်း ကျေးဇူးနဲ့ တိုရှီဘာ ရောင်စုံရုပ်မြင်သံ ကြားစက်ကြီး အိမ်ကို ရောက်လာတော့တာပါပဲ။ ဦးမြင့်သန်းရဲ့ မိတ်ဆွေဆိုလား၊ ညီဆိုလား သင်္ဘောကနေ ပါလာတာတဲ့။

ကျွန်မတို့မောင်နှမတစ်တွေ ပျော်လိုက်တာ။ ဦးမြင့်သန်းကြီးကိုလည်း ကျေးဇူးတော်တော်တင်မိတယ်။ ရုပ်မြင်သံကြားစက်ကြီး ရပြီဆိုကတည်းက ကျွန်မမျက်စိထဲမှာ ဦးမြင့်သန်းကြီးဟာ ပိုပြီး ကြည့်လို့ကောင်းလာတယ်။ သူ့ရှုံ့အင်္ကျီဆီက တစ်ခါတလေ ရတတ်တဲ့ အနံ့အသက်တွေကိုလည်း သတိမထားမိတော့ပါဘူး။ သူ့ရဲ့ စိတ်မရှည်နိုင်စရာကောင်းတဲ့ စကားသံတွေကိုသည်းခံပြီး နားထောင်နိုင်လာတယ်။ တစ်ခါတလေ ဖေဖေက သူ့ကို မြေကြီးလို့ခေါ်တဲ့ အခါမျိုးမှာတောင် ရယ်ချင်ပေမဲ့ နာမည်က အမိုက်စားပါလားလို့ တွေးမိလာပါတော့တယ်။

ရောင်စုံရုပ်မြင်သံကြားစက်က ကျွန်မတို့ မောင်နှမတွေအတွက်တော့ တကယ့်ကို ဂုဏ်ယူပီတိ ဖြစ်စရာပါ။ သူငယ်ချင်းတွေကြားမှာ မျက်နှာပွင့်တယ်လေ။ နောက်ပြီး ဇာတ်လမ်းကောင်းတဲ့ ညတွေ၊ စနေ၊ တနင်္ဂနွေ နေ့လယ်ခင်းတွေဆို ကျွန်မက ပိုက်ဆံကောက်ပြီး ရုပ်မြင်သံကြားဇာတ်လမ်းကို ပြတယ်။ ကလေးတစ်မတ်၊ လူကြီးငါးမူးနဲ့ပေါ့။ အဲဒီလို ပြလို့ရတဲ့ အပိုဝင်ငွေဟာ ကျွန်မတို့ မောင်နှမတွေအတွက် မုန့်ဖိုးဖြစ်လာတာကိုး။ သူငယ်ချင်းတွေက သူတို့ မောင်လေး၊ ညီမလေးတွေကို ခေါ်လာတတ်ကြတယ်။ သူတို့တွေအတွက်ကတော့ ကျွန်မ ပိုက်ဆံထပ်မရပါဘူး။ ဒါ့အပြင် ရှူးမပေါက်ချစေနဲ့နော်၊ ငိုရင် နင်တို့အပြင်ထွက်၊ အမှိုက်မချနဲ့ ဆိုတာတွေက ပြောရသေးတယ်။ ဒီကြားထဲ ဘယ်လိုပြောပြော အစီအစဉ်ပြီးရင်တော့ နေကြာစေ့ခွံ၊ ဆီးထုပ်အိတ်ခွံနဲ့ အမှိုက်အစုံပလုံကို အမြဲတမ်း



www.burmeseclassic.com

www.burmeseclassic.com

တံမြက်စည်းလှည်းကျင်းရတာပါပဲ။ ဒါပေမဲ့ ရုပ်ရှင်ရုံအသေးလေးလို လူအများနဲ့ ကြည့်ရတာမို့ ပျော်စရာကောင်းတယ် မဟုတ်လား။ သန့်ရှင်းရေးတာဝန်တော့ ယူရမှာပဲပေါ့။

ဧည့်ခန်းထဲက ရုပ်မြင်သံကြား ဇာတ်လမ်းကို အာရုံစိုက်နေကြတဲ့ တစ်ညမှာပေါ့။ အဲဒီညက လူအပြည့် မဟုတ်ပေမဲ့ ကလေးလူကြီး ဆယ့်ငါးယောက်လောက်တော့ ကြည့်နေကြပါတယ်။ ကျွန်မက ပိုက်ဆံကောက်တဲ့သူမို့ အိမ်အဝင်အထွက် တံခါးမကြီးနေရာမှာ ခွေးခြေပုလေးနဲ့ ထိုင်ကြည့်နေတာပါ။ မျက်နှာချင်းဆိုင်က ရုပ်မြင်သံကြားစက်ကို ကြည့်နေတုန်း မျက်လုံးရဲ့ ဘယ်ဘက်ထောင့်မှာ လှုပ်ရှားမှုတစ်ခုကို တွေ့လိုက်တယ်။ ဖြည်းဖြည်းလေး တိုးဝင်လာတဲ့ ဝါးခြမ်းပြားပါးပါးလေးတစ်ချောင်း။ နီးပြားခပ်ထူထူလေးလောက်ပဲ ရှိတာပါ။ လှုပ်လှုပ်လှုပ်လှုပ်နဲ့ သောက်ရေအိုးစင်ကပ်လျက် ပျဉ်ပြားကြားကနေ ထွက်လာတာပါ။

ပြနေတဲ့ ဇာတ်လမ်းကို ကျွန်မ စိတ်မဝင်စားတော့ဘူး။ သူခိုးလို့ တွေးမိပြီး ထိတ်လန့်သွားတယ်။ အဲဒီကာလတွေတုန်းက မီးပျက်တာ ခုထက် ဆယ်ဆလောက် ဆိုးတာပေါ့။ သူခိုးပူတယ်ဆိုတဲ့ စကားလုံးကိုလည်း လူကြီးတွေ အထပ်ထပ် ပြောနေကျပေါ့။ ကျွန်မတို့အိမ်ကလည်း သူခိုးခိုးခံရဖူးတယ်လေ။ သူခိုးကပ်တာတော့ မကြာခဏ ဆိုသလိုပဲ။ ဒါတောင် အဖေက ညဉ့်နက်ထိ စာရေးတတ်ပြီး မိုးလင်းမှ အိပ်ပေလို့သာပဲ။ ကျွန်မအဘွားကိုယ်တိုင်လည်း ဧည့်ခန်းပြတင်းပေါက်ကနေ လက်ကြီးဝင်လာပြီး စားပွဲပေါ်က ပစ္စည်းတွေ ယူမလို့ လုပ်တာကို မြင်လိုက်ရပါသေးတယ်။ အခြေအနေကလည်း ကျပ်တည်းလွန်းလှတဲ့ ခေတ်ကြီးဆိုတာကိုး။

ကျွန်မလည်း ဖေဖေ့နား အသာကပ်သွားပြီး ပြောပြလိုက်တယ်။ ဖေဖေကော မေမေပါသတိထားမိသွားပြီး ရုပ်မြင်သံကြားကြည့်နေကြသူတွေ အာရုံမပျားရအောင် လူငယ် ဗလတောင့်တောင့် ကိုအောင်စိုးနဲ့ ကိုသန်းဝေတို့နှစ်ယောက်ကိုပဲ မျက်ရိပ်ပြ၊ တိုးတိုးပြောပြီး ခြံဘေးကနေ နောက်ဖေးကို သွားခိုင်းလိုက်တယ်။

မီးလာတဲ့ညလေး ဇာတ်လမ်းကောင်းကောင်း အေးအေးဆေးဆေး ကြည့်ရမလား အောက်မေ့ပါတယ်၊ သူခိုးက တစ်မှောင့်လို့ ကျွန်မ စိတ်တိုမိတယ်။ မီးကလည်း အိမ်မကြီးနဲ့ အိမ်ရှေ့ပဲ ထွန်းထားတာဆိုတော့ ခြံထောင့်က မီးလုံးကိုဖွင့်ဖို့ အဖိုးထွန်းက အိမ်ပေါ်တက်သွားတယ်။ အဖိုးထွန်း မီးဖွင့်တာနဲ့ အဖေက နောက်ဖေးတံခါးကိုဖွင့် သူခိုးကို ဖမ်းမယ်ဆိုပြီး တံခါးနားမှာ ရပ်စောင့်နေတယ်။ ကိုအောင်စိုးနဲ့ ကိုသန်းဝေက အုတ်နီခဲ တစ်ယောက်တစ်လုံးစီကိုင်ပြီး ခြေသံလုံလုံနဲ့ နောက်ဖေးကို သွားကြပြီ။

အဖိုးထွန်းရဲ့ မီးခလုတ်ဖွင့်သံအကြားမှာ အဖေက တံခါးကို ဝုန်းဆို ဖွင့်လိုက်တယ်။ ကိုအောင်စိုးနဲ့ ကိုသန်းဝေက အုတ်နီခဲနဲ့ ထုဖို့ အရွယ်မှာ အဖေမြင်လိုက်ရတာက ဦးမြင့်သန်းကြီး။ “ဟေ့ကောင်တွေ မလုပ်နဲ့ မလုပ်နဲ့” လို့ အဖေက အတင်းအော်လိုက်တယ်။ လူကလည်း ဦးမြင့်သန်းနား ကပ်သွားပြီး ကာလိုက်တယ်။ “ကိုမြင့်သန်း ခင်ဗျား ဗျာ။ ဘာလုပ်တာလဲ” လို့ အဖေက မေးတယ်။ သူက ဘာမှ လုပ်မထားသလို နားမလည်တဲ့ အူကြောင်ကြောင် မျက်နှာပေးနဲ့။ “ဟို… ကိုဝဏ္ဏ… ကျွန်တော်” ဆိုပြီး လုပ်နေလေရဲ့။ အိမ်ရှေ့က ရုပ်မြင်သံကြားကြည့်နေသူတွေလည်း ရုတ်ရုတ်သဲသဲနဲ့ရောက်လာပြီး တစ်ယောက်တစ်ပေါက် ပြောဆိုနေကြပြီ။ ကိုအောင်စိုးနဲ့ ကိုသန်းဝေကလည်း ကိုယ်ထိလက်ရောက် မလုပ်လိုက်ရလို့ အားမလို အားမရ ဖြစ်နေကြပြီ။ ကျွန်မက မေမေ့ကို ဦးမြင့်သန်းပါ အမေရဲ့ စိတ်မပူပါနဲ့လို့ ပြောပြီး သွေးဆေးတိုက်ထားရပြီ။

ဖေဖေက ဝါးခြမ်းပြားပါးပါးလေး လက်မှာကိုင်ထားတဲ့ ဦးမြင့်သန်းကို ပခုံးဖက်ပြီး နောက်ဖေးပေါက်ကနေပဲ အိမ်ထဲကို ခေါ်လာပါတယ်။ “ကျွန်တော်က တီဗွီကြည့်နေတဲ့သူတွေ အနှောင့်အယှက်ဖြစ်မှာစိုးလို့ နောက်ဖေးကနေ ခေါ်တာပါဗျာ” တဲ့။ “ဒါဆိုလည်း ခင်ဗျား နောက်ဖေးတံခါးခေါက်ပေါ့ဗျ” လို့ ဖေဖေက ပြန်ပြောတော့ “မချိုရီ လန့်သွားမှာ စိုးလို့ပါ” တဲ့။ ကျွန်မလည်း မအောင့်နိုင်တော့လို့ အသံထွက် ရယ်လိုက်မိတယ်။ အဖိုးထွန်းကတော့ သူ့သမက်ရဲ့ မိတ်ဆွေသူငယ်ချင်းတွေအကြောင်း သိပြီးသားမို့ ဘာမှဝင်မပြောဘဲ ကွမ်းကိုသာ ကြိတ်ဝါးနေပါတယ်။

တချို့သော ဖေဖေ့မိတ်ဆွေ သူငယ်ချင်းတွေဟာ ညအချိန်မတော် အိမ်ကိုလာလေ့ ရှိပါတယ်။ ပုံစံတစ်မျိုးမဟုတ် တစ်မျိုး၊ အကြောင်းအရာ တစ်ခုမဟုတ် တစ်ခုနဲ့ပေါ့။ ဖေဖေကိုယ်၌ကလည်း အပေါင်းအသင်းတွေနဲ့ ညကြီးမိုးချုပ်မှ ပြန်လာတဲ့အခါမျိုးလည်း ရှိတတ်ခဲ့တာကိုး။ ဦးမြင့်သန်းလိုလူမျိုးကတော့ ကျွန်မဘဝတစ်လျှောက်မှာ တစ်ခါသာကြုံဖူးတဲ့အဖြစ်အပျက်နဲ့ အိမ်ကို အလည်လာသူပါပဲ။

နောက်ပိုင်းတော့ ဦးမြင့်သန်းတို့ ကျွန်မတို့နားကနေ အိမ်ပြောင်းသွားကြပါတယ်။ ကျွန်မတို့အိမ်ကိုလည်း အရင်ကလောက် အဝင်အထွက် သိပ်မရှိလှတော့ပါဘူး။ ကျွန်မ အထက်တန်းကျောင်းတက်နေတဲ့ ကာလလောက်မှာ ထင်ပါရဲ့။ ဦးမြင့်သန်းကြီး ဆုံးသွားပြီလို့ သိရတယ်။

နှစ်အတော်ကြာပြီး တစ်ရက်။ မဂ္ဂဇင်းဟောင်းတစ်အုပ်ထဲက ကဗျာလေးတစ်ပုဒ်ကို ဖတ်မိတယ်။ သဘောကျတာနဲ့ ကဗျာဆရာအမည် မြေချစ်သူဆိုတာ ဘယ်သူလဲလို့ ဖေဖေ့ကို မေးလိုက်ပါတယ်။ ဖေဖေက မျက်ခုံးနှစ်ဖက်ကို ပင့်ပြီး “အဲဒါ ကိုမြင့်သန်းလေ သမီးရဲ့။ နောက်ဖေးကနေ ဝါးခြမ်းပြားလေးနဲ့ တံခါးခေါက်တဲ့ ကိုမြင့်သန်းပေါ့” တဲ့။ ■

ဝါနု



www.burmeseclassic.com

www.burmeseclassic.com

*စာမျက်နှာ(၉၉)မှ...*

မတွေ့ရဘူး။ ဘုရားဖူးတစ်ယောက်တလေကသာ သူတို့ယူလာတဲ့ ပန်းစည်းသေးသေးလေးတွေ ပန်းကလပ်လေးတွေကို ရွှေပလ္လင်ရှေ့မှာသွားလှူ ဘုရားဝတ်ပြုပြီးတာနဲ့ အေးဆေးတိတ်ဆိတ်ပြန်ကြတာပဲ။ ထိုင်းလုံခြုံရေးဝန်ထမ်းဟာ ပန်းပါမလာတဲ့ အသက်ကြီးကြီး ဘုရားဖူးတွေကို အဲဒီ သူများလှူထားတဲ့ ပန်းကလပ်လေးတွေလိုက်ဝေပေးပြီး ထပ်ကပ်စေတာပဲ။ အဲလို အပေးခံရတဲ့ဘုရားဖူးတွေကလည်း အထွတ်အမြတ်သဘောထားလို့၊ ခေါင်းပေါ်တင်လို့၊ လက်စုံမိုးလို့ ကပ်လိုက်ကြတာပဲ။ သူ့ပန်းငါ့ပန်း၊ သူ့အလှူငါ့အလှူ ခွဲခြားမနေဘဲ ပန်းဖြစ်နေရင်၊ ဘုရားကိုကပ်ရရင်ပြီးရောဆိုတဲ့ ကြည်နူးမှုသဒ္ဓါတရားကိုသာ အလေးထားကြပုံပဲ။

ဟိုးဂိတ်ဝ ဝင်လာကတည်းက မြန်မာနိုင်ငံ ဘုရားစောင်းတန်းတွေလို တစာစာ အော်ရောင်းနေတဲ့ ပန်းသည်မတွေ့ရ။ ရွှေတိဂုံဘုရား ရင်ပြင်က ကျော်ဟိန်းဘုရားလို့ လွယ်လွယ်ခေါ်ကြတဲ့ စေတီနောက်ကွက်လပ်မှာ လှူပြီးကပ်ပြီးသားပန်းတွေ ပြန်စွန့်ရင်း အချင်းချင်း အဝေမတည့်လို့ အော်ဟစ် ရန်ဖြစ်နေတာလည်း မတွေ့ရ။ ရောင်းပြီးသားပန်းကို အကြိမ်ကြိမ် အထပ်ထပ် ရောင်းနေတာလည်း မတွေ့ရသလို ရွှေဆိုင်း အော်ရောင်းနေတာလည်း မကြားရ။ "ညောင်စေ့လောက်လှူလည်း ညောင်ပင်ကြီးလောက်ရသနော" ဆိုတဲ့ နိဗ္ဗာန်ဆော်တွေ အသံလည်း မကြားရ။

အရှင်ဘုရားဟာ အရှင်ဘုရားရဲ့ စံကျောင်းတော်မှာ ငြိမ်းချမ်းအေးမြစံတော်မူနေရတာ နည်းတဲ့ ကုသိုလ်လားဘုရာ့။ ဘုရားဟာ ဘုရားပီပီ ဟိုးအထက်အမြင့်မှာ ကြည်ညိုဖွယ်ရာ ရုပ်အဆင်းနဲ့ စံမြန်းခွင့်ရတယ်ဆိုတာ အရှင်ဘုရား ကံထူးပေလို့သာပဲ။

အရှင်ဘုရားကို ကြည်ညိုရင်း မန္တလေးက မဟာမုနိဘုရားကို သတိရမိတယ်။ မဟာမုနိကိုယ်တော်ဟာ ရွှေသင်္ကန်းကပ်သူတွေ တရုန်းရုန်းကြားမှာ မလှူးသာမလွန့်သာဖြစ်နေ၊ ပူလောင်အိုက်စပ်နေတယ်လို့ တပည့်တော်ခံစားမိတာပဲ။ မှတ်မှတ်ရရ အဲဒီမြင်ကွင်းကိုကြည့်ရင်း "ပိုက်ဆံရှိရင် မဟာမုနိဘုရားကိုယ်တော်မြတ် အနားမှာ အဲကွန်းလာလှူမယ်" လို့ ဆုံးဖြတ်ခဲ့မိတဲ့အထိပါပဲ ဘုရား။

တပည့်တော်ကြားခဲ့ရတဲ့ ပါးစပ်ရာဇဝင်တွေမှာ အရှင်ဘုရားဟာ မြန်မာနိုင်ငံဘက် အမြဲ မျက်နှာမူနေသတဲ့။ ရှေးခေတ်ကတော့ ဗမာဆိုတာ အိမ်နီးချင်းနိုင်ငံတွေ ဖိမ့်ဖိမ့်တုန်ခဲ့ရတဲ့ နိုင်ငံကိုး ဘုရာ့။ တောင်ငူခေတ် ဘုရင့်နောင်၊ တပင်ရွှေထီးတို့လက်ထက်ကတည်းက ထိုင်းကိုတိုက်ခဲ့တာ မင်းတုန်းမင်းအထိ စုစုပေါင်းအကြိမ် ၂၀ လောက် ရှိခဲ့တာကိုး။ အဲလိုဘတစ်ပြန် ကျားတစ်ပြန် တိုက်ကြတဲ့အခြေအနေမှာ ထိုင်းလူမျိုးတွေဟာ ဗမာတွေကို ရှိသေခန့်ညားခဲ့ရတယ်။ ထိုင်းတင် မဟုတ်ဘူး ဘုရာ၊ လာအိုဘုရင်ဆိုရင်လည်း မြို့တော်ကိုနေရာရွှေ့ပြီး ပြောင်းပြေးရတဲ့အထိ ဗမာတွေ လက်သံပြောင်ခဲ့တာ။ အယုဒ္ဓယကနေ ဘန်ကောက်ကို ပြောင်းခဲ့တာလည်း ဗမာ ဘုရင်ကြောက်လို့ ဆိုတာကိုး။

အဲလိုရာဇဝင်မှာ စာတင်ခဲ့တဲ့ ဗမာ့ပြေ၊ ဗမာ့မြေကို အရှင်ဘုရားကတော့ တစ်ခါမှ မနင်းခဲ့ဖူးဘူး။ ဒါ့ကြောင့်များ မျက်နှာလွှဲတော် မမူနိုင်ဘူးဆိုရင်လည်း သံယောဇဉ်ဖြတ်တော်မူပါ ဘုရာ့။ စာတွေထဲဖတ်ရသလို ဘုရားချွတ်တောင် မကျွတ်နိုင်တဲ့ ပြိတ္တာကြီးတွေထဲမှာ မြန်မာနိုင်ငံကလူတွေ ထိပ်ဆုံးကပေါ့ ဘုရာ့။ အရှင်ဘုရား ပြုံးတော်မူလိုက်သလား ဘုရာ့။ အရှင်ဘုရားဟာ အင်မတန် အရည်အသွေးကောင်းတဲ့ ကျောက်စိမ်းနဲ့ လုပ်ထားတယ်။ ဉာဏ်တော်အမြင့်ဟာ ၂ပေကျော်ရုံ (66cm)သာ ရှိတယ်ဆိုပေမဲ့ အရှင်ဘုရားရဲ့ ဂုဏ်သတင်းကျော်စောမှုနဲ့တင် ရွှေပိသာရာချီ ကပ်ခံရမှာပဲ ဘုရာ့။ သူတို့တွေဟာ ကျောက်စိမ်းပေါ် ရွှေကပ်နည်းကို အချိန်တိုတိုနဲ့ တတ်သွားလိမ့်မယ် ဘုရာ့။ အဲဒီအခါ အရှင်ဘုရားရဲ့ နဂိုဟန်ပျောက်ပြီး ရွှေစင်ရွှေတုံးရွှေခဲဘဝ ရောက်ရပါလိမ့်မယ်။

ထေရဝါဒ ကြီးစိုးတယ်ဆိုတဲ့ တပည့်တော်တို့နိုင်ငံမှာ ယောက်ျားမိန်းမ ဘုန်းကံနဲ့ ခွဲခြားကြတယ်၊ ဆင်းရဲချမ်းသာခွဲခြားကြတယ်၊ အမြီးကျက် အမြီးစား၊ ခေါင်းကျက် ခေါင်းစားသူတွေ ပေါလှတယ်၊ ကိုယ့်အတွက်ကိုယ်ကြည့်တဲ့ အတ္တသမားတွေ ပေါတယ်။ ကံငါးပါးလုံတဲ့ သူဆိုတာ ငုံးအမြှုတေ၊ ကြက်အမြှုတေလို ရှားပါးတဲ့ အရာဘုရာ့။ ရွှေကျောင်းပြောင်ပြောင် ဝမ်းခေါင်ခေါင်ဆိုတဲ့ စကားပုံအတိုင်း ဘုရားစေတီ ရုပ်ပွားတော်တွေ ရွှေလိုဝင်းနေပေမဲ့ ပြည်သူတွေ ဆင်းရဲပင်ပန်းကြရှာတယ်။

ဘေးနိုင်ငံတွေရဲ့ ကြောက်ရွံ့ရိုသေ ခန့်ညားခြင်းခံခဲ့ရဖူးလေတဲ့ ရှေးဗမာကြီးတွေရဲ့ မျိုးဆက်တချို့ဟာ အရှင်ဘုရားကိုတောင် ပြောင်ပြောင်တင်းတင်း မဖူးဝံ့တဲ့ ရွှေ့ပြောင်းလုပ်သားတွေအဖြစ် ဘဝပြောင်းကုန်ပြီဘုရာ့။ ဗမာ့ရန်ကိုကြောက်လို့ ဆုတ်ပြေး၊ ခံကာကွယ်ခဲ့ရတဲ့ မြို့သစ်တည်ခဲ့ရတဲ့ ဘန်ကောက်မြို့တော်ဟာ အခုချိန်မှာတော့ ဗမာလူမျိုးတွေ အလုပ်မျိုးစုံလာလုပ်ရတဲ့နေရာ၊ မှီခိုအားထားကြရတဲ့နေရာ ဖြစ်နေပါပေါ့ဘုရား။ ဘန်ကောက်ဟာ ဆေးပညာမှာ နာမည်ကျော်လွန်းလို့ ဟိုးအနောက်နိုင်ငံတွေကတောင် လာကုကြရဆိုသကိုး ဘုရာ့။

ဟော...ပြောရင်း ဆိုရင်း တပည့်တော်အမေ ဘုရားအာရုံပြုတာပြီးပေါ့။ အမေ့ကို တွဲရဦးမယ် ဘုရာ့။ အကြာကြီးထိုင်တော့ ခြေကျဉ်နေမှာကိုး။

တပည့်တော် မပြန်ခင် ဝတ်ဖြည့်ရင်းနဲ့ ထပ်လျှောက်တင်ပါရစေဦး။

ဒီလိုတိုင်းပြည်နဲ့ ဒီလိုလူမျိုးတွေဆီမှာ စံတော်မူခွင့်ရတယ်ဆိုတာ အရှင်ဘုရားကံကောင်းလွန်းလို့ ဘုရာ့။ ■

**အဖြူရောင်၊ရွှေ**



www.burmeseclassic.com

www.burmeseclassic.com



## တစ်ခုသောသင်္ကြန်အခါ

## သန်းဆွေ

ရွှေဝါရောင်ပိတောက်ပန်းတို့ ပွင့်လန်းဝေးပသည့် သင်္ကြန်ကာလသို့ တိုင်ပြီဆိုလျှင် ကျွန်တော်သည် ကိုလှဆောင်ကြီးကို အထူးပင် သတိရမိလေသည်။

ယော်ရှယ်စဉ်အခါက ကိုလှဆောင်ကြီးနှင့် ကျွန်တော်တို့တစ်တွေ သင်္ကြန်ပွဲဆင်နွှဲခဲ့ပုံများ၊ ရေကစားခဲ့ကြပုံများကိုလည်း ပြန်လည်မြင်ယောင်လာမိလေသည်။

ကျွန်တော်တို့နေထိုင်ရာ ကမာရွတ် ထန်းတစ်ပင်ဒေသမှာ ရန်ကုန်မြို့လယ် ဆူးလေဘုရားလမ်းနှင့် ၅ မိုင်ခန့်သာ ဝေးကာ ရန်ကုန်တက္ကသိုလ်ကျောင်းတော်ကြီးအနီးတွင် တည်ရှိနေသော်လည်း ကျွန်တော်တို့ ငယ်စဉ်အခါကမူ လွန်စွာခေါင်ကာ မြို့မကျ၊ တောမကျ ကျောကကဒေသ ဖြစ်ခဲ့လေသည်။ ရန်ကုန်



www.burmeseclassic.com

www.burmeseclassic.com



မြို့နီစီပယ်နယ်နိမိတ်တွင် ပါဝင်ခဲ့လင့်ကစား ရပ်ကွက်နေ လူတန်းစားတို့မှာ တောသူတောင်သားများနှင့်မခြား မိရိုးဖလာ ထုံးတမ်းစဉ်လာအတိုင်း ရိုးသားစွာပင် နေထိုင်ခဲ့ကြလေသည်။ လုပ်ရေးဆောင်တာ၌ စာရေးစာချီ၊ အရာရှိ၊ အရာခံ စသူတို့က နည်းပါးလှကာ ယန်းခြံ၊ ကွမ်းခြံ၊ ဥယျာဉ်နှင့် ကန်စွန်းခင်း စသည်တို့ကို စိုက်ပျိုးကာ မြို့ပေါ်သို့ တက်ရောက်ရောင်းချသူက များပြားခဲ့လေသည်။ ထို့ကြောင့် ကလေးသူငယ်တို့မှာလည်း များသောအားဖြင့် ရပ်ကွက်ရှိ အစိုးရအထောက်အပံ့ခံ ဘုန်းတော်ကြီးကျောင်း၌ ပညာသင်ကြားရကာ မြို့ပေါ်သို့ တစ်လနေ၍ တစ်ခေါက်ရောက်သည်မရှိဘဲ ခြံကြိုခြံကြား၊ လှည်းလမ်းကြောင်းများနှင့် ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း စသည်တို့၌သာ ကစားပျော်ပါး၍ နေကြရလေသည်။

အမှတ် ၃၅၃၊ ဧပြီ ၂၀၁၃

ရုပ်စုံမဂ္ဂဇင်း

ရွှေဝတ္ထုများကို ပြန်လည်တူးဖော်ခြင်း

စာရေးဆရာ သန်းဆွေ ရေးသားပြီး ၁၉၆၃ ခုနှစ်၊ ဧပြီလထုတ် ရှုမဝမဂ္ဂဇင်းတွင် ဖော်ပြပါရှိခဲ့သည့် 'တစ်ခုသော သင်္ကြန်အခါ' ဝတ္ထုကို ပြန်လည်ဖော်ပြပါသည်။



www.burmeseclassic.com

www.burmeseclassic.com

သင်္ကြန်ပွဲ၊ ကဆုန်ညောင်ရေသွန်းပွဲ၊ ဝါဆိုပွဲ၊ သီတင်းကျွတ်မီးထွန်းပွဲ၊ တန်ဆောင်တိုင်ပွဲ၊ ထမနဲပွဲ၊ တပေါင်းလ ရွှေတိဂုံဘုရားပွဲ သို့မဟုတ် ဘုန်းတော်ကြီးပျံ့ စသော ပွဲတော်ရက်များတွင်မှ ရွှေတိဂုံစေတီတော်ကို အမှူးထားကာ အိမ်မှ ထွက်ကြရတတ်ပြီး ရွှေတိဂုံရင်ပြင်တော်ပေါ်၌ပင် တစ်ညအိပ်ကာ နောက်တစ်နေ့ နံနက်တွင် တိရစ္ဆာန်ရုံ၊ သိမ်ကြီးဈေး၊ စကော့ဈေး၊ ဆူးလေဘုရား၊ ဗိုလ်တထောင်ဘုရား စသည်ဖြင့် အလျဉ်းသင့်သလို လည်ပတ်ကာ အိမ်သို့ ပြန်ကြရလေသည်။ ထို တစ်ရက်၊ နှစ်ရက် လည်ပတ်ရစဉ်အတွင်း ကြုံတွေ့ခဲ့ရသမျှတို့ နှစ်လ၊ သုံးလ ပြောသော်မျှ မကုန်နိုင်ခဲ့ပေ။

သင်္ကြန်အတက်နေ့ ညနေတိုင်းလိုလိုပင် ကျွန်တော်တို့သည် မိမိတို့ သယ်ယူနိုင်သမျှ ရေများကိုသယ်ကာ ရွှေတိဂုံစေတီတော်အထိ ကုန်းကြောင်းလျှောက်၍ သွားရောက်ပူဇော်လေ့ရှိ၏။ ထိုနေ့ညသည် ပျော်စရာကောင်းလှသည် မှန်သော်လည်း အုပ်ထိန်းသူ လူကြီးများပါလာသဖြင့် အစွမ်းကုန် မပျော်ကြရ။

ထို့ကြောင့် ကျွန်တော်တို့ လူငယ်များ သုံးလေးယောက်စုကာ အတက်နေ့မတိုင်မီ သင်္ကြန်ရက်တစ်ရက်တွင် ရွှေတိဂုံစေတီသို့လည်းကောင်း၊ မြို့လယ်သို့လည်းကောင်း သွားတတ်ကြလေသည်။ ထိုအခါများ၌ ကျွန်တော်တို့ထက် ရန်ကုန်ကို အခေါက်ရေပို၍ရောက်ဖူးသော ဈေးသည်တို့၏သားများက ခေါင်းဆောင်ကြလေသည်။

ကျွန်တော်တို့၊ ကိုလှဆောင်တို့ကဲ့သို့သော လခစားသားသမီးများမှာ ကုန်းကြောင်းခရီးဆို၍ ရွှေတိဂုံစေတီနှင့် ကမာ

wpf, muful wpf, muf ci fi f vlb ae
½bloav;pm;vlb aee¥a&c$day;vm?
a&avmi fay;wmul wpf, muf Munf Lunjzljzle¥
cH bi fygvsuf¥wpf, muf a&vmyufvmul
a&yufcHbJxGufjy;wmvlbbaljymvTwfvmwl m
t i fwef½kpkpkwlbabmyJ

ရွတ်လောက်သာ အသွားအပြန် ကုန်းကြောင်းလျှောက်တတ်ကြပေသည်။ သို့ဖြစ်၍ ကျွန်တော်တို့အား ဈေးသည်တို့၏သားများက မကြာခဏ ချောက်ချခြင်းကို ခံကြရလေသည်။ တစ်ခုသော သင်္ကြန်အခါ၌ ကျွန်တော်တို့သည် ရွှေတိဂုံစေတီသို့ လာခဲ့ကြ၏။ ရွှေတိဂုံစေတီရင်ပြင်တွင် အားရအောင် ဆော့ကြ၊ ကစားကြပြီးသော် အချို့က ပြန်ကြရန် နှိုးဆော်လေသည်။ ကျွန်တော်တို့က သိပ်ပြီး မပြန်ချင်လှသေး။

ဤတွင် သိန်းမောင်လေးက–

"ဒါဖြင့် မင်းတို့ ငါနဲ့ သိမ်ကြီးဈေး လိုက်ခဲ့ကွာ၊ ဈေးကတို့အမေဆိုင်မှာ မုန့်တွေဘာတွေ စားပြီးမှပြန်ပေါ့"ဟု ပြောလေသည်။

သိန်းမောင်လေး၏ မိခင်မှာ သိမ်ကြီးဈေးတွင် လက်ဖက်၊ ချင်းသုပ်မှစ၍ ဖရုံယို၊ ဒူးရင်းယို၊ နာနတ်ယို စသည့် သရေစာရောင်းသူ ဖြစ်လေသည်။ ထို့ကြောင့် သူနှင့်လိုက်လျှင် သရေစာ စားရမည်ကို သိကြသော်လည်း သိန်းမောင်လေးမှာ မိခင် အလိုလိုက်ခြင်းခံရသူပီပီ တေပေလှ၊ ကလိမ်ကျလှသဖြင့် ကျွန်တော့်အပေါင်းအသင်းများက မလိုက်ဝံ့ကြချေ။ "လိုက်မယ်… မလိုက်ဘူး" ဖြင့် အချီအချ ဖြစ်နေရာမှ နောက်ဆုံးတွင် ကျွန်တော်နှင့် ကိုလှဆောင်တို့က လူလည်၊ လူရဲကြီးတွေလုပ်ကာ သိန်းမောင်လေးနှင့်အတူ သိမ်ကြီးဈေးသို့ လိုက်ကြလေတော့သည်။

သိန်းမောင်လေးသည် ပြောသည့်အတိုင်းပင် သူ့အမေဆိုင်သို့ ခေါ်သွားပါ၏။ သဘောကောင်းသည့် မိခင်ကြီးကလည်း ကျွန်တော်တို့အား မုန့်ပဲသရေစာများ ကျွေးပါ၏။ သို့သော် သူသွားလိုရာအရပ်သို့ ရောက်သွားပြီဖြစ်သော သိန်းမောင်လေးသည် ကျွန်တော်တို့နှင့်အတူ ကမာရွတ်သို့ ကုန်းကြောင်းပြန်မည်ဟု ပြောခဲ့ပါလျက်နှင့် အတူတူလိုက်လာဟန်ပြုကာ သိမ်ကြီးဈေးကို ချာလပတ်လှည့်ပြီး တစ်နေရာတွင် မျက်ခြည်ပြတ်၍ ထားရစ်လေတော့သည်။

ကျွန်တော်တို့သည် သိန်းမောင်လေးကို ခေတ္တမျှ ရှာကြသေးသော်လည်း သူ့ညာဉ်ကို သိကြပြီးဖြစ်၍ ဆက်မရှာတော့ဘဲ(အမှန်ကလည်း မရှာတတ်ကြပါ။) ကျွန်တော်တို့နှစ်ယောက်တည်း ဖြစ်သည့်နည်းဖြင့် ပြန်ရန် ဆုံးဖြတ်ကြလေသည်။

ကျွန်တော်တို့သည် ဈေးအပြင်သို့ ထွက်လိုက်သောအခါ ဓာတ်ရထားလမ်းကို တွေ့ရလေသည်။ ဓာတ်ရထားဆုံးလျှင် ပုဇွန်တောင်သော်လည်းကောင်း၊ ကြည့်မြင်တိုင်သော်လည်းကောင်း ရောက်မည်ဟူ၍ကား ကျွန်တော်တို့ သိကြသည်။ ကြည့်မြင်တိုင်ရောက်လျှင် ကျွန်တော် ကမာရွတ်ကို ပြန်တတ်ပြီ။ ကမာရွတ်နှင့်လည်း မဝေးတော့ပြီ။ နောက်ဆုံးလမ်းမလျှောက်နိုင်လျှင် ကမာရွတ်ဘက်မှ အသိ မြင်းလှည်းသမားများ ရှိသည်။

ရှေးဦးစွာ ကြည့်မြင်တိုင်ဘက်သို့ မသွားမိဘဲ ပုဇွန်တောင်ဘက်သို့ သွားမိမည်ကိုသာ ပူရသည်။ ထို့ကြောင့် ကျွန်တော်တို့သည် အနီးရှိ လူကြီးတစ်ယောက်အား–

"ကြည့်မြင်တိုင်ဘက်ကို သွားချင်ရင် ဘယ်ဓာတ်ရထားစီးရမလဲဗျ"ဟု မေးကြသည်။

သူပြောသော ဓာတ်ရထားကြီး ထွက်သွားသည့်နောက်မှ



www.burmeseclassic.com

www.burmeseclassic.com

နေ၍ ကျွန်တော်တို့သည် ဓာတ်ရထားသံလမ်းအတိုင်း လျှောက်ကြသည်။ ဓာတ်ရထားလမ်းကြီး မျက်ခြည်ပြတ်သွားမည်စိုးသဖြင့် ဂရုတစိုက်ကြည့်ကာ လာကြရသည်။ သို့နှင့် ညနေစောင်းတွင်မှ အိမ်သို့ ပြန်ရောက်ကြသည်။

နံနက်က အတူသွားခဲ့ကြသူများအား သိန်းမောင်လေးကလိမ်ကျပုံကို ပြောသော်လည်း အဘယ်ပုံပြန်ခဲ့သည်ကိုကား မပြောခဲ့ပေ။

ဤသို့လျှင် ကျွန်တော်တို့သည် ကလေးဘဝ သင်္ကြန်ကျရောက်တိုင်း လွတ်လပ်ပျော်ရွှင်စွာ သွားလာကစားခဲ့ကြရသည်။ သိမ်ကြီးဈေးမှ ပြည်လမ်းအတိုင်း ကမာရွတ်သို့ ကုန်းကြောင်းပြန်ခဲ့ဖူးသည်။ မြို့အနှံ့ ကုန်းကြောင်းလည်ဖူးသည်။ တစ်ခါက ရန်ကုန်အနောက်ပိုင်း ကမ်းနားလမ်းအတိုင်း လျှောက်လာခိုက် 'ညောင်တုန်းပွဲရုံ'ဟူသော ဆိုင်းဘုတ်ကို တွေ့ကြရရာ သိန်းမောင်လေးကပင်-

'ဟာ··· တို့တော့ လမ်းမှားလာပြီ'ဟု မျက်နှာငယ်ဖြင့် ညည်းလာတော့သည်။

ကျွန်တော်တို့လည်း ခြေလှမ်းတုံ့ကာ သူ့ကိုကြည့်လိုက်ရာ သူက ကျွန်တော်တို့ကို မျက်စိမှိတ်ပြလိုက်ပြီး ယခုနှစ်မှ လိုက်လာသူ အုန်းမောင်အား မျက်စပစ်၍ ပြလေသည်။ အဓိပ္ပာယ်မှာ 'မင်းတို့ အသာနေကြ၊ အုန်းမောင်ကို ငါစ,မလို့' ဟု ဆိုလိုပေသည်။

'ဘာဖြစ်လို့လဲကွ'

'တို့ လမ်းမှားလာပြီ'

'ဟေ··· ဟုတ်လား'

'အေးလေ··· တို့ အခု သိမ်ကြီးဈေးကနေ ကမာရွတ်ကို ပြန်တာ၊ ကမာရွတ်ပြန်တဲ့လမ်း မဟုတ်ဘဲ ညောင်တုန်းသွားတဲ့လမ်းအတိုင်း သွားခဲ့မိကြပြီ'

'ဟာ··· ဒုက္ခပါပဲ'

'ကြည့်လေကွာ၊ ဟိုမှာ ညောင်တုန်းပွဲရုံလို့ စာရေးထားတာ၊ ညောင်တုန်းမို့လို့ ညောင်တုန်းမြို့က ပွဲရုံလို့ ရေးထားတာပေါ့'

'ဟေ··· ဒီလိုဆို ဒုက္ခပါပဲ'

'ကြည့်လေ··· အဲဒါ ဧရာဝတီမြစ်ပေါ့ကွ၊ ဟိုမှာ သမ္ဗန်တွေ၊ သင်္ဘောတွေနဲ့'

ဤတွင် ရိုးသားလှသော အုန်းမောင်သည် ရှုံ့မဲ့ရှုံ့မဲ့ဖြစ်လာရာမှ-

'ဒီလိုဆို ဘယ့်နှယ်လုပ်မလဲ၊ ညောင်တုန်းဆိုတာ ကမာရွတ်နဲ့ အဝေးကြီးကွ၊ ပထဝီဝင်ထဲမှာ တို့ သင်ခဲ့ဖူးသားပဲ။ ငါလည်း လျှောက်ရတာ ဝေးပါတယ်လို့ အောက်မေ့နေတာ၊ ဘယ်လိုလုပ်ကြမလဲ'

'ငါလည်း ဘယ်လိုမှမလုပ်တတ်ဘူး သူငယ်ချင်း'

'ဒုက္ခပါပဲ၊ ငါ့ကို အဘ ရိုက်တော့မှာပဲ'

အုန်းမောင်သည် ပြောပြောဆိုဆို ငိုလေတော့သည်။

ထို့နောက် ကျွန်တော်က သိန်းမောင်လေး ပြောင်ကြောင်းပြောတော့မှ စိတ်အေးသွားကာ သိန်းမောင်လေးအား ဆဲလေတော့သည်။ ထိုနှစ်မှစ၍ ကျွန်တော်တို့သည် သူ့ကိုတွေ့တိုင်း-

'ဟော့ကောင်ကြီး ညောင်တုန်းသွားကြရအောင်' ဟူ၍လည်းကောင်း၊ 'ညောင်တုန်းအုန်းမောင်' ဟူ၍လည်းကောင်း စ,ကြလေသည်။

တစ်ခုသော သင်္ကြန်အခါတွင်မူ ကျွန်တော်တို့သည် ဘုန်းကြီးကျောင်းရှိ ကျောင်းသားတီးဝိုင်းမှ မောင်းတစ်လုံးနှင့် လင်းကွင်းတစ်စုံငှားကာ ကိုယ်လုံးကိုယ်ပေါက် မတိမ်းမယိမ်းရှိသူနှစ်ဦးအား ကိုယ်တုံးလုံးချွတ်၊ မျက်နှာတွင် အိုးမဲသုတ်၊ လုံချည် ခါးတောင်းကျိုက်၍ အမြီးတပ်ကာ မျောက်လုပ်၍ က,စေပြီး သီချင်းဆိုသူက ဆို၊ တီးသူက တီးဖြင့် ထန်းတစ်ပင်ရပ်ကွက်ထဲ၌သာမက ကွမ်းခြံ၊ သရက်တော၊ ကြည့်မြင်တိုင်အထိ လှည့်ပတ်ကာ အလှူခံထွက်ခဲ့ကြသည်။ ထိုငွေကို လူကြီးပိုင်းလက်သို့ အပ်ပြီး နောက်တစ်နေ့၌ မုန့်လုံးရေပေါ်နှင့် သင်္ကြန်ထမင်းများ ချက်၍ အရပ်ကို ကျွေးကြလေသည်။

ရန်ကုန်မြို့ကို ဂျပန်တပ်များ ဝင်စတစ်နှစ်က သင်္ကြန်တွင်မူ ကျွန်တော်တို့ ငယ်သူငယ်ချင်းများ တကွဲတပြားဖြစ်နေသဖြင့် ပျော်ပျော်ရွှင်ရွှင် မရှိခဲ့ပေ။

နောက်တစ်နှစ် သင်္ကြန်ပွဲတော်၌ကား ကျွန်တော်တို့ လူစုပြန်လည်၍ ဆုံမိကြပြီဖြစ်သဖြင့် ရေပက်မဏ္ဍပ်တစ်ခု ထွက်ကြပါသေးသည်။ စစ်အတွင်းဖြစ်သဖြင့် မြင်းလှည်းများ၊ နွားလှည်းများဖြင့် ရေပက်ခံထွက်သူ၊ ကုန်းကြောင်း ရေပက်ခံထွက်သူတို့က များပါသည်။ တချို့တလေသာလျှင် စစ်လော်ရီများဖြင့် ရေပက်ခံကြပါသည်။ ၎င်းတို့အထဲတွင် ဘောဘီအော်စတင်ကားကလေးများဖြင့် ရေပက်ခံထွက်သူတစ်စု၏ မော်တော်ကားကို ကျွန်တော်တို့ လူစုထဲမှ ဗလကောင်းလှသူ ကိုအောင်ခင်နှင့် ကိုစိုးသိမ်း စသူတို့က ဆွဲမြှောက်ထားကြသည်။ ကျွန်တော်တို့က ဝိုင်းလောင်းရသည်ကို ပျော်ရွှင်ဖွယ်ရာ မှတ်မိပါသေးသည်။

ထိုအချိန်အခါတွင် ကိုလှဆောင်မှာ ကျွန်တော်တို့လောက် ပျော်ရွှင်ပုံမရတော့ပေ။ သူသည် သင်္ကြန်၏သဘောကို ခွဲခြမ်းစိတ်ဖြာ ဝေဖန်လာလေတော့သည်။ သုံးသပ်ဆင်ခြင်လာလေတော့သည်။

'တို့ဗမာပြည်မှာ နှစ်သစ်ကူးချိန်မှာ ရေကစားတာဟာ အင်မတန် လျော်ကန်တဲ့ကိစ္စပဲကွ သန်းဆွေရ။ အနောက်နိုင်ငံတွေမှာ နှစ်ကူးချိန်ဟာ ချမ်းအေးချိန်ဆိုတော့ အိမ်ထဲမှာပဲ လှပအောင်ပြင်ဆင်ပြီး အရက်သောက်ကြ၊ က,ကြနဲ့ ပျော်ကြတယ်။ တရုတ်နှစ်သစ်ကူးချိန်ဆိုလည်း ဒီလိုပဲ၊ အေးတဲ့အချိန်ကွ။ တို့ဆီမှာတော့ ပူပေ့ဆိုတဲ့အချိန်မှာမှ နှစ်သစ်လာကူးတော့ နှစ်သစ်ကူးပွဲမှာ အေးချမ်းသန့်ရှင်းပါစေ ဆိုတဲ့ စေတနာနဲ့ တစ်ယောက်ကိုတစ်ယောက် ရေနဲ့ပက်ကြရတယ်။ ရေချိုးပေးတဲ့ သဘောပါပဲကွာ'



www.burmeseclassic.com

www.burmeseclassic.com

'ဒီတော့ တစ်ယောက်ကို တစ်ယောက်က ခင်မင်တဲ့ အနေ၊ ရိုသေလေးစားတဲ့အနေနဲ့ ရေချိုးပေးတာ၊ ရေလောင်း ပေးတာကို တစ်ယောက်က ကြည်ကြည်ဖြူဖြူနဲ့ ခံယူသင့်ပါ လျက်နဲ့ တစ်ယောက်က ရေလာပက်တာကို ရေပက်မခံဘဲ ထွက်ပြေးတာတို့၊ ဘုပြောလွှတ်တာတို့ဟာ အင်မတန် ရိုင်းစိုင်း တဲ့ သဘောပဲကွ။ တစ်ဖက်လူက ကိုယ့်အပေါ်မှာ စိတ်ဝင်စားမှု ရှိလို့ လာပက်တာပဲ မဟုတ်လား။ ဒါကို ငြင်းပယ်တာဟာ မယဉ်ကျေးတဲ့သဘောပဲကွ။ တစ်ဖက်လူရဲ့ စေတနာကို စော်ကားတာပဲကွ။

'အဲ··· တစ်ခုတော့ ရှိတယ်ပေါ့ကွာ။ မင်းတို့ အခု ရေပက်သလို ဘယ်သူလာလာ ပက်တဲ့ ပက်နည်းမျိုးကလည်း သိပ်မဟုတ်သေးဘူးကွ။ ဘယ်လိုလူကိုမှ ပက်မယ်ဆိုတဲ့ သတ်မှတ်ချက်ရှိဖို့ လိုတယ်။ ပက်တဲ့နေရာမှာလည်း စေတနာပါရမယ်၊ လေးစားမှုပါရမယ်။ ဒါမှ သင်္ကြန်ပက်ခြင်းရဲ့ သဘောတရားဟာ လေးနက်လာမယ်။ အခု မင်းတို့ပက်နေတာကတော့ ပက်တဲ့လူကလည်း ပက်ရပြီးရော။ ဘာကိုပဲ ပက်ရပက်ရ၊ အပက်ခံရတဲ့လူကလည်း အပက်ခံရပြီးရော၊ ဘာစေတနာခံနဲ့ပဲ အပက်ခံရ ခံရ၊ မဟုတ်သေးဘူးကွ'

လေရှည်ကြီး လျှောက်ပြောနေသော ကိုလှဆောင်၏ စကားကို နားထောင်ပြီးသည့်အဆုံးတွင် ကျွန်တော်က ပြုံးနေရာမှ–

'ကိုဆောင်ပြောတဲ့အတိုင်းသာဆိုရင် ကျွန်တော်တို့မှာ ပက်စရာလူရယ်လို့ ဘယ်ရှိပါ့မလဲ၊ ကျွန်တော်တို့ကိုလည်း ဘယ်သူက လာပက်ပါတော့မလဲ'ဟု မေးမိပါသည်။

'အဲဒါ ငါပြောနေတာပေါ့ကွ၊ တစ်နိုင်ငံလုံး ရေပက်နေကြတဲ့အချိန်အခါမှာ မင်းကို လာပြီး စေတနာသဒ္ဓါစိတ်နဲ့ ရေလာပက်မယ့်သူ မရှိဘူးဆိုတာဟာ ဝမ်းနည်းစရာမကောင်းဘူးလား။ မင်းအနေနဲ့လည်း မင်းရေပက်ရမယ့်သူ ဒီလောကမှာ တစ်ယောက်မှ မရှိဘူးဆိုတာဟာလည်း ဝမ်းနည်းစရာ မကောင်းဘူးလား။ ဒီတော့ ဒီနှစ်အဖို့ရာမှာ ငါ ဘယ်သူဘယ်ဝါကိုဖြင့် ရေလောင်းရမှာပဲဆိုတဲ့ သတ်မှတ်ချက် မရှိသင့်ပေဘူးလား။ ဒီလိုသတ်မှတ်ချက်နဲ့ လောင်းရတဲ့အရသာဟာ မင်းအခုလို ဗုံးပေါလအော လောင်းရတဲ့ အရသာနဲ့ယှဉ်ရင် ဘယ်တူနိုင်လိမ့်မလဲ ကိုယ့်လူ'

ကျွန်တော်သည် ကိုလှဆောင်နှင့် စကားပြောနေရာမှ ငွေဖလားဇာတ်လမ်းကို သတိရမိလေသည်။

ငွေဖလားဇာတ်လမ်းဆိုသည်မှာ ကျွန်တော်တို့ ငယ်ရွယ်စဉ်က ကမာရွတ် တစ်ခုသောသင်္ကြန်အခါ၌ ပေါ်ပေါက်ခဲ့သော ဇာတ်လမ်းဖြစ်ပါသည်။ ဖြစ်ပုံမှာ အပျိုညီအစ်မရှိသော အိမ်တစ်အိမ်အနီး၌ ကာလသားတစ်စုတို့က အပျိုမကလေးများအား ရေပက်ရန် ချောင်းနေသည်ကို အိမ်ရှင် အပျိုမများ၏ မိဘတို့က မြင်သောအခါ–

'ဟော့··· မင်းတို့ ဒီအိမ်ကလူတွေကို ရေပက်ချင်ရင် ဒီလို တွေ့ကရာ ခွက်တွေနဲ့ ပက်လို့တော့ မရဘူးကွ။ ငွေဖလားနဲ့ ရေသယ်လာပြီး လောင်းမယ်ဆိုရင်ဖြင့် တို့ကိုယ်တိုင် အိမ်ထဲက ထုတ်ပေးပြီး အလောင်းခံရစေမယ်'ဟု ပြောလိုက်လေသည်။

ကာလသားတို့လည်း 'ကောင်းပါပြီ'ဟု အာမခံကာ အရပ်ထဲတွင် ရှိသမျှ ငွေဖလားကြီးငယ်တို့ကို ငှားလေတော့သည်။ ထို့နောက် ဖလားအရွယ် ကြီးစဉ်ငယ်လိုက်အတိုင်း စီတန်းကာ အပျိုအိမ်သို့ နောက်တစ်ကြိမ် လာခဲ့လေသည်။

အိမ်ရှင်မိဘများကလည်း ကတိအတိုင်း သမီးပျိုများအား ထုတ်ပေးကြရလေသည်။ ကာလသားတို့လည်း အပျိုမလေးများ ထွက်လာတော့မှ ငွေဖလားများထဲတွင် ထည့်ထားသော ရေတို့ဖြင့် ကိုယ့်ခြေထောက် ကိုယ်ပြန်ဆေးကာ ဟားတိုက်၍ ရယ်ကြပြီးနောက် တစ်ယောက်က–

'တော်တော်ပင် ဂုဏ်မောက်ပ၊ ဘုံသောက်တဲ့ ရေအိုးစင်' စသော ဗုံထောက်ကို ဆိုလိုက်ရာ အားလုံးက လိုက်ဆိုရင်း အိမ်ပေါ်မှ ဆင်းခဲ့လေသည်။

ထိုနေ့မှစ၍ ထိုအပျို ညီအစ်မအား 'ငွေဖလား ညီအစ်မ' ခေါ်ဝေါ်ကြသော ဟူ၏။

'ဟော့ကောင်··· ဘာပြုံးနေတာလဲ'

'ငွေဖလား ညီအစ်မအကြောင်း သွားသတိရလို့ပါ'

'အေးပေါ့ကွ၊ ငါပြောနေတာဟာ ဒီသဘောတွေ ပါတာပေါ့ကွ။ သူတို့အပေါ်မှာ ကာလသားတွေက စိတ်ဝင်စားမှုရှိလို့၊ ရေပက်သင့်တဲ့သူပဲလို့ အသိအမှတ်ပြုလို့ ရေလာလောင်းတာကို မတန်တဆ ရိုင်းပျကြီးကျယ်လိုက်တော့ တန်ပြန်ခံရတာပေါ့ကွ။ တို့တော့ ရှင်းရှင်းပဲ သင်္ကြန်တိုင်း သင်္ကြန်တိုင်းမှာ ညိုညို့ကို အရင်မလောင်းဘဲ ဘယ်သူ့ကိုမှ မလောင်းဘူးလို့ ဆုံးဖြတ်ထားတယ်။ ညိုညို့နောက်မှာ အလောင်းခံရတဲ့လူဟာလည်း ကိုယ် အင်မတန်ခင်တဲ့လူသာ ဖြစ်စေရမယ်'

'သြော်··· သြော်··· ဒီလိုကိုး'

ကိုလှဆောင်သည် ညိုညို့အား လူပျိုပေါက်စဘဝကပင် ပိုးနေသည်ကို ကျွန်တော် သိရပါသည်။

'ဘယ်လိုလဲ၊ ခင်ဗျားတို့ဟာက အတော်ခရီးရောက်နေပြီလား'

'ဘယ်ရောက်ပါဦးမလဲကွာ၊ ငါ့မှာ ရှေ့ဆက်ပြီး ကျောင်းပြန်နေရဦးမယ်၊ လုပ်စရာတွေကလည်း ပြည့်လို့ပါပဲကွာ'

ထို့နောက်တွင်ကား ကျွန်တော်နှင့် ကိုလှဆောင်တို့ မကြာခဏ တွေ့ကြရသော်လည်း သင်္ကြန်အကြောင်းကို အထူးတလည် ဆွေးနွေးပြောဆိုခြင်း မရှိတော့ပါ။ သင်္ကြန်တွင်း ကာလများ၌ အကြောင်းအားလျော်စွာ ဆုံမိကြလျှင်သာ ကျွန်တော်က သူ့စကားကို မမေ့သည့်အနေဖြင့်–

'ဘယ့်နှယ်လဲ ကိုဆောင်ကြီး၊ ညိုညို့ကို အရင်လောင်းပြီးပြီလား'ဟု မေးရင်း နောက်မိသည်ကလွဲ၍ ရေပက်လောင်းကစားခြင်းကား မပြုမိကြတော့ပေ။



www.burmeseclassic.com

www.burmeseclassic.com

တစ်ခါတစ်ရံ သင်္ကြန်အကြောင်း စကားစပ်မိပါက ငယ်စဉ်က ဓာတ်ရထားလမ်းကြီး ပျောက်သွားမည် စိုးရိမ်ခဲ့ပုံမှစ၍ စွန့်စားခန်းများကို ပြန်၍ ပြောတတ်ပါသည်။ ထိုသို့ ရှေ့ကြောင်း၊ နောက်ကြောင်းများကို ပြောကြရာမှာ တစ်နှစ်ကမူ ကိုလှဆောင်သည် တစ်ခုသော သင်္ကြန်အခါ၌ သူတစ်ယောက်တည်း ကြုံကြိုက်ခဲ့ရသော အဖြစ်အပျက်တစ်ခုကို ပြောပြပါသည်။

'ဘယ်တုန်းကပါလိမ့်'

'ဟို... လွင် ညီအစ်မနဲ့ တွဲနေတဲ့နှစ်တုန်းက ဆိုပါတော့'

ဟုတ်ပါ၏။ ကျွန်တော်တို့ ကိုလှဆောင်ကြီးသည် အိမ်ထောင်ကျသည့်အခါ၌သာ ငယ်ချစ်ဦး ညိုညိုနှင့် ညားသော်လည်း ညိုညိုနှင့် မညားမီက အဆက်ပြတ်သွားပြီလိုလို၊ မယူဖြစ်ကြတော့ဘူးလိုလိုနှင့် မိန်းကလေး အတော်များများနှင့် တွဲလိုက်ပါသေးသည်။

'ဟို... ညီအစ်မ ခုနစ်ဖော်နဲ့လား'

'အေးပေါ့၊ သူတို့နဲ့ ရောနေတုန်းကပေါ့'

❑

လွင် ညီအစ်မမှာ အားလုံး ခုနစ်ယောက်ရှိ၍ ယောကျ်ားလေးနှစ်ယောက်သာ ပါလေသည်။

ထိုစဉ်က ကိုလှဆောင်သည် တက္ကသိုလ်၌ ပညာသင်ကြားနေခိုက်ဖြစ်ရာ တက္ကသိုလ်ရောက်နှင့်နေကြပြီဖြစ်သော လွင်မောင်နှမ လေးယောက်နှင့် သိကျွမ်းခင်မင်ရာမှ ဝါသနာတူသူချင်းဖြစ်၍ လွင်ညီအစ်မအိမ်တွင် ဝင်ခွင့်၊ ထွက်ခွင့်ရခဲ့လေသည်။

စိတ်သဘောထား ရိုးသားတည်ကြည်သူ ကိုလှဆောင်အား လွင်တို့ တစ်အိမ်သားလုံးက ခင်မင်ကြလေသည်။ လွင်တို့ ဖခင်မှာ အတွင်းဝန်တစ်ဦး ဖြစ်ရုံမျှသာမက လွင်တို့ ဆွေမျိုးသားချင်းများအားလုံးလိုလိုပင် အစိုးရအရာရှိများသာ ဖြစ်ခဲ့လေသည်။

လွင်တို့အိမ်သားများသည် တနင်္ဂနွေနေ့၌ မြင်းပွဲသွားသူက သွားသည်။ အိမ်တွင် ကျန်ရစ်သူများက ပိုကာဆွဲသည်။ ဝိုင်းမပြည့်လျှင် တယ်လီဖုန်းဆက်၍ ဆွေထဲမျိုးထဲ၊ အသိအကျွမ်းထဲမှ တစ်ယောက်ယောက်ကို လှမ်းခေါ်သည်။ ဖဲမရိုက်သူက စန္ဒရားတီးသည်။ ဖဲရိုက်သူများစားရန် မုန့်တီ၊ ခေါက်ဆွဲ၊ လက်သုပ်၊ စမူဆာ၊ ငှက်ပျောကြော် စသည်တို့ စီမံရသည်။

ပင်ကိုက ရွှက်ကြမ်းရေကျိုရုပ်မျှသာ ဖြစ်သော်လည်း အိပ်ရာမှ ထ,သည့်အချိန်ကစ၍ အိပ်ရာဝင်ချိန်အထိ မှုန်နှံ့သာ အမြဲလိမ်းကျံထားကာ လှပရှုချင်ဖွယ်ကောင်းအောင် ပြုပြင်ထားသဖြင့် သူတို့မျက်နှာများမှာ အမြဲကြည့်၍ လှပနေသည်။ အမြဲတမ်း နေရိပ်တွင် နေရသဖြင့် သူတို့အသားများမှာ နုနေသည်။ သွားလေရာရာ မော်တော်ကားစီး၍ သွားရသဖြင့် တစ်ခါတစ်ရံ ဓာတ်မီးတိုင် သုံးလေးတိုင်လောက် လမ်းလျှောက်ရသည်ကိုပင် 'လမ်းလျှောက်ရတာ အမြတ်ပဲ' ဟု မောဟိုက်သံဖြင့် ပြောဆိုတတ်လေသည်။

ဤသို့သော အိမ်မျိုး၌ သင်္ကြန်အခါတွင် စည်ကားနေသည်မှာ အံ့ဩဖွယ်ရာမဟုတ်ပါချေ။ အိမ်သားချည်းနှင့်ပင် အရွယ်ရောက်ပြီး မိန်းမပျို ကြည့်ပျော်ရှုပျော်တွေ ရှိနေရသည့်အထဲ ဝမ်းကွဲညီအစ်မတွေ၊ ကျောင်းနေဖက်သူငယ်ချင်းမတွေ လာရောက်နေပြန်တော့ လက်ပံပင် ဆက်ရက်ကျသည့်နှယ် ပွက်၍သာ ညံနေတော့သည်။

ဒီကြားထဲ ရေပက်လာအဖွဲ့အချို့က အိမ်ရှေ့ခြံဝမှ ဝင်လာကာ သူတို့နှင့်အတူ တစ်ယောက် လိုက်ပါခဲ့ရန် ခေါ်သည်ကလည်း ရှိသေး၏။ ဘယ်နိုင်ငံသံရုံးမှ အတွင်းဝန်ကလေးဆိုသူ၊ ညာနိုင်ငံ ကောင်စစ်ဝန်ရုံးမှ ကောင်စစ်ဝန်ကလေးဆိုသူတို့ကလည်း မှန်ကားလှလှလေးများနှင့် ရောက်လာကာ ရေကစားသေးသည်။

သူတို့တစ်တွေသည် အိမ်ပေါ်သို့ တက်လာကာ ထွေရာလေးပါး ပြောကြရာမှ ဧည့်ခန်းစားပွဲပေါ်တွင် တင်ထားသော ငွေဖလားကြီးထဲ၌ ထည့်ထားသော ရေမွှေးရောထားသည့် ရေများကို အခြားငွေဖလားငယ်တစ်ခုဖြင့် ခပ်၍ လောင်းလေရာ တစ်အိမ်လုံးမှာ ရေမွှေးနံ့ဖြင့် ကြိုင်နေလေတော့သည်။

စောစောကပင် ကြိုတင်သိထားသည့်အတိုင်း ကြမ်းပြင်၌ ကော်ဇောခင်းမထားသဖြင့် ကော်ဇောများ ရေမစိုသော်လည်း ကြမ်းပြင်ကိုမူ အိမ်ဖော်မလေးက ချက်ချင်းပင် အဝတ်ဖြင့်ပွတ်ပစ်ရလေသည်။

အိမ်ဖော်မိန်းကလေးသည် ဧည့်သည်များပြန်သွားလျှင် ကြမ်းပြင်ပေါ်ရှိ ရေများကို မျက်နှာသုတ်ပဝါအဟောင်းအစုတ်ဖြင့် သုတ်ရလေသည်။ ထို့နောက် ငွေဖလားကြီးထဲသို့ ရေအသစ်ထည့်ပေးရလေသည်။ ရေမွှေးအနည်းငယ်ဖြင့် စပ်ပေးရလေသည်။

ထိုနေ့က လူကြီးတွေကလည်း ဥပုသ်စောင့်သွားနေခိုက်ဖြစ်၍ လူငယ်ချင်းစုကာ ပိုကာဆွဲလျှင်ကောင်းမည်အထင်ဖြင့် နံနက်စာ စားပြီးစကပင် ရောက်နေသော ကိုလှဆောင်သည် တရှန်းရှန်းဖြစ်နေသည်ကို ကြည့်ကာ စိတ်ပျက်နေ၏။ ထို့ထက် အိမ်ဖော်မလေး တစ်ယောက်တည်း အလုပ်များနေရသည့်အဖြစ်ကိုလည်း သတိပြုမိလာ၏။

အိမ်ဖော်မလေးမှာ ဤအိမ်၌ တစ်ဦးတည်းသော အိမ်ဖော်မလေးဖြစ်၏။ ညီအစ်မခုနစ်ဖော်နှင့် ညီအစ်ကိုတို့၏ တာဝန်ကိုယူရင်း အသက်မှာ တစ်ဆယ့်ခြောက်နှစ်ထက် ပို၍ကြီးပုံမရ။ ရုပ်ရည်မှာလည်း နှာတံပေါ်ပေါ်၊ မျက်လုံးဝိုင်းဝိုင်း၊ မေးသွယ်သွယ်၊ ပါးမို့မို့ဖြင့် ချစ်ချင့်စဖွယ်လေးဖြစ်၏။

သင်္ကြန်တွင်းမို့ အခါတိုင်းထက် ပို၍ ဖြူစင်သော အင်္ကျီ၊ ထဘီများ ဝတ်ထားသဖြင့် ကြည့်ပျော်ရှုပျော် ဖြစ်နေ၏။

ကိုလှဆောင်သည် ထိုမိန်းကလေးအား လွင်ညီအစ်မများ

*စာမျက်နှာ(၁၂၃)သို့...*



www.burmeseclassic.com



# အလုံပိတ်ကမ္ဘာ

ရေဧအား

အမှတ် ၃၅၃၊ ဧပြီ ၂၀၀၉

ရုပ်စုံမဂ္ဂဇင်း


ဝတ္ထုရှည် ၈/ဆုံး

၁။
အေးစက်စိုစွတ်တဲ့
ဆောင်းမနက်ခင်းတစ်ခုမှာ
ကိုကြင်တစ်ယောက်
သူ့ကိုယ်သူ
အလုံပိတ်အခန်းတစ်ခုထဲ
ရောက်နေတာကို
တွေ့လိုက်ရတယ်။
ပတ်ဝန်းကျင်တစ်ခုလုံးက
လေပြည်လေညင်းတောင်
မရှိဘူး။ ထုံထုံထိုင်းထိုင်း
လေးလေးပင်ပင် ဖြစ်နေတာ။



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



၂၀၀၉ ဧပြီ ရွှေအမြုတေ ရုပ်စုံမဂ္ဂဇင်း အတွဲ

www.burmeseclassic.com

www.burmeseclassic.com

သစ်ကိုင်းသစ်ခက်တွေကနေ တွဲရရွဲကျနေတဲ့ သစ်ရွက်တွေဟာ ရှိုးရှိုးရိပ်ရိပ်တောင် မလှုပ်ရှားဘူး။ စ,စချင်း နှင်းတွေနဲ့ စိုရွဲလေးပင် နေလို့များလားလို့ ကိုကြင် တွေးမိသေးတယ်။ ဒါပေမဲ့ ကြည့်ရင်း, ကြည့်ရင်း သူ့စိတ်ထဲ တစ်မျိုးကြီး ခံစားလာရတယ်။ အခါတိုင်း နှင်းမှုန်မြူထုကြောင့် မှိုင်းညို့ဟန်ရှိပေမဲ့ ညိုညိုစိုစိုနဲ့ ရေစိုဆေးသားအပြာရောင် တောက်နေတတ်တဲ့ ကောင်းကင်က ဒီနေ့ မနက်ခင်းမှာတော့ ခြောက်သယောင်းနေတဲ့ အညိုပြာမျိုး ဖြစ်နေတာ။ အိမ်နဲ့ မလှမ်းမကမ်းမှာ စိုက်ထားတဲ့ ခရမ်းရင့်ရင့် နှင်းပန်းပွင့်တွေကလည်း အခါတိုင်း သေးသေးသွယ်သွယ်ညှာတံမှာ ယိမ်းမလိုယိုင်မလို ညွတ်ညွတ်စိုက်စိုက်ပေမဲ့ အခုတော့ ကျောက်သားမှာ ထွင်းထုထားတဲ့ ပန်းအတုတွေလိုပဲ တင်းတင်းမာမာ ရှိနေတယ်။ အထူးဆန်းဆုံးက အသံတွေ ပျောက်ဆုံးနေတာပဲ။ အရင်ဆောင်းမနက်ခင်းတိုင်းမှာ ကြားနေကျဖြစ်တဲ့ ဆီးနှင်းတွေကျတဲ့အသံ တဖောက်ဖောက်ကိုတောင် မကြားရဘူး။ သစ်ရွက်လေတိုးသံ၊ ငှက်တွေ ကျည်ကျည်ကျာကျာ မြည်တဲ့အသံ၊ ပြီးတော့ တောင်ပံ တဖျပ်ဖျပ်ခတ်တဲ့ အသံတွေ၊ ကုန်ကုန်ပြောရရင် မနက်တိုင်းကြားနေကျ သူ့မိန်းမ မဒမ်ကြင်ရဲ့ အော်ကြီးဟစ်ကျယ်အသံတွေ၊ အသံအားလုံးက ပျောက်ဆုံးနေတာ။ အံ့ဩတကြီးကြည့်ရင်းပဲ ကိုကြင် အသက်ရှူမဝသလို ဖြစ်လာတယ်။ လူကလည်း နုံးပျော့ပျော့ဖြစ်လာတယ်။ နောက်ဆုံး အိပ်ခန်းပြတင်းဝမှာ မှီငေးနေရင်းပဲ သူနေတဲ့ ဒီကမ္ဘာကြီးက အလုံပိတ်ထားတဲ့ အခန်းတစ်ခုထဲကို ရောက်နေပြီဆိုတာ ကိုကြင် သိသွားတော့တာပဲ။

oHrefreY ypfa;wvl 'Dumf;D rdvlaru b, f;u a&muf;vmwmvJ jyó em[ m atmuf;qDif;wG r&Sdb;d r[ kwf;wmh wmawmh taot cSmyJ oHrefr[ m o&Dypfa;wvl aumf;EDY t pm;vJ cHr;kdu&NyD

အဲဒီလို တွေးမိမိချင်းပဲ ကိုကြင် ပြတင်းပေါက် ပေါင်ပေါ်မှာ မှီတွယ်ထားတဲ့ ကိုယ်ကိုခွာပြီး ချက်ချင်း မတ်မတ်ရပ်တယ်။ ပြီးတော့ အပြေးတစ်ပိုင်းနီးပါး အခန်းထဲက ခပ်သွက်သွက် ထွက်ခဲ့တာ။ ကိုကြင့်တစ်ကိုယ်လုံး စိတ်လှုပ်ရှားမှုကြောင့် တဆတ်ဆတ်တုန်နေတယ်။ အဲဒီလို တုန်တုန်ဟိုက်ဟိုက် လမ်းလျှောက်လာရင်းပဲ လေမရှိတဲ့နေရာမှာ လမ်းလျှောက်နေရတဲ့ ဟာတာတာခံစားမှုပဲလို့ တွေးမိတယ်။ ကိုကြင်ခမျာ ထိတ်လန့်တုန်လှုပ်နေတဲ့ကြားက သူ့ရဲ့တွေ့ရှိမှုအပေါ် သာယာသလိုလည်း ဖြစ်ရသေးတယ်။ သူ့မယားနဲ့ သူ့သားသမီးတွေကို အခုအကြောင်း ပြောပြလိုက်ရင် ဖြစ်သွားကြမယ့် အံ့သြမှုတွေကိုလည်း သူ့စိတ်ထဲမှာ ကြိုပြီး ခံစားမိနေတယ်။ ကမ္ဘာကြီးရဲ့ တကယ့်အပြောင်းအလဲကြီးတစ်ခုကို တွေ့ခဲ့တာပဲ။ ကမ္ဘာကြီး အလုံပိတ်ခံထားရပြီ၊ အသက်ရှူစရာလေတွေ မရှိတော့ဘူးဆိုတာ လူတွေသိရင် အံ့သြတကြီး ဖြစ်ကုန်ကြမှာ။ ပြီးရင် ဘုရားရေ။ ကိုကြင် သူ့အတွေးကို သူ သတိထားမိပြီး ရုတ်တရက် လန့်သွားတယ်။ ကမ္ဘာကြီး အလုံပိတ်ခံရပြီဆိုမှတော့ လူတွေ အသက်ရှူစရာ လေက ဘယ်ရှိတော့မလဲ။ အသက်ရှူစရာ လေမရှိတော့ဘူးဆိုရင် လူတွေ သေကုန်ကြတော့မှာပေါ့။ အတွေးတွေက တာရိုးကို တိုးမိတဲ့ ရေစီးလိုပဲ တုံ့ခနဲ ရပ်သွားတယ်။ ပြီးတော့ ခပ်သွက်သွက် ခြေလှမ်းတွေကလည်း ရှေ့ဆက်မတိုးတော့ဘူး။ နှလုံးကလည်း တလုပ်လုပ် တုန်လာတယ်။ ရင်ဘတ်ကြီးတစ်ခုလုံးကလည်း ဖားဖိုထိုးနေသလိုပဲ။ တရှူးရှူးတရှဲရှဲနဲ့။ စိတ်ထိန်းစမ်း၊ ဒါ တုန်လှုပ်စရာ မဟုတ်ဘူး။ ကိုကြင် သူ့ကိုယ်သူ သတိပေးတယ်။ လူ့သန်းခုနစ်ထောင်၊ အလုံပိတ်ခံထားရတဲ့ အခန်း၊ အောက်ဆီဂျင်။ ကိုကြင်ရဲ့အတွေးတွေက ရေပူဖောင်းတွေ ပလုံစီနေသလိုပဲ။ ရုတ်တရက် ဒီကိစ္စ သူ့မိန်းမကို အသိပေးလို့ ဖြစ်ပါ့မလားလို့ တွေးမိပြန်ရော။ သူ့မိန်းမက နှုတ်က ခပ်ဖွာဖွာရယ်။ ဒီကိစ္စကို သူ့မယားသာ သိလို့ကတော့ နေ့မကူးသေးခင် တစ်ကမ္ဘာလုံး သိကုန်ကြမှာပဲ။ အဲဒီအခါ တစ်ကမ္ဘာလုံး လေလုတဲ့ စစ်ပွဲတွေ ဖြစ်ကုန်ကြတော့မယ်။ ပြီးရင် ခွန်အားနည်းသူတွေ အရင်သေမယ်၊ ခွန်အားကြီးသူတွေက နောက်မှသေမယ်။ သေတာကတော့ သေကြမှာပဲ။ ပြဿနာကြီးပဲ၊ ပြဿနာကြီးပဲ။ လူတိုင်းက သေမှာကြောက်ကြတယ် မဟုတ်လား။ ဒါပေမဲ့ မပြောဘဲ တိတ်ဆိတ်နေလို့မှ မရတာ။ တိတ်နေရင် ပိုဆိုးတာတွေပဲ ဖြစ်လာမှာ။ တစ်ယောက်ယောက်ကိုတော့ ပြောရမှာပဲ။ ဘယ်သူ့ကို ပြောရမလဲ။ ဘယ်သူက ဒီကိစ္စကို အောင်မြင်အောင် ဖြေရှင်းနိုင်မှာလဲ။ သမ္မတကြီးလား၊ ကုလသမဂ္ဂလား။ တုံ့နှေးတွေဝေနေလို့တော့ မဖြစ်ဘူး။ ပြောတော့ ပြောရမှာပဲ။ လေက လူတွေအတွက် အသက်ပဲ မဟုတ်လား။ အခုတောင် သူ့မယ် အသက်ရှူမဝတော့ဘူး။ ကိုကြင် တွေးနေရင်းပဲ အားအင်တွေကုန်ခန်းသလို ခံစားလာရတယ်။ ပြီးတော့ ကြမ်းပြင်ပေါ်ကို ဝုန်းခနဲ နေအောင် ပစ်လဲသွားတယ်။ ခြေတွေလက်တွေက ဆန့်ငင်ဆန့်ငင်



www.burmeseclassic.com

www.burmeseclassic.com

နဲ့ တဆတ်ဆတ်တုန်နေတယ်။ ပါးစပ်ကလည်း အောက်ဆီဂျင်လို့ အကျယ်ကြီး အော်လိုက်တယ်။ ဒါပေမဲ့ အသံက ထွက်မလာတော့ဘူး။ အဲဒီနောက် ကိုကြင်တစ်ယောက် သတိမေ့သွားတော့တာပဲ။

❑

၂။

နေရောင်ခွေးခွေး ဖြာကျစ,ပြုနေတဲ့ အချိန်လောက်မှာ ကိုကြင် ပြန်သတိလည်လာတယ်။ သတိရရချင်း သူ့ပတ်ပတ်လည်မှာ စိုးရိမ်သောကနဲ့ ဝိုင်းအုံနေတဲ့ သူ့မိသားစုကို တွေ့ရတယ်။ ပြီးတော့ သူ့လိုပဲ ဆွေမျိုးမိသားစုတွေဖြစ်ဟန် တူတဲ့သူတွေ စိုးရိမ်တကြီး ဝိုင်းနေပြီး နှာခေါင်းမှာ အောက်ဆီဂျင်ပိုက် တန်းလန်းနဲ့ မောကြီးပန်းကြီးဆိုက်နေတဲ့ လူလေးငါးယောက်ကို လည်း တွေ့ရတယ်။ ကိုကြင် ဆေးရုံရောက်နေပြီ။ ကိုကြင် ချက်ချင်းပဲ မနက်ခင်းက ကိစ္စကို သတိရတယ်။ အောက်ဆီဂျင်…။ ဟုတ်တယ်၊ ဒါမှ အောက်ဆီဂျင်အစစ်။ ကိုကြင် သူ့နှာဝမှာ တရှူးရှူးထွက်နေတဲ့ လေတွေကို ဟူးခနဲ၊ ဟူးခနဲ နှစ်ချက်သုံးချက်လောက် ရှိုက်သွင်းလိုက်တယ်။ စိတ်ထဲကလည်း အမယ် အောက်ဆီဂျင်က မွှေးတေးတေးပါလားပေါ့။ စာရေးဆရာတွေ ဖွဲ့နွဲ့နေကြတဲ့ ဇာတိမြေရဲ့ ရနံ့ဆိုတာ ဒါမျိုးနေမှာပဲ။ ဩော်… ငါ့နယ် နှိုင်းစရာရှားလို့၊ ဒီ တစ်ရာ ရာခိုင်နှုန်း သန့်စင်ထားတဲ့ အောက်ဆီဂျင်ကသာ သာတော့မပေါ့လို့ ဆက်တွေးမိတယ်။

ခဏကြာတော့ ကိုကြင်ဟာ အလုံပိတ်ကမ္ဘာအကြောင်း ထုတ်ပြောသင့်၊ မပြောသင့် အတွေးတွေနဲ့ လုံးချာလည် ရိုက်နေပြန်ပြီ။ သူသာ ဒီကိစ္စကို စ,ပြောလိုက်ရင် လူတွေက အရူးလို့ ထင်ကြမှာပဲ။ နောက်မှ တကယ်ဆိုတာသိပြီး တစ်ကမ္ဘာလုံး ဝရုန်းသုန်းကားတွေဖြစ်။ သူ့ကိုလည်း စူးစမ်းရှာဖွေသူကြီးဆိုပြီး ဂုဏ်ထူးဆောင်ဆုတွေဘာတွေ ချီးမြှင့်ကြမယ်။ အရူးလို့ ထင်တာနဲ့ ဆုတွေဘာတွေပေးတာ နောက်ထား၊ အဲဒီအချိန်ကျမှ လက်ကျန် အောက်ဆီဂျင်လေးကို လူနည်းစုက ဦးပိုင်စီးသွားရင် ဘယ့်နှယ်လုပ်ကြမတုံး။ ပြောလိုက်ရင်တော့ သေချာတယ်၊ အကောင်ကြီးကြီး သူဌေးတွေက ကိုယ်လွတ်ရုန်းကြမှာပဲ။ သူ့လို ငမျောက်ငခြောက် ဘွဲ့လက်မှတ်လေးတစ်ခုနဲ့ တပ်ကြပ်အငြိမ်းစားတစ်ယောက်ကတော့ အောက်ဆီဂျင်ပြတ်ပြီး ခွေးသေဝက်သေ သေမှာပဲ။ မဖြစ်ဘူး၊ သူကြိုတင်ပြင်ဆင်မှုမရှိဘဲ သွေးရူးသွေးတန်း ပြောလိုက်လို့ မဖြစ်ဘူး။

ပျာယာပျာယာနဲ့ အော်ကြီးဟစ်ကျယ် ပြေးနေလွှားနေကြတဲ့ ဆရာဝန် ဆရာမတွေ၊ ပြီးတော့ စိုးရိမ်သောကတွေ ဝေနေတဲ့ လူနာစောင့်တွေ။ သူတို့တွေ ကြည့်ရတာ ဒီကိစ္စကို ဘယ်သူမှတော့ သိကြသေးပုံ မရဘူး။ ဟိုအောက်ဆီဂျင်ပိုက်တန်းလန်းနဲ့လူတွေကကော သိနေကြသလား။ ကိုကြင်တွေးနေတုန်းပဲ သူ့တစ်ခုတင်ကျော်က လူနာ ရုတ်တရက် အမောထ,ဖောက်တယ်။ စီခနဲ အော်ငိုလိုက်တဲ့အသံနဲ့ ဆရာဝန်ဆရာမ လူအုပ်ကြီးက ရုတ်တရက် ဝိုင်းအုံလာတယ်။ အဖြူနဲ့ အနီ ဝတ်ထားတဲ့ သူနာပြုမတွေခမျာ ကြေးစည်လေးတွေ ချာချာလည်နေသလိုပဲ၊ အသံပြာပြာနဲ့ မနားရရှာဘူး။ နားကြပ်ကို လည်ပင်းမှာ ဆွဲထားတဲ့ ဆရာဝန်မကတော့ လူနာ့ရင်ဘတ်ကို အားကြိုးမာန်တက် ဖိနေရင်း ဆေးထိုးကြပါဟဲ့၊ ဝိုင်းဖိကြပါဟဲ့၊ ညှစ်ကြပါဟဲ့လို့ အော်ဟစ်နေတယ်။ အောက်ဆီဂျင်အိုးလို့လည်း အော်တယ်။ ကိုကြင်ရဲ့ မျက်စိအောက်မှာတင် ဆေးတွေ တစ်ချောင်းပြီးတစ်ချောင်း လူနာ့ကိုယ်ထဲ ဝင်သွားကြတယ်။ မကြာပါဘူး၊ ဆရာဝန်မလေးက ခေါင်းကို ဖြည်းဖြည်းချင်း ယမ်းလိုက်တယ်။ ပါးစပ်ကနေလည်း ပြောလိုက်တယ်။ အောက်ဆီဂျင်ပိုက် ဖြုတ်ပစ်လိုက်တော့တဲ့။ လူနာရှင်တွေ ဝိုင်းငိုလိုက်ကြတာများ။ ညံခနဲပဲ။

"အမှန်ဆိုရင် သေသွားတဲ့ လူနာဆီကနေ ကျွန်မတို့ ဆေးဖိုးမတောင်းပါဘူး။ စိုက်လို့ရတဲ့ဆေးတွေ စိုက်လိုက်တာပဲ။ မတောင်းလို့ မဖြစ်တဲ့ဆေးဖိုးတော့ တောင်းရတာပေါ့။ အခုလည်း အန်တီတို့လူနာကို ထိုးတဲ့ဆေးဖိုးတွေကို တော်တော်များများ ကျွန်မတို့ မတောင်းပါဘူး။ ဒါပေမဲ့ အောက်ဆီဂျင်ဖိုးတော့ မတောင်းလို့မဖြစ်ဘူးလေ။ အစိုးရကလည်း ကျွန်မတို့ကို အောက်ဆီဂျင်မပေးဘူး။ ကျွန်မတို့လည်း ဒီအောက်ဆီဂျင်တွေကို ဝယ်ရတယ်။ ပြီးတော့ သယ်ခ၊ ချခတွေကလည်း ရှိသေးတယ်။ ဒါကြောင့်မို့လေ နော့။ အခု အန်တီတို့ လူနာက နှစ်နာရီလောက် အောက်ဆီဂျင်ရှူလိုက်တာဆိုတော့ တစ်သောင်းခွဲပေးရမယ် နော့"

လုံချည်အပြာနဲ့ သူနာပြုမက ဆုံးသွားတဲ့ လူနာရှင်ဘေးမှာ ခပ်တိုးတိုးရှင်းပြနေတာကို ကိုကြင် ကြားနေရတယ်။ လူနာရှင်က ခေါင်းညိတ်ပြီး ဟုတ်ကဲ့ နားလည်ပါတယ်လို့ ပြန်ပြောတာကိုလည်း ကိုကြင် ကြားနေရတယ်။ ပြီးတော့ လူနာရှင်က ပိုက်ဆံအိတ်ကလေးဖွင့်ပြီး တစ်ထောင်တန် လေးငါးရွက်၊ ငါးရာတန် လေးငါးရွက်ကို ထပ်နေ ရေနေတာကိုလည်း ကိုကြင် မြင်နေရတယ်။ ကိုကြင် သက်ပြင်းတစ်ခု ခပ်လေးလေးချတယ်။ ပြီးတော့ စိတ်ထဲက "မဖြစ်သေးဘူး၊ မဖြစ်သေးဘူး။ ဒီကိစ္စကို အခုသာ ထုတ်ပြောလိုက်ရင် အောက်ဆီဂျင်ဈေးတွေ မိုးထိုးကုန်တော့မှာပဲ"လို့ တွေးတယ်။ ပြောလို့ မဖြစ်ဘူးဆိုတဲ့ ဆုံးဖြတ်ချက်က ကိုကြင်ရဲ့စိတ်ထဲ ပိုခိုင်လာတယ်။ "ငါ့မိသားစုအတွက် အောက်ဆီဂျင်အိုးတွေရော ထုတ်စက်တွေပါ လုံလုံလောက်လောက် ဝယ်ရမယ်။ အားလုံးအဆင်သင့်ဖြစ်မှ ဒီကိစ္စကို ပြောရမယ်။ အင်း… ဆင်းရဲတဲ့သူတွေတော့ ဒုက္ခရောက်မှာပဲ။ အေးလေ၊ ဒါက ဖြစ်ရမယ့် ကံတရားပဲ။ ဘယ်တတ်နိုင်မလဲ" ကိုကြင့်



www.burmeseclassic.com

www.burmeseclassic.com

အတွေးတွေက အတော မသတ်ဘူး။ ကိုကြင်တစ်ယောက် ရုတ်တရက် နူးညံ့ချင်တဲ့စိတ်ကို ခေါင်းခပ်ဆတ်ဆတ် နှစ်ချက်ယမ်းပြီး မောင်းထုတ်လိုက်တယ်။ ပြီးတော့ နှာဝမှာ ဝေ့နေတဲ့ အောက်ဆီဂျင်ကို အငမ်းမရ ရှူသွင်းလိုက်ပြီး "အောက်ဆီဂျင်အိုးတွေကို ရသလောက်ဝယ်စမ်း"လို့ ဘေးနားမှာ စိုးရိမ်တကြီးရှိနေတဲ့ သူ့မိန်းမကို တိုးတိတ်မာကျစ်တဲ့ လေသံနဲ့ ပြောလိုက်တယ်။

❑

၃။

ကိုကြင် ဘာရောဂါဖြစ်နေတယ်ဆိုတာ သူတို့ မသိသေးဘူးတဲ့။ ရှာဖို့လိုနေသေးသတဲ့။ မနက်ကိုးနာရီခွဲ မွန်းတိမ်းခါနီးလောက်မှာ ဆေးရုံကို ပျာယီးပျာယာရောက်လာတဲ့ ပုပုသေးသေးနဲ့ ဆရာဝန်ကြီးဆိုသူက ကိုကြင်ကို ပြောနေတယ်။ ကိုကြင် ဟိုးအရင်က အတက်ရောဂါရှိသလား။ တက်တာကို ဘယ်သူမြင်လိုက်သလဲ။ ဘယ်လိုပုံ တက်သလဲ။ တက်ပြီး သတိလစ်သွားသလား။ သွေးတိုးတွေ၊ ဆီးချိုတွေ ရှိသလား။ မေးခွန်းတွေ တစ်ခုပြီးတစ်ခု မေးတယ်။ ပြီးတော့ သူ့နောက်က သူရယ်စရာပြောလိုက်ရင် အသက်မပါတဲ့အသံတွေနဲ့ ထ,ရယ်၊ သူကသာ ဒေါသထွက်သလို လေသံမာသွားရင် အပ်ကျသံတောင် ကြားရလောက်အောင် အသံတိတ်သွားတတ်တဲ့ လက်ထောက်ဆရာဝန်၊ အလုပ်သင်ဆရာဝန်၊ သူနာပြုဆရာမ လူအုပ်

oMU
relfrtwk
aumfyDukd
tultnD
awmifzkd
MunfvkdufV, f
aumfyD
jyeMunfaewJh
ykH
&Sf
bmawG
awGeovJ
qkdvm
ulef
oytyV, fqkdvJh
tMunfhKdUD
pyklfyg
O,aewJh
rsufvjkdwGY

ကြီးဘက်ကို လှည့်ပြီး စာတွေသင်နေတယ်။ တက်တာသာသေချာရင် အသက်ကြီးမှ ပထမဆုံးတက်တာမို့ ဦးနှောက်မှာ အကျိတ်တွေများ ဖြစ်သလား စဉ်းစားရမယ်ဆိုပဲ။ ဆရာဝန်ကိုကြည့်ပြီး ကိုကြင် ရယ်ချင်လိုက်တာ။ စိတ်ထဲ အလုပ်မရှိ ကြောင်ရေချိုးမနေနဲ့၊ ပြဿနာအရင်းအမြစ်က ကျုပ်ကိုယ်ထဲမှာ မဟုတ်ဘူး၊ အပြင်မှာ။ ကမ္ဘာကြီး အလုံပိတ်ခံထားရပြီ သိရဲ့လားလို့ ပြောချင်လိုက်တာ အာကို ယားနေတာပဲ။ ပြောသာ ချလိုက်လို့ကတော့ ဆရာဝန်ဂျပု အလန့်တကြား ထ,ပြေးမှာ မြင်ယောင်သေးရဲ့ပေါ့။ ဒါပေမဲ့ အမှန်တကယ် ထ,ပြေးချင်စိတ်ပေါက်သွားရတာက ဆရာဝန် မဟုတ်ဘူး။ ကိုကြင်ပဲ။ ငနဲက ပြဿနာရှာတယ်လေ။ ကိုကြင့်ကို ကြည့်ရတာ ကောင်းနေပါပြီတဲ့။ နှာခေါင်းမှာ တပ်ထားတဲ့ အောက်ဆီဂျင်ပိုက်ကြီး ဖြုတ်ပစ်လိုက်တော့တဲ့။

ကဲ... အဲဒါမှ ခွပဲဟေ့။ ဘယ့်နှယ်လုပ်ကြမတုံး။ ဘယ့်နှယ် သူနာပြုမတွေကလည်း မြန်ချက်၊ သွက်ချက်။ ဆရာဝန်က စကားမဆုံးသေးဘူး သူတို့လက်တွေက အောက်ဆီဂျင် ဆလင်ဒါထိပ်က ခလုတ်အဝိုင်းကို လှည့်ပိတ်ပြီးနေပြီ။ ကိုကြင့် နှာခေါင်းမှာတပ်ထားတဲ့ ပိုက်ကိုလည်း ဆတ်ခနဲ ဖြုတ်ပြီးလို့ ခွေပြီးနေပြီ။ ကိုကြင့် နှာခေါင်းကလည်း သိပ်သိတယ်။ သူ ရှူနေတဲ့လေထဲမှာ အောက်ဆီဂျင်တွေ အဆမတန် နည်းသွားတာနဲ့ ချက်ချင်းကို ထုံလာတော့တာပဲ။ အဲဒီနောက် ကိုကြင့်တစ်ကိုယ်လုံး တဆတ်ဆတ် တုန်လာတယ်။ ကိုကြင် အောင့်ကြည့်သေးတယ်။ အသက်ကို မှျဉ်းပြီးရှူကြည့်တယ်။ ကိုယ်ကိုလည်း ကွေးတာတွေ ကောက်တာတွေ မဖြစ်အောင် ကြိုးစားပြီးထိန်းတယ်။ မရဘူး။ အောက်ဆီဂျင်မှ မရှိပဲ။ ဘယ်လိုလုပ် အောင့်နိုင်မှာတုံး။ ကိုကြင် ဘယ်လောက်ပဲ အောင့်အောင့် တက်တာပဲ။ တစ်ကိုယ်လုံး ကွေးရာကကောက်၊ ကောက်ရာကကော့၊ ကော့ရာက လန်တက်သွားတယ်။ သူ့မိန်းမ မဒမ်ကြင်ရဲ့ အမယ်လေး တက်ပြီတော့ လုပ်ကြပါဦးလို့ ငယ်သံပါအောင်အော်လိုက်တဲ့ အသံကြီးကို ကိုကြင် ကြားနေရတယ်။ ဆေးစုပ်ခဲ့ပါဟဲ့၊ အောက်ဆီဂျင်ပေးပါဟဲ့လို့ ဝရုန်းသုန်းကား အော်ဟစ်နေတဲ့ ဆရာဝန်၊ ဆရာမတွေရဲ့ အသံကိုလည်း ကြားနေရတယ်။ သူ့နှာခေါင်းဝမှာ ပိုက်လာတပ်လိုက်တာနဲ့ ကိုကြင်တစ်ယောက် လေကို အငမ်းမရ ရှိုက်ရှိုက်ပြီး ရှူတယ်။ တကယ်ပဲ ခေါင်းတွေက ချက်ချင်းကြည်လင်လာတာ။ ဒါပေမဲ့ ကိုကြင် မျက်လုံးတွေကိုတော့ မဖွင့်ဘူး။ မတော်လို့ ကောင်းပြီဆိုပြီး ပိုက်ပြန်ဖြုတ်သွားရင် ဘယ်လိုလုပ်မလဲ။

အဲဒီနောက် ကိုကြင် တွေးမိတာပဲ။ ကျန်တဲ့သူတွေက ဘာလို့ အောက်ဆီဂျင်မရှိဘဲ နေနိုင်ကြတာလဲ။ သူကကျတော့ ဘာလို့ တခြားသူတွေလို မနေနိုင်ရတာလဲ။ သူများ မှားနေတာလားပေါ့။ မဖြစ်နိုင်ဘူး၊ သူမှားတာလုံးဝ မဖြစ်နိုင်ဘူး။ ကိုကြင် သူ့ကိုယ်သူ ယုံတယ်။ သူ့မျက်လုံးတွေကိုလည်း ယုံတယ်။ မနက်က သူမြင်ခဲ့တာတွေကို အခုထိ မမေ့သေးဘူး။ မှားစရာရှိရင် တခြားလူတွေပဲလို့ ကိုကြင် တွေးလိုက်တယ်။ သူတို့တွေဟာ လူမှဟုတ်ရဲ့လားပေါ့။ ပထမဆုံး ကိုကြင် အကဲခတ်တာ သူ့ဘေးနားမှာ ငိုမလိုမျက်နှာနဲ့ စိုးရိမ်တကြီး ရပ်နေတဲ့ သူ့မိန်းမ မဒမ်ကြင်ပဲ။ ဒါပေမဲ့



www.burmeseclassic.com

www.burmeseclassic.com

သူ့မိန်းမကြည့်ရတာ မနေ့က အတိုင်းပဲ။ အသားကလည်း မည်းမည်းက မည်းမည်းပဲ။ ဝ,တုတ်ဖီးနေတဲ့ ကိုယ်ကြီးကလည်း တစ်ရွေးသားတောင် ပိန်သွားပုံမရဘူး။ မျက်နှာပြားပြား၊ နှုတ်ခမ်းထော်ထော်၊ ပြီးတော့ ပါးမှာ ဖွက်ထ,နေတဲ့ ညှင်းတွေ။ ‘လူလုညှင်းထတဲ့ အဟင်းဟင်း’လို့ လူရှေ့ရောက်တိုင်း ဟန်ဆောင် ပန်ဆောင်ရယ်ပြီး အိမ်ခန်းထဲ ရောက်ပြီဆိုတာနဲ့ ညှင်းပျောက်ဆေးဘူးတွေနဲ့ အမြဲတစေ အလုပ်ရှုပ်နေတဲ့ သူ့မိန်းမမှ သူ့မိန်းမအစစ်ပဲ။ ဒါပေမဲ့ ကိုကြင်တစ်ယောက် သူ့မိန်းမကို အစစ်ပါလို့ ကောက်ချက်ချမိခါနီးမှာ တစ်စုံတစ်ခုကို ရုတ်တရက် သတိရသွားတယ်။ အဲဒါကတော့ မကြာသေးခင်တုန်းက ‘အောက်ဆီဂျင်အိုးတွေကို ရသလောက်ဝယ်စမ်း’လို့ သူ့မိန်းမကို သူခိုင်းလိုက်တဲ့ ကိစ္စပဲ။

မနေ့ည အိပ်ခါနီးအထိ သူ့မိန်းမ သူ့အတွက် ပွဲပြီးမီးသေပဲ။ ‘မိန်းမရေ…’လို့ သူက ခေါ်လိုက်တာနဲ့ ‘ခွက်ကလေးနဲ့ပါရှင်’လို့ ထွက်လာပြီးသား။ တစ်ခါတလေ သူက ဘာမှမပြောဘဲ ‘ဟင်းဟင်း’လို့ လေသံလေးပေးလိုက်တာတောင် သူ့မိန်းမဟာ ချိုးရေ စပ်ပြီးသား၊ ထမင်းပွဲပြင်ပြီးသား ဆိုတာမျိုးအထိ ရယ်ဒီပဲဆိုတာမျိုး။ အခုတော့… ဟုတ်တယ်၊ အခုတော့ သူ့မိန်းမဟာ အချိုးတွေပြောင်းသွားပြီ။ ‘အောက်ဆီဂျင်အိုးတွေ ရသလောက်ဝယ်ထားစမ်း’။ ကိုကြင် သူ့မိန်းမကို ထပ်ပြောကြည့်လိုက်တယ်။ သူ့မိန်းမက သူ့ကို ကြောင်တောင်တောင် ကြည့်နေတယ်။ ပြီးတော့ ‘ဘာလုပ်ဖို့တုံး’တဲ့။ ဒါဟာ ကွာခြားချက်ပဲ။ အရင်ကဆို ကိုကြင်လုပ်သမျှကို ဘယ်လောက်ပဲ မရှင်းလင်း၊ မကျေနပ်နေဦးတော့ အတွန့်တက်ပြီး မေးခွန်းပြန်မေးဖို့ဆိုတာ ဝေလာဝေး၊ မျက်နှာမှာတောင် မကြည်ဖြူဟန် တစ်စက်မပြဘူး။ အခုတော့ ‘ဘာလုပ်ဖို့တုံး’ တဲ့။ အဲဒီမှာ ကိုကြင် သိလိုက်တာပဲ။ ဒီမိန်းမဟာ သူ့မိန်းမ မဒမ်ကြင် မဟုတ်တော့ဘူး။ ညတုန်းကတောင် မအိပ်ခင် သူတို့အိမ်ရဲ့ ဧည့်ခန်းမှာ အတူထိုင်ပြီး စကားတွေပြော၊ ရှေ့ရေးတွေတိုင်ပင်၊ ရပ်ကွက်ထဲက သတင်းပလင်းအတင်းတွေ ဖောက်သည်ချခဲ့သေးတဲ့ သူ့မိန်းမ ဘယ်ရောက်သွားပြီလဲ။ ပြီးတော့ သူ့မိန်းမနဲ့ ပုံစံတူ ဒီကော်ပီမ၊ မိတ္တူမက ဘယ်က ရောက်လာတာလဲ။ ပြဿနာဟာ အောက်ဆီဂျင်တွေ မရှိရုံ မဟုတ်တော့တာတော့ အသေအချာပဲ။ သူ့မိန်းမဟာ သူ့ရဲ့ ပုံစံတူကော်ပီနဲ့ အစားလဲခံလိုက်ရပြီ။ နောက်ထပ် ဘယ်သူတွေ အလဲခံလိုက်ရပြီလဲ။ ပြီးတော့ ဒါက ဘယ်သူ့ လက်ချက်လဲ။ ဂြိုဟ်သားတွေ ကမ္ဘာကို သိမ်းဖို့ ပြင်နေကြပြီလား။ တွေးရင်းတွေးရင်းပဲ ကိုကြင် ခေါင်းတွေ ချာချာလည်လာတယ်။ လူက ပျို့ချင်အန်ချင် သလိုကြီး။ ကိုကြင် ဘာပဲဖြစ်ဖြစ်ကွာလို့ စိတ်ထဲတွေးပြီး သူ့ရဲ့မိန်းမ အတု ကော်ပီမကို အကူအညီတောင်းဖို့ ကြည့်လိုက်တယ်။ ကော်ပီမ ပြန်ကြည့်နေတဲ့ပုံက ရှင် ဘာတွေတွေးနေသလဲဆိုတာ ကျွန်မ သိပါတယ်ဆိုတဲ့ အကြည့်မျိုးကြီး။ စပိုင်ပါး၀,နေတဲ့ မျက်လုံးတွေနဲ့။ ကိုကြင် အနီးကပ် စောင့်ကြည့်ခံနေရပြီ။ ဘုရားရေ… ဒီလိုဆိုရင်ဖြင့် ဘယ်လိုလုပ်ကြမတုံး။

❑

၄။

ပြဿနာက အကြီးကြီးမှ အကြီးကြီးပဲ။ ကမ္ဘာကြီး အလုံပိတ်ခံလိုက်ရပြီ။ အောက်ဆီဂျင်တွေ မရှိတော့ဘူး။ အခု လက်ရှိ သူ့မိန်းမက ကော်ပီမ။ ဒါပေမဲ့ ပြဿနာက ဒါတင်မကဘူး။ အရင်က ကိုကြင်သိခဲ့သမျှ လူတွေအားလုံးက အစစ် မဟုတ်ကြတော့ဘူး။ အားလုံး ကော်ပီဖြစ်ကုန်ကြပြီ။ အရင်က ဘောင်းဘီဖင်ကျပ်ဝတ်၊ နားတစ်ဖက်ဖောက်ထားပြီး မျက်နှာကို အမြဲ ပေါင်ဒါပုတ်ထားတတ်တဲ့ သူ့သားကလည်း ကော်ပီပဲ။ လူ ဘယ်လောက်တူတူ အမူအကျင့် အသေးအဖွဲလေးတွေ မတူတာ ကိုကြင် သိတယ်။ သူ့အမေကို ပိုက်ဆံလိုချင်တဲ့ အချိန်ကလွဲပြီး ဘယ်တုန်းကမှ အနားမကပ်၊ စကားမပြောတဲ့ သူ့သားဟာ အမိန့်နာခံတတ်တဲ့ စစ်သားတစ်ယောက်လို လိမ္မာနေလိုက်တာများ။ ကြည့်ရတာ သူတို့ဂြိုဟ်သားအုပ်စုထဲမယ် သူ့မိန်းမနေရာ အစားထိုးတဲ့ ကော်ပီမက ရာထူးခပ်ကြီးကြီး ထင်ပါရဲ့။ သူ့သမီး လှုပ်ပလာမကတော့ ဘာထူးသေးတုံး။ မိတ်ကပ် ဘယ်တော့မှမပြယ်၊ ညအိပ်ရင်တောင် နှုတ်ခမ်းနီဆိုးပြီး အိပ်တတ်တဲ့ မိန်းကလေးက အခုတော့ မျက်နှာ အဆီတဝင်းဝင်းနဲ့။ ဒါပေမဲ့ ဂြိုဟ်သားတွေဟာ တော်တော်တော့ တော်တယ် ချီးကျူးရမယ်။ တချို့အကျင့်လေးတွေကို တော်တော်ကို အသေးစိတ် ကော်ပီလုပ်ထားတာ။ ဥပမာ သူ့သမီးဟာ စကားပြောရင် အင်္ဂလိပ်စကားလုံးတွေ ညှပ်ညှပ်ပြောတတ်ပြီး ရေကို ‘ဝါးထား’လို့ လျှာလိပ်တော့မလို အသံထွက်တတ်တာမျိုး။ ‘စလီချင်နေပြီ’ဆိုပြီး အိပ်တာကို ပါးစပ်မပိတ်ဘဲ ပြောတတ်တာမျိုး။ ဒါပေမဲ့ သူတို့တွေ ဘယ်လိုပဲ ကော်ပီလုပ်လုပ် ကိုကြင်ကတော့ သိတာပဲ။ ချက်ဆို နားခွက်က မီးတောက်တာပဲ။ ကိုကြင် တွေးတယ်။ သူ့မိန်းမကလည်း ကော်ပီ၊ သူ့သားကလည်း ကော်ပီ၊ ပြီးတော့ သူ့သမီးကလည်း ကော်ပီ။ သဘောက သူသိသမျှ လူအကုန် အစစ်တွေ မဟုတ်တော့ဘဲ ကော်ပီဖြစ်ကုန်ကြပြီ။ ဒါဆို သူ မသိတဲ့သူတွေကော အစစ်တွေမှ ဟုတ်ကြသေးရဲ့လား။ ဟင့်အင်း အောက်ဆီဂျင်မပါတဲ့ လေရှူပြီး နေနိုင်တယ်ဆိုကတည်းက အစစ်မဟုတ်တော့လို့ပေါ့။ ဒါဆို ဆရာဝန်တွေကလည်း ကော်ပီ၊ သူနာပြုဆရာမတွေကလည်း ကော်ပီ။ နောက်ဆုံးတော့ အောက်ဆီဂျင်ပိုက် နှာခေါင်းတပ်ပြီး အသက်ရှူမဝဖြစ်နေတဲ့ လူတချို့ကလွဲရင် ကျန်တဲ့သူ



www.burmeseclassic.com

www.burmeseclassic.com

အားလုံးဟာ ပုံစံတူအတုတွေ လူစားထိုးခံလိုက်ကြရပြီဆိုတာ ကိုကြင် သိသွားတော့တာပဲ။

❑

၅။

ဆေးရုံတက်ပြီး ငါးရက် တစ်ပတ်လောက်ရှိတော့ ဆရာဝန်ကော်ပီက ပြောတယ်။ ကိုကြင့်ဦးနှောက်ထဲမှာ အကျိတ်မရှိဘူးတဲ့။ သူ့အတက်ကျဆေးတွေလည်း ပေးထားပြီးသားတဲ့။ ဒါပေမဲ့ အောက်ဆီဂျင်ပိုက် ဖြုတ်လိုက်ရင် ဘာကြောင့်တက်တက်သွားသလဲတဲ့။ ပြီးတော့ တက်တာကလည်း အတက်ရောဂါတက်တဲ့ပုံစံနဲ့ မတူဘူးတဲ့။ ကော်ပီလူသားတွေများ ဇာတ်လမ်းဆင်တာ ထောင့်ကိုစေ့နေရောပဲ။ ပြောနေရင်းပဲ ကိုကြင့်ကို မေးလိုက်သေးတယ်။ ပြောတဲ့သူ မရှိဘဲ နားထဲမှာ အသံတွေကြားနေတာမျိုး ရှိသလားတဲ့။ ဟားဟား ပြောတဲ့သူ မရှိမှတော့ ဘယ်လိုလုပ် အသံကြားမတုံး။ ဂေါက်ကြောင်ပဲ။ ရယ်ချင်လိုက်တာ၊ ကိုကြင်မနည်းကြီးကို အောင့်ထားရတယ်။ ပြဿနာက ဒီမှာတင်မရပ်ဘူး။ ကိုကြင့်ကို စိတ်ကျန်းမာရေးဆရာဝန်နဲ့ ပြသင့်တယ်လို့ သူထင်သတဲ့။ အတော်ကို ပြဿနာ မီးထွန်းရှာချင်တဲ့ ငနဲပဲ။ သင်းက သင်းကြောင်တာနဲ့ လူတိုင်းကို အရူးတံဆိပ် လိုက်ကပ်ချင်နေတာ။ ရောဂါမရှိဘူးဆိုမှတော့ ဆေးရုံက ဆင်းပြီး ပေးပြန်ရုံပဲ မဟုတ်လား။ ဒါကို သင်းက ကြမ်းထိုးနေတာ။ အောက်ဆီဂျင်မရှိလို့ ဖြစ်နေတာ ဆရာဝန်အတု

uJ..
aemuf qjkdwmh
aumfyD
bmrS
rwwf
Ekdfawmbl
ajymprf
eifvkd
pDHudefawG
eif
b, fvmuf
vdfvdf
igu
, kd fkifae
ovm,
ajym? ajym
trSf wdkfajym
jrefjrefajym
t cksufcifajym

ကောင်ရဲ့လို့ အော်ပစ်လိုက်ချင်တာ။ အချိန်မတန်သေးလို့ နော်…ဟင်း။

အမယ်… အမယ်။ သရုပ်ဆောင်ကောင်းလိုက်တဲ့ ဂြိုဟ်သူမတွေ။ စိတ်ကျန်းမာရေးဆရာဝန်နဲ့ ပြဖို့လိုမယ်ဆိုတော့ ကိုကြင့်မိန်းမနဲ့သမီးနေရာအစားဝင်ထားတဲ့ ကော်ပီမတွေမျက်နှာ ဖြစ်ပျက်သွားလိုက်တာများ။ မျက်နှာလေးက မဲ့တဲ့တဲ့၊ ငိုပဲငိုတော့မလိုလို၊ ရှက်ပဲရှက်တာလိုလို။ ဘယ်လိုဖြစ်သွားမှန်း မသိတော့ပါဘူး။ ဟုတ်ကဲ့ပါ ဆရာရယ်တဲ့။ စိတ်ရှုပ် စိတ်ညစ်တဲ့ အသံလေးတွေနဲ့။ မသိများမသိရင် ကိုကြင့်စိတ်ထဲ သနားတောင် သနားမိချင်သေးတော့။ အခုတော့ မသာမတွေ နင်တို့ဟန်ဆောင်နေတာ ငါအကုန်သိတယ်ဟဲ့လို့ပဲ အော်ချင်တော့တာ။ သင်းတို့ပဲ ကမ္ဘာကို အလုံပိတ်၊ သင်းတို့ပဲ လူစားတွေလဲ၊ သင်းတို့ပဲ လူကို အရူးတံဆိပ်ကပ်၊ အားလုံးပြီးခါမှ သနားလိုက်တာ၊ ရှက်လိုက်တာဆိုတော့ မခက်ပေဘူးလား။ ကိုကြင့်စိတ်ထဲ "ဟေ့ မိကျောင်းမျက်ရည် လာလုပ်မနေနဲ့။ ငါအကုန်သိတယ်"လို့ ပြောပစ်လိုက်ချင်တာ။ သူအားလုံးသိနေတဲ့ အကြောင်းကို ထုတ်ပြောဖို့ အချိန်မတန်သေးလို့သာ၊ တကယ်။

❑

၆။

အခုအချိန်မှာ ကမ္ဘာကြီးကို အုပ်စိုးချင်ကြသူတွေထဲက ဂိုဏ်းချုပ်ကြီးအဆင့် မဟုတ်ပေမဲ့ ဂိုဏ်းချုပ်ကြီးရဲ့ စတုတ္ထလက်ထောက်အဆင့်လောက်ကို တွေ့နေရပြီလို့ ကိုကြင်ထင်တာပဲ။ စိတ်ရောဂါအထူးကု ဆရာဝန်မ ကော်ပီလုပ်ထားတဲ့ ဂြိုဟ်သူမက တော်တော်ထက်မြက်တယ်။ အပြင်ပန်းသဏ္ဌာန်က အသက်လေးငါးဆယ်ကျော်ရင် မိန်းမတွေ ဖြစ်လေ့ဖြစ်ထရှိတဲ့ ပုံအတိုင်း ဝဝတုတ်တုတ်၊ အရပ်ပုပု၊ ဆံပင်ဖြူကျိုးတိုးကျဲတဲပေမဲ့ မျက်လုံးတွေက တောက်နေတာ။ ကိုကြင်ကို မေးခွန်းတွေ တစ်ခုပြီးတစ်ခု မေးလိုက်တာများ ထောင့်ကို စေ့နေရောပဲ။ အပြင်ရုပ်နဲ့ သူ့ရဲ့ထက်မြက်မှုက မလိုက်ဘူး။ အေးလေ ဒါပေမဲ့ အခု ကိုကြင် မြင်နေရတာက ကော်ပီယူခံထားရတဲ့ ဆရာဝန်မရဲ့ ကိုယ်ခန္ဓာကိုး။ မူရင်း ဂြိုဟ်သူမက ချောချင်ချောနေမှာပေါ့။

စိတ်ရောဂါကု ကော်ပီမက မေးခွန်းတွေ မေးလိုက်တာ အများကြီးပဲ။ ပထမတော့ ကိုကြင် ဘာတစ်ခုမှ အမှန်အတိုင်း မပြောဘဲ လိမ်လိုက်ဖို့ပဲ။ "ဒါပေမဲ့"ဆိုတာကြီးက စိတ်ထဲ ဝင်ဝင်လာတာ။ လိမ်လိုက်ပါပြီတဲ့ အလိမ်ပေါ်သွားရင် ဘယ့်နှယ်လုပ်မတုံး။ ဒီလောက်ပတ်ပတ်လည်က လူတွေကိုတောင် လူစားလဲပြီး ကော်ပီတွေနဲ့ အစားထိုးထားသေးတာ ကိုကြင့်အကြောင်းကို လုံးဝမသိ၊ လုံးဝ မစုံစမ်းထားဘူးဆိုတာ ဖြစ်နိုင်ပါ့မလား။ ကိုယ်က လိမ်လိုက်ပါပြီတဲ့၊ သူတို့ သိထားတဲ့ အချက်တွေနဲ့ မကိုက်ညီရင် ပြဿနာပိုကြီးသွားမှာ။ နောက်ဆုံး ကမ္ဘာကြီး အလုံပိတ်ခံထားရတဲ့ကိစ္စ သူသိနေကြောင်းကိုပဲ ဖုံးထားပြီး ကျန်တာအားလုံး အမှန်အတိုင်း ဖြေဖို့ ကိုကြင်ဆုံးဖြတ်ချက်ချလိုက်တယ်။

"ကဲ… ထိုင်ပါဦး၊ နာမည်က ဘယ်သူတုံး"တဲ့။ ကိုကြင်ပါပေါ့။ ဘာအလုပ်လုပ်လဲဆိုတော့ တပ်ကြပ်ကြီး အငြိမ်းစားပါပေါ့။ အသက် ဘယ်လောက်ရှိပြီလဲတဲ့။ ခြောက်ဆယ့်သုံးနှစ်ပါပေါ့။ အရက်သောက်သလားတဲ့။ နည်းနည်းပါးပါးသောက်ပါတယ်ပေါ့။ မိုးရွာတုန်း ရေခံဆိုတာ ကြားဖူးသလားတဲ့။ ကြားဖူးတယ်ဆိုတော့ ဘာအဓိပ္ပာယ်



www.burmeseclassic.com

www.burmeseclassic.com

လဲတဲ့။ မိုးရွာတုန်း ရေခဲဆိုမှတော့ မိုးရွာတုန်း ရေခဲပေါ့။ ပြီးတော့ အခုက နေ့လား၊ ညလားတဲ့။ ရယ်ချင်လိုက်တာ။ ပြီးတော့ ဘေးက မိန်းမယောင်ဆောင်ထားတဲ့ ကော်ပီမကို လက်ညှိုးထိုးပြီး သူက ဘယ်သူတုံးတဲ့။ မိန်းမလို့ ပြောတာပဲဆိုပြီး လွတ်ခနဲယောင်ဖြေမိလို့ ပြောတာပဲဆိုတော့ ဘယ်သူက ပြောတာလဲ။ မိန်းမအစစ် မဟုတ်ဘူးလား သူက၊ အတုလားတဲ့။ စိတ်ကော်ပီမက သိသိကြီးနဲ့မေးတာပဲ။ ဘေးနားက မိန်းမကော်ပီကလည်း ကိုကြင်ဖြေလိုက်လေ၊ ဖြေလိုက်လေတဲ့။ အတိုင်အဖောက်ညီလိုက်တဲ့ ကော်ပီမနှစ်ကောင်။ နောက် မေးသေးရဲ့။ အောက်ဆီဂျင်ဘူးနဲ့ ရှူနေရတာက အပြင်က လေက မသန့်လို့လားတဲ့။ လေကို မရှိတော့တာလို့ ဖြေလိုက်ချင်တာ။ ဆရာမတို့လည်း ဒီလေရှူနေတာပဲတဲ့။ တူမလား… မင်းတို့က ကော်ပီမတွေပဲ၊ ငါက လူလို့ပြောလိုက်ရ အကုန်ပေါ်ကုန်လိမ့်မယ်။ ဒါတောင် ဒေါက်တာကော်ပီမက မလျှော့ချင်သေးဘူး။ ဘာတွေမကျေမနပ်ဖြစ်နေတာလဲတဲ့။ စိတ်ရောဂါကုကော်ပီမနဲ့ စကားပြောနေတဲ့ တစ်လျှောက်လုံး ကိုကြင့်စိတ်ထဲမှာ ပေါ်ကုန်တော့မှာပဲ၊ ကမ္ဘာ အလုံပိတ်ခံထားရကြောင်း ငါသိတာ ပေါ်ကုန်တော့မှာပဲလို့ တွေးမိတာခဏခဏပဲ။ နောက်ဆုံး ကိုကြင်တစ်ယောက် သူ့ကို ဘာမေးမေး မပြောတော့ဘဲ ရေငုံနှုတ်ပိတ်နေရတော့တာပဲ။ ဒါတောင် ဒင်းက ခြိမ်းခြောက်သေးတယ်။ မေးတာ မဖြေရင် မပြန်ရဘူးတဲ့။ အောက်ဆီဂျင်ပိုက်မပြုတ်မချင်းလည်း ဆေးရုံက မဆင်းရဘူးတဲ့။ ဆေးသောက်ရမယ်တဲ့။ ဆေးမသောက်ရင်လည်း ဆေးရုံက မဆင်းရဘူးတဲ့။ ကဲ ဘယ်လိုလုပ်ကြမတုံး။

ကိုကြင် တွေးရပြီ။ ရှူစရာ အောက်ဆီဂျင် မရှိတဲ့ကမ္ဘာ၊ လူကော်ပီတွေက ပိုင်းနေတာ။ ဆေးရုံက မြန်မြန်ဆင်းရမှ လုပ်စရာရှိတာတွေ ဆက်လုပ်ရမှာ။ မဟုတ်ရင် အချုပ်မိနေတာနဲ့ ဘာထူးမှာတုံး။ ဒါပေမဲ့ ဆေးသောက်ဖို့ကော အဆင်ပြေပါ့မလား။ လူကော်ပီတွေ တိုက်တဲ့ဆေးဆိုမှတော့ မကောင်းမှာတော့ အသေအချာပဲ။ အဆိပ်မဟုတ်ဘူးလို့လည်း ဘယ်သူမှ အပ်ကျမပ်ကျ မပြောနိုင်ဘူး။ သူတို့လို ကော်ပီဇာတ်သွင်းဖို့ တိုက်တဲ့ဆေးလည်း ဖြစ်နိုင်တာပဲ။ ဒါပေမဲ့ ဆေးက လုံးလုံးမသောက်ဘဲနေလို့မရဘူး။ မသောက်ဘဲနေရင် သူတို့က ဘာတွေလုပ်မယ်မသိဘူး။ ကိုကြင့်စိတ်ထဲအမှန်လည်း မသောက်ရဲဘူး။ နောက်ဆုံး ဆေးသောက်ဟန်ဆောင်ရမယ်လို့ ကိုကြင် ဆုံးဖြတ်တယ်။ ဆရာမတွေ ဆေးလာတိုက်တဲ့ အခါတိုင်း ဆေးပြားကို လျှာအောက်ကလေးမှာ ဖိထား၊ ရေကို အသောက်ပြပြီး လူလစ်မှ ထွေးပစ်ရတယ်။ အမယ်လေး ခါးချက်။ လူ မလစ်တော့လည်း တစ်ခါတလေတော့လည်း ကြောက်ကြောက်နဲ့ မျိုချရတယ်။ ဆေးသောက်ပြီးတိုင်း ကိုကြင့်မှာ သွေးပွက်ပွက်အန်ပြီး သေတော့မလားကြောက်စိတ်ကြီးနဲ့။

တစ်ရက်ပြီး တစ်ရက် အချိန်တွေက ကုန်ခဲ့တာ။ ကိုကြင် ဆေးမသောက်ဘူး၊ ကိုကြင် ဆေးတွေကို ထွေးပစ်နေတယ်လို့ သူနာပြုကော်ပီမတွေက စိတ်ကော်ပီမ လာတိုင်း တတွတ်တွတ်နဲ့ တိုင်ကြတယ်။ စိတ်ကော်ပီမကလည်း ငါသိပါတယ်ဆိုတဲ့ မျက်နှာပေးနဲ့။ တစ်ရက်တော့ ကဲ ဒီလောက်တောင်ရှိတာ မတတ်နိုင်ဘူး၊ ဆေးထိုးတဲ့။ ကိုကြင် နောက်နေ့ လမ်းမလျှောက်နိုင်ဘူး။ လူက တောင့်တောင့်ကြီးနဲ့ ထိုင်ရခက်၊ ထ,ရခက်ကြီး။ စိတ်ထဲလည်း တကယ်ကြောက်သွားတာ။ ငါ သတိထားမှဖြစ်မယ်ပေါ့။ ငါ သိပ်ပြီး ကလန်ကဆန်လုပ်လို့ မဖြစ်ဘူးပေါ့။ ကိုကြင် အများကြီး စဉ်းစားရတာပဲ။ ကြာရင် ခက်လိမ့်မယ်၊ သူ ဘာလုပ်ရမလဲပေါ့။ နောက်ဆုံး ကိုကြင် ဆေးသောက်ဖို့ ဆုံးဖြတ်ရတယ်။ ကိုကြင် သိတယ်။ ဆေးတွေသောက်ရင်းပဲ သူ တဖြည်းဖြည်းနဲ့ ဂြိုဟ်သားဆန်လာတာ။ လက်တွေ တဆတ်ဆတ်တုန်တယ်။ အသားအရေတွေက မာတင်းလာတာ။ သုံးရက်က ငါးရက်ကြာလာတော့ အောက်ဆီဂျင်မရှိတဲ့ လေကို ရှူပြီး သူ နေနိုင်လာပြီ။ သူ လုံးဝ ဂြိုဟ်သားစစ်စစ် ဖြစ်သွားတော့မှာလား။ ကိုကြင် တွေးတယ်။ ဟင့်အင်း သူ သိနေတာပဲ။ သူ အသိမှ မလွတ်တာ။ ဖြစ်စရာလား။ အခုဆို အောက်ဆီဂျင်မပါဘဲ သူနေနိုင်နေပြီ၊ ပိုတောင် ကောင်းသေးတယ် မဟုတ်လား။ သူ့မှာ လုပ်စရာတွေက အများကြီး။ နေရာတကာ အောက်ဆီဂျင်ပိုက်တန်းလန်းနဲ့ သွားလို့ရတာ မဟုတ်ဘူး။ ငါ လူသားတစ်ယောက်ဆိုတာ မေ့သွားလို့တော့ မဖြစ်ဘူး၊ ကိုကြင် တွေးတယ်။ ငါက လူပဲ၊ ငါက ဂြိုဟ်သား မဟုတ်ဘူး။ ငါ့မှာ လုပ်စရာတွေ အများကြီး ရှိတယ်။ ငါ့အတွက် အောက်ဆီဂျင် လုံလောက်အောင် ရှာရမယ်။ ဒီအဖြစ်အပျက်ကြီးရဲ့ မူလဘူတ ကြိုးကိုင်သူကိုလည်း ရှာရမယ်။ ကမ္ဘာကြီးကို ကယ်တင်ရမယ်။ ငါက လူ၊ ငါက လူသားပဲ။ သူ့အသိစိတ်တွေ ပျောက်မသွားအောင် ကိုကြင် နေ့စဉ်နဲ့အမျှ တတွတ်တွတ် ရွတ်နေရတာပဲ။

တစ်လ ပြည့်ခါနီးတော့ ကိုကြင် လူပါး၀,သွားပြီ။ စိတ်ကော်ပီမ မေးသမျှ ပြောသမျှကို အပြုံးမပျက် ရုက်တက်တက်ပုံနဲ့ မဟုတ်ပါဘူး ဆရာမရယ်လို့ ငြင်းရကောင်းမှန်း သိပြီ။ ကိုကြင်အရှေ့မှာပဲ စိတ်ကော်ပီမက သူ့မိန်းမ မဒမ်ကြင်ကို မေးတယ်။ ကိုကြင့်ကို အိမ်မှာ ထိန်းနိုင်ပြီလားတဲ့။ ထိန်းနိုင်ရင် ပေးပြန်မယ်တဲ့။ အခုဖြစ်နေတာတွေက ယုံမှားသံသယလွန်စိတ်ရောဂါတဲ့။ အခုက သက်သာရုံပဲ ရှိသေးတာတဲ့။ ဆေးသောက်ရင်းတော့ ကောင်းလာလိမ့်မယ်တဲ့။ ဆေးအနည်းဆုံး တစ်နှစ်သောက်ရမယ်တဲ့။ တစ်နှစ်ဆိုပေမဲ့



www.burmeseclassic.com

www.burmeseclassic.com

လည်း တစ်နှစ်ပြည့်ရင် ဒုန်းခနဲ ဖြတ်လို့ရတာတော့ မဟုတ်ဘူးတဲ့။ ဒီရောဂါတွေက ဆီးချိုသွေးချိုလိုပဲ မို့လို့ ဆေးကို ကြာကြာ သောက်နိုင်လေ ကောင်းလေပဲတဲ့။ ဆေးပြတ်ရင် ပြန်ဖြစ်မယ်တဲ့။ ပြန်ဖြစ်ရင်တော့ ဆေးအနည်းဆုံး နှစ်နှစ်၊ သုံးနှစ် သောက်ရပြီမှတ်တဲ့။ ကိုကြင့်ကိုလည်း ဆေးသောက်နော်တဲ့။ စိတ်ကော်ပီမ ပြောသမျှ ကိုကြင်တစ်ယောက် ဟုတ်ကဲ့ပါ အာမဘန္တေခံရတာပဲ။ နောက်ဆုံးတော့ တစ်လခွဲပြည့်ခါနီး သုံးရက်အလိုမှာ ကိုကြင် ဆေးရုံက ဆင်းခွင့်ရတယ်။

❑

၇။

အိမ်ရောက်ပြီဆိုတာနဲ့ ကိုကြင် ဆေးတွေ မသောက်တော့ဘူး။ မဒမ်ကြင်က ဆေးသောက်ဖို့ပြောတိုင်း သောက်မယ်၊ သောက်မယ်လို့ အော်ပြီး တော်တဲ့တစ်နေရာကို မသိမသာ လွှင့်လိုက်တာပဲ။ တစ်ခါတလေတော့လည်း ဆေးသောက်ဟန်လေးဆောင်ပြီး လူလစ်မှ ထွေးထုတ်တယ်။ ဟုတ်တယ်၊ ဘာလို့ ဆက်သောက်နေမလဲ။ သူ ဂြိုဟ်သားမဖြစ်ချင်ဘူး။ သူက လူ။ ပြီးတော့ ဂြိုဟ်သားတွေ လက်ထဲကနေ ကမ္ဘာကြီးကို သူ ကယ်တင်ရဦးမယ်။ သူ ဘာတွေလုပ်ရမလဲ။ အရင်ဆုံး သူ့အတွက် အောက်ဆီဂျင် လုံလုံလောက်လောက် ရအောင်လုပ်ရမယ်။ ဆေးရုံမှာ သူ အောက်ဆီဂျင်ပုလင်းတွေ မြင်ခဲ့တာ။ ဘယ်မှာ ရောင်းသလဲ။ ဝယ်ရမယ်၊ ဝယ်ရမယ်။ ပြီးတော့ နောက်ထပ် အောက်ဆီဂျင်တွေ ဘယ်မှာ ထပ်ရနိုင်မလဲ။ သူ လုပ်စရာရှိတာ မြန်မြန်လုပ်မှ ဖြစ်မယ်။ အခြေအနေတွေက တစ်နေ့တခြား ပိုပိုဆိုးလာပြီ။ အရင်က ကြည်လင်နေတဲ့ ကောင်းကင်တွေက အခုဆို ပိုပိုပြီး မှုန်မှိုင်းလာတာ။ သူ အချိန်ဆွဲနေလို့ မရတော့ဘူး။

ကိုကြင် သူ့ရဲ့ မိန်းမကော်ပီ၊ သမီးကော်ပီနဲ့ သားကော်ပီ မသိအောင် ပိုက်ဆံတွေ နှိုက်ရတယ်။ ဒီလိုနဲ့ ဆေးရုံက ဆင်းပြီး တစ်လပြည့်ခါနီး တစ်ရက်မှာတော့ သူ့မိန်းမရဲ့ အလစ်ကိုစောင့်၊ အိမ်ကထွက်၊ မြို့ထဲပတ်ပြီး အောက်ဆီဂျင်ဆိုင် လိုက်ရှာရတယ်။ ဆေးရုံက ဆရာဝန်က အောက်ဆီဂျင် မပြတ်ရှူရမယ် ပြောတယ်၊ ဒီအိမ်လိပ်စာကို အောက်ဆီဂျင်အိုးတွေ မပြတ်ပို့ပေးပါလို့ ပြောရတယ်။ ဖုန်းနဲ့ ဆက်သွယ်ဖို့ နံပါတ်တောင်းရတယ်။ တောင်းသာတောင်းရတာ၊ ကိုကြင့်စိတ်ထဲမှာ သူသာ ဖုန်းနဲ့ ဆက်သွယ်တဲ့အချိန် ကော်ပီဘုရင်ကြီးက အသံလှိုင်းတွေဖမ်းထားတာနဲ့ကြုံရင် တိုက်ရိုက် သတင်းပို့သလို ဖြစ်သွားမလား တွေးမိသေးတယ်။ အောက်ဆီဂျင်ဆိုင်က ပြန်လာတော့ စာအုပ်ဆိုင်တစ်ခုထဲကို ဝင်တယ်။ ပြီးတော့ ကြိုတွေးထားတဲ့အတိုင်း 'ကမ္ဘာ့လေထု'နဲ့ 'အောက်ဆီဂျင်'ဆိုတဲ့ စာအုပ်နှစ်အုပ်ကို ဝယ်တယ်။ ဆေးဆိုင်ကနေ အိပ်ဆေးနည်းနည်း ဝယ်တယ်။ ပြီးတော့ လမ်းထိပ် စတိုးဆိုင်ကနေလည်း ပေါင်မုန့်နည်းနည်း၊ ဖျော်ရည်နည်းနည်း ဝယ်တယ်။ ကော်ပီမတွေ ကျွေးတဲ့အစာထဲ ဘာတွေထည့်ထားမှန်းမသိဘူး မဟုတ်လား။ ကိုကြင် သွားခဲ့တဲ့ လမ်းတစ်လျှောက် ပြောင်းလဲနေတာတွေ အများကြီးပဲ။ အပင်တွေအားလုံးက ငြိမ်ကုပ်နေကြတာ။ လူတွေဆိုတာလည်း အားလုံးက ကော်ပီတွေနဲ့ အစားထိုးထားပြီးပြီ။ လူတိုင်းရဲ့ မျက်နှာမှာ လွန်ခဲ့တဲ့ တစ်လကျော်လောက်ကတည်းက ကိုကြင် မြင်တွေ့၊ ကြားသိနေခဲ့ရတဲ့ ကော်ပီအပြုံးတွေ၊ ကော်ပီရယ်သံတွေ၊ ပြီးတော့ အချင်းချင်း အပြန်အလှန်နှုတ်ဆက်ကြတဲ့ ကော်ပီလောကွတ်တွေနဲ့ ပြည့်လျှံနေတာ။ မြင်မြင်သမျှလိုက်ကြည့်ရင်း ကိုကြင် မောလာတယ်။ သူ လုပ်ရမယ့် အလုပ်က အကြီးကြီးပဲ။ သူရင်ဆိုင်ရမယ့် အရာက တစ်ကမ္ဘာလုံးနီးပါးဖြစ်နေပြီ။ အခုထိကို သူ့ဘက်က ကူညီမယ့်သူ တစ်ယောက်မှ မတွေ့သေးဘူး။ ဘာပဲဖြစ်ဖြစ် လက်မလျှော့ဘူး။ ငါ ကြိုးစားရမယ်။

ကိုကြင် အိမ်ပြန်ရောက်တော့ သူ့မိန်းမ မဒမ်ကြင်က စိုးရိမ်တကြီး ဆီးကြိုတယ်။ ဘယ်တွေ သွားနေတာတုံးတဲ့။ စိုးရိမ်ပြီး အလုပ်သွားတဲ့ သားနဲ့ သမီးကိုတောင် ဖုန်းဆက်လိုက်သေးတဲ့။ နေကောင်းသလား၊ ဘာတွေဖြစ်နေသတုံးတဲ့။ ဟန်ဆောင်ပန်ဆောင်တွေ လုပ်မနေစမ်းပါနဲ့ကွာလို့ ကိုကြင် စိတ်ထဲက ပြောလိုက်တယ်။ ဟုတ်တယ်၊ မူရာမာယာတွေကို မုန်းလိုက်တာ။ စိတ်ထဲရှိတဲ့ အတိုင်းသာဆို ကော်ပီမ သေစမ်းဆိုပြီး လုပ်ထည့်လိုက်ပြီ။ ကိုကြင့်စိတ်ထဲ အချိန်မတန်သေးဘူးဆိုပြီး မနည်းထိန်းထားရတာပဲ။ စာအုပ်သွားဝယ်တာ၊ ငါ နားဦးမယ်လို့ ပြန်ပြောလိုက်တယ်။ အဲဒီနောက် အခန်းထဲ ဝင်ခဲ့တာပဲ။ အခန်းနံရံပေါ်က ဓာတ်ပုံထဲမှာ သူနဲ့ သူ့မိန်းမက ပြုံးပြုံးကြီးရှိနေတယ်။ ပြီးတော့ သူ့သမီးနဲ့ သူ့သား ဘွဲ့ဝတ်စုံနဲ့ပုံတွေ။ အဲဒီနောက် သူတို့မိသားစုဓာတ်ပုံ။ သူက တပ်ကြပ်ကြီးဝတ်စုံနဲ့၊ သူ့မိန်းမက သူနဲ့ ဆင်တူ အစိမ်းရောင်ဝမ်းဆက်နဲ့ သူ့ကလေးနှစ်ယောက်က ဘွဲ့ဝတ်စုံတွေနဲ့။ လေးယောက်စလုံး မျက်နှာတွေက ရယ်ချင်တာကို အောင့်ထားရတဲ့ပုံစံတွေ။ ပုံကို ငေးကြည့်ရင်း သူ တွေးမိတယ်။ သူ့မိန်းမနဲ့ သူ့သားသမီးနှစ်ယောက် ဘယ်ရောက်နေပြီလဲပေါ့။ ဂြိုဟ်သူမတွေက သတ်များပစ်လိုက်ကြပြီလားပေါ့။ ငါ တောင်းပန်ပါတယ်၊ မင်းတို့ကို မကာကွယ်နိုင်ခဲ့ဘူးလို့ တွေးမိတော့ ကိုကြင် ငိုချင်လာတယ်။

သူ့ကိုကော ဘယ်အချိန်သတ်မှာလဲ။ မဖြစ်ဘူး လက်ဦးမှု ယူရမယ်။ ညနေစောင်းဆို သူမှာထားတဲ့ အောက်ဆီဂျင်အိုးက ရောက်လာတော့မှာ။ အဲဒီ အောက်ဆီဂျင်အိုး



www.burmeseclassic.com

www.burmeseclassic.com

ကိုသာ မြင်ရင်တော့ ကော်ပီမတွေက ချက်ချင်း စိတ်ရောဂါကုဆေးရုံ ပြန်ပို့မလားပဲ။ မဖြစ်ဘူး၊ အိပ်ဆေးတွေ သုံးရမယ်။ အိပ်ဆေးတွေ သုံးပြီး သင်းတို့ အိပ်မောကျ သွားတဲ့ချိန် လက်ဦးမှုယူပြီး ရှင်းပစ်ရမယ်။ ပြီးရင်··· ပြီးရင်··· ပြီးရင်··· ပြီးရင်။ ကိုကြင် စာအုပ်ကြီးလှန်၊ မျက်နှာအပ်ထားပေမဲ့ အတွေးတွေက တန့်နေတာ။

❑

၈။

အမှောင်ဟာ ကန့်လန့်ကာချလိုက်သလိုပဲ လျှင်လျှင်မြန်မြန် ရောက်လာခဲ့တာ။ ကလေးတွေ ပြန်မလာသေးခင် မှောင်ရီပျိုးစ အချိန်မှာပဲ အောက်ဆီဂျင်အိုးတွေ ပို့တဲ့ကား ရောက်လာခဲ့တာ။ ကော်ပီမ မဒမ်ကြင်က ကိုကြင့်ကို မျက်လုံးပြူးနဲ့ ကြည့်နေတယ်။ ပြီးတော့ 'မဟုတ်သေးဘူးရှင့်' ဆိုပြီး တစ်ခုခုဝင်ပြောတော့မလို ပါးစပ်တပြင်ပြင် ဖြစ်နေတယ်။ မောရင် အရေးပေါ် ရှူမလို့၊ ဆေးရုံ မသွားချင်လို့ ဆိုပြီး ကိုကြင် ခပ်မာမာပြောလိုက်တော့ ပြောချင်နေတာတွေကို အောင့်လိုက်ပုံပဲ။ သူ့ရဲ့ ကော်ပီနှစ်ကောင်ကိုတော့ ဖုန်းနဲ့ တကျိတ်ကျိတ်လှမ်းပြောနေပြီ။ သေချာတယ်၊ ဒီညသာ ကိုကြင် လက်ဦးမှု မရလိုက်နိုင်ရင် မနက်ဖြန်ကစပြီး ဆေးရုံမှာ အချိန်ကုန်ရပြန်တော့မှာ။ နောက်တစ်လသာ ထပ်ကြာဦးမယ်ဆို ဘယ်လိုမှ အချိန်မှီတော့မယ် မထင်ဘူး။ အခုတောင် လူစင်စစ် ဘယ်နှယောက်မှ မကျန်တော့ဘူး။ ကိုကြင် စာအုပ်ကို မျက်နှာအပ်ပြီး စာဖတ်ဟန်ဆောင်နေတယ်။ ဟိုကော်ပီမက အရှေ့ထွက်လာလိုက်၊ အနောက်ပြန်ဝင် သွားလိုက်နဲ့ လှုပ်လှုပ်ရွရွ ရှိနေတယ်။ ခြင်ဆေးခွေ ထွန်းပေးတာလိုလိုနဲ့ မီးခြစ်လေးကိုင်လိုက်၊ တစ်ခုခု ရှာတာလိုလို မျက်လုံးလေး ကျီးကြည့်ကြောင်ကြည့်နဲ့ ကိုကြင့်ဘေးနား ကပ်လာလိုက်၊ ပြီးရင် အနောက်ဘက်ထွက်သွားပြီး ဖုန်းပြောလိုက်ပဲ။ အောက်ဆီဂျင်အိုးတွေကိုလည်း မျက်စောင်းတထိုးထိုးပဲ။ ဖုန်းတွေကလည်း ဆက်လိုက်တာ မရပ်မနားပဲ။ ကိုကြင် သူလုပ်တာ အောင်မြင်နိုင်ပါ့မလား တွေးရင်း စိုးရိမ်လာတယ်။ သေချာတယ် ကော်ပီမ သူ့အထက်လူကြီးကို သတင်းတွေ ပို့နေပြီ။ ကိုကြင် စာမဖတ်နိုင်တော့ဘူး။ ဝူးခနဲ အိမ်ရှေ့ကို ကော်ပီရဲတွေရဲ့ ကားတွေ ဆိုက်လာတော့မှာ ကိုကြင် သိနေပြီ။ ဘာလုပ်ရင်ကောင်းမလဲ၊ ဘာလုပ်ရင် ကောင်းမလဲ ဆိုတာကိုပဲ ထပ်တလဲလဲတွေးတယ်။ ဒီအတိုင်းဆို သူ့ရဲ့ အိပ်ဆေး အစီအစဉ်က အဆင်ပြေနိုင်မယ် မထင်တော့ဘူး။ အချိန်လည်း မရတော့ဘူး။ မျက်စိကြီးတည့်ရာ ကြည့်နေတဲ့ တီဗွီထဲမှာတော့ သမ္မတကြီးက ပြုံးပြုံးရယ်ရယ်ရှိနေတာ။ ကြည့်ရတာ အောက်ဆီဂျင် မလိုဘူးဆိုမှတော့ သူလည်း အတုပဲပေါ့။ ကော်ပီပဲပေါ့။ ပြဿနာက လုံးဝ အဆုံးစွန် ဖြစ်နေပြီ။ တကယ့် ထိပ်သီး တွေအထိ ခံနေရပြီ။ တစ်ခုခု လုပ်မှဖြစ်မယ်။ တစ်ခုခုတော့ လုပ်မှဖြစ်မယ်။ အချိန်စောင့်လို့ မဖြစ်တော့ဘူး။ လွဲချော်လို့လည်း မဖြစ်ဘူး။ အနည်းဆုံးတော့ ဒီကော်ပီလူတွေ လက်ထဲက သူလွတ်နေမှ ဖြစ်မယ်။ ဒါမှ လုပ်ချင်တာ လုပ်လို့ရမှာ။ ကိုကြင်ရဲ့နားထဲကို ကော်ပီမရဲ့ ဖုန်းသံတစီစီက အဆက်မပြတ်ကြားနေရတယ်။ နိမ့်ချည်မြင့်ချည် ပြောနေရာက တဖြည်းဖြည်း တိုးတိုးသွားတဲ့ ဖုန်းသံကို နားထောင်နေရင်း ကိုကြင် သည်းမခံနိုင်တော့ဘူး။ နောက်ဆုံး ဖြစ်ချင်ရာဖြစ် သဘောပိုက်ပြီး ကိုကြင် ကော်ပီမကို ဝုန်းခနဲ ခုန်အုပ်ပစ်လိုက်တယ်။

'ကိုကြင်'တဲ့။ ကော်ပီမ အော်တယ်။ ကျွန်မ ရှင့်မိန်းမ ပါတဲ့။ မသာမ လာလိမ်မနေနဲ့။ ကိုကြင် လက်လွဲပြီး ပါးရိုက်ထည့်လိုက်တာ ပုံခနဲပဲ။ ကဲ ကော်ပီမ အခုတော့ ဘာတတ်နိုင်သေးသလဲ။ ကိုကြင် ရယ်တယ်။ တဟားဟားနဲ့ အဆက်မပြတ် ရယ်တယ်။ ကြောက်ရွံ့တုန်လှုပ်နေတဲ့ဟန်ပန်နဲ့ တအီအီ ငိုယိုရင်း ချော့မော့ဖို့ ကြိုးစားနေတဲ့ မဒမ်ကြင်ကိုကြည့်ပြီး ရယ်နေရင်း သေသွားတော့ မလောက်ကို ကိုကြင်ရယ်တာပဲ။ ပြီးတော့ 'ကော်ပီမ တိတ်၊ ငိုမနေနဲ့။ ကျက်သရေမရှိဘူး' လို့ အော်ဆဲလိုက်ပြီး ပါးကို နောက်တစ်ချက်ဆောင့်ရိုက်တယ်။ ပြီးတော့ လက်လှမ်းမီသမျှ စားပွဲခင်းတွေကိုဆွဲပြီး ကြိုးတွေ တစ်ရစ်ပြီးတစ်ရစ် တုပ်တယ်။ ကိုယ်ကို တွန့်တွန့်ပြီး ရုန်းဖို့ ကြိုးစားနေတဲ့ မဒမ်ကြင်ကိုလည်း ငြိမ်ငြိမ်နေဖို့ ဆဲရေးပြီး ဆောင့်ဆောင့်တွန်းတာပဲ။ ကဲ··· နောက်ဆုံးတော့ ကော်ပီမ ဘာမှ မတတ်နိုင်တော့ဘူး။ ပြောစမ်း နင်တို့ စီမံကိန်းတွေ။ နင် ဘယ်လောက်လိမ်လိမ် ငါက ယုံမယ် ထင်နေသလား။ ပြော၊ ပြော အမှန်အတိုင်းပြော၊ မြန်မြန်ပြော၊ အခုချက်ချင်းပြော။

'နင်တို့ ဘယ်သူတွေလဲ။ ဘာကြောင့် ကမ္ဘာကြီးကို အလုံပိတ်ရတာလဲ။ အခု ငါ့မိန်းမနဲ့ ငါ့ကလေးတွေ ဘယ်မှာ ထိန်းထားသလဲ။ ပြောစမ်း၊ အခုပြောစမ်း' ကိုကြင် မေးခွန်းတွေ အဆက်မပြတ်မေးတယ်။ ကျွန်မက ရှင့်မိန်းမ အစစ်ပါ ကိုကြင်ရဲ့ ဆိုပြီး မဒမ်ကြင်က ငိုယိုပြီး ဖြေတာပဲ။ ရှင်အထင်မှားနေတာပါ။ ကမ္ဘာကြီးက အလုံမပိတ်ပါဘူး၊ ဟောဒီမှာ ကျွန်မတောင် ရှူလို့ရသေးတာပဲ ဆိုပြီး မဒမ်ကြင်တစ်ယောက် တရှူးရှူး တရှဲရှဲ လေတွေ ရှူပြတယ်။ ကိုကြင်က လူလိမ်မဆိုပြီး ဖြောင်းခနဲ ဆော်ပြန်တယ်။ ကြာနေပြီ။ အရမ်းကြာနေပြီ။ ခဏနေဆို သူ့သားနဲ့ သူ့သမီးယောင်ဆောင်ထားတဲ့ ကော်ပီနှစ်ကောင်က ပြန်လာတော့မယ်။ ရဲကော်ပီတွေ လာတော့မယ်။ မသာမ မြန်မြန်မဖြေဘူး။ ကြာရင် အကုန်ရှုပ်ကုန်လိမ့်မယ်။ ကိုကြင် သိတယ်။ တဖြည်း



www.burmeseclassic.com

www.burmeseclassic.com

ဖြည်းနဲ့ ကိုကြင် ဒေါသတွေ ထိန်းမရတော့ဘူး။ အသက် ရှူသံတွေက တဖြည်းဖြည်း မြန်လာတယ်။ လူသတ်မိတော့မယ်။ ကိုကြင် လူသတ်မိတော့မယ်။ ဟင့်အင်း အခုနေသတ်လိုက်ရင် အကုန်လက်စ,ပျောက်ကုန်မှာ။ ဘာသဲလွန်စမှ ရလိုက်မှာ မဟုတ်ဘူး။ ဒီအခြေအနေအတိုင်းဆိုလည်း မကြာခင် ထွက်ပြေးရမှာပဲ။ အားလုံး သိကုန်မှာပဲ။ ကမ္ဘာ အလုံပိတ်ခံထားရကြောင်း သူသိတယ်ဆိုတာ ဒီကော်ပီမကတစ်ဆင့် အားလုံး သိကုန်မှာပဲ။ ဘယ်လိုလုပ်ရမလဲ။ ကြံစမ်း၊ ကြံစမ်း။

အရင်ဆုံး ပြေးဖို့ အထုပ်ပြင်ရမယ်။ ရေဘူး၊ ဖုန်း၊ ဓာတ်မီး။ ကိုကြင် ဧည့်ခန်းထဲ လက်လှမ်းမီသမျှ ကောက်တယ်။ ဝေးဝေးလည်းမသွားရဲဘူး။ ဟိုကော်ပီမ ထွက်မပြေးအောင်က မျက်စိထောင့်က ကြည့်နေရသေးတာ။ လက်တွေခြေတွေ ကြိုးတုပ်ထားပေမဲ့ သေခြင်းဆိုးမက အငြိမ်မနေဘူး။ ဟာ ဒီ ဓာတ်မီးက အရေးထဲ ရှာမတွေ့ဘူး။ မီးခြစ်၊ မီးခြစ်၊ မီးခြစ်တော့ တွေ့ပြီ။ ဘာ ယူရဦးမလဲ၊ ဘာယူရဦးမလဲ။ ကိုကြင်စဉ်းစားတယ်။ မျက်စိထဲ တွေ့သမျှ တစ်ခုပြီးတစ်ခု ကောက်တယ်။ စားပွဲပေါ်ပုံတယ်။ ဟာ… အောက်ဆီဂျင်ပဲ။ အရေးအကြီးဆုံးကိုမှ မေ့နေခဲ့တာ။ ဒါနဲ့ ဒီလောက်လေးတဲ့ ဆလင်ဒါကြီးကို ဘယ်လိုသယ်ရမတုံး။ နှစ်ရက်ခွဲ၊ သုံးရက်တော့ သူ ဒီအတိုင်း နေနိုင်မယ်ထင်တယ်။ ပြီးရင်တော့ ပြန်ရှူရမှာ။ အောက်ဆီဂျင် ပြတ်ရင်တော့ သူသေမှာပဲ။ ဘယ်လိုလုပ်ရမလဲ။ အခုရှူသွားရမှာပေါ့။ အခု ရှူရမှာပေါ့။ ကိုကြင်ညနေခင်းတုန်းက ဆိုင်မှာ သေချာမေးထားတဲ့အတိုင်း အောက်ဆီဂျင်အိုးတွေကို တစ်လုံးပြီး တစ်လုံး လှည့်ဖွင့်တယ်။ တရှူးရှူး ထွက်နေတဲ့ လေတွေကို အားပါးတရ ရှူရှိုက်တယ်။ ဟားဟား ဘယ်လောက်ချိုလိုက်တဲ့ အနံ့လဲ။ ဘယ်လောက် မွှေးကြူလိုက်တဲ့ အနံ့လဲ။ ရှူစမ်း၊ ရှူစမ်း၊ သုံးရက်စာခရီး၊ ဒီ့ထက်လည်း က,ချင်မှ က,မယ်။ "ဧ-ဘက်ကောင်မ၊ မင်းမြင်သလား။ အခု ငါဘာရှူနေတယ်ဆိုတာ မင်းမြင်သလား။ ငါက မင်းတို့လုပ်သမျှ ငြိမ်ခံနေမယ် မထင်နဲ့။ ပြော အခုပြောစမ်း။ မင်းတို့ခေါင်းဆောင် ဘာတွေ စီစဉ်နေသလဲ။ အခုပြောစမ်း" လေကို အငမ်းမရ ရှူလိုက်၊ မဒမ်ကြင်ကို အော်ဟစ်ဆဲဆိုလိုက် လုပ်နေရင်းပဲ အောက်ဆီဂျင်ဆလင်ဒါရဲ့ အောက်ခြေနားက ခြင်ဆေးခွေမီး နီရဲရဲလေးကနေ ဝုန်းခနဲ ပြာလဲ့လဲ့ မီးလုံးကြီးအဖြစ် ပြောင်းပြီး သူ့ဆီ ပြေးဝင်လာတာကို ကိုကြင် နောက်ဆုံး မြင်လိုက်ရတယ်။

❑

၉။

"ထွက်သွားတော့ ကိုကြင်။ ထွက်သွားတော့။ ကမ္ဘာကြီး အလုံပိတ်ခံရပြီဆိုပြီး ရှင်ကြောက်နေခဲ့တာ မဟုတ်လား။ အောက်ဆီဂျင်တွေ မရှိတော့ဘူးဆိုပြီး ရှင်စိုးရိမ်နေခဲ့တာ မဟုတ်လား။ အခု ရှင့်အတွက် ကောင်းသွားတာပေါ့။ ရှင် လွတ်လပ်သွားတာပေါ့၊ ရှင်ထင်နေတဲ့ အလုံပိတ်ကမ္ဘာထဲကနေ ထွက်သွားလိုက်တော့"တဲ့။ မဒမ်ကြင်ရဲ့ ရှိုက်သံစွက်နေတဲ့ အသံက ကိုကြင့်နားထဲ တိုးတိုးလေး ဝင်လာတယ်။ ဘာလဲ ဒါ သူ့ကို နှင်နေတာလား။ သူ သေရတော့မှာလား။ တအီအီ အဆက်မပြတ် ငိုနေတဲ့ သူ့မိန်းမနဲ့ ကလေးနှစ်ယောက်ရဲ့ အသံတွေကို နားထောင်ရင်း ကိုကြင် ဒေါသတွေ တလိမ့်လိမ့် ထွက်လာတယ်။ တိတ်စမ်း မသာမလို့ အော်ပစ်လိုက်ဖို့ပဲ။ တင်းကျပ်နေတဲ့ နှုတ်ခမ်းတွေက လှုပ်လို့မရဘူး။ ကိုကြင် ခြေတွေ၊ လက်တွေ၊ တစ်ခုချင်းစီ လိုက်လှုပ်ကြည့်တယ်။ ဟင် တစ်ကိုယ်လုံးက ကြိုးနဲ့တုပ်ထားသလို တောင့်တောင့်ကြီး။ အာရုံခံစားမှုတွေလည်း မရှိတော့ဘူး။ ပြီးတော့ ရင်ဘတ်ကလည်း ကျပ်စည်းထားသလိုပဲ။ ကိုကြင် အသက်ရှူကြည့်တယ်။ ဟင့်အင်း၊ လေတွေ ကဝင်မလာသလိုပဲ။ အောက်ဆီဂျင်၊ အောက်ဆီဂျင်၊ ကိုကြင့်စိတ်ထဲ စူးစူးရဲရဲ အော်လိုက်တယ်။ အသံက ထွက်မလာဘူး။ တပွက်ပွက် အသံနဲ့ ရေပလုံစီထ,အောင် ပိုက်က လာနေတဲ့ အောက်ဆီဂျင်တွေဟာ သူ့အဆုတ်ထဲကို ဘာကြောင့် ရောက်မလာကြသလဲ။ ဘာလဲ အဲဒါတွေက အောက်ဆီဂျင် မဟုတ်ဘူးလား။ ဟား အသက်ရှူကျပ်လိုက်တာ။ ■

ရေအေး

**အယ်ဒီတာအဖွဲ့**

အခန်း (၄-၀၁)
တိုက်အမှတ် ၁၇/၁၉
၃ လွှာ၊ ၅၂လမ်း
(အောက်ဘလောက်)
ဗိုလ်တထောင်မြို့နယ်
ရန်ကုန်
ဖုန်း-၀၁-၉၀၁၀၅၀၁
E-mail:
nyeinfamily@gmail.com



www.burmeseclassic.com

www.burmeseclassic.com

*စာမျက်နှာ(၁၁၁)မှ…*

ကဲ့သို့ပင် မိတ်ကပ်တင်ကာ လှပစွာ ဆင်ယင်ကြည့်မိလေသည်။ လွင် ညီအစ်မထဲမှ တစ်ယောက်ယောက်အဖြစ် မြင်ကြည့်မိလေသည်။ စောစောက တရုန်းရုန်းနှင့် ရေလောင်းသွားကြသော လူတစ်စုသည် သူ့ကိုသာ ဝိုင်းနေကြပေလိမ့်မည်။

ယခုကဲ့သို့ လူတကာ ရေလောင်းခံနေရချိန်၌ သူ့အနေဖြင့်လည်း ရေလောင်းခံချင်ပေလိမ့်မည်။ သို့သော် သူ့အား မည်သူကမျှ ရေမလောင်းကြ။ သူကသာ သူ့သခင်မများ ရေလောင်းခံနေရပုံကို အရောင်တဖျပ်ဖျပ်လက်နေသော မျက်လုံးအစုံဖြင့် ငေးကြည့်နေရသည်။ သူ့အား မည်သူကမှ ဂရုမမူကြ။

သူ့သခင်မများကို လောင်းရာမှ ကျန်သော ရေတို့ကို သုတ်သင်ရသဖြင့် သူ့ကိုယ်၌ ရေတို့ရွှဲကာ သူ့သခင်မများလိုပင် ရေမွှေးနံ့သင်းနေသည်ကား မှန်ပါ၏။ သို့သော် ထိုရေစိုပုံမျိုးမှာ ‘ဒုန့်- ဒုန့်- စတော့ပ်-ပလိစ်’ဟူ၍လည်းကောင်း၊ ‘တော်ပြီနော် ဦးမြတ်ဇင်ကြီး၊ တော်ပြီနော်’စသည်ဖြင့်လည်းကောင်း၊ အင်္ဂလိပ်-မြန်မာ နှစ်ဘာသာဖြင့် အော်ကာဟစ်ကာ၊ ပြေးကာ ရုန်းကာ ရှောင်ရင်းမှ စိုရွှဲရခြင်းမဟုတ်လေရာ အရသာချင်း တူနိုင်မည်မဟုတ်ပေ။

သင်း(ဒင်း)ကလေးလည်း အပျိုအရွယ်ကလေးပေမို့ ရုန်းချင်ရှာမည်၊ ပြေးချင်ရှာမည်၊ မူချင်ရှာမည်၊ ရင်ခုန်ချင်ရှာမည်။

‘ညိုညို့ကို ရေမလောင်းရဘဲနဲ့ ဘယ်သူ့ကိုမှ ရေမလောင်းရဘူး’

ညိုညိုတို့နှင့် ကွဲကွာနေခိုက်ဖြစ်ရာ အကျင့်ပါကာ ရေလောင်းချင်စိတ် ကုန်ခန်းနေရာ လွင် ညီအစ်မကိုပင် ရေလောင်းရကောင်းမှန်း မသိခဲ့ပေ။

သို့သော် လွင် ညီအစ်မ ဧည့်သည်များနှင့် အိမ်ဖော်မလေးတို့၏ အဖြစ်ကို စိစစ်ဝေဖန်ကြည့်ရာမှ စိတ်ထဲတွင် တစ်ခုခု ပြုလုပ်လိုစိတ် ပေါ်လာပေသည်။

ထို့ကြောင့် ဧည့်သည်များ ပြန်သွားပြီးနောက် လွင် ညီအစ်မများ ထဘီ၊ အင်္ကျီ အခြောက်လဲကာ လာထိုင်နေခိုက် ကိုလှဆောင်သည် ဧည့်ခန်းစားပွဲပေါ်ရှိ ငွေဖလားအကြီးကြီးကို ကောက်ကိုင်လိုက်လေသည်။

‘ဟော… ကိုလှဆောင်ကြီး ဘာအရူးထတာလဲ၊ သူများတွေ အဝတ်လဲပြီးမှ…’

‘ဟုတ်ပါရဲ့၊ ကိုလှဆောင်ကြီးကလည်း…စောစောကတော့ မလောင်းဘဲ တစ်မနက်လုံး ငုတ်တုတ်ထိုင်ကြည့်နေပြီး၊ ခုမှ ဘယ်လိုဖြစ်ရတာလဲ’

‘မောင်လှဆောင်နော်… မမလွင်ကိုတော့ မပက်နဲ့နော်၊ ငါ့မောင်က လိမ္မာပါတယ်’

ညီအစ်မတစ်စု၏ ဟန့်တားသံများအကြားကပင် ကိုလှဆောင်သည် ရေချိုးခန်းသို့ ရောက်ခဲ့၏။ အခန့်သင့်ပင် ရေစည်ပိုင်းအနီးရှိ ရေများကို ခပ်ယူကာ ထွက်ခဲ့၏။ ရေချိုးခန်းဝသို့ ရောက်သောအခါ သူလုပ်သမျှကို ပြုံးရွှင်စွာ ကြည့်နေသည့် အိမ်ဖော်မလေးကို တွေ့ရလေသည်။ ကလေးမ၏ မျက်နှာသည် ပြုံးရွှင်ကြည်လင်လျက် ရှိ၏။ ဝင်းပစိုပြည်လျက်ရှိ၍ မျက်လုံးအစုံကလည်း တောက်ပပြောင်လက်လျက် ရှိ၏။

ကိုလှဆောင်သည် လက်ထဲတွင် ကိုင်ထားသော ငွေဖလားထဲရှိ ရေများအားလုံးကို မိန်းကလေး၏ ကိုယ်ပေါ်သို့ ဝေါခနဲ လောင်းချလိုက်မိလေသည်။ မိန်းကလေးလည်း အံ့အားသင့်သွားကာ ကြက်သေ သေနေလေသည်။

ထိုမှ ကိုလှဆောင်သည် အိမ်ရှေ့သို့ ထွက်လာရာ ညီအစ်မတစ်စုတို့မှာ လှုပ်လှုပ်ရွရွဖြစ်နေလေ၏။ ကိုလှဆောင်သည် ခေတ္တမျှ တွေဝေနေပြီးမှ ညီမအငယ်ဆုံး အနီးသို့ သွားကာ ရေမရှိသော ငွေဖလားဖြင့် ရေလောင်းဟန် ပြုလိုက်လေသည်။

‘ဟာ… ကိုလှဆောင်ကြီးက မလုပ်ပါနဲ့ဆို၊ ဟင် သူများစိုကုန်တော့… ဟင်…ကိုလှဆောင်ကြီးကလည်း နောက်တတ်လိုက်တာ ရေဖြင့် မပါဘဲနဲ့’

ညီအစ်မအားလုံးသည် ဝါးခနဲ ရယ်ကြလေသည်။

‘ဒါကြောင့်မို့ အစ်မကြီး မပြောဘူးလား၊ မောင်လှဆောင်က လိမ္မာပါတယ်လို့၊ ကြည့်လေ တကယ်တမ်းကျတော့ မမတို့ကို ရေမလောင်းရက်ပါဘူး’

‘ဟင်း… ဘာလိမ္မာတာလဲ၊ ကိုလှဆောင်ကြီး လူရိုးအောက်မေ့တယ်၊ အခုမှ နောက်တတ်မှန်းသိတယ်’

‘ဟုတ်ပါရဲ့ မမလေးရယ်၊ လူများဖြင့် လန့်သွားတာပဲ၊ တကယ်လောင်းတော့မှာလားလို့’

ကိုလှဆောင်လည်း မည်သို့မျှ ပြန်မပြောဘဲ ရောကာနှောကာဖြင့် တဟဲဟဲရယ်နေရာမှ-

‘ကဲဗျာ…ဒါလောက်တောင် ချီးမွမ်းလှတာ၊ ဒီတစ်ခါမှ တကယ်လောင်းမယ်ဗျာ’ဟု ပြောပြောဆိုဆို ကိုင်လက်စ ငွေဖလားကြီးကိုပိုက်ကာ ရေချိုးခန်းဆီသို့ ထွက်ခဲ့လေသည်။

ရေချိုးခန်းဝသို့ ရောက်သောအခါ ကိုလှဆောင်၏ ခြေလှမ်းများသည် ရပ်တန့်သွားလေ၏။

ထိုမှ သူသည် မပြုအပ်သောအမှုကို ပြုမိခဲ့လေပြီလောဟု တွေးတော ပူပန်လိုက်မိလေ၏။ ဘာကြောင့် ဤကဲ့သို့ ပြုခဲ့မိပါလိမ့်ဟုလည်း စဉ်းစားကြည့်မိလေသည်။

ဘယ်လိုလုပ်ရပါ့။

ကိုလှဆောင်တစ်ယောက် ဤမျှ စိတ်ရှုပ်ရသည့် အကြောင်းရင်းကား အခြားမဟုတ်ပါ။

စောစောက ရေမွှေးနံ့သင်းနေသော ရေများထည့်သည့် ငွေဖလားကြီးဖြင့် သူ ရေလောင်းပက်ခဲ့သော အိမ်ဖော်မလေးသည် ရှိုက်ကြီးတငင် ငိုနေသောကြောင့်တည်း။

အိမ်ရှေ့ဘက်တွင်မူ လွင် ညီအစ်မ၏ ရယ်သံ၊ ကိုလှဆောင်အား ဟန့်တားသံတို့သည် ဆူညံလျက်နေဆဲပင်…။

■

**သန်းဆွေ**

*(၁၉၆၃-ဧပြီလ-ရှုမဝမှ)*



www.burmeseclassic.com

www.burmeseclassic.com

# ချန်ထွန်းအောင်၏လက်ဖျံရိုးနှင့် ဆရာဝန်တစ်ယောက်၏မျက်နှာပေး

'ခင်မောင်ရင်ကို မီရဲ့လား'ဟူ၍ ဓိုးချိုသင်းက ဝတ္ထုတိုလေးတစ်ပုဒ် ရေးဖူးပါသည်။ ဘယ်မင်းသားက ဘယ်နေရာမှာ၊ ဘယ်လိုတော်ကြောင်း ပြောသံကြားလိုက်သည်နှင့် 'မင်းတို့မင်းသား တော်တာတော့ ဟုတ်ပါပြီ၊ ခင်မောင်ရင်ကို မီရဲ့လား'ဟု ဝင်ဝင်ပြောတတ်သည့် အရပ်ထဲက လူကြီး တစ်ယောက်၏ အစွဲအလမ်းကြီးပုံကို ရေးဖွဲ့သည်ဟု မှတ်မိပါသည်။ 'အတ္တနောမတိ' ဆိုသည်ကို မိမိအလို၊ မိမိအယူ ဟူ၍ ပါဠိအဘိဓာန်က အနက်ဖွင့်ပါသည်။ လူဆိုသည်မှာ မိမိအလို၊ မိမိအယူကို ရှေ့တန်းတင်လေ့ ရှိပါသည်။ မိမိ၏ အစွဲအလမ်းကို ဖျောက်ပယ်နိုင်ခဲလှပါသည်။ မကြာသေးမီက ကြိုးချည်ခံထားရသည့် ဆင်တစ်ကောင်အကြောင်းကို ဖတ်မိပါသည်။ တစ်ခါက ဆင်တစ်ကောင်ကို သေးငယ်သော ကြိုးတစ်ချောင်း ဖြင့် ချည်နှောင်ထားခဲ့သည်။ ဆင်ကလေးဘဝက သူ့ကိုချည်ထားသည့်ကြိုးကို ရုန်း၍ မလွတ်နိုင်ခဲ့။ ရုန်း၍ မလွတ်သည့်အစွဲဖြင့် ဆင်ကောင်ကြီး ဖြစ်လာခဲ့။ သည်တော့လည်း မရုန်းမိတော့။ ကြိုးသေးကလေးမှ ရုန်းထွက်ဖို့မကြိုးစားတော့။ ကြိုးသေးကလေးကို ရုန်း၍မလွတ်နိုင်သည့် ယယ်တုန်းက အသိနှင့်ပဲ သူ

အမှတ် ၃၅၃၊ မေ ၂၀၁၇

ရုပ်စုံမဂ္ဂဇင်း


အက်ဆေးအကြောင်း အက်ဆေး





www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

နေနေသည်။ အနှောင်အဖွဲ့နှင့် နေသားကျနေသည်။ အနှောင်အဖွဲ့မှာ ပျော်ပိုက်နေသည်။ လွတ်မြောက်မှုကို မသိနိုင်တော့။ လွတ်မြောက်မှုဆိုတာ နှောင်ဖွဲ့ခံရခြင်းထက် ပို၍ ကျေနပ်ပျော်ရွှင်စရာကောင်းသည်ဟု သူ မသိနိုင်တော့။

❑

ယခုအခါ ဝတ္ထုတိုဆရာအချို့သည် ဝတ္ထုရေးလို့မရ၊ ဝတ္ထုတိုရေးလို့ မလှသည့် တချို့သော အကြောင်းအရာများကို အက်ဆေးရေးလို့ရကြောင်း ကောင်းကောင်းသိသွားခဲ့ကြပြီဖြစ်ပါသည်။ ထိုအထဲမှာ ဝတ္ထုတိုဆရာ ဂျိုဇော်သည် တစ်ယောက် အပါအဝင်ဖြစ်ပါသည်။ ဆရာဂျိုဇော်သည် သူ၏ ဆရာဝန်အတွေ့အကြုံတစ်ခုကို အက်ဆေးရေးကြည့်ခဲ့ပါသည်။

ဆရာက သူသည် ဆရာဝန်ပေါက်စဘဝ၊ အတွေ့အကြုံ နုနယ်စဉ်က ရောဂါအဖြေရှာရာ၌ စမ်းတဝါးဝါး၊ ကုသမှုပေးရာ၌ မယုံမရဲဖြစ်ခဲ့သော်လည်း အတွေ့အကြုံများလာသောအခါ ထိုကိစ္စမှာ အလွန်လွယ်ကူသွားခဲ့ကြောင်း၊ မိမိ၏ ထင်မြင်ချက်၊ ဆုံးဖြတ်ချက်တို့ကို သံသယမဖြစ်တော့ဘဲ ယုံကြည်မှုအပြည့်ရှိလာခဲ့ကြောင်း။

သို့သော် မကြာသေးမီကမူ ပူပူနွေးနွေး မှားခဲ့သေးကြောင်း။ ဆင်းရဲနွမ်းပါးသည့် လူနာအဘိုးကြီးတစ်ယောက် ဖျားနာပြီး ချောင်းတဟွတ်ဟွတ်ဆိုးနေသည်။ သလိပ်ဟပ်လိုက်သည့်အခါ သွေးစလေးတွေလည်း ပါတတ်သည်ဟု သူ့သမီး ကျောင်းဆရာမလေးက ပြောသဖြင့် သူက ကောက်ချက်တစ်ခုချခဲ့သည်။

*"ညည်းအဖေ တီဘီဖြစ်ဖို့ သေချာသလောက်ပဲ၊ ကံဆိုးရင် ကင်ဆာလည်း ဖြစ်နိုင်တယ်။ ဓာတ်မှန်ရိုက်ရမယ်၊ သလိပ်စစ်ရမယ်"* ဟု ပြောလိုက်တော့ ဆရာမလေး မျက်လုံးပြူးသွားသည်။ ကူးစက်လွယ်တတ်သည့် တီဘီရောဂါအကြောင်းကို ပြောပြီး သတိပေးမိတော့လည်း ဆရာမလေး၏မျက်နှာက ဆီး

q&m*taZmf
t uf q;ukwf&if
cef k efat mif
v uf ½ k uD k
ow f aer yg onf
ci f rmi f &i f uk
t pl G uD onf
t &yf k u v k uD
wpf a, muf uk onf
ow f ryg onf
x l wl
r uf gxifkif
k
q&m0eluDvpfD
ruf Efay;ukwf nf
jri f a, mi f aer yg onf

ရွက်လောက် သေးငယ်သွားသည်။

*"စိတ်မပူပါနဲ့အေ၊ တီဘီက ဆေးမှန်မှန်သောက်ရင် ပျောက်ပါတယ်။ ဓာတ်မှန်နဲ့ သလိပ်အဖြေရရင် ဆေးရုံကို လွှဲပေးလိုက်မယ်။ ဆေးရုံက ဆေးအခမဲ့ပေးမှာပါ"* ဆရာမလေးက နောက်တစ်နေ့မှာ ဓာတ်မှန်နှင့် သလိပ်အဖြေ လာပြသည်။ ဆရာဝန့်အထင် ပါစင်အောင်လွဲနေသည်။ သလိပ်မှာ ပိုးမတွေ့၊ တီဘီမဟုတ်၊ ကင်ဆာမဟုတ်။ အဆုတ်ရောင်အဆုတ်ပွတဲ့။

*ဟင်… ဟုတ်ရဲ့လားဟ။ ငါ ထင်တဲ့အဖြေ လွဲခဲ့ပါတယ်။ ဓာတ်မှန်ပဲမှား သလား၊ ဓာတ်ခွဲခန်းပဲမှားသလား။ ကျွန်တော် အဖြေကို မကျေနပ်။ ကိုယ့်ထင်ကြေးမှန်ကြောင်း သက်သေပြဖို့ နောက်တစ်နေ့ရာ ပြန်ရိုက်ခိုင်း၊ ပြန်စစ်ခိုင်းလိုက်သည်။ အဖြေကသည်အတိုင်း။*

ဒါက အတွေ့အကြုံ ရင့်ကျက်ပြီဟု မိမိကိုယ်ကို ထင်မြင်နေသည့် ဆရာဝန်တစ်ဦး၏ အယူအစွဲ ဖြစ်သည်။

သို့သော် သူသည် မိမိ၏ အတွေ့အကြုံတို့မှ ပေါက်ဖွားလာသည့် အယူအစွဲကြီးကို မလွှတ်တမ်း ကိုင်စွဲထားသူတော့ဖြင့် မဟုတ်ပါ။ သို့ဖြစ်၍ ဓာတ်မှန်နှင့် သလိပ်စစ်ရာမှ တွေ့ရှိသည့်အဖြေကို လက်ခံခဲ့သည်။ အဆုတ်ရောင် အဆုတ်ပွရောဂါကိုပဲ ကုသမှုပေးခဲ့သည်။ တစ်ပတ်အတွင်း ရောဂါစင်၍ ဒေါင်ဒေါင်မြည်ချမ်းသာသွားခဲ့သည်။ လူနာရှင်က ကျေးဇူးတင်ခဲ့ရှာပါသည်။

သို့သော် ဆရာမလေးကို ပိုင်ပိုင်နိုင်နိုင်ကြီးပြောခဲ့မိသည့် ဆရာဝန်က လိပ်ပြာမသန့်။ သူ့အသံသူ ပြန်ရှက်နေခဲ့သည်။

ဝတ္ထုတိုဆရာအဖြစ်မှ စုတေ၍ အက်ဆေးဆရာအဖြစ်သို့ ဘဝကူးသွားခဲ့ပြီဖြစ်သော ဆရာဂျိုဇော်သည် သူ့စိတ်ကို သူ ဤသို့လျှင် ပြန်လည်၍ ဆင်ခြင်ကြည့်ခဲ့ပါသည်။ (ဒါက ဝတ္ထုဆရာတို့ အလွယ်တကူမရတတ်သော အခွင့်အရေးဖြစ်သည်။)

*"လူနာတစ်ယောက် မိမိထင်ထား၊ မှန်းထားသည့် ရောဂါကြီးကြီးမဟုတ်ဘဲ ရောဂါသေးသေးဖြစ်နေလျှင် ဆရာဝန်သည် လူနာနှင့်ထပ်တူ ဝမ်းမြောက်ဝမ်းသာ ဖြစ်သင့်သည် မဟုတ်ပါလား။ ကိုယ့်ကိုယ်ကို ဝေဖန်လိုက်တော့ ကျွန်တော်သည် ဝမ်းမြောက်ဝမ်းသာကို ကျော်လွှားကာ မိမိအထင် မိမိမှတ်ချက် မှန်ကန်ရေးကိုသာ မျှော်လင့်မိခဲ့၏။ ဖြစ်စေချင်ခဲ့၏။ မိမိ အတ္တနောမတိကိုသာ ရှေ့တန်းတင်ခဲ့မိ၏။ တစ်ဖက်သားခမျာတော့ တော်တော်လေး စိတ်ပန်း၊ လူပန်း၊ ငွေပန်း ဖြစ်သွားခဲ့ရှာသည်။ ကျွန်တော်မှန်စေချင်သလို တီဘီ၊ ကင်ဆာရောဂါကြီးတစ်ခု ဖြစ်ခဲ့ပါက သည့်ထက်ပိုပြီး ပင်ပန်းရှာရှာမည်။ ကျွန်တော့်မှာ ပြန်တွေးမိလေ ကိုယ့်လိပ်ပြာကိုယ်ရှက်လေဖြစ်နေရ၏။*

ကျေးဇူးတင်ရပါသည်။ သည်လိုဆိုလျှင်ဖြင့် ရောဂါဝေဒနာနှင့် စပ်လျဉ်းသည့် သူ၏ ထင်မြင်ယူဆချက် မှားယွင်းချွတ်ချော်ခဲ့စေကာမူ သူ၏ နှလုံး



www.burmeseclassic.com

www.burmeseclassic.com

သားကတော့ ဟစ်ပိုကရေးတီး၏ ကျမ်းသစ္စာကို မကျိုးမပျက်စေခဲ့သေးဟု ဆိုရပါမည်။ မမှားသော ဆေးသမားလည်း ရှိနိုင်သည်ပဲဖြစ်ပါသည်။ အမှားမှန်း သိသိကြီးနှင့် မျက်စိမှိတ် ဆုပ်ကိုင်မထားဖို့ပဲ လိုပါသည်။ မိမိက ပညာရှင်၊ မိမိသည် လမ်းဘေးက နလပိန်းတုံးမဟုတ်၊ မိမိသင်ယူတတ်မြောက်ခဲ့သည့် ပညာနှင့် အတွေ့အကြုံအရ မိမိ၏ ထင်မြင်ယူဆချက်ဟူသမျှ မှန်ကိုမှန်ရမည်ဟု မာနကြီးတစ်ခွဲသားနှင့် တလွဲဆံပင်ကောင်း မနေဖို့ပဲ လိုပါသည်။

ဆရာငယ်စဉ်က တွေ့ခဲ့သည့် ဆရာဝန်ကြီးတစ်ယောက်နှင့် သူ့ဘဒ္ဒေး၏အကြောင်းက ပို၍ စိတ်ဝင်စားဖို့ကောင်းသည်။

ယခုလို ခေတ်မီ ဆေးရုံဆေးခန်း၊ ဓာတ်ခွဲခန်းတွေ မရှိခဲ့သေးမီ ဆရာဝန်တစ်ယောက်၏ ပညာ၊ သမ္မာ၊ အတွေ့အကြုံတို့က အရေးပါသည်မှာ ယုံမှားဖွယ်မရှိပါ။ ဆရာ၏ ဘဒ္ဒေးကို စမ်းသပ်ကြည့်ပြီးသောအခါ ကင်ဆာဟု ဆေးရုံက သတ်မှတ်ပါသတဲ့။ ကင်ဆာဆေးသွင်း၍ ကုသရမည် ဆိုသတဲ့။ ခြောက်လ၊ တစ်နှစ်သာ ခံတော့မည်တဲ့။ လူနာက "ကင်ဆာရုပ်"မပေါက်စေကာမူ ဆရာဝန်ကြီး၏ ထင်မြင်ယူဆချက်ဖြစ်သဖြင့် ယုံကြရသည်။ ယုံခဲ့ရသည်။ မပယ်ရဲ။ သို့သော် ခြောက်လ တစ်နှစ်ဆိုခြင်းကြောင့် ဆေးကုသမှုမခံယူတော့ဘဲ လက်မှတ်ထိုး၍ ဆေးရုံက ဆင်းခဲ့သည်။ အလှူအတန်းလေးလုပ်၊ ဘဒ္ဒေးစားချင်တာကျွေး၊ တစ်လခန့်ကြာတော့ ဘဒ္ဒေးမှာ ကျန်းကျန်းမာမာပြန်ဖြစ်လာသည်။ ဆေးရုံပြန်ပြတော့ ထပ်၍ စစ်ဆေးသည်။ ဓာတ်မှန်သာ မှန်သည်တဲ့၊ ဆေးသွင်းရမှာပဲတဲ့၊ ကင်ဆာက တစ်ပြားသားမှ မလျော့-တဲ့။ ခြောက်လ တစ်နှစ်ဆိုတာလည်း အပြောင်းအလဲမရှိ။ လူနာရှင်တို့ခမျာ စိတ်ဆင်းရဲခြင်းကြီးစွာဖြင့် ရွာသို့ ပြန်လာခဲ့ကြသည်။ ထူးဆန်းသည်ကား ခြောက်လ တစ်နှစ်ပဲ ခံမည်ဆိုသည့် ဘဒ္ဒေးသည် လူ

q&m*¾aZmfh
t uf q;uf
zwfy½Ioomt cg
t rSwfxif
rSwfpCyf&ef&SdS&yDyD
½kvfv&uf
xdvfveBmfcyfonf
rdkdonf
p0fpm;ÓPf
uifrbbnfh
qifvpfumiEShf
wheovkdvkd
rsuEfSay;uvnf
ukd bukd tukd
[kvfvSxifeonfh
q&m0eKuD
wpfa, muf
rsuEfSay;EShf
wheovkdvkd

လောကမှာ ကျန်းကျန်းမာမာ၊ နောက်ထပ် အနှစ်နှစ်ဆယ်လောက် နေသွားခဲ့လေသည်တဲ့။

ဆရာဝန်ကြီး မှားခဲ့ခြင်းဖြစ်ပါသည်။ သို့သော် ဝန်မခံခဲ့။ ဆရာဝန်ကြီးသည် သူ၏ မှားယွင်းသော ထင်မြင်ယူဆချက်ကို မပြင်မပြောင်းဘဲ အသေဆုပ်ထားခဲ့ပါသည်။

*"ငါ့အထင်၊ ငါ့ဆုံးဖြတ်ချက်ပဲ မှန်တယ်ဟူသော ဆရာဝန်ကြီး၏ မျက်နှာပေးကို ကျွန်တော် ခုထိ မြင်ယောင်ဆဲပါ။ ကျွန်တော့်လိုပင် အတွေးစဉ်တွေ ဖြစ်ခဲ့သေးလား။ သူ့စိတ်ကို ကိုယ့်စိတ်နှင့် ကျွန်တော် မနှိုင်းလိုတော့ပါ"* တဲ့။ ကျွန်တော်သည် ဆရာဝန်ကြီး၏ မျက်နှာပေး မည်သို့ရှိမည်ကို အတွေးမျက်လုံးဖြင့် မြင်အောင် ကြည့်မိပါသည်။

လူတို့တွင် ဘဝအတွေ့အကြုံ၊ ခံစားမှုအတွေ့အကြုံဟူ၍ ရှိရာ ကျွန်တော်တို့သည် အခါများစွာ၌ မိမိ၏ အတွေ့အကြုံ၊ ခံစားမှုအတွေ့အကြုံတို့တွင်သာ အခြေပြု၍ စဉ်းစားလေ့ရှိပါသည်။ အတွေ့အကြုံရှိလှပြီ၊ ရင့်ကျက်လှပြီဟု ထင်မြင်ယူဆသူတို့က မိမိကိုယ်ကို ပို၍ အဟုတ်ထင်မိတတ်ပါသည်။ ပို၍ အယူအစွဲကြီးတတ်ပါသည်။ အယူအစွဲကြီးခြင်းသည် ဆင်ခြင်ဉာဏ်ကို အမှောင်ကျစေတတ်ပါသည်။ အမှန်တရားနှင့် ဝေးလျားစေတတ်ပါသည်။ ထို့နောက် ဆရာက အရက်ရောင်းသည့် မိန်းမကြီးတစ်ဦးကိစ္စကို ပြောပါသည်။ သူရောင်းသည့်အရက်တွေကို သောက်သုံးသူတို့ အဆိပ်မိသလို အော့အန်ခဲ့သည် ဆိုခြင်းကို မဟုတ်မှန်ကြောင်း သက်သေပြချင်သည့်အတွက် အရက်တစ်ပုလင်းလုံး ကုန်အောင် သောက်ပြရာမှ နေရာတွင်ပင် လဲကျသေဆုံးသွားသည့် သတင်းတစ်ပုဒ်ကို ဖတ်မိသောအခါ ဆရာ ဂျူဇော်သည် အက်ဆေးဆရာ၏ အလုပ်ကို စ၍ လုပ်ပါလေတော့သည်။

*"မိမိအထင် မိမိ၏အယူအဆ၊ မိမိ၏ ယုံကြည်ချက်ကို မှန်စေလိုသည့်၊ နိုင်မာစေလိုသည့်၊ အလျှော့မပေးလိုသည့် တစ်ယူသန်ခြင်းမျိုးသည် လူတိုင်းလိုလိုမှာ အနည်းနှင့်အများ ရှိမည်ဟု ကျွန်တော် ထင်ပါသည်"*

*"လောကကြီးမှာ အရက်ရောင်းသည့် မိန်းမကြီးလိုပဲ မိမိအထင်အမြင်မှားနေသည်ကို သူတစ်ပါး အဝေဖန်မခံဘဲ ငါပဲမှန်သည်ဟု တစ်ယူသန်နေသူတွေ ရှိပေမည်။ ဝန်မခံ၊ မပြောင်းလဲ၊ ခြေစုံမြဲနေသူတွေရှိပေမည်။ မိမိအထင်၊ မိမိယုံကြည်ချက်၊ မိမိဆုံးဖြတ်ချက်သာ အမှန်ဟု တစ်ယူသန်ပြီး သက်သေတွေ တစ်ခုပြီးတစ်ခု ရှာဖွေနေသူတွေ ရှိပေမည်"*

*"မိမိအထင်၊ မိမိအယူအဆ၊ မိမိယုံကြည်ချက်သည် တစ်ဦးတစ်ယောက်နှင့်ပဲ သက်ဆိုင်သည်ဆိုပါက မထောင်းတာလှသော်လည်း လူအများစု၊ လူထုခေတ်သမိုင်းနှင့် ပတ်သက်နေပါက အရေးကြီးလေပြီ။ ကောင်းကျိုးဆိုးကျိုး၊ ကောင်းမွေဆိုးမွေက အရေးကြီးလေပြီ။ အမှားဖြစ်နေပါက တစ်ယူသန်ခြင်း၏*



www.burmeseclassic.com

www.burmeseclassic.com

*ဆိုးကျိုးဆိုးမွေကို အတ္တာဓိပတိ၏ ဆိုးကျိုးဆိုးမွေကို ကမ္ဘာချီ၍ ခံပေရော့။ သမိုင်းကို ငုံ့စောင်းကြည့်သောအခါ -*

စင်စစ်၊ သမိုင်းကို ငုံ့စောင်းကြည့်ဖို့ပင် မလိုတော့ဟုထင်ပါသည်။သမိုင်းစာအုပ်မဖတ်ဘဲ လောလောလတ်လတ်ဖြစ်နေပျက်နေသည်တို့ကို ဆင်ခြင်နိုင်စွမ်းရှိလျှင်ပဲ တစ်ယူသန်ခြင်း၏ အမှားအယွင်းကို ကောင်းကောင်းမြင်နိုင်မည်ထင်ပါသည်။

ဆရာဂျိဇော်ကတော့ သူသည် ဆေးခန်းမှာ ဓာတ်မှန်ဖတ်လျှင် သမိုင်းကို သတိရမိပြီး၊ သမိုင်းစာအုပ်နှင့် လတ်တလောသတင်းတွေကို ဖတ်လျှင်လည်း ဆေးခန်းထဲက ဓာတ်မှန်ကို သတိရသွားတတ်ကြောင်း ဆိုခဲ့ပါသည်။ ဆရာက သူ၏ အက်ဆေးကို **'ဓာတ်မှန်ဖလင် အုပ်ထားတဲ့ သမိုင်းစာအုပ်တွေ'** ဟု အမည်ပေးပါသည်။

အယူအစွဲကြီးတတ်သူတို့ ဖတ်ဖို့ရာ ရှင်းလင်းကြည်လင်သည့် အက်ဆေးတစ်ပုဒ် ဖြစ်ပါသည်။

❑

ကျွန်တော်တို့မှာလည်း အယူအစွဲရှိပါသည်။ ထို့ကြောင့် ကျွန်တော်တို့လည်း လွဲခဲ့ဖူးပါသည်။ မည်သူမဆို မှားတတ်ပါသည်။ မှားလျှင် ပြင်ရပါမည်။ လွဲလျှင်တည့်ပေးရပါမည်။ အရာရာသည် သမုတိသဘောဖြစ်ပါသည်။

လူတို့သဘောမှာ မိမိ ယုံကြည်စွဲမြဲနေသည်ကိုပဲ အမှန်ဟု လက်ခံစေချင်တတ်ပါသည်။ ငါပြောတာအမှန်၊ ငါမြင်တာအဟုတ်၊ လုပ်ချင်တတ်သည်ဖြစ်ရာ ရုံဖန်ရံခါ မိမိ၏ခံစားချက်၊ ထင်မြင်ချက်၊ ယုံကြည်ချက်၊ အစွဲအလမ်းတို့မှာ အခါကာလနှင့် မဆီလျော်၊ မအပ်စပ်တော့သည့်တိုင် သေသည်အထိ အသေခံ၍ မလွှတ်တမ်း ဆုပ်ထားချင်တတ်ပါသည်။

ဝတ္ထုတိုဆရာ နေဝင်းမြင့်က သူ့ဇာတ်ကောင် ချန်ထွန်းအောင် ဆိုသူအကြောင်းကို ဤသို့ ပြောခဲ့ဖူးပါသည်။ ချန်ထွန်းအောင်သည် ဇီးချဉ်ကုန်းရွာကလေးရှိ ကိုအီကွန်း၏ လက်ဖက်ရည်ဆိုင်၌ မနက်တိုင်း ကော်ဖီတစ်ခွက်ကို စွဲစွဲမြဲမြဲ လာ၍သောက်လေ့ရှိသည်။ တစ်နေ့သော် ဘိုတဲမှ ဆည်မြောင်း အင်ဂျင်နီယာကတော် စွန့်ကြဲလိုက်သောကော်ဖီတစ်ခွက်ကို သောက်မိခဲ့ရာမှ အစွဲကြီးစွဲသွားခဲ့သည်။ ဘာကော်ဖီလဲဟု ဆည်မြောင်းဘိုတဲသို့ သွားမေးကြည့်တော့ နက်(စ်)ကော်ဖီဟု သိရသည်။ ကော်ဖီမှုန့်အနည်းငယ်ကျန်သေးသည့် နက်စ်ကော်ဖီပုလင်းကို ဘိုကတော်က စွန့်ကြဲလိုက်သဖြင့် မက်မက်စက်စက် ဖျော်သောက်ခဲ့သည်။ ပြဿနာက ချန်ထွန်းအောင်သည် ကိုအီကွန်းဆိုင်မှ ကော်ဖီခါးတောက်တောက်ကို ဘယ်လိုမှ သောက်လို့ မရတော့ခြင်းဖြစ်သည်။ နက်စ်ကော်ဖီမှတစ်ပါး မည်သည့် ကော်ဖီကိုမှ အရသာမတွေ့နိုင်တော့ခြင်းဖြစ်သည်။

နက်စ်ကော်ဖီကုန်သွားသောအခါ မြို့ကိုမှာပေးဖို့ပြောတော့ သူ့မိန်းမက သဘောမတူ။ မသောက်ရရင် ငါသေလိမ့်မယ်ဆိုသည့်တိုင် 'သေရင်လည်း သေဖို့ပဲ ကိုရင်ရေ'ဟု မိန်းမက ဆိုသည်။ ချန်ထွန်းအောင် ဒုက္ခရောက်ပြီ။ နက်စ်ကော်ဖီပြုတ်သွားသည့်နေ့က စ၍ ပုလင်းခွံကိုပိုက်ပြီး အိပ်ရာထဲလဲသည်။ ကယောင်ကတမ်းအော်၊ အိပ်ရာထဲ လူးလိမ့်၊ ငါးရက်အကြာမှာ ချန်ထွန်းအောင် ကံကုန်သည်။ ပုလင်းခွံကို တင်းတင်းဆုပ်ပြီး သေဆုံးခဲ့ခြင်းဖြစ်သည်။ ပုလင်းခွံ ဆုပ်ထားသည့် ချန်ထွန်းအောင်၏လက်ကို ခွာ၍မရသဖြင့် သည်အတိုင်းပဲ ခေါင်းထဲသို့ သွင်းလိုက်ရသည်။

နှစ်ပေါင်းနှစ်ဆယ် အကြာတွင် ဇီးချဉ်ကုန်းသင်္ချိုင်း၌ ပုလင်းခွံတစ်လုံးအား မြဲမြဲဆုပ်ထားဆဲဖြစ်သည့် လက်ဖျံရိုးဝေါဝေါကြီးတစ်ချောင်းကို နွားကျောင်းသားတစ်ယောက်က တွေ့သည်။ ချန်ထွန်းအောင်၏ လက်ဖျံရိုးဟု ရွာက သိသည်။

*'ဇီးချဉ်ကုန်းသင်္ချိုင်းမှာ ချန်ထွန်းအောင်ရဲ့ လက်ဖျံရိုးအစုဟာ နက်စ်ကော်ဖီပုလင်းကို မလွှတ်တမ်းဆုပ်ကိုင်ထားဦးမှာပဲ။ ဇီးချဉ်ကုန်းရွာထဲက ကိုအီကွန်းသားတွေရဲ့ လက်ဖက်ရည်ဆိုင်မှာ နက်စ်ကော်ဖီရနေပြီ။ မာလ်တိုဗာ ရနေပြီ။ မိုင်လိုရနေပြီ။ ဟောလစ်ရနေပြီ။ တီးမစ်ကော်ဖီမစ်တွေ ရနေပြီ။ လိုချင်တာအကုန် ရနေပြီ'*

အလွန်အကြူးဖွဲ့ဆိုသည်ဟု ထင်ရသော သင်္ကေတဝတ္ထုလေးတစ်ပုဒ် ဖြစ်တန်ရာပါသည်။

ကျွန်တော်သည် ဆရာဂျိဇော်၏ အက်ဆေးကိုဖတ်ရင်း ချန်ထွန်းအောင်၏ လက်ဖျံရိုးကြီးကို သတိရနေမိပါသည်။ ခင်မောင်ရင်ကို အစွဲကြီးသည့် အရပ်ထဲက လူကြီးတစ်ယောက်ကိုလည်း သတိရမိပါသည်။ ထို့အတူ မျက်ဝါးထင်ထင်တွေ့မြင်ရသည်ကို လက်မခံဘဲ မိမိအယူသာ အမှန်ဟု ခြေကန်ငြင်းနေသော ဆရာဝန်ကြီးတစ်ဦး၏ မျက်နှာပေးကိုလည်း မြင်ယောင်နေမိပါသည်။

မိမိအယူအစွဲကို မပြင်စတမ်း၊ မပြောင်းစတမ်း၊ အသေဆုပ်ကိုင်ထားသူတို့သည် ခေတ်တိုင်းမှာ ရှိနိုင်ပါသည်။

ကျွန်တော်သည် ဆရာဂျိဇော်၏ အက်ဆေးကိုဖတ်ပြီးသောအခါ အမှတ်မထင်၊ မှန်တစ်ချပ်ရှေ့မှာရပ်ပြီး ရုတ်တရက် ထိတ်လန့်သွားခဲ့ပါသည်။ မိမိသည် စဉ်းစားဉာဏ်ကင်းမဲ့သည့် ဆင်တစ်ကောင်နှင့် တူနေသလိုလို၊ မျက်နှာပေးကလည်း ကိုယ့်ကိုယ်ကို ဟုတ်လှပြီထင်နေသည့် ဆရာဝန်ကြီးတစ်ယောက်၏ မျက်နှာပေးနှင့် တူနေသလိုလို။

အက်ဆေးဆရာက ဆိုပါသည်။ 'တစ်ဦးတစ်ယောက်၏ကိစ္စဆိုလျှင် မထောင်းတာလှစေကာမူ အများနှင့်ဆိုင်သောကိစ္စ ဖြစ်ပါမူ ကမ္ဘာချီ၍ ခံပေရော့'တဲ့။ အမှားအယွင်းကို ပြင်ဆင်ဖို့ရာ အကောင်းဆုံးအချိန်မှာ ယခုအချိန်ပင်ဖြစ်သည်ဟု ပညာရှင် အထောင်အသောင်းက ပြောခဲ့ဖူးပါပြီ။ ■

**မောင်ရင့်မာ၊ကျောင်းကုန်း၊**

*ရည်ညွှန်း -*

*ဓာတ်မှန်ဖလင်အုပ်ထားတဲ့ သမိုင်းစာအုပ်တွေ(ဂျိဇော်)*

*ရွှေအမြုတေ(ဖေဖော်ဝါရီ၊၂၀၁၉)*



www.burmeseclassic.com

www.burmeseclassic.com

# တိမ်းစောင်းခြင်း အလှတရား

## ကျိုက်စကောခင်စိုး



အပိန်အဖျင်းများသော စပါးနှံ
ထောင်မတ်နေသော်လည်း
အစေ့အဆန် ပြည့်တင်းသော
စပါးနှံကမူ ငိုက်စောင်း နေလေ၏။
ချစ်သူနေမင်းကြီးမျက်နှာ
တစိမ့်စိမ့်ကြည့်ကာ နေကြာပန်းများ
တိမ်းစောင်းညီညာလှပနေပါသည်။
သစ်ပင်မှန်သမျှ နေရောင်ရှိရာသို့
ယိုင်နွဲ့ နေကြသည်မှာ
တိမ်းစောင်းခြင်းအလှ တရားဟု
ဆိုချင်ပါသည်။ သည်လိုဆိုတော့
အခါခပ်သိမ်း အယိမ်းအပြောင်းနှင့်
တိမ်းစောင်းနေမှ လှပသည်ဟုဆိုလိုရင်း
မဟုတ်သော်လည်း တချို့ချိန်ခါ
နေရာများမှာ တိမ်းစောင်းနေခြင်းထဲတွင်
အမှန်တရား၊ အလှတရား
ကိန်းအောင်း နေတတ်ပါကြောင်း
အဆိုပြုပါရစေ။ ထို့ကြောင့်
ဆရာ မောင်ရင့်မာ(ကျောင်းကုန်း)၏
တိမ်းစောင်းခြင်းအလှတရား
စာသားကို ကျွန်တော့်အား
သုံးစွဲခွင့်ပြု စေချင်ပါသည်။
တစ်ခါက ဖတ်ဖူးသော ပုံပြင်လေး
သတိရမိပါ၏။ အာဖရိက အခြေပြု
ခေတ်သစ်ပုံပြင်လေးပါ။ ထိုနိုင်ငံ၏
ဘက်စုံနိမ့်ကျမှုကို ပညာရေးဖြင့်
ပုံရိပ်ဖော်လိုက်သောပုံပြင် ဖြစ်သည်။
တစ်နေ့သော် ထိုနိုင်ငံ
ပညာရေးဝန်ကြီးသည် ခရီးထွက်ရင်း
လမ်းကြုံသဖြင့် စာသင်ကျောင်း
တစ်ကျောင်းကို ရုတ်တရက်
ဝင်စစ်ဆေးသည်။ ဖြစ်ချင်တော့
ဝန်ကြီး ထိုးဝင်သွားသော
အတန်းထဲတွင် ဆရာမရှိ။
အတန်းပိုင်ဆရာကား နားနေခန်းတွင်
အဖော်များနှင့် စကားတွေဖောင်၊
ရယ်မွဲမွဲ့နေလေ၏။ ကလေးတွေက
လည်း ဝန်ကြီးမှန်းမသိ။
ဝန်ကြီးသည် စားပွဲပေါ်က
ကမ္ဘာလုံးကြီးကိုကြည့်ပြီး
ဒေါသထွက်နေလေ၏။ ထိုစဉ်
အတန်းပိုင်ဆရာ ပျာယီးပျာယာ
ရောက်ရှိလာသည်။ ဝန်ကြီးက



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

"ဆရာ ဘာဖြစ်လို့ ကမ္ဘာလုံး အစောင်းကြီးနဲ့ စာသင်နေတာလဲ"ဟု ဆီးဟောက်တော့ ဆရာလည်း ကြောက်ကြောက်နှင့် ကျောင်းအုပ်ကြီးပေးတဲ့ ကမ္ဘာလုံးပါဟု တင်ပြသည်။ အပြေးရောက်ရှိလာသော ကျောင်းအုပ်ကြီးက အစီရင်ခံ၏။

"ဝန်ကြီးခင်ဗျား… ကျွန်တော့်ကို ချပေးတဲ့ ဘတ်ဂျက်က မလောက်တော့ စူပါမားကက်ဆိုင်ကြီးတွေက အကောင်းမဝယ်နိုင်ဘဲ နီးစပ်ရာ စတိုးဆိုင်လေးက ဒီကမ္ဘာလုံးအစောင်းကိုပဲ ဝယ်လိုက်ရပါတယ်ခင်ဗျား"

ဝန်ကြီးလည်း သူ့ဘက်လည်လာတော့ အမြန်ဖြတ်လိုက်သည်။ ချက်ချင်းတင်တောင်းလိုက်၊ ငွေလုံလောက်အောင် ချပေးမယ်။ ကမ္ဘာလုံးအကောင်းဝယ်လိုက်၊ ဒီအပျက်လွှင့်ပစ်လိုက်ဟု မိန့်ကြား ထွက်ခွာသွားပါသည်။ တိမ်းစောင်းခြင်းအမှန်တရား၊ အလှတရား ပျောက်ကွယ်နေသော ထိုကျောင်းသို့ တည့်မတ်သော ကမ္ဘာလုံးတစ်ခုကတော့ ဘယ်သောအခါမှ ရောက်လာမည်မဟုတ်ပါ။

❑

ကျွန်တော် ငှားနေသော တိုက်ခန်းဝရန်တာမှ လပြည့်ညပေါင်းများစွာ မော့ငေးမိတိုင်း လမင်းကြီးထဲမှာ အမေ့မျက်နှာဝင်းဝင်းကြီးကို လင်းလင်းကြီး မြင်ရစမြဲ။ အဲဒီအခါတိုင်း အတွေးတွေက တိမ်တွေလို ရွေ့လျားဆဲ။ တို့ညီအစ်ကိုပေါ် အမေ အမှန်တကယ် အညီအမျှချစ်ပါရဲ့လား။ ကျွန်တော်သည် ကျောင်းပြီးသည်နှင့် အလုပ်ထဲရောက်၊ ချစ်သူကို လက်တွဲ၊ ပျော်လို့ရွှင်လို့ကောင်း၊ ၂၃½ စောင်းနေသော ကမ္ဘာကြီးပေါ်မှာ မုဆိုးမအမေကို ၉၀ ဒီဂရီ ထောင့်မှန်ကျကျ ကျောပေးမေ့လျော့နေခဲ့မိပါကြောင်း ဝန်ခံပါသည်။ သမီးဦးလေးရ၊ ကလေးအဖေဖြစ်ခါမှ အမေ့မေတ္တာဘက်ကို နည်းနည်းလေး မဆိုစလောက် တိမ်းစောင်းလာခဲ့မိပါ၏။ သို့ဖြင့် ကလေးငယ်ပွေ့ပြီး လင်မယားနှစ်ယောက် တစ်နှစ်တစ်ခေါက် ရွာပြန်ရောက် ခရီးများ

0eLUDnf
pm;yAy:u
urmV/NuDuwLunbD
a'gx,aeav\
xkOf
twefykdq&m
ysm, Dysm, m
a&muü&mOnf
0eLUDu
]q&m bmjzpfvdk
urmV/kH
tapmifBuDeJY
pmoifaewmvJ}[k
qDa[mufwmh
q&mvnf
aMumufaMumufESifh
ausmif;tkyfBuD;ay;wJh
urmV/kH;yg[k
wifjyonf

မှာ ပွင့်သစ်ပိတောက်တွေ နှစ်စဉ်ဝေပေါင်းများခဲ့လေပြီ။ ခုတော့ အပွေ့၊ အဆွဲ၊ တွဲလွဲတွေပါများ၊ သားသမီးတွေ ပွားစီးခဲ့လေပြီ။

ရွာရောက်သည်နှင့် အမေသည် ကျွန်တော်တို့ ပါလာသမျှ မုန့်တွေ အိမ်နီးနားချင်း၊ အိမ်ဝေးသားချင်း၊ ကလေးလူကြီး ဖြတ်သွားဖြတ်လာ မြင်လေသမျှ ဝေငှပါတော့သည်။ ငါ့သားကြီး ပါလာတာ၊ ငါ့သားကြီး ကန်တော့တာ။ ငါ့သားကြီး၊ ငါ့သားကြီးနှင့် တစ်သားသားချည်းနေသည်ကို နားကြားပင်းကတ်ချင်ယောင်ဆောင်သော ဇနီးသည်က အပြုံးချိုချိုဖြင့် စကားနာထိုးတော့သည်။ အမေက တစ်သားချည်းပဲသားနေ တကယ်ဝယ်လာတာက ကျွန်မဆိုတော့ သွားဖုံးကြီးဖြဲ ပြုံးပြုံးကြီးလုပ်နေတတ်သည်။ ကျွန်တော့်ရာထူး မန်နေဂျာနောက်မှာ ကြီးတစ်လုံး အမေက ပရိုမိုးရှင်းပေး၏။ ညီလေးတို့လင်မယား

မိဘလက်ငုတ် လယ်လုပ်ရင်း ငါးရှာဖားရှာ၊ ကုန်သည်ပွဲစားမကျန် အလုပ်မှန်သမျှ ချာလပတ်လည် တစ်သက်လုံး လုပ်ကိုင်ကျွေးမွေးနေသော မေတ္တာတရားတို့ကား မှုန်ဝါးဝါးဖြစ်ကုန်၏။ ကမ္ဘာကြီးစောင်းသလို အမေ့မေတ္တာလည်း စောင်းကုန်ပါပြီ။ သားကြီးကမှ ငါ့ကိုချစ်တာ၊ ဒီလိုမုန့်မျိုးတွေ သားကြီးကျွေးလို့ စားရတာ၊ ဒါက ရွှေပုစွန်ကိတ်တဲ့၊ ဒါက နန်းစိန်ကိတ်တဲ့၊ ကောင်းလိုက်တာ။ ဒါက ပုသိမ်ဟာ လဝါ လာလာသမျှလူအားလုံး အမေ့ကြွားလုံးတွေကြား တဝါးဝါး တဟားဟား ရယ်ကြ၏။ ဓာတ်သိတွေပီပီ ဟုတ်လားအမေ၊ အမေကောင်းတာပေါ့။ ဒီသားမျိုးမွေးရကျိုးနပ်တာပေါ့ဆိုပြီး ခုနစ်ဆယ်ကျော်အဘွားအိုကို ဝိုင်းမြှောက်ပင့်၊ အမေက တပြုံးပြုံးနှင့် အကုန်လုံးချကျွေးသမျှ ဝိုင်းစားကြကုန်၏။ အမေ့အကြောင်း နောကျေနေသော ကျွန်တော်တို့ လင်မယားကလည်း တာရှည်ခံမုန့်တွေ တစ်ပုံတစ်ပင် ဝယ်ဝယ်လာခဲ့ရပါသည်။ ညီလေးတို့ လင်မယားကတော့ နားလည်မှုပေး ခပ်ဝေးဝေးက ကုပ်ဖေးဖေးလေးပြုံးနေတတ်ပါ၏။ ကျွန်တော် စဉ်းစားမိသည်။ တို့ညီအစ်ကို ချစ်ခင်ကြည်အေး ငြိမ်းချမ်းရေးရှိလို့ တော်သေး၊ အကယ်၍များ ညီအစ်ကိုချင်း ထင်မြင်မှား စိတ်ဝမ်းတွေ ကွဲပြားခဲ့ရင် အမေ ဘယ်သားဘက် လိုက်မလဲ။ အကြီးလား၊ အငယ်လား။ သေချာတာကတော့ သားတွေရန်ပွဲ ရပ်စဲအောင် အမေ ဖျန်ဖြေမှာဖြစ်သည်။ ပြောမရရင်တော့ အမေတစ်ယောက်ယောက်ဘက် တိမ်းစောင်းရပ်တည်ရပေတော့မည်။

❑

တိမ်းစောင်းမှ လှပသော၊ တိကျစွာ ယိမ်းပြောင်းမှ မှန်ကန်သော ကမ္ဘာလုံးကဲ့သို့ ကျင့်သုံးသဖြင့် သမိုင်းလှသော လူများတွင် မောင်အောင်မြတ်လည်း ပါဝင်ပါသည်။ သူ့လက်ထဲမှ စာကို အကြိမ်ကြိမ် ဖတ်နေမိ၏။ စာပို့လိုက်သူကား သူ့ဆရာရင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

ဆရာ့စကား မြေဝယ်မကျ နားထောင်ရမည်ဟု သင်ယူခဲ့သော မောင်အောင်မြတ်ဝေခွဲရခက်နေပြီ။ ဆရာ့စကား နားထောင်လျှင် ရှိရင်းစည်းစိမ်ဥစ္စာ၊ ရာထူးအာဏာ ပိုသာပိုင်ဆိုင်ရမှာဖြစ်သလို နားမထောင်လျှင် အသက်ပါဆုံးရှုံးနိုင်သည့် အနေအထားဖြစ်၏။ သူ တစ်ဖက်ဖက်ကိုတော့ တိမ်းစောင်းရပါတော့မည်။ တည့်မတ်စွာရပ်တည်၍ မရသလို ခြံစည်းရိုးခွထိုင်၍လည်း မဖြစ်သည့် အခြေအနေ။ ရိက္ခာနှင့်သိက္ခာရွေးရတော့မည်။ စာထဲတွင် ပြောသလို မလိုက်နာပါက အသက်အန္တရာယ်ပါ ထိခိုက်မည်ဖြစ်ကြောင်း ရာဇသံရိပ်ငွေ့ ဖော်ပြထား၏။ စာကို ထပ်ဖတ်လိုက်ပြန်သည်။

*'မောင်အောင်မြတ်… ယခုအခါ နေပြည်တော်၌ အင်္ဂလိပ်မင်း၏ အမိန့်ကို ခံယူအုပ်ချုပ်လျက်ရှိသည်။ အချို့သော စော်ဘွားများမှာ အင်္ဂလိပ်မင်းလက်အောက်သို့ ဝင်ရောက်ခိုလှုံရာတွင် ယခင်အပိုင်စားပြုခဲ့သော နယ်မြေများနှင့် ရာထူးမပျက်၊ ဘွဲ့မပျက် ဆက်ခံမြဲဆက်ခံစေသည်။ အချို့ စော်ဘွားများ လက်နက်စွဲကိုင်၍ အင်္ဂလိပ်မင်း၏ သစ္စာကို မခံလိုဟု ဆိုလျက် သီးခြားနေပြီးလျှင် တော်လှန်နေကြသည်။ ယခုအရေးတော်တွင် ဝန်းသိုစော်ဘွား မောင်အောင်မြတ်မှာ ကျွန်ုပ်၏ တပည့်ရင်းဖြစ်သောကြောင့် အင်္ဂလိပ်မင်းအား ရန်မပြုဘဲ ငြိမ်သက်စွာပင် နေစေလိုသည်။ ယခင်က လုပ်ကိုင်မြဲဖြစ်သော လုပ်ငန်းများကိုပင် ဆက်လုပ်ကိုင်၍ စော်ဘွားအဖြစ်နှင့် အုပ်ချုပ်ပါ'*

စော်ဘွားကြီးသည် သူ့ကျွန်မခံ၊ သူ့ဆရာထံ စာပင်မပြန်တော့ဘဲ မှန်ကင်းတောင်တိုက်ပွဲ၊ ကောလင်းတိုက်ပွဲ၊ ကျိုင်းခွင်တိုက်ပွဲ၊ မိုးနန်းတိုက်ပွဲတို့ဖြင့် တော်လှန်ရေးစစ်ရှိန်မြှင့်လိုက်၏။ သူ့ရဲ့ကောင်း ဝန်းသိုစော်ဘွားကြီး ဦးအောင်မြတ်အား ယနေ့ သမိုင်းလှုပုဂ္ဂိုလ်ကြီးအဖြစ် ရှင်သန်နေဆဲဖြစ်ပြီး သူ့ဆရာကင်းဝန်မင်းကြီး ဦးကောင်းမှာမူ နယ်ချဲ့လက်ကိုင်တုတ်အဖြစ် သမိုင်းမလှ ဖြစ်နေလေပြီ။

'ငါ့မြေကို တစ်လက်မတောင် အထိမခံနိုင်ဘူး'

ဦးအောင်မြတ်၏ တစ်ဖက်သတ်ဆုံးဖြတ်ချက်ကား မှန်ကန်သော တိမ်းစောင်းခြင်းအလှတရားပင်။ စော်ဘွားကြီးလို၊ ကမ္ဘာကြီးလို တိမ်းစောင်းခြင်းအလှတရားမျိုး၊ ကျွန်တော့်မိသားစု၊ အထူးသဖြင့် အမေ့ဘဝမှာ လှပစွာယိမ်းပြောင်းနေပါသည်ဟု ဆိုပါက ဒီကောင် မတန်မရာ တက်နှိုင်းယှဉ်သည်ဟု အပြစ်တင်နိုင်ပါသည်။

❑

တချို့က အမေ့ကိုစ,သည်။

'အဘွားရယ် ရွာမှာ ဘာလို့နေမှာလဲ၊ သားကြီးနဲ့ မြို့လိုက်သွားပါလား'

အမေ့လက်သုံးစကား တစ်လုံးမလွဲ တစ်ထပ်တည်း။

'ဟဲ့ ငါကလိုက်ချင်တာပေါ့၊ သားကြီးနဲ့ဆို ချမ်းချမ်းသာသာနေရမှာ။ ဟောဒီ အငယ်ကောင် စိတ်မချလို့'

'ဘာစိတ်မချစရာရှိလဲ အဘွားရယ်'

'ဟို… စပါးတစ်ခါ၊ ပဲတစ်ခါပေါ်မှ ငွေမြင်ရတာ။ ဒီကြားထဲ ရွာရိုးကိုးပေါက်လျှောက်သွား၊ ပွဲစားယောင်ယောင် ဘာယောင်ယောင်၊ ဒီမြေးတွေငါထမင်းမကျွေး ငတ်ကုန်မှာပေါ့ဟဲ့'

သည်စကားပြောတိုင်း အမေ့မျက်ဝန်းက သူသာမရှိလျှင် ညီလေးတို့ ဘဝပျက်မလိုလို။ အမှန်တော့ မြေးတွေ တစ်ခါတလေ ထမင်းလေးပိုင်းခူးခပ်ကျွေးရတာပါ။ သို့သော် အမေများထဲက အမေပီပီ မရှိမဖြစ်အမေ၊ ကောင်းကင်အမေ၊ မဟာပထဝီအမေဆိုသော ခံယူချက် ဒီတစ်သက်လျှော့မည့်ပုံ မရှိ။ တစ်ဖက်ဖက်က စပ်ရင် တစ်နေရာရာက ဆွေရိပ်မျိုးရိပ်မကင်းသော တစ်ရွာလုံးကလည်း အမေ့အကြောင်း သိကြပြီးသားပါ။ တကယ်တော့ မြို့မှာ သူ့သားမန်နေဂျာကြီး အတော်ရာထူးကြီး၊ အတော်ကြီးပွားနေသည်ဟု အမေဟာ တိမ်းစောင်းခြင်းအလှတရားတွေ ကိန်းအောင်းနေခြင်းသာပါ။ပကတိအရှိတရားမှာတော့ ကျွန်တော့်မှာ ယနေ့အထိ အိမ်ပိုင်မရှိ။ တစ်လနှင့်တစ်လ မိသားစုကြီး စားဝတ်နေရေး၊ လူမှုရေး၊ ပညာရေးတွေအတွက် ဖြောင်းဆန်အောင် ရုန်းကန်နေရကြောင်း အမေမသိ။ သားကြီးအပေါ် မိခင်မေတ္တာတွေ ခြုံလွှမ်း၊ တိမ်းစောင်းခြင်းအလှပန်းများ ပွင့်လန်းနေခြင်းသာ ဖြစ်ပါသည်။ ၂၃½˚ တိမ်းစောင်းနေသော ကမ္ဘာကြီးပေါ်မှာ တည့်မတ်စွာ ရပ်နေသော လူသားတွေထဲမှာ အမေလည်း ကျွန်တော့်ကို လူချမ်းသာထင်၊ အစစ အဆင်ပြေနေသော သားငယ်ကို အညတရ ထင်နေရှာ၏။

ရွာမှ ပြန်ခါနီးတိုင်း အမေရယ် သားကြီးနဲ့ လိုက်နေပါလားဟု ခေါ်ပါသည်။ အမေသာလိုက်မယ်ဆိုလျှင် ခေါ်မှာအမှန်ဖြစ်သော်လည်း အမေ ငြင်းဆန်မည်ကိုလည်း သေချာသိနေသဖြင့် ဤသို့ ရဲဝံ့စွာ ခေါ်နေခြင်းဖြစ်သည်ကိုလည်း ကိုယ့်ဘာသာ သိနေပါ၏။ တကယ်တော့ အမေ့တာဝန်ကိုယူရန် ကျွန်တော့်မှာ အင်အားလေးရှိသည်ဆိုရုံမျှသာဖြစ်ပြီး ချည့်နဲ့မောဟိုက်နေသော အင်အားလေးသာ ဖြစ်ပါသည်။ ကျွန်တော့်မေတ္တာ အတိမ်းအစောင်းမှာ အမေ့ထက် ကိုယ့်သားသမီးများအပေါ်သာ အယိမ်းအပြောင်းများဖြစ်ကြောင်း ရှက်ရွံ့စွာဝန်ခံအပ်ပါသည်။ ဒါကိုပဲ စုန်ရေရယ်လို့ ဖွဲ့ကြန့်ကြရင်း ဒီရေလိုလည်း ဆန်နိုင်သည့်သဘာဝကို စုံကန်မေ့လျော့နေကြသည့် သားသမီးအတုတွေထဲ ကျွန်တော်လည်း ပါဝင်နေပါ၏။ အကယ်၍များ သားသမီးစာမေးပွဲစစ်ရင် အမေက ၃၉ မှတ်ဖိုးဝင်ဖြေပေးရင်တောင် ကျွန်တော်က အောင်မှတ်ရပါ့မလား။ ဂုဏ်ထူးကတော့ အဝေးကြီး။ သို့သော် အမေ ဝိုင်းမဖြေလည်း သားသမီးစာမေးပွဲ ဂုဏ်ထူးမှတ်နှင့် အောင်မြင်နေတာက ညီလေး။

❑

ဤသို့ဖြင့် ကျွန်တော်တို့ မိသားစုတွင် အမေ တစ်ဖက်ဖက် တိမ်းစောင်းမှုကို ဖြစ်မည့်အနေအထားသို့ ရောက်ရှိ



www.burmeseclassic.com

www.burmeseclassic.com

လာခဲ့ပါသည်။ မမျှော်လင့်ဘဲရောက်ရှိလာခြင်း မဟုတ်။ ဤအနေအထားကို ဖန်တီးသူမှာ ကျွန်တော်ကိုယ်တိုင်ပင် ဖြစ်ပါသည်။ ကျွန်တော်ငှားနေသော တိုက်ခန်းဝရန်တာမှာ မော့ငေးနေဆဲဖြစ်သော လမင်းကြီးထဲမှာ အမေ့မျက်နှာ ဝင်းဝင်းကြီးကိုကြည့်ပြီး လွမ်းမောတတ်သော ကျွန်တော်သည် ခုတော့ သောကတွေလွှမ်း အမေ့ဆုံးဖြတ်ချက်ကို ခန့်မှန်းရင်ပူနေပါပြီ။ "အမေ ဘယ်လိုဆုံးဖြတ်မလဲ။ ငါ့ဆိုတဲ့ကောင်ဟာ ပညာတတ် မန်နေဂျာကြီးဖြစ်ပြီး ကင်းဝန်မင်းကြီးလို ကိုယ်ကျိုးဘဝ ဖိမ်ကျကျ မျှောလိုက်သလိုဖြစ်ပြီး ညီလေးက ဝန်းသိုစော်ဘွားကြီးလိုများ ဖြစ်နေသလား"လို့လည်း မတန်မရာ တွေးနှိုင်းဆ လိပ်ပြာက ညစ်ထပ်ထပ်ဖြစ်နေတတ်သေးသည်။

တစ်လနှင့် တစ်လ အလျဉ်မီအောင် ဇောချွေးပြန်နေသော ဘဝမှလွတ်ချင်ပါပြီ။ သားသမီးတွေ ကြီးလာသည်ထိ အိုးမရှိအိမ်မရှိ မန်နေဂျာကြီးဘဝကို ရှက်နေပါပြီ။ တိုက်ခန်းလေး တစ်ခန်း ဝယ်နိုင်ရန် ဘဏ်မှာ ငွေစုဖို့ ဘယ်လိုမှ မတတ်နိုင်သည့် အခြေအနေမှာ ထုခွဲဖို့ ဘာရှိလဲ စဉ်းစားတော့ မိဘလက်ငုတ်၊ ခု ညီလေးလုပ်နေသည့် လယ်ပွဲကိုပဲ မျက်စိထဲ ဝဲဝဲနေပါ၏။ ကျွန်တော်တို့ လယ်မှာ အားလုံး ၁၄ ဧကရှိပြီး နွေစပါး၊ မိုးစပါး နှစ်သီးစား၊ ဆည်ရေ အချိန်မရွေးသောက်နိုင်သည့် လယ်ကောင်းတွေဖြစ်၏။ သုံးသီးစားနိုင်အောင်လုပ်နိုင်သော ဤလယ် တစ်ဧကကို အချိန်မရွေးရောင်း အစိတ်သုံးဆယ် ဝယ်မည့်သူ အလုအယက်။ ဒီတော့ လယ်လေး လေးဧကဖဲ့ရောင်းလို့ ညီလေးလည်း အနေအထားမပျက်၊ ငါလည်း တိုက်ခန်းလေးပိုင်ဆိုသော အတွေးဝင်လာသည့်နေ့ကစ၍ ကျွန်တော် ရင်ဘတ်ထဲ မီးလေးတစ်ဖိုတည်လိုက်သလို ပူလောင်လာခဲ့ပါတော့သည်။

"ညီလေး သဘောတူပါ့မလား၊ တို့ညီအစ်ကို စိတ်ဝမ်းကွဲသွားမလား၊ အမေ စိတ်ဆင်းရဲသွားမလား၊ အမေ ဘယ်လိုဆုံးဖြတ်မလဲ။ ဥပဒေအရဆိုရင် ငါမရနိုင်" စသည့်အတွေးပူတွေက ရင်ပွင့်မတတ်လောင်မြိုက်နေသော ကျွန်တော်။ သင်္ကြန် ရွာပြန်ရောက်တုန်း ညီလေးတို့မိသားစု မရှိခိုက် အမေ့ကို တိုးတိုးလေး ကပ်ချွဲမိပါသည်။ ဒီဘဝ အမေ့သားကြီး အိမ်ပိုင်လေးဖြစ်အောင် လယ်လေး လေး,ငါးဧက ဖဲ့ရောင်းပေးပါလား အမေရယ်လို့။ အမေ လုံးဝတွေဝေခြင်းမရှိ ချက်ချင်း ဆုံးဖြတ်ချက်ချလိုက်သည်ကို ကျွန်တော် အံ့သြဘနန်းကြီး ဖြစ်သွားခဲ့ပါ၏။ အမေ ဘယ်သူ့ကို ပိုချစ်တိမ်းစောင်းသလဲဆိုတာ ကွဲပြားသွားခဲ့ပါသည်။

❑

ကမ္ဘာကျော် ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးကို အသူတစ်ရာနက်ရှိုင်းလှသော ချောက်ကြီးထဲ ပြိုကျလုဆဲဆဲ တိမ်းစောင်းနေသော ဇရာမကျောက်တုံးကြီးပေါ် တည်ထားခဲ့သဖြင့်သာ ဤမျှ ထူးဆန်းအံ့သြကြည်ညိုဖွယ်ဖြစ်နေခြင်းပင်။ ကျွန်တော်တို့ လူသားတွေလည်း တိမ်းစောင်းခြင်းအလှတရားတွေနှင့် ယိမ်းပြောင်းစွာ ချစ်နေကြလို့သာ အချစ်၊ အမုန်းဆိုသည့် အတိုင်းအတာ၊ တိုရှည်၊ လေးပေါ့ရှိနေခြင်း မဟုတ်ပါလား။ လူသားချင်း စာနာညီညာစွာ ချစ်ခင်ကြဖို့၊ မေတ္တာကို အဝါ၊ လိမ္မော်၊ အနီ စသည့် ကာလာတွေနှင့် အချက်ပြလို့ ဖြစ်နိုင်ပါ့မလား။ ချစ်မေတ္တာမှာ အပေးအယူသာ မျှတလျှင် ဘာကာလာမှ ပြစရာလိုမည်မထင်၊ ဘာမဆို ဖြစ်နိုင်သည်ပင်။

မိဘမေတ္တာသည်ပင်လျှင် သားသမီးချင်းအတူတူ အညီအမျှ ချစ်ကြပါရဲ့လား၊ ချစ်ခွင့်ရပါသလား၊ ချစ်နိုင်ပါသလားဆိုတာ သေချာရေရာမှုမရှိကြောင်း သတင်းစာထဲက စွန့်လွှတ်ခြင်းကြေညာချက်တွေက သက်သေပြနေပါသည်။ ဤသို့ ဘာကြောင့်တိမ်းစောင်းကုန်တာလဲ။ သည်အဖြေကို သိချင်၍ ကျွန်တော့်ဆရာတော်အား မေးမြန်းလျှောက်ထားရန် စိတ်ကူးခဲ့ဖူးပါသည်။ သို့သော် တစ်ခုသော အမေများနေ့တွင် အမေ့မေတ္တာအကြောင်း ဟောကြားရင်း၊ ဆရာတော်ကိုယ်တိုင် ခမည်းတော်အကြောင်း တစ်ခွန်းမပါ၊ ကွယ်လွန်သူမယ်တော်ကြီးကိုသာ သတိရ၊ မျက်ရည်တွေကျ၊ တရားဆက်မရ ဖြစ်နေသည်ကို ကြည့်ရင်း မမေးဖြစ်တော့ပါ။ ဆရာတော်ကို စာနာပါသည်။ ကျွန်တော်ကိုယ်တိုင် ကွယ်လွန်သူဖခင်ကြီးကို မှုန်မှုန်လေးသာ တစ်ခါတလေလေး သတိရ၊ အမေမှအမေဖြစ်နေသည်ကော။ ညီအစ်ကိုနှစ်ယောက်ထဲမှာ အမေသည် သားကြီး ကျွန်တော့်ကို ပိုချစ်ခင်တိမ်းစောင်းပြီး တိုက်ခန်းဝယ်ပေးမည်ဟု ယုံကြည်ပါသည်။

သူ့ဝင်ရိုးပေါ်တွင် စောင်းစောင်းကြီး ယိမ်းနေသော ဤကမ္ဘာမြေကြီးကို ဝန်းသိုစော်ဘွားကြီးနှင့် အမေတို့ ကောင်းကောင်းကြီး တိမ်းပြီး ချစ်နေကြပါကလား။ ကျွန်တော် လယ်ဖဲ့ရောင်းဖို့ ပြောတော့ အမေက ချက်ချင်းဆုံးဖြတ်ပေးပါ၏။

"ဟဲ့ကောင် သားကြီး၊ ငါ့မြေကို တစ်လက်မတောင် အထိမခံနိုင်ဘူး။ ဘိုးဘွားအမွေဆိုတာ ရောင်းစားဖို့ မဟုတ်ဘူး၊ ထိန်းသိမ်းဖို့ဟဲ့"

❑

အမိမြေမှခွဲခွာ ဆယ့်လေးနှစ်ကြာ အမေရိကန်မှာ နေခဲ့သော ရုပ်ရှင်မင်းသား ရဲမင်းပိုင်ပြန်လာတော့ ရန်ကုန်လေဆိပ်အထွက် ပထမဆုံး ထိတွေ့ရသော မိခင်မြေသားကို တုပ်ကွရိုကျိုးရှိခိုးနေသည့် သတင်းနှင့်ဓာတ်ပုံကိုကြည့်ပြီး ကျွန်တော့်ရင်တွင်း လျှပ်စီးတစ်လက် ပြိုးပြက်သွားပါ၏။ တစ်ဖက်စောင်းနေသော ကမ္ဘာမြေသားပေါ် မတ်မတ်ရပ်ရင်း ကျွန်တော်တို့တစ်တွေ မိဘနှင့် သားသမီး၊ မိသားစု၊ လူသားအချင်းချင်းကြား၊ တိုင်းပြည်လူမျိုး အသီးသီးကြား အမုန်တရားဘက် ယိမ်းပြောင်းခြင်းသည်သာလျှင် တိမ်းစောင်းခြင်းအလှတရားဟု ဆိုပါရစေလား။ ■

**ကျိုက်စကောခင်စိုး**



www.burmeseclassic.com

www.burmeseclassic.com



၁။

တရိပ်ရိပ် မှောင်ဝေလာသည့် လောကဓာတ်ကို စပ်ဖွဲ့ဖွဲ့ မိုးစက်များနှင့်အတူ သိမ်းပိုက်သွားသောည။ တသွင်သွင် ကျလာသည့် ရေစက်များ ဆံများမှ မျက်နှာပေါ် ဖြတ်ကျော်လျက် ခန္ဓာကိုယ် အနှံ့တစ်လျှား စိမ့်ဝင် စီးဆင်းသွားခဲ့သည်။ ရေ၏ အေးစက်သော အတွေ့မှာ ခန္ဓာသည် ပုံမှန်လို လှုပ်ရှား၍မသွား။ ဇလောင်းဆူနေခဲ့သော ရင်တွင်းအပူဒဏ်က မည်မျှပင် အေးစေသော အရာကိုမဆို တွန်းလှန်ကာ ဆူပွက်ဆဲ။ သောက်မိထားသော ဝိုင်၏ အစွမ်းသည် ခေါင်းထဲ၌ ရီဝေ ရစ်ကျွန့်လျက် သောကတချို့ကို မေ့စေသယောင်။ မှုရင်းတီး လုံးများက မြူးသလောက် တိုးညင်းညင်းရှိလှသော အနောက်တိုင်း ဂီတသံကို အားမလိုအားမရ ဖြစ်မိသည်။ ထိုထက်များ ကျယ်ခဲ့လျှင် ရေချိုးခန်းထဲမှာ က,နေမိမည်လား။ မွေးပျံ့သော ဆပ်ပြာမှုဖောင်းရနံ့များက လတ်ဆတ်သော နှင်းဆီတစ်ပွင့်လို။

ဇလာကျင်းထားသည့် ခန္ဓာပေါ် နူးညံ့သော ပဝါဖြင့် ရစ်ပတ်လိုက်သည်နှင့် လူတစ်ရပ်မက ကြီးမားသော မှန်ကြီး ထဲတွင် ကျစ်လျစ်ပြေပြစ်သော ခန္ဓာနှင့် အရိပ်အသွေးမရှိ သေနေသော မျက်နှာတစ်ခု ပေါ်လာသည်။ ဘယ်တော့မှ နောင်တမရ တတ်သော မျက်လုံးများ၊ ပိရိ တင်းစေ့ထားခဲ့သော နှုတ်ခမ်းများ။ ဒါဟာ ငါ့မျက်နှာလား။ ငုံထားသော ဆေးပြား၏ အစွမ်းသည် ခံတွင်းမျော်ဝင်မှု မြန်ဆန်ရုံပင်မက သွေးကြော များထဲ၌ ပုံမှန်ထက် နိုးကြွ လှုပ်ရှားသော အာနိသင်ကို ခံစားသိရ၏။ ရေချိုးခန်း၏ တစ်ဖက် ကြီးမားသော မှန်ရာ ပေါ်မှ ကျွန်တော့်အား စိုက်၍ကြည့်နေခဲ့သော လူတစ်ယောက်။ လက်အစုံမှာ သူ၏ ရင်သားများကို သပ်ပွတ်လျက် တိုးလျှလျှ ညည်းညူနေခဲ့သည်။ မျှားတံထိပ်များမှ ငါးစာသည် အဆီ တဝင်းဝင်း၊ အရောင်တလက်လက်။

ခုတင်ပေါ်သို့ ခန္ဓာသက် ဆင်းလိုက်သည်နှင့် ရေဘဝဲ တစ်ကောင်၏ လက်များကို ခန္ဓာအနှံ့တစ်လျှား ရွေ့လျား လာသော ပွတ်သပ်မှုများ စတင်ခဲ့သည်။ မှေးခနဲဖြစ် သွားသော မေးရိုးပေါ်သို့ နှုတ်ခမ်းတစ်စုံ ကျလာခဲ့၏။ လည်တိုင်မှတစ်ဆင့် ပခုံးတစ်လျှောက်တွင် နှုတ်ခမ်း၏ ခြေရာများ အထပ်ထပ်။ ထို့နောက် ရင်ဘတ်များပေါ်…။ ထို့နောက်…။

မျက်ဝန်းအစုံကို စေ့ပိတ်လျက် တဒင်္ဂအမှောင်ညကို ဖြတ်ကျော်ဖို့ သက်ပြင်းကို ဖြည်းညင်းစွာ ချမိသည်။ ရင်ဘတ် များပေါ်သို့ ရုန်းဆန်လျက် ရှပ်တိုက်ပြေးလွှားနေသော ထွက်လေ



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ပူများကို အသိစိတ်က တမင်မေ့ဖို့ပြင်သည်။ ဦးနှောက်ထဲ၌ တစ်ခဏသည် အိပ်မက်ဟုသာ။ မည်မျှပင် ဆိုးရွားသော အမှောင်ညဖြစ်စေဦးတော့ သူ့နောက်တွင် လှပသော နံနက်ခင်းတစ်ခုက ရှိနေတတ်သည် မဟုတ်လား။ ထိုနံနက်ခင်းမှာ ကျွန်တော့် ချစ်သူ ရှိနေလိမ့်မည်။

ဆန်းပြားသော အမှောင်ညများ ကြုံခဲ့ဖူးသော်လည်း ယခုညသည်မှာ ခါတိုင်းညတွေထက် ထူးခြားမှုက ပိုကဲသည်။ အို…အလုပ်က အလုပ်ပဲလေ…ဟု ခါတိုင်းလို မေ့ဖျောက်ပစ်ချင်၏။ သို့လျက်ပင် စိတ်ရင်က နွေးလျှဆဲ။ တုန်ယင်ဟိုက်မောဆဲ။ အမျိုးအမည်မသိသော ဝေဒနာက ရင်ထဲ တစ်စက်ချင်း စိမ့်ဝင်ခဲ့ပြီ။

"သွားစမ်းပါ၊ ဒါ ငါ့အလုပ်ပဲ"

လောကကြီးကို ဂရုမစိုက်ဟန်ဖြင့် ခပ်ကြမ်းကြမ်း မော့ကြည့်ပစ်လိုက်တော့ မှန်ပြတင်း ဟိုးဘက်ဆီမှ မိုးသားများ တစ်စစီ ပဲ့ထွက်သွားခဲ့သည်။ ဖြစ်နိုင်လျှင် ကျွန်တော် တိမ်တစ်စင်းဖြစ်ချင်သည်။ ချစ်သူဆီ လျင်မြန်စွာ အချိန်မရွေး ရွေ့လျားသွားနိုင်မည့် ပေါ့ပါးလွတ်လပ်မှုမျိုး လိုချင်သည်။ ယခုလို အပြာရောင်ညထဲမှာ ချစ်သူနှင့်အတူ တိမ်တွေထဲ စီးမျောခွင့် ရချင်သည်။ ညစ်ညမ်းနေသော လက်ရှိညထဲ၌ မှုမမှန်သော အသက်ရှူသံများ တိတ်ဆိတ်သွားသည့်နောက် တိုးလျှသော ဖုန်း၏ တုန်ခါသံက လွှမ်းမိုးလာခဲ့

wpfgwp&H
pdvful, 0f
tydfufsm;onf
jyif
vuf&wGvdkGf
taumift xnf
jzpfvnf&d
vGfufpG
rjzpfEdkdf
aomfvnf
wcsdkom
tydfufqdksm;
rfnawmh
vuf&wG0ESh
xyfvlus
aewwfonfu
tMuop&m[k
qdkvdkf
rjiif;Edkdfyg

သည်။ မီးရောင်တလက်လက် တောက်နေသည့် ဖုန်းမှန်ပြင်ပေါ်တွင် မျှော်လင့်နေမိသည့် သူ့နာမည်ကို တွေ့ရတော့ လှိုက်ခနဲ ပျော်မိသည်။ သို့သော် တစ်ဖန် ဝမ်းနည်းရပြန်သည်။ ပူးကပ်လျက်ရှိသော ခန္ဓာနှစ်ခုအား ခွာချ၍ ဖုန်း ကိုင်မည့်ဟန်ပြင်ပြီးမှ လက်များကို လေထဲ၌သာ ရပ်လိုက်မိ၏။ မသန့်ရှင်းသော ညထဲကို သူ့အား မလာခဲ့စေလို။ သူသည် ကျွန်တော့် ချစ်သူဖြစ်နေခြင်းကြောင့်ပင်။ ❑

၂။

ခါတိုင်းနေ့တွေထက်ပင် ပို၍ မှောင်ရစ်ဆိုင်းသောနေ့။ တစ်နေကုန် ရွာနေခဲ့သော မိုးသည် အလုပ်သွားချိန် ညနေ ၅ နာရီထိပင် စဲမသွားခဲ့။ မိုး၏ အရိပ်အငွေ့ဖြင့်လည်း ပို၍ မှောင်နေသလား စိတ်က ထင်သည်။ Victory Monument အဝိုင်း၌ ပုံမှန်လိုပင် ကားများပြည့်သိပ်လျက်။ ညီညာစွာကွေ့ဝိုက်သော ပြေးလမ်းပေါ်တွင် ရောင်စုံ ငါးလေးများ ကူးခပ်သွားသလို ငေးနေမိသည်။

"တီး…တူး…"

ဖျပ်ခနဲ လက်သွားသော အလင်းရောင်နှင့်အတူ Line မှ ဝင်လာ Message တစ်စောင်မှာ သိပ်မထူးဆန်းတော့သည့် သမားရိုးကျ မဟုတ်သော စကားလုံးတွေ ရှိလိမ့်မည်။ လိုအင်ဆန္ဒတွေ၊ အပေးအယူတွေ၊ တံခါးခေါက်သံတွေ ရှိလိမ့်မည်။ မင်းသားခေါင်းဆောင်းထားသည့် ဘီလူးမျက်နှာဖုံးတွေ၊ သိုးသားရေခြုံထားသည့် ဝံပုလွေအော်သံတွေလည်း ပါလိမ့်မည်။

"မင်းကို စိတ်ဝင်စားတယ်၊ ဒီညအတွက် ဝန်ဆောင်မှု ပေးနိုင်မလား"

သွယ်ဝိုက်၍ လာသော စကားလုံးတွေထက် ပွင့်လင်းသည့် မေးခွန်းများကို ကျွန်တော် ပိုကြိုက်သည်။ Profile ကို အကဲခတ်တော့ ဆေးဆိုးပန်းရိုက်ထားသည့် မျက်နှာအထက်မှ အဆီပြန်နေသော ချွေးစေးများကို မြင်နေရသည်။ မိမိဆန္ဒတစ်ခုအတွက် ဘာကိုမှ ဦးညွှတ်ဖို့ ဝန်မလေးသော မျက်လုံးများကို မြင်နေရသည်။ ယုန်သူငယ်မြင်လျှင် သွားရည်တများများ ကျတတ်သည့် မြေခွေး၏ အစွယ်ဖြူဖြူများကို မြင်မြင်နေရသည်။ တစ်ခါတစ်ရံမှာ အဖော်ဆောင်ဖို့ Durex အိတ်ဖောက်သည်ကို မြင်သည်နှင့် အကာအကွယ်မဲ့ ဝန်ဆောင်မှုပေးဖို့ အတင်းအကျပ် တောင်းဆိုတတ်သော နှုတ်ခမ်းများကို မြင်မြင်နေရသည်။

ကျွန်တော့်အတွက် ဝန်ဆောင်မှုပေးရန် ခက်ခဲသော Customer။ စိတ်ပါဖို့ မလွယ်ကူသော အလုပ်တစ်ခုကို ငွေအတွက်နှင့်တော့ ကျွန်တော် လက်မခံပါ။ Sorry ဆိုသော စကားလုံးအတွက် အကျင့်သားရနေသော လက်များက အားမနာတတ်ခဲ့။ စိတ်ပျက်စရာကောင်းလောက်အောင် ဝန်ဆောင်မှုပေးရသော သူများထဲတွင် ထိုသူများ ပါဝင်သည်။ တကယ်တော့ ကျွန်တော်သည် တစ်ကြိမ်ပြီး မြောက်တိုင်း နောက်တစ်ကြိမ်အတွက် ဆက်တိုက်ပစ်ခတ်နိုင်သော ရိုင်ဖယ်သေနတ်မျိုး မဟုတ်။ နောက်အဖန်ဖန်သော ကြိမ်ရေများအတွက် ကျည်ထည့်၊ ယမ်းသွတ်ဖို့ အချိန်ယူပေးရသော တူမီးသေနတ်သာလျှင်ဖြစ်သည်။

ညက ပို၍ မှောင်လာခဲ့ပြီ။ အမှောင်ထုကို ဖြိုခွဲနေသော များပြားလွန်းသည့် လျှပ်စစ်မီးရောင်များဖြင့်လည်း မြို့အလှက ပို၍ ကြွရွလျက်ရှိသည်။ BTS မိုးပျံရထားဂိတ်မှာတော့ ခါတိုင်း



www.burmeseclassic.com

www.burmeseclassic.com

နေ့တွေထက် လူသိပ်မစည်သည်ကို ကျေနပ်မိ၏။ ပြင်ပမှ အတွေးများ ရုပ်သိမ်းလိုက်တော့ ၅ နာရီခွဲတော့မည်။ ရထားက ထင်သည်ထက် ပိုမြန်၍ Ratchathewi ဂိတ်ကို ဖြတ်ကျော်လာခဲ့ပြီ။ ည ၈ နာရီ ချိန်းထားသော Service ပေးရမည့် CentrePoint Hotel မသွားခင် Silom(စီလုံ)မှ Hot Male Bar မှာ သူငယ်ချင်းများနှင့် ဆုံနိုင်မည်။ မိုးဥတု၏ စက်တင်ဘာမှာ နောက်မကျသော ပထမဆုံးညဟု ပြောလျှင် သိပ်မှန်ပါသည်။

သို့ပေမဲ့ နောက်ကျစွာ သိခဲ့ရသည်က လူတစ်ယောက်၏ အကြည့်စက်ကွင်းအောက်မှာ ကျွန်တော် ရောက်ရှိနေခဲ့ခြင်းပင်။ ပုံမှန်ထက် ပို၍ စူးစမ်းသော အကြည့်မျိုး။ မုဆိုးက သားကောင်ကို ကြည့်တတ်သော အကြည့်။ အချိန်နှင့်အမျှ အရောင်ပြောင်းလေ့ရှိသော ပုတ်သင်တစ်ကောင်၏ မျက်လုံးမျိုး။ တစ်ချိန်တုန်းကတော့ ထိုအကြည့်များကို ကြောက်လန့်စွာဖြင့် ရှုံတတ်ခဲ့ဖူး၏။ ကျင်လည်ရာဝန်းကျင်၊ အချိန်ကာလနှင့် အတွေ့အကြုံများက လူတစ်ယောက်၏ စိတ်ကို များစွာ ပြောင်းလဲပစ်နိုင်သည်ဟု ပြောလျှင် သင်အံ့ဩလိမ့်မည်။ ယခုအခါတွင် ထိုအကြည့်များအား တန်ပြန်စူးစိုက်စွာ ကြည့်ရင်းက မျက်လုံးအမူအရာဖြင့် စကားပြောသော အကျင့်ကို ကျွန်တော် ရခဲ့သည်။

ကျွန်တော့်အလုပ်သည်

rbtga&onf
cgouf/e§onf
[k
t rsm;u
qlUaomf/ nf
aomufyg
rsm;í vmaom
uleafwmfu zGJm
cjyddbm
c$d
a&cJ/vpf/ k/ k
rbtg
yif/, fkJ
aysmfbif/mcbh
&onf

မျက်ဝန်းများ၊ အကြည့်များကို ကောင်းစွာ အသုံးချတတ်ဖို့ လွန်စွာမှပင် အရေးကြီးကြောင်း နောင်တွင် သိခဲ့ရသည်။ ဤလောကထဲ ရောက်စဉ်အခါက လူတစ်ယောက် ကိုယ့်ကို စိုက်ကြည့်နေလျှင် မနေတတ်၊ မထိုင်တတ်ဖြစ်၍ ဦးစွာ မျက်လွှာချရသူမှာ ကျွန်တော်ပင်။ ကိုယ်နားမလည်သော ဝေါဟာရတစ်ခုကို အဓိပ္ပာယ်မဖွင့်လို။ လွဲနေသော နိယာမတရားကို လက်ခံနိုင်ရန် မလွယ်ကူခဲ့ပေ။

အသက်နှစ်ဆယ် လူငယ်တစ်ယောက်အတွက် အိပ်မက်ဆိုသည်က မြူတွေ ပိန်းပိတ်အောင် ဆိုင်းထားသည့် လွင်ပြင်ကြီးထဲမှာ လမ်းလျှောက်နေရသလိုပင်။ မရေရာသော ဘဝထက် သေချာမှုက အရေးကြီးသည်တဲ့။

"မင်း အဲဒီအကြည့်တွေကို ရက်နေမယ့်အစား ကိန်းဂဏန်းတွေအဖြစ် ပြောင်းလဲပစ်လိုက်ပါ။ တစ်ချိန်မှာ အဲဒီအကြည့်တွေက မင်းအတွက် ရတနာသိုက်တွေ ဖြစ်လာလိမ့်မယ်။ ဒါကို ကိုယ်တွေလောကမှာ "မှော်"လို့ ခေါ်တယ်"

သူငယ်ချင်းတွေ၏ စကားကို အကြွင်းမဲ့ မယုံခဲ့သော်လည်း လက်ခံခဲ့ရသည်။

Siam Paragon ရှေ့ Central World ကုန်တိုက်များနှင့် သိပ်မဝေးသော Siam BTS မိုးပျံရထားဂိတ်မှာ ဆင်းဖို့ ဟန်ပြင်ရသည်။ ကျွန်တော့် နောက်ဆီတွင် အရိပ်တစ်ခု ကပ်လာသည်ကို ပါးနပ်စွာ သိနိုင်ခဲ့ပြီ။ လူရှင်းသော တံတားမှ လှေကားထစ်များအတိုင်း တစ်ဆင့်ချင်း နင်းချနေလျက်က နောက်သို့ ရုတ်တရက် လှည့်လိုက်သည်နှင့် ထင်ထားသလိုပင် ထိုသူနှင့် မျက်နှာချင်းဆိုင်လျက်သား ဖြစ်သွားခဲ့သည်။ သူက ပြုံး၍ကြည့်လျက်။ အသက်အရွယ်က သုံးဆယ်ဝန်းကျင်။ ဝတ်စား ဆင်ယင်မှုက ယောကျ်ားဆန်လွန်းသော်လည်း မျက်နှာဖုံးတွေအောက်မှ ပကတိ စိတ်များကို ကျွန်တော် ဖောက်ထွင်းမြင်နိုင်သည်။

သူ့လက်တစ်ဖက်မှ ပြလာသော အမူအရာတစ်ခုသည် သူ၏ ဖြစ်တည်ခြင်း သူ့ Role ဖြစ်လိမ့်မည်။ B ဆိုသော အက္ခရာတွေ ဤပတ်ဝန်းကျင်မှာ ဘာကြောင့် ဒီလောက် ပေါ်နေပါလိမ့်ဟု တွေးလျက်က ကျေနပ်စွာ ပြုံးလိုက်မိ၏။ ကျွန်တော့် ညာမျက်လုံးတစ်ဖက် ဖျတ်ခနဲ လှုပ်ရှားမှု၏နောက်မှာတော့ သူဟာ ယုန်သူငယ်တစ်ကောင်အဖြစ် ပြောင်းလဲလျက် နောက်တွင် ကပ်ပါလာခဲ့သည်။ သေချာတာတစ်ခုက သူသည် မြင့်သော ဂဏန်းတစ်ခုသာဖြစ်ပြီး ရတနာသိုက် ဖြစ်မနေခဲ့ခြင်းပင်။

❑

၃။

ထိုင်းနိုင်ငံကို ရောက်ခါစ တစ်ချိန်တုန်းက ဘဝသည် အိပ်မက်ဆိုးတစ်ခုထက် ပိုခဲ့၏။ အာခေါင်တွေ ခြောက်သွေ့စေးထန်းပြီး ရေကြည်တစ်ခွက်ကို အသည်းအသန် ရှာဖွေနေခဲ့သော သူတစ်ယောက်ဖြစ်ခဲ့ဖူးသည်။ ထမင်းလုံးတစ္ဆေခြောက်၍ အသူတစ်ရာချောက်နက်ကြီးထဲ ခြေလက်ကားရားဖြင့် အကြိမ်ကြိမ် ပြုတ်ကျခဲ့ဖူးသည်။ နိုးထလွတ်မြောက်ဖို့ ကြိုးစားသော်လည်း တုပ်နှောင်၍ထားသလို ခြေလက်အစုံက ရုန်း၍မရ။ အော်ဟစ်ဖို့ ကြိုးစားနေလျက်က နှုတ်ခမ်းသားတွေ ထိခတ်ဖို့ မလွယ်ကူခဲ့။ ကူကယ်ရာမဲ့သော ဘဝ။

တစ်ခါတစ်ရံ၌ စိတ်



www.burmeseclassic.com

www.burmeseclassic.com

ကူးယဉ် အိပ်မက်များသည် ပြင်ပလက်တွေ့တွင် အကောင်အထည်ဖြစ်တည်ဖို့က လွယ်ကူစွာ မဖြစ်နိုင်သော်လည်း တချို့သော အိပ်မက်ဆိုးများမှာတော့ လက်တွေ့ဘဝနှင့် ထပ်တူကျနေတတ်သည်က အံ့သြစရာဟု ဆိုရလျှင် မငြင်းနိုင်ပါ။

ဆယ်တန်းကို ကြိုးစား၍ အောင်ခဲ့သော်လည်း ဆိုးရွားလွန်းသော မိသားစုအခြေအနေက ကံ့ကော်လမ်းနှင့် ဝေးစေခဲ့သည်။ ရှားပါးလွန်းသော အလုပ်နှင့် နည်းပါးလွန်းသော ဝင်ငွေ၏ကြားတွင် ခြေစုံကြာကြာရပ်ဖို့ မဖြစ်နိုင်တော့သည့်အခါ ခေတ်သစ်မုန်တိုင်းတွေကြားမှာ လွင့်ပါးခဲ့ရပြန်သည်။ ကျင်လည်ရာအသိုင်းအဝိုင်းမှ သူငယ်ချင်းများနှင့် တစ်မြေစီ၊ တစ်နေရာစီ၊ တစ်နိုင်ငံစီ။ ချစ်ရသောဝတ်ရည်နှင့် မိုင်ထောင်ချီအဝေးတစ်နေရာဆီ ရွက်လွင့်ခဲ့ရသည်။

MOU စနစ်ဖြင့် ထိုင်းနိုင်ငံကို ပထမဆုံးရောက်သည့်နေ့က လွန်စွာ ဟောင်းနွမ်းသော တိုက်တန်းများက ဆီးကြိုလျက်ရှိသည်။ လုပ်ရမည့် စက်ရုံက ငါးသေတ္တာဟု ဆိုသော်လည်း ဘယ်ဆီဘယ်ဝယ် မသိ။ အလုပ်ရဖို့ သေချာသည့် နှစ်နိုင်ငံသဘောတူ MOU စနစ်ဆိုသော်လည်း လက်ဝါးချင်းရိုက်ထားသည့် ပွဲစားလက်မှတ်များ၏ နောက်ကွယ်တွင် သောကပင်လယ်ထဲ လက်ပစ်ကူးရုံသာပင်။

တချို့မှာတော့ ရရာ

wu, fwmh
ul&efwmbnf
xl;&l arSmifurGcf
n0Buf;cJhS
tvifa&mifttm;
vkd;&fiaeobm
jzpfonf
tvjpkd;tbm
b0rsm;twGif
vrf;yEdkifzkd
rddkwGif
ulpm;Edkfnh
tvifwpfptm;
arwfv;ifbonf
az&GacJbonf

စက်ရုံများတွင် အလုပ်ဝင်သွားသူများ၊ အသိမိတ်ဆွေများ ခေါ်ဆောင်ရာ လိုက်ပါသွားသူများ၊ နေရပ်သို့ နောက်ကြောင်းပြန်သွားသူကအများစုပင်။ ဖောင်ဖျက်လာခဲ့သော ကျွန်တော့်အတွက် အပြန်လမ်းဆိုတာ မရှိ။ သို့သော် ကံကြမ္မာက ဆန်းကြယ်လွန်းခဲ့၏။

ထင်မှတ်မထားဘဲ တစ်ချိန်က ရန်ကုန်တွင် ရင်းနှီးခဲ့ဖူးသော သူငယ်ချင်းနှင့် အဆက်အသွယ်ရခဲ့သည်။ သားရဲတွင်းထဲမှ လွတ်မြောက်ခဲ့သော်လည်း မော်ဝင်တောအုပ်ကြီးထဲ ဖြတ်ပြေးရဦးမည်ကို ကျွန်တော် မသိလေခဲ့။

"ငါတို့အလုပ်က မပင်ပန်းဘူး။ မင်းသားလို နေရမယ်။ Gym ဆော့ရမယ်။ စကားအပြောချိုရမယ်။ အဓိက,ကတော့ ရက်တတ်တဲ့ မင်းရဲ့စိတ်ကို အရင်ဆုံးပြင်ရမယ်ကွာ။ ဝင်ငွေဆိုတာ မင်းအပေါ် မူတည်တယ်။ ကိုယ့်ရဲ့ တန်ဖိုးကို ကိုယ်တိုင်ပဲ သတ်မှတ်ရတယ်။ မင်းရဲ့ ကြိုးစား ဆွဲဆောင်တတ်မှုက မင်းရဲ့ ဝင်ငွေပဲ"

ပထမဆုံး ဝန်ဆောင်မှုပေးရမည့် လုပ်ငန်းကို သိရတော့ ကြားမိသည့်နားကိုပင် မယုံမကြည်ဖြစ်ကာ ရှက်စိတ်ဖြင့် မွန်ထူသွားခဲ့သည်။

"ယောကျ်ားချင်းကြီးလား"ဟု တအံ့တသြမေးမိတော့ အားလုံးက တစ်ညီတစ်ညွတ်တည်း ခေါင်းညိတ်၏။ သမားရိုးကျမဟုတ်သော အလုပ်တစ်ခုအတွက် ခေါင်းနားပန်းကြီးရသည်။ စဉ်းစားရင်းက အသက်ရှူကျပ်လာသည်။ လက်ဖျားတွေကို အဓိပ္ပာယ်မဲ့စွာ ဆုပ်ခြေရင်း ချွေးစေးပြန်နေသည့် ကျွန်တော့်ကို အားလုံးက ပြုံး၍ ကြည့်လျက်။ ဘယ်လိုလဲဆိုသည့် သဘောဖြင့် မေးဆတ်သည့်အခါ ကျွန်တော့်မှာ ပဒိုင်းသီးကိုင်း ကိုင်ထားမိသည့်အနေအထား။ ရှေ့သို့သွားလျှင် အသူတစ်ရာနက်သော ချောက်ကမ်းပါး။ နောက်ပြန်ဆုတ်လျှင် မရဏမီးပင်လယ်။

ပထမဆုံး ဝန်ဆောင်မှုပေးရသည့်နေရာက The Boys Star ဆိုသည့် SPA တစ်ခုမှာဖြစ်သည်။ သာမန်လူများကို ဆီလိမ်း၍ နှိပ်ပေးရသောမာဆက် လုပ်ငန်းပင်။ Customer အများစုသည် Gay များဟု သိရသော်လည်း ပထမဆုံး ဝန်ဆောင်မှုပေးရသည်က ယောကျ်ားရင့်မာကြီး ဖြစ်နေခဲ့တော့ အံ့သြရ၏။ SPA အတွင်းရှိ အသေးစား Bar တစ်ခုတွင် အပေါ်အင်္ကျီချွတ်ဖြင့် ခန္ဓာကိုယ်ဗလာကျင်းကာ Customer ကို စောင့်ရသည်။ ဂျင်းဘောင်းဘီ တစ်ထည်သာ ဝတ်ထားရပြီး ခန္ဓာကိုယ်တစ်ခုလုံး Body အလှဆီများ လိမ်းထားရ၍ ရက်အတော်ကြာသည်အထိ အကျင့်သားမရခဲ့။ လူပေါင်းများစွာ၏ အကြည့်များ ကိုယ့်ထံ ရောက်လာချိန်တွင် ရှက်၍ ခေါင်းငုံ့မသွားမိအောင် အတော်ကြိုးစားခဲ့ရသည်။

SPA သည် သာမန်အနှိပ်ခန်းတစ်ခုလိုသာ ဝန်ဆောင်မှုပေးရပြီး ထိုထက်ပို၍ Customer က တောင်းဆိုလာလျှင်တော့ ကာယကံရှင်များ၏ နှစ်ဦးသဘောတူညီမှုသာ ဖြစ်သည်။ ရံဖန်ရံခါ Sex ဟု တောင်းဆိုလာတိုင်း ကျွန်တော့်မှာ အမြဲလိုလို ငြင်းဆန်ရစမြဲ။ တချို့လူများက သိပ်ပြီးမကျေနပ်ချင်။ ငြင်းဆန်မှုအတွက် ပြဿနာရှာချင်သည်။

တစ်ခါတစ်ရံ သာမန်နှိပ်ပေးရသည့် ဝန်ဆောင်မှုဆိုသော်လည်း မိမိခန္ဓာကိုယ်အနံ့တစ်လျှား ပွတ်သပ်လာတတ်သည့် Customer များ



www.burmeseclassic.com

www.burmeseclassic.com

၏ လက်များကို ခံနိုင်ရည်ရှိရမည်ပင်။ အခန်းတံခါးပိတ်လိုက်သည်နှင့် ဘောင်းဘီအတွင်း ဆုံမှတ်နေရာသို့ နှိုက်လျှိုသွင်းလာတတ်သော လက်ရောင်စုံများ။ အပေါ်အင်္ကျီချွတ်လိုက်သည်နှင့် ရင်ဘတ်အတွင်းသို့ မူမမှန်သော အသက်ရှူနှုန်းဖြင့် တိုးဝင်လာတတ်သော မျက်နှာများ။ ယစ်မူးသော အတွေ့မှာ သာယာနေတတ်သော ဆန္ဒများစွာကို ပရိယာယ်ဖြင့် လွဲဖယ်နေရသည်က နိစ္စဓူဝ တစ်ခုပင်။

'အဲဒီဘဲကြီးက မင်းကို အသေကြွေနေတာ။ သူက အပြင်မှာ နာမည်ကြီး ဒီဇိုင်နာနော်။ လူပုံစံက စမတ်ကျသလောက် အထဲမှာ အတော်နွဲ့တာ။ မင်း လက်ခံရင် ပွဲသိမ်းပြီ။ အဲဒါ မင်းအတွက် ATM ပုံးပဲကွ…ဟား…ဟား…'

ထိုကိစ္စအတွက် ကာလအတန်ကြာ ငြင်းဆန်နေခဲ့သော်လည်း ယခုအချိန်မှာတော့ မျှားတံထိပ်ဖျားမှ အစာသည် ပျိုမျစ်သော ငါးခူတစ်ကောင်အတွက် ရတနာသိုက်တစ်ခုလို မျက်နှာလွှဲပစ်၍ မရနိုင်လောက်အောင် ဆွဲဆောင်ခဲ့ပြီ။ သာမန် အနှိပ်ခန်းတွင်ရသော ၁၀ ရက်ဝင်ငွေသည် ယခုအခါတွင် တစ်ရက်တည်းနှင့် ရတတ်သည်။ တစ်ခါတစ်ရံတွင် ၂ နာရီမျှ အချိန်ပေးရုံဖြင့်ရ၏။ မိုးခါးရေသည် ခါးသက်လွန်းသည်ဟု အများက ဆိုကြသော်လည်း သောက်ပါများ၍လာသော ကျွန်တော့်အဖို့ရာ ချိုမြသာချို၍ ရေခဲတစ်တုံ့ လိုမိုးခါးပင်လယ်ထဲ ပျော်ဝင်လာခဲ့ရသည်။

❑

၄။

မနက် စောစောကတည်းကပင် Bar မှ မက်ဆေ့ချ်တစ်စောင် ဝင်လာခဲ့သည်။ ယနေ့ညအတွက် အထူးဝန်ဆောင်မှုပေးရမည့် နိုင်ငံခြားသားတစ်ဦးကို Central World မှ Centara Grand Hotel ကို အချိန်မီသွားပေးဖို့ သတိပေးခြင်းသာ။ ကျွန်တော်၏ ဝန်ဆောင်မှုကို လိုအပ်ပါက Silom Hot Male Bar ဝက်ဆိုဒ်တွင် အွန်လိုင်းမှတစ်ဆင့် Booking လုပ်နိုင်သည်ပဲ။ အရင်အချိန်တွေတုန်းကလို မိုးပျံရထားဂိတ်၊ မြေအောက်ရထားဘူတာ၊ ရှော့ပင်းစင်တာ၊ ဂုံးကျော်တံတားတွေပေါ်မှာ လမ်းသလားစရာမလို။

နာမည်ကြီး Bar တစ်ခုခု၊ SPA တစ်ခုခုမှာ မိမိ၏ Body အသားပေးပုံများနှင့် ချိတ်ဆက်ထားရုံမျှဖြင့် အဆင်ပြေသည်။ လူစည်ကားသည့် Club များတွင် Show ကောင်းကောင်းလျှောက်တတ်လျှင်၊ Bar တွေ၏ မီးရောင်စုံအောက်မှာ အချိုးပြေပြေ က,ပြ ဆွဲဆောင်နိုင်လျှင် ဒီလောကတွင် ဂျင်တစ်လုံးဟု တင်စား၍ရသည်။

'တီး…တူ…တီး…တူ…'

ဝိတ်ဘီးလုံးကို အားစိုက်ကာ မ,နေရာမှ ဖုန်းမြည်သံကြောင့် အသာချလိုက်ရ၏။ နံပါတ်စိမ်းတစ်ခုသာဖြစ်သည်။ အွန်လိုင်းတွင် Sex ကျသော ပုံများကြောင့် နာမည်ကြီးလာပြီးသည့်နောက် Customer အသစ်တစ်ယောက်သည် ကျွန်တော့်ဖုန်းနံပါတ်ကို အလွယ်တကူသိနိုင်ဖို့ ခဲယဉ်းသည်။ ဘယ်သူပါလိမ့်ဟု တွေးလျက်က ထင်မထားသောသူ တစ်ယောက် ဖြစ်နေခဲ့ခြင်းအတွက် အံ့သြမိ၍မဆုံး။ ထိုအံ့သြရမှု၏ နောက်တွင် ကြီးမားသော အံ့သြစရာတစ်ခုကို ကျွန်တော် ကြိုမသိလေခဲ့။

'ဝတ်ရည်ပါ ကို။ ချက်ဘောက်မှာ လိုင်းတက်လာတဲ့အထိ မစောင့်နိုင်တာနဲ့ အပြင်ဖုန်းထိုးလိုက်တာ'

ကျွန်တော်၏ ချစ်သူ။

'ဝတ်ရည် သူငယ်ချင်း ဒေါက်တာ ကိုသူရလေ သူ အခု ဘန်ကောက်ကို ဆေးပညာနဲ့ဆိုင်တဲ့ အစည်းအဝေး တစ်ခုအတွက် ရောက်နေတာ။ ကို့မွေးနေ့အတွက် ဝတ်ရည်ကိုယ်တိုင် ထိုးထားတဲ့ ဆွယ်တာလေး သူနဲ့ လူကြုံ ထည့်ပေးလိုက်တယ် သိလား။ သူ့ ဖုန်းနံပါတ်နဲ့ သူ့ဓာတ်ပုံကို ကို့ဆီ ချက်ဘောက်ကနေ ပို့ထားပြီးပြီ။ ကို သွားယူလိုက်နော်။ သူက သုံးရက်လောက်ပဲ ကြာမှာ'

'OK အချစ်'

ဖုန်းမျက်နှာပြင်အား အကြိမ်ကြိမ် အာဘွားပေး၍ ဝမ်းသာစိတ်ဖြင့် ကြည်နူးရ၏။ အလိုက်သိ၍ အရာရာအတွက် နားလည်ပေးတတ်သော ချစ်သူကို ကျေးဇူးတင်ရစမြဲ။ နှစ်ကာလများစွာ ဝေးကွာနေသော်လည်း တည်မြဲလေသော သစ္စာများအတွက် ပို၍ တန်ဖိုးထားမိသည်။ တူနှစ်ကိုယ် ဆုံစည်းရမည့် နံနက်ခင်းသည် သိပ်မဝေးသော ကာလနေ့ရက်တွေမှာ ရှိကောင်းရှိမည့်မှန်သော်လည်း ရာနှုန်းများစွာက ကျွန်တော့် ထံ၌သာ မူတည်သည်။

'ဝတ်ရည် အချိန်တစ်ခုအထိ ကိုယ့်ကို စောင့်ပေးပါ။ ကို အလုပ်ကြိုးစားနေပါတယ်'ဟု ဝန်ခံကတိပေးရတိုင်း ကျွန်တော့်မှာ လိပ်ပြာမသန့်။ မိမိလုပ်နေရသော အလုပ်သည် အများရှေ့တွင် ထုတ်ဖော်ပြောရန် မသင့်မလျော်ဖြစ်ရခြင်းအတွက် အခါခါဝမ်းနည်းရသည်။

မြန်မာနိုင်ငံမှ သူငယ်ချင်းများ၊ အသိမိတ်ဆွေ အသိုင်းအဝိုင်းများ၌ ကျွန်တော်သည် ဘန်ကောက်မြို့ ကုမ္ပဏီတစ်ခုက သာမန်ဝန်ထမ်းအဖြစ်သာ အများသိသည်။ ဘယ်သူမှ မသိနိုင်သော မျက်နှာဖုံးအောက်မှ ဘဝကိုတော့ ဘယ်တော့မှ သိလာနိုင်စရာ မရှိပါ။ သိခဲ့လျှင်လည်း မည်သူကမျှ စာနာပေးနိုင်မည် မဟုတ်သည်ကိုလည်း ကျွန်တော် သိသည်။ ဝတ်ရည်သိခဲ့လျှင်…ဟူ၍ ဆက်ကာ မတွေးရဲခဲ့။ ဒီအလုပ်အား စွန့်ပစ်မည်ဟု ဆုံးဖြတ်ခဲ့သည်က အခါခါ။ နောက်ဆုံး ပြန်လှည့်မိသည်က အကြိမ်ကြိမ်။


တစ်ခါတစ်ခါမှာတော့ လက်ရှိဘဝမှာ နိစ္စဓူဝ ဖြတ်သန်းနေရသည်က ကိုယ့်ကိုယ်ကို လိပ်ပြာမလုံချင်။ အိုး…ဒါ ငါ့အလုပ်ပဲ…ဟူ၍ ပုံမှန်လို စိတ်ဖြေဖျောက်ရသည်က မောလှ၏။ အသိ

စာမျက်နှာ(၁၅၇)သို့…



www.burmeseclassic.com

www.burmeseclassic.com



မြို့ဟာ
ဖွဲ့စွတ်စွတ်ကျနေတဲ့
နှင်းစက်တွေအောက်မှာ
ငြိမ်သက်အေးစက်နေတယ်။
နေရောင်ခြည်ဟာ
ပူပျပျ လက်ထထကြီး
တောက်ပနေပေမဲ့
ကျွန်မမျက်စိထဲ
မြင်မြင်သမျှ လူတိုင်းဟာ
အနွေးထည်ကိုယ်စီနဲ့၊
သိုးမွေးခေါင်း
စွပ်ကိုယ်စီနဲ့၊
လက်အိတ်ကိုယ်စီနဲ့၊
ခြေစွပ်ကိုယ်စီနဲ့။
လုံချည်ရှည်ရှည်၊
ဘောင်းဘီရှည်ရှည်၊
ထဘီရှည်ရှည်နဲ့။

လည်ပင်းမှာ မာဖလာလို
ထူ ထဲထဲ လည်စည်းတွေ
ပတ်လို့။ တချို့က
လက်အိတ်ပါဟန် မတူ။
အနွေးထည် ဒါမှမဟုတ်
ဂျာကင်အင်္ကျီတွေရဲ့
ဘေးအိတ်တွေထဲ
လက်တွေကို
လက်ချောင်းအုံလိုက်ကြီး
ထိုးထည့်ထားပြီး
ပခုံးတွေကို
ကျုံ့ကာကျုံ့ကာ
လမ်းလျှောက်နေကြတယ်။
လမ်းလျှောက်ပုံ
ကြည့်ရတာကတော့
ဖြည်းဖြည်းလူလူပါပဲ။
ခပ်မြန်မြန် လျှောက်လိုက်



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

မိရင်ပဲ သူတို့ ကိုယ်ပေါ်က အနွေးထည်တွေ တစ်စပြီး တစ်စ ပြုတ်ပျက် ကွာကျ ကုန်မှာ စိုးတဲ့အလားပဲ။ ရှိုး ထုတ်ချင်သူ ဒါမှ မဟုတ် ကြွားလုံးထုတ်ချင်သူ ဒါမှ မဟုတ် မဝတ်မစားရ မနေ နိုင်သူ တချို့မိန်းကလေးတွေ ကတော့ ပိုးစ ဖဲစနဲ့ အထူး ချုပ်လုပ်ထားတဲ့ လက်အိတ် တွေ ဝတ်ကြပြီး အဲဒီအပေါ် ကမှ ရွှေဖြူ၊ ရွှေဝါ၊ စိန်၊ မြ အစရှိတဲ့ လက်စွပ်တွေကို စွပ်ဝတ်ထားကြလေရဲ့။ ရုတ် တရက်တော့ မမြင်နိုင်ပေမဲ့ သေချာကြည့်မယ်ဆိုရင် သူတို့ရဲ့ ခြေအိတ်တွေ အပေါ် မှာလည်း(မုန့်လက်ကောက် လို့ခေါ်ပြီး ထန်းလျက်ရည်နဲ့ တို့စားရတဲ့ မုန့်ကွင်းလောက် အထူရှိတဲ့) ခြေချင်းတွေကို ပြိုးပြိုးပြောင်ပြောင်ကြီး ဝတ် ထားကြလေရဲ့။ ဒါတင်ပဲ လားဆိုတော့ မကသေးဘူး။ နားရွက်တွေမှာ ကျောက်စီ ခြယ် ဒီဇိုင်းရှုပ်ရှုပ် နားဆွဲ ရှည်ရှည်ကြီးတွေ တွဲတွဲ လောင်းလောင်း လှုပ်လှုပ် ခါခါ ဆွဲပြုထားကြသေးတော့ သူတို့ဦးခေါင်းတွေ လှုပ်လေ တိုင်းမှာ အဲဒီနားဆွဲကြီးတွေ ဟာ အရောင်တောက်တောက် ပပ ခေါင်းစွပ်တွေ ကြားက နေ ပြိုးပြက်ပြက် ပြူတူတူ ထွက်ပေါ်လာကြတယ်။

ဘယ်သူ့ကိုပဲကြည့် ကြည့် ကျွန်မမျက်လုံးထဲ သူတို့ရဲ့ အသားအရောင်တွေ ဟာအဝါလား၊ အဖြူလား၊ အမည်းနဲ့ အညို သဲသဲကွဲကွဲ မသိနိုင်သလို အသားအရေ ကောင်းမွန်လှပသူလား၊ အဖု အပိမ့် ဝက်ခြံလိုမျိုး အပြစ်

**a&cJtkVfvlh**
**a&cJtkEVfqluvm**
**b, fvD mLuDvJ**
**a&awGcbmGwkdf**
**a&cJtkVf**
**jzpfvmovm;**
**[ kdSonfS**
**a&awGcbmGwm**
**rSduIf**
**awGB,lom;yJ**
**'gayrJh**
**tJ'gawGm**
**ausmufvkd**
**ausmupfkdawG**
**t vm;**
**awmifvif**
**rmupfaeMuwm**
**b, fvkdykf**
**pm;vIrvJ**

အနာအဆာတွေ ရှိနေသူ လား ဘယ်နည်းနဲ့မှကို မသိ နိုင်အောင်ပဲ အဝတ်အထည် တွေ အောက်မှာ လူသားရဲ့ အရေ အသားတွေဟာ ပျောက်ကွယ်နေကြရတယ်။

သူတို့ကို ငေးကာငေး ကာ လိုက်ကြည့်မိခါမှ ကျွန်မ ကိုယ်ကျွန်မ ပြန်သတိရသွား တယ်။

ကျွန်မရော ဘယ်လို ဝတ်စားဆင်ယင်ထားပါလိမ့်။ သူတို့လိုပဲလား။ ကျွန်မကိုယ် ကျွန်မ ငုံ့ကြည့်လိုက်တဲ့အခါ အလို ဘုရားရေ…ကျွန်မ ဘယ်မှာလဲ။ မျက်လုံးတွေကို ပိတ်ချည်ဖွင့်ချည်လုပ်ကာ ကျွန်မကြည့်ပေမဲ့ ကျွန်မကိုယ် ကျွန်မ မမြင်ရခြင်းဟာ သိပ် ကို ထူးဆန်းတဲ့အဖြစ်ကြီးပဲ။

အဲဒီမှာ မှန်ချပ်တွေနဲ့ ကာရံ ဆောက်ထားတဲ့ ကော်ဖီဆိုင် တစ်ဆိုင်ကို ကျွန်မ လှမ်းမြင် လိုက်ရတယ်။ မှန်ချပ်တွေထဲ မှာတော့ အရှိအတိုင်း ရှင်းရှင်း ကြီး မြင်ရမှာပဲပေါ့။ အပြေး သွားကာ မှန်ချပ်တွေရှေ့ ကျွန်မ ရပ်ကာ ကြည့်လိုက် တယ်။

အမယ်လေး သေပါပြီ။ ကျွန်မ ဘယ်မှာလဲ။

ကိုယ့်ကိုယ်ကို ပြန်မြင် တွေ့ခွင့် မရတာလောက် ဆိုးရွားတဲ့အဖြစ် မရှိတော့ဘူး လို့ ကျွန်မခံစားလိုက်ရတယ်။ သိပ်ကို ထူးဆန်းလွန်းလှရဲ့။ မြို့ရဲ့ ဝန်းကျင်တစ်ခွင်လုံး ရှိရှိသမျှအရာ… လူသား၊ သစ်ပင်၊ လမ်း၊ ဆိုင်… အကုန်မြင်တွေ့နေရပြီးမှ ကျွန်မကိုယ်ကျွန်မ မမြင်တွေ့ ရတာ အား ကျွန်မ ရူးချင်လာ တယ်။ တစ်ဆက်တည်း တွေးမိလိုက်တာက ကျွန်မ အခု တွေ့နေရသမျှ လူသား တွေဟာ ယာဉ်တစ်ခုခု ဥပမာ မော်တော်ကား၊ မီးရထား၊ သင်္ဘော၊ မြေဘတ်စ်ကား၊ ရေဘတ်စ်ကား၊ ဆိုင်ကယ်၊ စက်ဘီး၊ ဆိုက်ကား၊ မြင်း၊ နွား၊ သိုး၊ ဆိတ်ဆွဲ စွတ်ဖားလှည်း စသဖြင့် တစ်ခုခုကို အသုံးမချကြဘဲ ခြေထောက် တွေကိုပဲ အသုံးပြုကာ လမ်း လျှောက်သွားနေကြတယ်ဆို တာပါပဲ။

ကျွန်မက ဘာလဲ၊ ယာဉ်တွေကို မမြင်မတွေ့ရဘဲ နဲ့ ကား၊ ရထား စသဖြင့် အမည်တွေနဲ့အတူ ယာဉ်ရဲ့ ပုံစံတွေကို ဘာလို့ ကျွန်မ သိနှင့်နေရတာလဲ။ ဒီမြို့မှာ အဲဒါတွေမရှိဘဲ ကျွန်မက အဲဒီယာဉ်တွေကို ဘာပြုလို့ ကောင်းကောင်းကြီး သိနေရ ပြန်တာလဲ။ ကျွန်မက ဘာလဲ၊ ကျွန်မက ဘာလဲ။

ကျွန်မ စိတ်ပျက်လက် လျှော့ကာ အားငယ်ငယ်နဲ့ ဆက်လျှောက်လာခဲ့တယ်။ လမ်းလျှောက်နေတဲ့ လူသား တွေကို ငေးကြည့်ပြီး ကျွန်မ ကိုယ်ကျွန်မ ဆက်လျှောက် လာတယ်လို့ ပြောရပေမဲ့ ကျွန်မရဲ့ကိုယ်ခန္ဓာနဲ့ ခြေ ထောက်တွေကို မမြင်ရတဲ့ အတွက် ကျွန်မဟာ ယာဉ် တစ်ခုခုကို စီးနင်းလိုက်ပါ လာခဲ့တယ်၊ ဒါမှမဟုတ် ဘာကိုမှ မစီးနင်းဘဲ နှင်းပွင့် နှင်းဖတ်တွေ လေတိုက်တဲ့ အခါ လွင့်လွင့်နေသလိုမျိုး လွင့်လာခဲ့တယ်လို့လည်း ယူဆလို့ရနိုင်မှာပဲ။

လမ်းထောင့်တစ်နေရာ ကို ချိုးကွေ့လိုက်တဲ့အခါ လူ ယောကျ်ားတစ်ဦး၊ လူမိန်းမ တစ်ဦးနဲ့ ၁၁ နှစ်အရွယ် လောက်ရှိမယ်လို့ မှန်းဆရတဲ့ မိန်းကလေးတစ်ဦး(မျက်နှာ ကို အလွယ်တကူ မမြင်နိုင်ဘဲ မိန်းကလေးလို့ အပ်ကျမပ်ကျ ပြောနိုင်ရခြင်းဟာ သူ့တစ် ကိုယ်လုံး ပန်းရောင်နဲ့၊ အနီနဲ့၊ အဝါနဲ့၊ ခပ်လွင်လွင် အရောင် အဆင်းနဲ့ စပ်တွဲချုပ်ရက်ထား တဲ့ အဝတ်အထည်တွေ ဆင် မြန်းထားလို့ပဲဖြစ်တယ်။ ယောကျ်ားကလေးသာဆိုရင် အနက်၊ မီးခိုးရောင်၊ ကော်ဖီ ရောင်၊ ကြက်သွေးနီရင့်ရင့် အရောင် စသဖြင့် မှိုင်းတိုင်း တိုင်း ရင့်တင့်တင့် အရောင် တွေသာ ဆင်မြန်းလေ့ရှိတယ် မဟုတ်လား)၊ အဲဒီ လူသား သုံးယောက် လက်ချင်းတွဲပြီး



www.burmeseclassic.com

www.burmeseclassic.com

တဲ့ပယ်တဲ့ပယ် လမ်းလျှောက်လာကြတယ်။ မိန်းကလေးကတော့ အဖေနဲ့အမေ ဖြစ်ဟန်တူတဲ့ လူယောကျ်ားနဲ့ လူမိန်းမတို့က ညှပ်ပူးညှပ်ပိတ် လက်နှစ်ဖက်ကို ဆွဲချိတ်တွဲခေါ်လာတဲ့ကြားကပဲ ခုန်ဆွေ့ဆွေ့လုပ်ကာ လျှောက်နေတဲ့အတွက် အဖေအမေတို့ရဲ့ ခြေလှမ်းတွေထက် ရှေ့ကို နှစ်လှမ်းစာလောက် ကြိုကြိုရောက်နေတတ်တယ်။

‘ဖြည်းဖြည်းလျှောက်စမ်း ဖေလိရှဗက်’

အမယ်လေး…အဲဒါ ကျွန်မနာမည်ပဲ။ အင်မတန်လှပသောလို့ အနက်အဓိပ္ပာယ်ရတဲ့ အမည်။ ကျွန်မနဲ့ နာမည်ချင်း ဆင်တူနေတာလား ဒါမှမဟုတ် အဲဒါ ကျွန်မလား။ ဒါဖြင့် ကျွန်မက ဘယ်သူလဲ။

‘ဖြည်းဖြည်းလျှောက်လို့ ပြောနေတယ်နော် ဖေလိရှဗက်၊ ညည်းက မိန်းကလေး’ လို့ လူမိန်းမက ခပ်ဆတ်ဆတ် အသံနဲ့ ပြောတဲ့အခါ လူယောကျ်ားဆီက ‘ဟှာ့ဟ’ ဆိုတဲ့ ရယ်သံမဟုတ် ဘာမဟုတ် ခပ်လှောင်လှောင်အသံတစ်စနဲ့အတူ ချမ်းအေးမှုရဲ့ သင်္ကေတအစုစု မီးခိုးဖျော့ဖျော့လို အငွေ့တချို့ ပါးစပ်ထဲကနေ ထွက်ပေါ်လာတာ နေရောင်ခြည်အောက်မှာ ကျွန်မ အထင်းသား မြင်နေရတယ်။

‘ဘာဆိုင်တုံး၊ မိန်းကလေးလည်း လူသားပဲကွ၊ သူ့ဘာသာသာလျှောက်နိုင်သလောက် လျှောက်စမ်းပလေ့စေ’

အဲဒါ လူယောကျ်ားရဲ့ အသံ။

‘လမ်းမြန်မြန်လျှောက်ရင် ချွေးတွေထွက်လာမယ်၊ အနွေးထည်လည်း ဝတ်စရာမလိုဘူးတဲ့’

အဲဒါ ကျွန်မနာမည်နဲ့ တူနေတဲ့ မိန်းကလေးရဲ့ အသံ။

‘ဘယ်သူပြောလဲ’

လူမိန်းမက မေးလိုက်တယ်။

‘ဖေလိရဲ့ ဆရာမ တီချာ တာမာမိုး ပြောတယ်။ မနက်တိုင်း ကျောင်းစာမသင်ခင် တီချာ တာမာမိုးက ကျောင်းဝင်းထဲအနှံ့ လမ်းမြန်မြန်လျှောက်ခိုင်းတယ်၊ ဖြည်းဖြည်းလေး လျှောက်တဲ့သူတွေကို အနားနားကပ်ကပ်လိုက်ပြီး လက်ဝါးနှစ်ဖက် တဖတ်ဖတ်ပူးရိုက်ရင်း ‘ဟော့ မြန်မြန် မြန်မြန်၊ မြန်မြန်လေး လျှောက်လိုက်စမ်း’ လို့ သာလိကာမတစ်ကောင်လို ဆက်တိုက်ခါခါ အော်ပြောနေတော့တာပဲ ခိခိ’

‘အို… ဘယ်လိုဆရာမလဲ၊ ကျောင်းရောက်တာနဲ့ ဘုရားရှိခိုးဖို့က အရင်ဆုံး ပြုလုပ်ရမယ့်အလုပ်လေ။ ဘယ့်နှယ် ဘုရားရှိခိုးမသင်ဘဲ အားအားယားယား လမ်းအမြန်လျှောက်ခိုင်းရတယ်လို့’

‘ဖေလိတို့ လမ်းလျှောက်ရင်းနဲ့ပဲ ဘုရားရှိခိုးကြတယ် မေမေရဲ့။ တီချာ တာမာမိုးက ပြောတယ်၊ ဒီလောက်နှင်းအမြဲကျပြီး အေးစက်နေတဲ့ တိုင်းပြည်မှာ ကျုံ့ကျုံ့ကလေး ငြိမ်ထိုင်ပြီး ဘုရားရှိခိုးနေလို့ မရဘူးတဲ့။ ခြေထောက်တွေ ထုံကျဉ်ပြီး တောင့်ခဲချည့်နဲ့သွားလိမ့်မယ်တဲ့ ။ ‘ထာဝရဘုရားဟာ ကျွန်မရဲ့ သိုးထိန်း ဖြစ်တော်မူတယ်။ ကျွန်မဟာ ဆင်းရဲဒုက္ခ မခံစားရနိုင်၊ စိမ်းလန်းသော ကျက်စားရာအရပ်ဝယ် ကျွန်မကို အိပ်စေတော်မူတယ်။ သာယာသော မြစ်အနားသို့ ကျွန်မကို လမ်းပြညွှန်တော်မူတယ်’။ အဲဒီလို အဲဒီလို မေမေ၊ ကျမ်းစာကို အဲဒီလို လမ်းအမြန်လျှောက်ရင်းနဲ့ ဆိုသွားရတာ။ တချို့ကတော့ ‘ဩကာသ၊ ဩကာသ၊ ဩကာသ၊ ကာယကံ၊ ဝစီကံ၊ မနောကံ’ ဆိုလားအဲဒါတော့ ဖေလိ ကောင်းကောင်း မရဘူး။ အဲဒါ ဖေလိ သူငယ်ချင်း ခေမာရှင်တို့ ရွတ်ရွတ်နေကျပေါ့’

‘ဝွတ်ထ်… အားပါးပါး သိပ်ကောင်းတဲ့စိတ်ကူးပော့’ လို့ လူယောကျ်ားက ပြောတဲ့အခါ လူမိန်းမက ‘ရှင် ဘယ်လိုပြောလိုက်တယ်’ လို့ အော်တယ်။ လူမိန်းမရဲ့ စကားကို မိန်းကလေးက ဂရုမစိုက်ဘူး။ သွက်သွက်ခါခါ ဆက်ပြောတယ်။

‘ဟုတ်တယ် တီချာ တာမာမိုးကို ဖေလိ သိပ်ကြိုက်တာပဲ။ သိလား ဖေဖေရဲ့ သူက ဘုရားစာတွေ၊ ဘုရားရှိခိုးနည်းတွေ အစုံရတယ်။ တပည့်တွေအားလုံးကို တစ်ပုံစံတည်း မသင်ဘူး၊ ပုံစံမျိုးစုံ သင်တယ်။ ဖေလိတို့အတန်းထဲမှာ လူမျိုးတွေ မတူကြလို့ သူ့ဘုရားနဲ့သူ၊ ကိုယ့်ဘုရားနဲ့ကိုယ် ဘုရားစာဆိုကြရမယ်လို့ သူ သင်ပေးထားတယ်။ တစ်ချိန်တည်းမှာ အတူတူ လမ်းမြန်မြန်လျှောက်ရင်း ဆိုကြရတာဖြစ်ပေမဲ့ အလုအယက် အပြိုင်အဆိုင်တော့ အော်ဟစ်ခုန်ပေါက် မဆိုရဘူးတဲ့။ တစ်ကိုယ်စာ ကြားရုံလေးပဲ ဆိုရမယ်။ ကိုယ့်အသံဟာ သူများအတွက် အနှောင့်အယှက် သွားမဖြစ်စေရဘူးတဲ့။ ဒါဟာ ငြိမ်းချမ်းစွာ ခွဲထွက်ခြင်းပဲတဲ့။ ဒါဟာ မတူကွဲပြားစွာ စည်းလုံးခြင်းပဲတဲ့။ ဖေလိတို့ကျောင်းမှာ မွန်ကောင်မလေးတွေလည်း ရှိတယ်။ သူတို့ဘုရားစာ ရွတ်ဆိုပြီဆို ဘာဆိုနေမှန်း မသိရဘူး။ သူတို့ရဲ့ အသံထွက်က တစ်မျိုး မေမေ သိလား။ ပျံ့နေတဲ့ လိပ်ပြာတွေကို ဖမ်းလို့ မမိသလိုမျိုးပဲ။ လေထဲဝဲနေတဲ့ စကားသံတွေမို့ ဖေလိ ဖမ်းဆုပ်နားထောင်လို့ မရဘူး။ တချို့ကောင်ကလေးတွေရဲ့ အသံကျတော့လည်း ဖေဖေ စိတ်ဆိုးတဲ့အခါ ဗလုံးဗထွေးကြီး ဆက်တိုက်ပြောသလိုမျိုးကြီးပဲ။ သူတို့အသံတွေက လုံးထွေးနေလိုက်တာ။ အံ့မယ် တီချာတာမာမိုးက တကယ်တော်တာနော်…ခစ်ခစ်… အားလုံးရဲ့ စကားသံတွေကို ဘယ်လောက်ဝဲဝဲသူ ကောင်းကောင်းနားလည်တယ် အံ့ရော အံ့ရော’

မိန်းကလေးကို ကြည့်ရင်း သူဟာ ကျွန်မငယ်ငယ်ကအတိုင်းပဲလို့ ကျွန်မ တိတ်တိတ်ကလေး မှတ်ချက်ချလိုက်မိသေးတယ်။

‘လမ်းမြန်မြန်လျှောက်ပြီး ချွေးတွေထွက် အိုက်လာပြီဆို အနွေးထည်တွေ ချွတ်ပစ်ကြတော့တာပဲ။ အနွေးထည် ချွတ်နိုင်သူတွေကို တီချာ တာမာမိုးက တစ်



www.burmeseclassic.com

www.burmeseclassic.com

ယောက်ပြီးတစ်ယောက် နံနက်စာစားတဲ့အခန်းထဲမှာ ရေခဲမုန့်တွေ ခေါ်ကျွေးတယ် မေမေ'

'ဘယ်လို ဘယ်လို ရေခဲမုန့်တွေ၊ ဘုရား ဘုရား'

လူမိန်းမရဲ့ တအံ့တသြ မေးလိုက်သံနဲ့အတူတူ ကျွန်မလည်း အံ့သြစိတ်နဲ့ ခေါင်းနားပန်းကြီးထွက်သွားလိုက်တာ ဆံပင်တွေတောင် ထိုးထိုးထောင်ထောင် ပြုထကုန်ပြီနဲ့ တူပါရဲ့။ အတွေးနဲ့အတူ ကျွန်မဆံပင်တွေဆီ ယောင်ယမ်းစမ်းကြည့်မိတဲ့အခါ ကျွန်မလက်ဟာ လေထဲ ချော်ဝဲထွက်သွားပြီး တဖွားဖွား ပြုတ်ကျလာနေတဲ့ အနားခြောက်ခုနဲ့ နှင်းပွင့်လေးတွေကိုပဲ စမ်းမိလိုက်တယ်။

'အမယ်လေး... လေး...အေး...လိုက်... တာ...'

ရေခဲမုန့်တဲ့။ ရေခဲမုန့်ဆိုတာ ဘယ်လိုဟာကြီးလဲ။ ရေတွေ ခဲသွားတိုင်း ရေခဲမုန့်ဖြစ်လာသလား။ ဟိုမှာ သည်မှာ ရေတွေခဲသွားတာမျိုး ကျွန်မတွေ့ဖူးသားပဲ။ ဒါပေမဲ့ အဲဒါတွေဟာ ကျောက်တုံးကျောက်စိုင်တွေအလားတောင့်တင်းမာကျစ်နေကြတာ။ ဘယ်လိုလုပ်စားလို့ရမလဲ။ ဇေလီရဲ့ ဆရာမဆီမှာ ရေခဲမုန့်လုပ်တဲ့ စက်ကိရိယာကြီး ရှိတာလား။

ကျွန်မအတွေးတွေ ဂယက်လှိုင်းထန်နေသလို လူမိန်းမလည်း ပွက်အူဆူထ ဗျာများနေတယ်။

'အလိုလေးလေး၊ လမ်းလျှောက်ရင်း ဘုရားရှိခိုးသတဲ့။ ပြီး အင်္ကျီမြန်မြန်ချွတ်

a&cJtkEY
qkdvmLuD;u
uJef0D;cgjfxJ
ckdG fygvmum
tJD
a&cJtkEYqkdvmuk
jrifbkdcGifh
jrnfprfcGifhzkd
refuav;&J
aemufuk
ukef uyfcd
vkdufecJh, f
q, fESpf
Munmo@wb xd
a&cJtkEYuk
ukef
rjrifz;cJb
a&cJtkEY m
aysmufew, f

နိုင်သူကို ရေခဲမုန့် ခေါ်ကျွေးသတဲ့။ မဖြစ်ဘူးမဖြစ်ဘူး၊ ကိုကျော်ဇင်ကိုကို ရှင့်သမီးကို ကျောင်းထုတ်လိုက်တော့။ အဲဒီ ရူးကြောင်မူးကြောင် ကျောင်းကို သွားမပို့နဲ့တော့'

'No...မရဘူး မရဘူး၊ ဇေလီ သွားမှာပဲ။ အဲဒီမှာ ဇေလီ ပန်းချီတွေလည်း ရေးရတယ်၊ ကဗျာတွေလည်း စပ်ရတယ်၊ တယော ပီယာနို ဂစ်တာ သင်ပေးတယ်၊ ဟာမိုနစ်ကာလည်း မှုတ်တတ်နေပြီ။ ဇေလီ အရမ်းပျော်တယ်။ ဇေလီ အဲဒီကျောင်းမှာ မနေရရင် ငပြိန်းမ၊ သာမန်မိန်းမအဖြစ် ကြီးပြင်းလာလိမ့်မယ်။ ကြောက်တယ်၊ ဇေလီ သာမန်မိန်းမ မလုပ်လိုဘူး။ ဇေလီကို ကျောင်းထုတ်ရင် ဇေလီ ကိုယ့်ကိုယ်ကို သတ်သေပစ်မယ်'

အားကုန် အော်ဟစ်ပြောနေတဲ့ မိန်းကလေးအသံက အမယ်လေး ကျွန်မအသံနဲ့တူလှချည့်။ ကျွန်မ နှုတ်ခမ်းတွေ တရွရွ လှုပ်နေတာကို ကျွန်မ ခံစားသိရှိနေရတယ်။ ဘာသဘောပါလိမ့်။

ရေခဲမုန့် ဆိုတာကြီးက ကျွန်မ ဦးခေါင်းထဲ ခိုတွယ်ပါလာကာ အဲဒီ ရေခဲမုန့်ဆိုတာကို မြင်သိ ထိတို့ မြည်းစမ်းခွင့်ရဖို့ မိန်းကလေးရဲ့ နောက်ကို ကျွန်မ ကပ်ခိုလိုက်နေခဲ့တယ်။ ဆယ်နှစ်ကြာသွားတဲ့အထိ ရေခဲမုန့်ကို ကျွန်မ မမြင်ဖူးခဲ့ဘူး။ ရေခဲမုန့်ဟာ ပျောက်နေတယ်။ ဇေလီရှဗက်လည်း ပျောက်နေတယ်။ အဲဒါ ကျွန်မ ပျောက်နေတာလည်း ဖြစ်ကောင်းဖြစ်နိုင်တယ်။

❑

နှစ်အနည်းငယ်ကြာတဲ့အခါ မြို့လယ်ကောင်က နာရီစင်ကြီးရှေ့မှာ ဇေလီရှဗက်ကို ကျွန်မ ပြန်တွေ့တယ်။ ဇေလီရှဗက်ဟာ အရင်လို ခုန်ဆွဆွ လမ်းလျှောက်တတ်တဲ့ ကလေးမလေး မဟုတ်တော့ဘူး။ လမ်းလျှောက်ပုံက မြန်ဆန်တုန်းဖြစ်ပေမဲ့ တည်ငြိမ်လှတယ်။ သူ့မျက်နှာမှာ သာမန်ထက်ပိုတဲ့ မိတ်ကပ်ခြယ်သမှုတွေနဲ့ မျက်နှာတစ်ပြင်လုံး ရောင်စုံလှိုင်းထ,နေတယ်။ သူ့တစ်ကိုယ်လုံးလည်း ရှုပ်ယှက်ခတ်နေတာပဲ။ နားဆွဲတွေ တန်းလန်းနဲ့၊ လက်မှာလည်း ရောင်စုံလက်ပတ်ကလေးတွေနဲ့။ ခြေမှာလည်း အလှတပ်ခြေပတ်လေးတွေနဲ့။ ဒီတော့မှပဲ ကျွန်မလည်း သတိထားမိတော့တယ်။ သူဝတ်စားထားတဲ့ အဝတ်အစားတွေကိုပေါ့။ အရင်လို ထူထူထဲထဲ လုံလုံခြုံခြုံ မဟုတ်တော့ဘူး။ သူဝတ်ထားတဲ့ ဂါဝန်ဟာ ပါးလှပ်လှပ်ကလေး၊ ဂါဝန်အနားစလေးတွေက သူ့ဒူးခေါင်းအထက်မှာ ဝဲတဲဝဲတဲဖြာကျနေတယ်။ သူ့ခြေထောက်တွေ လှမ်းလိုက်တိုင်း လှမ်းလိုက်တိုင်းမှာ လှုပ်တုပ်လှုပ်တုပ်နဲ့။ ခြေထောက်ဆိုမှပဲ ကျွန်မလည်း သူလမ်းလျှောက်ပုံကို အာရုံစိုက်မိသွားပြန်တယ်။ လမ်းလျှောက်ပုံကလည်း မြန်လွန်းလိုက်တာ မပြောပါနဲ့တော့လား။ သူ့နောက်ကို လိုက်ကြည့်နေမိတဲ့ ကျွန်မရဲ့ ခြေလှမ်းတွေလည်းပဲ သူ့နည်းတူ အဆမတန် မြန်ဆန်နေတယ်လို့ သိလိုက်ရတယ်။ လမ်းဘေးဝဲယာ အခြားလူတွေ လိုက်ကြည့်မိတော့လည်း အရင်လို ဘယ်သူဘယ်ဝါရယ်လို့ မှန်းဆနိုင်ခြင်း မရှိလောက်အောင် တစ်ကိုယ်လုံး ထူထူထဲထဲ ဖုံးအုပ်ဝတ်စားထားတာမျိုး မတွေ့ရတော့ဘူး။ ပေါ့ပေါ့ပါးပါး အဝတ်အထည်တွေနဲ့။ လူယောကျ်ားတချို့ဆို စွပ်ကျယ်လို ချိုင်းပြတ်အင်္ကျီလေးတွေနဲ့။ တက်တူးထိုးထားတဲ့ သူတို့ရဲ့ ကြွက်သားဖုထစ် လက်မောင်းသားတွေကို အထင်းသားကြီး မြင်နိုင်တယ်။ ဒီမြင်ကွင်း၊ ဒီပုံစံတွေကြောင့် နှင်းပွင့်နှင်းစက်လေးတွေ မကျတော့တဲ့ ပူလောင်အိုက်စပ်နေတဲ့ ရာသီထဲကို ကျရောက်နေပါလားလို့ ကျွန်မ သိလိုက်ရတယ်။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်မရော ဘယ်လိုဘယ်ပုံ ဝတ်စားဆင်ယင်ထားပါလိမ့်။ သိချင်စိတ်ဟာ ရင်အတွင်းသားထဲကနေ ဘွားခနဲ ခုန်ထွက်လာတယ်။ ဒါပေမဲ့ ကျွန်မကိုယ်ကျွန်မ အချိန်မီ ပြန်လည်ထိန်းချုပ်လိုက်ရတယ်။ ကျွန်မကိုယ်ကျွန်မ မမြင်ရသလို ဘယ်သူကမှလည်း ကျွန်မကို မြင်ကြရမှာ မဟုတ်ဘူးဆိုတဲ့ လျှို့ဝှက်ဆန်းကြယ်မှုကြီးကို သတိရသွားလို့ပဲ ဖြစ်ပါတယ်။

ဇလီရှဗက်ဟာ ပလာဇာတစ်ခုထဲ သုတ်သုတ်ပျာပျာ ဝင်ချသွားတယ်။ ကျွန်မလည်း သူ့နောက်က ကပ်လိုက်သွားတယ်။ ဇလီရှဗက်ဟာ ဟင်းချက်စရာတွေ လာဝယ်ပုံရတယ်။ ဒါပေမဲ့ အခြားမိန်းမတွေလို ပစ္စည်းတွေ ထည့်စရာ တွန်းလှည်းကို အသုံးပြုတာ မတွေ့ရဘူး။ အခြားမိန်းမတွေများတော့ တွန်းလှည်းပေါ်ပစ္စည်းတွေ တစ်ခုပြီးတစ်ခု ဆွဲယူပစ်ထည့်လိုက်၊ တွန်းကာပြုကာ ရှာဖွေလိုက်၊ လိုချင်တာတွေ့တော့ ဆိုးခနဲ ဆတ်ခနဲ ဆွဲယူပစ်ထည့်လိုက်နဲ့။ ပစ္စည်းအပြည့်ထည့်ထားတဲ့ တွန်းလှည်းတွေကိုယ်စီနဲ့ ငွေရှင်းကောင်တာမှာ တန်းစီနေကြတဲ့ မိန်းမတွေ အများကြီးကြားမှာ ဇလီရှဗက်ကို ကြည့်ရတာ သနားစရာ ကြွက်စုတ်ကလေးလိုပဲ။ ပစ္စည်းတစ်ခုကို ဆွဲယူပြီးရင် ဇလီရှဗက်ခမျာ ပစ္စည်းပေါ်က ကပ်ထားတဲ့ ဈေးနှုန်းကို ငုံ့ငုံ့ကြည့်ရှာတယ်။ ပြီး ချီတုံချတုံဖြစ်နေဟန် ပြန်ချလိုက်၊ ဒါ့ထက် အနည်းငယ် သေးငယ်တဲ့ ပစ္စည်း ပြန်ဆွဲယူလိုက်၊ ဈေးနှုန်းဖတ်လိုက်၊ ပြန်ချလိုက်၊ စောစောက ကြည့်ထားတာကို ပြန်ကောက်ယူလိုက်နဲ့။ ဒါဟာ ဘာလဲဆိုတော့ ငွေကို စိတ်တိုင်းကျ သုံးစွဲနိုင်တဲ့ အင်အားမျိုး သူ့မှာ မရှိဘူးဆိုတာ ဖော်ပြနေတဲ့ သရုပ်သကန်ပါပဲ။

'ဟော့ ဇလီရှဗက်'

'အို…ကြည်မွေ့ချို'

ကင်မရာတစ်လုံး လွယ်ထားတဲ့ တီရှပ်နဲ့ ဂျင်းဘောင်းဘီဝတ် အမျိုးသမီးတစ်ယောက်ဟာ ဇလီရှဗက်ရဲ့ ငယ်ငယ်တုန်းက သူငယ်ချင်းဖြစ်ပုံရတယ်။ သူတို့နှစ်ယောက် ခဏမျှ ရပ်စကားပြောနေကြလို့ ကျွန်မလည်း သူတို့အနား မယောင်မလည် ရပ်ကာ နားစွင့်မိတော့တယ်။ ငယ်ငယ်တုန်းက လမ်းအမြန်လျှောက်ရင်း ဘုရားစာတွေ ရွတ်ဆိုကြတဲ့အကြောင်း၊ အနွေးထည်ချွတ်လိုက်နိုင်သူတွေ ရေခဲမုန့်စားရတဲ့ အကြောင်း…။ အဲဒီမှာ ဇလီရှဗက်က ပြောတယ်။

'အခုစားဖူးတဲ့ ရေခဲမုန့်က ဟိုးငယ်ငယ်တုန်းက တီချာတာမာမိုး ကျွေးတဲ့ ရေခဲမုန့်လို မဟုတ်ဘူး ကြည်မွေ့ချိုရဲ့၊ နင် သိလား'

'ပိုကောင်းမှာပေါ့ ဟုတ်လား၊ ငါ့ကိုပြောစမ်း'

'မသိပါဘူးဟယ်၊ ငါလည်း ဟုတ်တိပတ်တိကို မပြောတတ်ပါဘူး'

'အဲဒါကို ဘယ်မှာ ဝယ်လို့ရနိုင်မလဲ'

'ဟာ ကြည်မွေ့၊ အဲဒါ ဝယ်လို့ရတဲ့ မုန့်မျိုး မဟုတ်ဘူးဟဲ့၊ ဘယ်မှာမှ မရနိုင်ဘူး။ ကိုယ့်ဘာသာလည်း လုပ်စားလို့ မရနိုင်ဘူး။ တစ်နေ့ နင် ခလုတ်တိုက်ပြီး တွေ့လာလိမ့်မယ် သိလား ကြည်မွေ့ချို။ အဲဒီနေ့ကိုပဲ နင် စောင့်ရလိမ့်မယ်။ အဲဒါကို နင့်လက်ထဲ ရလာခဲ့ရင် အရသာကအစ နင်သိလာလိမ့်မယ်။ ပြီးတော့ အဲဒါကို နင် တိုးပွားများပြားဖို့ ကြိုးစားအားထုတ်ရလိမ့်မယ်။ ရေရှည်ထားသိုနိုင်မယ့် နည်းစနစ်ကိုလည်း နင် ပါးပါးနပ်နပ် သိထားရမယ်၊ ကြည်မွေ့ချို နင်သိရမယ်။ တစ်နေ့ချင်းစီ မှီဝဲစားသုံးတတ်ဖို့လည်း လိုတယ်ဆိုတာ'

'ဒါဖြင့် ဒီနည်းလမ်းတွေ သိထားတယ်ဆိုမှဖြင့် အဲဒါ နင့်ဆီမှာ အလျှံပယ်ရှိနေတယ်ပေါ့ ဟုတ်သလား ဇလီ'

'အဲဒီလိုလည်း မဟုတ်ဘူး ကြည်မွေ့ချို၊ ငါကိုယ်တိုင်လည်း မထိန်းသိမ်းတတ်လို့နဲ့ တူပါရဲ့ စမ်းတဝါးဝါးလည်ထွက်နေတယ်ဟာ။ အခုနောက်ပိုင်း ငါ လက်လျှော့ထားလိုက်ပြီ ကြည်မွေ့ချိုရာ'

'ဟယ်'

အောက်မေးရိုး ပြုတ်ကျပြီး တအံ့တသြဟန်နဲ့ ဇလီရှဗက်ကို ပြူးကြည့်နေတဲ့ ကြည်မွေ့ချိုပုံစံကို ကြည့်ပြီး ကျွန်မ ရယ်ချင်လာတာနဲ့ အသံထွက်အောင် အော်ရယ်လိုက်မိတယ်။

'ခိခိ ခစ်ခစ်ခစ် ဟားဟား၊ နင့်မျက်နှာက ရယ်စရာကောင်းလိုက်တာ ဟားဟား'

အဲဒီမှာ ကျွန်မရယ်သံနဲ့ တစ်ထပ်တည်းကျပြီး ထွက်ပေါ်လာတဲ့ ဇလီရှဗက်ရဲ့ အသံကြောင့် ကျွန်မ ခေါင်းနားပန်းကြီးထွက်သွားတယ်။ ဘယ်လိုကြောင့်လဲ။ ကျွန်မနဲ့ ဇလီရှဗက်ကြားမှာ လျှို့ဝှက်ဆန်းကြယ်တဲ့ ချိတ်ဆက်မှုတစ်ခု အံ့ဘနန်း ကိန်းဝပ်နေတယ်ဆိုတာ ကျွန်မ ရိပ်စားမိလိုက်တယ်။ ဘယ်လို ဘယ်ပုံ ဘယ်လိုအရာမျိုးဖြစ်တယ်ဆိုတာကိုတော့ တိတိပပ ကျွန်မ ရှင်းချက်ထုတ် မပြနိုင်ပါဘူး။

❑

နောက်တစ်လလောက်အကြာမှာ မြို့တော်ရဲ့ ပလက်ဖောင်းကနေ ခပ်သုတ်သုတ်လျှောက်သွားပြီး လူကူးမျဉ်းကြား တစ်နေရာကနေ လမ်းရဲ့ တစ်ဖက်ဆီကို လှစ်ခနဲ ဖြတ်ကူးသွားတဲ့ ဇလီရှဗက်ကို ကျွန်မ လှမ်းမြင်မိလိုက်တယ်။ သူ့နောက်ကို လိုက်ကြည့်မယ်လို့ ကျွန်မ စိတ်ထဲ ပိုင်းဖြတ်ရည်ရွယ်မထားပါဘဲနဲ့ ကျွန်မဟာ သူ့အရိပ်လို အလိုအလျောက် နောက်ကနေ ကပ်ပါသွားတယ်။ ဇလီရှဗက်ရဲ့ ဦးခေါင်းပေါ်က သိုးမွေးဦးထုပ်လေးရယ်၊ ခြေအိတ်လက်အိတ်တွေ ဝတ်ထားတာရယ်ကြောင့် သူ့ခမျာ ချမ်းအေးနေရှာတယ်လို့ ကျွန်မ တွေးမိလိုက်တယ်။

အလို… သူ့လက်ထဲမှာ… အဲဒါ…ရေခဲမုန့်လား။

ကျွန်မ မျက်လုံးပြူးပြီး ကြည့်နေမိတယ်။ ကတော့ပုံစံခွက်ကလေးကို ဇလီရှဗက်က လှလှပပလေး ဆုပ်ကိုင်ထားပြီး ခွက်ကလေးပေါ်က ထွေးလုံးလုံးဖြစ်နေတဲ့



www.burmeseclassic.com

www.burmeseclassic.com

စတော်ဘယ်ရီသီးရောင် အစုအပုံ မွမွလေးကို ပါးစပ်ကလေး ဟကာ ဟကာ၊ သူ့လျှာကလေးထုတ်ကာ ထုတ်ကာ လျက်လိုက် မြို့လိုက်မျိုလိုက်နဲ့။ ဟုတ်မယ် ဟုတ်မယ်။ အို ဟုတ်တယ်။ သေချာပြီ၊ အဲဒါ သူတို့ပြောပြောနေကျ ရေခဲမုန့်ပဲ။

ကျွန်မ အာစောင်ထဲမှာ ချွဲပျစ်ပျစ်အရည်တွေ စို့စွတ်လာတယ်။ အဲဒါ ကျွန်မ သွားရည်ကျတာလား။ ဟုတ်မယ်၊ ရေခဲမုန့်လို့ ထင်ရတဲ့ အဲဒီဟာကို ကျွန်မ အင်မတန်ကို စားချင်လာတယ်။ ကျွန်မဟာ လှုပ်ခနဲ ပြေးခုန်ကာ ဇလီရှဗက်ဆီ ဖြန်းခနဲ ကပ်သွားလိုက်တယ်။ အမှန်က အနီးကပ်သွားကြည့်ပြီး သူကိုင်ထားတဲ့ ရေခဲမုန့်ကို သူ့အလစ်မှာ သုတ်ခနဲ ယူပြေးမလို့ စိတ်အကြံနဲ့ပါ။ ဒါပေမဲ့ လူက အရှိန်လွန်သွားပြီး ဇလီရှဗက်ကို ဝုန်းခနဲ ဝင်တိုက်မိသွားခဲ့တယ်။ သွားပြီ။

ကျွန်မ လန့်ဖျပ်ပြီး "အား…ဆောရီး" လို့ အကျယ်ကြီး အော်လိုက်မိတယ်။

အံ့သြစရာပဲ၊ ဇလီရှဗက်ကို ဝုန်းခနဲ ကျွန်မ ဝင်တိုက်မိပေမဲ့ ကျွန်မထင်သလို ကျွန်မနဲ့ ဇလီရှဗက်ဟာ လဲကျမသွားခဲ့ဘူး။ ဇလီရှဗက်ဟာ ဟန်ချက်ပျက်သွားရုံကလေးပဲ ယိမ်းယိုင်သွားပြီး သူကိုင်ထားတဲ့ စတော်ဘယ်ရီသီးရောင် ရေခဲမုန့်ဟာ လွင့်စဉ်ပြီး ကွန်ကရစ်လမ်းမထက် ပြုတ်ကျသွားတယ်။ ကျွန်မ ရင်ထဲ ဝမ်းနည်းသွားပုံကို ထုတ်မပြောတတ်ဘူး။ ရေခဲမုန့်ဟာ တဖြည်းဖြည်းနဲ့

t Mbp&myJ {v&Suful Okfcejulef 0ifvkufaeyrh ukefxifOvk ukefeY {v&Suf[m vkUsrOfcbl {v&Suf[m [efcsuf ysuOf/skav;yJ , df, kOfGyD oUkfxm;wh pawmb, &D;D a&mifa&c;rkef[m vGfp0fyD ueLu&pf vrfxuf jyKwfusoGw, f

လမ်းပေါ် ပျော်ဆင်းစီးကျကာ ကတော့ပုံခွက်ကလေး ပါမကျန် မိနစ်အနည်းငယ်အတွင်း ကွယ်ပျောက်သွားတယ်။ ကျွန်မ အနားတိုးကပ်ကြည့်လိုက်တဲ့အခါ လမ်းရဲ့ တစ်နေရာမှာ ရေဆေးပန်းချီဆေးသားတွေ ပေကျံနေသလိုမျိုး စတော်ဘယ်ရီရောင်တချို့ အကွက်လိုက် ထင်ကျန်နေတာကလွဲလို့ ဘာမှတခြား မတွေ့ရတော့ဘူး။ အံ့သြစရာကြီးပဲ။

ဇလီရှဗက်ကို ကြည့်မိတဲ့အခါကျမှ ကျွန်မရဲ့ ဝမ်းနည်းစိတ်ဟာ ပလက်ဖြုတ်ထားပေမဲ့ လျှပ်စီးကြောင်းပြင်းပြင်းတစ်ခု ဖြတ်စီးဆောင့်ဝင်လာသလို ရုတ်တရက်ကြီး အရှိန်မြင့်တက်ကာ ဝမ်းနည်းပက်လက်ကြီးဖြစ်လာတယ်။ ဇလီရှဗက်ဟာ စောစောက စတော်ဘယ်ရီရောင်အကွက် ထင်ကျန်နေတဲ့ နေရာကို ခပ်လှမ်းလှမ်းကနေ လည်ပြန်လေး ငုံ့ကြည့်တယ်။ သူနဲ့ ကျွန်မ အလှမ်းဝေးနေပေမဲ့ သူ့မျက်လုံးတွေထဲက ကြေကွဲရိပ်ကို ဘာလို့ကျွန်မ လှမ်းမြင်တွေ့နေရတာပါလိမ့်။ အို…စဉ်းစားရတာဦးနှောက်ပိုခြောက်တယ်။ မြင်တော့လည်း မြင်တယ်ပေါ့။

ဂစ်တာဆိုလို တေးသွားသံတစ်စ ကျွန်မ ကြားလိုက်တယ်။ ဇလီရှဗက်ရဲ့ အိတ်ကပ်ထဲက လက်ကိုင်ဖုန်းဆီက အသံမြည်ထွက်လာတာ။ ဇလီရှဗက်ရဲ့ မျက်နှာက ဝင်းခနဲ လက်သွားတယ်။

"ရှင်ကျွေးလိုက်တဲ့ ရေခဲမုန့်လေး နည်းနည်းပဲ စားရသေးတယ် ကျွန်မက လက်ကနေ မတော်တဆ ပြုတ်ကျသွားလို့"

ဝမ်းနည်းဟန်လေးလုပ်ကာ ဇလီရှဗက်က ခပ်ချွဲချွဲ ပြောလိုက်တယ်။ တကယ်ဆို ဒါ မတော်တဆမဟုတ်ခဲ့ဘူး။ ကျွန်မ သူ့ကို ဝင်တိုက်မိခဲ့တာလေ။ ဇလီရှဗက်က ဘာလို့ မတော်တဆဖြစ်သလို ထိန်းသိမ်းပြောခဲ့ရတာလဲ။ လုပ်ပြန်ပြီ၊ ကျွန်မ တွေးမိသွားပြန်ပြီ။ ဦးနှောက်ခြောက်အောင် မေးခွန်းထုတ် တွေးတွေးမနေတော့ဘူး။

"အို… တကယ်တကယ် ပြောတာလား၊ ကျွန်မကို ထပ်ကျွေးမယ်လား၊ ကျွန်မလာပြီ၊ ရှင်ခဏလေးစောင့်"

ဇလီရှဗက်ပျော်သလို ကျွန်မလည်း ဖွေ့ခနဲ ရင်တုန်ပန်းတုန်ဖြစ်ကာ ပျော်သွားတယ်။ အဲသည်နောက် ကျွန်မဟာ သူ့နောက်က အရိပ်လို ကပ်ငြိပါသွားတယ်။ ဇလီရှဗက်ဟာ ထူးဆန်းတဲ့ အသွင်အပြင်နဲ့ မွမ်းမံဆောက်လုပ်ထားတဲ့ အိမ်ခြံဝင်းတစ်ခုထဲ ဖုန်းတပြောပြောနဲ့ လှမ်းဝင်သွားတယ်။ မွှေးတေးတေး ချိုတိုတို ရနံ့လေးတစ်ခု ရတယ်။ အဲဒါ ရေခဲမုန့်နံ့လား။ ကလေးဘဝ အမေပြောပြဖူးတဲ့ ပုံပြင်တွေထဲကကလို အိမ်မျိုးလေး ဘွားခနဲ မြင်လိုက်ရတယ်။ ဇလီရှဗက်ဟာ အခုမှ ရောက်ဖူးပေမဲ့ သူ့အိမ်ကျနေတာပဲ တန်းတန်းမတ်မတ်ကြီး လှမ်းလှမ်းဝင်သွားတယ်။ ချိုတိုတို မွှေးတေးတေး အနံ့လေးက ပိုသိသာလာပြီ။ ဂီတတေးသွားတွေ ထွက်ပေါ်နေတဲ့ အခန်းကျယ်ကြီးမှာ ရွှေရောင်ဆံပင်ရှည်တွေနဲ့ လူတစ်ယောက် ဇလီရှဗက်ကို စောင့်ကြိုနေတယ်။ ဇလီရှဗက်ရဲ့ လက်တစ်ဖက်ကို ညင်ညင်သာသာလေး ဆွဲယူကာ တစ်စုံတစ်ခု ထည့်ပေးလိုက်တယ်။

"မင့်လက်ထဲက အရာကို ဘယ်တော့မှ လွှတ်မကျစေနဲ့၊ ဘာအကြောင်းကြောင့်မှ လွှတ်မချနဲ့၊ မြဲမြဲကိုင်ဆုပ်ထား။ ပြီးတော့ တစ်ချိုတည်း ကုန်အောင်စား"

တိုပြတ်ပြတ်အသံနဲ့ ခပ်ဆတ်ဆတ် ပြောလိုက်တဲ့ ရွှေရောင်ဆံပင်နဲ့လူရဲ့ အသံကို ကြားမိတော့ ကျွန်မ မျက်ခုံးတွေ ပင့်တက်သွားတယ်။ သူ့အသံက ကျွန်မ ရင်းနှီးဖူးတဲ့ အသံမျိုး။ ဇလီရှဗက်ရဲ့



www.burmeseclassic.com

www.burmeseclassic.com

ပါးစပ်လေးက ခပ်ဟဟလေး ပွင့်အာသွားတယ်။ လျှာကလေး ပြူထွက်လာပြီး ရေခဲမုန့်ကို တို့ထိလျက်နေတယ်။ ဒီတစ်ခါက်ကတော့ ပုံခွက်ကလေးနဲ့ မဟုတ်ဘဲ ဝိုင်ဖန်ခွက်လို ခွက်ကလေးထဲမှာ အိထွေးထွေး ရေခဲမုန့်လေးတွေ မို့မောက်နေအောင် စီမံထည့်ထားတာကို ကျွန်မ မြင်တယ်။ ပြီးတော့ ဇွန်းကလေးတစ်ချောင်း တပ်ထားတယ်။ ပြီးတော့ စတော်ဘယ်ရီရောင်လည်း မဟုတ်တော့ဘူး။ ဆင်စွယ်နို့နှစ်ရောင် ဝါနှစ်နှစ်လေး။

ရေခဲမုန့်ကို ဇွန်းကလေးနဲ့ ကော်ယူပြီး အငမ်းမရ(သို့သော်) လုလုပပစားနေတဲ့ ဇေလီရှဗက်ကိုကြည့်ပြီး အဲဒီ ရွှေရောင်ဆံပင်နဲ့လူက တဟားဟား အော်ရယ်လိုက်တယ်။

‘မင်း ဆုတောင်းဖို့ ဘာလို့ မေ့တာလဲကွ’

‘အို ဟုတ်ပါရဲ့’

ဇေလီရှဗက်ဟာ ရှက်တက်တက်ဖြစ်သွားပြီး မျက်လုံးလေး မှိတ်လိုက်တယ်။

‘ကိုယ်တော်ချပေး အစာကျွေး ကျေးဇူးကြီးလှ အိုအဖ အာမင်’လို့ ကျွန်မ နှုတ်က ရွတ်မိသွားတယ်။

‘လူသားတွေက ရယ်ရတယ်၊ ဒုက္ခရောက်မှ ဘုရားကို သတိရတယ်။ အစာစားတော့ ဆုတောင်းဖို့ သတိမရကြဘူး’

‘ရှင်ရော သတိရလို့လား’

‘ငါ့မှာ ဘုရားသခင်မရှိဘူး၊ ငါ့အနုပညာက ငါ့ဘုရားသခင်ပဲ’

‘အနုပညာ ဟုတ်လား၊ ရှင့်အနုပညာက ဘာလဲ ပြောစမ်းပါဦး’

ဇေလီရှဗက်ရဲ့ လက်ထဲက ရေခဲမုန့်ဟာ တစ်ဝက်ကျိုးနေပြီ။

‘ဂီတ တေးသွားတွေ မင်းနားက ကြားမိတဲ့အခါ အဲဒါ ငါ့အနုပညာပေါ့၊ လေပြည်ကလေး မင်းပါးပြင်ပေါ် ဖြတ်ပြေးတဲ့အခါ အဲဒါ ငါ့အနုပညာပေါ့၊ အချိန်အခါ မဟုတ် နှင်းပွင့်လေးတွေ ပြိုကျတဲ့အခါ အဲဒါလည်း ငါ့အနုပညာပဲ။ မင်း ကြည့်မြင်နိုင်တဲ့ အရာတိုင်းမှာ ငါ့အနုပညာရှိတယ်၊ မင်း ခံစားတတ်မှာပါ’

အလို၊ ကျွန်မ အဲဒီ ရွှေရောင်ဆံပင်တဖားဖားနဲ့လူကို သဘောကျသွားတယ်။ ဟက်ခနဲ ကျိတ်ရယ်လိုက်မိတယ်။

‘ငါ့ရဲ့ ဆောင်ပုဒ်ကို မင်းသိလား’

‘ပြောကြည့်ပါဦး’

‘ဖန်တီးနိုင်စွမ်းရှိမှ မဟုတ်ဘူး၊ ခံစားတတ်ရုံနဲ့ မင်းကို အနုပညာသမားလို့ ငါခေါ်တယ်’

‘ဟုတ်တယ်ရှင့်၊ ခံစားတတ်ဖို့က အဓိကပဲ’လို့ ကျွန်မ ဝင်ပြောမိလိုက်တယ်။

ရွှေရောင်ဆံပင်နဲ့ လူက မျက်လုံးတွေ ဟိုဟိုဒီဒီ ဝေ့ဝဲကြည့်ရင်း-

‘မင်း ဘယ်သူ့ကို ခေါ်လာသေးလဲ ဇေလီရှဗက်၊ အခု ဒီနားမှာ ငါတို့အပြင် တခြားတစ်ယောက် ရှိနေသလိုပဲ’

ကျွန်မ ပါးစပ်ကို လက်ဝါးနဲ့အုပ်ပြီး ငြိမ်လိုက်မိတယ်။

‘ကျွန်မတော့ ရှင့်ကိုပဲ မြင်တယ်၊ ခစ်ခစ်ခစ်၊ အဲဒါက အရေးမကြီးပါဘူး၊ အရေးကြီးတာက ရေခဲမုန့် နောက်တစ်ခု ကျွန်မ ဘယ်တော့ စားရမလဲ’

ဇွန်းကလေးမှာ ကပ်နေတဲ့ ရေခဲမုန့် ခရင်မ်အနှစ်လေးတွေကို လျှာနဲ့တို့လျက်လိုက်ပြီး ဇေလီရှဗက်က ပြုံးပြုံးလေး မေးလိုက်တယ်။

‘မင်း လောဘကြီးတဲ့ အမျိုးသမီးလား’

‘စိတ်ဆန္ဒပြင်းပြတဲ့ အရာကိုပဲ ကျွန်မလုပ်တယ်’

‘ဘာပဲဖြစ်ဖြစ် တစ်ခုချင်းစီပဲ မင်းလုပ်သင့်တယ်။ လုပ်စရာတွေ များတယ်ဆိုပြီး ချာလည်ရိုက် ညည်းတွားနေမယ့်အစား တစ်ခုချင်းစီ ဆွဲထုတ် လုပ်သွားနိုင်ရမယ်။ တစ်ခုချင်းစီ တွေးတောကြံဆသွားရမယ်။ တစ်ခုချင်းစီ တစ်ခုချင်းစီပဲ။ ခုတော့ လူသားတွေဟာ ဟိုဟာရော ဒီဟာရော ယောင်တောင်ပေါင်တောင် အကုန် စပ်ယှက်လုပ်နေကြတယ်။ ဒီတော့ လူသားအရင်းအမြစ်တွေ ခန်းခြောက်လာပြီး ဖန်တီးနိုင်စွမ်းတွေဟာ လျော့ကျလာတယ်။ လူ့ဘဝဟာ အရသာမဲ့လာတယ်။ တစ်နေ့တခြား ငြီးငွေ့စရာများများလာတယ်’

‘ကျွန်မကတော့ လက်ထဲက ဟောဒီ ရေခဲမုန့်လေး ကုန်သွားမှာ ကြောက်တယ်’

‘မင်း စားခဲ့တယ်၊ ကြိုက်ခဲ့တယ်၊ ကြိုက်တဲ့စိတ်နဲ့ ကုန်အောင် အဆုံးသတ်စားမိလိမ့်မယ်။ ကုန်သွားမှာကြောက်ရင် အစကတည်းက မစားဘဲ နေခဲ့သင့်တယ်။ ဒါဆို ဘယ်တော့မှ မကုန်နိုင်တော့ဘူး’

‘ရှင် မှားပြီ၊ ရေခဲမုန့်ဟာ ကျွန်မ မစားဘဲ လက်ပိုက်ကြည့်နေလည်းပဲ သူ့ဘာသာ အရည်ပျော်ကျပြီး ကုန်သွားမှာပဲရှင့်၊ ခစ်ခစ်ခစ်’

‘မှားတာက မင်းပဲ။ အရည်ပျော်ကျတာဟာ ပုံသဏ္ဍာန် ပြောင်းလဲသွားတာပါ၊ ကုန်သွားတာ မဟုတ်ဘူးကွ၊ အစိုင်အခဲမဟုတ်တော့ဘဲ အရည်အဖြစ် ဆက်လက်တည်ရှိနေမှာ’

‘နေစမ်းပါဦး၊ ရှင့်လို လူထူးလူဆန်းနဲ့ ကျွန်မ ဘယ်လို သိခဲ့တာလဲ’

ဒီနေရာမှာ ကျွန်မ ခါးတွေ မတ်သွားတယ်၊ သိချင်စိတ်နဲ့ ငြိမ်နားစွင့်နေမိတယ်။

‘ဘယ်လိုသိဆိုတာက အရေးမကြီးပါဘူးကွ၊ သေချာတာက ငါပထမဆုံး ရှာဖွေတွေ့ရှိခဲ့သူက မင်းပဲ၊ ကောက်ရခဲ့တဲ့ ဆင်ဖိုနီ၊ ကမ္ဘာကို တုန်လှုပ်စေမယ့် တေးသွားတစ်ခု’

ကျွန်မ ကြက်သီးဖြန်းဖြန်းထပြီး ကျောနုပ်သွားတယ်။ ကျွန်မ ပြောချင်တဲ့ စကားလုံးတွေကိုပဲ ဇေလီရှဗက်က အတိအကျ ပြောချလိုက်တယ်။

‘ကျွန်မအတွက်တော့ ရှင်က မရှာဖွေဘဲ အလိုလိုကြီး တွေ့ခဲ့တာ၊ မွှေးပျံ့ပျံ့ ရေခဲမုန့်တွေနဲ့ ကမ္ဘာမှာ’

သည်စကားကို ပြောလိုက်ချိန်မှာ ဇေလီရှဗက်ဟာ မျက်လုံးတွေက ညှုတုတုနဲ့။ ပြီးတော့ ရေခဲမုန့်တွေ ကုန်သွားတဲ့ ဖန်ခွက်နှုတ်ခမ်းလေးကို လျှာနဲ့ ဝေ့ဝိုက်ကာ လှည့်မွှေလျက်နေပြန်တယ်။ ပြီးတော့ ဘာမှမရှိတော့တဲ့ ဇွန်းကလေးကို ပါးစပ်ထဲ လှတ



www.burmeseclassic.com

www.burmeseclassic.com

ပတလေး ကိုက်ငုံထားတယ်။ ပြီးတော့ ကုန်သွားတဲ့ ဖန်ခွက်လေးကို လွှတ်ချလိုက်တယ်။ ဖန်ခွက်ဟာ ချလွှမ်ခနဲမြည်ကာ အစိတ်စိတ်အမြွာမြွာ ကွဲကြေသွားတယ်။ ဖွန်းကလေးက ဒေါက်ခနဲ ကျွန်မ ရပ်နေတဲ့အနား လွင့်စဉ်ကျလာတယ်။

"ဟုတ်တယ်၊ ဘဝမှာ အဲဒီလို လွှတ်ချပစ်လိုက်ရတဲ့ သတ္တိလည်း ရှိရမယ်။ မင်းသိပ်တော်တာပဲကွ၊ မင်းကိုယ်မင်းလည်း လွှတ်ချရဲတဲ့နေ့ တစ်နေ့ မလွဲမသွေ ရောက်လာလိမ့်မယ်"

"အခုတော့ ကျွန်မ ရေခဲမုန့် စားချင်သေးတယ်။ ရေခဲမုန့်တွေ စိတ်ကြိုက်စားနိုင်တဲ့ နေရာကို ကျွန်မကို ခေါ်သွားပေးပါလား"

"ရေခဲမုန့်တွေနဲ့ ကမ္ဘာလား၊ မင်းကို ပို့ပေးမယ်"

"အပေါ်း…ပျော်စရာကြီး…ပျော်စရာကြီး…"

ဇေလီရှဗက်ဟာ ကလေးမလေးတစ်ယောက်လို ခုန်ပေါက်ပြီး ပျော်စရာကြီးဆိုတာကို ၁၃ ကြိမ်လောက် လှည့်အော်နေတယ်။

"ရှင် ကတိပေးနော်၊ ကျွန်မကို ပို့ပေး"

ရွှေရောင်ဆံပင်နဲ့ လူက သူ့ဘယ်လက်မှာ ဝတ်ထားတဲ့ လက်စွပ်နှစ်ကွင်းအနက် တစ်ကွင်းကို ဆိုးခနဲ ဆတ်ခနဲ ဆွဲချွတ်ကာ ဇေလီရှဗက်ရဲ့ ဘယ်လက် လက်ခလယ်မှာ ဝတ်ပေးလိုက်တယ်။

ဘုရားသခင်…၊ အမယ်လေး… ဘုရားသခင်…။

အံ့သြဖွယ်တိုက်ဆိုင်မှုကြီးပဲ။ ကျွန်မရဲ့ ဘယ်ဘက်လက်ကို ကျွန်မဟာ တုန်တုန်ယင်ယင်နဲ့ လေမှာမြှောက်ပြီး မျက်လုံးတွေနဲ့ တစ်တန်းတည်းထားကာ အနီးကပ်ကြီး စိန်းစိန်းစူးစူး စိုက်ကြည့်လိုက်မိတယ်။

ရွှေရောင်ဆံပင်နဲ့လူ ဇေလီရှဗက်ကို ဝတ်ပေးလိုက်တဲ့ လက်စွပ်နဲ့ ကျွန်မလက်က လက်စွပ်တို့က တထေရာတည်းပဲ။ ဘာလို့ အဲဒီလောက် တိုက်ဆိုင်ရတာလဲ။ အရိုးခေါင်းပုံ ငွေရောင်လက်စွပ်ဟာ ဘယ်က ဖြာကျနေမှန်း မသိတဲ့ အလင်းရောင်အောက်မှာ ဝင်းဝင်းကလေး ပြောင်လက်တောက်ပနေတယ်။

"ဒီလက်စွပ်ဟာ ငါ့ရဲ့ ကတိကဝတ်ပဲ"

❑

ဒီလိုနဲ့ ဇေလီရှဗက်နောက် လိုက်လိုက်ကြည့်ရင်း တစ်နေ့တော့ အင်မတန်ဒေါသထွက် စိတ်တွေဆိုးနေတဲ့ ဇေလီရှဗက်ကို သည်းအူထိတ်လန့် သွေးပျက်ဖွယ် ကျွန်မ မြင်လိုက်ရတယ်။

"ရှင် ကျွန်မကို ညာတယ်"

ဇေလီရှဗက်ဟာ သူ့ဦးခေါင်းသူ လက်သီးဆုပ်တွေနဲ့ ပြန်ပြန်ထုရိုက်ရင်း ကုန်းအော်တယ်။ ရွှေရောင်ဆံပင်နဲ့လူဟာ ဇေလီရှဗက်ရဲ့ ဖြောင်းဆန့်အောင် ဗုန်းဒိုင်းကြဲ လှုပ်ခတ်နေတဲ့ လက်တွေကို ဖမ်းချုပ်ပြီး ငြိမ်သွားအောင် လုပ်နေရှာတယ်။ ဇေလီရှဗက်ဟာ နောက်ဆုံးတော့ ရွှေရောင်ဆံပင်နဲ့လူရဲ့ သိုင်းဖက်ထားတဲ့ လက်တွေကြားပျော့ခွေငြိမ်သက်သွားတယ်။ မျက်ရည်တွေ ဒလဟော သွန်ချတယ်။

"ကတိမတည်တဲ့ လူတွေကို ကျွန်မ မကြိုက်ဘူး။ လိမ်ညာတတ်တဲ့လူ ကျွန်မ အရမ်းမုန်းတယ်။ ကောက်ကွေ့လိမ်ကျစ်မှုတွေ မလိုချင်ဘူး။ ရိုးသားအေးဆေးမှုတွေပဲ ကျွန်မ မြတ်နိုးတယ်။ ကျေးဇူးပြုပြီး ကျွန်မနဲ့ ပတ်သက်တဲ့အခါ အရာရာ ရိုးရှင်းပေး…"

ကျွန်မ ဇေလီရှဗက်ကို အဆမတန် သနားသွားတယ်။

ကျွန်မ သူ့ကို မျက်နှာချင်းဆိုင်ပြီး မေးချင်စိတ်နဲ့ နှုတ်ခမ်းတွေ တလှုပ်လှုပ် တရွရွ ဖြစ်လာနေတယ်။

"*ဒီမယ် ဇေလီရှဗယ်၊ ကတိမတည်တဲ့လူတွေကို မကြိုက်ရင် မင်းကိုယ်တိုင် ကတိတည်တတ်အောင် အရင်လုပ်၊ လိမ်ညာတတ်သူမုန်းတယ်ဆိုရင် မင်းကိုယ်တိုင် မလိမ်မညာဘဲ နေထိုင်နိုင်အောင် အရင်လုပ်၊ ကောက်ကွေ့လိမ်ကျစ်မှုတွေ မလိုချင်ရင် မင်းကိုယ်တိုင် သူတစ်ပါးကို ကောက်ကွေ့လိမ်ကျစ်မှုတွေ သွားမပေးနဲ့။ ရိုးသားအေးဆေးမှုကိုပဲ မြတ်နိုးရင် သူတစ်ပါးအပေါ်လည်း မင်းရိုးရိုးသားသား အေးအေးဆေးဆေးလေး နေဖို့ ကြိုးစား။ မင်းကိုယ်တိုင် အရာရာမှာ ရိုးရှင်းနေရင် သူတစ်ပါးအပေါ် ရိုးရှင်းပေးဖို့လည်း ထုတ်ဖော် တောင်းဆိုနေစရာ မလိုဘူး၊ ကြားလား။ အခုတော့ မင်းက သူတစ်ပါးအပေါ် မင်းကိုယ်တိုင် မရိုးမရှင်း မအေးမဆေး လုပ်လုပ်နေတာပဲ။ ဒီအတွက် မင်း တစ်နေ့ နောင်တအကြီးအကျယ် ရရလိမ့်မယ်။ သူတစ်ပါးအပေါ် စစ်မှန်တဲ့ ရိုးရှင်းမှုမရှိဘဲ ဟန်ကွပ်နေတဲ့အတွက် မင်း တစ်နေ့ပေးဆပ်ရလိမ့်မယ်။ နေရောင်ခြည်က မင်းကို ဒဏ်ကြီးကြီးခတ်လိမ့်မယ်။*

"ကိုယ်မညာဘူး ဇေလီ၊ မပြောသေးဘဲ ထားခဲ့ရုံလေးပါ။ အခုလည်းပဲ ကိုယ်ပြောလို့ မင်း သိရတာပဲ မဟုတ်လား"

ဘာတွေလဲတော့ ကျွန်မ အသေးစိတ် မသိပေမဲ့ ထူးဆန်းတာက ဇေလီရှဗက်လိုပဲ ကျွန်မ မျက်လုံးထဲက မျက်ရည်တွေ ဒလဟော စီးထွက်ကျနေတာ ကျွန်မ သိလိုက်ရတယ်။

"ကိုယ် ဘာလုပ်ပေးရမလဲ"

"ရေခဲမုန့်ကမ္ဘာကို ပို့ပေး"

ရွှေရောင်ဆံပင်နဲ့ လူဟာ သူ့ဆံပင်တွေကြား လက်ကို စုံထိုးထည့်ကာ အကြီးအကျယ် စိတ်အိုက်တဲ့ပုံပြတယ်။ သူ့ရဲ့ သက်ပြင်းချလိုက်သံဟာ ကျွန်မနားထဲ အကျယ်ကြီး ကြားလိုက်ရရုံမက ဟူးခနဲ မှုတ်ထုတ်လိုက်တဲ့ လေငွေ့တွေတောင် ကျွန်မ မျက်နှာပြင်ကို လာရိုက်ခတ်တယ်လို့ ခံစားလိုက်ရတယ်။

ကျွန်မ ကြည့်နေတုန်းမှာပဲ ရွှေရောင်ဆံပင်နဲ့ လူက ဇေလီရှဗက်ရဲ့ လက်တစ်ဖက်ကို ပိုင်စိုးပိုင်နင်း ဆုပ်ကိုင်လိုက်ပြီး ရုတ်တရက်ကြီး ပြေးထွက်သွားတယ်။ ကျွန်မလည်း ဘုမသိဘမသိနဲ့ ပြေး



www.burmeseclassic.com

www.burmeseclassic.com

လိုက်သွားတယ်။ မျက်စိတစ်မှိတ်အတွင်းမှာပဲ အံ့သြဖွယ် ဆန်းပြားခမ်းနားတဲ့ မြို့တော်တစ်ခုဆီ ရောက်သွားတယ်။

အလိုလေးလေး၊ ရေခဲမုန့်ကမ္ဘာ။ လူတွေဟာ ဘယ်သူ့ကိုကြည့်လိုက်ကြည့်လိုက် တစ်ရောင်ထက်ပိုတဲ့ ဆေးရောင်တွေနဲ့ တောက်ပလက်ဖြာနေကြတယ်။ လူတစ်ယောက်မှာ အနည်းဆုံး ဆေးရောင် ငါးမျိုးထက် ပိုရှိနေတာ တွေ့ရတယ်။ လူတိုင်းဟာ အရောင်တစ်ခုထက် ပိုတဲ့ ရေခဲမုန့်တွေ ကိုင်လျှက်သား စားရင်းစားရင်းနဲ့ သွားလာလှုပ်ရှားနေကြတယ်။ ရေခဲမုန့်ကို အရင့်အရင်တုန်းကလို တကူးတက ရှာဖွေစားနေဖို့ မလိုတော့ဘူး။ ခိုးကြောင်ခိုးဝှက် သိမ်းဆည်းစားနေဖို့လည်း မလိုတော့ဘူး။ လမ်းမတွေပေါ်မှာလည်း ရေခဲမုန့်တွေနဲ့ ဆောက်ထားတဲ့ ရေခဲမုန့်အရောင်းဆိုင်တွေ တင်းကျမ်းပြည့်လို့။ လူတွေဟာ သူတစ်ပါးလက်ထဲက ရေခဲမုန့်ကို မျက်လုံးစွေကြည့်ဖို့တောင် သတိမရအားတော့ဘူး။ ကိုယ့်လက်ထဲက ရေခဲမုန့်မှာပဲ အာရုံအပြည့်စိုက်လို့ မြိန်မြိန်ရှက်ရှက်ကြီးနဲ့ ရွှင်ရွှင်မြူးမြူးကြီး စားနေကြတယ်။

ခရေဇီကာလာလို့ ပြောနိုင်တဲ့ ဆန်းပြားတောက်ပတဲ့ အရောင်နဲ့ ဂျင်းဘောင်းဘီဝတ် လူငယ်တချို့ဟာ အချင်းချင်း ရေခဲမုန့်တွေ လဲလှယ်စားနေကြတယ်။ ဒီနေရာမှာ သူ့ရေခဲမုန့်က အရောင်စုံတယ်၊ ငါ့ရေခဲမုန့်က အရသာပိုချိုတယ် စသဖြင့် သာတယ် နာတယ် မတွက်ဆကြဘဲ ပျော်ပျော်ကြီး လဲလှယ်စားသုံးနေကြတာ ကျွန်မ မြင်နေရတယ်။

ရွှေရောင်ဆံပင်နဲ့ လူက ဇေလီရှဗက်ကို အနားနားကပ်ပြောလိုက်တယ်။

တကယ်ဆို ကျွန်မနဲ့ အတော်လှမ်းတဲ့ဟာ။ ဒါပေမဲ့ ကျွန်မနားထဲ အကျယ်ကြီး ကြားလိုက်တယ်။

"ကိုယ်သွားတော့မယ်"တဲ့။

"No.... ဟင့်အင်း ဟင့်အင်း ရှင်မသွားရဘူး၊ ဇေလီရှဗက် သူ့ကို တားထား၊ မင်း ရေခဲမုန့်ပဲ မက်မနေနဲ့၊ သူ့လက်နဲ့ ထိမိသမျှအရာတိုင်း အနုပညာအပျံစား ဒါမှမဟုတ် ရေခဲမုန့်အကောင်းစားတွေ ဖြစ်ဖြစ်လာမယ့်သူ၊ ငါတို့ဘဝမှာ သူရှိမှဖြစ်မှာ၊ သူ့ကို အဆုံးရှုံးမခံနဲ့။ အခု ငါတို့ အိမ်ပြန်ကြရအောင်၊ ရေခဲမုန့်မရှိတဲ့မြို့ကိုပဲ ပြန်ကြရအောင်၊ သူ့ကိုပါ ခေါ်လိုက်ပါ၊ တို့အတူ ပြန်ကြမယ်၊ အမြန်လုပ်"

အသံကုန်ဟစ်ပြီး ကျွန်မ ပြောနေတာကို ဇေလီရှဗက် မကြားဘူး။ လမ်းဘေးဝဲယာ ရေခဲမုန့်တွေနဲ့ ခင်းကျင်းထားတဲ့ လမ်းမကြီးတစ်လျှောက် ပျော်ပျော်ကြီး တိုးဝင်လျှောက်သွားတယ်။ ကျွန်မဟာ ဇေလီရှဗက်နောက်လိုက်ဆွဲခေါ်ရကောင်းနိုး၊ ရွှေရောင်ဆံပင်နဲ့လူကို ဆွဲခေါ်ပြီး လာလမ်းအတိုင်း ရေခဲမုန့်မရှိတဲ့မြို့ကို ပြန်ရကောင်းနိုးနဲ့ ချီတုံချတုံဖြစ်နေတယ်။ ကျွန်မ သိနေတာက ဇေလီရှဗက်မပါဘဲနဲ့၊ ရွှေရောင်ဆံပင်နဲ့ လူလည်း မပါဘဲနဲ့တော့ ကျွန်မတစ်ယောက်တည်း ရေခဲမုန့်မရှိတဲ့မြို့ကို ပြန်လို့မရဘူးဆိုတာပါပဲ။

ကျွန်မ ရပ်ကြည့်နေဆဲမှာပဲ ရွှေရောင်ဆံပင်နဲ့ လူဟာ တဖြည်းဖြည်း ပုံပျက်လာတယ်။ ပထမဆုံး ရွှေရောင်ဆံပင်တွေဆီကနေ ရွှေရောင်အရည်တွေ ပခုံးပေါ်၊ ကိုယ်ထည်ပေါ် စီးထွေကျလာတယ်။ ဆံပင်တွေလျှော့နည်းသွားတယ်။ အရည်ပျော်ကျကုန်တာ။ နောက် သူ့မျက်နှာ၊ သူ့ပခုံး၊ သူ့လက်ချောင်းတွေ၊ သူ့ခန္ဓာ...အို...သူကိုယ်တိုင်ဟာ ရေခဲမုန့်ကြီးတစ်ခုလို အရည်ပျော်စီးကျလာတာကို ကျွန်မ သွေးပျက်ချောက်ချားဖွယ် တွေ့လိုက်ရတယ်။ လူပုံစံ ရေခဲမုန့်အကြီးစားကြီး တစ်ခု အရည်ပျော်ကျသွားသလို မျက်စိရှေ့ တွေ့မြင်နေရပေမဲ့ ဒီ့အရင်အချိန်တွေမှာ တကယ်တော့ သူဟာ လူတစ်ယောက်ပါ။ ဇေလီရှဗက်ကို သူ လူတစ်ယောက်လို စကားပြောတယ်၊ ကိုင်တွယ်တယ်။ ဘာမဆို လူတစ်ယောက်လို သူ ပြုမူလှုပ်ရှားခဲ့တာပဲ။ ဘာကြောင့် ဒီလို အရည်ပျော်ကျသွားရတယ်ဆိုတဲ့ အကြောင်းရင်းကို ကျွန်မ မသိတော့ဘူး။

ကျွန်မရင်ထဲမှာ ဝမ်းနည်းပက်လက်ဖြစ်သွားတယ်။ တကယ်တော့ ဇေလီရှဗက်ရဲ့ မရိုးမရွှင်းပြုမူသမျှဒဏ်တွေကို သူ လည်စင်းခံပေးသွားရတာပဲလို့ ကျွန်မ နားလည်လိုက်တယ်။ ကျွန်မ နားမလည်တာက ဇေလီရှဗက်ဟာ ကျွန်မနဲ့ အင်မတန် ဆင်တူနေပေမဲ့ ရေခဲမုန့်နဲ့ ပတ်သက်တဲ့အခါ လုံးဝ ကွဲပြားခြားနားသွားခဲ့တယ်။ ဇေလီရှဗက်က ရေခဲမုန့်ကမ္ဘာမှာ ပျော်ဝင်ချင်သူဖြစ်ပြီး ကျွန်မကတော့ ရေခဲမုန့်မရှိတဲ့မြို့ကို ပြန်သွားချင်သူ ဖြစ်နေတာပါပဲ။

ရွှေရောင်ဆံပင်နဲ့လူ အရည်ပျော်ကျသွားတဲ့နေရာမှာ ကျွန်မ ဒူးထောက်ထိုင်ချရင်း သည်းထန်စွာ ငိုကြွေးမိချိန်မှာ ကျွန်မရဲ့ ဒူးအစုံရှေ့ ဂရောက်ဂရောက်နဲ့ လိမ့်ကျလာတဲ့ လက်စွပ်လေးတစ်ကွင်းကို ကျွန်မ မြင်တယ်။ ကျွန်မ ကောက်ယူလိုက်တယ်။ အရိုးခေါင်းပုံ ငွေလက်စွပ်လေး၊ ကျွန်မလက်ခလယ်မှာ စွပ်ထားတဲ့ လက်စွပ်လေးနဲ့ တစ်ထပ်တည်းပဲ။ ဒီလက်စွပ်လေးဟာ ရွှေရောင်ဆံပင်နဲ့လူ့ဆီမှာလည်း ရှိတယ်၊ ကျွန်မဆီမှာလည်း ရှိတယ်၊ ဇေလီရှဗက်မှာလည်း ရှိတယ်။ ဘာတွေလဲ။ လက်စွပ်လေးကို ကျွန်မလက်ဖဝါးပေါ် တင်ကြည့်လိုက်တဲ့အခါ ဘုရားသခင်... ကျွန်မလက်ဖဝါးပေါ်မှာ ရေခဲမုန့်တစ်ခု ရောက်လာပါလား၊ လက်စွပ်လေးက ဘယ်ရောက်သွားလဲ။ လန့်ဖျပ်စိုးထိတ်လွန်းစွာနဲ့ ကျွန်မလက်တွေကို ခါယမ်းပြီး အဲဒီရေခဲမုန့်ကို မုန်းတီးစွာ လွှတ်ချလိုက်ကာ လာလမ်းအတိုင်း အပြေးပြန်လာခဲ့တယ်။

ရေခဲမုန့်မရှိတဲ့မြို့ဆီ။

*ရေခဲမုန့် မကြိုက်သူများ ရေခဲမုန့်မရှိတဲ့မြို့မှာ ထာဝရ နေခွင့်ရပါစေ၊ ရေခဲမုန့် ကြိုက်သူများ ရေခဲမုန့်ကမ္ဘာမှာ ပျော်ပါစေ။* ■

**စုမီအောင်**



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# ရှင့်အိမ်လေး

## ကြယ်မြည်သံ

ဇာတ်လမ်းကို အဆုံး
သတ်သင့်ပြီ မဟုတ်လား။
ရှေ့ဆက်မရတော့သည့်
ဇာတ်လမ်းတစ်ပုဒ်ကို
သူရပ်တန့်ခဲ့တာ
ကြာပြီပဲလေ။
ပိတ်လှောင်နေသည့်
အခန်းထဲကနေ အပြင်ကို
ချောင်းကြည့်ဖို့
ပြတင်းပေါက်ကြီးကြီး
မလိုပါ။
လှောင်ပိတ်နေသည့်
ခံစားချက်ကနေ
လွတ်မြောက်ဖို့ဆိုလျှင်တော့
ဒီအခန်းထဲက ခေတ္တခဏ
ထွက်သွားဖို့ လိုတယ်
မဟုတ်လား။ အတွေးနှင့်
အတူ ညနေစောင်းတုန်းက
နေစူး၍ စေ့ထားသည့်
ပြတင်းပေါက်ကို
တွန်းဖွင့်လိုက်သည်။
သုတ်ခနဲဝင်လာသည့်
လေအေးနှင့်အတူ ပြတင်း
တစ်ချပ်က ပြန်ပိတ်လာ
သဖြင့် လက်နှင့်တွန်း
ထုတ်လိုက်ရသည်။
ပြန်ပွင့်သွားသည့်
ပြတင်းတံခါးနှင့်အတူ
အပြင်မှာ မြည်နေသည့်
ပိုးကောင်မွှားကောင်တို့၏
အသံကို သတိပြုမိတော့
သည်။ ခပ်လှမ်းလှမ်းမှ
ကျွစ်... ကျွစ်... ကျွစ်...
ကျွစ်နှင့် မြည်နေသော
အသံကို ဟိုးကလေး
ဘဝတုန်းက
ကြယ်မြည်သံဟု
မည်သူမျှ မပြောဘဲနှင့်
ထင်မြင်ခဲ့ဖူးသည်။
ကြယ်တွေ အသံမြည်
တတ်ပါသလား။
အသံမမြည်တတ်ဟု
ဆိုလျှင် ဝေးလွန်း၍
မကြားခြင်းသာ ဖြစ်မည်ဟု
စောဒကတက်လိုပါသည်။
တကယ်တော့ သူသည်
ကြယ်မြည်သံကို
မကြားဖူးပါ။ ကလေး
ဘဝတုန်းကတော့
ကြယ်မြည်သံဟု
ထင်သည့် အသံကို



www.burmeseclassic.com

www.burmeseclassic.com

ကြားမိခဲ့ခြင်းသာ ဖြစ်သည်။ ကြယ်မြည်သံကို ကြားနိုင်ရန်အတွက် ပကတိနားကောင်းဖို့မလိုပါ။ ခံစားနိုင်သည့်၊ ခံစားတတ်သည့် နှလုံးသားရှိဖို့သာ လိုပါသည်။

ယခုအခါတွင် ပိတ်လှောင်နေသည့် အခန်းထဲမှ စိတ်အိုက်မွန်းကျပ်မှုများကို ပြတင်းတံခါးတစ်ချပ် ဖွင့်ရုံနှင့် လွတ်မြောက်ခဲ့ပြီ ဖြစ်သည်။ သို့သော်…။

❑

*'ဘယ်လောက်အထိ ချစ်နိုင်သလဲ မင်းသိသင့်တယ်။ ဘယ်သူ့ကြောင့် ရူးတာလဲ ဆင်ခြင်ပါကွယ်။ ရွှေဘုံနန်းစည်းစိမ်တွေ မရှိဘူး ကိုယ့်မှာ။ ဒီခြေနဲ့လက်တစ်စုံပဲ အားကိုးပြီးကွာ လိုက်နိုင်မလား'*

ရုတ်တရက် မြည်လာသည့် ဖုန်းသံကြောင့် တစ်ဦးတစ်ယောက်ထံမှ ဖုန်းထင်မိလိုက်သော်လည်း မဟုတ်နိုင်မှန်းသိ၍ သီချင်းသံကို နားထောင်နေလိုက်သည်။ ဖုန်းစကရင်ကိုကြည့်လိုက်တော့ လှဲ့ထံမှ ဖုန်း ဖြစ်နေသည်။ ပြီးမှ ကောက်ကိုင်လိုက်ရင်း-

'ဟယ်လို'

'ဟင်… ဖုန်းထူးသံကြီးကလည်း၊ ကို ဘယ်သူနဲ့ ကျူနေတာလဲ'

'ဘာတွေရစ်နေတာလဲကွာ၊ ရေချိုးခန်းဝင်နေလို့။ ခု အဝတ်အစားတောင် မလဲရသေးဘူး'

'သိပါဘူး၊ ချက်ချင်း မကိုင်တော့ တစ်ယောက်ယောက်နဲ့ ချက်(Chat)နေတာလားလို့'

'မင်း ကိုယ့်ကို ဘယ်အချိန်ထိ သံသယဝင်နေဦးမှာလဲ လှဲ့၊ ဘယ်အချိန်အထိ စော်ကားနေဦးမှာလဲ ဟင်'

'ဆောရီး ကိုကို၊ လှဲ့အဲလို မရည်ရွယ်ပါဘူး။ ဒီနေ့ ကိုကိုဖုန်းမခေါ်သေးတာရယ်၊ ပြန်လာရင် သမီးလေး မှာလိုက်တာလည်း မေ့နေမှာစိုးလို့ သတိပေးရင်း အဟင်း… လှဲ့လည်း ကိုကို့ကို သတိရလို့'

လှဲ့က ဟိုတုန်းကလို ကိုကိုဟုဆိုကာ ပျာပျာသလဲ

jrnáeonh
zkefukd
t "ylkJ fbh
pkdUunfaech
&onfuvnf
&ifhS
emusifygonf
EIwfS
zGhtefd
aomfvnf
&ifhS
jrnf[ nfcbonfh
ar;cGefuawmh
wpfckwnfom
jzpfonf
]b0rfS
tcpf[ m
tBudrfudf
oDGfvwfyg
ovm;}

ဖြေရှင်းတော့ သူ့ရင်မှာ အနည်းငယ်ကျေနပ်သွားသလိုတော့ ရှိသည်။ ဟိုတုန်းက သူခရီးထွက်လျှင် ကားရပ်နားတိုင်း လှဲ့ထံသို့ ဖုန်းဆက်သည်။ နောက်တော့ တစ်နေ့နှစ်ကြိမ်ခန့်တော့ အနည်းဆုံးဖုန်းဆက်သည်။ ခုနောက်ပိုင်းတော့ သူ့ထံသို့ ဖုန်းစ,ဆက်သူမှာ လှဲ့ဖြစ်နေတတ်သည်။ ဒီနေ့ သူ လှဲ့ထံသို့ ဖုန်းမခေါ်ရသေးတာ သတိရသွားသည်။

'အေးပါကွာ၊ မမေ့ပါဘူး။ လှဲ့အတွက်ရော ဘာဝယ်ခဲ့ရမလဲ။ ဒီမှာ ဒူးရင်းသီးတွေ အရမ်းမိုက်တယ်နော…'

'အဲဒါဆို လှဲ့အတွက် ဒူးရင်းသီးဝယ်ခဲ့၊ ကိုလည်း သူများတွေနဲ့ Chat မနေနဲ့နော်'

ဒီတစ်ခါတော့ လှဲ့ကို သူ မအော်ဖြစ်တော့။ လှဲ့အသံက ပျော့ပျော့ပျောင်းပျောင်းနှင့် တောင်းပန်ဟန်ပေါက်နေသောကြောင့် ဖြစ်သည်။ နောက်ပြီး လူမှုကွန်ရက်ကို သူ မသုံးတော့သည်မှာ ကြာပြီ မဟုတ်လား။

'အေးပါကွာ၊ အဲဒါတွေက ပြီးသွားခဲ့ပါပြီ။ ဒါပဲနော်၊ ခဏနေ ဘော့စ်နဲ့ ဒင်နာသွားရတော့မှာမို့'

လှဲ့ ဖုန်းချသွားပြီဆိုတော့မှ သူ့ဖုန်းကို ခုတင်ဘေးစားပွဲငယ်လေးပေါ်သို့ တင်လိုက်သည်။ ထို့နောက် အဲကွန်းရီမုဒ်ကိုယူကာ အဲကွန်းကို အမြင့်ဆုံးသို့ မြှင့်လိုက်သည်။ ဒင်နာသွားရန် အချိန်လိုသေးသဖြင့် သူ အိပ်ရာပေါ်သို့ လှဲလိုက်သည်။ မျက်လုံးတွေက မိုတ်ကာ

အစာဝ,နေသည့် မြွေတစ်ကောင်လို ငြိမ်သက်ထားလိုက်သည်။ ပထမဆုံး အာရုံတွင် ပေါ်လာသည်က 'မ'။ သူ၏ 'မ' ဖြစ်နေသည်။ နောက် သမီးလေး၏မျက်နှာ။ လှဲ့၏ ပုံရိပ်။ ခန္ဓာကိုယ်က ငြိမ်သက်နေသော်လည်း စိတ်အစဉ်က အတွေးနှင့်အတူ လှိုင်းခတ်နေသည်။ အရာအားလုံး၏ အပြစ်သည် သူ့ကြောင့်ပင် မဟုတ်ပါလား။

❑

တကယ်တော့ သူသည် သူဌေး၏ လူယုံဖြစ်သည်။ ဒရိုင်ဘာလည်း ဖြစ်သည်။ သူဌေး၏ PSO ထက်ပင် သူက သူဌေးနား နေခွင့်ရသူ၊ နေရသူဖြစ်သည်။ ကုမ္ပဏီ၏ စုပါဗိုက်ဇာနှင့် သူ့လစာ တူသည်ကို သိသည်။ လကုန်သွား၍ စာရင်းချုပ်ကြည့်မည်ဆိုလျှင်တော့ သူ့တစ်လဝင်ငွေကို မျက်စောင်းထိုးမည့်သူများပေလိမ့်မည်။ ထို့ကြောင့် ကုမ္ပဏီ၏ ရုံးလုပ်ငန်းပိုင်းတွင် မဝင်တော့ဘဲ သူဌေးသွားရာလိုက်ကာ စာရင်းအင်းများကို ဝိုင်းကူလုပ်ပေးသည်။ ကားမောင်းရသည့်အခါ မောင်းသည်။ သူ၏သူဌေးက ကိုယ်တိုင်မောင်းရသည်ကို နှစ်သက်သည်။ ခြွင်းချက်အနေဖြင့် သူမောင်းသည်ကိုလည်း စိတ်ချသည်။ သို့နှင့် သူဌေးလုပ်ငန်းကိစ္စခရီးသွားလျှင် သူပါသည်။ ကမ်းခြေသွားလျှင် သူပါသည်။ KTV သွားလျှင်…။ Massage သွားလျှင်…။ သူမပါသည်က ခပ်ရှားရှားဖြစ်သည်။ တစ်ခါတစ်ရံတော့ Body guard တာဝန်ကိုလည်း



www.burmeseclassic.com

www.burmeseclassic.com

ယူရသေးသည်။

သူခရီးသွားတိုင်း အိမ်မှာ ကျန်နေသည့် လဲ့ထံသို့ ဖုန်းခေါ်သည်။ နောက်တော့ သူနှင့် လဲ့ဘဝထဲသို့ သမီးလေး ရောက်လာသည်။ ထိုအခါ ခရီးသွားတိုင်း ဖုန်းပိုဆက်ဖြစ်သည်။ နောက်တော့ ရောက်သည့်နေရာ ထူးထူးဆန်းဆန်းရောက်တိုင်း ဖေ့စ်ဘွတ်ခ်တွင် တင်သည်။ လမ်းတွင် ကားပျက်လျှင်တောင် ကားပျက်ကြောင်း တင်သည်။ အိမ်မှာကျန်ရစ်နေသည့် လဲ့သိစေရန်၊ အပျင်းပြေစေရန်အတွက် ဖြစ်သည်။ ဖေ့စ်ဘွတ်ခ်ဆိုသည်က သိသည့်အတိုင်းပင်။ သူငယ်ချင်းများ၏ Like များ၊ Comment များကြောင့် သူဖေ့စ်ဘွတ်ခ် သုံးရသည်ကို ပျော်လာသည်။ နောက်တော့ သူ "မ"နှင့် ဆုံသည်။

သူတင်သည့် စာသားများ၊ ဓာတ်ပုံများအောက်တွင် ပေးလာသည့် "မ"၏ မှတ်ချက်လေးများကြောင့် "မ"ကို သတိထားမိသွားခြင်း ဖြစ်သည်။ နောက် "မ"၏ Wall ကို သွားကြည့်သည့်အခါ "မ"ကို မော်ဒယ်တစ်ယောက်ဖြစ်ကြောင်း သိသွားသည်။ ဟိုးတုန်းက မော်ဒယ်ဖြစ်သော်လည်း ယခုအခါတွင် "မ"က စားသောက်ဆိုင်တစ်ဆိုင်ကို ဦးစီးဖွင့်နေသူဖြစ်သည်။ ရိုးသားစွာ ပြောရမည်ဆိုလျှင် "မ"သည် သူ့ထက် အသက်ကြီးသော်လည်း ကောက်ကြောင်းလှသူ ဖြစ်သည်။ Chat Box မှနေ၍ "မ"စကားလာပြောသည့်အခါ သူလိုလိုလား

Mu, fawG jrnfaejcifonf emusif iBku; aejcifvnf jzpfonf oBM[ kwf wpfD wpfa, muf rvGwfajrmuf EkdIfIt wGif jrnfwrf nnfwG aejcifvnf jzpEkdygonf

လား ပြန်ပြောဖြစ်သည်။ နောက်တော့ ဆက်သွယ်ရေးကတ်တွေ ပေါများနေသည့် ခေတ်တွင် နေထိုင်သူပီပီ "မ"နှင့် ဖုန်းအဆက်အသွယ်ရှိလာသည်။ သို့နှင့်…။

❑

"မ"က သူအိမ်ထောင်ရှိသည်ကို သိသည်။ နောက်ပြီး "မ"က သူ့ထက် ငါးနှစ်ကြီးသည်။ သူက လဲ့ထက် ငါးနှစ် ကြီးသည်။ "မ"က သူ့ကို စတင်သဘောကျသူဖြစ်ပြီး သူက လဲ့ကို စတင် သဘောကျခဲ့သူဖြစ်သည်။ လဲ့၏ မိဘများ သဘောမတူသည့်တိုင် သူက လဲ့ကို သူ့နောက်သို့ အပါခေါ်နိုင်ခဲ့သူ ဖြစ်သည်။ ယခု "မ"က သူ့ကို အပါခေါ်ဖို့ ကြိုးစားနေသည်။ သူ၏ အလှနှင့်၊ သူ၏ ဓနနှင့် ဖြစ်သည်။ သူ တွေဝေလာသည်။ ဟုတ်ကဲ့ပြောနေရသည့်နေရာမှ ဟုတ်ကဲ့ အပြောခံရသည့် ဘဝကို နေချင်လာသည်။ ကိုယ်တိုင်မောင်းနေရသည့် ကားသည် ကိုယ့်ကားဖြစ်လိုလာသည်။ သုံးပွင့်ဆိုင်ဇာတ်လမ်းကို သပ်ရပ်သေသပ်စွာ သူက နေသော်လည်း အမှန်တရားသည် စောစီးစွာ ရောက်လာခဲ့လေသည်။ "မ"၏ ဇာတ်ကွက်ကြောင့် ဖြစ်သည်။ သူနှင့် Chat Box တွင် ပြောထားသည်များကို Screen Short ရိုက်ကာ လဲ့ထံသို့ ပို့လိုက်ခြင်းဖြစ်သည်။ လဲ့နှင့် သူ ပြဿနာအကြီးအကျယ်တက်သည်။ လဲ့ကို ဖုန်းဖြင့် နောက်ဆုတ်ပေးရန်နှင့် လျော်ကြေးကိစ္စများအကြောင်း စကားစ,လာသည့်အခါမှာတော့ လဲ့ အိမ်ပေါ်မှ ဆင်းသွားသည်။ သူလည်း စိတ်ရှုပ်ထွေးစွာ၊ ဝေခွဲရခက်စွာနှင့် အလုပ်မှခွင့်ယူကာ သူ့မိဘများရှိရာ မြို့သို့ ပြန်လာခဲ့သည်။ ထိုမြို့တွင် သူ၏ ရင်ဖွင့်ဖော် သူငယ်ချင်းတစ်ယောက်ရှိသည်။ သူ အခြေအနေအားလုံးကို ပြောပြလိုက်သည်။

"သူငယ်ချင်းရေ… ငါက သူငယ်ချင်းကောင်းတစ်ယောက် မဟုတ်ဘူး။ သူငယ်ချင်းဆိုတာ မကောင်းတာ၊ မသင့်တာလုပ်နေရင် တားမြစ်ရမှာမဟုတ်လား။ နောက်ဆုံး အမှန်းခံပြီးတော့ကို တားရပြောရမှာလေ။ ငါကတော့ ဒီလိုမဟုတ်ဘူး"

"အင်း… ဆိုစမ်းပါဦး"

သူတို့ထိုင်နေကြသည်က သူတို့မြို့ငယ်လေးရှိ စားသောက်ဆိုင်တစ်ခုတွင် ဖြစ်သည်။ ဘီယာခွက်တွင် သီးထ,နေသည့် ရေစက်လေးများကို ကြည့်ရင်း-

"ဒီလိုကွာ၊ ဆေးလိပ်မကောင်းဘူး၊ အရက်မကောင်းဘူးဆိုတာ ငါတို့သိတယ်။ ခု တို့ထိုင်နေတာ စားသောက်ဆိုင်ကွာ။ မကောင်းတာ မသိလို့ ထိုင်တာမှ မဟုတ်တာ။ ဟုတ်တယ် မဟုတ်လား။ စဉ်းစားသင့်တယ်ထင်တာလေးတွေကိုတော့ မင်းကို ပြောပြမယ်"

"မင်းတောင် တိုးတက်နေမှပဲ ပြော… ပြော"

"မင်းကို မှီခိုနေတဲ့ ဘဝနှစ်ခု ရှိတယ်။ မလဲ့ရယ်၊ သမီးလေးရယ်ပေါ့။ နောက်ထပ် ဘဝတစ်ခုကို မင်းဖန်တီးတော့မယ် ဆိုပါစို့။ နောက်တစ်ခုမှာလည်း ကလေးဆိုတာ ရောက်လာမှာပဲ။ ဘဝလေးတစ်ခုဖြစ်သွားပြီ။ ကလေးတစ်ယောက်က ဖခင်မဲ့သွားမယ်၊ တစ်ယောက်က သူ့ဖခင်ရဲ့ အချစ်ကို ဝေမျှခံစားရတယ်လို့ ထင်မယ်။ မင်းမိန်းမတစ်ယောက်ကို ဖက်အိပ်နေချိန်မှာကျန်တစ်ယောက်က ဒေါသနဲ့ အလူးလူး အလိမ့်လိမ့် ဖြစ်နေလိမ့်မယ်။ မင်းကလေးတစ်ယောက်ကို ထွေး



www.burmeseclassic.com

www.burmeseclassic.com

ပိုက်ထားချိန်မှာ ကျန်ကလေး တစ်ယောက်က ဖခင်ရှိလျက်နဲ့ ဝမ်းနည်းအားငယ်နေရလိမ့်မယ်"

ထိုရက်က သူ ညည့်နက်မှ အိမ်သို့ ပြန်ခဲ့လိုက်သည်။ မူးယစ်ရီဝေနေသော်လည်း သူ့သူငယ်ချင်း စကားသံကနားထဲတွင် ပဲ့တင်ထပ်နေသည်။ "မလုပ်သင့်တာကို လုပ်ရင် လူယုတ်၊ လုပ်သင့်တာကို မလုပ်ခဲ့ရင်လည်း လူယုတ်ပဲ" ဆိုသော စကား ဖြစ်သည်။ မြို့ကလေးမှ သူပြန်လာသည့်အခါမှာတော့ ဆုံးဖြတ်ချက်တို့ မကျသေးသည့်တိုင် ဇွတ်တိုးတော့မည့် သူ၏ အစီအစဉ်တို့ ဝေဝါးလာသည်။ သူ "မ"ထံသို့ ဖုန်းမဆက်တော့။ ဖုန်းမဆက်သည့်တိုင် ဝင်လာသည့် ဖုန်းတို့က ရှိသေးသည်။ တစ်ကြိမ်မှာတော့ သူရှောင်မနေတော့ဘဲ "မ"ကို ရှင်းရှင်းပြတ်ပြတ်ပင် ပြောလိုက်တော့သည်။ တစ်ဖက်မှ စွပ်စွဲလာမည့် လူယုတ်မာဆိုသောစကားကို မျှော်လင့်ထားသော်လည်း ငိုရှိုက်သံတို့သာ သူကြားခဲ့ရသည်။ ထို့နောက်မှာတော့ ဖုန်းခေါ်သံတို့ ကျဲပါးသွားသည်။ မြည်နေသည့် ဖုန်းကို အစိမ်းမြန်ပေး ... [see below]

ဖုန်းကို အစိပ္ပာယ်မဲ့ စိုက်ကြည့်နေခဲ့ရသည်ကလည်း ရင်မှာ နာကျင်ရပါသည်။ နှုတ်မှ ဖွင့်မအန်မိသော်လည်း ရင်မှာ မြည်ဟည်းခဲ့သည့် မေးခွန်းကတော့ တစ်ခုတည်းသာ ဖြစ်သည်။

"ဘဝမှာ အချစ်ဟာ အကြိမ်ကြိမ် သီးပွင့်တတ်ပါသလား"

❑

em&DwG
&moDwG
vnfywfeoa&G
udf*Pef
wpfkudwmh
wpfaeY
Epfudf
jzwfoefae0D
rSyjzpfonf
tb, fmumif
qdkonf
em&D
vufwHr,onf
]q, Epf
NyDonESh
]wpfuk
a&mufoGonf
r[ kvfvm,

ဇာတ်လမ်းကို အဆုံးသတ်ခဲ့ပြီ မဟုတ်လား။ ရှေ့ဆက်မရတော့တဲ့ ဇာတ်လမ်းတစ်ပုဒ်ကို သူရပ်တန့်ခဲ့တာကြာပြီပဲလေ။

ပိတ်လှောင်နေတဲ့ အခန်းထဲကနေ အပြင်ကို ချောင်းကြည့်ဖို့ ပြတင်းပေါက်ကြီးကြီး မလိုပါဘူး။ လှောင်ပိတ်နေတဲ့ ခံစားချက်ကနေ လွတ်မြောက်ဖို့ဆိုရင်တော့ ဒီအခန်းထဲက ခေတ္တခဏထွက်သွားဖို့ လိုတယ်မဟုတ်လား။ သူ့ဘဝတွင် အမိုက်မှောင်ကျခဲ့ဖူးသည်။ မိုက်မှားမှန်းသိနေသော်လည်း ခံစားမှုနောက်ကို လိုက်ကာမိုက်မဲဖို့ ကြိုးစားခဲ့ဖူးသည်။ မိုက်မှားဖို့ လွယ်သလောက်အမှားကို ပြင်ဖို့ခက်သည်ကို သိသည်။ သူ ရုန်းထွက်ရန်ခက်ခဲသည့် အမှားကို ရုန်းထွက်နိုင်ခဲ့ပါသည်။ ကတိကဝတ်များစွာနှင့် လှဲ့ကို သူ့မိဘထံမှ သူပြန်ယူနိုင်ခဲ့သည်။ သို့သော်…။

သူမှားခဲ့သည်က တစ်ကြိမ်တည်းသာ ဖြစ်သည်။ သို့သော် တခြားသူများ၏အတွေးတွင် အကြိမ်ကြိမ်မှားသည်။ အမှားထဲမှ သူရုန်းနိုင်ခဲ့သော်လည်း အခြားသူများ၏ အတွေးတိမ်တိမ်လေးထဲမှာတော့ သူ အကြိမ်ကြိမ်နစ်ခဲ့သည်။ နစ်ခဲ့ရသည်။ နစ်နေဆဲဖြစ်သည်။ အတွေးနှင့်အတူ မွန်းကျပ်လာသည်။ ညနေစောင်းတုန်းက နေစူး၍စေ့ထားသည့် ပြတင်းပေါက်ကို အားစိုက်တွန်းဖွင့်လိုက်သည်။ သုတ်ခနဲဝင်လာသည့် လေအေးနှင့်အတူ ပြတင်းတစ်ချပ်က ပြန်ပိတ်လာသဖြင့် လက်နှင့် တွန်းထုတ်လိုက်ရသည်။ ပြန်ပွင့်သွားသည့် ပြတင်းတံခါးနှင့်အတူ အပြင်မှာ မြည်နေသည့် ပိုးကောင်မွှားကောင်တို့၏ အသံကို သတိပြုမိတော့သည်။ ခပ်လှမ်းလှမ်းမှ ကျစ်… ကျစ်… ကျစ်… ကျစ်နှင့် မြည်နေသော အသံကို ဟိုးကလေးဘဝတုန်းက ကြယ်မြည်သံဟု မည်သူမျှ မပြောဘဲနှင့် ထင်မြင်ခဲ့ဖူးသည်။

ကြယ်တွေ အသံမြည်တတ်ပါသလား။ အသံမမြည်တတ်ဟုဆိုလျှင် ဝေးလွန်း၍ မကြားခြင်းသာ ဖြစ်မည်ဟု စောဒကတက်လိုပါသည်။ တကယ်တော့ သူသည် ကြယ်မြည်သံကို မကြားဖူးပါ။ ကလေးဘဝတုန်းကတော့ ကြယ်မြည်သံဟု ထင်သည့်အသံကို ကြားမိခဲ့ခြင်းသာ ဖြစ်သည်။ ကြယ်မြည်သံကို ကြားနိုင်ရန်အတွက် ပကတိနားကောင်းဖို့ မလိုပါ။ ခံစားနိုင်သည့်၊ ခံစားတတ်သည့် နှလုံးသားရှိဖို့သာ လိုပါသည်။

ကြယ်တွေ မြည်နေခြင်းသည် နာကျင်၍ ငိုကြွေးနေခြင်းလည်း ဖြစ်သည်။ သို့မဟုတ် တစ်ဦးတစ်ယောက်၏ မလွတ်မြောက်နိုင်မှုအတွက် မြည်တမ်းညည်းတွားနေခြင်းလည်း ဖြစ်နိုင်ပါသည်။

ယခုအခါတွင် ပိတ်လှောင်နေသည့် အခန်းထဲတွင် စိတ်အိုက်မွန်းကျပ်မှုများကို ပြတင်းတံခါးတစ်ချပ်ဖွင့်ရုံနှင့် လွတ်မြောက်ခဲ့ပြီ ဖြစ်သည်။ သို့သော် အတိတ်မှ စိတ်အိုက်မွန်းကျပ်စရာကိစ္စများမှ သူမလွတ်မြောက်နိုင်သေးသည်မှာ သေချာသည်။ နာရီတွေ၊ ရာသီတွေ လည်ပတ်နေသရွေ့ ကိန်းဂဏန်းတစ်ခုကိုတော့ တစ်နေ့ နှစ်ကြိမ် ဖြတ်သန်းနေဦးမှာပဲ ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် နာရီလက်တံများသည် "တစ်ဆယ့်နှစ်"ပြီးသည်နှင့် "တစ်"ကို ရောက်သွားသည် မဟုတ်လား။

အပြင်တွင် ကြယ်တွေ မြည်နေပြီ ဖြစ်သည်။ ■

**ရှင်ညီလေး**



www.burmeseclassic.com

www.burmeseclassic.com

စာမျက်နှာ(၁၄၁)သို့...

တစ်ယောက် ဘန်ကောက်လာသည်ဟု ကြားမိတိုင်း အလိုလိုနေလျက်က အပြောအဆို အနေအထိုင် ဆင်ခြင်ထားရသည်။ မွေးရပ်ဇာတိမြေ ကျင်လည်ရာ အသိုင်းအဝိုင်းမှ ဘယ်သူမှ မသိသေးသော ကျွန်တော့်ဘဝ၏ မဟာလျှို့ဝှက်ချက်ပေါက်ကြားသွားမည်ကို သေမတတ် ကြောက်ခဲ့ရပြီ။

အရာရာတွင် နိမ့်ကျခဲ့ရသော ဘဝတွင် အမေ့အားပို၍ ဂုဏ်မငယ်စေချင်။ လူတမ်းမစေ့နိုင်သော နေ့ရက်တွေကို ကျွန်တော် ပြန်သတိမရချင်။ ရှိစုမဲ့စု လက်ထဲမှာ ငွေတစ်သောင်းပြည့်အောင်ပင် မထားနိုင်သော ဘဝကို ကျွန်တော် မလိုချင်။ ငွေမရှိလျှင် ဘယ်သူမျှ အဖက်မလုပ်သော ဝန်းကျင်များကို ကျွန်တော် မုန်းလှသည်။

Centara Grand Hotel ကို ရောက်တော့ ည ၉ နာရီ။ Hotel အပေါ်မှ ဆီးမြင်နေရသော ဘန်ကောက်မြို့၏ အလှသည် ရင်သပ်ရှုမောစရာ ရောင်စုံမီးလွင်ပြင်ကြီးတစ်ခုပင်။ လောကဝန်းကျင်တစ်ခုကို အပေါ်စီး အမြင့်တစ်နေရာက ငုံ့ကြည့်နေရသော အရသာကို အလွန် နှစ်သက်ခဲ့သည်။ ထိုတဒင်္ဂတွင် အရာရာအတွက် အမြဲနိမ့်ကျခေါင်းငုံ့ခဲ့ရသော နေ့ရက်များကို မေ့ပျောက်ထားနိုင်ပါသည်။

လက်တွေ့တွင် မက်ဆေ့ချ်ပို့၍ထားသော အခန်းနံပါတ် 508 ကို ခြေလမ်းများ ဦးတည်ရပြန်သည်။ နိုင်ငံခြားဧည့်သည်ဟု ဆိုထားသော ကြောင့် အနည်းငယ်တော့ လှုပ်ရှားစိတ်ဝင်မိသည်။ ပြည်ပဧည့်သည်ဆိုလျှင် အများဆုံး ကြုံဖူးသည်က ထိုင်ဝမ်၊ ဟောင်ကောင်မှ တရုတ် အများစုပင်။

စိတ်ကို ချုပ်ထိန်းလျက် အသက်ကို တရှိုက်မက်မက် ရှူကာ အခန်းဝမှ လူခေါ်ခလုတ်ကို နှိပ်ချလိုက်မိသည်။ ဘယ်လိုမျက်နှာများနှင့် ရင်ဆိုင်ရလေမလဲ။ ပိန်ပိန်ရှည်ရှည်ဖြစ်နိုင်သလို ပုပုဝိုင်းဝိုင်းလည်း ဖြစ်နိုင်၏။ ကံကောင်းလျှင်တော့ အချိုးအစား ကျစ်လျစ်ပြေပြစ်သော သူမျိုးလည်း ဖြစ်နိုင်ပါသည်။ စာနာတတ်၍ စေတနာပိုတတ်သူ၊ တဏှာပို၍ မာယာများတတ်သူများ၊ တချို့က တန်ရာတန်ကြေးဟူသော ခေါင်းစီးအောက်မှ အစိမ်းရောင် မျက်လုံးပေါင်းများစွာ။ ဆန္ဒနှင့် အသပြာ ဖလှယ်သော ကာမတလင်းဟုသာ ဆိုရလျှင် မငြင်းနိုင်ပါ။

နှိပ်နေသော ခလုတ်မှ ရုတ်တရက် စိမ်းသွားပြီး ဖျတ်ခနဲ တံခါးပွင့်သွားချိန်မှာတော့ ဘယ်တုန်းကမှ ထင်မှတ်မထားခဲ့သော မျက်နှာတစ်ခု ပေါ်လာခဲ့၏။ တစ်ကိုယ်လုံး ပူထူသွားပြီး ခေါင်းထဲ၌ သွေးများ တဒိန်းဒိန်း ဆောင့်တိုးလျက်ရှိသည်။ ရပ်ထားသည့် ခြေအစုံကို နောက်သို့ ယောင်ယမ်းကာ ဆုတ်လိုက်မိသည်။ လက်ဝါးနှစ်ဖက်မှာ နှုတ်ခမ်းများကို ဖိအုပ်လျက်။ တစ်ဖက်လူမှာတော့ ကျွန်တော့်ကို မြင်သည်နှင့် ကြက်သေသေသလို တောင့်ခနဲဖြစ်သွားကာ အံ့ဩတကြီးငေးနေလျက်သာ။ ကျွန်တော့်ထံ ဦးတည် ချိန်ရွယ်လာသော လက်ညှိုး တစ်ချောင်း၏ နောက်မှာတော့-

"ခင်ဗျား"

မနေ့က ဓာတ်ပုံထဲက လူ၊ သူရဆိုသူ။ ဘယ်လိုဖြစ်တာလဲ၊ ဘာလုပ်ရမလဲ။ ခြေလှမ်းများကို နောက်တစ်လှမ်း ပြန်ဆုတ်မိတော့ မှန်နံရံတစ်ခုနှင့် ကျောကပ်သွားမိသည်။ ဆုပ်မိထားသော လက်ထဲတွင် ချွေးများ စေးကပ်လျက်။ ပကတိအခြေအနေတစ်ခုကို နားမလည်နိုင်စွာဖြင့် ခေါင်းကို သွက်သွက်ခါနေအောင် ယမ်းထုတ်ပစ်လိုက်သည်။ သွားပြီ၊ အားလုံး ပျက်စီးသွားခဲ့ပြီ။ အဖတ်ဆယ်မရသော သိက္ခာတွေ အတ္တမြစ်ထဲမှာ နစ်မြုပ်သွားခဲ့ပြီ။ ရင်ဘတ်တစ်ခုလုံး၊ ဘဝတစ်ခုလုံး။

နိုင်ငံခြားသား Customer ၏ ဓာတ်ပုံကို အစကတည်းက ငါ ဘာကြောင့် မကြည့်မိခဲ့တာလဲ။ ဘာကြောင့် ထိုသူက ဝတ်ရည့် သူငယ်ချင်း သူရ ဖြစ်သွားရတာလဲ။ သူက ဘာဖြစ်လို့ ဒီရောက်နေရတာလဲ။ ထိုသူကရော ကျွန်တော်မှန်း သိလျက်နှင့် Booking လုပ်ခဲ့တာ မဖြစ်နိုင်။ မသိ၍ ပဲလား။ သိ၍များလား။

ဆက်တွေးမရတော့လောက်အောင် ရှုပ်ထွေးသွားသော ဦးခေါင်းကို အဆမတန် ကြီးလာသည်ထင်၍ အခါခါ ယောင်ယမ်းစမ်းမိသည်။ ကျစ်ကျစ်ပါအောင် ဆုပ်လိုက်မိသည့် လက်တစ်စုံအား နံရံသို့ အရှိန်ဖြင့် ထိုးစိုက်လျက် ကျယ်လောင်စွာ အော်ဟစ်မိသည်။ သေချာတာတစ်ခုက ရွေးချယ်ခံ ဘဝတွေမှာ ဘယ်တော့မှ ရွေးချယ်ပိုင်ခွင့် ရှိမနေခဲ့ခြင်းပင်။

လောကကြီးမှ ရွေးချယ်၍ "က"ရသော ဘဝတွင် ဇာတ်ခုံသည် ကြမ္မာဖြစ်၏။ အထူးသဖြင့် ကျွန်တော်၏ အမှောင်ညသည်လည်း ကြမ္မာဖြစ်မည်။ ထို့ကြောင့် ညတွေကို ကျွန်တော် မုန်းသည်။ ညပေါင်းများစွာထဲမှ ထိုအမှောင်ညသည်က အခါးသီးဆုံး ဖြစ်လေသည်။

တကယ်တော့ ကျွန်တော်သည် ထိုအမှောင်ကမ္ဘာ ညဥ့်နက်ထဲမှ အလင်းရောင်အား လိုက်ရှာနေသူသာ ဖြစ်သည်။ အလုံးစုံသော ဘဝများအတွက် လမ်းပြနိုင်ဖို့၊ မိမိအတွက် ကိုးစားနိုင်မည့် အလင်းတစ်စအား မျှော်လင့်ခဲ့သည်။ ဖွေရှာခဲ့သည်။ အလင်းနှင့် ဆင်တူသော ပုံရိပ်ယောင်များကို မလိုလားခဲ့။ အလင်းပေးမည်ဟု ကြွေးကြော်ခဲ့သော အစိမ်းရောင် ပိုးစုန်းကြူးများ ကြီးစိုးခဲ့သည့်နောက်မှာတော့ အမှောင်ကမ္ဘာသည် ပို၍သာ ပိန်းပိတ်အောင် မိုက်မှောင်လာခဲ့သည်။ နာရီတွေ လည်နေသော်လည်း အလင်းတွေ ဘယ်ဆီမသိ။ ရောင်စဥ်တွေ ဘယ်မှာမသိ။ မှသားများနှင့်သာ အတ္တိ။

ပိုးစုန်းကြူးရေ... ဒီအမှောင်ကမ္ဘာထဲမှာ အခုချိန်ထိအောင် ပျံဝဲနေရတာ မင်းပျော်ရဲ့လား။ ■

**မြင့်မိုရ်ကျော်လင်း၊မိုးမိတ်၊**




www.burmeseclassic.com

www.burmeseclassic.com

ကိုယ်ကတော့ ရိုးရိုးလေးတွေးပြီး ရိုးရိုးလေး ရေးလိုက်တာပဲ။ ဒါပေမဲ့ နေရာတိုင်းမှာ ပြာလဲ့ကို ဓာချဲ့တတ်သူတွေ ရှိနေတော့ ပြောစရာတွေ ဖြစ်ကုန်တာပေါ့။ သူတို့က ချစ်တီးခေါင်းသန်းရှာပြီး အတွေးတွင်းကို ခပ်နက်နက် တူးချင်ကြတယ်လေ။ ပြီးတော့ သူတို့အထင်တွေကို ဝမ်းထဲမှာပဲ ထားတယ်ဆိုလည်း တော်သေးရဲ့။ အခုကျ အဲဒီလို မဟုတ်ဘူး။ လူစည်စည်မှာ ကွမ်းထုပ်ဖြေသလို လုပ်ကြသေးတာကလား။ ဘယ်သူတွေ ရှိရဦးမှာလဲ။ ကျုပ်ဆီမှာ လာပြီး ဗေဒင်မေးကြသူတွေထဲက တချို့ပေါ့။ ဟောခန်းကပြန်ပြီး နေ့တောင်မကူးဘူးထင်ပါ့။ သူတို့ထင်ထားတာနဲ့ တက်တက်စင်အောင် လွဲနေတဲ့ အချက်တစ်ခုအကြောင်းကို သတင်းလွှင့်ကြသတဲ့လေ။ လွဲတယ်ဆိုတာလည်း ကျုပ်ရဲ့ ဟောပြောချက်တွေက လွဲတာ မဟုတ်ဘူးရယ်။

# ရေတိမ်နစ်တဲ့ငါး



www.burmeseclassic.com

www.burmeseclassic.com

အဲဒါတွေနဲ့ မပတ်သက်တဲ့ တခြားတစ်ခုက လွဲနေတာတဲ့။ ဈေးကပြန်လာတဲ့ ကျုပ်မိန်းမက ပြန်ပြောပြလို့ သိရတာပါ။

ဟုတ်တယ်။ ဒီနေ့ ကျုပ်မိန်းမဈေးက ပြန်လာတော့ ကျုပ်အတွက် မထိတ်သာမလန့်သာဖြစ်စရာ သတင်းစကားတစ်ခုပါ ဟင်းချက်စရာတွေနဲ့အတူ ပါလာခဲ့လေရဲ့။ တခြား ဟုတ်ပါ ရိုးလား။ ကျုပ်ကို လူတွေက ပြောနေကြပြီတဲ့။ သူ့စကားကြားတော့ ကျုပ် အလန့်တကြား ဖြစ်မိသွားတယ် ပြောပါတော့။ ကိုယ်က မဟုတ်တာ ဘာတစ်ခုမှ လုပ်မထားမိပေမဲ့ ရုတ်တရက်ဆိုတော့ လန့်မိတာပေါ့။ ကိုယ့်ကိုယ်ကိုတောင် မယုံသင်္ကာဖြစ်ပြီး ဘာမဟုတ်တာတွေ လုပ်ထားမိခဲ့လဲလို့ ပြန်စဉ်းစားကြည့်မိသေးရဲ့။ ဒါပေမဲ့ ခေါင်းထဲမှာ ဘာမှကို ပေါ်မလာပါဘူး။ ဘယ်ပေါ်နိုင်ပါ့မလဲ။ လူပြောစရာဖြစ်မယ့် ကိစ္စတစ်ခုတလေမှ ကျုပ် မလုပ်ခဲ့ဘူးဆိုတာ သေချာနေတာကိုး။ ဒါဖြင့် လူတွေက ကျုပ်ကို ဘာပြောနေကြတာပါလိမ့်။ အချိန်ပေးပြီး စဉ်းစားနေမယ့်အစား မိန်းမကို မေးကြည့်လိုက်တာ ပိုကောင်းမယ်ထင်ပါရဲ့။

'ကဲ… ပြောစမ်းပါဦး။ ဘယ်သူတွေက ဘာပြောနေကြတာလဲ'



www.burmeseclassic.com

www.burmeseclassic.com

"ဘာပြောတာလဲဆိုတော့ အိမ်ရှေ့မှာ ချိတ်ထားတဲ့ တော့်ဆိုင်းဘုတ်နဲ့ ပတ်သက်ပြီး တော့်ဆီမှာ ဗေဒင်လာမေးသွားသူတွေက ပြောကြတာပဲ"

မိန်းမရဲ့စကားက ကျုပ်ဦးနှောက်ကို အလုပ်ရှုပ်သွားစေတယ်။ သူပြောတာလည်း ကြည့်ဦးလေ။ အိမ်ရှေ့မှာ ချိတ်ထားတဲ့ ဆိုင်းဘုတ်နဲ့ ပတ်သက်ပြီး ပြောနေကြတာတဲ့။ ဆိုတော့ ဆိုင်းဘုတ်က ဘာများဖြစ်နေလို့လဲ။ ကျုပ်မစဉ်းစားချင်လည်း စဉ်းစားရပြီ။ စဉ်းစားမယ့်သာစဉ်းစားရတာပါ၊ ဆိုင်းဘုတ်နဲ့ပတ်သက်တဲ့ ပြစ်ချက်ရယ်လို့ ကျုပ်ခေါင်းထဲမှာပေါ်မလာပါဘူး။

"ငါ့ဆိုင်းဘုတ်က ဘာများဖြစ်နေလို့လဲကွာ"

လမ်းရိုးလမ်းဟောင်းကြီးကို ဆက်လျှောက်ပြီး စောစောကလိုပဲ ကျုပ်မိန်းမကို မေးခွန်းထုတ်လိုက်တယ်။ ကျုပ် ရှာမတွေ့တဲ့ အပြစ်ကို ကျုပ်မိန်းမက သိထားပြီးသား မဟုတ်လား။ သူ့ကို မေးလိုက်ရင် အလွယ်တကူပြီးသွားမယ့် ကိစ္စအတွက် ကျုပ် ခေါင်းစားခံမနေချင်ဘူး။

"တခြား ဟုတ်ပါရိုးလား။ တော်က ဆိုင်းဘုတ်မှာ "လျှပ်စစ်နှင့် ဗေဒင်ဟောသည်"လို့ရေးထားပြီး တကယ်ဟောတော့ ဘာလျှပ်စစ်မှ မပါဘူးတဲ့။ အဲဒါကို ပြောနေကြတာ"

"သြော်...အဲဒီလိုကိုး"

ဒီတစ်ခါမှာတော့ မိန်းမရဲ့ ရှင်းလင်းချက်က ကျုပ်ကို ရယ်ချင်ပက်ကျိ ဖြစ်သွားစေ

]ukefuk
ujyg, ygD
q&m}
aps0Dygf
a&mufvmwmu
oufvwyf
trSbrD
wpf, muf
oVnfuvkf
awmfqkdkukd
jzpfovkdkm;ygD
aomuAmyg&
awGJ
zpfDgfufLkd
cae&wyf
rsuEf
trlt&muom
tyrDmif
nEGaeayrh
0wfm;
qif ifm;wm
awGi
ajymifvufvk

တယ်။ မဖြစ် ခံနိုင်ရိုးလား။ "လျှပ်စစ်နှင့် ဗေဒင်ဟောသည်"ဆိုတဲ့ စာသားကို ကျုပ်က ကိုယ့်အတွေးနဲ့ကိုယ် ရိုးရိုးလေး ရေးခဲ့တာလေ။ ဒါကိုပဲ ချော်တောငေါ့ပြီး အတွေးခေါင်နေကြသူတွေ ရှိနေသေးတာ သိလိုက်ရလို့ ဆိုပါတော့။ အဲ...သူတို့အတွေးနဲ့ ကျုပ်အတွေး ဘယ်နေရာမှာ ဘယ်လို ကွာခြားနေသလဲဆိုတာ ပြောပြဖို့ လိုမယ်ထင်တယ်။ ဒါမှလည်း ရှင်းရှင်းလင်းလင်း ဖြစ်သွားမှာကိုး။ ကိစ္စတစ်ခုဟာ မရှင်းမရှင်း ဖြစ်နေရင် စိတ်ထဲမှာ ခိုးလိုးခုလုကြီးဖြစ်ပြီး နေရထိုင်ရတာ အဆင်မပြေဘူးလေ။

❑

ကျုပ်ရဲ့ အဓိကအသက်မွေးဝမ်းကျောင်းအလုပ်က လျှပ်စစ်မီးဆင်တဲ့ လုပ်ငန်းပါ။ အများအခေါ်ကတော့ မီးဆရာပေါ့။ မီးဆရာဆိုပေမဲ့ ကျုပ်မှာ ဘာအသိအမှတ်ပြုလက်မှတ်မှ မရှိဘူး။ ဝစ်သောက် မီးဆရာ ဆိုပါတော့။ ဒီလို ဘာလက်မှတ်မှမရဘဲ မီးဆရာဖြစ်လာဖို့ ဆိုတာကလည်း လွယ်တာမဟုတ်ဘူးရယ်။ ကိုယ်ရည်သွေးတာ မဟုတ်ပေမဲ့ ကျုပ်ရဲ့ ကြိုးစားအားထုတ်မှုကြောင့် ဖြစ်လာတာလို့တော့ ပြောချင်တယ်။ ခြေကောက်ခံဘဝနဲ့ ဖြတ်သန်းလာခဲ့ရတာ နည်းတဲ့နှစ်တွေလား။ ဆိုတော့ အောက်ခြေက စ,ခဲ့တဲ့ ကျုပ်အနေနဲ့ အခုလို လက်မှတ်မဲ့ မီးဆရာဖြစ်လာတာ အဆန်းတကြယ်ဖြစ်ရပ်တစ်ခုတော့ မဟုတ်ဘူးပေါ့။

နည်းနည်းဆန်းတယ်လို့ ယူဆနိုင်တာတစ်ခုက ပြီးခဲ့တဲ့ နှစ်လလောက်ကစပြီး အလုပ်ပါးလာတာပဲ။ ကျုပ်တစ်ယောက်တည်းကျမှ ကွက်ပြီး ပါးတာမျိုးတော့ မဟုတ်ပါဘူး။ တခြားသူတွေလည်း ကျုပ်နည်းနှင်နှင် ပါးကြတာကို သိနေရပါတယ်။ ဒီလိုအလုပ်ပါးတာက ဒေါ်လာဈေးတက်တာ၊ ရွှေဈေးတက်တာတွေနဲ့ ဆိုင်,မဆိုင် ကျုပ် မစဉ်းစားအားပါဘူး။ လျှပ်စစ်လုပ်ငန်း ပါးနေချိန်မှာ အိမ်ရဲ့ မီးဖိုချောင်ကို ထိန်းဖို့ ဘယ်လိုလုပ်ရမလဲ ဆိုတာကိုပဲ စဉ်းစားနေရလို့။ အလုပ် ပြန်လှိုင်ချိန်ကို စောင့်ရင်း ရှိတာလေး ထိုင်စားနေလို့ မဖြစ်သေးဘူးလေ။ ဆယ်တန်းကျောင်းသူတစ်ယောက်နဲ့ ဖိုင်နယ် ကျောင်းသားတစ်ယောက်ရဲ့ ပညာရေးစရိတ်က ရှိသေးတယ် မဟုတ်လား။ ဒီနေ့ခေတ်ရဲ့ ပညာရေးတန်ဖိုး ကြီးမားပုံကလည်း သိကြတဲ့အတိုင်းပဲ ဥစ္စာ။ အဲဒီလို ဘာလုပ်ရမလဲ စဉ်းစားရင်းနဲ့ပဲ ဗေဒင်ဟောဖို့ အကြံပေါက်သွားတာ။

ဒီအလုပ်ကို ရွေးချယ်လိုက်တာက အခြေခံထက်ပိုတဲ့ ဗေဒင်ပညာကို ကျုပ် တတ်မြောက်ထားလို့ပါ။ ဝါသနာပါလို့ လေ့လာလိုက်စားခဲ့တဲ့ နှစ်တွေကလည်း နည်းမှ မနည်းဘဲကိုး။ ဒါပေမဲ့ တကယ်ဟောစားတော့မယ်ဆိုတော့ ပညာရပ်ဆိုင်ရာ အချက်အလက်တွေကို မှတ်ဉာဏ်ထဲက ပြန်ခေါ်။ ချောင်ထိုးထားတဲ့ ဗေဒင်လက္ခဏာစာအုပ်တွေကို ဖုန်သုတ်ပြီး ဂုဏ်ထူးဆောင်ပုဂ္ဂိုလ်တစ်ယောက်လို တရိုတသေ ပြန်လည်နေရာပေးပြီး ဧည့်သည်လာရင်တည်းဖို့ လုပ်ထားတဲ့ အခန်းလွတ်ကို ဟောခန်းအဖြစ် အသွင်ပြောင်း။ အဲဒီလိုနဲ့ပဲ နှစ်ပတ်အတွင်း ဗေဒင်ဆရာဘဝကို ပြောင်းလဲဖို့ အသင့်ဖြစ်သွားတယ်။

အမှန်အကန် ဗေဒင်ဟောစားတော့မယ်ဆိုတော့ ဆိုင်းဘုတ်တင်ဖို့က လိုလာပြီ မို့ နေ့ရက်နဲ့ အချိန်အခါကို ကိုယ့်ဘာသာကိုယ် တွက်ချက်ပြီး "လျှပ်စစ်နှင့် ဗေဒင်ဟောသည်"လို့ ဆိုင်းဘုတ်



www.burmeseclassic.com

www.burmeseclassic.com

တင်လိုက်တယ်။ ဆိုင်းဘုတ်ပါ စာသားနဲ့ ပတ်သက်တဲ့ ကျုပ်အတွေးက ပြောခဲ့ပြီးသလို ရိုးရိုးလေးပါ။ ကျုပ်အရင်က လျှပ်စစ်မီးဆင်တဲ့ အလုပ် လုပ်တယ်။ အခု အလုပ်ပါးနေချိန်မှာ ဗေဒင်ဟောတယ်။ လျှပ်စစ်လုပ်ငန်း ပြန်ပြီး ဦးမော့လာတဲ့အခါ အဲဒီအလုပ်ကို ပြန်လုပ်မယ်။ ဗေဒင်လည်း ဟောနေဦးမှာပဲ။ အဲဒါကြောင့် ကျုပ်ရဲ့ လုပ်ငန်းနှစ်ခုစလုံးပါအောင် 'လျှပ်စစ်နှင့်ဗေဒင်ဟောသည်' လို့ ဆိုင်းဘုတ်တင်လိုက်တာ။ ဒါပဲ။

ဒါကို ကျုပ်ဆီ ဗေဒင်လာမေးဖူးသူတွေက ကိုယ့်အတွေးနဲ့ကိုယ် ထင်ရာတွေ အဓိပ္ပာယ်ကောက်။ 'လျှပ်စစ်နှင့်ဗေဒင်ဟောသည်' ဆိုပြီး ဘာလျှပ်စစ်မှလည်း မပါဘူးဆိုတဲ့ လေသံ ထွက်လာတော့ ကျုပ်ရယ်ချင်စိတ်ဖြစ်မိတာ မလွန်ဘူးထင်ပါတယ်။ တစ်ဆက်တည်းမှာပဲ ရယ်ချင်စိတ်နဲ့အတူ ကျုပ် သဘောပေါက်သွားတာ တစ်ခုလည်း ရှိသေးရဲ့။ တင်ထားတဲ့ ဆိုင်းဘုတ်နဲ့ကိုက်ညီတဲ့ အပြောင်းအလဲတစ်ခု မဖြစ်မနေ လုပ်ဆောင်ရတော့မယ် ဆိုတာပါပဲ။ ဟုတ်တယ်။ အခြေအနေနဲ့ အချိန်အခါရဲ့ တောင်းဆိုမှုအရ ပြောင်းလဲချိန်တန်ပြီ။

❑

ပြောင်းလဲမှုကို စတင်ဖို့ အဆင့်နှစ်ဆင့် သတ်မှတ်လိုက်တယ်။ ပထမအဆင့်က ဟောခန်းကို ဆယ်ရက်တိတိ ပိတ်လိုက်ဖို့ပါပဲ။ အကြောင်းပြချက်ကိုတော့ လူအထင်ကြီးအောင် ဆရာ အဓိဋ္ဌာန်

0, fkm;wm
oyfMumao;rSf
&wemypönfaweY
reDpyf
olawGwmifS
t xifom;
oBkdwv, f
t J;gpY
ukdyfu
a[ movkd
ajymcsv kduf vm
]t if...
pDyGav;rS
wuf, f
rMuao;bl
a, muf;u
aAGzmuf/mvkd
q&mbqD
a&muf/mcJhvm
r[ kvf/m}

ဝင်နေလို့ဆိုပြီး ပြထားလိုက်တာပေါ့။ အမှန်က မဟုတ်ဘူး။ ဟောခန်းထဲမှာ ပြင်ဆင်စရာရှိတာတွေ ပြင်ဆင်ဖို့ ပိတ်လိုက်တာ။ ဆိုင်းဘုတ်ပါ စာသားနဲ့ သဟဇာတဖြစ်သွားအောင် ပြင်ဆင်ဖို့အတွက်ပေါ့။ အဲဒါက ဒုတိယအဆင့် ဆိုပါတော့။ ဘယ်လို ပြင်ဆင်လဲဆိုတော့ ဒီလိုလေ...။

ဟောခန်းထဲမှာ ဗေဒင်ဆရာနဲ့ လာမေးသူထိုင်ဖို့ ခုံနှစ်လုံး ချထားလိုက်တယ်။ ခုံနှစ်လုံးရဲ့ အလယ်မှာတော့ စားပွဲခုံအမြင့်တစ်လုံး ရှိလေရဲ့။ စားပွဲခုံပေါ်မှာလည်း ဟိုပစ္စည်း ဒီပစ္စည်းတွေ တင်ထားရသေး။ ဒါမှ လာမေးသူကို ဆွဲဆောင်လို့ ကောင်းမှာလေ။ ထားပါ။ ကျုပ်အထူးတလည် ပြောချင်တာ အဲဒါ မဟုတ်ဘူး။ ဗေဒင်လာမေးသူ ထိုင်ရမယ့်ထိုင်ခုံကို ကျုပ် ဘယ်လိုလုပ်ထားတယ်ဆိုတာကိုပါ။

စကားကြီးစကားကျယ်တွေ ပြောနေလို့ ဘယ်လို ထူးထူးဆန်းဆန်းများ ပြင်ဆင်ထားပါလိမ့်ဆိုပြီး သိချင်စိတ်တွေ ရှုစိထိုးနေကြပြီထင်ပါရဲ့။ ထွေထွေထူးထူး ဘာမှလုပ်ထားတာ မဟုတ်ပါဘူး။ ထိုင်ခုံမှာ လျှပ်စစ်ဓာတ်အားလွှတ်ထားတာပါ၊ လျှပ်စစ်ထိုင်ခုံသဘောမျိုးပေါ့။ ထိုင်ခုံကို သစ်သားနဲ့ လုပ်ထားတာရယ်၊ ဗေဒင်လာမေးသူ မရိပ်မိအောင် ဝိုင်ယာကြိုးတွေကို ဖျောက်ထားတာရယ်က လွဲရင် လျှပ်စစ်ထိုင်ခုံလိုပါပဲ။ လျှပ်စစ်ထိုင်ခုံလို လူကိုသေစေနိုင်တဲ့အထိ ဓာတ်အားမပြင်းဘူး။ အခုဟာက လူကို ကျဉ်ခနဲ ဖြစ်သွားစေရုံလောက်တင် လုပ်ထားတာ။

အမြဲတမ်းကြီး ဓာတ်အား လွှတ်ထားတာမျိုးလည်း မဟုတ်ဘူး။ လိုအပ်ချိန်ကျမှ လွှတ်တာ။ အဲဒီလို လုပ်နိုင်အောင်လည်း စီစဉ်ထားရတာပေါ့။ ဘာမှမခက်ပါဘူး။ ထိုင်ခုံဆီကို လျှပ်စစ်ဓာတ်အားလွှတ်ဖို့ ထိုင်ခုံမှာ မြှုပ်ထားတဲ့ ဝိုင်ယာကြိုးတွေနဲ့ ဆက်ထားတဲ့ ပလတ်ခေါင်းကို ကျုပ်အနားမှာပဲ ထားတယ်။ ပလတ်ခေါင်းထိုးရမယ့် ပလတ်ပေါက်ကလည်း ကျုပ်အနားမှာပဲ။ ကျုပ်လို မီးဆရာတစ်ယောက်အတွက် ဒါက ချွေးစို့ဖို့မလိုတဲ့ အသေးအဖွဲကိစ္စတစ်ခုလေ။

အဓိကကျတဲ့ နေရာကို အသေအချာ ပြင်ဆင်ပြီးတော့ ဟောခန်းကို ဆေးပြန်သုတ်ရတယ်။ ဟောခန်းထဲဝင်လိုက်တာနဲ့ ကျုပ်ကို အားကိုးချင်စိတ်ပေါက်လာအောင် ဆိုက်ကိုနည်းတွေသုံး၊ အရောင်တွေရဲ့ အကူအညီယူတဲ့ သဘောဆိုပါတော့။ အားလုံး စိတ်တိုင်းကျ ပြင်ဆင်ပြီးပြီဆိုမှ ဟောခန်းကို ပြန်ဖွင့်တယ်။ ဆယ်ရက်ကလည်း ပြည့်သွားပြီမဟုတ်လား။

❑

'ကျွန်မကို ကူပါကယ်ပါဦး ဆရာ'

ဈေးဦးပေါက် ရောက်လာတာက သက်လတ်ပိုင်းအမျိုးသမီးတစ်ယောက်။ သူ့ကို ကြည့်လိုက်တော့ ဆံထုံးကို ဖြစ်သလို ထုံးထားပြီး သောကဗျာပါရတွေရဲ့ ဖိစီးနှိပ်စက်မှုကို ခံနေရတဲ့ပုံနဲ့။ မျက်နှာအမူအရာကသာ အပူမီးကြောင့် ညှိုးနွမ်းနေပေမဲ့ ဝတ်စားဆင်ယင်ထားတာတွေက ပြောင်လက်လို့။ ဝယ်ထားတာ သိပ်မကြာသေးမှန်း ရတနာပစ္စည်းတွေနဲ့ မနီးစပ်သူတွေတောင်မှ အထင်းသား သိနိုင်တယ်။ အဲဒါနဲ့ ကျုပ်က ဟောသလို ပြောချလိုက်တာ။

'အင်း... စီးပွားလေးမှ တက်မယ်မကြသေးဘူး။ ယောကျ်ားက ဗွေဖောက်လာလို့ ဆရာ့ဆီ ရောက်လာခဲ့တာ မဟုတ်လား'



www.burmeseclassic.com

'အို… မှန်လိုက်တာ ဆရာရယ်။ အဲဒါ တနင်္လာသမီး ခိုင်သဇင်ဆိုတဲ့ ကျွန်မကို ကူညီပါဦးဆရာ'

ခိုင်သဇင့် လေသံထဲမှာ ကျုပ်ကို အထင်ကြီးလေးစားမှုတွေက အပြည့်။ ဒါဆိုရင် ပြီးပြီ။ ကျုပ် အလုပ်ရဲ့ သုံးပုံနှစ်ပုံလောက်က ခရီးရောက်သွားပြီလို့ ပြောလို့ရတယ်။ ဘာလို့လဲဆိုတော့ လူအချင်းချင်း ပြောဆိုဆက်ဆံတဲ့နေရာမှာ အရေးအကြီးဆုံးက ယုံကြည်လေးစားမှုပဲ မဟုတ်လား။ တော်ရုံနဲ့တည်ဆောက်နိုင်ဖို့ မလွယ်သလို၊ တည်ဆောက်မိပြီးသွားပြီဆိုရင်လည်း အလွယ်တကူ ဖျက်ဆီးဖို့ ခက်တဲ့အထဲ ဒါလည်းပါတယ်လေ။ အခု ကျုပ်ကို ခိုင်သဇင်က လေးစားယုံကြည်နေပြီ။ ဆိုတော့ ကျုပ်ပြောသမျှ ဟောသမျှကို သူ လက်ခံတော့မယ်။

ထင်တဲ့အတိုင်းပါပဲ။ ခိုင်သဇင်က ကျုပ်ရဲ့ ဟောလုံး ပြောလုံးတွေထဲမှာ အလိုက်သင့် မျောပါနေလေရဲ့။ တစ်ချက်တစ်ချက်ကျမှ သူသိချင်တာလေးတွေကို ကြားဖြတ်ပြီးမေးတယ်။

'ကျေးဇူးပါပဲ ဆရာ။ ဒါနဲ့ ဉာဏ်ပူဇော်ခ ဘယ်လောက် ကန်တော့ရမလဲ မသိဘူး'

'ဟောပြောခနဲ့ ယတြာစီရင်ခအတွက်ပါ ငါးထောင်ပဲပေးပါ။ နေဦး၊ ဆရာ့အဟောတွေ မှန် မမှန် စစ်ဆေးခွင့် တူမကြီးကို ပေးရဦးမယ်။ ကဲ… တူမကြီးရဲ့ မျက်လုံးကိုမှိတ်ပြီး ဆရာ့ လက်ဖဝါးအလယ်တည့်တည့်

uJ..
bk&m;w&m;ukd
tm½Hkjyxm;
wrLuD
q&m
a[ mwmawG
rSefw, f qkdif
wrLuD
wpfukd f,kd
"mwf,kduf
cH&kdu&ovkd
wkef;cgoGm;vdrf, f
rSm;&if awmh
bmrS
jzpfvmrSm
r[ kwfbl

မှာ လက်ညှိုးနဲ့ထောက်လိုက်'

ခိုင်သဇင့်ကို ကျုပ်လုပ်ခိုင်းတဲ့ပုံစံကို မျက်စိထဲမြင်ကြမယ်ထင်ပါရဲ့။ မမြင်ဘူးဆိုရင်ဖြင့် တရုတ်သိုင်းကားတွေထဲက လက်ဝါးသိုင်းနဲ့ ချတာကို လက်ညှိုးနဲ့ ပြန်ထောက်တဲ့ပုံစံမျိုး တွေးကြည့်လိုက်။ အဲဒီလို ထပ်တူမကျတောင် သိပ်တော့ မကွာခြားလှပါဘူး။

'ကဲ… ဘုရားတရားကို အာရုံပြုထား တူမကြီး။ ဆရာဟောတာတွေ မှန်တယ်ဆိုရင် တူမကြီး တစ်ကိုယ်လုံး ဓာတ်လိုက်ခံလိုက်ရသလို တုန်ခါသွားလိမ့်မယ်။ မှားရင်တော့ ဘာမှဖြစ်လာမှာ မဟုတ်ဘူး'

လက်ကိုဆန့်ထုတ် လက်ဖဝါးကို ဖြန့်ပေးလိုက်တယ်။ ခိုင်သဇင်က ကျုပ် လက်ဖဝါး အလယ်တည့်တည့်ကို လက်ညှိုးနဲ့ မရဲတရဲ ထောက်လေရဲ့။ ကျုပ်လည်း အနားမှာရှိတဲ့ ပလတ်ခေါင်းကို အမြန်ယူပြီး ပလတ်ပေါက်မှာ ထိုးရတာပေါ့။ ချက်ချင်းဆိုသလို ပြန်ဖြုတ်တယ်။ ဒါဆို လုံလောက်သွားပြီလေ။ သိပ်မကြာခင် အချိန်အတွင်း ကျုပ်ရဲ့သတင်းက အပြင်မှာ ပျံ့နှံ့သွားဖို့ မြေကြီးလက်ခတ် မလွဲ သေချာနေပြီကိုး။

❑

'တိုကင်နံပါတ်(၅) ဟောခန်းထဲဝင်လို့ရပါပြီ'

အောင်မြင်လာတဲ့ လုပ်ငန်းရဲ့ လိုအပ်ချက်အရ ခန့်ထားရတဲ့ ကောင်လေးရဲ့ ခေါ်သံ ထွက်လာပြီး ဘာကြာမှာတုံး။ ကျုပ်နဲ့ အသက်ရွယ်တူလောက် ရှိမယ့် ယောကျ်ားတစ်ယောက် ဝင်လာတယ်။ သူကြည့်ရတာ ဗေဒင်မေးဖို့ လာတဲ့ပုံတော့ မပေါ်ဘူး။ အကူအညီတစ်ခုခုတောင်းဖို့ ရောက်လာပုံမျိုး။ ဘာပဲဖြစ်ဖြစ် ကျုပ် သူ့ကို ထိုင်ခိုင်းလိုက်ပါတယ်။

'ဆရာ့ကို ဇော်ကားတယ်လို့ မထင်ပါနဲ့နော်။ ကျွန်တော် ဒီကိုလာတာ ဗေဒင်မေးဖို့ မဟုတ်ပါဘူး။ ဆရာ့ဆီက အကူအညီတစ်ခု တောင်းချင်လို့ပါ'

'ဟုတ်ကဲ့၊ ပြောပါဦး။ ဘယ်လိုအကူအညီမျိုး တောင်းချင်တာလဲ'

ကျုပ်က ခွင့်ပြုစကားဆိုလိုက်တော့ သူက သူ့အခက်အခဲကို ဖြန့်ခင်းပြတယ်။ သိပ်အရှုပ်ကြီးတော့ မဟုတ်ပါဘူး။ သမားရိုးကျဆန်တဲ့ ဦးနဲ့သမီး ဇာတ်လမ်းတစ်ပုဒ်ကို နားထောင်နေရသလိုပါပဲ။ ထက်ဝက်ကျော်လောက် ကွာဟနေတဲ့ အသက်အရွယ်ကြောင့် ကောင်မလေး မိဘတွေဘက်က သဘောမတူနိုင်ဖြစ်နေတာမျိုးတော့ မဟုတ်ဘူး။ သဘောတူတာမှ ဟိုဘက်ဘူတာကိုတောင် လွန်နေသေးရဲ့။ ဒါပေမဲ့ ခက်နေတာက ကောင်မလေးပဲ။ သူ့မှာ သူနဲ့ရွယ်တူ ချစ်သူရှိနေတယ်။ စုံစမ်းသိရတာတော့ ကောင်မလေးရဲ့ ချစ်သူက ခပ်ဆိုးဆိုး ခပ်ပေပေ လူ့ပေါ်ကြော့လေးတဲ့။

ဒါကို ကောင်မလေး မိဘတွေက သိပေမဲ့ ဘာမှ မပြောသာဘူး ဖြစ်နေရှာတယ်။ 'သမီးရဲ့ အိမ်ထောင်ဖက်ကို သမီးကိုယ်တိုင် ရွေးချယ်ခွင့်ရှိတယ်' ဆိုပြီး စကားကျွံထားမိလို့ ဆိုပဲ။ ခုပုံအတိုင်းဆို ကောင်မလေးက သူ့ချစ်သူကိုပဲ လက်ထပ်မယ့်သဘော ရှိနေတယ်။ သူကလည်း ကောင်မလေးကို အဆုံးရှုံးမခံနိုင်ဘူး။ ကောင်မလေးမှာ ပျော့ကွက်တစ်ခုတော့ ရှိလေရဲ့။ ဗေဒင်ကို မျက်စိမှိတ်ပြီး ယုံတတ်တာပဲ။ အဲဒီပျော့ကွက်ကို နင်းပြီး ကောင်မလေးကို ပိုင်ဆိုင်ခွင့်ရအောင်လုပ်ဖို့ ကျုပ်ဆီလာပြီး အကူအညီ တောင်းတာတဲ့။

သူက ကောင်မလေးကို ကျုပ်ဆီခေါ်လာတဲ့ အခါ



www.burmeseclassic.com

ကျုပ်က ကောင်မလေးနဲ့ သူ့ချစ်သူ ဘယ်လိုမှ ပေါင်းဖက်ဖို့ မဖြစ်နိုင်ကြောင်း ဟောပေးရမယ်။ တစ်နည်းအားဖြင့်ဆိုရင် ဗေဒင်ကို လိမ်ဟောပေးရမယ်ပေါ့။ အဲဒီအတွက် ကျုပ်ကို ပုံမှန်ဟောခရဲ့ ဆယ်ဆပေးပါ့မယ်တဲ့။ တကယ်ဆိုရင် ဒါက ကျုပ်ပညာကို လာပြီးစော်ကားနေတာ။ ကျုပ်နာမည် ပျက်စီးရာပျက်စီးကြောင်း လာလုပ်နေတာ။ ဒါပေမဲ့ ကျုပ် လက်ခံလိုက်ပါတယ်။ သားသမီးချင်း ကိုယ်ချင်းစာစိတ်နဲ့ ကောင်မလေးကို လင်ကောင်းသားကောင်းရသွားစေချင်တဲ့ ဆန္ဒကြောင့်ပါ။ ရိုးရိုးသားသား ဝန်ခံရမယ်ဆိုရင် ရမယ့်ငွေကြေးပမာဏကြောင့်လည်း ပါတယ်ဆိုပါတော့။

နောက်တစ်နေ့ သူနဲ့ ကောင်မလေး ရောက်လာကြတော့ ကြိုတင်စည်းဝါးရိုက်ထားတဲ့အတိုင်း ဟောပေးလိုက်တာပေါ့။ ပြီးတော့ ထုံးစံအတိုင်းပဲ ဟောပြောချက်တွေ မှန် မမှန် စစ်ဆေးခိုင်းလိုက်တော့ ကောင်မလေးက ကျုပ်ဟောတာတွေကို အကြွင်းမဲ့ ယုံကြည်သွားပါလေရော။ စစ်ဆေးခိုင်းချိန်မှာ အဖုအထစ်လေး တစ်ခုတော့ ပေါ်လာသေးတယ်။ မီးပျက်နေလို့ အကြောင်းရှာပြီး မီးစက်နှိုးခိုင်းလိုက်ရတာပါ။ သူတို့ကတော့ ဘယ်ရိပ်စားမိကြပါ့မလဲ။ ကျုပ်ကို ဟောပြောခ ငါးသောင်းပေးပြီး ပြန်သွားကြတယ်။

ဟောခန်းထဲက ထွက်သွားတဲ့ သူတို့စုံတွဲကို ကြည့်ရင်း ကျုပ်လည်း ပီတိတွေဖြာဝေလို့။ ကုသိုလ်လည်းရ၊ ဝမ်းလည်းဝ,ဆိုတာ ဒါမျိုးကို ပြောတာဖြစ်မယ်လို့တောင် တွေးမိနေသေး။

❑

*မောင်…*

*သွယ့်ကို မေ့လိုက်ပါတော့။ တကယ်ဆို ဒီစကားမျိုးကို သွယ် မပြောချင်ပါဘူး။ ဒါပေမဲ့ မပြောလို့မဖြစ်တဲ့ အခြေအနေကို ရောက်လာတော့လည်း ရင်နာနာနဲ့ ပြောရတော့တာပေါ့ မောင်ရယ်။*

*တစ်နေ့က ဟောတာတွေ မှန်လွန်းလို့ နာမည်အရမ်းကြီးနေတဲ့ ဗေဒင်ဆရာတစ်ယောက်ဆီကို သွယ်ရောက်သွားတယ်။ အဲဒီဆရာက သွယ်နဲ့မောင်ဟာ ဘယ်လိုမှ ပေါင်းဖက်ဖို့ မဖြစ်နိုင်ဘူးလို့ ဟောလိုက်တယ် မောင်။ သူဟောတာတွေ မှန်ကြောင်းကိုလည်း သူ့သမာဓိအားနဲ့ သက်သေထူပြသေးတယ်။ သူ့သမာဓိအားက ကောင်းလွန်းလို့ထင်ပါရဲ့ မောင်ရယ်။ သူ့လက်ဖဝါး အလယ်တည့်တည့်ကို သွယ့်လက်ညှိုးနဲ့ ထောက်လိုက်ရုံနဲ့တင် လူတစ်ကိုယ်လုံးကို ဓာတ်လိုက်ခံလိုက်ရသလို ကျဉ်တက်သွားတာပဲ။*

*သွယ်ပြောတာကို မယုံဘူးဆိုရင် မောင်ကိုယ်တိုင်သွားမေးကြည့်ပေါ့။ လှိုင်စစ်နဲ့ ဗေဒင်ဟောတဲ့ ဆရာ့အိမ်က ဘယ်မှာလဲလို့သာ မေးကြည့်လိုက်။ မြို့သစ် အမှတ်(၅) ရပ်ကွက်ထဲက လူတိုင်းသိကြတယ်။ ဒါပါပဲမောင်။ သာယာချမ်းမြေ့ပါစေ။*

*မောင့်ရဲ့*

*သွယ်*

"ဒါ…ဒါဆို… အဖေ့ကို ငါးသောင်းပေးပြီး ဗေဒင်လိမ်ဟောဖို့ လာအကူအညီတောင်းသူနဲ့ပါလာတဲ့ ကောင်မလေးက…"

"ဟုတ်တယ်အဖေ၊ အဲဒါ သားချစ်သူပဲ"

ကျုပ်သားက အဲဒါပဲ ပြောပြီး ကျုပ်ရှေ့က ထွက်သွားပြီ။ ကျုပ်မှာသာ ခေါင်းငိုက်စိုက်ကျ ကျန်ရစ်ခဲ့ရတာ။ ကျုပ်က သားဖြစ်သူရဲ့အသည်းကို ကိုယ်တိုင်ကိုယ်ကျ ခွဲလိုက်မိတဲ့ အဖေတစ်ယောက် ဖြစ်နေပြီလေ။ မသိလို့ဖြစ်သွားတဲ့ကိစ္စမို့ တမင်တကာ ခွဲတဲ့ မိဘတွေနဲ့ယှဉ်ရင် တော်ပါသေးရဲ့လို့ ကိုယ့်ကိုယ်ကို နှစ်သိမ့်ပြီး ဆင်ခြေပေးလိုက်မှပဲ နည်းနည်း ခံသာသွားတာကလား။ ဒါပေမဲ့ ခံရခက်တဲ့ ဝေဒနာတစ်ခုက ကျုပ်ရင်ထဲမှာ အမြစ်တွယ်နေတုန်းပဲ။ တခြား ဟုတ်ပါရိုးလား။ ကျုပ်သားကို လူဆိုးလူပေ လူ့ပေါ်ကြော့လို့ ဝိသေသတပ်သွားတဲ့ ကိစ္စပေါ့။

အဲဒီတုန်းကတော့ ကိုယ့်သားကို ပြောလို့ပြောမှန်း မသိသေးတော့ ကောင်လေးရဲ့ မိဘတွေကိုတောင် စိတ်ထဲက ကဲ့ရဲ့မိလိုက်သေးတယ်။ အခု ကျုပ်ကဲ့ရဲ့ခဲ့တာက ကျုပ်ကိုယ်ကျုပ်ဖြစ်နေမှန်း သိလိုက်ရတော့ ကျုပ်မှာ မအီမလည်ကြီးဖြစ်လို့။ နောက်ထပ် ဒါမျိုးကြုံလာခဲ့ရင် သတိထားမှဖြစ်မယ်လို့လည်း တွေးလိုက်မိလေရဲ့။ ကျုပ်မှာ သမီးတစ်ယောက် ကျန်သေးတယ် မဟုတ်လား။

■

**မော်မော့်မောင်**

**အယ်ဒီတာအဖွဲ့**

အခန်း (၄-၀၁)
တိုက်အမှတ် ၁၇/၁၉
၃ လွှာ၊ ၅၂လမ်း
(အောက်ဘလောက်)
ဗိုလ်တထောင်မြို့နယ်
ရန်ကုန်
ဖုန်း-၀၁-၉၀၁၀၅၀၁
**E-mail:**
**nyeinfamily@gmail.com**



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# အတွင်းတိမ်

ညို့ပြင်းရှ

၁။
ညသည်
တိတ်ဆိတ်လွန်း
အားကြီးကာ
နက်လွန်းနေသည်။
ကျွန်မရင်သည်လည်း
ပူသည်ထက်ပူလာကာ
လောင်မြိုက်လွန်းနေသည်။
မှောင်အတိကျနေသော
အခန်းလေးထဲတွင်
ကျွန်မသည်
နာကျင်ခြင်းဆိုသည့်
ဓားတစ်လက်က မရပ်မနား
ခုတ်ဖြတ်နေသောကြောင့်
ကျွန်မရင်ဘတ်ကြီးတစ်ခုလုံး
မွမွကြေလျက်
စုတ်ပြတ်နေရသည်မှာ
အတော်ကြာလေပြီ။
'ဘာကြောင့် ဒီလိုဖြစ်လာ
ရတာလဲ'
ဆိုမေးခွန်း၏အဖြေကို
ကျွန်မ အသည်းအသန်
အဖြေထုတ်နေမိသော်လည်း
ကျွန်မဆံပင်တွေသာ
ဖွာလွန်း၍
နွားခြေရာများကြားက
ကောက်ရိုးပုံကြီးသဖွယ်
ဖွာလန်ကြဲသွားမည်၊
အဖြေကတော့
ဝေးလေဝေးလေ
လိုက်လေပြေးလေ
ဆိုသည့်အတိုင်းပင်။
'ချက်··· ချက်··· ချက်'
အအေးလျှော့ထားသော
အဲကွန်းအခန်းလေးထဲတွင်
ရင်ဘတ်ထဲရှိ အပူရှိန်က
အပြင်သို့ လာဟပ်နေသော
ကြောင့် ကျွန်မခန္ဓာကိုယ်
အပေါ်ပိုင်းတစ်ခုလုံး ချွေးစေး
များဖြင့် စေးကပ်နေလျက်၊
နံရံပေါ်ရှိ တိုင်ကပ်နာရီ
အတွင်းမှ စက္ကန့်လက်တံများ
သည် တိတ်ဆိတ်လွန်းနေ
သောည၏ အမှောင်ထုထည်
များကြား ချောက်ချားဖွယ်
မြည်လျက်ရှိသည်။

'အခုလို အခြေအနေက
နေ အမြန်ဆုံး ဖောက်ထွက်
နိုင်အောင် ဘယ်လိုလုပ်ရင်
ကောင်းမလဲ'

ကျွန်မ ခေါင်းကို
ဘယ်နှကြိမ်မြောက်မှန်း မသိ
ယမ်းပစ်လိုက်မိကာ ထိုင်ရာမှ
ထ ရပ်လိုက်သည်။ အခုလို
အချိန်မျိုးမှာ ကမ္ဘာပေါ်မှာ
ရှိရှိသမျှ မိန်းမအားလုံးထဲ
အမှောင်ထု၏ မညှာမတာ
ဝါးမျိုမှုအောက် ကျွန်မတစ်
ယောက်တည်းသာ ဒီလို
ချောက်ချားတုန်လှုပ်ဖွယ်
အဖြစ်ဆိုးမျိုးနှင့် ကြုံနေရတာ
များလား၊ ကျွန်မအပြင် ဘယ်
မိန်းမတွေရော ကျွန်မလို
အဖြစ်ဆိုးမျိုးနှင့် ကြုံနေနိုင်
သေးသလဲ။ ဟင့်အင်း၊
ကျွန်မလို အဖြစ်ဆိုးမျိုးနှင့်
ဘယ်မိန်းမမှ မကြုံပါရစေ
နှင့်။

အမှောင်ထု၏ အလယ်
မှ စမ်းတဝါးဝါးနှင့် ဖြတ်
လျှောက်လာကာ ဝရန်တာ
တံခါးကို တိုးဖွညင်သာစွာ
တွန်းဖွင့်လိုက်သည်။ ကျွန်မ
ခန္ဓာကိုယ်လေး အမှောင်ထုမှ
လွန်မြောက်ကာ အခန်း၏
အပြင်ဘက်သို့ ကျရောက်
သွားလိုက်သည်နှင့် တစ်ပြိုင်
နက် လတ်ဆတ်အေးမြသော
လေညင်း၏ တေးသံသာလေး



www.burmeseclassic.com

www.burmeseclassic.com

များက ကျွန်မ၏ဆံစလေးများကြား ဝင်ရောက်ဆိုညည်းသွားကြကာ ကောင်းကင်ယံမှ ကြယ်ပွင့်လေးများကလည်း တဖျပ်ဖျပ် တလက်လက်နှင့် ကျွန်မအား ကခုန်ပြလျက် ဆီးကြိုနေသယောင် ထင်ရ၏။ ပေါင်းခြုံကြည့်ရလျှင် သာယာသောည၏အလှကို ထင်ရှားပေါ်လွင်စေလျက် လူတစ်ယောက်၏ မနောကိုပေ့ါပါး ငြိမ့်ညောင်းစေအောင် ဆွဲဆောင်နိုင်စွမ်းရှိလှသည်မှာ အမှန်ပင်။ သို့သော်၊ ကျွန်မ ခံစားနေရသော ဝေဒနာ၏အရှိန်က ဘယ်လောက်ပင် လှပအောင် ဆွဲဆောင်အားကောင်းလှသည့် အရာများပင် ဖြစ်ပါစေ၊ မှုတ်ထုတ်ခြင်း ခံလိုက်ရသည့် ပူဖောင်းလေးများအလား လွင့်ပါးသွားစေအောင် အင်အားပြင်းထန်လွန်းနေသည် မဟုတ်ပါလား။

"ဒီပေါ်ကနေ ခုန်ချပစ်လိုက်ရင် ကောင်းမလား" ဟင့်အင်း၊ အဖန်ငါးရာ ငါးကမ္ဘာ ခံရမယ့်အလုပ်ကို ငါ ဘယ်တော့မှ မလုပ်ဘူး။ ဒီလောက်မိုက်မဲတဲ့ မိန်းမတစ်ယောက် ဘယ်တော့မှ မဖြစ်စေရဘူး။ ဟုတ်တယ်။ ဘယ်လောက်ပဲ သေလောက်အောင် စိတ်ညစ်နေရပါစေ၊ ငါမလုပ်ဘူး။ မလုပ်ဘူး။ ကျွန်မ အောက်သို့ ငုံ့ကြည့်နေရင်းမှပင် ခြေထောက်တစ်ဖက်သည် စိတ်၏ဆောင်ရာနောက် ကောက်ကောက်ပါအောင်လိုက်ကာ အပေါ်သို့ မြောက်ကြွသွားသည် ထင်လိုက်ရသည့်တစ်ခဏ ကျွန်မရင်ထဲ ဖိုးကြီးတစ်လုံး ပစ်ခွဲချလိုက်သလို ဒိန်းခနဲ တုန်ဟည်းသွားရလျက် ခန္ဓာကိုယ်တစ်ခုလုံး အချိန်အတော်ကြာ ရေခဲရိုက်ထားသည့်နှယ် အေးစက်တောင့်တင်းသွားရလေသည်။

ကျွန်မ ရပ်နေသည့်နေရာက လေးထပ်အမြင့်ရှိသည်ဖြစ်သောကြောင့် ကျွန်မ မိုက်မိုက်မဲမဲ ခုန်ချပစ်လိုက်လျှင် ကြက်ဥနှင့် နံရံကို ပစ်ပေါက်လိုက်သလို ကျွန်မဦးနှောက်တွေ တစ်စစီဖြစ်၍ စန့်စန့်လေးဖြစ်သွားမှာ သေချာသလောက်ရှိသည်။ ကျွန်မခြေထောက်တွေ အလိုလိုပင် နောက်သို့ ရွေ့လျားဖြစ်လာ၏။ မဖြစ်ဘူး။ ဒီလိုစိတ်အခြေအနေမျိုးနှင့် ဒီလိုနေရာမျိုးမှာ အကြာကြီးရပ်နေလို့ မဖြစ်ဘူး။ မတော်လို့များ မကောင်းသည့်နတ်ဆိုးတစ်ကောင်က ဝင်ပူး၍ အောက်ကို ခုန်ချလိုက်မိမှဖြင့်။ ဘုရား… ဘုရား။

❑

၂။

"ဖေဖေကြီး၊ ဖေဖေကြီး၊ ဖေဖေကြီးကို ချစ်တယ်"

"သားသားလေး၊ သားသားလေး၊ သားသားလေးကို ချစ်တယ်"

နံနက်ခင်းတစ်ခု၏ ခြေရာလေးတွေက ကျွန်မချစ်သောသူနှစ်ယောက်၏ မျက်နှာလေးတွေပေါ် ခုန်ပေါက်ကစားကာ အပြုံးလေးတွေကြား လှပအသက်ဝင်နေလိုက်ပုံများ ကမ္ဘာကျော်ပန်းချီကားများကပင် ဒူးထောက်အရှုံးပေးရလောက်အောင် မြင်ကွင်းလေးက လှပ၍နေသည်။ ကျွန်မရှေ့တွင် မောင်က သားလေးကို ပေါင်မုန့်ကြက်ဥကြော်လေး ခွံ့ကျွေးလို့၊ သားလေးကလည်း မောင်ခွံ့ကျွေးသော ပေါင်မုန့်ကြက်ဥကြော်လေးကို အလိုက်သင့်ပင် စားလို့၊ သားလေးက ကျွန်မထက် မောင့်ကို ပိုချစ်သည်။ မောင့်ကို ပိုတွယ်တာသည်။ မောင်ရှိလျှင် ကျွန်မအနား ဘယ်သောအခါမှ ကပ်သည်ရယ်မရှိ၊ အစားစားလျှင်လည်း မောင့်ခွံ့ကျွေးမှ၊ အိပ်လျှင်လည်း မောင့်ကို တွယ်၍ အိပ်တတ်သည်ပင်။ "သားလေးရယ်"။ ကော်ဖီခွက်လေးကိုကိုင်လျက် သားလေး၏ အပြစ်ကင်းစင်လွန်းလှသည့် ချစ်စဖွယ်မျက်နှာနုနုလေးကို ငေးကြည့်နေမိပြီး(တစ်ဖန်)ကျွန်မဘဝအတွက်ကောင်းကင်ကြီးနှင့် အလားတူသည့်၊ မိန်းမတစ်ယောက်၏ အသည်းနှလုံးကို ဖြုတ်ခနဲကြွေအောင် ဖမ်းစားနိုင်စွမ်းရှိသည့် မောင့်မျက်နှာလေးကို သက်ပြင်းမောတွေကြားကနေ အချိန်အတော်ကြာငေးကြည့်နေမိလေသည်။

"အရမ်းချစ်တယ် မောင်ရယ်"။ မောင်နှင့်ကျွန်မ ချစ်သူသက်တမ်း ခြောက်လအကြာမှာပင် တစ်ယောက်ကိုတစ်ယောက် ချစ်လွန်း၍၊ ဘယ်လိုမှ ခွဲမနေနိုင်လွန်း၍ မိဘတွေ အတန်တန်တားနေသည့်ကြားမှပင် နှစ်ကိုယ်တူ တစ်ဘဝ တည်ဆောက်ခဲ့ကြလေသည်။ အခုဆို အိမ်ထောင်သက်တမ်း လေးနှစ်ရှိခဲ့ပြီဖြစ်ပြီး သားလေးအသက်ပင် သုံးနှစ်တစ်လ ရှိခဲ့လေပြီ။ မောင့်ကိုချစ်သည့် ကျွန်မ၏ အချစ်တွေက အိမ်ထောင်သက်တမ်း ကြာလာသည်နှင့်အမျှ တစ်ပြားသားမှ လျော့ကျသွားခြင်း မရှိပါဘဲ ဆတက်တိုး၍ ပိုပိုချစ်လာခဲ့ရသည်မှာ မောင့်အပေါ် ဖြစ်တည်နေသည့် ကျွန်မ၏ စိုးရိမ်ပူပန်မှုတွေက သက်သေပြ၍ နေခဲ့လေသည်။ ကံဆိုးစွာပင် မောင့်ထံ၌ အလွန်ဆိုးဝါးလှသည့် အတွင်းတိမ်ရောဂါဆိုးကြီး စွဲကပ်နေပြီဆိုတာ သိလိုက်ရသည့်အချိန်ကစ၍ နေ့စဉ်နှင့်အမျှ အပူမီးတွေကြား ဗျာများနေရသည့် အပူသည် မိန်းမဘဝသို့ ရုတ်ခြည်းရောက်ရှိသွားရပြီး ညစဉ်ညတိုင်း အိပ်ကောင်းခြင်း မအိပ်ရဘဲ၊ သန်းခေါင်ယံအချိန်တွင် ငုတ်တုတ်ထ၊ထိုင်နေရသည့် အရှူးမီးဝိုင်းအဖြစ်က ကျွန်မ၏ အသွေးအသားများအား စုပ်ယူစေလျက် အခုဆို ကျွန်မ အတော့်ကို ပိန်လှီသွားခဲ့ရပြီ။ မောင်ကတော့ သူ့ရောဂါနှင့်သူ အထာကျလျက် အအိပ်အစား မပျက်၊ အပြုံးမပျက်ပင်။

"မောင့်ကို အဲဒီလိုကြီး မကြည့်ပါနဲ့ကွာ။ မောင့်အတွက် ဘာမှ မစိုးရိမ်ပါနဲ့၊ မောင်အေးဆေးပါလို့ ပြောပြီးပြီပဲ။ မောင်အလုပ်ကိစ္စအရေးကြီးနေလို့ သွားတော့မယ်။ သားလေးကိုပါ တစ်ခါတည်း ကျောင်းကို ဝင်ပို့လိုက်မယ်နော်"

မောင်က ပြုံးလျက် ဆိုပေမဲ့ ကျွန်မ မောင့်လို မပြုံးနိုင်တာ သိပ်များလွန်းနေခဲ့သလား။ မောင်က ပြောပြီး သားလေးလက်ကို ဆွဲကာ ထမင်းခြင်းလေးကို ဆွဲလျက်



www.burmeseclassic.com

www.burmeseclassic.com

ကျွန်မရှေ့က ထ,ထွက်သွားလေတော့ ကျွန်မအသည်းနှလုံးသည် မတန်မဆ ညပ်နေသည့် အပေါက်ကျဉ်းကျဉ်းလေးထဲမှ ဆွဲနုတ်ခြင်းခံလိုက်ရသည့်နှယ် အင့်ခနဲ မြည်၍ ကျန်ရစ်ခဲ့ရလေသည်။

❑

၃။

ဘယ်လိုခြေလှမ်းတွေနှင့် အခန်းထဲ ရောက်လာခဲ့သလဲ မသိပါ။ စိတ်နှင့်ခန္ဓာ ပြန်ကပ်ချိန်တွင် ကျွန်မသည် နံရံတစ်ခုလုံးတွင် ကပ်ထားသော မောင်နှင့်ကျွန်မ၏ ဓာတ်ပုံများကိုငေး၍ မျက်ဝန်းများ အသက်မဲ့နေခဲ့ပြီဖြစ်သည်။ မောင်နှင့် လက်ချင်းချိတ်လျက် လျှောက်လည်ခဲ့သောပုံများ၊ ထမင်းစားရင်း အပြန်အလှန် ခွံ့ကျွေးနေသောပုံများ၊ ဖျော်ရည်တစ်ခွက်ကို ပိုက်နှစ်ချောင်းဖြင့် သောက်နေသောပုံများ၊ အပြန်အလှန် အနမ်းပေးနေသောပုံများ၊ ချစ်စနိုးဖြင့် ပါးပြင်ကို လက်သီးဖြင့် ချိန်ထိုးနေကြသောပုံများ၊ ထိုဓာတ်ပုံများသည် ကျွန်မအိုင်ဒီယာဖြင့် ကပ်ထားခြင်း မဟုတ်ပါ။ မောင်ကိုယ်တိုင် မြတ်မြတ်နိုးနိုးကပ်ထားခဲ့သောပုံများ ဖြစ်ပါသည်။ ဓာတ်ပုံများသည် မောင်နှင့် ကျွန်မ ချစ်သူဖြစ်နေချိန်အတွင်း ရိုက်ထားသောပုံများသီးသန့် ဖြစ်သည်။ မောင်နှင့် ကျွန်မ လက်ထပ်ပြီးသည့်နောက်ပိုင်း ရိုက်ထားသောပုံဆို၍ မင်္ဂလာဆောင်ချိန်က ရိုက်ထားသောပုံများနှင့် မိသားစုပုံများကလွဲ၍ အခြားမရှိချေ။ မောင်က ချစ်သူဖြစ်နေချိန်အတွင်း ရိုက်ထားသောပုံများကို နံရံပေါ်တွင် တယုတယကပ်ထားခြင်းဖြင့် ကျွန်မတို့၏ချစ်သူဘဝ ဘယ်လောက်ရှိမန့်တစ်ဆန်ကြောင်း သက်သေပြထားခဲ့သလို၊ ကျွန်မကလည်း မင်္ဂလာဆောင်ချိန်က ပုံတွေနှင့် နောက်ပိုင်း သားလေးနှင့်အတူ ရိုက်ထားသော မိသားစုပုံများကို အယ်လ်ဘမ်နှင့် တရိုတသေ သိမ်းထားခဲ့ခြင်းဖြင့် ရိုးမြေကျဆိုသည့်အတိုင်း သစ္စာတည်ခဲ့ပါသည်။ ဆွတ်ပျံ့ကြည်နူးဖွယ်ကောင်းသော ထိုအချစ်၏ သင်္ကေတ ဓာတ်ပုံလေးများရှေ့တွင် ကျွန်မသည် အရုပ်ဆိုး အကျည်းတန်စွာ နာကျင်ကြေကွဲရလိမ့်မည်ဟု အနည်းငယ်မျှ သံသယမဖြစ်ခဲ့။ အခုတော့ အံ့သြစရာကောင်းလောက်အောင်ပင် ထိုဓာတ်ပုံများရှေ့တွင် ကျွန်မ နာကျင်နေရလေပြီ။

"ရိုမီယိုနဲ့ ဂျူးလီယက်၊ လီယိုနာဒိုနဲ့ ကိတ်ဝင်းစလက်၊ ပြီးတော့ မောင်နဲ့သဲနဲ့"

မောင်နှင့်ကျွန်မ လက်တစ်ဖက်ကိုယ်စီဖြင့် အသည်းပုံလေးလုပ်ကာ ရိုက်ထားသောပုံလေးဆီ အကြည့်ရောက်သည်။ မောင်ပြောခဲ့သည့်စကားအား ပြန်ကြားလျက် မျက်ဝန်းအိမ်မှ အရည်များအောက်သို့ ပျော်ဆင်းလာတာကို မတားဆီးနိုင်၊ မောင့်ရောဂါအခြေအနေကြောင့် ကျွန်မနှင့် မောင်၏ အချစ်ရေး၊ ကျွန်မတို့ မိသားစုဘဝရှေ့ရေး ပြိုလဲပျက်စီးသွားမှာ ကျွန်မ လွန်စွာစိုးရိမ်မိပါသည်။ အထူးသဖြင့် မောင့်ကို သိပ်ချစ်သည့် သားလေး၊ သားလေးအား တစ်စက်ကလေးမျှ စိတ်မထိခိုက်စေလိုပါ။ သားလေးကို အမြဲပြုံးပျော်နေစေချင်သည်။ သားလေး၏ ပျော်ရွှင်မှုသည် မောင့်အပေါ် လုံးဝ မှီတည်နေသည်။ သည့်အတွက် မောင့်ရောဂါသည် ပိုဆိုး၍မဖြစ်၊ ပိုဆိုးလာလျှင် သားလေးကို မောင်ဂရုစိုက်နိုင်လိမ့်မည် မဟုတ်၊ သည်လိုဖြစ်လာခဲ့လျှင် ကျွန်မဘဝသည် ထုခြေခြင်း ခံလိုက်ရသည့် မှန်တစ်ချပ်နှယ် ဖြစ်ချေပြီ။ ကျွန်မသည် ခေါင်းငိုက်စိုက်ချကာ ခြေလှမ်းတွေက ခုတင်ဆီ ရွေ့သည်။ ကျွန်မမျက်ဝန်းတွေသည် ခုတင်ပေါ်သို့ စူးစိုက်စွာ တည်ရှိသွားလေ၏။

"မောင့်ကို အရမ်းချစ်လား"

"အင်း၊ အရမ်းချစ်တယ်။ သဲကိုရော အရမ်းချစ်လား"

"အရမ်းချစ်၊ သေအောင်ချစ်"

ခုတင်ပေါ်တွင် ပျော်ရွှင်ခြင်းတွေ အထွတ်အထိပ်ရောက်ကာ ချစ်ရည်လူးနေကြသော မောင်နှင့်ကျွန်မ၏ ပုံရိပ်က ပြက်ပြက်ထင်ထင် ပေါ်လာသည်။ မောင်ရောဂါမရသေးခင်အချိန်ကတော့ တစ်ယောက်နှင့် တစ်ယောက် အပေးအယူမျှကာ ပျော်ခဲ့ရသလောက်၊ ရောဂါရပြီးနောက်ပိုင်းမှာတော့ မောင့်အခြေအနေသည် အတော်ကို ပြောင်းလဲသွားခဲ့လေသည်။ တစ်ခါတစ်ခါ ရေခဲရိုက်ထားသည့် အသီးတစ်လုံးလို၊ တစ်ခါတစ်ခါ ဖျားနာနေသည့် လူနာတစ်ယောက် ဆန်ပြုတ်သောက်နေသလို၊ မောင့်ခံစားမှုသည် ကုန်စိမ်းတန်းက ညှိုးရော်နေသည့် အသီးအရွက်တွေလို ဖြစ်နေသည်။ စိတ်ဆန္ဒချည့်နဲ့စွာဖြင့် ဝတ္တရားတစ်ခုပမာ ဖြစ်နေသည့် ထိုအခြေအနေကို ရင်မဆိုင်ရဲ၊ ရင်မဆိုင်လို၊ မခံစားနိုင်ပါ။ လင်နှင့်မယားဇာတ်လမ်းတွင် အိပ်ရာပေါ်က သာယာကြည်နူးမှုသည် အခရာကျသည်ဟု ဆိုလျှင် မည်သူမှငြင်းနိုင်မည် မထင်။ သာယာသော လင်နှင့်မယားအတွက် အိပ်ရာသည် ချိုမြိန်မှုတွေနှင့် စီခြယ်ထားသည့် နန်းတော်တစ်ခုဟု တင်စားရမည်ဆိုလျှင် မသာယာသော လင်နှင့်မယားအတွက်မူ အိပ်ရာသည် ငရဲဟု ကျွန်မ သတ်မှတ်လိုက်ချင်သည်။ ကျွန်မ ခုတင်ပေါ်သို့ အရုပ်ကြိုးပြတ်ထိုင်ချလိုက်သည်။ မျက်နှာကို လက်ဝါးဖြင့်အုပ်ကာ ပူလောင်သောအတွေးတို့ကို ကြိုးစားဖယ်ထုတ်ပစ်ဖို့ အသည်းအသန်ရင်ဆိုင်နေရသည်။ မောင်က ကျောက်ပွဲစား၊ ကားပွဲစား၊ မြေပွဲစား၊ အရောင်းအဝယ်နှင့် ပတ်သက်၍ အကုန်လုပ်သည်။ မျက်နှာထားချိုကာ စကားပြောကောင်းသော မောင့်အတွက် တစ်ခုနှင့် မဟုတ်တစ်ခုတော့ အရောင်းအဝယ်ဖြစ်ကာ ငွေဝင်သည်။ အသုံးစရိတ်များကိုဖယ်ကာ ခြံဝင်းလေးတစ်ခု ဝယ်နိုင်ရန် ကျွန်မတို့နှစ်ယောက် ကြိုးစားနေရသည်။ မောင့်မိဘတွေ လက်ဖွဲ့အဖြစ် ပေးထားသော ဒီတိုက်ခန်းလေးထဲ



www.burmeseclassic.com

www.burmeseclassic.com

တွင် နေရခြင်းသည် ကျဉ်းကျပ်သည်ဟု မောင်ရောကျွန်မပါ ခံစားမိသည်။ ကျွန်မအလုပ်တစ်ခု လုပ်မည်ကြံတိုင်း မောင်က ပေးမလုပ်၊ အေးအေးဆေးဆေးပဲ နေခိုင်းသည်။ သားလေး ရလာတော့ အလုပ်မလုပ်ရဖို့ ပိုပြီးသေချာသွားသည်။ မောင့်အတွက် အိမ်ရှင်မကောင်းတစ်ယောက်ဖြစ်ရေးကိုပဲ ဂရုစိုက်နေထိုင်ခဲ့သော ကျွန်မအတွက် လက်ရှိ အခြေအနေသည် ချောက်ချားတုန်လှုပ်ဖွယ်ကောင်းလွန်းလှသည်။ မောင့်ဝင်ငွေ၊ မောင့်အလုပ်သည် မောင့်ရောဂါအခြေအနေကြောင့် အချိန်မရွေး တိုက်စားသွားနိုင်သည်။ ထို့ကြောင့်သည်အတိုင်းနေ၍မဖြစ်၊ အလုပ်တစ်ခုခုကို မြန်မြန်အကောင်ထည်ဖော်နိုင်မှ ဖြစ်လိမ့်မည်။

"ဘာကြောင့်လဲ၊ ဘာကြောင့်လဲ"။ ကျွန်မ မခံစားနိုင်တော့၊ လက်နှစ်ဖက်ကို ကျစ်ကျစ်ပါအောင်ဆုပ်ကာ ခေါင်းကိုမော့လျက် အသားကုန် အော်ပစ်လိုက်သည်။ မျက်နှာကြက်သည် ဝုန်းခနဲ ပြိုကျလာသလိုပါပဲ။

❑

၄။

ကျွန်မ၏ ခံနိုင်အားကို မညှာမတာစမ်းသပ်သည့် အချိန်သို့ ရောက်ပြန်ချေပြီ။ ထုံးစံအတိုင်း ကျွန်မသည် ရက်ရက်စက်စက်မားချက်တို့ဖြင့် လဲကျနေသည့်လူတစ်ယောက်၊ ရှိသမျှအားအင်တို့ကို ခက်ခက်ခဲခဲစုစည်းကာ မတ်တတ်ထ,ရပ်ရန် ကြိုးစားနေသည့်ပမာ ကျွန်မဦးခေါင်းသည် ခေါင်းအုံးနှင့် လွတ်လာသည်။ ကွဲအက်နေသော မျက်ဝန်းတို့သည် နှစ်ခြိုက်စွာ အိပ်မောကျနေသော မောင်နှင့်သားလေးထံ ရောက်သည်။ သားလေးက မောင့်ရင်ခွင်ထဲမှာ၊ မောင်က သားလေးကို ဖက်ထား၏။ ကျွန်မ ပြုံးလိုက်မိသလား မသေချာပါ။ မောင့်မျက်နှာကို ကျွန်မ အချိန်အတော်ကြာ စိုက်၍ ကြည့်နေမိသည်။ကျွန်မလက်သည် မောင့်ဆံပင်တွေပေါ် ကျရောက်သွားကာ နှုတ်ခမ်းသည် မောင့်နဖူးပြင်နှင့် ထိတွေ့သွား၏။ မောင်ကတော့ နှစ်ခြိုက်စွာ အိပ်မြဲပင်။ ကျွန်မ ခုတင်ပေါ်မှ ဖွဖွလေးဆင်းလိုက်ကာ ရေခဲသေတ္တာဆီ ရောက်သည်။ ရေခဲသေတ္တာထဲမှ ရေဘူးကို နှိုက်ယူမည်ဆဲဆဲ ကျွန်မလက်သည် ရေဘူးဆီတော့ရောက်၏။ သို့သော်··· မျက်လုံးတွေက ရေဘူးဆီမရောက်ဘဲ ဘလက်လေဘယ်ပုလင်းဆီ ရောက်သွားသည်။ တွေဝေနေသည့်ကြားမှပင် ကျွန်မ၏လက်သည် မျက်လုံးတွေ၏ ဆွဲငင်အားကို မလွန်ဆန်နိုင်ဘဲ ဘလက်လေဘယ်ပုလင်းကို ယူလိုက်မိသည်။ ညအိပ်ရာမဝင်မီ မောင်သောက်တတ်သည့် လက်ကျန် ဘလက်လေဘယ် ဖြစ်သည်။ သည်ညလည်း မောင်သောက်၏။ မောင့်အတွက် အမြည်းပင် ကျွန်မ လုပ်ပေးလိုက်သေးသည်။ ကျွန်မ မသောက်တတ်ပေမဲ့ သောက်ကြည့်လိုက်ချင်သည့် စိတ်သည် ထိန်းမရ၊ အားရပါးရမူးကာ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်ပစ်လိုက်ချင်သည်။ မောင်ပြောဖူးသည်။ သောက်ပြီး အိပ်လျှင် အရမ်းအိပ်ပျော်ပါသည်တဲ့။ ဘလက်လေဘယ်ပုလင်းကို ထမင်းစားပွဲဆီယူခဲ့လိုက်သည်။ ပြီးတော့ အချိုရည်ဘူးပါ ပြန်သွားယူလိုက်၏။ စားပွဲပေါ်တွင် ဖန်ခွက်များ အဆင်သင့်ရှိသည်။ မောင်သောက်သလို ဖန်ခွက်ထဲ အနည်းငယ်ထည့်ကာ အချိုရည်နှင့်ရော၍ သောက်ကြည့်လိုက်သည်။ အောင်မလေး၊ ပူလိုက်သည့်ဖြစ်ခြင်း၊ ရင်ဘတ်ကို လက်နှင့်ဖိထားရသည်။ အန်လည်းအန်ချင်သွား၏။ ရေခဲသေတ္တာထဲက အချဉ်ထုပ်ကိုပြေးယူပြီး ဝါးလိုက်တော့မှ ပါးစပ်ဖျားက အခါးသည် ပျောက်သွားသလို ရှိကာ ရင်ထဲက အပူရှိန်သည်လည်း သက်သာသွားသလိုရှိသည်။ သုံးခွက်တိတိ သောက်ပြီးချိန်တွင် လူက ဝေတေတေဖြစ်လျက် ဆက်သောက်၍ ဘယ်လိုမှကို မရတော့ချေ။ တစ်စုံတစ်ယောက်က လာပြီး တွန်းနေသလို ခန္ဓာကိုယ်သည် သစ်ပင်အိုနှယ် ဖြစ်ချေပြီ။ သို့သော်··· အသိအာရုံကား အနည်းငယ်မျှ ယိုင်ထိုးမသွား၊ ယိုင်တိုင်တိုင်ခြေလှမ်းတို့ဖြင့် အိပ်ရာပေါ်ထိန်း၍ တက်လိုက်ချိန် ခြေထောက်သည် ဟန်ချက်ပျက်ကာ မောင့်ခြေသလုံးကို နင်းမိသွားသည်။ မောင်များ နိုးသွားမလား စိုးရိမ်မိပေမဲ့ မောင်နိုးမလာပါ။ တက်နင်းမိသည့်နေရာကို မောင်သည် လက်ဖြင့်ပွတ်ကာ ပြန်အိပ်သွားသည်။ ကျွန်မသည် စောင်ကိုဆွဲခြုံလိုက်ကာ ဘေးတစောင်း အိပ်လိုက်သည်။ ဘယ်လိုမှမရ၊ လည်ထွက်နေသည်။ ပက်လက်ပြန်လှန်၍ ငြိမ်ငြိမ်လေးနေကြည့်သည်။ သက်သာသလိုပါပဲ။ သို့သော် မျက်နှာကြက်မှာ မိန်းမတစ်ယောက်၏ပုံက ထင်းလျက် ပေါ်လာသည်။ အဲသည်မိန်းမကို ကျွန်မ ကောင်းကောင်းကြီး မြင်ဖူးနေသလိုရှိသည်။ ဒါမှမဟုတ် အဲသည်မိန်းမသည် ကျွန်မကိုယ်တိုင်ပဲလား။ မိန်းမသည် ရေပန်းအောက်တွင် ကိုယ်လုံးတီးဖြင့် ရေကို စိမ်ပြေနပြေချိုးနေသည်။ ပြီးလျှင် ကိုယ်လုံးတီး ရေစက်လက်ဖြင့်ပင် ရေချိုးခန်းထဲမှ ထွက်ကာ မှန်တင်ခုံရှေ့ ရောက်သွားလေ၏။ မိန်းမသည် သူ့ဆံပင်များနှင့် ခန္ဓာကိုယ်ကို တဘက်ဖြင့် သုတ်ပြီးနောက်၊ ရင်သားများကို အသေချာသူ့လက်ဖြင့် ကိုင်ကြည့်နေသည်။ ဟင့်အင်း၊ မမြင်ချင်ဘူး။ ပျောက်သွားပါတော့၊ အဲဒီမိန်းမကို မြင်ရတာ ကျွန်မရင်ထဲ ပူလောင်လိုက်တာ။ ကျွန်မမျက်လုံးတွေကို ခပ်တင်းတင်း မှိတ်ချလိုက်ပေမဲ့ မရပါ။ မျက်လုံးတွေ ပြန်ဖြေချလိုက်ချိန်တွင် ထိုမိန်းမသည် ဆိုးခနဲ ဆတ်ခနဲ ပေါ်လာပြန်သည်။ သည်တစ်ခါတော့ ထိုမိန်းမပျောက်သွားစေရန် ထပ်မံမကြိုးစားတော့။ ကိုယ်လုံးတီးဖြင့် မိန်းမသည် နောက်သို့ ခြေနှစ်လှမ်း ပြန်ဆုတ်ကာ မှန်တင်ခုံကို ကျောပေးလိုက်၏။ သူ၏ တင်သားများ အသေချာမြင်ရစေရန် ဟိုဘက် သည်ဘက်



www.burmeseclassic.com

www.burmeseclassic.com

လှည့်၍ အသေချာကြည့်နေသည်။ ထို့နောက် ရှေ့သို့ ခြေနှစ်လှမ်းပြန်တိုးကာ ဆံပင်တွေကို ကိုင်ကြည့်နေပြန်သည်။ ‘အရင်လို ပြည့်ပြည့်ဖြိုးဖြိုး ပြန်ဖြစ်လာအောင် အစားများများစားရမယ်။ ခန္ဓာကိုယ်လှအောင် လေ့ကျင့်ခန်းလုပ်ရမယ်။ ဆံပင်ပုံစံလည်း ပြောင်းရမယ်’။ သည်စကားလုံးတွေကို အဲသည်မိန်းမ ပြောနေသလား၊ ကျွန်မကိုယ်တိုင်ပဲ ပြောနေသလား မသေချာပါ။ လှစ်ခနဲ ပျောက်သွားသော ထိုမိန်းမကို မြင်လိုက်ရချိန် ကျွန်မမျက်လုံးတွေထဲ မည်းမည်းအကောင်တွေက အစုလိုက် အပြုံလိုက် တိုးဝင်လာသလို ခံစားလိုက်ရသည်။

❑

၅။

ပုဂ္ဂလိက ဆေးရုံတစ်ခုရှေ့ ကားထိုးရပ်တော့ ကားဆရာအား ကျသင့်ငွေ ရှင်းပေးလိုက်ကာ ကျွန်မသည် ကားပေါ်မှ စိတ်ကို အတည်ငြိမ်ဆုံးဖြစ်အောင် ထိန်း၍ ဆင်းခဲ့ပြီး ပိုက်ဆံအိတ်ကို လက်မှာချိတ်လျက် ကြွကြွလေးပင် ဆေးရုံထဲသို့ ဝင်ခဲ့လိုက်လေသည်။

‘ကျွန်မ ရွှေထိပ်ထားနဲ့ တွေ့ချင်လို့ပါ’

‘ခဏနော် ညီမ၊ ထိုင်စောင့်ပါဦး’

ကျွန်မက အပြုံးချိုချိုလေးဖြင့် ကောင်တာကအစ်မတစ်ယောက်ကို မေးတော့ အဲသည်အစ်မက သိပ်ပြီး မမှည့်သေးသည့် သရက်သီးတစ်လုံး၏ မျက်နှာမျိုးဖြင့် တုံးတိတိကြီး အဖြေပေးလေသည်။ ဘယ်လိုပဲဖြစ်ဖြစ် မောင့်ရောဂါအတွက် သည်လိုအပြုအမူလေးလောက်ကတော့ ဘယ်လိုမှ စာဖွဲ့ဖို့ မလိုချေ။ အဓိကက မောင့်ရောဂါသက်သာပျောက်ကင်းစေဖို့ အလေးထားဆောင်ရွက်သွားရမည်ပင်။ ထိုင်နေရင်းမှပင် ဘယ်လိုမှ မနှစ်မြို့သည့်ဆေးရုံ၏ ရနံ့က နှာခေါင်းထဲ တိုးဝင်လာတော့ ယောင်ယမ်းကာ နှာခေါင်းကို ပွတ်ခြေမိသွားရလေသည်။ ကျွန်မရှေ့က တီဗွီကို ငေးလိုက်မိတော့ ဖန်သားပြင်ပေါ်တွင် မိန်းမနှစ်ယောက်က တစ်ယောက်ကိုတစ်ယောက် မီးတောက်မျက်ဝန်းတွေနှင့် စိုက်ကြည့်နေကြကာ အပြန်အလှန် ပါးတွေရိုက်နေကြတာကိုတွေ့ရ၏။ ပူလောင်နေရသည့်ကြားမှပင် စိတ်ပျက်စွာ အကြည့်ကို အခြားသို့ လွှဲပစ်လိုက်မိသည်။

‘စိတ်ချမောင်၊ မောင့်ရောဂါဆိုးကြီး အမြစ်ကနေ ပြတ်ထွက်သွားအောင် ကျွန်မ အစွမ်းကုန် ကြိုးစားသွားမယ်။ မောင့်ကို ဘယ်တော့မှ အဆုံးရှုံးခံမှာ မဟုတ်ဘူး’

မောင့်မျက်နှာကို မြင်ယောင်မိလျက် နာကျင်လောင်မြိုက်နေသည့် ကြားမှ အားတင်းကာ ပြုံးမိလေသည်။ မောင် ဘယ်အချိန်လောက်ကများ ကျွန်မအသည်းနှလုံးကို စုတ်ပြတ်စေမယ့် ဒီရောဂါဆိုးကြီး စွဲကပ်လာခဲ့ရသလဲ၊ နောက်ကျမှ သိခဲ့ရပေမဲ့ သေချာတာတစ်ခုကတော့ သားလေးကိုမွေးဖို့ သည်ဆေးရုံကို တက်ဖြစ်ခဲ့သည့် အချိန်ကတည်းက ဖြစ်မှာအသေချာပင်။ အဲသည်တုန်းက ရွှေထိပ်ထားက ကျွန်မနှင့် မောင်၏ သားလေးအတွက် အနီးကပ်သူနာပြုအဖြစ် ပြုလုပ်ပေးခဲ့သူပဲ။ မကြာခင် ကျွန်မအနား ရွှေထိပ်ထားရောက်လာပေတော့မည်။ ရွှေထိပ်ထားကို မောင့်ရောဂါ အခြေအနေနှင့် ပတ်သက်၍ အလုံးစုံမေးရမည်။ ရွှေထိပ်ထားကရော ကျွန်မ မေးမည့်မေးခွန်းတွေကို ကြည်ကြည်ဖြူဖြူနှင့် ဖြေပေးနိုင်ပါ့မလား။ ဘယ်လိုမျက်နှာထား၊ ဘယ်လိုစိတ်ထားမျိုးနှင့် ကျွန်မအနားရောက်လာလေမလဲ။ သည်လောက် ငယ်ဂုဏ်လေးနှင့် ချစ်စရာကောင်းသည့် မျက်နှာလေးကို ပိုင်ဆိုင်ထားပါလျက် ဘာကြောင့် မောင့်ရောဂါနှင့် ပတ်သက်ပြီး အဓိကကျသည့် အခန်းကဏ္ဍကနေ ပါဝင်နေခဲ့ရပါသလဲ။ ဘာကြောင့် ကျွန်မ၏ ညတွေကို အိပ်စက်ခြင်းတွေနှင့် ကင်းလွတ်အောင် ဆောင်ကြဉ်းပေးနေခဲ့ရပါသလဲ။

‘နင် ယောကျ်ားယူရင် နင်ယူမယ့် ယောကျ်ားကို အတွင်းတိမ်ရောဂါ ဖြစ်နိုင်ခြေ ရှိ၊ မရှိ အသေချာ ဆန်းစစ်ပြီးမှ ယူနော်’

‘အမယ်လေး၊ နင်သာ သေသေချာချာ ဆန်းစစ်နော်။ နင်ယူမယ့်ယောကျ်ားက ဒီလောက်ချောတာ စိတ်မချရဘူး’

ကျွန်မ အပျိုဘဝတုန်းက သူငယ်ချင်းဖြစ်သူကို ဆရာကြီးလုပ်ကာ ပြောခဲ့ဖူးသောစကားကို ပြန်သတိရသွားကာ လေပူတစ်ချက်ကို ‘ဟူး’ ခနဲ မှုတ်ထုတ်ပစ်လိုက်မိသည်။ အတွင်းတိမ်ဆိုသည်မှာ ကျွန်မတို့ သူငယ်ချင်းနှစ်ယောက်ကြား ဗန်းစကားအဖြစ် သုံးသည့် စိတ်ဓာတ်ညံ့ ဖျင်းသေးသိမ်သည့် ယောကျ်ား၊ လော်လီဖောက်ပြား မျက်နှာများသည့် ယောကျ်ား၊ စကားမတည် အပြောသရီသည့် ယောကျ်ား၊ အတွင်းစိတ် နက်နက်နဲနဲ မရှိပါဘဲ အပေါ်ယံသာ တိမ်နေသည့် ယောကျ်ားများကို ဆိုလိုရင်း ဖြစ်ပါသည်။

ရယ်စရာတော့ အကောင်းသား။ ကျွန်မ သူငယ်ချင်းယောကျ်ားက ဘာရောဂါမှ မစွဲကပ်ပါဘဲ သာသာယာယာ။ ကျွန်မ၏ မောင်သာ ထိုရောဂါဆိုး စွဲကပ်လာခဲ့သတဲ့။ သည်အခြေအနေကိုရောက်မှတော့ ထိုင်ခံစားနေ၍ မရ၊ ကျွန်မ၏ ခံစားချက်တွေ သေကောင်ပေါင်းလဲဖြစ်ပြီး ဆုံးဖြတ်ချက်နှင့် လုပ်ရပ်တွေမှားသွား၍ ဘယ်လိုမှမဖြစ်ချေ။ အဲသည်အတွက် ရွှေထိပ်ထားကို ပွင့်ပွင့်လင်းလင်း မေးရမည်။ ရှေ့မျက်နှာနောက်ထားပြီး အကူညီတောင်းသင့် လျှင်လည်း တောင်းရမည်။ ရုပ်ရှင်တွေထဲကလိုတော့ ဘယ်တော့မှ ညစ်ညမ်းစကားတွေသုံးပြီး ကြမ်းကြမ်းရမ်းရမ်း မိန်းမကြမ်း လုပ်ပြသွားလိမ့်မည် မဟုတ်၊ ပညာသားပါပါ လှလှပပ ကိုင်တွယ်ဖြေရှင်းသွားရန် အားလုံး စဉ်းစားပြီးဖြစ်ပါသည်။

■

**ညှို့ပြင်းရှ**



www.burmeseclassic.com

www.burmeseclassic.com

၁။

"ဒုဋ္ဌဝတီမြစ်ရေကို သောက်ဖူးသူတိုင်းဟာ ဒုဋ္ဌဝတီမြစ်ကြောင်း
စီးဆင်းရာ တစ်လျှောက် အဲဒီဒေနရပ်ဒေသကို
ပြန်ရောက်တတ်ကြသတဲ့ မေ"

"ယုံတမ်းစကားတွေပါ ဆရာရယ်၊ ဘာလဲ ဆရာလည်း
အဲဒီလိုအယူအဆတွေကို ယုံတတ်တာပဲလားဟင်"

"ကိုယ်တိုင်မှ မကြုံဖူးသေးတော့လည်း ကြားစကားပါလေ"






www.burmeseclassic.com

www.burmeseclassic.com



၂၀၀၉ ဧပြီ ရွှေအမြုတေ ရုပ်စုံမဂ္ဂဇင်း ဘုဒ္ဓ

www.burmeseclassic.com

www.burmeseclassic.com

'ဆရာရယ် မယုံပါနဲ့၊ အရာရာကိုပေါ့။ ပြီးတော့လေ ကိုယ့်မျက်လုံးတွေကိုတောင် ကိုယ်မယုံရဘူးလို့ ကြားဖူးတာပဲ'

'မေတို့ ရန်ကုန်သူတွေက သိပ်စကားတတ်တာပဲကွယ်'

❑

၂။

စာရေးဆရာမ ဂျူး၏ **သစ်တောလမ်း** ဝတ္ထုတိုလေးကို ဖတ်ပြီးကတည်းက မေ့ရင်မှာစွဲထင်နေမိသည်က ဆရာ့အတွက် ကတ္တီပါဖိနပ်အကောင်းစားလေး တစ်ရန်ကို ဝယ်ပေးဖြစ်အောင် ဝယ်ပေးဦးမည် ဆိုတာပဲ ဖြစ်ပါသည်။ အစိမ်းပုပ်ရောင် ခပ်ရင့်ရင့်လေးဆိုလျှင် ဆရာနှင့် သိပ်လိုက်မှာ။

ဆရာ့ခြေထောက်အစုံက ခြေချောင်းလေးတွေများ သိပ်သန့်ရှင်းတာပဲ။ ခြေသည်းလေးတွေကိုလည်း တိတိရိရိ ညှပ်ထားတာများ မေတို့ပင် အတုယူရသည်အထိ။ မေ ကိုယ်တိုင်သည်လည်း ခြေသည်းအရှည်မထားတတ်သူ မဟုတ်လား။ ထိုအခါ ဆရာ့ကိုတွေ့တိုင်း ပထမဆုံး မေ ဂရုတစိုက် ကြည့်မိသည်က ဆရာ့ခြေထောက်ကိုပင် ဖြစ်နေပါတော့သည်။ ဆရာကတော့ သိမှာမဟုတ်။ ဆရာသိသည်က-

'မနေ့က သင်္ချာတွက်ထားတာ နားလည်ရဲ့လား။ ပုံသေနည်းတွေ အလွတ်ရနေတယ်ဆိုတိုင်း အဆင့်ကျော်ပြီး မတွက်နဲ့။ အမှတ်ပေးစည်းမျဉ်းကို သိထားမှလေ'

'အင်္ဂလိပ်စာကို ရေးကျက်မှဖြစ်မှာနော်၊ အက်ဆေးတစ်ပုဒ်လောက် ရေးပြပါလား'

ညနေ ငါးနာရီထိုးကျောင်းဆင်းချိန်မှာ ဆရာရေမိုးချိုးပြီး မေ့ထံ စာလာသင်ပေးရသည်။ ကျည်ပွေ့အတက်ပေါက်သော မေကတက္ကသိုလ်ဝင်စာမေးပွဲကို ရှမ်းပြည်နယ်မြောက်ပိုင်း၊ လောက်ကိုင်မြို့ စာစစ်ဌာနကနေ ဝင်ဖြေမည်။ မေလည်း ဆိုင်အလုပ်တွေနှင့် မအားလှပေမဲ့ စာမေးပွဲလေး ဝင်ဖြေလိုက်တော့ ကံကောင်းလျှင် အောင်မှာပဲဆိုသည့် ကံကိုစမ်းကြည့်လိုက်ခြင်းပင်။

မေ့အသက်က နှစ်ဆယ်ကျော်နေပြီ။ မေ့ထက် အသက်ဆယ်နှစ်ကြီးသော မမကြီးကလည်း မေ့ကို စာမေးပွဲဖြေစေချင်သည်။ မေ့ကိုလည်း စာသင်နေလျှင် ခြေငြိမ်တာပဲလေဆိုပြီး လွှတ်ထားလိုက်တော့သည်။ အထူးသဖြင့် ခဲအိုရှေ့မှာ မျက်နှာကောင်းရသည်။ ဆိုင်အလုပ်ကိုလည်း စာသင်တာအကြောင်းပြပြီး ရှောင်ခိုလို့ရသည်။ မေ ကိုးတန်းအောင်မြင်ပြီးကတည်းက လေဖြတ်ခဲ့သော ဖေဖေက ဆေးပင်စင်ယူခဲ့ရသည်။ ထိုအခါ သမီးငယ်ဖြစ်သော မေ့မှာ မေမေနှင့်အတူ အိမ်ရှေ့ဈေးဆိုင်လေး ဖွင့်ပြီး အတူကူခဲ့ရတာမို့ ဆယ်တန်းမတက်ဖြစ်ခဲ့တော့တာ ခြောက်နှစ်ရှိခဲ့ပြီ။ မေတို့မှာက မွေးချင်း ညီအစ်မနှစ်ယောက်တည်းရှိသည်မို့ ယခု မမကြီးက လှမ်းခေါ်သဖြင့်သာ ဆရာနှင့် စာသင်ခွင့် ဆုံစည်းရလေခြင်း။

ဆရာကလည်း စိတ်ရှည်သည်။ ညနေစာ စားပြီးမှ ဆရာက ပြန်တတ်တာမို့ မေ့တာဝန်က စာလည်းသင်၊ ဆရာ့ကိုလည်း ထမင်းခူးခပ်ကျွေး။ ဆရာကလည်း အရင်ကတည်းက မေတို့ဆိုင်မှာ လပေးစားနေကျဖြစ်သည်။ လစာထုတ်ပြီးတာနှင့် ရှင်းပေးတတ်သည်။ မေ ရန်ကုန်ကနေ ရောက်လာတော့ ဆရာ၏ ထမင်းလခကို မေ့ ကျူရှင်ပြပေးစရိတ်နှင့် ခုနှိမ်လိုက်သည်။ ဆရာကလည်း ထမင်းစားနားချိန် အချိန်လေးတစ်ခုကို ဖဲ့၍ မေ့ကို စာသင်ပေးနေတာလို့လည်း ပြောနိုင်သည်။

တစ်ခါကဆိုလျှင် အောက်ဈေးဘက်ကို ခဏသွားပြီး ဈေးဖိုး ကြွေးသွားရှင်းရသည်။ ဆိုင်အကူမလေး ငယ်ငယ်လည်း အဖော်ပါလာခဲ့သည်။ အစ်မတွေ ပေးလိုက်သော ပလုတ်တုတ်သုံးဘီး ဆိုင်ကယ်ခကို အောက်ဈေးထိပ်က ဂလုန်းဂလုန်း ဝင်ထိုးသည်။ ငယ်ငယ်က ကြိုးဆွဲပေးသည်။ မေက ထိုးသားလုပ်သည်။ ငါးကို နှစ်ကျပ်ထိုးတော့ အန်စာတုံးက ငါးနှစ်ကောင်ကျလာသည်။ လောင်းကစားအကျိုးပေးသည် ခေါ်ရမည်။ ငယ်ငယ်က ကြိုးဆွဲလိုက်၊ မေ့မှာ အားပါးတရဝေးခနဲ ဟေးခနဲ အော်လိုက်နှင့် ပတ်ဝန်းကျင်ကိုပင် သတိမထားမိတော့။ အရင်း ယွမ်ငွေ ၆ ကျပ်ကနေ ယွမ်ငွေ သုံးဆယ်နီးနီး ရခဲ့ပြီ။

'ညနေကျရင် ကြက်နက်ကင်အကောင်လိုက် ဝယ်စားပစ်မယ်ကွ၊ ကိုင်း ဒီတစ်ခါတော့ ကျားဟော့ ကျားသုံးကောင်လုံး ကျလိုက်စမ်းပါ။ ဟေး ဟေး'

မေနှင့် ငယ်ငယ်တို့ ဂလုန်း ဂလုန်း ခြောက်ကောင်ဝိုင်းကို ဦးဆောင်နေချိန် အနိုင်ရနေတာမို့ ထိုးသားတွေလည်း တစ်စ တစ်စ များလာသည်။ တစ်ကျပ်ထိုး တစ်ကျပ်လျော် ခြောက်ကောင်ဝိုင်း။

'မေလေးနှင်းဆီ ထ၊ စမ်း၊ ဗမာမိန်းကလေးတွေဖြစ်ပြီး မရှက်ဘူးလား၊ လူမျိုးခြား ယောကျ်ားလေးတွေနဲ့ ရင်ပေါင်တန်းလို့ တကယ်ကွာ။ ဒီအသံတွေ ကြားဖူးပါတယ်လို့မှတ်ပြီး ဝင်ကြည့်မိလို့သာပေါ့၊ ထစမ်းပါ။ လာခဲ့၊ သွားမယ်။ ဘယ့်နှယ်ကွာ၊ နောက်လထဲပဲ စာမေးပွဲဖြေရတော့မယ်'

'ဟယ် ဆ…ဆရာ နိုင်လင်းဦးကြီးတော့…သေပြီ ဆရာ၊ အဲပြေးပြီ ဆရာ၊ မေလေးနှင်းဆီရေ နင့်ဘာသာနောက်က လိုက်ခဲ့တော့'

ငယ်ငယ်တစ်ယောက် မေ့လက်ထဲက တစ်ကျပ်တန်သုံးရွက်ကို ဆွဲယူထုတ်ကာ တွေ့သည့် ပလုတ်တုတ်ကို တား၍ စီးသွားတော့သည်။ ငယ်ငယ်က တောရွာသူပီသစွာဖြင့် အထက်တန်းပြ



www.burmeseclassic.com

www.burmeseclassic.com

ကျောင်းဆရာဖြစ်သော ဆရာ့ကို ကြောက်ရသည်လို့ မကြာမကြာ ပြောဖူးလေသည်။ ဆရာ့အတွက် နေ့လယ်စာ ထမင်းချိုင့်ကို သွားပို့ပေးနေကျမို့ အနေအထိုင်တည်သော ဆရာ့မျက်နှာကြောင့် အကြောက်ပိုရသည်လို့လည်း ပြောပြဖူးကြလေသည်။ ဆရာ့မျက်နှာက တည်တာထက် ငြိမ်သည်လို့ ပြောရမည်လားမသိ။ ယခု မေ့လက်ကိုဆွဲထားသော ဆရာ့မျက်နှာက ငြိမ်နေသည်ထက် ပိုနေလေတော့သည်။ မုန်တိုင်းမလာခင် လေငြိမ်သက်တတ်သည်ဆိုလားပဲ။

‘လူတွေဝိုင်းကြည့်နေတယ်၊ ဒီနားကနေ သွားရအောင် မေ’

‘အမယ် လူတွေ ဝိုင်းကြည့်နေတာဘာဖြစ်လဲ။ ရန်ကုန်မှာဆို လူတွေဝိုင်းကြည့်မှ…’

‘မေလေးနှင်းဆီ တိတ်စမ်း၊ မင်းစကားတတ်တိုင်း လျှောက်ပြောမနေနဲ့၊ ဒါရန်ကုန်မဟုတ်ဘူး။ လောက်ကိုင်။ အချိန်မရွေး မင်းကို သေနတ်နဲ့ ပစ်လိုက်လို့ရတဲ့နေရာ။ မင်းကွာ မင်း မိန်းကလေးဖြစ်နေလို့သာပေါ့။ ငါစာသင်ပေးရတဲ့ ဆယ်တန်းကျောင်းသားတွေ မင်းလိုမျိုး တစ်ယောက်မှ ခွန်းတုံ့ပြန်ဖို့ မပြောနဲ့၊ မော်ပြီးတောင် မကြည့်ရဲဘူး သိလား။ မင်းမနေ့တစ်နေ့ကမှ ဒီလောက်ကိုင်ကို ရောက်လာပြီး…’

‘တော်ပါတော့။ ဆရာက စာသင်ပေးရတာနဲ့တင် မာန်တက်နေတာပဲ။ ကျွန်မကလည်း မိကောင်းဖခင်သားသမီးပါ။ ကျွန်မ အစ်မ မိသားစုရဲ့ မြန်မာထမင်းဆိုင်မှာ လာဝိုင်းကူပေးနေရင်း စာမေးပွဲလေးအောင်ရင် အဝေးသင်တက်ပြီးတော့ ဘွဲ့တစ်ခုများရလေမလားရယ်လို့ စိတ်ကူးယဉ်ပြီး စာသင်ပြတာ သိပ်တော်တာပဲလို့ နာမည်ကြီးနေတဲ့ ဆရာနဲ့ စာသင်မိတာပါ။ တော်ပါပြီ။ ဒီနေ့ညနေကစပြီး ဆရာ့ဆီမှာ ကျွန်မ စာမသင်တော့ဘူး။ ကျွန်မကို စာသင်ပေးစရာလည်း မလိုတော့ဘူး။ စာမေးပွဲလည်း မဖြေတော့ပါဘူး’

ဆရာ့လက်ကို ဆွဲဖယ်ပုတ်ခါရင်း ဆရာ့မျက်နှာကို တည့်တည့်စိုက်ကြည့်ကာ မေ ပြောလိုက်တော့သည်။ ရုတ်တရက် မေ့ထံမှ ထိုသို့ စကားမျိုးကို မထင်မှတ်ဘဲ ကြားလိုက်ရ၍လားမသိ။ ဆရာ့မျက်နှာအနေအထားတစ်ခု ပြောင်းလဲသွားတာကို တွေ့လိုက်ရပါသည်။ မေ မဖတ်တတ်သော ဆရာ့မျက်နှာကို လျစ်လျူရှုပြီး ပလုတ်တုတ်တစ်စီးတား၍ ပြန်ခဲ့လေတော့သည်။ နောက်မှာ ကျန်ရစ်ခဲ့သော ဆရာ့ကို စိတ်အနာကြီးနာစွာဖြင့် တဝေါဝေါပြိုဆင်းလာသော မျက်ရည်များကို ခပ်ကြမ်းကြမ်း သုတ်ပစ်လိုက်ပါသည်။ လူကြားသူကြားထဲ အော်ဟစ်ဆူပူတာက ဆရာ့၏ဆုံးမမှုပုံစံလား။ နေပါစေတော့လေ။ မေ့မှာ ဆယ်တန်းပညာသင်ဖို့ ပါရမီကံမှ ပါမလာသည်ပဲကိုး။ ❑

၃။

‘ဆရာ ဒီနေ့ညနေ ထမင်းလာမစားပါလား။ မင်းမင်းရေ ဖုန်းဆက်ကြည့်ဦး။ ဆရာ နေမကောင်းရင်လည်း မင်းပဲ ချိုင့်နဲ့ သွားပို့ပေးလိုက်လေနော်။ ငါ့ညီမကတော့ ဆရာမလာလို့ စာမသင်ရဘူးဆိုပြီး ပျော်နေတော့မယ်။ ပြောသာပြောရတာ ဒီကောင်မလေးလည်း အောက်ထပ်ကို ဆင်းမလာပါလား။ ငယ်ငယ်ရေ နင့်အစ်မ မေလေးကို ခဏတက်ကြည့်လိုက်ဦးနော်။ နေမကောင်းရင်လည်း ဆေးထိုးမလား မေးလိုက်ပါဦး’

‘ဟုတ်ကဲ့ မမကြီး’ဆိုပြီး ငယ်ငယ်တစ်ယောက် ဆေးလက်စပန်းကန်များကို ပစ်ထားခဲ့ကာ မေ့အနားသို့ ခွေ့ခနဲ ရောက်လာသည်။ မနက်က ငယ်ငယ် ဆိုင်ကို အရင်ပြန်ရောက်လာသောအခါ -

‘မေလေးက ဈေးဖိုးစာရင်းတွေ ရှင်းမပြီးသေးလို့ ကျန်ရစ်ခဲ့သေးတယ်’လို့ ပြောတာလောက်နှင့်ပင် မမကြီးတို့က ယုံကြည်သည်။ ငယ်ငယ်ကိုယ်တိုင်သည်လည်း ဆရာနှင့် မေ ရန်ဖြစ်ခဲ့တာကို မသိသေး။ ဆိုင်ပြန်ရောက်ကတည်းက မေလည်း အပေါ်ထပ်ကိုတက်ပြီး စာရေးဆရာမ ဂျူး၏ ဝတ္ထုတိုပေါင်းချုပ်တွေ ဖတ်လိုက်၊ စာရေးဆရာမ မိုးမိုး(အင်းလျား)၏ ဝတ္ထုတိုပေါင်းချုပ်တွေ ဖတ်လိုက်နှင့် ညနေစာ ဆရာ လာစားပြီးချိန်အထိ အချိန်ဖြုန်းနေလိုက်တော့သည်။

‘ကဲ ဒေါ်ရွှေမေလေးရေ နေမကောင်းရင်လည်း ထ၊ တော့။ ဆေးသွားထိုးရအောင်လို့’

‘ဟာ ဆေးမထိုးပါဘူး။ ဘာမှမ ဖြစ်တာကို၊ ဟယ် မဟုတ်ပါဘူး ခုနက ဆေးခြင်းထဲကနေ ဘိုင်အိုဂျက်ဆစ်တစ်လုံး ယူသောက်ထားပြီးပြီလို့ မမကြီးကို ပြောလိုက်ဟာ။ ခဏနေ ဆိုင်သိမ်းတဲ့အခါ လာဝိုင်းကူပေးပါ့မယ်၊ ဟုတ်ပြီလား’

‘မေလေးနော်။ ငါ တစ်ခုခုကို သိနေသလိုပဲ။ ဆရာကလေ အရင်ရက်တွေကဆို ညနေစာ လာမစားဖြစ်ရင် ဖုန်းဆက်နေကျဟ။ နေ့လယ်စာကတော့ ကျောင်းထဲက သူ့လိုင်းခန်းမှာ သွားပို့ပေးရတာမို့ ထားပါတော့။ တကယ်ဆို ဆရာ ထမင်းလာစားခြင်း၊ မစားခြင်းထက် နင့်ကို စာသင်ချိန်ပျက်ကွက်ကြောင်းကိုတော့ ဖုန်းဆက်သင့်တယ်မဟုတ်လား’

‘အမယ်လေး မေစ်ရှားကြီးရယ်၊ ရပါပြီ။ ခေါင်းလည်း မကိုက်တော့ပါဘူး။ ခုပဲ ဆင်းလာပါတော့မယ်’

မေ့ စကားအဆုံးမှာ ငယ်ငယ် ပြေးဆင်းသွားတော့သည်။ ညရှစ်နာရီဝန်းကျင်ခန့်ရှိပြီမို့ စားသောက်သူများ ရှင်းလင်းနေပြီ။ အနီးအပါးမှ ဂိမ်းဆိုင်များ၊ ကာရာအိုကေဆိုင်များကတော့ ဆူညံနေဆဲ။

ထိုအချိန်မှာပဲ မင်းမင်းတစ်ယောက် ဆိုင်ကယ်စက်နှိုးကာ ထွက်သွားလေတော့သည်။ ငယ်ငယ်တစ်ယောက် မမကြီးလစ်တာနှင့် မေ့အနားဆီသို့ တိုးလာကာ ကပ်၍ ပြောလေသည်။

‘ဆရာ မနက်က အောက်ဈေးကနေ ရင့်ဖုန်းဟိုတယ် အနောက်လမ်းကနေ ပတ်ပြီး ကျောင်းအထိ လမ်းလျှောက်ပြန်သွားတာ ဖိနပ်


www.burmeseclassic.com

www.burmeseclassic.com

ပြတ်သွားတာနေမှာ’

‘နင့် ဘယ်သူပြောလဲ’

‘အခုပဲ မင်းမင်း ဖုန်းဆက်တော့ သိတာလေ။ ဖိနပ်ပြတ်လို့ ရေချိုးဖိနပ်အစုတ်ကြီးနဲ့မို့ ထမင်း လာမစားတာတဲ့။ မနက် ဈေးဖွင့်ချိန်မှ ဖိနပ်သွားဝယ်မယ်ပြောတာပဲ’

‘ဆရာ ဖိနပ်ပြတ်သွားတာမို့ ထမင်းလာမစားတာကိုး။ ဒါဖြင့် မေ့ကို ဆရာစိတ်ဆိုးလို့ ထမင်းလာမစားတာမဟုတ်ဘူးပေါ့။ တော်ပါသေးရဲ့’လို့ ဖြေတွေးရသည်။ တော်ကြာ မနက်က ဆရာ့ကို မေ ရိုင်းရိုင်းစိုင်းစိုင်း ပြောဆိုခဲ့မိတာများ ဆရာက မကြီးကို ပြန်ပြောလိုက်လျှင်…။

မေ အပေါ်ထပ်ပြတင်းပေါက်ဆီ ပြေးတက်ပြီး လိုက်ကာကို ဆွဲဖယ်ကာ ဆရာရှိနေမည့် အထက်တန်းကျောင်းကြီးဆီသို့ လှမ်းမျှော်ကြည့်မိပါသည်။ မေတို့နေထိုင်သည့် ဗမာတန်းကနေ အထက်တန်းကျောင်းရှိရာသို့ လမ်းလျှောက်သွားလျှင် ဆယ်မိနစ်လောက်ပဲ လျှောက်ရပါသည်။

‘ငါ မနက်စောစောအပေါ်ဈေးထဲမှာ အမဲစွပ်ခေါက်ဆွဲ သွားစားမှာမို့ စောစောထ,ချေ။ ပြန်လာတာနဲ့ မီးဖိုချောင်တန်းဝင်ကြတာပေါ့’

❑

၄။

မေတို့က မနက်ငါးနာရီနိုးစက်ပေးကာ အိပ်ရာထ,ရသည်။ တရုတ်နာရီနှင့်ဆိုလျှင် အချိန်တစ်နာရီခွဲ နောက်ကျတာမို့ တရုတ်နာရီနှင့်အမီ ချက်ပြုတ်ရပါသည်။ ဈေးကိုတော့ မမကြီးတို့ လင်မယားက မနက်ငါးနာရီထိုးတာနှင့် အိမ်က Hiace ကားနှင့်သွားကြပြီ။ ကျန်ပစ္စည်း ကုန်ခြောက် အမယ်များကိုတော့ အောက်ဈေးဘက်က သုံးရက်တစ်ခါ လားရှိုးဆင်းသော လားရှိုးပွဲစားတွေဆီ ကြိုမှာရပါသည်။ မနက်အဆာပြေကို မေက စားချင်တာ ထွက်စားတတ်တာမို့ မမကြီးတို့ကလည်း ဘာမှမပြောတတ်။ ဈေးဆွဲခြင်းချပြီ ဆိုတာနှင့် ကိုယ့်အလုပ်ကိုယ့်တာဝန်ခွဲယူ ချက်ပြုတ်ကြသည်။ မနက်ဆယ်နာရီတိုင်လျှင် ဆွမ်းတော်ချိုင့်အတွက်က စလို့ ဟင်းအမယ်မယ်တို့ ကျက်စပြုပြီ။

*‘မုလေးရုံတောအစ*
*ဒေါနလမ်းမြေညီ*
*လျှောကျစမ်းရေ*
*သင်းကြည်တယ်*
*ရွှေနှင်းဆီ ကန်ချောင်း*
*လွမ်းမတတ်*
*စံကားဝါငုမှာ*
*နံ့သာဖြူ*
*လေးမောင့်စံကျောင်း…’*

ဦးပုည၏ **လေးမောင့်စံကျောင်း** တေးထပ်ကို မေ ရွတ်ဆိုနေမိသောအခါ ငယ်ငယ်တစ်ယောက် တခွိခွိနှင့် ရယ်နေလေတော့သည်။

‘စာတွေ ပိုင်နေပြီပေါ့လေ’

အတန်းကျောင်း မနေဖူးခဲ့သော အညာသူမလေးရယ်မို့ မေ့မှာ စိတ်မဆိုးရက်အားပါချေ။ မေ့အတွက်တော့ မေ့ထက် အသက်တစ်နှစ်ငယ်သော ငယ်ငယ်တစ်ယောက်သာ တီးတိုးဖော်ရှိလေသည်။

ညီအစ်မနှစ်ယောက်တည်းသာရှိသော မေ့မှာ မမကြီး အိမ်ထောင်ပြုပြီးကတည်းက အိမ်ရှေ့မှာ အအေးမျိုးစုံဆိုင် ဖွင့်ထားသော အဖေနှင့် အမေ့အတွက် ကိုယ်ခွဲဖြစ်ခဲ့ရသည်က စလို့ ကိုးတန်းအောင်ပြီးတော့ ကျောင်းဆက်မတက်နိုင်ခဲ့ပါတော့ချေ။ ယခု မမကြီးမှာလည်း မပေါ့မပါးကြီးနှင့်မို့ အဖေနှင့် အမေတို့က မေ့ကို လောက်ကိုင်မြို့သို့ လွှတ်လိုက်တာပင်။

‘ငါကြားဖူးတာတော့လေ ဖိနပ်ဝယ်ပေးရင် တူနှစ်ကိုယ် နီးစပ်တတ်သတဲ့’

‘ပေါက်ပေါက်ရှာရှာဟာ၊ ဆရာ့မှာ ချစ်ရသူရှိနေမှာပေါ့။ ဆရာ့အသက်မှ မငယ်တော့တာကို။ ငါလေ မနေ့က စာရေးဆရာမ ဂျူးရဲ့ …သစ်တောလမ်းထဲက စာပို့သမားကို မျက်စိထဲ မြင်နေတုန်း၊ ဆရာ့ကိုလည်း ဝစီကံမြောက် စော်ကားထားမိလို့ ဆရာလည်း ဖိနပ်ပြတ်တာနဲ့ ကြုံတုန်း…’

‘နင့် အကြောင်းပြချက်တွေကလည်း များလိုက်တာဟာ။ ဘာပဲဖြစ်ဖြစ်ဟာ နင် ဖိနပ်ဝယ်ပေးတာနဲ့ကို ဆရာက စိတ်ဆိုးပြေသွားမှာပါ။ ဆရာက ပခုက္ကူဇာတိတဲ့။ ဆရာက ဆင်းရဲတော့ ပခုက္ကူ ဦးအုန်းဖေ ပညာသင်ထောက်ပံ့ကြေးနဲ့ ဆယ်တန်းကို နှစ်ချင်းပေါက်အောင် ကြိုးစားခဲ့တာတဲ့။ အခု ဒီလောက်ကိုင်ကို နယ်စပ်ဒေသဖွံ့ဖြိုးရေးအတွက် ရောက်လာပြီးကတည်းက ရွှေ့ပြောင်းစာ မတင်တော့တာ ဆယ်နှစ်ရှိပြီတဲ့’

‘ဟယ် ငယ်ငယ်ရယ် သိလှချည့်လားဟယ်။ နင် နင်ဆရာ့အပေါ် ရိုးမှရိုးရဲ့လားဟင်’

ငယ်ငယ်က မေ့ကို မျက်စောင်းလှမ်းထိုးသည်။

‘လောက်ကိုင်တစ်မြို့လုံး ဆရာ့အကြောင်းသိတယ်။ နင်ပဲ မသိတာ ဟွန်း။ ဆရာ စာလာသင်တိုင်း နင့်ကိုကြည့်တဲ့အကြည့်က ရိုးမနေဘူးဆိုတာလည်း အကုန်လုံးအသိ။ ကျောက်ခဲလိုမာနေတဲ့ ဆရာ နိုင်လင်းဦးရဲ့ သံမဏိနှလုံးသားက ရန်ကုန်သူနဲ့လည်း တွေ့ကော…’

‘တော်ပါ။ ငယ်ငယ် နော် ပြောတော့စာမတတ်ဘူးတဲ့။ နှလုံးသားစကားတော့ တော်တော်တတ်’

ဆရာ့အတွက် ကြည်နူးစွာ ဝယ်ထားသော ဆင်ကိုးကောင် ကတ္တီပါအစိမ်းပုပ်ရောင်လေးကို မေ မြတ်နိုးစွာဖြင့် ကိုင်ထားမိသည်။ နံပါတ် ၁၁ ကို ယူထားတာမို့ ဆရာနှင့်လည်း တော်လောက်မည်ထင်ပါသည်။ မတော်လျှင် ပြန်လဲလို့လည်းရတာမို့ ကိစ္စမရှိ။ ကိစ္စရှိသည်က ဆရာ့ကို ပြန်တောင်းပန်ဖို့။ ဆရာ့ကိုလည်း ဖုန်းဆက်ခေါ်ထားသည်။ ပလုတ်တုတ်စင်းလုံးငှားခဲ့ပြီး အပေါ်ဈေးထဲကို လာခဲ့ဖို့။ အမဲစွပ်ခေါက်ဆွဲဆိုင်မှာ ဆရာ့ကို ခေါက်ဆွဲဝယ်ကျွေးရင်း ဖိနပ်နံပါတ်



www.burmeseclassic.com

www.burmeseclassic.com

ဆိုက် တော်မတော်ပါ တစ်ခါတည်း တိုင်းကြည့်မည်။ ကျောင်းက မနက် ၉ နာရီ တက်မှာမို့ ဆရာ့ခြေထောက်မှာ ဆရာ့ဂုဏ်သိက္ခာနှင့် ညီသော ဖိနပ်တစ်ရန်တော့ စီးထားမှဖြစ်မည်လေ။

‘အုန်း…’

‘ဒုန်း…’

‘ဟော့…ဟော့ ဒါ…ဒါ…ဗုံးကွဲသံ။ ဗုံးပေါက်သံ တစ်ခုခုပဲဟော့၊ ဆိုင်မြန်မြန်သိမ်းကြစမ်း။ ဟော ဟော ကြားကြလားဟော့ ပြေးကြပါဟ’

‘မနေ့က စစ်ကြောင်းတွေ အောက်ကနေ တက်လာကတည်းက စစ်ဖြစ်တော့မယ်ထင်တယ်လို့ တော်တို့ကို ကျုပ်ပြောထားသားနဲ့ ပိုက်ဆံမက်ပြီး ဈေးဆိုင်ထွက်ကြတာကိုး၊ အမယ်လေး အမေရေ ကယ်ပါဦး အီးဟီးဟီး’

အုန်းခနဲ၊ ဒိုင်းခနဲ အသံမျိုးစုံတို့ကြောင့် မေ့မှာ ဘုရားတ,ရင်း ဗမာတန်းထဲမှ မမကြီးရှိရာ ထမင်းဆိုင်ကို အမြန်ပြန်ပြေးလာခဲ့ရပါသည်။ တစ်ခါမှမကြားဖူးသော အသံတွေမို့ မေ့ ရင်တွေ တဒိုင်းဒိုင်း ခုန်နေမိသည်။ မမကြီးမှာက မပေါ့မပါးကြီးနှင့်။ ခုချိန်ဆို မမကြီး မေလေးခတ္တာ တစ်ယောက် မေ့ကိုစိတ်ပူနေလောက်ပြီ။

ငယ်ငယ်လည်း ဘယ်မှာပြတ်ကျန်ခဲ့မှန်းမသိ။ထိုအချိန်မှာပဲ မေ စလွယ်သိုင်းလွယ်ထားသော ဖုန်းအိတ်လေးထဲမှ ဖုန်းမြည်သံကို ကြားလိုက်ရပါသည်။ မေ လမ်းဘေးမှ ငါးထပ်တိုက် ဟောင်းကြီးဘေးမှာ အသာကွယ်ရပ်ရင်း ဖုန်းကိုထုတ်ယူလိုက်ပါသည်။ စိတ်လှုပ်ရှားနေသောကြောင့် လက်ကတုန်နေသဖြင့် ဖုန်းက ချက်ချင်းထုတ်မရ။ မျက်ရည်များကို သုတ်ပြီး ဖုန်းကိုဖွင့်ကာ နားထောင်လိုက်မိပါသည်။

‘မေ…မေ အခုဘယ်မှာလဲ’

ဟင် ဒါ…ဆရာ့အသံ။ ဖုန်းထဲမှာ အော်ဟစ်ပြေးလွှားသံတွေက ဆူဆူညံနေသည်။

‘အပေါ်ဈေး…အပေါ်ဈေးနားက ငါးထပ်တိုက်ဟောင်းကြီးဘေးနားမှာပဲ ရှိရှိသေးတာဆရာ’

‘ဟုတ်ပြီ။ အဲဒီနေရာက လုံခြုံသေးတယ်။ ဆရာလာခဲ့မယ် မေ၊ ဆရာလည်း ဈေးနားမှာပဲ ပိတ်မိနေသေးတာမို့ ခဏလေးစောင့်…စောင့်…အား’

‘အုန်း…အုန်း…’

‘ဒက်…ဒက်… ဒက်’

‘ဒုန်း…’

အားခနဲ အော်လိုက်သော ဆရာ့ အသံနက်နက်ကြီး၏ နောက်မှာ တအုန်းအုန်း ပေါက်ကွဲသံ။ သေနတ်သံတွေ။ အဆောက်အအုံပြိုကျသံတွေ။

‘ဆရာ’

‘…ဆရာ၊ အမယ်လေး ဆရာ့ကို ကယ်ကြပါဦး၊ အီး ဟီး ဟီး’

ဖိနပ်ဘူးကို ရင်ခွင်ထဲ ပိုက်ရင်း ဆရာရှိနေမည့်နေရာကို မှန်းဆကာ မေ အော်ဟစ်ငိုကြွေးလိုက်မိသည်။

‘ညီမလေး ထ၊ ထ အခု စစ်ဖြစ်နေပြီ။ နယ်မြေသိမ်းချင်တဲ့ ကိုးကန့်နဲ့ စစ်ဖြစ်တာလို့ ပြောတယ်။ အိမ်ကကားနဲ့ပဲ ပစ္စည်းတွေသယ်သင့်သမျှ သယ်ခဲ့ပြီးပြီ။ ညီမလေးကိုပဲ လိုက်ရှာနေကြတာ။ မြန်မြန် ထ…မြန်မြန်ထ၊ တစ်မြို့လုံး လားရှိုးကို ရရာကားနဲ့ ဆင်းပြေးကုန်ကြပြီ။ တပ်မတော် စစ်ကြောင်းတွေကာပစ်ပေးနေတုန်း မမကြီးတို့ အမြန်ထွက်မှရမယ်’

‘ဆ…ဆရာက…’

မေ့မှာ စကားပင် မဆုံးလိုက်။ ခဲအိုနှင့် မင်းမင်းတို့ ယောကျ်ားသားနှစ်ယောက်၏ ပွေ့ချီတင်မှုကြောင့် Hiace ကားပေါ်သို့ ဇွတ်ခနဲ ရောက်သွားရလေသည်။ ငယ်ငယ်က ကားတံခါးကို ဂျိုင်းခနဲ ဆွဲလိုက်တော့သည်။ ဆရာရှိနေနိုင်မည်ထင်ရသည့် နေရာကို မေ လှမ်းကြည့်မိသည်။ ရှုပ်ယှက်ခတ်ကာ ပြေးလွှားနေသော လူတွေ အများကြားမှာ မြင်ကွင်းတွေက ဝေဝါးလှသည်။ တိုက်ပြိုကျမှုတွေကြောင့် ဖုန်တွေကလည်း အလိပ်လိုက်။ ယမ်းနံ့တွေကြားကနေ ‘ကျွန်တော်တို့ကိုလည်း ခေါ်သွားပေးကြပါဗျာ’ ဆိုပြီး မေတို့မိသားစု၏ ကားနောက်ကနေ ပြေးလိုက်သူကလိုက်နှင့်။

‘ဆရာ့ကို ဒီနေရာလာခဲ့ဖို့ မေ ခေါ်ခဲ့မိတဲ့အတွက် တောင်းပန်ပါတယ် ဆရာရယ်’

❑

၅။

တစ်ဆောင်းသစ်ပြန်ပြီ ဆရာ။

၂၀၁၅၊ ဖေဖော်ဝါရီ လဆန်းပိုင်းက ဖြစ်ခဲ့တဲ့ စစ်ပွဲလည်း ပြီးဆုံးသွားခဲ့တာ မနေ့တစ်နေ့ကလိုပါပဲ။ ခုချိန်မှာတော့ အားလုံးဟာ နေသားတကျပေါ့ ဆရာရယ်။

ကျွန်မရဲ့ မပြီးဆုံးနိုင်သေးတဲ့ တက္ကသိုလ်ဝင်တန်းစာမေးပွဲဖြေဖို့အတွက် ဆရာ့ဆီမှာ စာသင်ဖို့ စောင့်မျှော်နေမိတာကကော ရူးသွပ်မှုတစ်ခုများ ဖြစ်နေလေပြီလား။

ဆရာပြောတော့ ဒုဋ္ဌဝတီမြစ်ရေကို သောက်သုံးဖူးသူတိုင်းက အဲဒီဒုဋ္ဌဝတီမြစ်ကြောင်း စီးဆင်းရာ နေရပ်ကို ပြန်ရောက်တတ်တယ်ဆို။ ဆရာက ခုချိန်ထိ ပြန်မရောက်သေးပါလား။

ချမ်းအေးလှတဲ့ လောက်ကိုင်မြို့ရဲ့ နှင်းခါးစက်တွေကြားမှာ အအေးဒဏ်ကို အန်တုဖို့ မီးပုံဖိုရတိုင်း ဆရာနဲ့အတူတူ လတ်တီးသီချင်းဆိုလို့။ လက်ခုပ်တွေတီးပြီး က,နေကြရတယ်လို့ အိပ်မက်တွေ မက်ရတာလည်း ခဏ၊ ခဏပေါ့ ဆရာရယ်။ ဒါပေမဲ့ ကျွန်မ မယုံပါဘူး။ ကိုယ့်မျက်လုံးတွေကိုတောင် ကိုယ်တိုင်မှ မယုံရတာ၊ အိပ်မက်ဆိုတော့ ပိုပြီးမယုံရဦးမယ် ဆိုတာမဟုတ်လား ဆရာရယ်။

ဆရာ တစ်နေ့နေ့မှာတော့ ပြန်လာလိမ့်မယ်ဆိုတာ သိပါတယ်လေ။ တစ်ချိန်ချိန်မှာပေါ့။ မေ မျှော်နေပါတယ် ဆရာ။ ပြီးတော့ မေနဲ့ အတူတူ မျှော်နေသူရှိသေးတယ် ဆရာ။ သူက ဘယ်သူလဲဆိုတော့လေ ဆရာ့အတွက်ဆိုပြီး ဝယ်ထားခဲ့ဖူးတဲ့ ဆင်ကိုးကောင် ကတ္တီပါ အစိမ်းပုပ်ရောင် ဖိနပ်လေးတစ်ရန်ပေါ့ ဆရာရယ်။ ။ ■

**သဉ္ဇာလှိုင်၊လားရှိုး၊**



www.burmeseclassic.com

www.burmeseclassic.com



'ဟိုမှာ အဖေကြီးထင်တယ်'
နိုပြေမက လမ်းဘေး
တစ်နေရာတွင် လဲနေသော
အရက်သမားကြီးအား
လက်ညှိုးထိုးပြသောအခါ
မိတုတ်မ၏ ဒေါသဟုန်သမျှ
နိုပြေမအပေါ်
ပုံကျသွားတော့လေ၏။
'ဟဲ့ မသာမရဲ့၊ နင့်
အဖေကာလနာကြီးက အိမ်မှာတင်
ကာလနာတိုက်နေခဲ့တာ
နင်မမြင်ခဲ့ဘူးလား ဟဲ့'ဟု ဆိုကာ
နိုပြေမခေါင်းကို လေး၊ ငါးချက်
ဆင့်ခေါက်လိုက်လေသည်။
နိုပြေမှာ နာသော်လည်း
မအော်ရဲ။ သူ့အသံထွက်လျှင်
ပိုနာရမည်ဆိုတာ ပုစ္ဆာစရိယ
မိနှင့်ဖတို့က လက်ပူတိုက်

# အိမ်ဦးနတ်

**မခ**

သင်ကြားပေးထားခဲ့သည်
မဟုတ်လား။
မိတုတ်မအနေနှင့်ကလည်း
ကြာကြာ ဒေါသမထွက်နိုင်အား။
ယခု သူမ
ထွက်ချက်နေရသည်မှာ နေ့ဖို့ညစာ၊
ဟုတ်သည် နေ့ဖို့ညစာသာ
ဖြစ်သည်။ တစ်နေ့လုံး
အိမ်တကာလှည့်ပြီး သူများနိုင်းသမျှ
ကျိုးကျိုးနွံနွံလုပ်ခဲ့ရပေမဲ့
ညနေစောင်းတော့ သူ့ထဘီကြား
ကျစ်ကျစ်ပါအောင်လိပ်ထားသော
ငွေစကြေးစမှာ သုံးထောင်ကျပ်
တိတိမျှသာ။ ညနေ အိမ်
ရောက်တာနှင့် မောသွပ်
ရောင်အန်းနေသော လင်တော်မောင်
အိမ်ဦးနတ်ကြီး၏ မျက်နှာတော်အား
စက်ဆုပ်ရွံရှာဖွယ်ရာ ဖူးမြော်ရ၏။

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ကြည်ညိုတာ မကြည်ညိုတာ အသာထားလို့ လင်တော်မောင်အား တစ်ထောင်ကျပ်တိတိ ပူဇော်ခဲ့ရပေသည်။ တစ်ညတာ နားအေးပါးအေး နားနေအိပ်စက်ခွင့်အတွက် ဘီအီးတစ်ဘူးဖိုး ရှိခိုးကော်ရော်ခဲ့ရလေပြီ။ အခု မိတုတ်မလက်ထဲမှာ ငွေနှစ်ထောင်ကျပ်ကြီးများတောင် ကျန်နေသေး၏။ မိတုတ်မသည် တစ်နှင့်တစ်ပေါင်း နှစ်လောက်သာ သိရှာသည့် အသိဉာဏ်ပညာ မဟာနှင့် စီမံခန့်ခွဲနိုင်ဖို့ ကြိုးစားနေရှာ၏။

ဆန် တစ် ပြည် တော့ ဝယ်ထားမှရမည်။

‘ဆန်တစ်ပြည်ပေးပါ’

မိတုတ်မအသံ ကြားပါလျှက်နှင့် ဆိုင်ရှင်အဒေါ်ကြီးဟာ ဆွံ့သယောင်ယောင်၊ အ,သယောင်ယောင်လုပ်နေ၏။ မိတုတ်မက ဘဝပေးအသိအရ ထဘီကြားမှာ ကျစ်ကျစ်ပါအောင် လိပ်ထားသော ငွေအကြွေအချို့ကို လက်ထဲ ကိုင်ပြလိုက်မှ-

‘ညည်း အရင်က ဈေးဖိုးတွေ ကျန်သေးတယ်နော်’ ဟု ဆိုင်ရှင်အဒေါ်ကြီးက ဆူဆူဆောင့်ဆောင့်ပြော၏။

ဒီလိုနေရာမျိုးတွင် မိတုတ်မတို့က ခေသူမဟုတ်ပေ။

‘အဆင်ပြေတော့ ပေးမှာပေါ့တော်၊ တော့်အကြွေးသေရာ ယူမသွားပါဘူး’ဟု ပက်ခနဲ ခံရန်တွေ့လိုက်သည်။

‘ဒီလို ပြောတာပါပဲ အေ’ဟု ပြောကာ အဒေါ်ကြီးက ဆန်တစ်ပြည်ကို မဲ့ကာရွဲ့ကာ ခြင်ပေး၏။

မိတုတ်မက ‘ရော့တစ်ထောင့်ငါးရာ’ဟုဆိုကာ ဖယောင်းတိုင်တစ်ရာဖိုးနှင့် တစ်ရာတန်ပေါင်မုန့် တစ်ထုပ် ဖြုတ်လေသည်။

ပေါင်မုန့်မှာ အိမ်ရှေ့စံသားတော်မောင် ဖိုးလပြည့်အတွက် ဖြစ်ပေ၏။ မိတုတ်မယခုအချိန်အထိ အသက်နှင့်ကိုယ် မြဲနေခြင်းမှာ ဖိုးလပြည့်ဟူသော နှောင်တည်းထားသော ကြိုးတစ်ချောင်းကြောင့်သာ။ ဖိုးလပြည့်သည် မိတုတ်မ၏အသက် ဖြစ်၏။ ဖိုးလပြည့်သည် မိတုတ်မ၏ ဘဝဖြစ်၏။ ထို့မှုမက ဖိုးလပြည့်သာ မိတုတ်မ၏ အရာရာ ဖြစ်ပေတော့သည်။

❑

၁။

စိုပြေမမှာ ဆန်တစ်ပြည်အိတ်လေးကို ကျကျနနချည်နှောင်ကာ ကိုင်ဆွဲထား၏။ မိတုတ်မမှာ ဆန်ဆိုင်နှင့်မျက်စောင်းထိုးက ချက်ဟင်းရောင်းသောဆိုင်သို့ ရောက်နေလေပြီ။ မိတုတ်မလက်ထဲက နှစ်ရာတန်နှစ်ရွက်၊ တစ်ရာတန်တစ်ရွက်ဆိုသော ငွေကြေးက မိတုတ်မ၏ ထိထိမိမိ စီမံခန့်ခွဲနိုင်စွမ်းအားကို စောင့်ကြည့်နေပေသည်။ မိတုတ်မက တံတွေးကို ဂွပ်ခနဲ မျိုချကာ စီမံခန့်ခွဲတော့၏။ မိတုတ်မ၏ အကြည့်မှာ ဝက်သားကို ကျော်၏။ ကြက်သားကို ကျော်၏။ ငါးဟင်းခွက်နားမှာ ခလုတ်တိုက်သွားပေမဲ့ အောင်မြင်စွာ ကျော်လွှားနိုင်သေး၏။ ကြက်ဥပန်းကန်မှာ ရပ်တန့်သွား၏။ ကြက်ဥကို ပြုတ်၍ ထက်ခြမ်းခွဲကာ ခရမ်းချဉ်သီးအနှစ်နှင့် ချက်ထားသော ထိုကြက်ဥဟင်းလျာမှာ သားတော်မောင် ဖိုးလပြည့် ခံတွင်းတွေ့တော်မူ၏ မဟုတ်လား။ မိတုတ်မ ယတိပြတ် ဆုံးဖြတ်လိုက်၏။ ‘ကြက်ဥနှစ်ခြမ်း ထည့်ပေးပါ’။ တစ်ခြမ်းတစ်ရာဆိုတော့ ထိုတွင် နှစ်ရာကုန်ပေသည်။

ထိုနောက် မိတုတ်မမျက်လုံးတွေဟာ ကမ္ဘာမြေပေါ်က သားကောင်ကို သိမ်းစွန်ငှက် ဖြန့်ကြက်ကြည့်သကဲ့သို့ ဟင်းခွက်များအပေါ် စုန်ချည်ဆန်ချည် ဖြန့်ကြက်ပျံဝဲနေလေသည်။ သူ့အကြည့်ကို ငါးပိရည်ကျိုခွက်ကမိ၏။ သို့သော် မိတုတ်မက ရုန်းထွက်လာပြန်၏။ တစ်ဖန် သူ့အကြည့်ကို ကြက်ဟင်းခါးသီးကြော်ခွက်က မိ၏။ စိုပြေမမှ ကြက်ဟင်းခါးသီး မကြိုက်ဘဲလေ။ မိတုတ်မ ရုန်းထွက်လာပြန်၏။ ဒီလိုနှင့်ပဲ နောက်ဆုံး ချဉ်ပေါင်ကြော်ခွက်မှာ မိတုတ်မ ကျရှုံးရလေသည်။

‘ချဉ်ပေါင်ကြော် နှစ်ရာဖိုး ထည့်ပေးပါ’

တော်ပြီလေ။ ‘ကြက်ဥနှစ်ခြမ်းက ဖိုးလပြည့်အတွက်၊ ငါနဲ့ စိုပြေမက ချဉ်ပေါင်ကြော်နဲ့ စားလို့ရတာပဲ’။ အိမ်ဦးနတ်ကြီးကတော့ ဘုဉ်းပေးတော်မူမည် မဟုတ်ပေ။

❑

၂။

‘ဟဲ့ ကောင်မ ဒီဘက်ကူးခဲ့လေ’

ဆန်ထုပ်ကိုင်ကာ ငေးချင်ရာငေးလို့ တွေးချင်ရာ တွေးနေသော သူ့ချစ်သမီးကြီး စိုပြည်မကို မိတုတ်မက ပီယဝါစာ ခုနစ်သံချီကာ ခေါ်လေသည်။

‘တကတဲတော် တစ်ခါတည်း လိုက်လာမယ်မှတ်နေတာ၊ အဲဒီဆန်ဆိုင်က နင့်လင်ရှိလို့ နင်က နေခဲ့ရတာလား’

‘အွန်း အမေကလည်း သမီးက ဟင်းဆိုင်မလိုက်ချင်လို့ပါ။ အဲဒီဆိုင်က ကြက်သား ဝက်သားတွေ မြင်ရင် သမီးငိုချင်တယ်’

စိုပြေမက အဲဒီလို ရိုးရိုးကြီး ပြောချလိုက်တော့လည်း မိတုတ်မ ရင်ထဲမှာ မကောင်းရှာ။ မိတုတ်မက သူ့သမီးမျက်နှာကို တစ်ခါမှ မမြင်ဖူးသလို ငေးလို့။ သြော် သူတောင် အပျိုကြီးဖားဖား ဖြစ်လာပါပေါ့လား။ မိတုတ်မရင်ထဲ ဒီနေ့မှ ထူးထူးခြားခြား ကရုဏာစိတ်တွေ ဝင်လာသည်။ သို့သော် လျှပ်စစ်ရုံးမှ ခေတ်ကြိုးနှင့် မလွတ်၍ ခုတ်ချထားသည့် တမာကိုင်းခြောက်တွေ မမြင်ခင်သာ။ တမာကိုင်းခြောက်တွေ မြင်တော့လည်း-

‘ကဲ ကောင်မ ထင်းခြောက်ဆွဲခဲ့ဦး၊ ပေးပေး ငါ့ဆန်ထုပ်ပေးလိုက်’

❑

၃။

အိမ်ရောက်တယ်ဆိုလျှင်ပဲ မိတုတ်မဟာ သားတော်မောင်ကို ပေါင်မုန့်ထုပ်လေးပေးပြီး ထမင်းအိုး အပြေးအလွှား တည်ရသည်။ လင်တော်မောင် အိမ်ဦးနတ်ကြီးကိုလည်း မသိမသာ အကဲခတ်ကြည့်ရသေး၏။ ကာလနာကြီးက ဒီတစ်ဘူးနှင့်



www.burmeseclassic.com

www.burmeseclassic.com

မလောက်၍ ဂျစ်တိုက်လာရင်ပေးဖို့ ဟင်းဝယ်တုန်းက ချန်လာသည့် တစ်ရာတန်အနွမ်းလေးကို ဖွဖွစမ်းကြည့်မိသေးသည်။

တစ်အောင့်နေရင်ပဲ စိုပြေမ ထင်းတစ်ပွေ့တစ်ပိုက်နှင့် ပြန်ရောက်လာသည်။ မိတ္တတ်မက ထမင်းအိုးကို စိုပြေမလက်အပ်ကာ ရေအပြေးအလွှား သွားချိုး၏။ ပြန်လာတော့ ထမင်းစားပွဲလေးပေါ်မှာ အငွေ့တထောင်းထောင်းထ,နေသော ထမင်းဖြူပန်းကန်လေး သုံးချပ်ကို တွေ့ရသည်။ အိမ်ဦးနတ်ကြီးလည်း ကပ်ကြမ်းပေါ်မှ လိမ့်ဆင်းကာ မြေကြီးပေါ်မှာ ပက်လက်ကြီး အိပ်ပျော်နေသည်။ ပုဆိုးမှာ လည်ပင်းရောက်နေသဖြင့် မိတ္တတ်မမှာ ဆွဲယူ ဖုံးဖိပေးနေရသေး၏။ ပြီးမှ အိမ်ဦးနတ်ကြီးကို ကျော်ခွကာ တစ်ခန်းတည်းသော ဘုရားစူးအခန်းလေးအတွင်းမှာ အင်္ကျီအဝတ်အစားဝင်လဲ၏။

‘အမေ ဖယောင်းတိုင်ထွန်းလိုက်ရတော့မလား’

စိုပြေမအသံကို ကြားတော့ မိတ္တတ်မှာ အခန်းထဲမှ တယ်လီနောကြော်ငြာဗီဒိုင်းကို မ,ကာ အပြင်သို့ လှမ်းကြည့်သည်။ ဦးချစ်ရီတိုက်ကြီးမှ မီးလင်းနေတာမြင်သဖြင့် စိုပြေမကို ဖယောင်းတိုင်မထွန်းတော့ရန် ပြောရလေ၏။

‘မထွန်းတော့နဲ့ ဟဲ့ ထမင်းစားပွဲကို အိမ်ရှေ့ဘက်ရွှေ့လိုက်၊ ဦးချစ်ရီတိုက်က မီးရောင်နဲ့ အလင်းခံစားမယ်’

ထမင်းစားပွဲမှာ သားအမိသုံးယောက်စုံတော့ မိတ္တတ်မက အိမ်တိုင်သံငုတ်မှာချိတ်ထားသော ဟင်းထုပ်သွားဖြုတ်သည်။ တစ်စုံတစ်ခုသော လွဲမှားမှုကြောင့် မိတ္တတ်မမှာ ငယ်ထိပ် မိုးကြိုးပစ်လိုက်သလို ခံစားလိုက်ရ၏။

‘စိုပြေမ၊ နင် ဟင်းထုပ်တွေ ကိုင်သေးလား’

မိတ္တတ်မအသံက မိုးခြိမ်းသံအလားပင်။

‘သမီး မကိုင်ဘူးလေ’

ဆို စိုပြေမစကားအဆုံးမှာ မိတ္တတ်မ တရားခံကို တွေ့လေပြီ။ အိမ်ဦးနတ်ကြီးစံပယ်တော်မူသော ကပ်ကြမ်းကြားမှာ ညှပ်နေသည့် ကြွပ်ကြွပ်အိပ်လေး။

‘ဩော် လက်စသတ်တော့ သေခြင်းဆိုးကြီးက မျိုဆို့ပစ်လိုက်တာကို’

မိတ္တတ်မ ဒေါသကြောင့် အသားတွေ တဆတ်ဆတ် တုန်လာ၏။ နာကျင်ခံခက်မှုကြောင့် မျက်ရည်ပေါက်ကြီးငယ်တို့ သိမှတ်မဲ့စွာ ဒလဟော စီးဆင်းလာတော့သည်။ မိတ္တတ်မ ထင်းခုတ်ဓားမဆီ ကြည့်မိသည်။ ‘ငါ လုပ်လိုက်ရင် ငါ့ကလေးတွေ သောင်ပြင်လွှတ်တဲ့ ခွေးကလေးတွေလို ဖြစ်တော့မယ်’။ မိတ္တတ်မ စိတ်ကို အံကြိတ်ဖြေလျှော့နေရ၏။ အရေးထဲ စိုပြေမက ဘာပြောလိုက်သည်မသိ၊ ဖိုးလပြည့်မှာ ကင်းတုပ်သလို စီခနဲထ,ငိုတော့လေသည်။

ထိုအချိန်တွင်ပင် လမ်းပေါ်မှ-

‘ထမင်းစားနေကြတာလားဟ၊ ကလေးကလည်း ငိုလှပါလား၊ စိုပြေမရေ ဟင်းလာယူလှည့်ဟ’ ဆိုသော ဦးချစ်ရီအသံကို ကြားရသည်။ စိုပြေမက သူ့အမေဆီ အမိန့်ခံသလို မော့ကြည့်နေ၍ မိတ္တတ်မက အသာခေါင်းယမ်းပြရသေးသည်။ စိုပြေမ အရွယ်ရောက်ပါပြီဆိုကတည်းက အရှေ့ဘက်က ဦးချစ်ရီတိုက်ကို မသွားဖို့ မိတ္တတ်မ ပြင်းထန်စွာ တားမြစ်ခဲ့သည်။ တိုက်ကြီးတစ်ခုလုံး ဦးချစ်ရီ တစ်ယောက်တည်းသာရှိ၏။ ထိုအိမ်ကြီးမှာ စနေ၊ တနင်္ဂနွေနှင့် လကုန်ရက်များမှတစ်ပါး လူသူကင်းမဲ့လွန်းလှသည်။ တစ်လုံး၊ နှစ်လုံး၊ သုံးလုံး ဒိုင်ခံသည်ဟု သိရသည်။ လူပျိုကြီးဟု သိရသည်။ ပိုက်ဆံချမ်းသာတာတော့ သေချာသည်။ သူ့ဆီ စကိုဖီးလေးနှင့် ညမနက် ထမင်းချိုင့်လာပို့ပေးသော လူငယ်မှာ သူ့မြေးဟုလည်း သိရသည်။ အားလုံးထက် သေချာတာကတော့ မိန်းမတို့၏ မွေးရာပါ အတတ်အရ သိရသော အဲဒီလူကြီး၏ ကြည့်ပုံရှုပုံ ပြောပုံဆိုပုံ ဖြစ်သည်။ တဏှာရူးကြီးမှန်း သိသာလှသည်။ စက်ဆုပ်ရွံရှာဖွယ်ရာပင် ဖြစ်သည်။ ဝါးကားတောင် ရှောင်ပါ့မလားဟု မိတ္တတ်မ တွေးနေမိသည်။ သို့သော်…။

❑

၄။

သို့သော် ဖိုးလပြည့်၏ ငိုသံက မိတ္တတ်မ၏ ခံနိုင်ရည်စည်းကို လွန်လာသည်။ မိတ္တတ်မ ဆက်လက် တောင့်ခံနိုင်သော အင်အား မရှိတော့ပါ။ မိတ္တတ်မ နှုတ်ခမ်းကို ပြတ်လုတဲတဲ ဖိကိုက်လိုက်၏။ ထဘီကြားထဲက တစ်ရာတန် အနွမ်းလေးကို ထုတ်ကာ စိုပြေမကို လှမ်းပေါ်လိုက်သည်။

‘ရော့ ညည်းမောင်ကို မုန့်တစ်ရာဖိုး သွားဝယ်ကျွေးချေ’

စိုပြေမမှာ ဖိုးလပြည့်ကို လက်ဆွဲကာ ထွက်ခွာသွား၏။ မိတ္တတ်မက သားနှင့်သမီးကို မျက်စိတစ်ဆုံး ငေးနေရာမှ ပင့်သက်တစ်ချက်ရှိုက်ကာ ဦးချစ်ရီ တိုက်ကြီးဘက် ကူးသွားလေတော့သည်။

❑

၅။

‘ရော့ စိုပြည်မတစ်တုံး၊ လပြည့်က အမေ့နားလာ၊ အမေ ဖွဲ့ပေးမယ်’

မိမိရှေ့မှ အမဲပြုတ်ကြော်တုံးကြီးကြောင့် စိုပြေမမှာ တံတွေးတွေ ကျိတ်ကာ မျိုချလိုက်မိ၏။ နတ်ပူးသလို ကတုန်ကယင်ဖြစ်လာသည်။

‘အမေ ဘယ်က ရခဲ့တာလဲ’ဟု အရဲစွန့်မေးသော်လည်း ‘စားစမ်းပါအေ’ဟု ဆိုသော တုံ့ပြန်စကားသာ ရ၏။

စိုပြေမအနေနှင့်လည်း အမဲသားတုံး၏ ဇာစ်မြစ်ကို ရေရှည်စိတ်မဝင်စားနိုင်တော့ပေ။ သူ့အမေ မိတ္တတ်မ ထမင်းတစ်စေ့မှ မတို့မထိတာ၊ သူ့အတွက်ဝေစု အမဲသားတုံးကို အိတ်ထဲက မထုတ်ဘဲထားတာ ဒါတွေ


*စာမျက်နှာ(၁၉၁)သို့…*



www.burmeseclassic.com

www.burmeseclassic.com

ထိုညက ဖိုးသားကို လေဆိပ်လိုက်ပို့ရမှာမို့ ဓိသားစုတွေ ဧည့်ခန်းတွင် စုစုစည်းစည်း ရှိနေသည်။ တီဗွီကြည့်သူကြည့်၊ တယ်လီဖုန်း ပွတ်သူပွတ်၊ စကားပြောသူပြော။ ထိုစဉ် ခွေးဟောင်သံနှင့် ကြောင်အော်သံတို့ ရုတ်တရက် ထွက်ပေါ်လာ၏။ ရှန်းရှင်းဆန်ဓတ် တိုက်နိုက် ခုခံသံများကို ကျယ်ကျယ်လောင်လောင် ကြားရ၏။ ပွက်လောရိုက်နေသည့် အသံတို့ အကြားမှ ထင်ထင်ရှားရှား ကြားနေရတာက ''ချူသံလေးများ''။ ''မည်းမည်း''ရဲ့ လည်တိုင်မှာ ဆွဲပေးထားသည့်''ချူသံလေးများ''။ ''ဟာ မည်းမည်းကို ခွေးကိုက်ပြီ ထင်တယ်'' ဧည့်ခန်းအတွင်းမှာ ထိုင်နေသူများ အိမ်အပြင်သို့ အလုအယက် ပြေးထွက်ကြသည်။ မြရေ့တွင်





www.burmeseclassic.com

www.burmeseclassic.com

## မသေကောင်း မပျောက်ကောင်း

ချွန်း (စက်မှုတက္ကသိုလ်)

ရပ်ထားသော ကားအနီး၌ မည်းမည်းကို ဂျက်ကီက ခါးလယ်မှ ကိုက်ခဲပြီး ခါယမ်းနေ၏။ အိမ်သားများက အော်လည်းအော်၊ ဟန့်လည်းဟန့်နှင့် ဂျက်ကီ့ကို ရိုက်မောင်းပုတ်မောင်း ပြုတော့မှ မည်းမည်းကို လွှတ်ချပြီး ဂျက်ကီက ထွက်ပြေးသည်။ ဂျက်ကီ့ပါးစပ်မှ လွှတ်သည်နှင့် တစ်ပြိုင်နက် မည်းမည်းလည်း ကားအောက်သို့



www.burmeseclassic.com

www.burmeseclassic.com

ကြောက်လန့်တကြား ပြေးဝင်သည်။

"မည်းမည်းရေ၊ မည်းမည်းရေ သားလေး"

အိမ္ဘန်နှင့် မီးမီးက ကားအောက်သို့ ငုံ့ကြည့်ရင်း မည်းမည်းကို ခေါ်သည်။ ဖိုးသားက ထွက်ပြေးသွားသော ဂျက်ကီနောက်သို့ ဒေါသတကြီးနှင့် အပြေးလိုက်သည်။ မည်းမည်းက ကားအောက်မှ ထွက်မလာ။ ဓာတ်မီးထိုးပြီး ဝိုင်းရှာတော့မှ မည်းမည်းရဲ့ အမြီးစလေးကို ကားအင်ဂျင်ခန်းအောက်မှာ တန်းလန်းတွေ့ရသည်။ မည်းမည်းသည် တုန်လှုပ်ချောက်ချားစွာဖြင့် အင်ဂျင်ခန်းအတွင်းသို့ အတင်းတိုးဝင်နေ၏။

ကားအင်ဂျင်ခန်းအတွင်းက စက်ကိရိယာအစိတ်အပိုင်းတွေကြားမှာ မည်းမည်း ညှပ်နေသည်။ ဆွဲထုတ်ယူရန် လှမ်းသည့်လက်များကို မည်းမည်းက ဆီးကိုက်သည်။ သူ့နာမည်ကို တကြော်ကြော်အော်ပြီး ချော့မော့ခေါ်မှ မည်းမည်းက မာန်အဖီရပ်သည်။ သတိကြီးကြီးနှင့် တော်တော်လေး ကြိုးစားပြီး ဆွဲထုတ်ရသည်။ မည်းမည်း တစ်ကိုယ်လုံး တဆတ်ဆတ် တုန်နေတာကို အပြင်ရောက်တော့ တွေ့ရသည်။ နှာကျင်မှုတွင် ကြောက်ရွံ့ခြင်းက ပေါင်းရောနေပုံရ၏။ မျက်လုံးအစုံက ဝိုင်းဝိုင်းလည်နေသည်။ ပါးစပ်ကိုဟ၊လျက် အော်နေသည်။ သို့သော် အသံကား မထွက်။ အလွန်အမင်း ထိတ်လန့်တုန်လှုပ်နေသည့် အမှတ်လက္ခဏာ။

eifvdu
t"JDv&pief
*dvmeuk
aq;0guk
jylpk
apmif&Gui&if
0wLuD
0wf, f
jznfqnfyD
t vjkf aUR
jylae&w, f
b, f0u
b, fvk
wifcbvh
0#&u;rsm;vnf
[, f
aMumuf&m
aumifvdkufvm
aemf

"ဒဏ်ရာတော့ မတွေ့ဘူး။ သွေးလည်း မထွက်ဘူး။ ပေါက်မသွားဘူး ထင်တယ်"

"ဟင်- မကြီးကလည်း မည်းမည်းဗိုက်ကို ကြည့်ဦး၊ ဖောင်းကားထွက်လာတယ်။ အရင်က အဲဒီလိုမှ မဟုတ်တာ"

မီးမီးစကားကြောင့် သူတို့အကြည့်များ မည်းမည်းဗိုက်ထံ ရောက်သည်။ ဟုတ်၏။ မည်းမည်းဗိုက်တစ်ခြမ်းသည် သိသိသာသာကြီးကို ရောင်ရမ်းဖောင်းကားနေသည်။ သူတို့အားလုံး မည်းမည်းအတွက် အင်မတန် စိုးရိမ်ပူပန်မိကြသည်။ ဂျက်ကီက မည်းမည်းကို မိမိရရ ကိုက်ခဲခါယမ်းခဲ့သည်ကို မျက်ဝါးထင်ထင် မြင်တွေ့ခဲ့ကြရသည် မဟုတ်လား။

"ကဲ ကဲ၊ ကားစက်နှိုး၊ ဆေးခန်းသွားမယ်။ ဘာဖြစ်တယ်ဆိုတာ ဆရာဝန်ပဲ သိမယ်"

ကတိုက်ကရိုက် ကောက်ထွက်လာကြပေမဲ့ လမ်းမှာ ကားတွေ ပြည့်ပိတ်နေတာမို့ ဆေးခန်းကိုရောက်တော့ ညဉ့်ကိုးနာရီမှ နည်းနည်းစွန်းနေပြီ။ ဆေးခန်းက ပိတ်နှင့်ပြီ။ မီးရောင်ပင် မမြင်ရတော့။ ရလိုရငြား ဘဲလ်နှိပ်ခေါ်ကြည့်သည်။ မရ။ နောက်မှ ခင်မေလွင်က သူ့ဖုန်းအတွင်းမှာ ဆရာဝန့်ဖုန်းနံပါတ် မှတ်ထားသည်ကို သတိရသည်။ အားကိုးတကြီး ခေါ်မိသည်။ သုံးလေးခါလောက်ခေါ်မှ ပြန်ထူးသည်။

"အားတော့ နာပါတယ် ဆရာမရယ်။ အိမ်က ကြောင်ကလေးကို ခွေးကိုက်သွားတာ ဗိုက်ကြီး ဖောင်းကားထွက်လာလို့ပါ။ အဲဒါ..."

"ဆေးခန်းပိတ်ပါပြီ၊ မနက်ဖြန်မနက် ခုနစ်နာရီခွဲမှ လာပြပါ"

"ကျွန်မတို့ ဆရာမအိမ်ရှေ့မှာ ရောက်နေပါပြီ။ အပန်းမကြီးရင် ခဏလေး ထွက်ကြည့်ပြီး ဘာလုပ်ရမလဲဆိုတာ..."

"မနက်ဖြန်မနက် ခုနစ်နာရီခွဲမှ လာပါ"

ပြောပြီး ဖုန်းချသွားသည်။ နောက်ထပ် ခေါ်လို့လည်း မကိုင်တော့။ သူတို့မြို့မှာတော့ နှစ်ဆယ့်လေးနာရီဖွင့်သည့် တိရစ္ဆာန်ဆေးကုခန်းက မရှိ။ မတတ်နိုင်ဘူးလေ။ သတ္တဝါတစ်ခု၊ ကံတစ်ခုပေါ့။ လက်လျှော့ကာ အိမ်ပြန်ခဲ့ရသည်။

❑

နောက်နေ့မနက်မှာ မည်းမည်းကို တိ-မွေး-ကု တက္ကသိုလ်ဝန်းဟောင်းက တိရစ္ဆာန်ဆေးကုခန်းမှာ သွားပြသည်။ ဆေးခန်းမှာတော့ ဝေဒနာမျိုးစုံ ဖြစ်ရပ်အဖုံဖုံနှင့် တိရစ္ဆာန်များကို တွေ့ရသည်။ နာမကျန်းဖြစ်သည့် တိရစ္ဆာန်များ၊ ကာကွယ်ဆေးထိုးမည့် တိရစ္ဆာန်များ၊ အစာမစားနိုင်သည့် တိရစ္ဆာန်များ၊ မီးမဖွားနိုင်သည့် တိရစ္ဆာန်များ၊ သွားခြစ်သွားနုတ်မည့် တိရစ္ဆာန်များ၊ ဓားခုတ်ခံရသည့် တိရစ္ဆာန်များ၊ ဆိုင်ကယ်အတိုက်ခံရသည့် တိရစ္ဆာန်များ၊ ခွဲစိတ်ကုသခံမည့် တိရစ္ဆာန်များ။

မတူခြားနားသည့် တိရစ္ဆာန်ပိုင်ရှင်များကိုလည်း တွေ့မြင်ရသည်။ တချို့က တောက်တောက်ပပ ထောင်ထောင်လွှားလွှား။ အဖိုးတန်ကိုယ်ပိုင်ကားကြီးကားကောင်းများနှင့် လာကြသည်။ သူတို့ ခေါ်လာတာက အယ်ဇေးရှင်းလို၊ ဒိုဘာမင်လို အမျိုးကောင်း ခြံစောင့်ခွေးကြီးများနှင့် ပါရှန်းကြောင်လို နိုင်ငံခြားမျိုးနွယ် တိရစ္ဆာန်များ။ တချို့က သူလိုကိုယ်လို မရှိမရှား။ အငှားကားများနှင့် လာကြသည်။ သူတို့ လာပြတာက တယ်လီ



www.burmeseclassic.com

www.burmeseclassic.com

ယာလို့ ရှိုးလို အလှမွေး ခွေးငယ်လေးများ။ အချို့ကတော့ မလန်းမဆန်း ခပ်နွမ်းနွမ်း။ ဆိုက်ကားငှားပြီး လာကြရာသည်။ သူတို့နှင့်အတူ ပါလာတာကတော့ ရိုးရိုး မြန်မာကြောင်ကလေးများ၊ ခွေးကလေးများ။

‘ဟယ်···ခွေးရဲ့ နှုတ်သီးအောက်မှာ ဘုကြီးပါလား။ ခေါင်းမှာလည်း ဒဏ်ရာကြီးနဲ့။ ဘာဖြစ်တာလဲ’

‘သူများခြံ ထဲဝင်လို့ ဝိုင်းရိုက်လွှတ်လိုက်တာလေ။ တော်သေးတယ်။ မှိန်းချက်က ဗိုက်ကို လျှပ်ပြီးတော့ပဲ ထိသွားလို့’

‘အို···သနားစရာ၊ ကံကောင်းလို့ မသေတာ။ အစ်ကိုကြီးရဲ့ ခွေးလား’

‘မဟုတ်ပါဘူးဗျာ၊ ခွေးဝင်စားပါ။ ဒဏ်ရာကြီးနဲ့ အိမ်အောက်မှာ လာဝပ်ပြီး အီနေတော့ မြင်ရကြားရတာ စိတ်မချမ်းသာလွန်းလို့ ကုပေးနေတာ။ ဆေးခန်းလာပြတာ ငါးရက်ရှိပြီ။ အခုတော့ တော်တော်လေး သက်သာလာပါပြီ’

ထိုသူက ခပ်အေးအေး ရှင်းပြသည်။ ခွေး သက်သာ၍ ဝမ်းသာကျေနပ်နေပုံရသည်။ ဩော် ရက်စက်သူက ရက်စက်ပြီး ကရုဏာကြီးသူက ကရုဏာကြီးသည့် လောကကြီး။

‘ဟဲ့- နင့်ကြောင်မကြီးက ဘာဖြစ်ပြန်ပြီလဲ’

‘အစာမစားဘူး ဒေါက်တာရယ်၊ မဝါးနိုင်တော့ဘူး ထင်တယ်။ နောက်တစ်ခါဆို သွားနုတ်ရမယ်လို့ ဒေါက်တာပြောခဲ့တယ်လေ’

‘ဩော်···ဟိုတလော

ukdufvwfvh
acGuk
jclHjyifvnf
vTwfrGo;w, f
acGukduf
awmkvnf
ukd eY
rqkdbvk
cyfvnfvneY
roduf;duef
jyKaeao;w, f
bmvm0ef rl
bmvm0efcHS
r&Sbj
lyZwmh
ajymao;w, f
acGJ
ukdufbaygvh

က သွားခြစ်ပေးလိုက်တဲ့ လေဒီကြီးပဲ။ အသက်ကြီးပြီလေ။ ဒီလောက်တော့ ရှိမှာပေါ့။ မျက်စိမှာ အသားပိုတက်လို့ ဖြတ်ထုတ်ပေးလိုက်တဲ့ နင့်ခွေးလေးရော ဘယ်လိုနေသေးလဲ၊ အိုကေပဲလား’

‘အိုကေပဲ ဒေါက်တာ၊ ကျေးဇူးပါ။ အခုတော့ ဆော့လိုက်တာ လက်လက်ကို ထ, လို့’

မည်းမည်းကို လက်ထောက်ဆရာဝန်က စမ်းသပ်သည်။ ခင်မေလွင် ဖြစ်ကြောင်းကုန်စင် ရှင်းပြသည်။

‘လမ်းလည်း မလျှောက်တော့ဘူး ဆရာရယ်၊ ဗိုက်ကြီးက ပိုပြီး ဖောင်းကားလာတယ်။ ရေမသောက်၊ ထမင်းမစား၊ ဆီးမသွား၊ ဝမ်းမသွားနဲ့ တုန်နေတယ်။ အော်လည်း မအော်နိုင်ရှာဘူး’

‘အောက်ပိုင်းသေချင်သလို ဖြစ်သွားတာ။ ခွေးကိုက်ခံရတုန်းက ကျောရိုးအတွင်းက နာ့ဗ်ကြောမကြီးကို ထိခိုက်မိသွားတယ် ထင်တယ်။ ဆေးနှစ်လုံး ထိုးပေးလိုက်မယ်၊ ညနေကျရင် ဆရာမဆေးခန်းကို တစ်ခါထပ်သွားပြီး ပြလိုက်ပါ’

ညနေမှာတော့ ဆရာဝန်မက တိကျသည့် ဆုံးဖြတ်ချက်ကို ပေး၏။

‘ခွေးကိုက်လို့ အူပွင့်သွားတာ၊ ခွဲစိတ်ကုသရမယ်။ မနက်ဖြန်မနက် ဆယ်နာရီအရောက် တိ-မွေး-ကု ဆေးခန်းကို လာပါ။ ဒီနေ့ည ဆယ်နာရီနောက်ပိုင်း အစာလည်း မကျွေးနဲ့၊ ရေလည်း မတိုက်နဲ့၊ မေ့ဆေးပေးပြီး ခွဲရမယ်’

မည်းမည်းကို ခွဲစိတ်နေစဉ် ခင်မေလွင်က တိရစ္ဆာန်ပိုင်ရှင်တချို့နှင့် စကားပြောသည်။

‘မစိုးရိမ်နဲ့။ အိမ်ကကြောင်တုန်းကဆို သူ့ထက်ဆိုးတယ်။ ခွေးကိုက်ခံရပြီး အူတွေထွက်ကျလာတာ။ ဒီဆရာဝန်မပဲ ကုပေးတာ။ ကောင်းသွားတယ်။ ဗိုက်ပွင့်ပြီး လေဝင်သွားလို့လား တော့ မသိဘူး၊ ဗိုက်ကတော့ ဖောင်းကျန်ရစ်တယ်’

မေ့ဆေးမပြယ်တပြယ် အချိန်မှာ မည်းမည်းကို အိမ်ပြန်ခေါ်လာခဲ့သည်။ ဆရာဝန်ညွှန်ကြားချက်အတိုင်း မနက်တစ်ခေါက်၊ ညနေတစ်ခေါက် ဆေးသုံးရက် ဆက်ထိုးရ၏။ မည်းမည်းကို ကြည့်ရသည်မှာ တဖြည်းဖြည်း သက်သာပုံရ၏။ တစ်ခုပဲရှိသည်။ ဆီးမသွား၊ ဝမ်းမသွားမို့ အနေခက်နေပေလိမ့်မည်။ ကြာလျှင်တော့ ပြဿနာ။ ဘယ်ခြေက နည်းနည်းထောက်နိုင်သော်လည်း ညာခြေကမူ တရွတ်ဆွဲနေသေးသည်။ ချုပ်ရိုးဖြေပြီးသောအခါ ခြေထောက် လေ့ကျင့်ခန်းများကို လုပ်ပေးရလိမ့်ဦးမည်တဲ့။

ဘုရား···ဘုရား···။ မည်းမည်းတစ်ကောင် ကိုယ်တစ်ပိုင်းသေသည့် ဒုက္ခိတဘဝနှင့် အသက်ရှင်နေမည်ဆိုပါက···။

❑

မနက်ည ဆေးသုံးရက် ဆက်တိုက် ထိုးပြီးသောအခါ တစ်နေ့တစ်ခါသာ ဆေးထိုးရသည်။ မည်းမည်းအခြေအနေ ကောင်းပါသည်။ ချုပ်ရိုးလည်း ကောင်းပါသည်။ ကြောင်လည်း တဖြည်းဖြည်း လန်းဆန်းလာသည်။ ခက်တာက ကိုယ်တိုင် ဆီးဝမ်း မစွန့်နိုင်ခြင်း။ လူက ကူညီလုပ်ကိုင်ပေးနေရသည်။

‘အင်း···နင်တို့မလည်း တိရစ္ဆာန်ရဲ့ ဆီးဝမ်းကိစ္စကအစ လုပ်ပေးပြုစုနေရတယ်။ ဝဋ်ကြီးပါ့ဟယ်’

ဒေါ်လေးက ခပ်မဲ့မဲ့ပြောတော့ ခင်မေလွင်က မချိပြုံး ပြုံးသည်။ မည်းမည်း ဆီးသွားနိုင်ဖို့ ဆီးအိမ်ကို



www.burmeseclassic.com

www.burmeseclassic.com

aMumif wpfaumif ]tMunfA'} ud cjGrfpdwfjzm em;vnfoa&;oef ÓPfynm BuDuDpm;rm; &Sef rvjyD odrfrlG E|nfbnf vlyDaom ES|kdm; wppfkdom vBd yfgonf

အသာအယာ ဖိညှစ်ပေးရသည်။ မည်းမည်းဝမ်းသွားဖို့ ကလေးငယ်များကို ဝမ်းချူသလို ချူပေးရသည်။ ဆရာဝန်မ သိတော့ ဘာသာ ဆီးဝမ်းစွန့်နိုင်မည့်ဆေးကို ထည့်ထိုးပေး၏။ ထိုအခါ မည်းမည်းက ဆီးတစက်စက်၊ ဝမ်းတပျစ်ပျစ် ဖြစ်လာပြန်သည်။ မကြာခဏ သန့်ရှင်းသုတ်သင်ပေးရပြန်သည်။ နွေးနွေးထွေးထွေး သွေ့သွေ့ခြောက်ခြောက်ဖြစ်အောင် ဂရုစိုက်ရပြန်သည်။ တကယ်လို့ မည်းမည်း သက်သာပျောက်ကင်းပြီး ခြေထောက်တွေလည်း ပြန်ကောင်းလာလျှင်တော့ ကိုယ်တိုင် ဆီးဝမ်းစွန့်နိုင်ပေလိမ့်မည်။

“ရှေးဘဝကုသိုလ် အကျိုးပေးနည်းခဲ့လို့ အခုဘဝမှာ တိရစ္ဆာန်ဖြစ်ရတယ်။ တိရစ္ဆာန်ဘဝမှာတောင် ဒုက္ခိတတစ်ပိုင်း ဖြစ်နေတယ်။ မည်းမည်းကုသိုလ် ဘယ်လောက် နည်းလိုက်သလဲ။ နင်တို့က အဲဒီ တိရစ္ဆာန် ဂိလာနကို ဆေးဝါးကုသ ပြုစုစောင့်ရှောက်ရင်း ဝတ်ကြီးဝတ်ငယ် ဖြည့်ဆည်းပြီး အလုပ်အကျွေး ပြုနေရတယ်။ ဘယ်ဘဝက ဘယ်လိုတင်ခဲ့တဲ့ ဝဋ်ကြွေးများလည်းဟယ်။ ကြောက်စရာ ကောင်းလိုက်တာနော်”

ဒေါ်လေးက တရားသံဝေဂရသလိုမျိုးဖြင့် ညည်းပြော ပြောသည်။

“ကိုယ့်မျက်စိရှေ့မှာ မြင်နေတွေ့နေရတော့လည်း ဥပေက္ခာပြုပြီး မနေစိမ့်နိုင်ပါဘူး ဒေါ်လေးရယ်။ အသက်ရှိတဲ့ သတ္တဝါမဟုတ်လား။ ဝေဒနာ ခံစားနေရတာကို ဘယ်လိုလုပ်ပြီး လျစ်လျူရှုထားနိုင်မလဲလေ”

“နင်တို့ကသာ လျစ်လျူမရှုနိုင်တာပါဟယ်၊ မည်းမည်းကို ကိုက်သွားတဲ့ ဂျက်ကီ ပိုင်ရှင်က မည်းမည်း ဘယ်လိုနေသလဲလို့ တစ်ခွန်း မေးဖော်ရသလား။ သူတို့နဲ့ မဆိုင်သလို မသိကျိုးကျွန်ပြုနေတယ် မဟုတ်လား”

ဒေါ်လေးက မကျေမချမ်းပြောတော့ ခင်မေလွင်က-

“ဖိုးသားကလည်း အဲဒါကိုပဲ စိတ်ဆိုးနေတာ။ ကိုက်တတ်တဲ့ခွေးကို ခြံအပြင်လည်း လွှတ်မွေးသေးတယ်၊ ခွေးကိုက်တော့လည်း ကိုယ်နဲ့မဆိုင်သလို ခပ်တည်တည်နဲ့ မသိကျိုးကျွန်ပြုနေသေးတယ်။ ဘာတာဝန်ယူမှု၊ ဘာတာဝန်ခံမှုမှ မရှိဘူး။ ပြီးတော့ ပြောသေးတယ်။ ခွေးပဲ ကိုက်မှာပေါ့တဲ့”

“အို…သူတို့မိသားစုကိုတော့ ပြောမနေပါနဲ့အေ။ တစ်အိမ်တည်း အတူနေနေတဲ့ ကိုယ့်အဖေ အရင်းခေါက်ခေါက်ကြီး ရောဂါသည်းသည်းထန်ထန်နဲ့ အိပ်ရာပေါ်မှာ သေကောင်ပေါင်းလဲ ဖြစ်နေတုန်းကတောင် ပြုစုလို့လား။ လူငှားနဲ့ ထားပစ်ခဲ့ပြီး တစ်မိသားစုလုံး တခြားရပ်ကွက်မှာ အိမ်ငှားပြီး သွားနေခဲ့ကြတာလေ။ အကြောင်းပြချက်က ဆယ်တန်းဖြေမယ့် သမီးအကြီး စာကျက်ဖို့တဲ့။ အမှန်တော့ ရောဂါကျွမ်းနေတဲ့ အဖေကို ကိုယ်ဖိရင်ဖိ မပြုစုချင်လို့ အကြောင်းကောင်းပြပြီး ရှောင်ပြေးတာ။ အဖေဆုံးတော့မှ လူရှေ့သူရှေ့မှာ တက်မတတ် ချက်မတတ် ငိုပြနေလိုက်တာလေ။ တစ်ရပ်ကွက်လုံး ကျွက်ကျွက်ကို ညံလို့”

“အင်း… ကျွန်မတို့ လူမှုအသိုင်းအဝိုင်းမှာ မေတ္တာတရား ခြောက်ခန်းနည်းပါးလာပုံက ကြောက်ခမန်းလိလိပဲနော်”

❑

မည်းမည်းအခြေအနေက တဖြည်းဖြည်း တိုးတက်ကောင်းမွန်လာသည်။ ခြေထောက်များ ထောက်လှမ်းလာနိုင်ပြီ။ ထို့နောက် ယိုင်တိယိုင်တိုင်နှင့် လမ်းစမ်းလျှောက်သည်။ အိမ်သားများက ဝမ်းသာလို့မဆုံး။ မည်းမည်းအတွက် အားတက်ကြသည်။

သို့သော် ခွဲစိတ်ပြီး ခြောက်ရက်မြောက်သည့်နေ့မှာ မည်းမည်း စ,ဖောက်လာသည်။ မစားမစားဘဲ အန်ပဲအန်နေသည်။ ရေတော့ သောက်သည်။ ရေသောက်လိုက်၊ အန်လိုက်။ ခန္ဓာကိုယ်တွင်းက ပူလောင်ဆိုးရွားနေလို့လား မသိ။ ရေချိုးခန်းအတွင်းက အင်္ဂတေပပ်ကြားအက်များတွင် ရေစိမ့်စိမ့် တင်ကျန်ရစ်သော နေရာများမှာ သွားလှဲနေတတ်သည်။ တစက်စက်ကျနေသော ဆီးလည်းရပ်သွားသည်။ တပျစ်ပျစ်သွားနေသော ဝမ်းလည်း တန့်သွားသည်။ အိမ်သားများ စိုးရိမ်ပူပန်ကြရပြန်ပြီ။

“ရေအစား ဓာတ်ဆားရည် တိုက်ပေးပါ။ အဖတ်မစားနိုင်ရင် ကြက်ပြုတ်ရည်လေး တိုက်ကြည့်ပေါ့”

“တိုက်တယ်ရှင့်။ ကိုယ်တိုင် မသောက်နိုင်လို့ ပါးစပ်ထဲကို ပိုက်နဲ့သွင်းပေးတော့လည်း ပြန်အန်ထုတ်တာပဲ။ မနေ့က ပေးလိုက်တဲ့ ဆေးတွေကိုလည်း တိုက်ပြီး ခဏအကြာမှာ ပြန်အန်ထုတ်ပစ်တယ်”

အားဆေးကို သုံးရက်ဆက်တိုက် သွင်းပေးနေသည့်တိုင် မည်းမည်း အခြေအနေက တိုးတက်မလာ။ ပိုမိုပြီးတော့လည်း ပြင်းထန်ဆိုးရွားမသွား။ ဆေးခန်းနှင့် အိမ်ကို ဥဒဟို ကူးချည်သန်းချည် လုပ်နေရပြန်သည်။ ချေးသေး



www.burmeseclassic.com

www.burmeseclassic.com

အစရှိသည့် မည်းမည်း၏ ဝတ်ကြီးဝတ်ငယ် အဝဝကိုလည်း ဂရုတစိုက်နှင့် ဖြည့်ဆည်း လုပ်ဆောင်ပေးနေရပြန်သည်။ ဆရာဝန်ကလည်း ပြောပါသည်။

'ဂရုစိုက်လိုက်ပါ။ ပိုက်ဆံတွေအကုန်ခံပြီး ခက်ခက်ခဲခဲ လုထားရတဲ့ အသက်ရှည်ပါစေ'တဲ့။

အစာမစားတာကြာတော့ မည်းမည်းက ပိန်လိုက်လာသည်။ ဆေးဝါးတို့၏ အကူအပံ့ကြောင့် ဗုန်းဗုန်းတော့ လဲပြိုကျမသွားသေး။ မြင်ရသည်မှာ စိတ်မချမ်းသာ။

'အစားမဝင်တာမကောင်းဘူး။ အားနည်းပြီး အဖျားဝင်မှာ စိုးရိမ်ရတယ်။ အခုတော့ အဖျားသွေးက မရှိသေးပါဘူး'

စအိုဝမှ ဆွဲထုတ်လိုက်သော သာမိုမီတာကိုကြည့်ပြီး ဆရာဝန်က ပြောသည်။

'ကြက်ပြုတ်ရည် တိုက်တိုင်း ပြန်အန်နေတာဆိုတော့ အာဟာရဖြစ်အောင် 'ငှက်သိုက်'တိုက်ပါလား'

ဆရာဝန်၏ ညွှန်ကြားချက်ကို ကြားတော့ မျက်လုံးပြူးသွားသည်။ ဘုရားရေ၊ ဈေးကြီးသဖြင့် တစ်သက်နှင့်တစ်ကိုယ် တစ်ခါမှ ဝယ်မသောက်ဖူးသော ငှက်သိုက်အားတိုးဆေးကို အိမ်မွေးကြောင်တစ်ကောင်အား ဝယ်တိုက်ရမတဲ့။ ဖြစ်မှ ဖြစ်ရလေ။

အမှန်တော့ မည်းမည်းသည် ပတ်ဝန်းကျင်မှာ ပေါပေါလောလော များများစားစား တွေ့ရလေ့ရှိသော သူလိုကိုယ်လို သာမန် မြန်မာအိမ်မွေးကြောင်တစ်ကောင်မျှသာ ဖြစ်ပါသည်။ တန်ကြေးအားဖြင့် ဘာမှမရှိ။ အလိုရှိလျှင် အလွယ်တကူ အခမဲ့ တောင်းယူရရှိနိုင်သော ရိုးရိုးကြောင်တစ်ကောင်။ အိမ်မှ နောက်ဆုံး ကြောင်ထီးကြီး သေဆုံးသွားပြီး ကြောင်မျိုးဆက်အပြတ်မှာ ကြွက်တွေ ထ,ကြွ သောင်းကျန်းလွန်းသဖြင့် ခင်မေလွင်က မိတ်ဆွေတစ်ယောက်အိမ်မှ ခပ်လွယ်လွယ် တောင်းယူမွေးမြူထားသည့်ကြောင်။ ထိုမိတ်ဆွေအိမ်၌ ကြောင်တွေက မျိုးပွားနှုန်းကောင်းကောင်းနှင့် အဆမတန် ပေါက်ဖွားတိုးပွားကာ ကြောင်ဦးရေ ထိန်းမနိုင်သိမ်းမရနှင့် ပေါက်ကွဲလုမတတ် ဖြစ်နေသည်။ တစ်နေ့က ဈေးမှာတွေ့တော့ မေးသေးသည်။ 'ကြောင်ယူဦးမလား' တဲ့။ ဆိုလိုတာက မည်းမည်း မတော်တဆ ကတိမ်းကပါး ဖြစ်သွားခဲ့လျှင်လည်း အစားထိုးမွေးမြူစရာ ကြောင်တွေက ပေါမှပေါ။

'တိုက်လိုက်ပါကွယ်။ ဘရင်းငှက်သိုက်ရည်ဆို သိပ်ဈေးမကြီးလောက်ပါဘူး။ မည်းမည်းရဲ့ ကုသိုလ်ကံပဲပေါ့။ ပြန်ကောင်းချင်လည်း ကောင်းသွားမှာပေါ့'

တိရစ္ဆာန်များကို ချစ်လေ့ချစ်ထ မရှိသော သူ့နှုတ်ဖျားမှ စကားတစ်ခွန်း လွတ်ခနဲ ထွက်သွားသည်။ သူ့မျက်စိမှာ မည်းမည်း၏ မျက်လုံးများကို မြင်ယောင်နေသည်။ အားကိုးတကြီးနှင့် မော့ကြည့်နေရှာသည့် သနားစရာ ဝေဒနာမျက်လုံးများ။

ကြောင်တစ်ကောင်၏ 'အကြည့်ဗေဒ'ကို ခွဲခြမ်းစိတ်ဖြာ နားလည်သိရှိရန် ဉာဏ်ပညာ ကြီးကြီးမားမား ရှိရန် မလိုပါ။ သိမ်မွေ့နူးညံ့သည့် လူပီသသော နှလုံးသားတစ်စုံမျှသာ လိုအပ်ပါသည်။

ကံအားလျော်စွာ လူတချို့မှာ ထိုနှလုံးသားမျိုး ရှိနေသေးသည်လေ။

❑

အိမ်ပြန်ရောက်လျှင် ဧည့်ခန်းအတွင်းက ဆက်တီများပေါ်မှာ ထိုင်လျက် အိမ့်မွန်နှင့် မီးမီးက တယ်လီဖုန်းကိုယ်စီ ပွတ်နေကြတာကို ထုံးစံအတိုင်း တွေ့ရသည်။ သူတို့ရှေ့က စားပွဲပုလေးပေါ်မှာ သတင်းစာများ၊ ဂျာနယ်များနှင့် မဂ္ဂဇင်းများက စီစီရီရီ သပ်သပ်ရပ်ရပ် ရှိနေ၏။ ညီမနှစ်ယောက်က တို့ထိကြည့်ထားပုံ မရ။ နံရံကပ်တီဗွီတွင် ကိုရီးယားဇာတ်လမ်းတွဲတစ်ခု လာနေသည်။ ညီမနှစ်ယောက်က မော့မကြည့်ကြ။

'နေပြည်တော်က ကုမ္ပဏီပိုင်ရှင်မတစ်ယောက်ကို သတ်ပြီး မီးရှို့ထွက်ပြေးသွားတဲ့ တရားခံကို မိပြီ တဲ့။ အဲဒီအစ်မက အလုပ်ဖြုတ်ပစ်ခဲ့တဲ့ ဒရိုင်ဘာဟောင်း တဲ့။ သူ့ကို အလုပ်ပြန်ခန့်ဖို့ လာပြောရင်း စကားများ ရန်ဖြစ်လို့ တွန်းလိုက်တာ နံရံနဲ့ခေါင်း ဆောင့်မိပြီး သေသွားတာ တဲ့'

အိမ့်မွန်က တယ်လီဖုန်းပေါ်မှ မျက်နှာမခွာဘဲ ပြောနေသည်။

'ဒါနဲ့ပဲ ရေချိုးခန်းထဲ ဆွဲသွင်း၊ အရက်လောင်း၊ မီးရှို့ပစ်ခဲ့ပြီး ထွက်ပြေးသွားသတဲ့လား။ မဖြစ်နိုင်တာ'

မီးမီးကလည်း သူ့တယ်လီဖုန်းမှ မျက်လုံးမခွာဘဲ အိမ့်မွန်ကို ပြန်ပြောသည်။ ညီအစ်မနှစ်ယောက်သည် တစ်ယောက်နှင့်တစ်ယောက် နီးနီးစပ်စပ် ဘေးချင်းကပ်ထိုင်ရင်း စကားပြောနေကြသော်လည်း တစ်ယောက်မျက်နှာတစ်ယောက် မကြည့်ကြ၊ တယ်လီဖုန်းပေါ်မှ မျက်လုံးများကို မခွာကြ။ သူတို့ဝင်လာမှသာ ညီအစ်မ နှစ်ယောက်က မျက်လွှာပင့်ကြည့်သည်။

'မည်းမည်းရေ သားလေး ပြန်လာပြီလား၊ ဆရာဝန်က ဘာပြောလိုက်သလဲ၊ ကောင်းသွားမယ်တဲ့လား'

မည်းမည်းကိုမြူရင်း အိမ့်မွန်က ထိုင်ရာမှ ထ,လာသည်။ ခင်မေလွင့် ရင်ခွင်ထဲမှ ကြောင်ထံ လက်ကမ်းသည်။ ခင်မေလွင်က ပွေ့ချီထားသည့် မည်းမည်းကို အိမ့်မွန်လက်ထဲ ထည့်ပေးသည်။ ပြီးတော့ နားစွန်နားဖျား ကြားလိုက်ရသော မီးမီးရဲ့ စကားကို လေသံဖမ်းမေးမြန်းရင်း မီးမီးအနီးသို့ အူယားဖားယားနှင့် အလျင်စလို လျှောက်သွားသည်။

'ဟယ်- ဟိုအမျိုးသမီးကို သတ်ပြီး မီးရှို့ထွက်ပြေးသွားတဲ့ တရားခံကို မိပြီတဲ့လား။ ပုံတင်ထားလားဟဲ့။ ပြစမ်း၊ ပြစမ်း။ လူအချင်းချင်း ဒီလောက် ရက်စက်နိုင်သူရဲ့ ရုပ်ရည်ဟာ ဘယ်လိုမျိုးလဲဆိုတာ ကြည့်ရအောင်'

■

**ဆွန်း၊စက်မှုတက္ကသိုလ်၊**



www.burmeseclassic.com

www.burmeseclassic.com



# လှမြင့်အောင် (တောင်ကုတ်)

# အသွင်ပြောင်းကျောက်

ဘာမ် ရွှေအမြုတေ ရုပ်စုံမဂ္ဂဇင်း၊ ဧပြီ ၂၀၀၃

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ် ရောမကို
ရောက်လာစဉ်က
ရောမဟာ မြေအုတ်တွေနဲ့
လုပ်ထားတဲ့
သာမန်မြို့တစ်မြို့ပါ။
ကျွန်ုပ် ရောမက
ထွက်သွားချိန်မှာတော့
ရောမဟာ လှပချောမွတ်တဲ့
သလင်းကျောက်ဖြူတွေနဲ့
လုပ်ထားတဲ့ မြို့ကြီး
အဖြစ်ကျွန်ခဲ့တယ်။
**(စစ်ဘုရင်**
**ဩဂတ်စတပ်စ်ဆီဇာ)**

❑

ထိုနေ့က
နေပြည်တော်
စည်ပင်တည်းခိုဆောင်ကို
ရောက်သည့်အခါ
ညနေလေး နာရီထိုးပြီ။
လင်းအားကြီး
မနက်စောစော
ငါးနာရီကတည်းက
ကားမောင်းလာ
ခဲ့ရသည်ကြောင့် လူကပင်
ပန်းနေပြီ။ ရုံးချုပ်သို့
သတင်းပို့ရန်မှာလည်း
နောက်ကျသွားပြီ
ဖြစ်သဖြင့် နားဖို့သာ
ဆုံးဖြတ်လိုက်သည်။
ထို့ကြောင့်
မိမိငှားထားသည့်
တည်းခိုဆောင်၏
အခန်းရှေ့ထိ
ကားမောင်းလာပြီး
ဂိတ်ထိုး၏။
ကားမောင်းသမားတို့
သဘာဝကလည်း
မောင်းနေစဉ်က
ပင်ပန်းသလို မခံစား
ရသော်လည်း နားလိုက်မှ
ညောင်းညာကျိုးတွဲ
နေတတ်သည်။
စည်ပင်ဝန်ထမ်း



www.burmeseclassic.com

www.burmeseclassic.com

**igvvkd bkdb;bDif t p0ft quf awGnf 'gawGkd xelfodf apmi fn&fSuCflu vmyJ r[ kvfvm;vkd 'gayrbh aemi fvm aemuGbm; igvvkdwGBLumi h obm0 a&ajrawvmawvmi f ausmuplkf ausmufvkdwG t ajct ae ysuf Gfclkdwvm**

အမျိုးသမီးက အခန်းသော့ကို လာဖွင့်ပေးပြီး အိပ်ရာပစ္စည်းများကို နေရာချနေစဉ် မိမိတို့ ဇနီးမောင်နှံကလည်း ကားပေါ်မှ ပစ္စည်းများကို စိစစ်ဆွဲယူလိုက်ကြသည်။ ပြီးနောက် အခန်းထဲသို့ သယ်ယူခဲ့၏။ ဝန်ထမ်းအမျိုးသမီးကား သူ့တာဝန်ကျေ၍ ပြန်သွားပြီ။

ယူထားသော အခန်းက ရိုးရိုးအခန်း။ ရာသီကလည်း ပူနေသည်ကြောင့် အခန်းအောင်း အပူများ လျော့ကျသွားစေရန်အလို့ငှာ အခန်း၏ တစ်ပေါက်တည်းသော အဝင်တံခါးချပ်ကို သည်အတိုင်း ဖွင့်ထားလိုက်သည်။ တစ်နေ့တာ ဝတ်ထားသော ကိုယ်နေအဝတ်များကို လဲလှယ်ဖို့ စီစဉ်ရသည်။ သည်နေရာမှာ ကြားဖြတ်၍ နေပြည်တော် စည်ပင်တည်းခိုဆောင်များ၏ အနေအထားကို ပြောမှဖြစ်လိမ့်မည်ထင်၏။ တည်းခိုဆောင် အများအပြားရှိပြီး အဆောင်တစ်ခုတွင် အခန်းခြောက်ခန်း ခွဲထားသည်။ တစ်ခန်းတွင် လူသုံးယောက် တည်းနိုင်ရန် ခုတင်သုံးလုံးစီနှင့် ပရိဘောဂများ ချပေးထားသည်။ မိမိတို့ ဇနီးမောင်နှံက သုံးယောက်ခန်းတစ်ခန်းကို ယူပြီး တည်းခိုခြင်းဖြစ်၏။

မိမိတို့တည်းခိုဖို့ မရောက်မီကပင် အချို့အခန်းများမှာ တည်းခိုနေကြသူများ ကြိုတင်ရောက်ရှိပြီးဖြစ်သည်။ အထူးသဖြင့် မိမိအခန်းနှင့် ကပ်လျက် အခန်း၏ တံခါးချပ် ပွင့်နေပြီး တည်းခိုသူရှိကြောင်း သတိထားမိသကဲ့သို့ အခြား တစ်ဖက်အခန်းမှာ သော့ပိတ်ထားသဖြင့် လောလောဆယ် လူမရှိသေးကြောင်း သိနိုင်သည်။ မိမိတို့ ကားထိုးရပ်ခဲ့စဉ်ကပင် အခန်းရှေ့ စင်္ကြံမှာ အရွယ်ကောင်း ရုပ်ချောချော အမျိုးသမီးတစ်ယောက် မတ်တတ်ရပ် ဖုန်းပြောနေသည်ကို တွေ့ခဲ့ရပြီး ခဏအကြာမှာ တံခါးပွင့်နေသည့် အခန်းရှေ့သို့ ရှောင်ထွက်သွားသည်။ သို့သော် သူမ၏ ဖုန်းအပြောကား ရပ်မသွား။ သူမထံမှ ကြားသာလောက်သော စကားသံများအရ သူမလည်း ဌာနတစ်ခုမှ ဝန်ထမ်းဖြစ်မည်ဟု ခန့်မှန်းနိုင်သည်။ မိမိတို့နှင့် ကပ်လျက် အခန်းကို ကြိုရောက်နေသော ဧည့်သည်လည်းဖြစ်မည်။ ထိုကိစ္စ အသာထားဦး၊ လောလောဆယ် ခန္ဓာကိုယ်မှ အဝတ်များကို လဲရန် အထုပ်အထည်များကို လှန်လှော လိုက်သည်။

'အယ် ကလေးလေး၊ ချစ်စရာလေးတော့'

အင် ဘယ့်နှယ်၊ ဇနီးသည်ဆီက အသံကို ကြားလိုက်ရသဖြင့် စိတ်ခိုးလိုးခုလုနှင့် အခန်းထဲ မျက်စိကစားဖြစ်သွားသည်။ သူ့မျက်စိကြည့်ရာအတိုင်း ဖွင့်ထားသော တံခါးပေါက်ဆီသို့ လိုက်၍ သမင်လည်ပြန်လှည့်ကြည့်လိုက်သောအခါ တွေ့ပါပြီ။ တကယ့် ပီဘိ၊ ချစ်စရာမိန်းကလေးတစ်ယောက် လာရပ်နေသည်ကိုး။ အသက်ငါးနှစ်ခန့်ရှိပါလိမ့်မည်။ ဝဝကစ်ကစ်ကလေး၊ ထဘီကို စီးစီးပိုင်ပိုင် ဝတ်ထားပုံက တစ်မျိုးတစ်ဘာသာ ထူးဆန်းနေ၏။ ဆံပင်များကို ဆံရစ်ဝိုင်း သိမ်းထားကာ အပေါ်ထိပ်တည့်တည့်မှာ ကြက်တောင်စည်းလုပ်ထားသောကြောင့် ထောင်တက်နေသော ဆံပင်များက ကြာပွင့်ကလေး ခေါင်းပေါ်တင်ထားသည့်နှယ်။ မိတ်ကပ်ပါးပါးပေါ်မှာမှ သနပ်ခါး ပါးကွက်ကျား ရိုက်ထားသည်။ နှာတံပေါ်က သနပ်ခါးဆွဲကြောင်းကလည်း ထင်ထင်ပေါ်ပေါ်ရှိလှ၏။ တောသဘာဝနှင့် မြို့အလှကို သေသေသပ်သပ် ပေါင်းစပ်ထားသည့် ဖက်ရှင်မျိုးနှင့် သမီးကလေးကို သဘောကျစွာ ပြုံးပြလိုက်သည်။ ကလေးမမှာ ရွှေတိုရွှေစ ဘယက်ဒွါဒရာ ဆင်ယင်ထားသည်ကိုလည်း ဖျတ်ခနဲ အတွေ့မှာ သတိပြုမိ၏။

'မြေးမလေးပါလား၊ လှနေလိုက်တာဟယ်၊ ကြည့်စမ်းပါဦး'

မိမိဇနီးသည်က လက်ဦးမှုယူ၍ နှုတ်ခွန်းဆက်ကာ ခရီးဦးကြိုပြုသည်။ မိမိကလည်း တစ်သဘောတည်းမို့ အပြုံးလဲ့လဲ့နှင့် လက်ယပ်ခေါ်လိုက်၏။ ဇနီးသည်က သဒ္ဓါယိုဖိတ်လာသည်ထင့် စားပွဲပေါ် တင်ထားသော ကောက်ညှင်းထုပ်တစ်တွဲကို ယူ၍ တံခါးဝသို့ သွားကာ လက်ထဲ အသေအချာ ထည့်ပေးနေသည်။ ကလေးမလေးကား မရယ်မပြုံး ပုံစံနှင့် ကစားစရာ ကော်ရုပ်ကလေးနှယ် ရပ်မြဲရပ်နေသည်။ မိမိကလည်း ကလေးမနှင့် စကားသွားပြောရအောင် တံခါးဝဆီ ခြေလှမ်းအရွေ့-

'ညီမလေး၊ မင်း ဘယ်သွားနေတာလဲ၊ ဖေကြီးနဲ့ တိုင်ပြောမှာ ကြည့်နေ၊ လာစမ်း'

သူ့ထက် အရွယ်အနည်းငယ် ကြီးသည့် ယောကျ်ားကလေးတစ်ယောက် ပေါ်လာပြီး ပခုံးကို ခပ်ကြမ်းကြမ်း လှုပ်ကာ ဆွဲခေါ်ယူသွားလေသည်။ သူ့အစ်ကိုဟု အကြမ်းဖျင်း သိလိုက်သည်။ ကလေးနှစ်ယောက်စလုံးမှာ စောစောက ဖုန်းပြောနေသည့် အရွယ်ကောင်း မိန်းမချောနှင့် ရုပ်ချင်းဆင်တူသည့်အတွက် ဘေးချင်းကပ်အခန်းက ဧည့်သည် မိသားစုဟု တွက်ဆမိသည်။

'ဘိုးဘိုးကြီး နေပြည်တော်က ပြန်လာရင် မီးမီးအတွက် မုန့်ဝယ်ခဲ့ဦး'



www.burmeseclassic.com

www.burmeseclassic.com

‘ဘွားဘွားတို့နဲ့ နေပြည်တော် လိုက်ပြီး ဆင်ဖြူတော်ကို ကြည့်ချင်တာလေ၊ မီးမီး ကျောင်းပိတ်ရင် နောက်တစ်ခေါက် ပြန်လိုက်ပို့ရမယ်နော်’

နေ့လယ်က အမြန်လမ်းတစ်လျှောက် ကားမောင်းလာခဲ့တုန်း မိမိတို့နှင့် သီးခြားတစ်မြို့မှာ နေသည့် သမီးမှမွေးသော မြေးမကလေးက ဖုန်းတဂွမ်ဂွမ် ဆက်နေခဲ့ခြင်းဖြစ်သည်။ မြေးမကလေးက မူကြိုကျောင်းတက်နေတုန်းမို့ မပီကလာပီကလာနှင့် အမှာပါးနေသည်ကို နားထဲကြားယောင်နေဆဲ။ ယခု နေပြည်တော် ရောက်သောအခါ မြေးမကလေးတစ်ယောက် တွေ့ရပုံကို ဇနီးသည်က စီကာပတ်ကုံး ပြန်ပြောလိမ့်မည်ကို မြင်ယောင်သေး။

နောက်နေ့မနက်သို့ ရောက်သောအခါ သူ့အကြောင်းနှင့်သူ၊ ကိုယ့်အကြောင်းနှင့်ကိုယ် ထွက်သွားခဲ့ကြရသည်။ မိမိမှာ တစ်နေကုန် ရုံးလုပ်ငန်းများ သွားရောက်ဆောင်ရွက်ပြီး နောက် ညနေပိုင်းမှာ တည်းခိုဆောင်သို့ ပြန်ခဲ့သည်။ နေမမှောင်မီ နားနားနေနေ လမ်းသလားပြီး ရေချိုးခါနီးမှာ ကလေးမနှင့် ပြန်ဆုံသည်။ ကလေး၏ မိသားစုနှင့်ပါ မျက်နှာချင်းဆိုင်ရသော်လည်း စကားမပြောဖြစ်။ သူတို့မှာ မိဘများနှင့် သားသမီး နှစ်ယောက်၊ ပေါင်းလေးယောက်။ ကလေးမလေးသည်လည်း အဘိုးအဘွားကို လွမ်းနေသည်လားမသိ။ အခန်းတံခါးရှေ့မှာ မကြာခဏ လာရပ်တတ်သည်။ သို့သော် အရှိုက်သည်းလှိုက် မဖိတ်ခေါ်မိအောင် သတိထားလာရသည်။ ထို့ကြောင့် အသံတိတ် ဘာသာစကားသုံး၍ အပြုံးကလေးနှင့် ခေါင်းတညိတ်ညိတ် နှုတ်ဆက်ရုံမျှသာ။

‘ကလေး အမေအမေက ခပ်တည်တည်နော်၊ ကလေးခိုးမယ့်လူကြီးတွေလို့များ ထင်နေရင်ခက်ပြီ’

‘မင်းကလည်းကွာ၊ မဟုတ်လောက်ပါဘူး’

ဇနီးသည် နှုတ်စည်းမစောင့်ဘဲ မနေ့ညက ထင်ကြေးပေးလာသဖြင့် ပြန်ဟောက်မိပါသေးသည်။ သို့သော် တကယ်တမ်း စဉ်းစားကြည့်သောအခါ သရီးသရီဖြစ်လာသောကြောင့် သူ့ကိုပင် ထောက်ခံရတော့မလိုလို။ သတင်းစာနှင့် မီဒီယာများမှာ မကြာခဏ ဖော်ပြလာကြသည့် မကြားဝံ့မနာသာ ကိစ္စများက ခပ်စိပ်စိပ် တွေ့လာရသည်ပဲကိုး။ မည်သို့ဆိုစေ သူတို့၏ စိတ်သဘောကို လေ့လာ အကဲခတ်ပြီးမှ ဆက်ဆံရေး တိုးမြှင့်သင့်သည်ထင်၏။

နောက်နှစ်ရက်ခန့် ဆက်လက် နေထိုင်ကြပြီးနောက် သူတို့နှင့် ယခင်ကထက် ပိုမိုရင်းနှီးလာသကဲ့သို့ရှိ၏။

‘မြေးကလေးရေ ထမင်းစားပြီးပြီလား’၊ ‘မြေးကလေးက လှနေလိုက်တာ’ စသည်ဖြင့် တွေ့ဆုံခိုက်မှာ အသံထွက်ကလေးနှင့် နှုတ်ဆက်လာနိုင်သည်။ မိဘများကလည်း ပြန်ပြုံးပြဖော်ရလာပြီ။ သို့သော် ထို့ထက်ပို၍ တိုးမြှင့်ဆက်ဆံစရာအကြောင်း မပေါ်ခဲ့တော့ချေ။ အဘယ်ကြောင့်ဆိုသော် နောက်နေ့နံနက်စောစောမှာ အိမ်ပြန်ခရီးကို စတင်ခဲ့ရသောကြောင့်ဖြစ်၏။

ပြန်ခါနီးမို့ အခန်းတံခါးကို ဖွင့်ထားပြီး ထုပ်ပိုးပြင်ဆင်နေတုန်း-

‘ပြန်တော့မယ်’

ဟော ထူးဆန်းလိုက်တာ၊ မြေးမကလေးက အခန်းဝမှ လာနှုတ်ဆက်နေသည်ကြောင့် မိမိတို့နှစ်ယောက် လှည့်ကြည့်ပြီး အာစေးမိနေကြသည်။ အချိုဆုံးအပြုံးများနှင့် ပြန်လည် အသိအမှတ်ပြုပေးဖို့မှ မပျက်ကွက်ကြချေ။

‘မြေးလေးက ဘယ်ကို ပြန်မှာလဲကွဲ့’

ဇနီးသည်က မိန်းမပီပီ သွက်သွက်လက်လက် စကားမေးလိုက်သည်။

‘မြင်းခြံ အဲ့’

ကလေးမလေးကလည်း ချက်ချက်ချာချာပြန်ဖြေ၏။ သို့သော် သူ့နှုတ်ထွက်သံ မဆုံးမီ ပိတ်ဆို့ခြင်းခံလိုက်ရပြန်ပြီ။ သူ့အစ်ကိုက ပါးစပ်ပေါက်ကို ရုတ်ခနဲ ပိတ်ကာ ဆွဲခေါ်သွားသည်ကိုး။ နောက်ထပ်၍ မိမိတို့ရှေ့မှာ အဆိုပါ မြေးမကလေး၏ ပုံရိပ် ပြန်မပေါ်လာခဲ့တော့ချေ။

‘ညီမလေး လာခဲ့စမ်း၊ ကိုယ်ပြန်မယ့်နေရာကို သူစိမ်းတွေဆီ မပြောရဘူးလို့ အဖေကြီး သင်ထားတယ်လေ၊ ဘယ်တော့မှ မမှတ်ဘူး’

သူတို့နှစ်ယောက် ရုတ်ရုတ်သဲသဲဖြစ်ကာ တံခါးဝက ပျောက်ကွယ်သွားချိန်နှင့် တစ်ဆက်တည်း အခန်းထဲ တိုးဝင်လာသော အသံလှိုင်းကို နားနှင့် ဆတ်ဆတ် ကြားလိုက်ရသည်။ မိမိတို့မှာ တစ်ယောက်မျက်နှာတစ်ယောက် မကြည့်ရဲတော့သလို ရှက်ရှက်ရွံ့ရွံ့နှင့် တွေဝေကျန်ခဲ့ကြသည်။

တည်းခိုဆောင်၏ ထုံးစံအတိုင်း စီမံခန့်ခွဲရေးရုံးမှာ အခန်းပြန်အပ်၊ မှတ်ပုံတင်ကတ်များ ပြန်ယူ၊ ပြီးမှ လိုရာခရီး ထွက်ခွာ။ ထူးထူးခြားခြားပင် သူတို့မိသားစုနှင့် ထိုရုံးခန်းမှာ လာဆုံနေခဲ့သည်။ ကလေးမလေးကို ဇနီးသည်က ရောက်တတ်ရာရာ ပြောနေသေးသည်။ မိမိတို့ကားပေါ်တက်ပြီး ရုံးခန်းမှ ထွက်ခွာလာသောအခါ ကားပေါ်မှ လှမ်း၍ လက်တပြပြလုပ်ခဲ့ကြသေးသည်။

မြို့မဈေးထဲဝင်ပြီး အိမ်ပြန်လက်ဆောင်ဝယ်၏။ အထူးသဖြင့် နေပြည်တော်ထွက် ကိတ်မုန့်ဝယ်ဖြစ်သည်။ တစ်မြို့တစ်နယ်စီ ခြားနေသော မြေးမကလေးဆီသို့ ကားကြုံရှာလျက် ပို့ဖြစ်အောင် ပို့ပေးရလေဦးမည်။ ဇနီးသည်က သူ့မြေးအတွက် မုန့်ကို မဖိမိရလေအောင် စိတ်ရှည်ရှည်နှင့် ပြင်ဆင်နေပြန်သည်။ အလာခရီးစဉ်တုန်းကလည်း သူကြိုက်တတ်သည့် ကောက်ညှင်းထုပ်ကို မရရအောင် အော်ဒါမှာပြီး တယုတယ ထည့်လာသည်ကို ပြေးမြင်နေ၏။ သို့ပါသော်လည်း တည်းခိုဆောင်စကြံက အမှိုက်ပုံးထဲမှာ စွန့်ပစ်ခံ ကောက်ညှင်းထုပ်ကလေးများကို အတွဲမပျက်


www.burmeseclassic.com

www.burmeseclassic.com

နဂိုအတိုင်း တွေ့ခဲ့သည့် အကြောင်းကို ပြန်မပြောဖြစ် အောင်တော့ မိမိတစ်သက် တာလုံး မျိုသိပ်ထားဖို့ ဆုံး ဖြတ်လိုက်ပါသည်။

ဘယ်အရာကို အလို မကျမှန်း မဝေခွဲနိုင်ဘဲ ရင်ထဲ မှ တနုံ့နုံ့နှင့် အတွေးအမျှင် တန်းတို့သာ တောက်လျှောက် ပါလာခဲ့တော့သည်။

❑

ပင်လယ်ရေမျက်နှာ ပြင်အထက် ပေသုံးထောင် ကျော်မြင့်သော ရိုးမကိုကျော် ပြီးလျှင် ကိုယ့်မြို့ကိုရောက် ပြီ။ ရိုးမလမ်းချည်းသက် သက် မိုင်ရှစ်ဆယ် မောင်းရ မည်။ အကွေ့အကောက် အတက်အဆင်းများစွာတို့ကို နိမ့်ချည်မြင့်ချည် ဖြတ်သန်း ရင်း မြေပြန့်တစ်ခွင်နှင့် ဧရာ ဝတီမြစ်ကြီးကို အပေါ်စီးမြင် ရသည့် ရှုခင်းရှုကွက်များက အမောပြေစေပါသည်။ ပြာ မှိုင်းမှိုင်း ကောင်းကင်ပြင် အောက်ဝယ် မိုင်ထောင်ပေါင်း များစွာ တကျယ်တပြန့်ကြီး တိမ်လှိုင်းထနေသော တောင် ထွတ်တောင်ထိပ်များ၊ သစ် တောသစ်ပင်များကို ဖြတ် သန်းတိုက်ခတ်လာသည့် တောင်ပေါ်မြေ လေနုအေးတို့ လာထိတွေ့သည့်အခါမှာ အပန်းပြေ လန်းဆန်းသွား တတ်သည်။ သည်ရိုးမကို ကျောင်းသားအရွယ်တုန်းက ပင် အကြိမ်ကြိမ် ဖြတ်သန်းခဲ့ ပြီးပြီ။ သို့သော် ကားလမ်း ဘေးတစ်လျှောက်မှာ ရာသီ မရွေး ရှိနေသည့် သဘာဝစိမ့် စမ်း ရေတံခွန်တောတောင် များ၊ မိုးထိတောင်ထိပ် ကား လမ်းပေါ်မှာ ဝေ့သီအုံ့ဖွဲ့နေ

&i €mz bd
t aUmi fq kd
Uawmh
i gv bS/ kdt dfb
Om;p0 ajr;quf
aUsmUpbdf
aUsmUbm;vkd
ckdfmjrjrH
vmwbh
, 0fUsrl
"av bx jpdawG
t oGf
ajymi fUkbfvmyJ

သည့် မိုးတိမ်များအကြား ပြေးဝင်ထိတွေ့ရတိုင်း စိတ် အရသာက တစ်ခါလာတစ် မျိုးနှင့် မရိုးနိုင်ပါလေ။ ရိုးမ တောင်ပေါ်ဒေသက ထွက် သည့် သစ်ဥသစ်ဖုနှင့် စား စရာ အသီးအနှံ အမျိုးမျိုးက လည်း ဈေးသည်များကို ဆွဲ ဆောင်အားကောင်းသည်။ သည်မြေသည်ရေမျိုးကို မှ ပိုင်ဆိုင်ထားလေသည့် အမိ မြေ။

"ရှေ့မှာ လမ်းကို ကြိုးနဲ့ တားထားတယ်နော်"

မြေပြန့်မှ တက်လာပြီး နောက် သိပ်မကြာ။ လမ်း ပေါ်မှာ ကျောက်အပိုင်းအစ အမှုန်အမွှားများ ပြန့်ကျဲနေ၍ သတိထားမောင်းနေရချိန်မှာ ဇနီးသည်က အရေးတကြီး သတိပေးသည်။ ကားကို လည်း ကြိုးတန်းနှင့် မနီး မဝေးမှာပဲ ဘရိတ်အုပ်လိုက် ပြီ။ ကြိုးတန်းနှင့် မနီးမဝေး မှာ ရပ်လျက်က မိမိတို့ဘက် ကို လက်ပြတားနေသော လူ တစ်ယောက်ဆီ လှမ်းမေး လိုက်သည်။

"ညီလေးရေ ဘာဖြစ် လို့လဲကွ"

"မိုင်းခွဲမှာကြောင့်ပါ၊ အန္တရာယ်ကင်းအောင်လို့ တားထားတာ၊ နာရီဝက် လောက် စောင့်ပေးပါ"

ဘာကြောင့် မိုင်းခွဲမှာလဲ၊ ဇဝေဇဝါ။ စိတ်ပျက်လက် ပျက်နှင့် သည်အတိုင်း ထိုင် စောင့်ရသည်။

အုန်းခနဲမြည်သံ ထွက် ပေါ်လာပြီး တောင်ထိပ်ဘက် မှ ကျောက်တုံး အစိုင်အခဲ များ လွင့်ကုန်သည်။ ကား ပေါ်မှပင် တုန်ခါသွား၏။ အသေးအမွှား အစအနများ က လမ်းပေါ်အထိ ပြန့်ကျဲကျ ရောက်လာသည်။ လေထုထဲ လွင့်သွားသော ဖုန်မှုန့်များ ကြောင့် နေရောင်ပါ မှုန်မှိုင်း သွား၏။ ခဏကြာသောအခါ စောစောက ရပ်နေသူက ကြိုး လာဖြေပေးသောကြောင့် ခရီး ဆက်နိုင်ပြီ။ လာစုမိကြသော ကားဆယ်စီးခန့်လည်း ခရီး ပြန်စဖို့ ပြင်ကြသည်။

"အယ် လာတုန်းက တွေ့ခဲ့တဲ့ ကျောက်နံရံကြီး မရှိ တော့ဘူးတော့၊ ဟာလာဟင်း လင်းကြီးဖြစ်သွားပြီ"

ကားဖြတ်မောင်းချိန် မှာ ဇနီးသည်က စပ်စပ်စုစု ဖြင့် တောင်နံရံဘက်ကို ချောင်းကြည့်လျက် ပါးစပ် အဟောင်းသားနှင့် တအံ့ တဩ ရေရွတ်သည်။ မိမိက ခေါင်းထဲမှာ လက်ခနဲ အတွေးတစ်ခု ဝင်လာပြီး စကားစ,လိုက်၏။

"ဒီကျောက်စိုင် ကျောက်သားတွေ ဘယ်တုန်း က စ,ဖြစ်လာကြသလဲလို့များ မင်း တွေးမိသေးလားဟင်"

ဇနီးသည်က ဖျတ်ခနဲ လှည့်ကြည့်ပြီး မကျေမနပ် နှင့် နှာခေါင်းက လေ မှုတ် ထုတ်သည်။

"စကားကတ်ဖဲ့ပြောဖို့ မကြံနဲ့နော်၊ ကမ္ဘာဦးကတည်း က ရှိတာကို ပြောဖို့ လိုသေး လား ကဲ"

"ဟား ဟား ဟား၊ ကမ္ဘာဦးကတည်းက ရှိလာခဲ့ တာ မှန်တာပေါ့ကွာ၊ ငါတို့ ဘိုးဘေးဘီဘင် အစဉ်အဆက် တွေလည်း ဒါတွေကို ထိန်း သိမ်းစောင့်ရှောက်ခဲ့ကြတာပဲ မဟုတ်လားလို့။ ဒါပေမဲ့ နောင်လာနောက်သား ငါတို့ တွေကြောင့် သဘာဝရေမြေ တောတောင် ကျောက်စိုင် ကျောက်တုံးတွေ အခြေအနေ ပျက်ယွင်းခဲ့ရတာ မင်း အမြင် ပဲလေ။ ရင်နာဖို့အကောင်းဆုံး ကတော့ ငါတို့နှလုံးအိမ်မှာ သားစဉ်မြေးဆက် ကျောက် စိုင်ကျောက်သားလို ခိုင်မာမြဲ မြဲလာတဲ့ ယဉ်ကျေးမှုဓလေ့ ထုံးစံတွေ အသွင်ပြောင်းကုန် တာပဲ"

စိတ်ထဲ ကြိတ်ခဲထား သမျှ မခြွင်းမချန် ဖွင့်ဟ, လိုက်ချင်ပါဘိ။

သို့သော် မိမိနှုတ်က အသံမထွက်ရဲလောက်အောင် ပင် ဇနီးသည်ကို အားနာနေ လေ၏။ ။ ■

လှမြင့်အောင်၊တောင်ကုတ်၊



www.burmeseclassic.com

www.burmeseclassic.com

*စာမျက်နှာ(၁၇၉)သို့...*

စိုပြေမ မသိတော့ပေ။

စားသောက် သိမ်းဆည်းပြီး၊ "ကဲ သမီး မောင်လေးနဲ့ အိပ်နှင့်တော့၊ အမေ နောက်ဖေး သွားဦးမယ်" ဆိုတော့လည်း ဖိုးလပြည့်ကို ခေါ်ကာ အသာ အိပ်ရာဝင်ခဲ့ကြသည်။

ညတစ်နာရီ မထိုးခင်အထိ စိုပြေမ အိပ်လို့ကောင်းနေခဲ့ပါသည်။

❑

၆။

"အား လုပ်ကြပါဦးဗျာ ကျွန်တော့်ငယ်ပါ ခွေးကိုက်ဖြတ်သွားလို့ပါ"

ည သန်းခေါင်ယံထဲ အသံဆိုးကြီးတစ်ခုက ထိုးခွဲဖောက်ထွက်လာခဲ့သည်။ မိတုတ်မက အသင့်စောင့်ဆိုင်းနေသူပမာ ဖယောင်းတိုင်မီး ထ,ထွန်းကာ အခန်းထဲက ထွက်လာခဲ့၏။ သူ့ရှေ့မြေပြင်ပေါ်မှာ ခြင်းခြင်းနီစွေးနေသည့် သွေးတွေကြားသူ့အိမ်ဦးနတ်ကြီး လူးလိမ့်နေတာ မမြင်သယောင်၊ သူ့အိမ်ဦးနတ်ကြီး အော်ဟစ်နေတာ မကြားသယောင်။ မကြာခင် ပတ်ဝန်းကျင်အိမ်များမှ လူတွေ ရောက်ရှိလာကြကာ လူနာတင်ယာဉ်ခေါ်ဖို့၊ ဆေးရုံပို့ဖို့ ပျာယာခတ်နေအောင် အလုပ်ရှုပ်သွားကြသည်။

သို့တိုင်အောင် မိတုတ်မကတော့ ဖယောင်းတိုင်တင်ထွန်းသည့် ကျောက်ရုပ်ကြီးလို မားမားကြီးရပ်နေသည်။ ဘာစကားမှလည်း မေးမရ။ ဘာစကားမှလည်း မပြော။ ပတ်ဝန်းကျင်က လူတွေကတော့ သွေးတွေမြင်ပြီး မိတုတ်မ ကြောင်သွားပြီဟု ထင်ကြသည်။ မိတုတ်မကတော့ မတုန်မလှုပ် ကျောက်ရုပ်ပင်။ သူ့အိမ်ဦးနတ်ကြီးကို လာတင်သည့် လူနာတင်ကားထွက်ခွာသွားမှ မိတုတ်မ အိပ်ရာထဲသို့ ဝင်ခဲ့၏။ စိုပြေမကတော့ သူ့အဖေနောက် လူနာစောင့်ရန် လိုက်ပါသွားခဲ့လေသည်။

မိတုတ်မက နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေသည့် ဖိုးလပြည့်မျက်နှာကို တစိမ့်စိမ့် ငုံ့ကြည့်ပြီး-

"သားရဲ့ ဒီရပ်ကွက်က လူတွေတင်မကဘူး ခွေးတွေပါ ငတ်ကြီးကျနေတာ၊ ဒါတွေ အမေသိတာပေါ့လေ။ အဲဒါကြောင့် ညက အမဲကြော်တုံး အမေမစားဘူးလေ၊ ကြွပ်ကြွပ်အိတ်နဲ့ မင်းအဖေ ငယ်ပါမှာ တွဲချည်ပေးထားလိုက်တယ်။ အမေတို့ ရပ်ကွက်က လူတွေတင်မကဘူး ခွေးတွေပါ ငတ်ကြီးကျနေတာ။ ဒီလိုဖြစ်မယ်ဆိုတာ အမေ သိတာပေါ့။ လူတချို့က ယောကျ်ားအင်္ဂါနဲ့ မထိုက်တန်လို့ပါ"

မိတုတ်မက ပါးစပ်က တဖွဖွပြောရင်း မျက်ဝန်းအိမ်မှ မျက်ရည်စက်များ အဆက်မပြတ် စိမ့်သက်ယိုစီးကျလာတော့လေ၏။ အမှတ်တမဲ့ပင် သူ့မမျက်ရည်တစ်စက်ဟာ ဖိုးလပြည့်လေး ပါးပေါ် ကျသွားသောအခါ ဘာရယ်ကြောင့်မသိ ဖိုးလပြည့်လေးမှာ အိပ်ပျော်နေလျက်ကပင် ခိုးခိုးခစ်ခစ် အသံများ ထွက်လာအောင် ရယ်မောနေလေတော့သည်။ ■

မခ




ပရက်စလေနဲ့ လူစီတို့ဟာ
ဆယ်ကျော်သက်အရွယ်မှာ ဆုံစည်းမိခဲ့ကြပြီး
သမီးလေးတစ်ယောက် ထွန်းကားခဲ့ပါတယ်။
သမီးကလေးအမည်ကို "ဒီဇိုင်းယားရီး" (Desiree) လို့
အမည်ပေးထားပေမဲ့ ဒီသမီးရှိကြောင်း
ပရက်စလေ ကွယ်လွန်သွားတဲ့အထိ
လူစီက သိခွင့်မပေးခဲ့သလို
ဒီဇိုင်းယားရီး ကိုယ်တိုင်လည်း
သူဟာ ကမ္ဘာကျော်ရုပ်ရှင်မင်းသား
ပရက်စလေရဲ့သမီးဖြစ်တယ်ဆိုတာ
ဖခင်ကွယ်လွန်ချိန်အထိ တိတိကျကျ သိခွင့်မရခဲ့ပါဘူး။
လူစီက သူမှာ သမီးတစ်ယောက်မွေးထားကြောင်း
ပရက်စလေကို ဘာကြောင့် သေတဲ့အထိ
သိခွင့်မပေးခဲ့တာလဲ၊ ပရက်စလေ ကွယ်လွန်ပြီး
ရာစုနှစ်တစ်စိတ်(နှစ်ပေါင်းအစိတ်)
ကြာမှ ဘာကြောင့် ကမ္ဘာကို ဖွင့်ချပြလေသလဲ
ဆိုတာ စိတ်ဝင် စားစရာ ကောင်းပါတယ်။

■

**LUCY DE BARBIN နှင့် DARY MATERA တို့**
ရေးသားသည့်
**ARE YOU LONESOME TONIGHT? ကို**
ဝင်းငြိမ်းက မြန်မာပြန် ဆိုပြီး
ငါတို့စာပေက ထုတ်ဝေဖြန့်ချိသည်။



www.burmeseclassic.com

www.burmeseclassic.com

ဆွမ်းခံရင်း ကိုရင် သာထူး
စိတ်ထဲ ဒွိဟဖြစ်နေတယ်။
ခြေထောက်က
ကျောက်စရစ်ခဲလေးတွေ
နင်းမိမှ
သတိပြန်ဝင်လာတယ်။
ဒွိဟဖြစ်နေရတဲ့အကြောင်း
ကတော့ မနက်က အရုဏ်
ဆွမ်းစားဆောင်ဘေးမှာ
ပြောနေတဲ့ ရှစ်တန်းက
ကိုရင်ကြီးနှစ်ပါးရဲ့
စကားတွေကြောင့်ပဲ။
သူတို့အချင်းချင်း
တိုးတိုးတိုးတိုး
ပြောနေကြတယ်။
ဒီစကားကို ကိုရင်သာထူး
ကြားဖြစ်အောင်
ကြားလိုက်တယ်။
ဒါကြောင့်လည်း
ဆွမ်းခံနေကျအိမ်တွေမှာ
ဆွမ်းခံရင်း စိတ်က
ဘူတာခြမ်းဘက်
ရောက်နေတာပေါ့။
အတွေးထဲမှာလည်း
ဒီရိုနီဆို
ဘူတာဘက်ခြမ်းက
ရပ်ကွက်အိမ်တွေမှာ
ကိုရင်ကြီး နန္ဒိယ
ဆွမ်းခံပြီးပြီလား မသိဟု
တွေးနေမိရဲ့။ ခါတိုင်းရက်
တွေလို ကျောင်းနားက
အိမ်လေးတွေ ဆွမ်းခံ၊

ဈေးထဲဝင် ဆွမ်းခံပြီး
ကျောင်းပြန်ကြွရ
ကောင်းမလား။
ဒါမှမဟုတ် ကိုရင်ကြီးတွေ
ပြောသလို
ဘူတာဘက်ခြမ်းအထိ
ကြွလိုက်ရ ကောင်းမလား။
ဇဝေဇဝါဖြစ်နေတယ်။
မျက်စိထဲမှာလည်း
မြင်ယောင်နေမိတယ်။
မြင်ယောင်ဆို
ဟိုတလောလေးကမှ
ဆွမ်းစားဆောင်မှာ
တာဝန်ကျထားတာကိုး။
အဲဒီနေ့က ဥပုသ်နေ့။
ဘုန်းကြီးတွေ၊
ဦးပဉ္စင်းတွေ ဆွမ်းစားပြီး
ကိုရင်သာထူးတို့
ကိုရင်တွေ
ဝိုင်းဖွဲ့မိကြတယ်။ အဲဒီမှာ
စ,တွေ့တာ။ ကိုရင်ကြီး
နန္ဒိယလေ ဆွမ်းဟင်းခွက်
တွေမှာ။ ဝက်သား၊
ကြက်သား အိုးအစုံပါပဲ။
ဟင်းကောင်းတွေချည်း
လေးငါးခွက်လောက်
ပါတယ်။ ကျန်တဲ့
ကိုယ်တော်တွေကတော့
မသိ။ အံ့ဩဟန်လည်း
မပြကြပါဘူး။ ကျောင်း
ရောက်တာ မကြာသေးတဲ့
ကိုရင်သာထူးအဖို့

## ဖြိုးငြိမ် (နေရှင်နယ်)

## အစုန်မြစ်ထဲက ဆန်ရေတစ်စက်



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ထူးဆန်းနေတယ်။ ဒီကိုယ်တော်ကြီးက ဘုန်းကြီးလှချည်လားပေါ့။ ကိုရင်သာထူးတို့ဆို ကျောင်းရောက်တာ တစ်လနီးပါးရှိပြီ။ ကြက်ဥကြော်လေးတောင် မရဘူး။ များသောအားဖြင့် ခရမ်းချဉ်သီး ငါးပိချက်၊ ပဲပြုတ်လေးတစ်ခွက်က ပင်တိုင်ဆွမ်းဟင်းတွေပဲ။ ခုလို ကိုရင်ကြီးနှစ်ပါး စကားတွေ ကြားလိုက်ရတော့ အားကျတာလိုလို၊ မနာလိုတာလိုလို ဖြစ်နေမိတာ အမှန်။ နေနှင့်ဦးပေါ့ကွာလို့ စိတ်ထဲက ကြုံးဝါးထားခဲ့တယ်။

❑

ကိုရင်သာထူး အဖေက ဒီမြို့လေးက စက်ရုံတစ်ခုက အောက်ခြေဝန်ထမ်း။ ဇာတိမြို့လေးမှာ ဘောက်အလုပ်လေးတွေ လိုက်လုပ်ရင်းကနေ အဖေ့ရဲ့အစ်ကို ဘကြီးဖြစ်သူက သူ့ဆီလာခဲ့ကြဆိုလို့ ရောက်လာခဲ့ကြတယ်။ ဘကြီးဖြစ်သူက စက်ရုံ ညစောင့်ဝန်ထမ်း။ စက်ရုံမှူးကို ပြောပေးပြီး စက်ရုံထဲ အလုပ်သွင်းပေးတယ်။ စက်ရုံက လစာအပြင် ဆန်လေးပါ ပေးတော့ ကိုရင်သာထူးတို့ မိသားစုလည်း ဇာတိမြို့ထက်စာရင် အနည်းငယ် ချောင်လည်တာတော့ အမှန်ပဲ။

ဒီလိုနဲ့နေလာခဲ့ကြရင်း ကိုရင်သာထူး အတန်းပညာ ခုနစ်တန်းရောက်တဲ့နှစ်မှာ စက်ရုံက အောက်ခြေဝန်ထမ်းတွေ လူလျှော့တော့မှာလို့ ကြားလာရတယ်။ တကယ်လည်း လူလျှော့တဲ့အထဲ ကိုရင်သာထူးအဖေ ပါသွား

oydvfxJ uk d
iMUunfhawmh
yd&yMUumfv;
wpfcGufom
ae&m, kxm;NyD
uefqGef
[ ifcGufv;rsm;
uawmhAvm
tif...
ausmifu
csufauR;wJh
cswfaygif[ if
i½kwfoD;aMumfwdkY
Ekpfyg
oGm;&awmh r, f
xif ygw&U

ခဲ့တယ်။ စက်ရုံမှာ အလုပ်မရှိမှတော့ ဖားကန့်ဘက် တက်အလုပ်လုပ်မယ်ဆိုပြီး အဖေက ထွက်သွားတယ်။ အမေကလည်း ငါးနှစ်အရွယ် ညီမလေးနဲ့အတူ ဇာတိမြို့လေးကို ပြန်ဖို့ဖြစ်လာတယ်။ ကိုရင်သာထူးကို ပညာရေးတစ်လန်းမို့ ဘကြီးဖြစ်သူက သူ့ဆီထားခဲ့ဖို့ ပြောလာတယ်။ ဒါပေမဲ့ ဘကြီးမှာလည်း စက်ရုံမှာ ညစောင့်အလုပ်လေးနဲ့ ရပ်တည်နေရတာပင်။

ဒီမြို့လေးမှာရှိတဲ့ ဘကအလယ်တန်းကျောင်းလေးမှာပဲ ဘကြီးဖြစ်သူက လိုက်အပ်ပေးခဲ့တယ်။ ဘကအလယ်တန်းကျောင်းလေးက ကျောင်းအပ်တာ အခမဲ့အပြင် နေစရာစားစရာ၊ ပုံနှိပ်စာအုပ်၊ ဗလာစာအုပ်ကအစ အကုန်ပံ့ပိုးပေးထားတယ်။ ဒီလိုနဲ့ ဘကအလယ်တန်းကျောင်းလေးမှာ ကျောင်းအိပ်ကျောင်းစားနေရင်း မောင်သာထူးကနေ ကိုရင်သာထူး ဖြစ်လာခဲ့တယ် ဆိုပါတော့။

❑

'ကန်တော့ဆွမ်းပါ အရှင်ဘုရား'

သွားပြီ။ ဒီနေ့တော့ စိတ်က ဟိုရောက် ဒီရောက် အတွေးတွေနဲ့ ခြေလှမ်းတွေက မမှန်။ ခါတိုင်းဆို ခရမ်းသီးချက်ဖြစ်ဖြစ်၊ ခရမ်းချဉ်သီးငါးပိချက်ဖြစ်ဖြစ် လောင်းနေကျ ဆွမ်းခံအိမ်ကတောင် ကန်တော့ဆွမ်းဆိုပဲ။ သပိတ်ထဲကိုငုံ့ကြည့်မိတော့ ပဲရေပွကြော်လေးတစ်ခွက် သာနေရာယူထားပြီး ကျန်ဆွမ်းဟင်းခွက်လေးများကတော့ ဗလာ။ အင်း··· ကျောင်းက ချက်ကျွေးတဲ့ ချဉ်ပေါင်ဟင်း၊ ငရုတ်သီးကြော်တို့နဲ့ နှစ်ပါးသွားရတော့မယ် ထင်ပါရဲ့။

'ဒကာမကြီး ဘယ်နှနာရီရှိပြီလဲ'

'တင်ပါ့ ရှစ်နာရီမတ်တင်းပါ ဘုရား၊ ကျောင်းချိန်နီးပြီနော်။ ကိုရင်က စောစောမှ မကြွခဲ့ဘဲ။ နောက်နေ့ စောစောကြွခဲ့ဘုရား'

ကြွတာကတော့ စောစောပါပဲ။ စိတ်က ဟိုကြွရမလို၊ ဒီကြွရမလိုဖြစ်ပြီး ချီတုံချတုံအတွေးတွေနဲ့ နောက်ကျသွားတာ ဒကာမကြီးရေဟု စိတ်ထဲကနေ ပြန်ပြောလိုက်မိတယ်။ ခြေလှမ်းတွေကတော့ ကျောင်းဆီပြန်ကြွဖို့ အသင့်အနေအထား။ မကြွလို့လည်း မဖြစ်ဘူးလေ။ တိုက်အုပ်ဦးပဉ္ဇင်းရဲ့ ကြိမ်က အကြောင်းသုံးပါး မရွေးဘူး ဆိုတာလည်း သိနေတယ်။

ဟိုတလောရက်ကမှ သဲတောဝမ်းတွင်းဘက်က လာနေတဲ့ သူငယ်ချင်းဖြစ်သူ ကိုရင်ကံကောင်း ဆွမ်းခံပြန် ကျောင်းနောက်ကျလို့ အဆော်ခံထားရတာ ကိုယ်တွေ့။

'ကိုယ်တော်တို့နော် ဆွမ်းခံတာလည်း ခံကြတာပေါ့။ မနက်ကျောင်းမတက်ခင် ရှစ်နာရီမထိုးခင် ပြန်ကြွခဲ့ကြပါ။ ဆွမ်းရ၊ မရရ ပြန်ကြွခဲ့ပါ။ ကျောင်းကလည်း ချက်ထားတာပဲ။ ဒီထက်နောက်ကျရင် တစ်ခါပဲ ဝမ်နင်ပေးမှာနော်'

တိုက်အုပ်ဦးပဉ္ဇင်းရဲ့ စကားက ပြတ်သားကြောင်း ဆွမ်းခံပြန် နှစ်ရက်ဆက်တိုက် နောက်ကျတဲ့ သဲတောက ကျောင်းအိပ်ကျောင်းစား လာနေတဲ့ သူငယ်ချင်းကိုရင် ဖြောင်းတင်ခံပြီး သက်သေပြသွားတယ်။ ခုဆို အဲဒီကိုရင် ဆွမ်းခံရင်းလမ်းမှာဆုံရင်တောင် သုတ်သုတ်သုတ်သုတ်နဲ့ ခြေလှမ်းတွေက မပြေးရုံတစ်မည် လှမ်းလို့။ အဲဒီကိုယ်တော်မှ မဟုတ်ပါဘူးလေ။ ကိုရင်သာထူးတို့ ကိုယ်တော်ပေါက်စတွေလည်း ကာယကံရှင်လို အရိုက်မခံကြပေမဲ့ တိုက်အုပ် ဦးပဉ္ဇင်းကိုတော့ ကြောက်သွားကြတာ အမှန်ပဲ။

'ကိုယ်တော်တို့နော် အခိက ကိုယ်တော်တို့ ပညာတတ်ချင်လို့ ဒီကျောင်းကို ရောက်လာကြတာ မဟုတ်လား။ ဒီတော့ ပညာရေးကို



www.burmeseclassic.com

www.burmeseclassic.com

အာရုံစိုက်ကြပါ။ ပညာရေး ဒီထက်မြင့်ဖို့၊ ပညာတွေ ဒီထက်တတ်ဖို့ အားထုတ်ကြိုးစားနေစဉ်ကာလမှာ အစားဆင်းရဲတာကိုလည်း မေ့ထားကြပါ။ တပည့်တော်တို့အနေနဲ့ အတတ်နိုင်ဆုံး ကျောင်းအိပ်ကျောင်းစား ကျောင်းသား ကိုရင်တွေအပြင် ပြင်ပကလာနေတဲ့ ကျောင်းသူကျောင်းသားတွေရဲ့ ပညာရေး အစစအရာရာ အဆင်ပြေချောမွေ့ဖို့ ကြိုးစားနေပါတယ်။ ကိုရင်ကြီးတွေလည်း အသိပဲ။ ဒါကြောင့် ကိုယ်တော်တို့ဘက်က ဆွမ်းခံကြွလည်း ကျောင်းချိန်အမီလေး ပြန်ကြွပြီး ပညာရေးကို ကြိုးစားပေးစေချင်ပါတယ်'

တိုက်အုပ်ဦးပဥ္စင်းရဲ့ စေတနာစကားတွေကို ခုနစ်တန်းရောက်နေပြီဖြစ်တဲ့ ကိုရင်သာထူး နားလည်ပါတယ်။ ဒါပေမဲ့ ဆွမ်းခံကလည်း မထွက်လို့မဖြစ်။ ဒါမှလည်း ဆွမ်းဟင်းကောင်းလေးဘာလေးနဲ့ လျှာရင်း မြက်မှာ မဟုတ်လား။ ကျောင်းသားအနေနဲ့ နေရတာထက်စာရင် ကိုရင်ဆိုတော့ ဆွမ်းလေးဘာလေးခံ၊ ကံကောင်းရင် ဝတ္ထုငွေလေးတောင် ကိုင်ရသေး။ ဟုတ်တယ်၊ ဈေးသူဈေးသား တော်တော်များများက ငါးကျပ်မျိုး၊ တစ်ဆယ်မျိုး လှူကြတယ်။ ကံကောင်းရင်အနေကြာတဲ့ ကိုရင်ကြီးတွေလို ဆွမ်းဟင်းကောင်းကောင်း ဘုဉ်းရနိုင်တယ်ဆိုတဲ့ အတွေးနဲ့ပေါ့။ ကျောင်းက ဟင်းကောင်းကျွေးကောင်း မကျွေးတာကိုလည်းနားလည်နေပြီ။ ကိုရင်ကျောင်းသား စုစုပေါင်း တစ်ရာကျော်နီးပါး စားရေးသောက်ရေးအတွက် ဘုန်းကြီးကအစ ဦးပဥ္စင်းတွေအဆုံး ပင်ပန်းကြပါတယ်။

မနှစ်က ကျောင်းပိတ်ပိတ်ချင်း ကိုရင်သာထူး အလှူခံလိုက်ခဲ့ဖူးတယ်။ အနီးနားပတ်ဝန်းကျင်က ရွာလေးတွေဆီ တစ်ညအိပ်၊ နှစ်ညအိပ် အလှူခံထွက်တာပါ။ ရွာတွေကလည်း လှူကြတယ်။ ငွေအားမတတ်နိုင်ကြပေမဲ့ ဆန်၊ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန်ကအစ ကလေးဝတ်အထည်ဟောင်းသစ်လေးတွေပါ လှူကြပါတယ်။ အလှူခံလိုက်မိမှ နေပူမရှောင်၊ မိုးရွာမရှောင် ရှေ့ကနေ ဦးဆောင်ကြွပြီး အလှူခံနေတဲ့ ဆရာတော်ဘုရားကို ပိုပြီးလေးစားကြည်ညိုမိတယ်။

တကယ်တမ်းတော့ ကျောင်းသား၊ ကိုရင် တစ်ရာနီးပါးရဲ့ နေ့စဉ် စားစရိတ်က မလွယ်ဘူး။ ဒါတောင် အပြင်က လာတက်တဲ့ ကျောင်းသူ၊ ကျောင်းသားတွေရဲ့ ပညာရေးစရိတ်တွေ ရှိသေးတယ်။ မြို့ပေါ် အလှူရှင် တချို့ရဲ့ အလှူငွေ၊ ရွာတွေရဲ့ ထောက်ပံ့လှူဒါန်းငွေတွေကြောင့်သာ ရပ်တည်နေနိုင်တာပင်။

ဆွမ်းအတွက်က မပူရပေမဲ့ လူတစ်ရာနီးပါး နေ့စဉ် ဝဝလင်လင်စားရဖို့အရေး စီမံခန့်ခွဲနေရတဲ့ ဦးပဥ္စင်းတွေမှာလည်း အတော်ခေါင်းခြောက်ရမှာ။ မနက် အရုဏ်ဆွမ်းအတွက်ကတော့ ရလာသမျှ ဟင်းအားလုံးပေါင်း ရေနွေးနဲ့ပြန်ရောပြီး အဆာပြေကျွေးတယ်။ နေ့လယ်စာကတော့ ချဉ်ပေါင်ဟင်းနဲ့ ပဲဟင်းက ဒိုင်ခံပဲ။ ဒီတော့ ကိုရင်သာထူးတို့လို ကိုရင်တွေအနေနဲ့ အရုဏ်ဆွမ်းကို သွက်သွက်ကလေး ဘုဉ်းပေးရတယ်။

ပြီးတာနဲ့ သင်္ကန်းလေးရုံ၊ ကျောင်းမတက်ခင် အချိန်ကလေးအတွင်း သုတ်သုတ်ကလေး ဆွမ်းခံထွက်ရတယ်။ ဘယ်အိမ်က ဘာဆွမ်းဟင်းလောင်းတယ်ကွ ဆိုပြီး ကိုယ်တော်အချင်းချင်း သတင်းပြန်ပေးရတယ်။ ဆွမ်းဟင်းကောင်းကောင်းလောင်းတဲ့ အိမ်သတင်းကြားလို့ကတော့ ရွှေပဲ။ ဒါပေမဲ့ နောက်ကျလို့ကတော့ ကန်တော့ဆွမ်းက များတယ်။ ကိုရင်ဦးရေက များတာကိုး။

အနီးအနား ရပ်ကွက်လေးတွေကလည်း စေတနာသဒ္ဓါတရား အားကောင်းကြပါတယ်။ ဆွမ်းနေ့တိုင်းလောင်းနေတာကိုက သဒ္ဓါတရားကို လှမ်းမြင်နေရတာပဲ။ စောကြွတတ်တဲ့ ကိုယ်တော်လေး တစ်ပါးနှစ်ပါးကိုတော့ ဟင်းကောင်းကျွေးကောင်းလေးတွေ လောင်းကြပါတယ်။ သံဃာစေ့တော့ ဘယ်လောင်းနိုင်ကြမလဲ။ အနီးနားရပ်ကွက်နေ အများစုကလည်း လက်လုပ်လက်စားသမားက ခပ်များများ မဟုတ်လား။

ဝတ်တာကြာနေပြီဖြစ်တဲ့ ကိုရင်ကြီးတွေကျ ဘယ်ရပ်ကွက်၊ ဘယ်အိမ်၊ ဘာဆွမ်းဟင်းလောင်းတတ်တယ်ဆိုတာကအစ သိနေကြတော့ ဆွမ်းဟင်းက ပေါများလှတယ်။ ဆွမ်းဟင်းကောင်းလေးတွေ ပုံမှန်လောင်းတဲ့အိမ်ဆို ကိုရင်ကြီးတွေက သိပြီးသား။ ကိုရင်သာထူးတို့လို ဝတ်တာမကြာသေးတဲ့ ကိုရင်တွေမှာတော့ ဟိုပဲသွားရမလိုလို၊ ဒီပဲလိုက်ရမလိုလိုနဲ့ တစ်ခါတလေဆို ပဲပြုတ်နဲ့ သရက်ချဉ်တစ်ခွက်သာရတာပဲ။ ဒါကြောင့် ကိုရင်သာထူးအနေနဲ့ မနက်ကရတဲ့ သတင်းလေးအရ ဆုံးဖြတ်ချက်တစ်ခုကို ပိုင်ပိုင်နိုင်နိုင် ချလိုက်တယ်။ ဆွမ်းဟင်းကောင်းကောင်း မဘုဉ်းရတာကြာပြီလေ။

❑

ဒီမနက် ကိုရင်သာထူး အရုဏ်ဆွမ်းကို သွားမဘုဉ်းတော့ဘူး။ အဆောင်လေးထဲမှာ သင်္ကန်းကို အဆင်သင့်ရုံထားလိုက်တယ်။ ဘေးက ကိုရင်တွေက မေးတော့လည်း မဆာလို့ ,လို့ပဲ ဖြေလိုက်မိတယ်။ သိပ်မကြာဘူး၊ ကိုရင်ကြီး နန္ဒိယ သပိတ်လေးပိုက်ပြီး ထွက်လာတယ်။ နောက်နား ခပ်ခွာခွာကနေ အသာလေးကပ်လိုက်သွားခဲ့တယ်။

ပထမဆုံး ကိုရင်ကြီး နန္ဒိယ ဈေးထဲကြွတယ်။ ဝတ္ထုငွေ အကြွေအနည်းငယ်၊ ဟင်းသီးဟင်းရွက်အချို့ လှူကြတယ်။ ဆိုင်တစ်ဆိုင်မှာ ဆွမ်းဝင်ရပ်ရင်း ဆိုင်ရှင် ဈေးရောင်းနေလို့ စောင့်နေစဉ် ကိုရင်ကြီး နန္ဒိယကို ဈေးအထွက်ပေါက်ဘက် ကြွသွားတာ မြင်လိုက်ရတယ်။

ဈေးအပြင်ဘက် ရောက်တော့ ကိုရင်ကြီးနန္ဒိယ အရိပ်အယောင်ကို မမြင်ရ


www.burmeseclassic.com

www.burmeseclassic.com

**uBiFuD eE¢ &U oyd/fv;qD Munfvdufd/, f oyd/ft zjdy:u owl qGf[ ifcGfv; awGudfawmh yjyKvfMumf wpfGif i½kvfDMumf wpfGif t oDt &Gif aMumfv;u wpfGifyg**

တော့ဘူး။ ဒီကိုယ်တော်တယ် မြန်တာပဲဟု တွေးရင်း ဘူတာ ဘက်ခြမ်း အမြန်လိုက်ဖို့ ပြင် လိုက်တယ်။

ဘူတာဘက် ခြမ်း ရောက်တော့ တစ်အိမ်နှစ်အိမ် ဆွမ်းဝင်ရပ်တယ်။ ဟောတွေ့ ပါပြီ။ ရှေ့မှာ သုတ်သုတ် သုတ်သုတ်နဲ့ ကြွနေတဲ့ ကိုရင်ကြီးနန္ဒိယ။ ဆွမ်းခံအိမ် အကုန် ကြွပြီးပြီ ထင်ရဲ့။ ခြေလှမ်းတွေက မြို့ပြင် ကွက် သစ်တွေဆီ ဦးတည်နေ တယ်။ ကိုရင်သာထူးလည်း သွက်သွက်ကလေးကြွရင်း အမီလိုက်နေမိတယ်။

ကွက်သစ်အစွန်အဖျား အရောက် ကိုရင်ကြီးနန္ဒိယကို တဲအိမ်လေးတစ်လုံးထဲ ဝင် သွားတာ တွေ့လိုက်ရပြန် တယ်။ တဲအိမ်ကို သေချာ စူးစမ်းနေမိရင်း ဒီကိုယ်တော် ဆွမ်းခံအိမ်တွေ အတော်ပေါ တာပဲလို့ တွေးလိုက်မိတယ်။ လမ်းဘေး ရေအိုးစင်လေး လည်းရှိတာမို့ ရေတစ်ခွက်ခပ် သောက်လိုက်ရင်း ကိုရင်ကြီး နန္ဒိယ ပြန်ထွက်အလာကို အကဲခတ်နေမိတယ်။

"ကိုရင်သာထူး"

အလို…၊ ကိုရင်ကြီး နန္ဒိယက လက်ယပ်လှမ်းခေါ် နေပါ့လား။ ဒီကိုယ်တော် ငါ လိုက်လာတာ ရိပ်မိသွားပြီ လား မသိပါဘူးဟု တွေး ရင်း ရင်တထိတ်ထိတ်ဖြင့် တဲအိမ်လေးဆီ လှမ်းလာခဲ့မိ တယ်။

"လာ ကိုယ်တော် ကြွ ပါ။ ခဏနားပါဦး၊ ကျောင်း ချိန်စောပါသေးတယ်"

တဲအိမ်လေးထဲ ရောက် မှ ဘေးဘီကို ဝေ့ကြည့်လိုက်မိတယ်။ ဘုရားစင်လေးတစ်ခု၊ တစ်ယောက်အိပ် ခုတင်လေးတစ်လုံး။ ကြောင်အိမ်လေးတစ်လုံးပေါ်မှာတော့ ဆွမ်းဟင်းခွက်လေး သုံးခွက်ကို အုပ်ဆောင်းလေးဖြင့် အုပ်ထားတာ တွေ့လိုက်ရတယ်။ ဇလုံတစ်လုံးထဲမှာလည်း ဆွမ်းဖွေးဖွေးလေးတွေက အငွေ့တထောင်းထောင်း ထ,လို့ပါလား။

"ကိုရင်သာထူးက ဒီနှစ်ဝက်မှ ကျောင်းရောက်လာတော့ သိမှာ မဟုတ်ဘူး။ ဒါ တပည့်တော် ဒကာမကြီး အိမ်လေ။ ဒကာမကြီးကတော့ ခုလို မနက်ဆို အနှိပ် အနင်းလိုက်နေတာ များ တယ်"

ကိုရင်ကြီးနန္ဒိယ စကားများကိုနားထောင်ရင်း ကိုရင်သာထူး အံ့ဩနေမိတယ်။ ဆွမ်းစားဆောင် နားမှာ ပြောနေတဲ့ ကိုရင်ကြီး နှစ်ပါးရဲ့ စကားကို အမှတ်ရမိလိုက်တယ်။ "အေးကွ ဒီကိုယ်တော် ဥပုသ်နေ့တစ်နေ့တည်း ဆွမ်းဟင်းကောင်းကောင်းရတာ မဖြစ်နိုင်ဘူး။ ဒီကျောင်းမှာလည်း ဝတ်တာကြာပြီ၊ တခြားနေ့တွေလည်း ရဖို့များတယ် တစ်ခုခုပဲ" ဆိုတဲ့စကား။ "တခြားရက်တွေလည်း ရလောက်တယ်။ ငါ သူ့နောက်က ကပ်လိုက်ပြီး ဆွမ်းခံအိမ်တွေ လိုက်ကြည့်ထားရမယ်" ဆိုတဲ့ အတွေး။

"တပည့်တော်က ခုဆယ်တန်းတက်နေတာလေ။ တပည့်တော် ကိုးတန်းစ,တက်တဲ့နှစ်မှာ အဖေ ဆုံးတယ်။ အဖေမဆုံးခင် အဖေ့ကို ဆေးကုရ ဆေးဖိုးစရိတ်တွေနဲ့ မြို့ထဲဘက်က အိမ်ဝိုင်းလေးရောင်းလိုက်ရတယ်၊ ခု ကွက်သစ်ထဲ ဝိုင်းလေး ပြန်ဝယ်ပြီးနေကြတယ်။ ကျောင်းထွက်အလုပ်လုပ်မယ်ပြင်တော့ ဆယ်တန်းလေးတော့ အောင်အောင်တက်ပါ သားရယ်။ ဆယ်တန်းအောင်မှ အလုပ်လုပ်ရင်း အဝေးသင်ဆက်တက်ပါလို့ ဒကာမကြီးက ငိုပြီးပြောတယ်။ ကျောင်းလခတစ်ဝက်ကိုလည်း အမေ ဖြစ်အောင် ရှာပေးပါ့မယ်တဲ့ ကိုရင်ရယ်။ တပည့်တော်တော့ အမေ့ကို သနားတဲ့စိတ်နဲ့ ခုလို အမေဖြစ်စေချင် တာ ဖြစ်ရမယ်ဆိုတဲ့ စိတ်နဲ့ ကြိုးစားနေရတာပဲ ကိုရင်"

ဘကကျောင်းက အလယ်တန်းကျောင်းဆိုပေမဲ့ အထက်တန်းကျောင်း သွားတက်နေကြတဲ့ ကျောင်းသားကြီး၊ ကိုရင်ကြီးတွေရှိတာ သတိထားမိတယ်။

"ကျောင်းမှာ ကျောင်းအိပ်ကျောင်းစားနေရတာ ကျောင်းလခတစ်ဝက် သက်သာသလို နေရေးစားရေးလည်း မပူရပါဘူး။ ခုလို အိမ်မှာကျန်ခဲ့တဲ့ အမေ့အတွက်သာ…"

မျက်ရည်ကြည်လေးတွေ ဝေ့သီလာတဲ့ ကိုရင်ကြီး နန္ဒိယကို ကိုရင်သာထူး မကြည့်ရက်လို့ မျက်နှာလွှဲနေမိတယ်။

"တပည့်တော် ဒကာမကြီးက ဥပုသ်ရက်တိုင်း ရှစ်ပါးသီလယူတယ်။ ဒီနေ့လိုနေ့မျိုးတွေကတော့ ကျောင်းက ကိုယ်တော်တွေနဲ့ အတူ ဆွမ်းဟင်းကောင်းလေးတွေ ဘုဉ်းဖြစ်တယ်။ တခြားနေ့တွေတော့ အင်း… တပည့်တော်တို့က စားကောင်းသောက်ကောင်းအရွယ်တွေ ဘာဟင်းဖြစ်ဖြစ် ဘုဉ်းလို့ ရတယ်လေ"

ကိုရင်ကြီးနန္ဒိယကို ကြည်နူးလေးစားစိတ်ကလေးဖြင့် ငေးကြည့်နေမိတယ်။ တဲအိမ်လေးထဲက စားပွဲပေါ်တင်ထားတဲ့ ကိုရင်ကြီး နန္ဒိယရဲ့ သပိတ်လေးဆီ ကြည့်လိုက်မိတယ်။ သပိတ်အဖုံးပေါ်က သတ္တုဆွမ်းဟင်း ခွက်လေးတွေထဲမှာတော့ ပဲပြုတ်ကြော် တစ်ခွက်၊ ငရုတ်သီးကြော် တစ်ခွက်၊ အသီးအရွက်ကြော် လေးက တစ်ခွက်ပေါ့။


■

ဖြိုးပိုင်၊နေရှင်နယ်၊



www.burmeseclassic.com

www.burmeseclassic.com




နှစ်ပေါင်းထောင်ချီ ခံနိုင်ရည်ရှိ (title kicker) 

# လူတိုင်းသည် စာရေးဆရာလော...

**ဝင်းငြိမ်း**

*(ယခင်လမှအဆက်...)*

**စာရေးခြင်းအတွက် လိုအပ်သော နှုတ်မှုစွမ်းရည်** မျက်စိပိတ်လိုက်ပြီး ဘယ်ဘာသာစကားနဲ့မှ မဟုတ်ဘဲ စကားလည်း မပြောရဘူး၊ ရေးလည်းမရေးရဘူး။ ပုံလည်းမဆွဲရဘူး။ သင်္ချာဗေဒပုံသေနည်းတွေလည်း မဟုတ်ရဘူး။ ဂီတလည်း မဟုတ်ရဘူး။ အဲဒီလို ဘာမှမဟုတ်တဲ့နည်းနဲ့ ကိုယ့်ရင်ထဲမှာ ခံစားရတဲ့ ခံစားချက်ကို တခြားတစ်ယောက်အား ပြောပြရမယ်ဆိုရင် ဘယ်လိုနည်းနဲ့မှ မဖြစ်နိုင်ဘူးဆိုတာ တွေ့လာပါလိမ့်မယ်။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ တစ်ဦးနဲ့တစ်ဦး ဆက်သွယ်နိုင်ဖို့ နည်းလမ်းတစ်ခုကတော့ ရှိရမှာဖြစ်ပါတယ်။ ဒါကြောင့် အတွေးအခေါ်ပညာရှင်တစ်ဦးဖြစ်တဲ့ ကက်နက်ဘားခ်က "လူသားဆိုသည်မှာ ခြေဟန်လက်ဟန် ပြကာ ဆက်သွယ်ကြသော တိရစ္ဆာန်များပင် ဖြစ်သည်"လို့ ပြောခဲ့တာပါ။

ကျွန်တော်တို့အနေနဲ့ သမိုင်းကြောင်းကို ပြန်ကြည့်မယ်ဆိုရင် တစ်ဦးနဲ့တစ်ဦး ဆက်သွယ်နိုင်ဖို့ နည်းလမ်းတွေ ရှာဖွေခဲ့ကြတယ်ဆိုတာ တွေ့ရမှာပါ။ လွန်ခဲ့တဲ့ နှစ်ပေါင်းသုံးထောင်က မြေဖြူခဲကို အသုံးပြုပြီး ဂူတစ်ခုရဲ့ နံရံပေါ်မှာ ရေးဆွဲထားတဲ့ ပုံတစ်ခုကို ရှာဖွေ တွေ့ရှိခဲ့ကြပါတယ်။ ဒါက ဘာကို ပြောချင်တာလဲ။ မြေပုံတစ်ခုအနေနဲ့ အသုံးပြုတာလား။ သို့တည်းမဟုတ် လမ်းညွှန်တစ်ခုအနေနဲ့ အသုံးပြုတာလား။ သူတို့တစ်တွေ အောင်ပွဲခံကြခြင်းလား။ သို့မဟုတ် အကြောင်းအရာတစ်စုံတစ်ခုကို ပြောပြချင်လို့ ရေးဆွဲခဲ့ကြတာလား။ သူတို့ မူလရည်ရွယ်ချက်က ဘာပဲဖြစ်ဖြစ် တစ်ဦးနဲ့တစ်ဦး ဆက်သွယ်ဖို့ လိုအပ်တယ်ဆိုတာကို လွန်ခဲ့တဲ့ နှစ်ပေါင်းထောင်ချီပြီး ကြိုးစားခဲ့ကြတယ်



www.burmeseclassic.com

www.burmeseclassic.com

ဆိုတာ သိသာပါတယ်။


ကမ္ဘာအရပ်ရပ်က ကျောက်ဂူများထဲမှာ အံ့သြဖွယ်ရာကောင်းလောက်အောင် လှပတဲ့ သို့မဟုတ် ကြောက်မက်ဖွယ်ကောင်းတဲ့ ရုပ်ပုံများ ရေးဆွဲခဲ့ကြတယ်ဆိုတာကို ဥရောပတစ်လွှားမှာ ရှာဖွေတွေ့ရှိခဲ့ကြပါတယ်။ တချို့က ဒီပုံများဟာ နှစ်ပေါင်းသုံးသောင်းလောက် သက်တမ်းရှိပြီလို့ သုံးသပ်ကြပါတယ်။ ရှာဖွေတွေ့ရှိတဲ့ ရှေးဟောင်းအနုပညာများဟာ စာရေးသားခြင်းရဲ့ အစအဦးပိုင်းက ပုံစံတစ်ခုပဲ ဖြစ်ပါတယ်။ ဥရောပနည်းတူ အခြားနိုင်ငံများမှာလည်း တွေ့ရှိခဲ့ကြပါတယ်။ အာဖရိကမှ ဩစတြေးလျ၊ တောင်အမေရိက၊ အာရှတို့မှာလည်း တွေ့ရှိခဲ့ကြပါတယ်။

အဲဒီလို ကျောက်နံရံများပေါ်မှာ တွေ့ရှိကြတဲ့ ပန်းချီတွေကို အမျိုးစုံ အဓိပ္ပာယ်ဖွင့်ဆိုကြပါတယ်။ နောက်ဆုံးသုံးသပ်ချက်ကတော့ လူသားများဟာ တစ်ဦးနဲ့တစ်ဦး ဆက်သွယ်အချက်ပြနိုင်ဖို့ ပုံများကို ရေးဆွဲခဲ့ကြခြင်းဖြစ်တယ်ဆိုတဲ့ အချက်ပါပဲ။ သူတို့ ဒီလိုကြိုးစားခဲ့ကြတယ်ဆိုတာကို ဝေးဝေးလံလံ ရှာဖွေကြည့်ဖို့ မလိုပါဘူး။ ဒရမ်တီးကြခြင်း၊ ဝီစီမှုတ်ကြခြင်းတို့ဟာ ရုပ်ပုံများနည်းတူ တစ်ဦးနဲ့တစ်ဦး ဆက်သွယ်နိုင်ဖို့ ကြိုးစားခြင်းရဲ့ ပြယုဂ်များပါပဲ။


ဒီနေ့ခေတ်မှာ ဘာသာစကားတွေပေါ်ပေါက်လာပြီး တစ်ဦးနဲ့တစ်ဦး ဆက်သွယ်နိုင်ဖို့ အက္ခရာတွေလည်း ပေါ်ပေါက်ခဲ့ကြပါပြီ။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ သူတို့လို ပုံတွေရေးဆွဲပြစရာမလိုတော့ဘဲ ထိရောက်ပြီး အဓိပ္ပာယ်ရှိတဲ့ စကားတွေနဲ့ ဆက်သွယ်နိုင်ကြပြီဖြစ်ပါတယ်။ ဒါကြောင့် ပညာရှင်ကြီးအရစ္စတိုတယ်လ်က အနုပညာတစ်ရပ်ကို ခံစားနိုင်ဖို့အတွက် အကြောင်းနှစ်ချက် လိုအပ်တယ်လို့ ဆိုပါတယ်။ ပထမအချက်က ကိုယ့်စိတ်ကူးနဲ့ အတွေးအခေါ်တွေကို ထုတ်ဖော်ပြသတတ်ရမယ်။ ဒုတိယအချက်ကတော့ ကိုယ့်ဘာသာစကား၊ ကိုယ့်စာပေတို့ကို ဖျက်ဆီးတိုက်ခိုက်လာမယ့် ရန်ကနေ ကာကွယ်နိုင်ရမယ်။ သို့မှသာ ကိုယ့်စာပေ၊ ကိုယ့်စကားကို အကောင်းအတွက်ဖြစ်စေ၊ အဆိုးအတွက်ဖြစ်စေ အသုံးချနိုင်မှာဖြစ်ပြီး တစ်ယောက်နဲ့တစ်ယောက် ဆက်သွယ်နိုင်မှာ ဖြစ်တယ်လို့ ဆိုခဲ့ပါတယ်။

ကျွန်တော်တို့အနေနဲ့
တစ်ယောက်နဲ့ တစ်ယောက်
နားလည်မှုရှိဖို့ဆိုတာ
ယခင်ကာလများထက်
ပိုပြီးအရေးကြီးလာတယ်ဆိုတာ
သိကြမှာပါ။ မျက်လုံးတစ်ချက်
ဝင့်ကြည့်လိုက်ရုံနဲ့ ဘာကို
ဆိုလိုတယ်ဆိုတာ အလွယ်တကူ
သိနိုင်ကြတဲ့ခေတ်ကို
ရောက်လာခဲ့ပါပြီ။
သတင်းအချက်အလက်
များကိုလည်း စက္ကန့်ရဲ့
အပုံပေါင်းများစွာထဲက
တစ်ပုံလောက်နဲ့ ပေးပို့နိုင်ကြပြီ
ဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့
အတွေးအခေါ်တွေ၊
မျှော်လင့်ချက်တွေ၊ အိပ်မက်တွေကို
E-mail တို့၊ Blogs တို့၊ Status တို့၊
Updates တို့၊ Tweet တို့
Text Message တို့နဲ့ သို့မဟုတ်
တခြားနည်းလမ်းများနဲ့
ဆက်သွယ်နိုင်ကြပြီ ဖြစ်ပါတယ်။
လက်ရှိအခြေအနေမှာ
ကောင်းသထက်ကောင်းအောင်

အင်္ဂလန်နိုင်ငံတွင် တွေ့ရသော လွန်ခဲ့သည့်
နှစ်ပေါင်း သုံးထောင်ခန့်ကဟု ယူဆရသည့် မြင်းတစ်ကောင်



ပြင်သစ်နိုင်ငံတွင် ဂူတစ်ခုထဲ၌ တွေ့ရသည့် မြင်းပုံ။
လွန်ခဲ့သည့် နှစ်ပေါင်း သုံးသောင်းခန့်ကဟု ခန့်မှန်းကြသည်။





www.burmeseclassic.com

www.burmeseclassic.com



အိန္ဒိယနိုင်ငံတွင် ကျောက်သားပေါ်၌ ရေးဆွဲထားသော ပန်းချီမှာ လွန်ခဲ့သည့် နှစ်ပေါင်း သုံးသောင်း ခန့်ကဟု ခန့်မှန်းကြသည်။

ကြိုးစားလာကြပါပြီ။ ဒါပေမဲ့ Tower of Babel ကို ပုံစံအမျိုးမျိုးနဲ့ ရေးဖွဲ့ထားကြတာကို စဉ်းစားစရာ ဖြစ်လာပါတယ်။ အစ္စလာမ်ဘာသာဝင်များရဲ့ ကိုရမ်ကျမ်းစာမှာ ရေးဖွဲ့ထားတာရှိသလို ခရစ်ယာန်ဘာသာဝင်တို့ရဲ့ သမ္မာကျမ်းစာမှာလည်းပါရှိပါတယ်။ အကြောင်းအရာကတော့ လူတွေက ကောင်းကင်ဘုံအထိ ရောက်အောင် မျှော်စင်ကြီးတစ်ခု ဆောက်မယ်လို့ ကြိုးစားခဲ့ကြခြင်း ဖြစ်ပါတယ်။ ဘုရားသခင်က သူတို့ကို တုံ့ပြန်တဲ့အနေနဲ့ ဘာသာစကားများစွာကို ဖန်တီးပေးခဲ့ပြီး အဲဒီမျှော်စင်ကြီး ဆောက်လုပ်တဲ့နေရာမှာ တစ်ယောက်နဲ့ တစ်ယောက် ဆက်သွယ်ရခက်အောင် ဖန်တီးပေးလိုက်တဲ့အတွက် မျှော်စင် ဆောက်လုပ်ရေးမှာလည်း ပျက်ပြားသွားခဲ့ပါတယ်။ အဲဒီလိုပါပဲ ဒီနေ့ကာလမှာ နိုင်ငံအသီးသီးမှ ဘာသာစကားအမျိုးမျိုး သုံးစွဲနေကြတာကြောင့် ဆက်သွယ်ရခက်ခဲပါတယ်။ နေ့စဉ်ဖြစ်ပေါ်နေတဲ့ ဖြစ်ရပ်များကို ဆက်သွယ်ပြောကြားဖို့အတွက် လူသားများက သူတို့အသက်ထက်ဆုံး ကြိုးစားနေကြသည်သာ ဖြစ်ပါတယ်။ ဝေးဝေးလံလံကြည့်ဖို့ မလိုပါဘူး။ ကျွန်တော်တို့ ဒီနေ့ ကြုံတွေ့နေရတဲ့ ပြဿနာမျိုးကို ကျွန်တော်တို့ မိဘဘိုးဘေးများ ကြုံတွေ့ခဲ့ဖူးခြင်း မရှိပါဘူး။

ဆက်သွယ်ဖို့ နည်းလမ်းတစ်ခုခု ပေါ်ပေါက်လာပြီဆိုရင်လည်း တစ်ခါတစ်ရံမှာ ရှုပ်ထွေးခဲ့ပေမဲ့ နောက်ဆုံးမှာတော့ ကျွန်တော်တို့ ပေးချင်တဲ့ သတင်းအချက်အလက်တွေဟာ တခြားသူဆီ ရောက်ရှိသွားပြီး နားလည်သွားခဲ့ကြတာပဲ ဖြစ်ပါတယ်။

နည်းပညာအသစ်တွေ ပေါ်ပေါက်လာတဲ့အခါမှာ အဲဒီနည်းပညာသစ်က ဖော်ထုတ်ပေးလိုက်တဲ့ လက်နက်အသစ်များနဲ့ သုံးလိုက်ခဲ့ကြခြင်းကြောင့် ကျွန်တော်တို့ ဒီနေ့ ၂၁ ရာစုမှာ ကမ္ဘာကြီးဟာ ရွာတစ်ခု ဖြစ်သွားခဲ့ပါပြီ။ ဒါပေမဲ့ ရွာတစ်ခု ဖြစ်သွားခြင်းကြောင့် အနုပညာနဲ့ သီအိုရီများ မလိုအပ်ဘူးလို့ မဆိုလိုပါဘူး။ ကျွန်တော်တို့မှာ ရှိပြီးသား ဘာသာစကားများနဲ့သုံးစွဲပြီး တွေးခေါ်နိုင်ကြဖို့ ပိုမိုခွန်အားရစေပါတယ်။ နှုတ်မှုစွမ်းရည်မြင့်မားခြင်းက ဒီအခက်အခဲများကို အလွယ်တကူ ဖြေရှင်းပေးပါတယ်။ စာရေးသားခြင်းဆိုရာမှာ အင်မတန်ကျယ်ပြန့်ပါတယ်။ ပုံဆွဲခြင်းအတတ်ပညာပါသလို လက်တွေ့လုပ်ဆောင်ပြခြင်းအတတ်ပညာလည်း ပါဝင်ပါတယ်။ ထိုနည်းတူ စကားပြော ခြင်းဟာလည်း အရေးပါအရာရောက်ပါတယ်။ ဒီနေရာမှာ ပညာအရည်အချင်းနဲ့ ဆက်သွယ်နိုင်မှုစွမ်းရည်ကလည်း အရေးပါပါတယ်။ နောက်ထပ် ဖော်ပြသွားမယ့် အခန်းများမှာ နှုတ်မှုစွမ်းရည်နဲ့ ရေးသားရာမှာ ကျွမ်းကျင်နိုင်နင်းမှုတို့ အကြောင်း ဖော်ပြသွားမှာ ဖြစ်ပါတယ်။

*(ဆက်လက်ဖော်ပြပါမည်)*

■ ဝင်းငြိမ်း



www.burmeseclassic.com

www.burmeseclassic.com



ရွှေအမြုတေ ရုပ်စုံမဂ္ဂဇင်း

ဒီလလည်း ရေးနေကျအကြောင်းအရာနဲ့ တင်ပြပုံမျိုးတွေကိုသာ ဖတ်နေရပါတယ်။ ဒါ့အပြင် ဆောင်းပါးစာမူတချို့ကိုလည်း တွေ့ရပါတယ်။ ရွှေအသစ်မှာ ဝတ္ထုစာမူတွေကိုပဲ အကြောင်းပြန်ပေးမှာ ဖြစ်ပါတယ်။

၁။ ***ကျွန်တော်နှင့် ဘယ်သူ့လက်ထဲမှာ အာဏာရှိသလဲ***

၂။ ***ကျွန်တော်နှင့် စာဖတ်ခြင်း***

**အမွှနဒီကျော်စွာ**

ဆောင်းပါးစာမူတွေဖြစ်ပြီး ရွှေအသစ်နဲ့ အကျုံးမဝင်ပါဘူး။

၃။ ***အိမ်***

**ခင်ဇော်မိုး**

ဝတ္ထုစာမူတစ်ပုဒ်မှာ အစဖတ်ကတည်းက ဆွဲဆောင်မှုရှိရှိ ဆွဲခေါ်သွားနိုင်ဖို့ အရေးကြီးပါတယ်။ ရသစာတမ်းဆန်ပေမဲ့ အရေးအသား ဆွဲဆောင်မှုအားနည်းနေပါတယ်။

၄။ ***မောင် တနေ့တော့ မေ့ရက်မည်***

၅။ ***လွမ်းပုံပြောသည် စိတ်မောသက်သာ***

**ဇော်ခင်စိမ့်**

အရေးအသား ပြေပြစ်ပါတယ်။ ဒါပေမဲ့ ဆောင်းပါးဆန်သလို တင်ပြပုံ ဆွဲဆောင်မှုအားနည်းနေပါတယ်။

၆။ ***ပြောင်းဖူးလေး***

**ကိုးငယ်မင်း**

အကြောင်းအရာရော အရေးအသားပါ ရိုးစင်းနေပြီး အပြ ထက် အပြောသန်လွန်းနေပါတယ်။

၇။ ***ဒမ်းဆီးလှေ***

၈။ ***အမေရယ် ကျွန်တော်ရယ် သူမရယ်***

၉။ ***ကျွန်တော့်ရဲ့လက်တစ်စုံက သူမအတွက် လုံလောက်တယ်***

**လင်းသစ်**

စာမူ ၃ ပုဒ်စလုံးကို ကွန်ပျူတာစာစီထားပေမဲ့ ပုဒ်မခွဲ၊ အပိုဒ်မခွဲ၊ ပုဒ်ထီးပုဒ်မ မပါ စာစီထားတဲ့အတွက် ဖတ်လို့ လုံးဝမရတဲ့ စာမူတွေ ဖြစ်ပါတယ်။ **ဒမ်းဆီးလှေ** ခေါင်းစဉ်ဟာလည်း စာလုံးပေါင်းမှားယွင်းနေတယ်လို့ ယူဆပါတယ်။ နောင်မှာ စာမူပေးပို့တဲ့အခါ မြန်မာစာကို မြန်မာစာရေးထုံးနဲ့အညီ စာစီပြီးမှ ပေးပို့စေချင်ပါတယ်။

၁၀။ ***အေးငြိမ်းရပ်ဝန်း***

**နွေနှောင်း(မေယုမြေ)**

မေတ္တာဘွဲ့စာမူတစ်ပုဒ်ဖြစ်ပြီး ထူးခြားမှုမရှိပါဘူး။

၁၁။ ***ဖိုးဖြူ***

**မိုမိုလတ်**

ဒီစာမူမှာလည်း ပုဒ်ထီးပုဒ်မ မပါဘဲ ကွန်ပျူတာစာစီထားပါတယ်။ အရေးအသားရော၊ အကြောင်းအရာပါ ရိုးစင်းလွန်းနေပါတယ်။

၁၂။ ***တစ်ချိန်က တို့မောင်နှမ***

**Malay**

ရိုးစင်းလွန်းတဲ့ စာမူဖြစ်ပြီး အရေးအသား ဆွဲဆောင်မှုအားနည်းပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



၁၃။ *မျိုးစေ့*

**နှင်းအိမ်လေး**

အကြောင်းအရာရော တင်ပြပုံပါ ရိုးစင်းနေပါတယ်။ စာများများ ဖတ်ပါဦး။

၁၄။ *အောင်စာရင်း*

၁၅။ *အောင်မြင်ခြင်းတို့ရဲ့နောက်ကွယ်*

**ဇော်ရဲအောင်**

စာမူနှစ်ပုဒ်စလုံးဟာ အပြန်အလှန်စကားပြောကို အားပြုထားပြီး အရေးအသားနဲ့တင်ပြပုံ အတော်အားနည်းပါတယ်။ စာများများ ဖတ်ပါဦး။

၁၆။ *လှိုင်း*

**မေတ္တာမိုးနှင်း(ပဲခူး)**

ပြောချင်တာရှိပေမဲ့ အပြောများပြီး အတွေးရိုးစင်းပါတယ်။ ကြိုးစားပါဦး။

၁၇။ *နွယ်ပင်*

**ဥသြ(ရွှေမန်းမြေ)**

ဥသြ(ချယ်ရီမြေ)ဆိုတဲ့ ကလောင်ရှိနေပြီးမို့ ကလောင်နာမည်ကို ပြန်လည်စဉ်းစားစေချင်ပါတယ်။ အရေးအသားပြေပြစ်ပေမဲ့ တင်ပြပုံ ရိုးစင်းလှပါတယ်။

၁၈။ *စွဲလမ်းစိတ်*

**ရင်နွေငြိမ်း**

သမားရိုးကျအတွေးကို အခြေခံထားတဲ့ တင်ပြပုံရိုးစင်းတဲ့ စာမူတစ်ပုဒ် ဖြစ်ပါတယ်။

၁၉။ *ဆယ်လ်မွန် ငါးရဲ့ အိမ်ပြန်ချိန်*

**လမင်းခန့်(ပန်းပျိုးလက်)**

ပြောချင်တာရှိပေမဲ့ အရေးအသားမနိုင်နင်းသေးတဲ့ စာမူဖြစ်ပါတယ်။ အပြန်အလှန်စကားပြောကို အားပြုလွန်းပါတယ်။ စာများများ ဖတ်ပါဦး။

၂၀။ *ဂိုးပြတ်ရှုံးအသင်းသားများနှင့် ကျွန်တော်*

**ငြိမ်းအေး(မုဆိုးခြုံ)**

ပြောချင်တာရှိပြီး ဇာတ်နောက်ခံက စိတ်ဝင်စားဖို့ ကောင်းပေမဲ့ အရေးအသားရိုးစင်းပြီး တင်ပြပုံအားနည်းချက်ကြောင့် အဆင်မပြေဖြစ်သွားရတဲ့ စာမူပါ။ ကြိုးစားပါဦး။

၂၁။ *တမိပေါက် တစ်ယောက်ထွန်း*

**မင်းနိုင်(ခ-စ)**

ဇာတ်အလှည့်အပြောင်းလေး ဖန်တီးထားပေမဲ့ တချို့နေရာတွေမှာ ဇွတ်ဖန်တီးထားသလို ဖြစ်နေပါတယ်။ တင်ပြပုံလည်း ရိုးစင်းပါတယ်။

၂၂။ *လိပ်ပြာတစ်ကောင်၏ လွတ်မြောက်ခြင်း*

**စံထိုက်သူ**

အကြောင်းအရာရော တင်ပြပုံပါ ရိုးစင်းသလို အစဉ်အလာ သမားရိုးကျအတွေးကလည်း စာမူကို အားနည်းစေပါတယ်။

၂၃။ *အကျည်းတန် မုန်ကြိုက်*

**သစ်ထင်အောင်**

အရေးအသား ပြေပြစ်ပေမဲ့ ဆောင်းပါးဆန်တဲ့ နိဂုံးနဲ့ တင်ပြပုံ ဖြစ်နေပါတယ်။

၂၄။ *အရိုးကြေကြေ၊ အရေခန်းခန်း*

၂၅။ *ယုံမှတ်လို့ ပုံအပ်မိပါတယ်*

**ရွှေချောင်းသာ(မအူပင်)**

အရေးအသား ဖောင်းပွပြီး မလိုအပ်တဲ့ အသေးစိတ်တွေကို ဖွဲ့ထားသလို လိုအပ်တဲ့တင်ပြပုံအချိတ်အဆက်ပိုင်းမှာတော့ အားနည်းပါတယ်။ **အရိုးကြေကြေ အရေခန်းခန်း** စာမူမှာဆိုရင် ပေးစာသဘောမျိုး အစအဆုံးရေးထားတာမျိုးဟာ တင်ပြပုံကို အားနည်းစေပါတယ်။

၂၆။ *တိမ်ယံထက်က စန္ဒယားသံ*

**ငြိမ်းသခင်**

ကလေးတစ်ယောက်နေရာက ရေးထားတာဖြစ်ပေမဲ့ ကလေးတစ်ယောက်ရဲ့အတွေးနဲ့ အပြောကို ယုတ္တိရှိရှိ မထင်ဟပ်နိုင်ဘဲ စာရေးသူက ဝင်ပြောထားသလို ဖြစ်နေပါတယ်။ စာမူထဲက ဇာတ်ကောင်တွေဟာ သူတို့ရဲ့ အသက်အရွယ်အပါအဝင် သက်ဆိုင်ရာ နောက်ခံအခင်းအကျင်းကို ထင်ဟပ်တဲ့ စရိုက်အားလျော်စွာ ပြောဆို၊ တွေးတောရမှာ ဖြစ်ပါတယ်။

၂၇။ *နေရမှားနေတဲ့ ထောင့်ချိုးများ*

**လင်းသပြေမောင်**

အပြန်အလှန်စကားပြောကိုသာ အားပြုထားတဲ့ သမားရိုးကျ စာမူတစ်ပုဒ်သာ ဖြစ်ပါတယ်။

၂၈။ *ရေ*

၂၉။ *နေရာလေးတစ်ခု*



www.burmeseclassic.com

www.burmeseclassic.com



# ရွှေအိုးသစ်

ရွှေအမြုတေ ရုပ်စုံမဂ္ဂဇင်း

အမှတ် ၃၅၃၊ မေ၊ ၂၀၁၃

၃၀။ ပုံပြင်ထဲက ပုံပြင်တစ်ပုဒ်

ငြိမ်းချမ်း

အရေးအသား ပြေပြစ်ပါတယ်။ ရေ က အတွေးလှပေမဲ့ အရေးအသား အားနည်းချက်ရှိနေပါတယ်။ အထူး သဖြင့် တင်ပြပုံကို ဒီ့ထက် ဝေဝေဆာဆာ ဖြစ်စေချင်ပါတယ်။ **နေရာလေးတစ်ခု** ကတော့ တိုလွန်းပြီး ရိုးစင်းနေပါတယ်။ **ပုံပြင်ထဲက ပုံပြင်တစ်ပုဒ်** ကိုတော့ ဆရာဦးဝင်းငြိမ်းထံ တင်ပြပေးလိုက်ပါတယ်။

ဆရာဦးဝင်းငြိမ်းထံ တင်ပြပေးလိုက်တဲ့ စာမူတွေကတော့-

**သက်ငြိမ် ရဲ့ *သူပုန်သား*၊ မေနန်းမောင် ရဲ့ *လမ်းပေါ်ရောက်တဲ့ ဖား*၊ မိုးသက်အောင်(မြန်မာစာ) ရဲ့ *စက္ကူပန်း*၊ သီတာကြည် ရဲ့ *ချစ်သောနေခြည်*၊ ရောင်နီသက်လွင် (ဘိုကလေး) ရဲ့ *ညီခဲသောကြိုးများ*၊ လင်းဝေ (ဒဿနိက)ရဲ့ *မျက်နှာဖုံး*၊ လင်းခေတ်ဇော် ရဲ့ *အချစ္စတ္တလွန်ပွဲ* တို့ ဖြစ်ပါတယ်။**

**မသီတာ၊စမ်းချောင်း၊**

❑

*ဆရာမ မသီတာ(စမ်းချောင်း) ဆန်ခါတင်အဖြစ် ရွေးချယ်ပေးလိုက်တဲ့ ဝတ္ထုတို ၈ ပုဒ်အနက်မှ ဆရာ ငြိမ်းချမ်းရဲ့ 'ပုံပြင်ထဲက ပုံပြင်တစ်ပုဒ်' ဝတ္ထုကို အရင်ပြောချင်ပါတယ်။ ဘဝသရုပ်ဖော်ဝတ္ထုဆိုရင် ဆင်းရဲမွဲတေတာကို ရေးဖွဲ့ရမယ်လို့ ဆရာ အများစုကို မှတ်ယူထားကြတဲ့အတိုင်း ဆရာ ငြိမ်းချမ်းကလည်း အလုပ်အကိုင်က အဆင်မပြေ၊ သမီးဖြစ်သူက ဖျား၊ ဆေးခန်းပြဖို့ ပိုက်ဆံကမရှိ၊ တိုက်တိုက်ဆိုင်ဆိုင် ကမ်းနားဗောတံတားအောက်က ပိုက်ဆံအိတ်တစ်လုံး ကောက်ရခဲ့ပါတယ်။ ကမန်းကတမ်း အိမ်သာထဲဝင်ပြီး ပါလာတဲ့ ပိုက်ဆံတွေကို ကြည့်နေခိုက်မှာ အပြင်က ပိုက်ဆံအိတ်ပျောက်တဲ့ အမျိုးသမီးတစ်ယောက်နဲ့ သူ့အမျိုးသားတို့ အပြန်အလှန် ပြောစကားတွေကြောင့် သူကောက်ရတဲ့ ပိုက်ဆံအိတ်ကို ပြန်ပေးသင့်၊ မပေးသင့် ဒွိဟဖြစ်နေပုံကို ရေးဖွဲ့ထားတာဖြစ်ပါတယ်။ စာအရေးအသားကောင်းပါတယ်။ ဒါပေမဲ့ ဒီလိုအရေးအဖွဲ့တွေက စာဖတ်သူများအတွက် ရိုးအီနေပြီ ဖြစ်ပါတယ်။ အဲဒါအပြင် ကွန်ပျူတာစာစီ ၉ မျက်နှာ ဖြစ်နေပါတယ်။ သတ်မှတ်ချက်က ၆ မျက်နှာသာ ဖြစ်ပါတယ်။ ထပ်ပြီး ကြိုးစားစေချင်ပါတယ်။*

*နောက်တစ်ပုဒ်ကတော့ ဆရာ မိုးသက်အောင်(မြန်မာစာ) ရေးဖွဲ့ထားတဲ့ စက္ကူပန်းဆိုတဲ့ ဝတ္ထုတို ဖြစ်ပါတယ်။ လှိုင်သာယာ ကျူးကျော်တဲမှာ နေထိုင်တဲ့ ခင်မိက ခန္ဓာကိုယ်ကို ရင်းပြီး ကန်တော်ကြီးတစ်ဝိုက်မှာ လုပ်စားနေသူဖြစ်ပါတယ်။ ဒီနားတစ်ဝိုက်မှာ မကြာခဏ တွေ့လေ့ရှိပြီး ဝန်ထမ်းဖြစ်ပုံရတဲ့ အမျိုးသမီးတစ်ယောက်က သူ ဘယ်လောက်ဖြိုးပြပြ တုံ့ပြန်မှုမရှိ မဲ့ရွဲ့သွားလေ့ရှိပါတယ်။ ဖောက်သည်ရလို့ တည်းခိုခန်းကို လိုက်သွားတဲ့တစ်နေ့မှာ သူတွေ့ဖူးတဲ့ အမျိုးသမီးလည်း အမျိုးသားကြီးတစ်ယောက်နဲ့ ရောက်လာတာကို ရေးဖွဲ့ထားတာ ဖြစ်ပါတယ်။ ပေးထားတဲ့ 'စက္ကူပန်း' အမည်နဲ့ ကိုက်ညီတဲ့ ဝတ္ထုတိုတစ်ပုဒ်အဖြစ် ခံစားမိပါတယ်။ ဒါပေမဲ့ ဒီ့ထက်*



www.burmeseclassic.com

www.burmeseclassic.com



ပြောင်မြောက်စေချင်ပါတယ်။

နောက်တစ်ယောက်ကတော့ ဆရာမ သီတာကြည် ရေးဖွဲ့ထားတဲ့ 'ချစ်သောနေခြည်' ဝတ္ထု ဖြစ်ပါတယ်။ ဒီဝတ္ထုမှာ အဝေးသင် စာမေးပွဲဖြေမယ့် ကျောင်းသားတစ်ယောက်နဲ့ မိန်းကလေးတစ်သိုက်တို့ရဲ့ ပဋိပက္ခ ဖြစ်ပွားမှုကနေ စိတ်ဝင်စားမိပုံကို ရေးဖွဲ့ထားပါတယ်။ စာရေးပုံသင့်ပါတယ်။ ဒါပေမဲ့ အမျိုးသမီးတန်မဲ့ အရက်မူးနေတာကိုတော့ ဝတ္ထုများထဲမှာ ထည့်သွင်းမရေးဖွဲ့စေချင်ပါ။ အပြင်မှာ ရှိကောင်းရှိနိုင်ပါမယ်။ ဒါပေမဲ့ ကျွန်တော်တို့ စာပေကနေ မိန်းကလေးများ အရက်သောက်နိုင်တယ် ဆိုတဲ့ အသိမျိုး မပေးစေချင်ပါဘူး။

နောက်တစ်ပုဒ်ကတော့ ဆရာ လင်းဝေ(ဒဿနိက) ရေးဖွဲ့ထားတဲ့ 'မျက်နှာဖုံး' အမည်ရှိ ဝတ္ထု ဖြစ်ပါတယ်။ ပိုက်ဆံသာပေးပြီး သားသမီးများက မစောင့်ရှောက်တဲ့ ပစ်ပယ်ခံရတဲ့ အမေအိုတစ်ယောက်ရဲ့ ခံစားချက်ကို ရေးဖွဲ့ထားတာ ဖြစ်ပါတယ်။ စာရေးပုံလည်း ကောင်းပါတယ်။ ဒါပေမဲ့ ကျွန်တော် ရွေးမယ့် ဝတ္ထုများနဲ့ ယှဉ်လိုက်ရင် သမားရိုးကျ ဇာတ်တစ်ပုဒ်လို ဖြစ်နေတာကြောင့် ထပ်ပြီး ကြိုးစားစေချင်ပါတယ်။

ရွှေစင်မြင့်ပေါ်ကနေ ရွှေကလောင်ရှင်များ ဖြစ်လာအောင် ကြိုးစားကြစေချင်ပါတယ်။ ဒီလမှာ ရွှေအသစ်ကလောင်ရှင်များအဖြစ် ဆရာ သက်ငြိမ်ရဲ့ 'သူပုန်သား'၊ ဆရာ လင်းခေတ်ဇော်ရဲ့ 'အစ္စုတ္တလွန်ပွဲ'၊ ဆရာမ မေနန်းမောင်ရဲ့ 'လမ်းပေါ်ရောက်တဲ့ဖား'၊ ဆရာ ရောင်နီသက်လွင်(ဘိုကလေး)ရဲ့ 'ညီခဲ့သောကြိုးများ' တို့ကို ရွေးချယ်ဖော်ပြပေးလိုက်ပါတယ်။ ■

ဝင်းငြိမ်း

## ရွှေအသစ်စာမူများအတွက် စည်းကမ်းချက်များ

ရွှေအသစ်ကဏ္ဍသို့ ရောက်ရှိလာသောစာမူများတွင် စာမျက်နှာနှစ်ဖက် ရေးသားခြင်းမျိုး၊ ဘောမျဉ်းမသားဘဲ စာပိုဒ်လည်းမခွဲကာ သတ်ပုံအမှားအယွင်းနှင့် ပေးပို့လာခြင်းမျိုး များပြားလာသည်ကို တွေ့ရှိနေရပါသည်။ ယခုအခါ ရွှေအသစ်စာမူများမှာ လစဉ်ဖတ်ရှုပြန်ကြားနိုင်သည့် အရေအတွက်ထက်များစွာကျော်လွန်နေသည့်အတွက် စည်းကမ်းနှင့်မညီသည့် စာမူများကို နောင်တွင်ပြန်ကြားချက်၌ ထည့်သွင်းဖော်ပြသွားမည် မဟုတ်ဟု အယ်ဒီတာများမှ ဆုံးဖြတ်ထားပါသည်။ လိုက်နာရန်စည်းကမ်းများကို ရွှေအသစ်စာမူပေးပို့လိုသူများ သိရှိနိုင်စေရန်ဖော်ပြလိုက်ပါသည်။ နောက်လများမှစ၍ အောက်ဖော်ပြပါစည်းကမ်းချက်များနှင့် မကိုက်ညီသည့်စာမူများကို ပြန်ကြားချက်တွင် ထည့်သွင်းဖော်ပြခြင်းမပြုတော့ဘဲ ပယ်လိုက်မည်ဖြစ်ကြောင်း ကြိုတင်အကြောင်းကြားအပ်ပါသည်။

၁။ စာမျက်နှာတစ်ဖက်တည်းသာ ရေးသားပါ။
၂။ ဘောမျဉ်းသားပါ၊ စာပိုဒ်ခွဲပါ။ စကားပြောများကို မျက်တောင် အဖွင့်အပိတ် ထည့်ပေးပါ။
၃။ လက်ရေးလက်သား ရှင်းရှင်းလင်းလင်း ထင်ထင်ရှားရှား ရေးသားပါ၊ သတ်ပုံမှန်ကန်အောင် စစ်ပေးပါ။
၄။ လက်ရေးစာမူဆိုလျှင် A 4 စာမျက်နှာ ၆ မျက်နှာထက် မပိုစေရပါ။ ကွန်ပျူတာစာစီစာမူဆိုလျှင် A 4 စာမျက်နှာတွင် ၁၃ ပွိုင့်ဖြင့် ၄ မျက်နှာထက် မပိုစေရပါ။
၅။ စာမူအမည်နှင့် ကလောင်အမည်ကို ထင်ရှားစွာ ဖော်ပြပါ။
၆။ မိမိကိုယ်တိုင်ရေးသားကြောင်း ခံဝန်ချက်ပါရှိရန် လိုအပ်ပါသည်။
၇။ အခြားမဂ္ဂဇင်းတိုက်သို့ ပေးပို့ထားခြင်း မပြုရပါ။
၈။ ဆက်သွယ်ရန် နေရပ်လိပ်စာအပြည့်အစုံ ထည့်သွင်းဖော်ပြရန် လိုအပ်ပါသည်။
၉။ ဝတ္ထုသစ်များသာဖြစ်ရမည်။ အွန်လိုင်းတွင်တင်ပြီး ဝတ္ထုမျိုးမဖြစ်စေရ။ မိမိဝတ္ထုတိုစုစည်းမှုတွင် ဖော်ပြပြီးသည့် ဝတ္ထုတို မဖြစ်စေရ။
၁၀။ စာမူကိစ္စနှင့်ပတ်သက်၍ သိလိုသည်ဖြစ်စေ၊ တစ်စုံတစ်ခုပြောကြားလိုသည်ဖြစ်စေ ရွှေအမြုတေမဂ္ဂဇင်းတိုက်၊ တယ်လီဖုန်းအမှတ် ၀၁-၉၀၁၀၅၀၁ ဖြိုးဖြိုးခိုင်နှင့်သာ ဆက်သွယ်ရန်လိုပါသည်။ အယ်ဒီတာများ၏ အီးမေးလ်သို့ဖြစ်စေ၊ ဖေ့စ်ဘွတ်သို့ဖြစ်စေ ဆက်သွယ်ခြင်းမပြုရပါ။

စည်းကမ်းချက်နှင့်မညီ၍ ပြန်ကြားချက်တွင် ထည့်သွင်းဖော်ပြမည်မဟုတ်သည့်စာမူများကို ကာယကံရှင်ထံ ပြန်လည်ပေးပို့နိုင်မည် မဟုတ်ပါသဖြင့် မိမိတို့၏စာမူများကို လက်ခံမိတ္တူထားရှိကြပါရန် အသိပေးအပ်ပါသည်။ ■

အယ်ဒီတာ(ရွှေအမြုတေမဂ္ဂဇင်း)



www.burmeseclassic.com

www.burmeseclassic.com




အရူးတွေလှန်ပွဲ

အမှတ် ၃၂၃ ဧပြီ ၂၀၁၃

၂၈၆ ရွှေအမြုတေ ချစ်စုံမွေးစေး ဧပြီ ၂၀၀၉

www.burmeseclassic.com

www.burmeseclassic.com



၁။

ညကတည်းက တဖြောက်ဖြောက်ရွာနေသော မိုးက နံနက်လင်းသည်အထိ မစဲသေး။ သဲသဲမဲမဲ ရွာသည်လည်းမဟုတ်၊ တိတ်၍လည်း မသွားဘဲ ဖျင်းရိုကောင်းရုံသာ ဖွဲပြီးရွာနေခြင်း ဖြစ်သည်။

'ကိုသက်မောင် ကိုသက်မောင်၊ ထတော့လေ ခုနစ်နာရီထိုးတော့မယ်'

'အင်း…အင်း…'

ဇနီးဖြစ်သူက ခြေထောက်ကိုလှုပ်ကာ နိုးနေသဖြင့် ကိုသက်မောင် အိပ်ရာထဲမှ လူးလဲထ



www.burmeseclassic.com

www.burmeseclassic.com

လိုက်သည်။ တကယ်ဆို ကိုသက်မောင် အိပ်ရာထဲက မထချင်သေး။ မိုးအေးအေးနှင့် ဆက်ပြီးကွေးနေချင်သေး၏။ သို့သော် သူ အပါအဝင် လေးစင်းသော ဝမ်းသမုဒ္ဒရာများအား ဖြည့်တင်းရန်က ရှိနေသေး၍ အိပ်ရာထဲက မထချင်လည်း ထလိုက်ရသည်။ မျက်နှာသစ် သွားတိုက်ပြီးသောအခါ ဇနီးသည် အဆင်သင့် ပြင်ပေးထားသော ထမင်းကြမ်းနှင့် ငါးလေးခြောက်ကြော်ကို ရေနွေးပူပူနှင့် မြှောချလိုက်သည်။

'အိမ်ခန်းလခ ပေးရတော့မယ်နော်'

ဇနီးဖြစ်သူ မချိုက ထမင်းအိုးငှဲ့နေရင်းမှ တစ်ယောက်တည်း ပြောနေသလိုဖြင့် ကိုသက်မောင် ကြားအောင် ပြောလိုက်သည်။ ကိုသက်မောင်က မချိုစကားကို မကြားဟန်ပြုကာ ထမင်းကိုသာ ဆက်စားနေ၏။

'အဖေ...၊ သမီးလည်း ကျူရှင်လခ ပေးရဦးမယ်'

ရှစ်တန်းတက်နေသော သမီးအငယ်မကလည်း သနပ်ခါးလိမ်းနေရာမှ လှမ်းပြောလိုက်ပြန်သည်။ ကိုသက်မောင် စားလက်စ ထမင်းကြမ်းက ပို၍ ကြမ်းတမ်းသွားသလို ထင်လိုက်မိ၏။ ဆက်စားချင်စိတ်မရှိတော့သဖြင့် ထမင်းပန်းကန်ကို ဘေးသို့ တွန်းဖယ်လိုက်ပြီး ဆေးလိပ်ခွက်ထဲမှ ဆေးလိပ်တိုကို မီးညှိဖွာရှိုက်လိုက်သည်။ ယခင်လတွေကဆိုလျှင် အိမ်ခန်းလခနှင့် ဗာဟီ

ri fwlbgwlrl
r&Sqi f&Jvh
obwGS
aumi frl
ubwfuk
wufwu
rv kEklubl
t JBwmh
raumi fLukwmh
wwEkbavmuf
a&Ni bi fv, f
ol smypönf
ckv, Eqkvm
t ubwfyav
ukl fvkf
rckv nf
ol sm;ckvmukl
t m;ay;wm
raumi fygbl

ရစရိတ်များအတွက် ကိုသက်မောင် ပူစရာမလို၊ အထည်ချုပ်စက်ရုံဆင်းနေသော သမီးအကြီးမက တာဝန်ယူထား၏။ သည်လတော့ စက်ရုံတွင် ဆန္ဒတွေပြနေကြသဖြင့် သမီးအကြီးမမှာ အလုပ်ဆင်းရက်သိပ်မရှိ။ ထို့ကြောင့် အိမ်အသုံးစရိတ်အားလုံးက ကိုသက်မောင့် ခေါင်းပေါ် စုပြုံကျလာတော့သည်။

ကိုသက်မောင်တို့က ဧရာဝတီတိုင်း ဖျာပုံနယ်ဘက်မှဖြစ်၏။ နာဂစ်မုန်တိုင်းပြီးကတည်းက သူတို့နယ်တွင် အလုပ်အကိုင်များ မကောင်းသောကြောင့် မချိုအစ်ကို တစ်ယောက်ရှိသည့် ဉာဏ်လှိုင်သာယာသို့ ပြောင်းရွှေ့လာခဲ့ကြခြင်းဖြစ်သည်။ လှိုင်သာယာ သို့ရောက်စက အလုပ်အကိုင်က အတည်တကျမရှိ၊ နေစရာအိမ်ခန်းကလည်း ဟိုပြောင်းဒီရွှေ့နှင့်မို့ တော်တော် ဒုက္ခရောက်ခဲ့ကြရသည်။ ကိုသက်မောင်က ဆန်ထမ်း၊ ပဲထမ်း၊ ပန်းရန်လုပ်ကြမ်း ရရာအလုပ်ဝင်လုပ်၏။ ဆယ်တန်းကျပြီး ကျောင်းဆက်မတက်နိုင်တော့သော သမီး အကြီးမကလည်း အထည်ချုပ်စက်ရုံ တစ်ခု၌ အလုပ်ဆင်း၏။ ထိုစဉ်က ခြောက်တန်းတက်မည့် သမီးအငယ်မကိုလည်း ကျောင်းတစ်နှစ် အောက်လိုက်ရလေသည်။

တစ်နှစ်ကျော် နှစ်နှစ်နီးပါးမျှ ရုန်းကန်ကြပြီးမှ ကိုသက်မောင်က ဆိုင်ကယ် တစ်ပတ်ရစ်လေးတစ်စီးဝယ်ကာ ဆိုင်ကယ်ကယ်ရီ ဆွဲနိုင်လာ၏။ သမီးအကြီးမကလည်း အထည်ချုပ်စက်ရုံတွင် လစာ တစ်သိန်းခွဲခန့်ရ၏။ သို့သော်လည်း သူတို့လိုလက်လုပ်လက်စားတွေအတွက် အဆင်ပြေတယ်ဆိုသည်မှာ ထမင်းနပ်မှန်ရုံနှင့် ငွေလိုလျှင် ချေးငှား၍ လွယ်ကူရုံမျှပင် ဖြစ်သည်။ သမီးအငယ်မကိုတော့ မဖြစ်ဖြစ်အောင် ခြိုးခြံချွေတာပြီး ကျောင်းပြန်ထားရ၏။ ကျောင်းတစ်နှစ်အောက်ထားရသဖြင့် စာမလိုက်နိုင်မည်စိုး၍ သူ့အတန်း ပိုင် ဆရာမ ဖွင့်သော ကျူရှင်တွင်လည်း ထားပေးရသေးသည်။

ကိုသက်မောင် သက်ပြင်းကို ဟင်းခနဲချရင်း ဖင်စီခံထိနေပြီဖြစ်သော ဆေးလိပ်တိုကို ပြာခွက်ထဲထိုးခြေလိုက်၏။ မိုးကလည်း တစ်နေ့လုံး တိတ်မည့်ပုံမရ၊ မိုးရွာလည်း နား၍မဖြစ်သည်မို့ ဒူးခေါင်း အထိရှည်သော မိုးကာအင်္ကျီကို ဝတ်ဆင်ပြီး ဆိုင်ကယ်ကို စက်နှိုးကာ ကယ်ရီဂိတ်သို့ မောင်းထွက်လာခဲ့လိုက်တော့သည်။

❑

၂။

ဂိတ်ကိုရောက်တော့ ကိုလှတိုးအောင်နှင့် မျိုးဇော်တို့၏ ဆိုင်ကယ်နှစ်စီးသာ မိုးရွာထဲရပ်ထားတာ တွေ့ရ၏။ လူတွေကတော့ ကယ်ရီဂိတ်အနီးရှိ လက်ဖက်ရည်ဆိုင်တွင် မိုးခိုရင်း ဆိုင်မှာ ပြသနေသော နိုင်ငံခြားရုပ်ရှင်ဇာတ်ကားကို ကြည့်နေကြ၏။ ကိုသက်မောင်လည်း ဆိုင်ကယ်ကို ဂိတ်မှာထိုးပြီး လက်ဖက်ရည်ဆိုင်ထဲ ဝင်လာခဲ့သည်။ မိုးကာအင်္ကျီကို ချွတ်ကာ တိုင်တစ်တိုင်တွင် ချိတ်ပြီး ကိုလှတိုးအောင်တို့ ဝိုင်းတွင် ဝင်ထိုင်လိုက်၏။

'ဦးလေး လက်ဖက်ရည် သောက်မှာလား...'

'အေး...ချိုကျတစ်ခွက်၊ ရှုဘီတစ်ပွဲပါ ဆွဲခဲ့ကွာ'

စားပွဲထိုးလေးကို လက်ဖက်ရည်မှာပြီး ရေနွေးကြမ်း တစ်ခွက်ငှဲ့ကာ အချမ်းပြေမှုတ်၍ သောက်လိုက်သည်။ ပြီးမှ ကိုလှတိုးအောင်အား-

'ဒီမနက် ဘယ်နှကြောင်း ဆွဲပြီးပြီလဲ'ဟု မေးလိုက်သည်။ ကိုလှတိုးအောင်က လက်သုံးချောင်း ထောင်



www.burmeseclassic.com

www.burmeseclassic.com

ပြ၏။

‘ဟ…သုံးကြောင်းတောင် ဆွဲပြီးပြီလား’

‘မဟုတ်ဘူး၊ ရုပ်ရှင်ဇာတ်ကားထိုင်ကြည့်နေတာ သုံးကားရှိပြီလို့ ပြောတာ’

ကိုလှတိုးအောင်၏ ဟာသကို အသက်မပါဘဲ ရယ်လိုက်ကြသည်။ ကိုလှတိုးအောင်မှာ အိမ်စရိတ်အပြင် အမျိုးသမီးရောဂါဖြင့် အိပ်ရာထဲ လဲနေသော မိန်းမအတွက် ဆေးကုသစရိတ်ပါ ရှာနေရသူဖြစ်သည်။ မျိုးဇော်ကတော့ လူပျိုလူလွတ်ဖြစ်သည့်အပြင် မိသားစုကလည်း ချောင်လည်သည်မို့ ကယ်ရီဆွဲရရ မရရ အေးအေးဆေးဆေးပင်ဖြစ်၏။

ကိုသက်မောင်မှာထားသော လက်ဖက်ရည် ရောက်လာသဖြင့် လက်ဖက်ရည်ချိုကျကို တစ်ငုံသောက်လိုက်သည်။ ပြီးတော့ ရွှေဘီစီးကရက်ကို မီးညှိဖွာရှိုက်ရင်း ဆိုင်ကယ်ငှားမည့်သူတစ်ယောက်တလေများ လာလိမ့်နိုးဖြင့် လမ်းမဘက်သို့ ငေးကြည့်နေလိုက်သည်။

ထိုအချိန်တွင် လက်ဖက်ရည်ဆိုင်ထဲသို့ ဖိုးချိုဆိုသော ကောင်လေး ဝင်လာတာ တွေ့လိုက်ရသည်။ ဖိုးချိုက ကိုသက်မောင်တို့ဝိုင်းသို့ ဝင်ထိုင်ရင်း မျိုးဇော်အား–

‘ကိုမျိုးဇော်… ဆမ်ဆောင်းတစ်လုံး ရောင်းဖို့ရှိတယ်၊ ကြည့်မလား…’

‘အေး…အတော်ပဲ၊ ငါ့သူငယ်ချင်းတစ်ယောက်လည်း ဖုန်းရှာခိုင်းနေတာ၊ ပြကြည့်လေ’

ဖိုးချိုက သူ့အိတ်ထဲမှ ဖုန်းတစ်လုံးထုတ်ပြ၏။ ဖုန်းက ရွှေရောင်တပ်စကရင်အမျိုးအစားဖြစ်ပြီး သိန်းကျော်တန်လိမ့်မည်ဟု ကိုသက်မောင် ခန့်မှန်းမိသည်။ မျိုးဇော်က ဖုန်းကို အပြန်ပြန်အလှန်လှန်စစ်ကြည့်လိုက်ပြီး–

‘ဖုန်းကတော့ ဆမ်ဆောင်းအမှန်ပဲ၊ ဘယ်လောက်လဲ’

‘ရှစ်ပြား(ရှစ်သောင်း)တဲ့၊ ယူမယ်ဆို အလျှော့အတင်း ရှိတယ်’

‘ခုနစ်ပြားရရင် ယူမယ်ကွာ’

‘အဲဒါဆို ဟိုဘက်ကို မေးကြည့်လိုက်ဦးမယ်၊ အဆင်ပြေရင် ကျွန်တော် ကိုမျိုးဇော်ကို ဖုန်းဆက်လိုက်မယ်’

ဖိုးချိုက သူ့ကိစ္စပြီးသွားသဖြင့် မိုးရွာထဲ ထီးလေးဆောင်းပြီး ပြန်ထွက်သွားသည်။ ကိုသက်မောင်သည် သိန်းကျော်တန် ဖုန်းတစ်လုံးကို ခုနစ်သောင်း၊ ရှစ်သောင်းနှင့် လာရောင်းသဖြင့် အံ့သြနေ၏။ နောက်မှ မျိုးဇော်ပြန်ပြောပြသည်မှာ ဖိုးချိုက ခါးပိုက်နှိုက်များ၊ အလစ်သမားများ ရလာသော ဖုန်းများကို ပွဲစားခယူပြီး ပြန်ရောင်းပေးခြင်းဖြစ်သည်ဟု ဆို၏။ ကိုသက်မောင်လည်း သူ့သမီးအကြီးမ လက်ရှိကိုင်နေသော ဟွာဝေးဖုန်းလေးမှာ ဆိုင်မဆင်း ဖြစ်နေသောကြောင့် ဖုန်းအသစ်လိုချင်ကြောင်း ခဏခဏပြောတာ သတိရမိသွားသည်။ ထို့ကြောင့် မျိုးဇော်အား–

‘နောက်တစ်ခါ အဲဒီလိုဖုန်းအချိုအချောင်လေးရရင် ငါ့ပြောစမ်းပါကွာ၊ ငါ့သမီးအတွက် လိုချင်လို့’

‘ကိုသက်မောင် လိုချင်ရင် ကျွန်တော် ဖိုးချိုကို ပြောထားမယ်လေ’

ထိုအခါ တစ်ချိန်လုံး ဘာမှမပြောဘဲ ရုပ်ရှင်ကိုသာ ကြည့်နေသော ကိုလှတိုးအောင်က–

‘ဖိုးချိုဆီက ဖုန်းကို မဝယ်စမ်းပါနဲ့ သက်မောင်ရာ၊ သူများဆီက ခိုးလာမှန်း သိနေတာပဲ၊ သူခိုးအားပေးဖြစ်နေလိမ့်မယ်’

‘ကိုယ်ခိုးတာမှ မဟုတ်ပဲဗျာ၊ သူ့ဆီက ကိုယ်က ဝယ်တာပဲ’

‘အတူတူပဲလေကွာ၊ ကိုယ်တိုင်ခိုးတာမဟုတ်ပေမဲ့ သူခိုးဆီက ပြန်ဝယ်တော့ မကောင်းမှုကို အားပေးသလိုဖြစ်နေတာပေါ့’

‘ကျွန်တော်တို့လို မရှိတဲ့သူတွေက အဲဒီလိုမှ မဝယ်ရင် အသစ်ဝယ်ကိုင်နိုင်မှာမဟုတ်ဘူး’

ကိုသက်မောင် စကားကြောင့် ကိုလှတိုးအောင်က ဦးခေါင်းကို ဖြည်းညင်းစွာ ခါယမ်းရင်း–

‘မဟုတ်သေးဘူး သက်မောင်ရ၊ မင်းတို့ငါတို့လို မရှိဆင်းရဲတဲ့သူတွေမှာ ကောင်းမှုကုသိုလ်ကို တကူးတက မလုပ်နိုင်ကြဘူး။ အဲဒီတော့ မကောင်းမှုကိုတော့ တတ်နိုင်သလောက် ရှောင်သင့်တယ်။ သူများပစ္စည်းခိုးတယ်ဆိုတာ အကုသိုလ်ပဲလေ။ ကိုယ်တိုင် မခိုးလည်း သူများခိုးတာကို အားပေးတာ မကောင်းပါဘူးကွာ။ ခုနစ်သောင်း၊ ရှစ်သောင်းဆိုဆိုင်မှာ အသင့်အတင့် ဖုန်းတစ်လုံးတော့ ရပါတယ်။ ဖိုးချိုဆီကဖုန်းကို မဝယ်စမ်းပါနဲ့ကွာ’

ကိုသက်မောင်ကတော့ ကိုလှတိုးအောင်ပြောသည့် စကားများကို သိပ်ဘဝင်မကျ။ သူ့ဘာသာ မည်သည့်နည်းနှင့် ရလာသည်ဖြစ်ဖြစ် ကိုယ်က တန်ရာတန်ကြေးပေးဝယ်ခြင်းဖြစ်သည်ဟု သူထင်သည်။ ကိုသက်မောင် ခွက်ထဲမှ လက်ဖက်ရည်လက်ကျန်ကို အကုန်မော့ချပြီး ရေနွေးကြမ်းတစ်ကျိုက် မှုတ်သောက်လိုက်သည်။ ထိုအချိန်တွင် ဆိုင်ကယ် ကယ်ရီငှားမည့်သူတစ်ဦး ရောက်လာသောကြောင့် စီနီယာအလှည့်ကျသည့် ကိုလှတိုးအောင် ထ၍လိုက်သွားသည်။ ကိုသက်မောင်နှင့် မျိုးဇော်ကတော့ နောက်ထပ် ဆိုင်ကယ်ငှားမည့်သူ စောင့်ရင်း လက်ဖက်ရည်ဆိုင်တွင် ပြနေသော ရုပ်ရှင်ဇာတ်ကားကို ကြည့်လျက် ကျန်ခဲ့ကြလေသည်။ ❑

၃။

ညမိုးချုပ်သည်အထိ ကိုသက်မောင် ကယ်ရီဆွဲခလေးထောင်ကျော်သာရသေး၏။ ကိုလှတိုးအောင်က မျက်စိသိပ်မကောင်း၍ ညမှောင်သည်နှင့် ဆိုင်ကယ်သိမ်းကာ အိမ်ပြန်သွားပြီဖြစ်သည်။ ဂိတ်တွင် ကိုသက်မောင်နှင့် အခြားဆိုင်ကယ်သမား နှစ်ဦးသုံးဦးသာ ကျန်တော့သည်။ ကိုသက်မောင်လည်း တစ်ခေါက်ဆွဲပြီးလျှင် အိမ်ပြန်တော့မည်ဟု စိတ်ကူးထား၏။ ထိုစဉ်–

‘ကယ်ရီအားလား’



www.burmeseclassic.com

www.burmeseclassic.com

‘ဘယ်သွားမှာလဲ ဆရာ’

ဆိုင်ကယ်ငှားသည့်သူက သူသွားမည့်နေရာကို ပြော၏။ သူပြောသည့်နေရာမှာ လူပြတ်ပြီး ဆိုင်ကယ်လုယက်မှုတွေ ခဏခဏဖြစ်တတ်သောကြောင့် ကယ်ရီသမားအများစု မလိုက်ချင်ကြသောနေရာဖြစ်သည်။ ကိုသက်မောင်သည် မနက်က မိန်းမနှင့် သမီးစကားများကို ပြန်ကြားယောင်ပြီး အရဲစွန့်လိုက်၏။

‘ခြောက်ထောင်ကျမယ်၊ သွားမလား ဆရာ’

တကယ်က ဤခရီးမှာ သုံးထောင့်ငါးရာ၊ လေးထောင်မျှသာ တန်သည်။ စွန့်စား၍ လိုက်ရမည်ဖြစ်သောကြောင့် ပိုပြောလိုက်ခြင်းဖြစ်၏။ ထိုလူက ခေတ္တမျှစဉ်းစားပြီး သွားမည်ဟုဆိုသဖြင့် ကိုသက်မောင် ဆိုင်ကယ်အား စက်နှိုးလိုက်သည်။ ဆိုင်ကယ်မထွက်ခင် ကယ်ရီသမားတစ်ဦးက ကိုသက်မောင်နားနားကပ်ပြီး သတိထားဖို့ ပြော၏။ ကိုသက်မောင်က ခေါင်းညိတ်ပြပြီး ဆိုင်ကယ်ကို မောင်းထွက်လာခဲ့တော့သည်။

ကိုသက်မောင် ဆိုင်ကယ်ကို မောင်းလာရင်း လူနေအိမ်များနှင့် တဖြည်းဖြည်း ဝေးလာ၏။ လမ်းတွေက မိုးရွာထားသောကြောင့် ချောနေသည့်အပြင် လမ်းမီးလည်း မရှိသဖြင့် ဆိုင်ကယ်မီးကိုသာ အားပြုပြီး ဂရုစိုက်မောင်းနေရ၏။ ထိုအချိန်တွင် ကိုသက်မောင်၏ နံကြားသို့ ချွန်ထက်သောအရာတစ်ခုနှင့် အထောက်ခံလိုက်ရပြီး-

‘ဟေ့ကောင်၊ မသေချင်ရင် ဆိုင်ကယ်ကို ခုချက်ချင်း ရပ်လိုက်’

ကိုသက်မောင် ဆိုင်ကယ်အား ဂီယာချိန်း၍ ရပ်လိုက်သည်။ ထိုသူက ကိုသက်မောင် နံကြားအား ထောက်ထားသည့် အရာကို ပို၍ တိုးဖိလိုက်ရင်း-

‘ဆိုင်ကယ်ပေါ်က ဆင်းစမ်း…’

ကိုသက်မောင် ဆိုင်ကယ်ပေါ်က မဆင်းသေးဘဲ ဘာလုပ်ရမလဲ စဉ်းစားလိုက်၏။

‘ဟေ့ကောင် ဆင်းဆို ဆင်းစမ်း၊ ဘာစဉ်းစားနေတာလဲ၊ သေချင်လို့လား’

ခြိမ်းခြောက်သံနှင့်အတူ ထိုလူ့လက်ထဲမှအရာက သူ့နံကြားထဲသို့ စူးခနဲ တိုးဝင်လာလေသည်။ ကိုသက်မောင် ရုတ်တရက် ဆိုင်ကယ်လီဗာကို ဆောင့်ဆွဲပြီး ဆိုင်ကယ်အား ဆွဲလှဲပစ်လိုက်တော့သည်။ ဆိုင်ကယ်အရှိန်ဖြင့် ထိုလူမှာ လမ်းဘေးသို့ လွင့်ကျသွား၏။ ကိုသက်မောင်လည်း ဆိုင်ကယ်အောက်တွင် ပိနေသဖြင့် မနည်းကုန်းရုန်းပြီး ထ,လိုက်သည်။ ဘယ်ဘက် ခြေသလုံးမှ နာကျင်သည့်ဝေဒနာကို ခံစားရ၍ လက်ဖြင့် ပွတ်ကြည့်လိုက်တော့ ပူနွေးစေးထန်းသော အထိအတွေ့ကို ရလိုက်၏။ ကိုသက်မောင် ဘယ်ဘက်ကိုယ်တစ်ခြမ်းလုံး နာကျင်နေပြီး နံတွေပါ အောင့်သွားသည်။ နာကျင်မှုကို ကြိတ်မှိတ်ကာ ဆိုင်ကယ်ကို ဆွဲထောင်၍ စစ်ဆေးကြည့်လိုက်သည်။ ဒူးကာကွဲသွားပြီး ခြေနင်းတစ်ဖက် ကျိုးသွားရုံမှလွဲ၍ သိပ်ကြီးကြီးမားမား မပျက်စီးသဖြင့် ကိုသက်မောင် စိတ်အေးသွားသည်။

လမ်းဘေးတွင် ခွေခွေလေး လဲနေသောသူမှာ မလှုပ်တော့သဖြင့် သေများသွားပြီလားဟု ထိတ်လန့်တကြားနှင့် အနားကပ်ကြည့်လိုက်သည်။ အသက်တော့ ရှူနေသေးသည်။ ဆိုင်ကယ်လဲသည့်အရှိန်ကြောင့် ကတ္တရာလမ်းနှင့် ဦးခေါင်းရိုက်မိပြီး သတိလစ်နေခြင်းဖြစ်ဟန်တူ၏။ ကိုသက်မောင်စမ်းကြည့်တော့ ဦးခေါင်းမှ သွေးအနည်းငယ်ထွက်နေတာ သိရသည်။ ထိုသူ၏ အင်္ကျီအိတ်ကပ်နှင့် ဘောင်းဘီအိတ်ထဲမှ ငွေစက္ကူတချို့နှင့် ဖုန်းတစ်လုံး ရှာတွေ့၏။ ဆိုင်ကယ်မီးရောင်ဖြင့် သေသေချာချာကြည့်လိုက်တော့ ဖုန်းက ဆမ်ဆောင်းအမျိုးအစားဖြစ်သည်။ ငွေကတော့ တစ်သောင်းကျော်ခန့်ရှိမည်။

ကိုသက်မောင် ဘာလုပ်ရမှန်းမသိ ဖြစ်နေ၏။ ထိုလူ၏ ဖုန်းနှင့်ငွေကို ယူပြီးသွားလျှင် ဘယ်သူမှသိလိမ့်မည်မဟုတ်ဟု တွေးမိသည်။ ဖုန်းကိုပြန်ရောင်းလျှင် ခြောက်သောင်း၊ ခုနစ်သောင်းခန့်တော့ ရမည်။ ထိုအခါ အိမ်ခန်းလခနှင့် သမီးအငယ်မ၏ ကျူရှင်ခ ပေးနိုင်မည်ဟု ကိုသက်မောင် တွေးမိသည်။ သို့သော် ဟိုလူ့ကို ဒီအတိုင်းထားခဲ့ရမှာကိုလည်း ချီတုံချတုံ ဖြစ်နေ၏။ သည်လို လူပြတ်သောနေရာတွင် ထိုလူအား ထားခဲ့လျှင် သွေးထွက်လွန်ပြီး သေသွားနိုင်လေသည်။ လူ့အသက်တစ်ချောင်းကိုလည်း ကိုသက်မောင် ပစ်စလက်ခတ် မထားနိုင် ဖြစ်နေ၏။ တစ်ဖန် ဒီလူက သူ့အသက်ကို ရန်ရှာသည့်သူ၊ သူ့ထိုက်နှင့်သူ့ကံ ရှိပစေဟု တွေးမိပြန်၏။ ထိုအခါ မနက်က လက်ဖက်ရည်ဆိုင်တွင် ကိုလှတိုးအောင် ပြောသည့် ကုသိုလ်ကောင်းမှု မလုပ်နိုင်လျှင်တောင် မကောင်းမှုကိုတော့ တတ်နိုင်သမျှ ရှောင်ရမည်ဆိုသည့် စကားကို ပြန်၍ ကြားယောင်မိပြန်သည်။

ကိုသက်မောင်တစ်ယောက် ထိုကဲ့သို့ တွေဝေနေစဉ်မှာပင် အဝေးမှ ကားမီးရောင်တစ်ခုကို လှမ်းမြင်လိုက်ရ၏။ နောက်ဆုံး ထိုကားမီးရောင် အနားရောက်မလာခင် ဆုံးဖြတ်ချက်တစ်ခုကို ပြတ်ပြတ်သားသား ချလိုက်လေတော့သည်။

❑

၄။

ညတုန်းက ရခဲ့တဲ့ ဒဏ်ရာတွေအရှိန်ကြောင့် ကိုသက်မောင်တစ်ကိုယ်လုံး မလှုပ်ရှားချင်လောက်အောင် နာကျင် ကိုက်ခဲနေ၏။ ပါးစပ်မှ တကျွတ်ကျွတ် ညည်းညူရင်း အိပ်ရာထဲမှ ကုန်းရုန်းထလိုက်သည်။

‘ဘာလုပ်မလို့ ထ,တာလဲ၊ ရှင့်တစ်ကိုယ်လုံး ဒဏ်ရာတွေနဲ့ နားနေပါလား’

ဇနီးသည် မချိုက စိုးရိမ်တကြီး ပြောသည်ကို ကိုသက်မောင် လက်ကာပြပြီး-

‘ရပါတယ်ကွာ၊ ဒဏ်ရာက သိပ်မများပါဘူး၊ ဆေးလိမ်းဆေးသောက်ရင် သက်



www.burmeseclassic.com

www.burmeseclassic.com

သာသွားမှာ၊ နားလို့မဖြစ်ဘူး၊ အိမ်လခပေးဖို့ ရှာရဦးမယ်၊ နောက်ပြီး ဆိုင်ကယ်လည်း ပြင်ရဦးမှာ'

'အဲဒါဆိုလည်း ခဏစောင့်၊ လမ်းထိပ်က ဆေးဆိုင်မှာ လိမ်းဆေးနဲ့ သောက်ဖို့ ဆေးသွားစပ်ခိုင်းလိုက်ဦးမယ်၊ ဆေးမသောက်ခင် စားဖို့ ဘာဝယ်ခဲ့ရမလဲ'

'ကော်ဖီနဲ့ မုန့်တစ်ခုခုဝယ်ခဲ့ကွာ'

ဇနီးဖြစ်သူ ဆေးဝယ်ဖို့ ထွက်သွားတော့မှ ကိုသက်မောင် အိပ်ရာထဲက ထပြီး သွားတိုက်၊ မျက်နှာသစ်လိုက်သည်။ လက်ဝဲဘက် ကိုယ်တစ်ခြမ်းလုံးမှာ မခံမရပ်နိုင်အောင် နာကျင်နေသောကြောင့် လက်တစ်ဖက်တည်းဖြင့် ခက်ခက်ခဲခဲ မျက်နှာသစ်ရလေသည်။ ဤအချိန်၌ သမီးအကြီးမက စက်ရုံဆင်းသွားပြီဖြစ်ပြီး အငယ်မကလည်း ကျောင်းသွားနေပြီဖြစ်သဖြင့် အိမ်မှာ ကိုသက်မောင်တစ်ယောက်တည်းသာ ရှိနေ၏။ ကိုသက်မောင်သည် ညတုန်းက ဇနီးနှင့် သမီးများ မမြင်အောင် ဝှက်ထားသော ဖုန်းနှင့် ငွေများကို ထုတ်ယူကြည့်လိုက်သည်။

ကိုသက်မောင်မှာ မနေ့ညက မိမိပယောဂကြောင့် လူတစ်ယောက်အသက် မဆုံးရှုံးစေချင်သည့်စိတ်ဖြင့် ဖြတ်သွားသော ကားတစ်စီးအား တားပြီး ထိုလူကို နီးစပ်ရာ ဆေးရုံသို့ ပို့ပေးခဲ့လေသည်။ အခြေအနေ မစိုးရိမ်ရမှန်းသိရမှ ဆေးရုံတာဝန်ရှိသူတစ်ဦးအား မိမိကို ဆက်သွယ်ရန် လိပ်စာနှင့် ဖုန်းနံပါတ်ပေးခဲ့ပြီး အိမ်သို့ ပြန်လာခဲ့၏။ တကယ်ဆိုလျှင် ကိုသက်မောင် ဆေးရုံတွင်ပေးခဲ့သော လိပ်စာနှင့် ဖုန်းနံပါတ်မှာ အမှားကြီးပင်ဖြစ်သည်။ ထိုသူ၏ ဖုန်းနှင့်ငွေများကို ကိုသက်မောင် ယူလာခဲ့၏။

ကိုသက်မောင်၏ လုပ်ရပ်အား ကိုလှတိုးအောင်သိလျှင်တော့ မည်ကဲ့သို့ အပြစ်တင်ပြောဆိုဦးမည် မသိပါ။ ကိုသက်မောင်မှာ အိမ်ခန်းလခနှင့် သမီးငယ်ကျူရှင်လခတို့အတွက် အရေးတကြီး ငွေလိုနေသည်။ လိုအပ်သော ငွေကို ရှာမပေးနိုင်လျှင် အိမ်ရှင်၏ အပြောအဆို ခံရမည်ဖြစ်၏။ သမီးငယ်မှာလည်း ကျူရှင်တွင် မျက်နှာငယ်ရလေမည်။ ညတုန်းက သူယူလာခဲ့သော ဖုန်းကို ဖိုးချိုမှတစ်ဆင့် ရောင်းလိုက်လျှင် လိုအပ်နေသော အိမ်လခနှင့် ကျူရှင်ခ အနည်းအကျဉ်း ပြေလည်သွားနိုင်မည်ဖြစ်သည်။ တစ်ဖန် ကိုလှတိုးအောင် ပြောသကဲ့သို့ ကုသိုလ်ကောင်းမှု မလုပ်နိုင်သည့်ဘဝမှာ မကောင်းမှုကို ကျူးလွန်ရမှာလည်း ဝန်လေးနေမိလေသည်။

ကိုသက်မောင်တစ်ယောက် ဖုန်းနှင့် ငွေစက္ကူများကို လက်မှကိုင်လျက် ပိုင်ရှင်ထံ ပြန်ပေးရန်း မပေးရန်း ဆိုတာ ဝေခွဲမရဖြစ်နေ၏။ သူ၏ စိတ်တွင်းဝယ် လတ်တလော မိမိကြုံနေရသည့် အခက်အခဲနှင့် ကိုယ်ကျင့်တရား မည်သည့်အရာက ပိုအရေးကြီးသလဲဆိုတာကို လွန်ဆွဲလျက် ရှိနေပါတော့သည်။ ■

**လင်းခေတ်ဇော်**

## ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၈ ရက်မှ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်အထိ


(၁) လင်းသပြေမောင် *တစ်ဝမ်းတွင်းထွက်* ၊ပုဏ္ဏားကျွန်းမြို့၊ (၂) မောင်ရင်ထွေး(မအူပင်) *မိုးလင်းတော့မည့် နံနက်ခင်း* ၊မအူပင်၊ (၃) လင်းရောင်စင် *ပန်ဒါ* ၊ရန်ကုန်၊ (၄) နေဇော်နှင်း *ချစ်တင်းပြောတာပါ* ၊နေပြည်တော်၊ (၅) အေးလှမြိုင်(ရွှေပန်းသူ) *ချောင်းတောင်ဘက်က ရန်ဖြစ်သံ* ၊ရန်ကုန်၊ (၆) ဘုန်းချစ်နော်(ဖေယျာမြေ) *ဇရာဝတီတမ်းချင်း* ၊မန္တလေး၊ (၇) ဆုကြယ်စင် *သွေးနီးချိန်* ၊စစ်ကိုင်း၊ (၈) မြအိန္ဒြာနွယ် *နသဲ* ၊E-mail၊ (၉) မိုးဟန်ဂျွန် *ငါးသောင်းသုံးထောင့်ငါးရာ* ၊ရန်ကုန်၊ (၁၀) နှင်းစက်ဟေမန်(ဖောင်းပြင်) *ထီးကလေးတစ်လက်ဖြစ်ချင်တယ်* ၊စစ်ကိုင်း၊ (၁၁) မင်းနိုင်(ခ·စ) *ကျေးဇူးရှင်* ၊ရန်ကုန်၊ (၁၂) နေဘုန်းညီ *သီသီ* ၊ရှမ်းပြည်နယ်၊ (၁၃) ဝိုင်းဝိုင်း *နှင်းငါးစက်* ၊ရခိုင်ပြည်နယ်၊ (၁၄) နောင်ရိုးနွယ်(မုံရွာ) *သိတတ်စအရွယ်* ၊မိတ္ထီလာ၊ (၁၅) ခင်မော်သက်(ကညွှတ်ကွင်း) *မင်္ဂလာပါ ဇန္နဝါရီ* ၊ပဲခူး၊ (၁၆) ဇိုတရာဖိုလ် *အဆိပ်* ၊ရန်ကုန်၊ (၁၇) နီနီအောင် (စက်မှု) *အိမ်လွမ်းဝေဒနာ* ၊မကွေး၊ (၁၈) ဆန်းငယ်သွေး(ပုတီးကုန်း) *ထမင်းပူပူ ဟင်းပူပူ* ၊ပဲခူး၊ (၁၉) သျှင်ညိမ်း *နေလောင်ပန်း* ၊ပဲခူး၊ (၂၀) အေပရယ်ညိုညိုချော *အနိုင်၏အရှုံး* ၊လားရှိုး၊ (၂၁) ဇွဲ(ပညာရေး) *အနှုတ်ကိန်းတစ်ခု၏နောက်ကွယ်* ၊နေပြည်တော်၊ (၂၂) အောင်အောင်ထက် *ကြောင်မလေး ဒေလီယာ* ၊မကွေး၊ (၂၃) ထွန်းလင်းဇော် *ရွက်ကျပင်* ၊ရေနံချောင်း၊ (၂၄) စိုးအာကာ *ဖုန်းနံပါတ် ၀၉-၇၇၂၂၈၄၁၄၈ ဆက်သွယ်ပါ* ၊မန္တလေး၊ (၂၅) မောင်ဝေ(ပဲနွယ်ကုန်း) *ဆောင်းအိပ်မက်ပမာ* ၊မိတ္ထီလာ၊ (၂၆) မျိုးဆွေဦး(မာလဲ-နတ်တောင်) *ဂရမ်တီမကုန်ခင်လဲလိုက် ချင်တယ်* ၊မန္တလေး၊ (၂၇) မင်းနိုင် (ခ·စ) *နေဝန်းနီနီ* ၊ရန်ကုန်၊ (၂၈) ရှိန်းခန့်ဇော်(ပင်းတယ) *နွေခေါင်ခေါင်မှာ ဆိုင်းဘုတ်တစ်ခု နှံ့နစ်နေသည်* ၊ပင်းတယ၊ (၂၉) ရဲသွင်ချစ် *နာကျင်ရတဲ့အကြောင်းတွေ* ၊ပြင်ဦးလွင်၊ (၃၀) ဇွဲ(ပညာရေး) *မျှော်လင့်ခြင်းကောင်းကင်* ၊နေပြည်တော်၊ (၃၁) ချစ်ခိုင်စံ(ဘီအီးဒီ) *အိမ်ရာမဲ့ပုံပြင်* ၊ပဲခူး၊ (၃၂) ခါမြေ *ပြတင်းပေါက်* ၊မန္တလေး၊ (၃၃) ခေတ်လွန်းနေ *လိပ်ပြာတောင်ပံခတ်သံ* ၊ကရင်ပြည်နယ်၊ (၃၄) ရွှေယမုံဦး *ဗာဒံပျိုနှင့် ဇရာအို* ၊ရန်ကုန်၊ (၃၅) မိုးသက်အောင်(မြန်မာစာ) *သောကဟင်းပွဲ* ၊-၊ (၃၆) မိုးသက်အောင်(မြန်မာစာ) *တူးကြွက်* ၊-၊

*စိစစ်လှဲ့စံ ပြုစုသည်။*



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော့်စိတ်တွေ
ဆောက်တည်ရာ
မဲ့နေခဲ့တယ်။ ရင်ထဲမှာ
ဘာမှမရှိတော့သလို
ဟာလာဟင်းလင်း
ဖြစ်နေခဲ့တယ်။ ကျွန်တော်
ငိုချင်ပေမဲ့
ငိုလို့လည်းမရဘဲ
မွန်းကျပ်နေတယ်။
စိတ်တွေကို ဖြေလို့
ရလိုရငြား
ကျောင်းကိုလာခဲ့ပေမဲ့
ကျွန်တော့် စိတ်တွေက
ဆောက်တည်ရာ
မဲ့နေတုန်းပဲ။
မဖြစ်နိုင်ဘူးလို့
ငြင်းချင်ပေမဲ့ အဲဒါဟာ
တကယ်ဖြစ်သွားခဲ့
ပြီဆိုတာ ကျွန်တော်
လက်ခံရတော့မယ်။
ဘယ်သူ့ကို
မဲရမှန်းမသိပေမဲ့
ကျွန်တော့်စိတ်ထဲ
မကျေနပ်တာကတော့
အဲဒီသူပုန်ဆိုတဲ့ကောင်တွေ၊
သောင်းကျန်းသူဆိုတဲ့
လူတွေကိုပဲ။
မနေ့ကဆို အဲဒီသတင်း
ကြားကြားချင်း
ကျွန်တော့်သွေးတွေ
ပွက်ပွက်ဆူလာကြ
သလိုပါပဲ။
ဒါကြောင့်လည်း
ကျွန်တော်
စိတ်လိုက်မာန်ပါ
အော်ပစ်ခဲ့တာ။
"ကျွန်တော် ဘွဲ့ရပြီးရင်
စစ်ထဲဝင်ပြီး
အဲဒီကောင်တွေကို
ပြန်ချမယ်" လို့
ဒေါ်သတကြီး
အော်ပစ်ခဲ့မိတယ်။
ကျွန်တော်တို့
ကချင်ပြည်နယ်ဟာ
မငြိမ်းချမ်းဘူး။
အထူးသဖြင့် တရုတ်-
မြန်မာ နယ်စပ်၊
ကေအိုင်အေတို့
တပ်စခန်းတွေ
အများကြီးရှိတဲ့
လိုင်ဇာနယ်စပ်မှာ
တိုက်ပွဲတွေ
ဖြစ်နေကြတယ်။



# သက်ငြိမ်

အမှတ် ၃၇၃ ဧပြီ ၂၀၁၃

၂၀၁၃ ဧပြီ ရွှေအမြုတေ ရုပ်စုံမဂ္ဂဇင်း ၂၀၃

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်နဲ့ တိုက်ရိုက်မသက်ဆိုင်တဲ့တိုင် ကျွန်တော့် ဘကြီးကတပ်မတော်က အရာရှိတစ်ဦး။ သူက ကျွန်တော့်ကို သိပ်ချစ်သလို ကျွန်တော်ကလည်း သူ့ကို သိပ်ချစ်တယ်။

အရင်လက ဘကြီးက လိုင်ဇာကို ရှေ့တန်းထွက်သွားခဲ့တယ်။ စစ်သားတစ်ယောက်ရဲ့တာဝန်မို့ အဲဒီတုန်းကတော့ ကျွန်တော် ပြုံးပြုံးရယ်ရယ်ပဲ ဘကြီးကို သွားနှုတ်ဆက်ခဲ့သေးတယ်။ အခုကျတော့-

‘သား ဘကြီး တိုက်ပွဲကျသွားပြီတဲ့’

မနေ့က အမေပြောတုန်းကဆို ကျွန်တော် ဘယ်လိုမှ မယုံနိုင်ခဲ့ဘူး။ မဖြစ်နိုင်ဘူးလို့ စိတ်ထဲက အကျယ်ကြီး အော်နေခဲ့ပေမဲ့ ကျွန်တော့်ပါးပြင်ပေါ်မှာ မျက်ရည်တွေနဲ့၊ ကျွန်တော့်ရင်ထဲက အောင့်နေခဲ့ပြီး ကျွန်တော့်နှုတ်ဖျား ဘာအသံမှ မထွက်နိုင်အောင် ဆို့တက်နေခဲ့အထိပဲ။

ကျွန်တော် ဘယ်လိုမှ မယုံနိုင်သလို ဘယ်လိုမှလည်း မခံစားနိုင်ဘူး။ ကြီးကြီးဆီကိုလည်း မသွားရဲခဲ့ဘူး။ ဒါကြောင့်လည်း ဒီနေ့ကျောင်းကို လာခဲ့မိတာ။ ဒါပေမဲ့ ကျွန်တော့်သူငယ်ချင်းတွေ ဘယ်သူနဲ့မှ ကျွန်တော် စကားမပြောချင်လို့ လွယ်အိတ်ကိုဆွဲလို့ မြစ်ကြီးနားတက္ကသိုလ်ရဲ့ နောက်ဘက်က ကျွန်းပင်ကြီးတွေဘက် ထွက်လာခဲ့မိတယ်။ ကျွန်တော့် စိတ်ထဲမှာတော့ နာကျင်ခံပြင်းနေမိတယ်။

လူသူလက်နက်အင်အားအရဆိုရင် ဒီသူပုန်တွေကို မနိုင်စရာ အကြောင်းမရှိဘူး။ ဒီသူပုန်တွေ ယုတ်ပတ်လို့ ဘကြီး သေရတာဖြစ်မယ်လို့ ကျွန်တော် တွေးပစ်မိတယ်။ ကျွန်တော် ဘွဲ့ရပြီးရင် ဗိုလ်လောင်းတက်ပြီး ပြန်တိုက်ပစ်မယ်လို့လည်း ဆုံးဖြတ်ချက် ချပစ်မိတဲ့အထိ။

ကျွန်တော် ကျွန်းပင်ကြီးအောက်မှာ ဝင်ထိုင်လိုက်တယ်။ ဗိုက်ဆာနေမှာစိုးလို့ ဝယ်လာခဲ့တဲ့ ခေါက်ဆွဲကြော်ဘူးကို ကျွန်တော့်ဘေးမှာပဲ ချထားလိုက်တယ်။ ကျွန်တော့်စိတ်တွေ လေနေတယ်။ ဘေးဘီဝန်းကျင်ကို တစ်ချက်ကြည့်လိုက်တော့ ကျွန်တော် ထိုင်နေတဲ့ ကျွန်းပင်ရဲ့ ဘေးမှာ ကောင်လေးတစ်ယောက် ထိုင်ပြီး စာဖတ်နေတာ တွေ့လိုက်ရတယ်။ ကျွန်တော် တစ်ချက်လေးပဲ ကြည့်ပြီး တိတ်တဆိတ်ပဲ နေလိုက်မိတယ်။ သူလည်း သူ့ဖီးလ်နဲ့သူ စာအုပ်ထဲစျာန်ဝင်နေပုံပါပဲ။ ခဏကြာတော့ ကျွန်တော် ခေါက်ဆွဲဘူးကိုဖွင့်ပြီး စားဖို့ ပြင်တော့ ကောင်လေးက ကျွန်တော့်ကို တစ်ချက်လှမ်းကြည့်တယ်။ အဲဒီတော့မှ ကျွန်တော်လည်း သတိရသွားပြီး-

‘စားဦးလေ…’

လို့ လောကွတ်ပြုမိတော့ ကောင်လေးက ပြုံးပြပြီး ခေါင်းခါတယ်။

‘စားပါ…’တဲ့။

သူ့အသံ ဝဲဝဲကြောင့် ကျွန်တော် ခေါင်းထောင်သွားတယ်။ သူ့အသံက သေချာပေါက် ကချင်သံပေါက်နေခဲ့တာကိုး။ ပြီးတော့ ရုပ်ကို ကျွန်တော် ခန့်မှန်းကြည့်လိုက်တော့လည်း တိုင်းရင်းသားရုပ်ဆိုတော့ ကျွန်တော့် စိတ်တွေ တင်းခနဲဖြစ်သွားတာကို ပြန်မျိုချလိုက်သလို ခေါက်ဆွဲဘူးကိုလည်း ပြန်ပိတ်ပြီး ဒီအတိုင်း ပြန်ချထားလိုက်တယ်။

ပြီးတော့ ကျွန်တော် ခပ်တင်းတင်းပဲ မေးလိုက်မိတယ်။

‘ဘယ်မေဂျာကလဲ’

သူက ဇဝေဇဝါနဲ့ ကျွန်တော့်ကို ပြန်ကြည့်ပြီး-

‘ဩော်….သချီ်ာဗျ၊ မနော်လို့ခေါ်ပါတယ်။ ဘရန်နော်ပေါ့’

သူက ဖတ်လက်စ စာအုပ်ကို ပိတ်ပြီး ကျွန်တော့်ကို လက်ကမ်းပြီး နှုတ်ဆက်တာမို့ ကျွန်တော်လည်း ပြန်ပြီး လက်ကို ဆွဲလိုက်မိတယ်။

‘ဟုတ် ပြည့်စုံကျော်ပါ။ ဘယ်က လာတက်တာလဲ’

‘ကျွန်တော်က မိုင်ဂျာယန်က လာတက်တာပါ’

ပြုံးပြုံး ပြုံးပြုံးနဲ့ စကားဝဲဝဲကို ထိန်းပြီးပြောနေတဲ့ ကောင်လေးကို ကျွန်တော် အကဲခတ်နေမိတယ်။

အမြဲတမ်းနီးပါး လျှို့ဝှက်ပြီး သစ္စာရှိကြတဲ့ ကချင်လူမျိုးတွေရဲ့ အကျင့်က သိပ်ကို နှုတ်လုံကြတာပါပဲ။ ဒါကို သိသိကြီးနဲ့ ကျွန်တော် တဲ့(ဒဲ့) ပဲ မေးချလိုက်တယ်။

‘ခင်ဗျားက ကေအိုင်အေထဲကလား’

ကောင်လေးက တစ်ချက်တွေသွားပြီး ကျွန်တော့်ကို အရယ်အပြုံးမဲ့ မျက်လုံးတွေနဲ့ ကြည့်တယ်။ ပြီးတော့ ခေါင်းကို ငုံ့ချလိုက်ပြီး-

‘မဟုတ်ပါဘူးဗျာ၊ ကျွန်တော့်အဖေက တောဘက်က ဗိုလ်ပါ။ လွန်ခဲ့တဲ့ နှစ်လကျော်ကျော်လောက်ကပဲ တိုက်ပွဲမှာ ကျသွားပါတယ်’

ကျွန်တော့် ပါးစပ်ဟောင်းလောင်းပွင့်သွားတယ်။ ဒီလိုကိစ္စတွေကို သူတို့တွေက ပြောလေ့ပြောထ မရှိကြတာရယ်၊ ကျွန်တော်နဲ့ ခံစားချက်ချင်း တူနေနိုင်ပေမဲ့ သူနဲ့ ကျွန်တော်ဟာ အစွန်းရဲ့ တစ်ဖက်တစ်ချက်စီမှာ ရှိနေကြတာရယ် အဲဒီအချက်နှစ်ခုနဲ့ ကျွန်တော် အခုတော့ သူ့ကို အမှန်တကယ် စိတ်ဝင်စားသွားမိတယ်။

သူက ခေါင်းကို နည်းနည်း ငုံ့ထားတယ်။

ကျွန်တော် ထပ်မေးလိုက်မိတယ်။

‘ဒါဆို မင်း စစ်သားတွေကို မုန်းနေမှာပေါ့’

သူက လွှန့်ခနဲတစ်ချက်လေး ပြုံးပြီး-

‘မမုန်းပါဘူး၊ ဘာလို့ မုန်းရမှာလဲ။ ဗမာစစ်သားတွေလည်း စစ်သားအလုပ် စစ်သားတွေလုပ်တာပဲ။ ကချင်စစ်သားတွေလည်း စစ်သားအလုပ် စစ်သားလုပ်ကြတာပဲ။ စစ်တိုက်ကြမှတော့ အဲဒီလိုပဲ သေကြရမယ်ဆိုတာ သိထားပြီးသားပဲလေ’

ကျွန်တော် ထပ်ပြီး အံ့သြသွားရပြန်ပြီ။



www.burmeseclassic.com

www.burmeseclassic.com

‘ဒါဆို မင်းရော တောဘက် ဝင်ရမှာပေါ့’

သူတို့လူမျိုးတွေက ယောကျ်ားလေးရှိတဲ့ မိသားစုတိုင်း သူတို့စစ်သားထဲ မဖြစ်မနေဝင်ရတာ ကျွန်တော် သိထားတယ်လေ။

သူက ခေါင်းခါလိုက်ပြီး ခပ်အေးအေးပဲ ပြန်ပြောတယ်။

‘ပုံမှန်အတိုင်းဆို ဝင်ရမှာပေါ့ဗျာ။ ဒါပေမဲ့ အခု ကျွန်တော်က ကျောင်းနေတုန်းဆိုတော့ သူတို့ထဲမှာ စာရင်းပဲရှိနေသေးတာ လူကိုယ်တိုင်ကတော့ မရောက်သေးဘူး။ ဒါပေမဲ့ ကျွန်တော့်အစ်ကို ရှိနေသေးတာလည်း ပါတယ်လေ’

‘ဒါဆို ခင်ဗျားက မဝင်ဘူးပေါ့’

‘မဝင်ချင်ပါဘူးဗျာ။ တစ်ယောက်နဲ့တစ်ယောက် ရန်ငြိုးရန်စဆိုတာ ထားလို့ တစ်ယောက်နဲ့တစ်ယောက် မြင်တောင် မမြင်ဖူးကြဘဲနဲ့ အမိန့်ဆိုတာရဲ့အောက်မှာ ပစ်ကြ၊ ခုတ်ကြ၊ သတ်ကြနဲ့ ကျွန်တော် မကြိုက်ပါဘူး။ ဒါကြောင့်မို့လည်း ကျွန်တော် ကျောင်းနေနေတာပေါ့’

ထူးဆန်းတဲ့စကားတွေ အဖြစ် ကျွန်တော် သတ်မှတ်လိုက်မိတယ်။ သူတို့လို အတော်များများက ခံယူချက်ပြင်းပြင်းနဲ့ စစ်တိုက်ကြဖို့ ပြောနေလေ့ရှိတတ်ကြတယ်လေ။ သူ့စကားလုံးတွေက ကျွန်တော့် ခံစားချက်တွေကိုပါ တဖြည်းဖြည်း နှုတ်ယူနေသလိုပါပဲ။

‘ဒါဆို ခင်ဗျားက ကျောင်းပြီးသွားရင် ဘာလုပ်မှာလဲ’

‘ကေအိုင်အေ့သားက ကေအိုင်အေဖြစ်ရမယ်လို့မှ မရှိတာပဲဗျာ။ ကျွန်တော်က ဒီမှာ ကျောင်းပြီးသွားရင် နိုင်ငံခြားမှာ ကျောင်းသွားတက်မှာ။ ကျွန်တော့်အတွက်ကတော့ ဘာမှ သိပ်မထူးခြားဘူးလေ။ အခုကျောင်းတက်နေတာလည်း အဒေါ့်အိမ်ကနေ တက်တာပဲ၊ ကိုယ့်ကျောင်းစရိတ် ကိုယ့်ဘာသာ ရှာရတာပဲလေ။ ဟိုမှာ သွားတက်ဖို့ကလည်း ကိုယ့်ဘာသာ ရှာရမှာပါပဲ။ ကျွန်တော်က နိုင်ငံခြားမှာ ကျောင်းတက်ပြီးသွားရင်၊ ကျွန်တော်တို့ဒေသ မငြိမ်းချမ်းသေးရင် ကျွန်တော့်လူမျိုးတွေကို ကူညီပေးမယ်။ နိုင်ငံတကာမှာရော ကျွန်တော်တို့ဆီမှာရော ငြိမ်းချမ်းရေးအကြောင်းတွေပြောမယ်။ ကျွန်တော်တို့တွေဟာ တစ်နိုင်ငံတည်းသားတွေပါ စစ်တွေကြောင့်သာ ကျွန်တော်တို့တွေ ရန်သူတွေလို ဖြစ်နေကြရတာပါ ဆိုပြီး ပြောပြမယ်။ ကျွန်တော်တို့တွေက ကျွန်တော်တို့ ဘိုးဘွားမိဘတွေနဲ့အတူ စစ်ပွဲရဲ့အရသာကို ခံစားခဲ့ပြီးပြီ။ ကျွန်တော်တို့ မျိုးဆက်တွေ နောက်လူတွေနဲ့အတူ ငြိမ်းချမ်းရေးရဲ့အရသာကို ခံစားကြရအောင်လို့ ပြောမှာပေါ့ဗျာ’

သူ့မျက်ဝန်းတို့ အရောင်တဖျပ်ဖျပ် လက်နေကြသလိုပါပဲ။ သူ့ရဲ့စကားသံဝဲဝဲနောက်က စကားလုံးတွေက အသက်ဝင် လှုပနေလိုက်ကြတာ။ ကျွန်တော့်အတွေးတွေ၊ ကျွန်တော့်စိတ်ကူးတွေအတွက် ကျွန်တော် သူ့ကို ရှက်မိပါတယ်။

ကေအိုင်အေဆိုတာ သူပုန်သောင်းကျန်းသူ ကေအိုင်အေဖြစ်နေတဲ့ ကချင်ဆိုတာလည်း အဲဒီလို သူပုန်စိတ်၊ သောင်းကျန်းသူစိတ်နဲ့ လူချည်းဆိုပြီး တွေးခဲ့မိတဲ့ ကျွန်တော့်အတွေးတွေ၊ အထင်သေးခဲ့မိတဲ့ ကျွန်တော့်စိတ်တွေအတွက် ကျွန်တော် သိပ်ကို ရှက်မိပါတယ်။

လက်စားချေခြင်းဆိုတဲ့ စိတ်ကို မွေးခဲ့တဲ့ ကျွန်တော့်ကိုယ်ကျွန်တော် သိလိုက်ပါတယ်။ ကျွန်တော့်ဟာ ကျွန်တော်အရိုင်းအစိုင်းလို့ သတ်မှတ်ထားခဲ့ဖူးတဲ့ ကေအိုင်အေ့သား၊ သူပုန်သားတစ်ယောက်လောက် စိတ်ဓာတ်တွေ မကောင်းခဲ့သေးတာကိုပါ။

‘အတန်းဝင်ရတော့မယ် ကိုပြည့်စုံကျော်’

သူ့သတိပေးမှ ကျွန်တော် ကိုယ့်ကိုယ်ကို ပြန်သတိရလိုက်မိပါတယ်။

‘ဩော် . . . ဟုတ် . . . ဟုတ်ကဲ့ . . . ။ ခင်ဗျားနဲ့ စကားပြောရတာ သိပ်ကောင်းပါတယ် ဘရန်နော်၊ ကျွန်တော်တို့ ထပ်ဆုံချင်ပါသေးတယ်၊ ဖြစ်မလား’

‘ရပါတယ်ဗျာ၊ ကျွန်တော်က ဒီမှာ စာအုပ်လာဖတ်နေကျပါ’

‘အိုကေ . . . ကျေးဇူးတင်တယ်ဗျာ . . . ’

ဒီတစ်ခါ သူ့ကို လက်ဆွဲနှုတ်ဆက်လိုက်တာ တကယ့်ကို လှိုက်လှိုက်လှဲလှဲနဲ့ပါ။

ဘရန်နော် ထွက်သွားရာ ကျောပြင်ကို ကြည့်ပြီး ကျွန်တော် လေးလေးနက်နက် ပြုံးလိုက်မိတယ်။

ကျွန်တော့်ရင်ထဲမှာ စောစောကလို ဟာလာဟင်းလင်း ဖြစ်မနေတော့ဘူးလေ။ ကျွန်တော့် စိတ်တွေ ကျွန်တော့် ရင်ထဲမှာ ခံစားချက်တစ်ခုခုဟာ အရင်ကထက်ပိုပြီး လေးလေးနက်နက် ရရှိလာခဲ့ပြီလေ။ ပြီးတော့ ကျွန်တော် စစ်ထဲဝင်ပြီး စစ်တိုက်မယ်ဆိုတဲ့ အတွေးဟာ ဘယ်အချိန်က အငွေ့ပြန်ပျောက်သွားမှန်း မသိပေမဲ့ အမှန်တကယ်ပဲ အဲဒီအတွေး ပျောက်သွားတာကိုတော့ ဝန်ခံပါတယ်။

အဲဒီအရာတွေ ပြန်လည်ရောက်ရှိလာတာဟာ စောစောက ဒီနေရာမှာ ကျွန်တော်နဲ့အတူ ရှိနေခဲ့တဲ့၊ လွန်ခဲ့တဲ့ တစ်နာရီလောက်အချိန်က သူပုန့်သားလို့ ကျွန်တော် သတ်မှတ်ထားတဲ့ ဘရန်နော်ဆိုတဲ့ ကောင်လေးတစ်ယောက်ကြောင့် ဆိုတာတော့ ကျွန်တော်ကိုယ်တိုင်ကလွဲရင် ဘယ်သူ ပိုသိနိုင်မှာလဲ။

ကျွန်တော် ကျေနပ်တောက်ပနေတဲ့ အပြုံးတွေကို မျက်နှာပေါ်တင်ပြီး ကျွန်းပင်ကြီးအောက်က ထွက်လာခဲ့မိတယ်။

ကျွန်တော့်အတွက် သေချာပါတယ်။ အဲဒီကျွန်းပင်ကြီးအောက်ကို ကျွန်တော် မကြာခဏရောက်ဖြစ်နေတော့မယ်ဆိုတာပေါ့။ ။ ■

သက်ငြိမ်



www.burmeseclassic.com


www.burmeseclassic.com

၁။
'ဩကာသ… ဩကာသ…
ဩကာသ'
ဘုရားခန်းမှ တရားသံကြောင့်
ဘေးက နာရီကို ကြည့်လိုက်မိတော့
မနက်လေးနာရီခွဲ။ မျက်လုံးကို
သေချာပွတ်လိုက်ပြီး နာရီကို
ထပ်ကြည့်လိုက်တယ်။ သေချာတယ်။
ညက အလုပ်ပြန်သိမ်းတာ
နောက်ကျလို့ ခေါင်းက ထူလို့မရ။
နားနှစ်ဖက်ကို လက်နဲ့အုပ်လိုက်ပြီး
ခေါင်းအုံးကို အပေါ်က ထပ်ဖိလိုက်ကာ
အိပ်ပျော်အောင်အိပ်လိုက်ဖို့ ကျွန်တော်
အခါခါ ကြိုးစားလိုက်မိတယ်။ မရဘူး။
ကျဉ်းမြောင်းတဲ့ အိမ်လေးဖြစ်လို့
ယောက္ခမကြီးရဲ့ တရားသံက နားထဲကို
အတားအဆီးမရှိ ဝင်ရောက်နေတယ်။
ကျွန်တော်လည်း ဗုဒ္ဓဘာသာဝင်

အမှတ် ၃၅၃ ဧပြီ ၂၀၀၉

# ကောင်နီသက်လွင်

ဘိုကလေး။





www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

တစ်ယောက်ပါ။ ဒါပေမဲ့ လူကြီးတစ်ယောက်ဖြစ်တဲ့ ယောက္ခမကြီးအနေဖြင့် ကာလံဒေသံတော့ ပိုနားလည်သင့်တာပေါ့။ ဒီလို လူခြေတိတ်ပြီး အများအိပ်ကောင်းတဲ့အချိန် အိမ်ကျဉ်းကျဉ်းလေးလို နေရာမျိုးမှာ ပိုပြီး သူ နားလည်ဖို့ ကောင်းပါတယ်။ အဲဒီအချိန်မှာပဲ မိုးကလည်း တဖွဲဖွဲရွာလာတယ်။ မကြာဘူး၊ သဲသဲမဲမဲနဲ့ ရွာလာပါတော့တယ်။ ထိုင်ကန်တော့ ချင်လောက်အောင် မိုးနတ်မင်းကို ကျေးဇူးတင်သွားခဲ့တယ်။ အိမ်မိုးသွပ်ပြားပေါ် မိုးစက်တွေ ခပ်စိပ်စိပ် ကျလာပြီး ယောက္ခမရဲ့ တရားသံပေါ် လွှမ်းခြုံအုပ်မိုးသွားခဲ့တယ်။ ကျွန်တော့်နားကို ပိတ်ထားတဲ့လက်ကို အသာပြန်ချလိုက်ပြီး နားစွင့်လိုက်တယ်။ လှိုက်ခနဲ ပျော်ရွှင်သွားမိတယ်။ အကြောင်းက မိုးရွာတဲ့ တဝေါဝေါ အသံမှလွဲပြီး တခြား ဘာအသံမှ မကြားရတော့ဘူး။ မျက်လုံးများက သိသိသာသာ ပြန်မှေးစင်းလာတယ်။ အေးစိမ့်စိမ့်အရသာကြောင့် ခြေရင်းက စောင်ကို လှမ်းဆွဲလိုက်ပြီး ခေါင်းအထိ ခြုံလိုက်တယ်။ မိုးသံလေသံ တအေးအေးနဲ့ ကျွန်တော့်ရဲ့ တစ်ညတာ ပြီးဆုံးခါနီး နာကျင် အချိန်ပိုကို ကောင်းကောင်းနှပ်ပစ်လိုက်တော့တယ်။

"အမယ်လေး… မောင်ရေ လာပါဦး… ဒီမှာ ရှော့တွေ ဖြစ်နေလို့"

ခြေရင်းဘက်က ဇနီးရဲ့ အလန့်တကြားအသံကြောင့် ကျွန်တော်ရဲ့ နာကျင်အချိန်

]tvkdt...
igu
toukuygyD
tjdmrifpmav;
xm;wY
igygkdfvmav;awG
awmh
rsufpmif
rxdkuygeY
[,f
eifvkd
vif,m;u
i,fygao;w,f
&mEkdmfzEkdu
ygw,f
igh
ypöfawmfawmh
rxdkifygeYt...
[if

ပိုလေး အချိန်ပြည့်လို့ ပွဲသိမ်းခရာ မှုတ်လိုက်သလိုပဲ။

"ဟင်… ဘာလဲ ဘာဖြစ်တာလဲဟင်"

အိပ်မှုန်စုံမွှားနဲ့ ကျွန်တော့် အမြင်အာရုံကို သေချာစူးစိုက်ကြည့်လိုက်တော့ မီးခလုတ်က တဖျပ်ဖျပ်နဲ့ မီးပွင့်နေတာ တွေ့တယ်။ ကျွန်တော့်ဇနီးက အဲဒီမီးခလုတ်ကို ကြည့်ပြီး ခုန်ဆွခုန်ဆွနဲ့ အော်နေတယ်။ ကျွန်တော်လည်း အိပ်ရာထဲက အမြန်ထ,ပြီး၊ အိမ်ရှေ့က မိန်းကို ပြေးချလိုက်တယ်။ အိမ်ထဲမှာ အမှောင်က ကြီးစိုးသွားတာပေါ့။

"အရေးအကြောင်းဆို မောင်မင်းကြီးသားက နှိုးမရဘူး တကတဲ"

အိမ်ရှေ့ခန်းက ယောက္ခမကြီးရဲ့အသံ နားထဲဝင်လာတယ်။ ကျွန်တော်လည်း မသိချင်ယောင်ဆောင်လိုက်ပြီး ဇနီးသည် ခိုင့်ကို ဓာတ်မီးနဲ့ထိုးခိုင်းကာ မီးခလုတ်ကိုပဲ သေချာဖွင့်စစ်နေလိုက်တော့၊ ခလုတ်က အကောင်း၊ ခလုတ်ပေါ်က စိုစွတ်နေတဲ့ အရာကို စမ်းမိလိုက်တော့မှ သဘောပေါက်လိုက်တယ်။ ကျွန်တော် အပေါ်ကို မော့ကြည့်လိုက်တော့ အပြစ်ကို တွေ့ရတော့တယ်။ မိုးယိုနေတဲ့ သွပ်ပြားအစပ်နေရာကို ဘေးက အသင့်တွေ့တဲ့ ကော်ယပ်တောင်လေးကို အသာထိုးညှပ်လိုက်ပြီး ခဏစောင့်ကြည့်လိုက်တော့ မိုးမယိုတော့။ ခလုတ်မှာစိုနေတဲ့ ရေကို သေချာသုတ်လိုက်ပြီး အိမ်ရှေ့က မိန်းကို တင်လိုက်တော့မှ တစ်အိမ်လုံး မီးပြန်လင်းလာတယ်။ ဒီအချိန်ထိ ယောက္ခမကြီးက အိမ်ရှေ့ခန်းမှာ ဘာတွေပြောနေမှန်းမသိ ပြောနေတယ်။ ကျွန်တော်လည်း အိမ်အနောက်ကို ပြန်ဝင်လာလိုက်တယ်။

"ထမင်းပြန်ချက်လို့ ရလား မောင်"

"ရပြီ ခိုင်"

"မောင် မရရင်ပြောနော် ခိုင် ဂတ်စ်မီးနဲ့ ချက်လိုက်မယ်"

"ရပါတယ်ဆို ခိုင်ရယ်"

ကျွန်တော်လည်း မီးခလုတ်ခုံအောက်က ဂတ်စ်အိုးကို ကြည့်ပြောလိုက်ပြီး ဘေးက အိပ်ရာထဲ ခေါင်းထိုး ဝင်လိုက်ပြန်တယ်။

"မောင်ရေ… အိပ်မနေတော့နဲ့ကွာ၊ ခိုင် ဈေးသွားတော့မယ် လိုက်ပို့တော့"

"ဟူး…"

ကျွန်တော် သက်ပြင်းချလိုက်ပြီး ဆုံးရှုံးသွားသော မိုးရွာနေတဲ့ မနက်ခင်းလေးကို နှမြောသွားမိတယ်။

"လာပါ မောင်ရယ် ထ"

အနားရောက်လာတဲ့ ခိုင့်ကို အားနာပြီး ကျွန်တော် မျက်နှာသစ်ဖို့ ထွက်လာလိုက်တော့တယ်။ အပြင်မှာ မိုးအတော်လင်းနေပါပြီ။ လူက ပြန်အိပ်ချင်နေတာတော့ အမှန်။

❑

၂။

"သမီး နင်တို့ လင်မယား ဈေးသွားရင် ဘုရားပန်း ဝယ်ခဲ့ဦးနော်"

ယောက္ခမကြီးရဲ့ အသံ နားထဲ ဝင်လာတယ်။

"ဟုတ် အမေ"

"နတ်အိုးတွေအတွက်ပါ ပိုဝယ်ခဲ့နော်"

"ဟုတ်"

ကျွန်တော် မကြိုက်တာ အဲဒါ။ သူ့လုပ်စာမရှိဘဲ အိမ်မှာ ပိုက်ဆံ အပိုအကုန်ခံတတ်တဲ့အကျင့်၊ ဘုရားပန်းဆိုတော်ပြီပေါ့။ အခုဟာက သူကိုးကွယ်တဲ့ နတ်တွေအတွက်ပါ ဝယ်ရမယ်ဆိုရင် မွဲနိုင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော့် ယောက္ခမက သုံးဆယ့်ခုနစ်မင်းကို အတွင်းရော အပြင်ရော အကုန်နီးနီး ကိုးကွယ်တတ်တယ်။



www.burmeseclassic.com

www.burmeseclassic.com

တစ်ခါတလေ သူ့ဘာသာသူတောင် ဘယ်ပန်းအိုးက ဘယ်နတ်ဟာမှန်းမသိ ဖြစ်တတ်သေးတယ်။ မနေနိုင်လို့ တစ်ခါ ဝင်ပြောလိုက်မိတယ်။

"အမေရယ် အပိုကုန်ပါတယ်၊ မုန့်ဝယ်စားလိုက်စမ်းပါ"

"သြ… မင်း အယူမရှိရင် နေပါ၊ ကိုယ်လည်း ထမ်းထားရတာ မဟုတ်ဘူး၊ ဘာတွေတွန့်တိုနေတာလဲ"

လူကြီးဖြစ်လို့ မကောင်းတတ်လို့ မပြောတာ၊ စိတ်ထဲတော့ ကျွန်တော် မကျေနပ်။ နတ်တွေကို ထမ်းမထားရဘူး ဆိုပေမဲ့ ဒီအိမ်ရဲ့ စရိတ်ကို ကျွန်တော် အများဆုံး ရှာပေးနေတာပါ။ အခုလည်း ကြည့်၊ ပြီးရင် သူက ဒူးမကောင်းဘူး၊ ဘာမကောင်းဘူး ဆိုပြီး ခိုင့်ကိုပဲ အကုန်ခိုင်းတာ။ နောက် အိမ်က ကျဉ်းပါတယ်ဆို သူ့နတ်ရုပ်တွေနဲ့တင် အိမ်ရှေ့ခန်းက ပြည့်နေတာမျိုး။ ဒီလို ယောက္ခမနဲ့ ကျွန်တော် ဘယ်လိုလုပ် အဆင်ပြေမလဲ။ သူ့သမီးနဲ့ ကျွန်တော့်ကိုတောင် သိပ်သဘောတူခဲ့တာ မဟုတ်၊ အတင်းခိုးပြေးခဲ့လို့သာ အဘွားကြီး မာန်ချသွားတာ။ ဒါတောင် ညားခါစက ရောဂါအမျိုးမျိုးအကြောင်းပြပြီး သူ့သမီးကို သူနဲ့အတူတူ ခေါ်ခေါ်သိပ်သေးတယ်။ အကျင့်က တစ်စက်ကလေးမှမကောင်းဘူး။ သူ့လို လူကြီးကစပြီး အကျင့်ပုပ်တော့ ကျွန်တော်က လူငယ်ပဲ၊ လူငယ်စိတ်နဲ့ တစ်ခါတလေတော့ ပြန်ပြောပစ်လိုက်တယ်။ ကျွန်တော် အဲဒီလိုပြောရင် အမေနဲ့ ယောက်ျားကြားက ခိုင့်မျက်နှာလေး ညှိုးညှိုးသွားတာကို မကြည့်ရက်လို့ စိတ်လျှော့ထားရတာ။ အဘွားကြီးကို ကြောက်လို့တော့ မဟုတ်၊ ခိုင့်ကို ချစ်လို့။

"ခိုင် နားလည်ပါတယ် မောင်ရယ်၊ မောင့်မှာလည်း မိဘရှိတာမှ မဟုတ်တော့တာ ခိုင်တို့နှစ်ယောက်ပေါင်းမှ ဒီအမေတစ်ယောက်ပဲ ရှိတာကို သည်းခံပေးပါနော် မောင်"

"မောင်နားလည်ပါတယ် ခိုင်ရယ်၊ ဒါပေမဲ့ တစ်ခါတလေ စိတ်အခန့်မသင့်လို့ ပြောမိတာပါ"

ပါးစပ်ကသာ ခိုင်ကျေနပ်အောင် ပြောလိုက်ပေမဲ့ စိတ်ထဲက ပါလှတယ် မထင်နဲ့။ အပြင်မှာ ကားမောင်းနေတဲ့ ကျွန်တော် လူပေါင်းစုံနဲ့ ပြောဆိုဆက်ဆံတတ်ပါတယ်။ ဒီလိုယောက္ခမလို လူမျိုးနဲ့ဆို ဈေးဦးပေါက်တောင် လိုက်မပို့ဘူး။ အိမ်မှာတော့ တော်တော်သည်းခံရပါတယ်။

"ခိုင် ကားလေးတစ်စီး ဈေးလေးတန်တယ်ကွာ၊ ကိုယ်ပိုင် ဝယ်ပြီးသာ မောင်းလိုက်ရရင် မောင်တို့ ပိုအဆင်ပြေမယ်နော်"

"အင်း မောင်ပြောတာလည်း ဟုတ်ပါတယ်၊ ခိုင်တို့မှာ စုထားတဲ့ပိုက်ဆံ အဲဒီလောက်မှ မရှိသေးတာ မောင်ရယ်"

ဟုတ်ပါတယ် ခိုင်ပြောတာ၊ ကျွန်တော်တို့ စုထားတဲ့ ငွေလေးက ကားမပြောနဲ့ ဆိုင်ကယ်တောင် အနိုင်နိုင်ရယ်။ ပြောနေရင်း စိတ်ထဲတစ်ခု အကြံရလို့ ခိုင့်ကို ပြောကြည့်မိတယ်။

"ခိုင်… ခိုင့်အမေဆီမှာ ပြောကြည့်ပါလား၊ ဟို မြို့သစ်ဘက်မှာ ဝယ်ထားတဲ့ ခြံလေး ရောင်းလိုက်ရင် ရမလားပဲ။ အခု ခြံဈေးတွေ တက်နေတာနဲ့လေ ကားတစ်စီးတော့ ရနိုင်လောက်ပါရဲ့"

ကျွန်တော့်စကားကြောင့် ခိုင့်မျက်နှာ ခပ်တွေတွေလေး ဖြစ်သွားတယ်။ အခြေအနေ ကောင်းမယ်ထင်တာနဲ့ ဆက်ပြောလိုက်မိတယ်။

"ခိုင်က တစ်ဦးတည်း သောသမီးပဲဟာ ပြောကြည့်ပါလား"

"အင်းလေ မောင် ခိုင် အမေ့ကို မေးကြည့်ဦးမယ်၊ အပိုင်တော့ တွေးမထားနဲ့နော်"

ကျွန်တာက ဆုတောင်းရမယ့်အပိုင်း ဖြစ်သွားပြီဆိုတာ ကျွန်တော် နားလည်လိုက်တယ်။

"အလိုအေ… ငါက အသက်ကြီးပါပြီ။ အိုစာမင်းစာလေး ထားတဲ့ ငါ့ပိုင်တာလေးတွေတော့ မျက်စောင်းမထိုးကြပါနဲ့ဟယ်၊ နင်တို့လင်မယားက ငယ်ပါသေးတယ်။ ရှာနိုင်ဖွေနိုင်ကြပါတယ်။ ငါ့ပစ္စည်းတွေတော့ မထိချင်ပါနဲ့အေ… ဟင်း"

ကားသိမ်းပြီး ခြံထဲဝင်လာတယ်ဆိုရင်ပဲ ကြားလိုက်ရတဲ့အသံကြောင့် ခြံဝမှာ ခဏ ရပ်လိုက်တယ်။ ခိုင်က ကျွန်တော့်ကို လှမ်းမြင်လိုက်လို့ မျက်နှာပျက်သွားတယ်။ သေချာတယ် ဒီအဘွားကြီး ကျွန်တော်လာလို့ တမင်ကြားအောင်ပြောတယ်ဆိုတာ။ တော်တော်ကပ်စေးနဲတဲ့ အဘွားကြီး၊ ငါရှာကျွေးနေတာကျတော့ အားမနာဘူး စားနေတယ်။ လူတင်မဟုတ်ဘူး၊ နတ်တွေပါ အိမ်ပေါ်တင်ကျွေးထားတဲ့ မျက်နှာပါ မထောက်။

"တောက်"

ကျွန်တော် စိတ်ထဲမှာ တွေးရင်း တောက်ခေါက်လိုက်မိတဲ့အသံ ခိုင် ကြားသွားသလို အဘွားကြီးလည်း ကြားမှာပါ။ ခိုင်က အိမ်အဝကို အတင်းထွက်လာပြီး-

"မောင်ပြန်လာပြီလား၊ ပေး…ပေး… မောင်"

ကျွန်တော့်ကို အပြေးလာကြိုရင်း လက်ထဲက ခေါက်ဆွဲကြော်ထုပ် နှစ်ထုပ်ကို ခိုင့်လက်ထဲ ထည့်ခါနီး သတိရလိုက်တာနဲ့-

"ရော့… ခိုင် တစ်ထုပ်ပဲ ယူသွားနော်"

ကျွန်တော့်အပြုအမူကြောင့် ခိုင်က နားမလည်သလိုနဲ့ မေးတယ်။

"တစ်ထုပ်က ဘာလုပ်မလို့လဲ မောင်ရဲ့"

ကျွန်တော် မပြောချင်။

"သွားပါ ခိုင်ရယ် သွား၊ အဲဒီ ခေါက်ဆွဲကြော်ကို ပြင်ထား ပြီးရင် ထမင်းစားမယ်"

ပြောပြီး လက်ထဲက ခေါက်ဆွဲကြော်ထုပ်ကို ခြံဝထွက်ပြီး လမ်းပေါ်မှာချကာ ခြေရင်းအိမ်က ခွေးတွေကို ခေါ်ကျွေးနေလိုက်တယ်။ မကြာပါ၊ ခြေရင်းအိမ်က အရီးစိုး ထွက်လာပြီး-

"အလို ငါ့တူ စေတနာကောင်းလိုက်တာ၊ ခွေးတွေ



www.burmeseclassic.com

www.burmeseclassic.com

ကို ခေါက်ဆွဲကြော် ကျွေးတယ် ဟုတ်လား၊ သာဓုပါကွယ် သာဓုသာဓု’

ကျွန်တော် အရီးကို ကြည့်ပြီး ပြုံးလိုက်တယ်။

‘ဟုတ် အရီးစိုးရေ… ဒီလို ခွေးတွေကို အစာကျွေးရင် ဆယ်ဘဝ အကျိုးပေးတယ်ဆိုလို့လေ ဟင်းဟင်း’

‘ဒါပေါ့ကွယ် ဒါပေါ့၊ လူတွေကို ကျွေးရင် ပိုပြီးတောင် ကုသိုလ်ရသေးတယ် ငါ့တူရဲ့၊ သူက ဘဝတစ်ရာ အကျိုးပေးတယ်လေ’

ပြောနေရင်း ယောက္ခမကြီး ထွက်လာတာ တွေ့တယ်။

‘နေပါစေ အရီးစိုးရေ ကျွန်တော်က နောက်ဆယ်ဘဝလောက်ဆို နိဗ္ဗာန်သွားတော့မှာဆိုတော့ ကုသိုလ်တွေ ပိုနေပါဦးမယ် ဟားဟား’

‘အို ငါ့တူက ကုသိုလ်တွေ အများကြီးရနေတာပါ၊ ယောက္ခမကို အမေလို့ လုပ်ကျွေးနေတာပဲ။ ဒီကုသိုလ်တွေက နည်းသလားလို့ နော့’

အရီးစိုးစကားကြောင့် ယောက္ခမကြီးက မပြုံးချင်ဘဲ ပြုံးနေသလိုနဲ့လေ။ ကျွန်တော် အရီးစိုး အားနာပေမဲ့ စကားဖြတ်ပြီး အိမ်ထဲ ဝင်လာခဲ့တော့တယ်။ အရီးစိုးကတော့ သဘောကောင်းတယ်။ သူ့သမက်ကို ကားနဲ့ခြံပါ ဝယ်ပေးထားတဲ့သူ။ အိမ်က အဘွားကြီးနဲ့တော့ တခြားစီ။ အဲဒီည ထမင်းစားတော့ ခိုင် မျက်နှာမကောင်း၊ ကျွန်တော် မသိချင်ယောင်ဆောင်နေလိုက်တော့တယ်။ မျက်စိထဲ ဈေးတန်ပြီး သန့်တဲ့ ကားလေးကို တော့ အခုတလော မြင်ယောင်နေမိတယ်။ လိုချင်တာ… ဖူး။

❑

၃။

‘ကိုသက် မင်းလိုချင်တဲ့ ကားလေး ထွက်သွားပြီကွ’

ကိုဘုန်းရဲ့စကားကြောင့် ကျွန်တော့်စိတ်ထဲ နှမြောသလို၊ လွမ်းသလို ဖြစ်သွားတယ်။

‘မပြောပါနဲ့တော့ ကိုဘုန်းရာ၊ အဲဒီကားကို တွေးမိတိုင်း စိတ်ထဲ ဒေါသဖြစ်မိသလိုပဲ’

တကယ်ပါ ကားအကြောင်းပြောတိုင်း အဘွားကြီးမျက်နှာက မျက်စိထဲ ကွက်ကွက်ကွင်းကွင်းကြီးကို ပေါ်လာတာ၊ နောက် ဒေါသဖြစ်တယ်။

❑

‘သာဓု… သာဓု… သာဓုပါဗျာ၊ အခုလို လှူဒါန်းတဲ့အကျိုးကြောင့် နိဗ္ဗာန်မဂ်ဖိုလ်ကို အမြန်ဆုံး မျက်မှောက်ပြုနိုင်ပါစေဗျာ’

အိမ်ရှေ့ခန်းက ထွက်လာတဲ့ ရပ်ကွက်လူကြီးတွေရဲ့ အသံကြောင့် အလှူခံလာတယ်ဆိုတာ သဘောပေါက်လိုက်တယ်။ ကျွန်တော် ခြေရင်းဘက်ကနေ အသာလေး အိမ်ပေါ်တက်လာတုန်း-

‘ကိုသက် ပြန်လာပြီလားကွ’

ရပ်ကွက်လူကြီးရဲ့ နှုတ်ဆက်စကားသံကြောင့် ကျွန်တော် ပြန်နှုတ်ဆက်ရတော့တယ်။

‘ဟုတ် ဦးလေး အခုပဲ ပြန်လာပါတယ်ခင်ဗျာ’

‘အေးကွာ ဒီမှာ မင်းယောက္ခမကြီးရဲ့ အလှူကို သာဓုခေါ်ပါဦးကွ။ ဦးတို့ ရပ်ကွက်ထဲမှာ ဓမ္မာရုံဆောက်ဖို့ အလှူငွေငါးသိန်း မ,တည်လှူဒါန်းတယ်လေ’

ကျွန်တော် အံ့အားသင့်သွားပြီး အဘွားကြီး လှမ်းကြည့်လိုက်တော့ သူက မိန့်မိန့်ကြီး ပြုံးပြနေလေရဲ့။

‘သာဓုပါဗျာ… သာဓု’

သုံးခွန်းပြည့် လား၊ မပြည့်လား မသိတော့။ ဘေးမှာ ထိုင်နေတဲ့ ခိုင့်ဆီက အသံထွက်လာတယ်။

‘မောင် မနက်ကို အရီးစိုးက ကားငှါးချင်လို့တဲ့၊ အဲဒါ ခိုင်ဘာပြန်ပြောလိုက်ရမလဲ’

‘အားတယ်ပြောလိုက် ခိုင်’

ပြောပြီး အိမ်အနောက်ဘက်ကို ထွက်လာလိုက်မိတယ်။ စိတ်ထဲ ဘာအလို မကျမှန်းမသိ။ မိန့်မိန့်ကြီး ပြုံးနေတဲ့ မျက်နှာကြီးသာ မျက်စိထဲ မြင်နေလို့။

❑

နောက်တစ်နေ့ အရီးစိုးက သူ့အမျိုးတွေကို ပဲခူးဘုရားဖူး လိုက်ပို့ချင်တာကြောင့် လူကများပြီး သူ့သမက် ကားတစ်စီးနဲ့ မလောက်လို့ ကျွန်တော့်ကားကို ငှားတယ်ဆိုတာ သိရတယ်။ ပဲခူးဘုရားဆိုတော့ ခိုင်ကလည်း လိုက်ချင်တယ်တဲ့လေ။ အရီးစိုးက ခေါ်ခဲ့ဖို့ ပြောတာနဲ့ ခိုင်ပါ လိုက်ဖို့ ဖြစ်လာတယ်။ အရီးစိုးက မနေ ကျွန်တော့်ယောက္ခမကြီးပါ ခေါ်ဖို့ ထပ်ပြောပါရော။ အဘွားကြီးက-

‘သွားကြပါ အစိုးရေ… အိမ်က မောင်းတဲ့ကား မစီးရဲတာရယ်၊ ဒူးနာနေတာရယ်ကြောင့် မလိုက်တော့ပါဘူး ဟင်းဟင်း’

အဘွားကြီးရဲ့ မထိတထိပြောသံက ဟိုင်းဝေးသွားမယ့်ကားကို အသေးစိတ်စစ်နေတုန်း ကျွန်တော့်နားထဲ ဝင်လာတယ်။ အသားတွေတောင်တုန်တယ်။ ဒေါသဖြစ်တာ။ ပြောပုံကို ကြည့်လေ၊ လူကြီးတစ်ယောက်ဖြစ်ပြီး လူကြီးစကား မပြောဘူး။ ကားမောင်းထွက်ခါနီး ပြောတဲ့စကားကို ကြည့်ပါလား။ ကျွန်တော် လုပ်ကျွေးနေတာကိုစားပြီး သူရှိတာကို အကုန်လှူနေတဲ့ အဘွားကြီး… ဟူး…။ ကျွန်တော် ဒေါသထိန်းမရတော့။ တွေ့ကြသေးတာပေါ့ အဘွားကြီးရယ်လို့။ စိတ်ထဲကနေ ကြိမ်းဝါးနေလိုက်တော့တယ်။

❑

‘သွားမယ် ငါ့တူရေ လူစုံပြီ’

‘ဟုတ် အရီးစိုး’

ကားထွက်ခါနီး ဆုံးဖြတ်ချက်တစ်ခုကို သေချာချလိုက်ပြီး အိမ်ထဲ ခဏပြန်ဝင်လာလိုက်တယ်။ ခိုင်က ကားပေါ်ရောက်နေပြီ။ ကျွန်တော်လည်း အိမ်အနောက်ကို ဝင်လိုက်ပြီး ခဏအကြာ ပြန်အထွက် အိမ်ရှေ့ခန်းမှာ အိပ်နေတဲ့ အဘွားကြီးကို တွေ့တယ်။ ခြံအဝရောက်တော့ မိုးအုံ့နေတဲ့ကောင်းကင်ကို ကြည့်လိုက်ပြီး လက်ထဲပါလာတဲ့ ကော်ယပ်တောင်လေးကို ခြံရှေ့အမှိုက်ပုံမှာ ပစ်လိုက်ပြီး ကားမောင်းထွက်



www.burmeseclassic.com

www.burmeseclassic.com

လာလိုက်တော့တယ်။

❑

၄။

ရန်ကုန်-ပဲခူးကားလမ်းပေါ်မှာ ကျွန်တော်မောင်းလာတဲ့ကားလေးက တရိပ်ရိပ်ပြေးနေတယ်။ ကောင်းကင်က မိုးသားတွေက တလိပ်လိပ်နဲ့ တက်လာနေတာ။ အနောက်တောင်ဘက်က မိုးတိမ်မည်းတွေက အမိန့်ချခံရတဲ့ တရားခံလို မကြာခင်မဖြစ်မနေကို ရွာချလိုက်မယ့်ပုံ။ လမ်းဘေးက မိုင်တိုင်အမှတ်တွေအရ ရန်ကုန်ကနေ မိုင်နှစ်ဆယ်ကျော် ဝေးလာခဲ့ပြီဆိုတာ သိနိုင်တယ်လေ။

'ငါ့တူလည်း မကြာခင် ကိုယ်ပိုင်ကား မောင်းနိုင်တော့မှာပါ'

ဘေးမှာထိုင်နေတဲ့ အရီးစိုး စကားကြောင့် ကျွန်တော် ဘာရယ်မဟုတ် ရယ်နေလိုက်ပြီးမှ တစ်ချက် ပြန်နောက်လိုက်မိတယ်။

'ဟုတ် အရီးစိုး ကျွန်တော် ထီထိုးထားတယ် ခင်ဗျ ဟဲဟဲ'

'သြော် အရီးစိုးက အတည်ပြောနေတာတာသားရဲ့'

တော်ရုံ စကားကို အတည်ပြောတတ်တဲ့ အရီးစိုးကြောင့် ကျွန်တော်စိတ်ဝင်စားသွားတယ်။ ခိုင်က ကားနောက်မှာ မူးလို့ဖြစ်မယ်၊ နောက်ကိုမှီပြီး မှေးနေတယ်။ 'အရီးစိုးပြောတာ ကျွန်တော်နားမလည်ဘူး'

'မင်း ယောက္ခမကြီးက ဘာမှပြောထားပုံမရဘူးပဲ၊ ဒီလိုကွယ့်၊ ဒီတစ်ခါ မင်းကားဝယ်ချင်တယ်ပြောရင်ဝယ်ပေးရအောင်ဆိုပြီး သူ့မြို့သစ်က ခြံကိုရောင်းတယ်၊ သူ့ပတ္တမြားနားကပ်ကိုလည်း အရီးစိုးပဲ ဟိုတလောက ရောင်းပေးလိုက်ရတယ်။ ဒါတောင် ရပ်ကွက်ဓမ္မာရုံအတွက် လှူချင်တာကိုတောင် သူ့ကိုယ်ပိုင် အထည်လေးရောင်းပြီး လှူတယ်။ ဒီ ကားဝယ်ဖို့ အရီးစိုးကို အပ်ထားတဲ့ငွေကို မထိဘူး။ နောက် မင်းတို့ လင်မယားကို အခုနေတဲ့ အိမ်နဲ့ခြံကိုလည်း မကြာခင် လွှဲပေးမယ်တဲ့။ သူက ကျန်းမာရေး မကောင်းဘူး၊ အချိန်မရွေး သေသွားနိုင်တယ်လည်း ပြောတယ်ကွယ့်'

'ဗျာ... အရီးစိုး ဒါ တကယ်လား'

ကျွန်တော် နားကြားများ လွဲတာလား၊ ထပ်မေးလိုက်တယ်ဆိုပေမဲ့ အရီးစိုးကိုတော့ ယုံတယ်။ ကားဘရိတ်ကို ဖြည်းဖြည်းချင်းနင်းလိုက်မိတယ်။ ကျွန်တော် ခေါင်းထဲ ထူပူလို့၊ တစ်ဖက်သတ်အမြင်နဲ့ တစ်ယောက်တည်း ထင်ချင်တာထင်ခဲ့တဲ့ပုံ။ ဒီအတိုင်းဆို အခုတော့ မှားပြီပေါ့။

'တကယ်တော့ ယောက္ခမတွေအထဲမှာလည်း အမေနဲ့ တူတဲ့သူတွေရှိပါတယ်။ ငါ့တူယောက္ခမလို လူမျိုးတွေက အမေနဲ့တူတဲ့သူတွေပဲပေါ့'

အရှိန်နည်းသွားတဲ့ ကားကြောင့် ပတ်ဝန်းကျင်ကို သတိထားကြည့်လိုက်တော့ မိုးရေစက်က တစ်ပေါက်စ နှစ်ပေါက်စ ကျနေတယ်။

ဘုရား... ဘုရား... ငါ သူတော်ကောင်းကို ပြစ်မှားမိပြီလား၊ စိတ်ထဲမှာတွေးနေမိတယ်။ ကားကို ရှေ့ဆက်မမောင်းချင်တော့ ။

'ငါ့တူ ဘာဖြစ်လို့လဲ' အရီးစိုးမေးတဲ့အချိန်မှာပဲ ဝေါခနဲဆို မိုးရွာချတော့တယ်။ နားထဲမှာ အရီးစိုးစကားက ပဲ့တင်ထပ်နေသလိုပါပဲ။ အမေနဲ့တူသော ယောက္ခမ။ မဖြစ်တော့ဘူး။ ဒီအတိုင်းဆို ကျွန်တော် သူတော်ကောင်းကို ပြစ်မှားတာ ကျိန်းသေပြီပေါ့။

'ဝေါ... ဝေါ... ဝေါ...၊ ဖြောက် ဖြောက် ဖြောက်...'

မိုးက သဲသဲမဲမဲ စ,ရွာနေပြီလေ။ ဒီအတိုင်းဆို မဖြစ်တော့။ ကျွန်တော် တစ်ခုခုကို သေချာဆုံးဖြတ်ရတော့မယ်။

'ငါ့တူ ဘာဖြစ်နေတာလဲ'

'မောင် ဘာဖြစ်လို့လဲ ဟင်'

အသံတွေကြားနေရပေမဲ့ အပြင်က မိုးရေတွေက ကျွန်တော့်ကိုယ်ပေါ် နစ်နစ်သည်းသည်းရွာချနေသလို။ ကျွန်တော့်မျက်ဝန်းထဲ မိုးယိုနေတဲ့အပေါက်၊ လျှပ်စစ်စီးပြီး ရေစိုနေလို့ မီးပွင့်တွေ တဖျပ်ဖျပ်ခတ်နေတဲ့ ရေစိုခလုတ်၊ အောက်မှာ ခပ်ဟဟလေးဘားကို ဖွင့်ထားတဲ့ ဂတ်စ်အိုး၊ နောက် အမေနဲ့တူသော ယောက္ခမရဲ့မျက်နှာ။ အရှိန်နည်းနေတဲ့ ကားဘက်မှန်ကနေ နောက်ကားကို ကြည့်နေရင်း ကားထဲက အဲကွန်းရဲ့ အအေးဒဏ်၊ အပြင်က မိုးအေးနေတဲ့ ပတ်ဝန်းကျင်။ ဒါတွေအားလုံးရဲ့အလယ် ချွေးဒီးဒီးကျလို့ပေါ့။ ကျွန်တော် ဆက်မောင်းရမလား၊ ပြန်လှည့်ရ မလားဆိုတာကို စဉ်းစားရင်း မျက်စိက နောက်ကားအရှင်းကို သေချာကြည့်နေမိတယ်။ နောက်ဆုံး ဆုံးဖြတ်လိုက်တယ်။ နောက်ကားရှင်းသွားလို့ ကားကို ပြန်ကွေ့ချလိုက်တယ်။

'ကျွီ'

ကားထဲမှ စကားသံတွေ ဆူဆူညံညံပဲ ထွက်ပေါ်လာခဲ့တယ်။ ကားပေါ်ကပါလာတဲ့သူတွေ ကျွန်တော့်ကို ကြည့်ပြီး အံ့သြနေကြလိမ့်မယ်။ ကျွန်တော့်နားထဲမှာ အမေနဲ့တူသော ယောက္ခမဆိုတဲ့ စကားသံကိုသာ အကြိမ်ကြိမ် ကြားယောင်နေတယ်။ ကျွန်တော့်ကို မိန့်မိန့်ကြီး ပြုံးပြနေတဲ့ အပြုံးရဲ့ ရင်ထဲကို အခုမှ လှမ်းမြင်လိုက်ရသလိုပါပဲ...။

နိဂုံး

ယောက္ခမနဲ့ သမက်ဆိုတာ ကမ္ဘာဦးကတည်းက အများအားဖြင့် မညီခဲ့တဲ့ ကြိုးတွေ၊ ညှိမရခဲ့တဲ့ ကြိုးတွေလို ကျွန်တော့်အလှည့်မှာလည်း ညီအောင်ညှိမယ် မကြိုးစားဘူး။ အများနည်းတူ ခါးသက်နေအောင် သောက်ခဲ့တဲ့ မိုးခါးရေက အခုတော့ ကျွန်တော့်ရင်ထဲ အတော်လေးကို ပူလောင်နေခဲ့ပြီ။ အပြင်မှာ မိုးက ရွာနေတာမှ သည်းလို့၊ မိုင်နှစ်ဆယ်ကျော် ခရီးကနေ ကျွန်တော့်ကားလေး ရန်ကုန်ဘက်ကို စိုးရိမ်တကြီးနဲ့ ခုန်ပေါက်မောင်းနှင်လို့...။

'ဘုရား... ဘုရား'

■ ရောင်နီသက်လွင်

၊ဘိုကလေး၊



www.burmeseclassic.com

www.burmeseclassic.com

၁။
အပြင်၌ မိုးဖွဲလေးများ ကျနေသည်။
ကောင်းကင် တစ်ပြင်လုံး
မည်းမှောင်နေပုံမှာ
မကြာခင် မိုးသည်း တော့မည်ကို
ဖောင်မေးစရာ မလို။ သည်နေ့ စနေနေ့။
အဓိနိုင်ငံမှာသာဆိုလျှင် စနေမိုး
အငြိုးကြီးသည် ခုနစ်ရက် ခုနစ်လီ
ရွာပြီး ရွာနေမည်ဟု ပြောကြမည်။
အဟုတ်လည်း ရွာသည်။
လမ်းဘေးဈေးသည်တွေ ဒိုသံပါအောင်
ညည်းကြရမည်။ တစ်နေ့လုပ်
တစ်နေ့စားတွေ ဝမ်းရေးအတွက်
ခေါင်းမူကြရမည်။ တချို့နေရာတွေ
ရေကြီးနိုင်သလို၊ သီးနှံတွေ၊ စိုက်ခင်းတွေ
ပျက်စီးတာမျိုးလည်း ဖြစ်နိုင်သည်။
သည်မှာတော့ အေးအေးဆေးဆေး။
သည်လိုနေရာ၊ သည်လိုအိမ်မျိုးဆိုတာ
လေဒဏ်မိုးဒဏ် မံရဖို့ဝေးစွ၊ မိုးရွာ၍
ရွာမှန်းပင် မသိနိုင်သည့် နေရာမျိုး။
ထိုနေရာမျိုးတွင် အလုပ်လုပ်ရမည် ဆိုပါက
ငြင်းမည့်သူရှိမည် မဟုတ်။
မိုးလင်းမိုးချုပ် အလုပ်နှင့်လက်
မပြတ်သော်လည်း အိမ်အလုပ်လုပ်ရခြင်း
သည် ကျွန်မအတွက် အပန်းမကြီးပေ။
နေ့လယ်ခင်းက ရေချိုးခန်း၊
အိမ်သာခန်းတွေကို စိတ်ကြိုက်သန့်ရှင်းရေး
လုပ်ခဲ့ပြီ။ အခု ဧည့်ခန်း၊ ဘုရားခန်း၊
ထမင်းစားခန်း၊ အိပ်ခန်းပါမကျန်
ဖုန်သုတ် ရှင်းလင်းလိုက်၏။ နာရီကို
တစ်ချက်ကြည့်လိုက်တော့ သုံးနာရီ။
'ဟူး... အချိန်တွေကလည်း ကုန်တာ
မြန်လှချည့်လား။ ညနေ သုံးနာရီတောင်ရှိပြီ'
ဖုန်စုပ်စက်နှင့် ကြမ်းခင်း သန့်ရှင်းရေး
လုပ်ပြီးလျှင် ပုံမှန်အလုပ်အားလုံး ပြီးစီးပြီ။
လုပ်လက်စအလုပ်များကိုလည်း
လက်စသတ်လိုက်သည်။
ရေမိုးချိုးပြီးနောက် ဧည့်ခန်းတွင်
ခြေပစ်လက်ပစ်ထိုင်ရင်း
လာနေကျဖုန်းသံကို နားစွင့်နေမိသည်။
ထိုဖုန်းလာပြီးမှသာ ညစာအတွက်
ပြင်ဆင်ရမည်ဖြစ်၏။
ဖုန်းစောင့်ရင်း ဧည့်ခန်းပြတင်းပေါက်မှ





www.burmeseclassic.com

www.burmeseclassic.com



# မေနှင်းမောင်

## လမ်းပေါ်ရောက်တဲ့ဖား

အမှတ် ၃၇၃ ဧပြီ ၂၀၁၃

ရွှေအမြုတေ

၂၀၁၃ ဧပြီ ရွှေအမြုတေ ချစ်စုံမဂ္ဂဇင်း ၂၂၉

www.burmeseclassic.com

www.burmeseclassic.com

လိုက်ကာအား လှပ်လိုက်ရင်း အပြင်သို့ ကျွန်မ အကြောင်းမဲ့ ကြည့်လိုက်မိ၏။ မိုးက အသည်းကြီးမဟုတ်သလို ဖွဲဖွဲကျနေတာထက်တော့ ပိုမည်။ မိုးအရှိန်နှင့်မို့ အပြင်မှာ ပုံမှန်ထက်တော့ မှောင်နေပြီ။ အိမ်ရှေ့ခြံစည်းရိုးမှ မီးလုံးများကို ကျွန်မ ဖွင့်လိုက်၏။

ဖားလေးတစ်ကောင်...။

ဟုတ်သည် လမ်းမီးတိုင်အောက်မှာ ဖားလေးတစ်ကောင်ကို ကျွန်မ လှမ်းမြင်နေရသည်။ လမ်းဘေးပလက်ဖောင်းပေါ်မှ လမ်းလယ်သို့ ဆင်းဖို့ ကြိုးစားနေပုံရသည်။ ဘာရယ်မဟုတ် ဖားလေးအတွက် စိုးရိမ်သွားမိ၏။ ဒီအချိန် ဒီလမ်းမှာက ကားအသွားအလာထူသည်။ မျက်စိလည် လမ်းမှားလာသလား၊ တမင်များ ရောက်လာသလား မတွေးတတ်ပါ။ ဖားလေးက ရှေ့ကို နှစ်လှမ်းသုံးလှမ်း တိုးလိုက်၊ ရပ်သွားလိုက်နှင့် အခြေအနေကို သုံးသပ်နေပုံရသည်။ တိရစ္ဆာန်တစ်ကောင်၏ အတွေးနှင့် သူဘာဆက်လုပ်မည်နည်း စိတ်ဝင်စားမိသည်ကတော့ အမှန်။ ဖားလေးက နောက်ဆုတ်မည့်ပုံမပေါ်။ ရှေ့တိုးဖို့သာ အားစိုက်နေ၏။

"ရှေ့မတိုးတော့နဲ့လေ၊ သေလိမ့်မယ်... မသွားပါစေနဲ့... မသွားပါစေနဲ့"

ကျွန်မ တိုးတိုးလေး ဆုတောင်းမိ၏။ ဖားလေးက ကြားနိုင်မည်မထင်။ ကားတွေကလည်း တစ်စထက်တစ်စ ပိုများလာပြီ။ ကျွန်မ

vrfrDvldf
at mufS
zm;av;
wpfaumi fuld
ulef
vSfjri fae&onf
vrfab;
yvufazmi fay:rS
vrfv, fbd
qifzkd
Lukfpm;aeykbnf
bm&, f[ kvf
zm;av;t wGuf
pkd;dbrGd
'Dcsdf
'Drfmu
um;t oGt vm
xbnf
rsufpdvnf
vrfmovm
wrifsm;
a&mufvmovm;
rawG;wwfyg

ကြည့်နေရင်းနှင့်ပင် လမ်း၏ သုံးပုံပုံတစ်ပုံသို့ ဖားလေး ရောက်နေပြီ။ ကားလမ်းသည် မြောက်ဘက်မှ တောင်ဘက်သို့ သွားသည့် တစ်လမ်းမောင်းဖြစ်သည်။ ဥဒဟို သွားနေကြသည့် ကားတွေ၏ ညာဘက်ဘီးများအားလုံး ဖားလေးနားမှ ပွတ်ကာသီကာ။

ကျွန်မရင်တွေ ပိုခုန်လာပြီ။ သတ္တိရှိတာလား၊ မိုက်ရူးရဲဆန်တာလား ဒါတော့ မဖြစ်နိုင်။ တိရစ္ဆာန်တစ်ကောင်မှာ ထိုသို့ အသိဉာဏ်မျိုး ရှိနိုင်ပါမည်လား။ သို့တိုင် သေမှာတော့ ကြောက်ပေမည်။ ဒီဖားလေးက သေမှာမကြောက်၍ ကားလမ်းမပေါ် ရောက်နေခြင်းလား မဝေခွဲတတ်။ သူ အန္တရာယ်ကို ကြိုမသိခဲ့၍သာဖြစ်မည်။ ဟုတ်လိမ့်မည်... အန္တရာယ်ကို ကြိုမသိခဲ့၍... သာ...။ ဖားလေးကိုကြည့်နေရင်း ကျွန်မ၏ အတွေးများသည် အတိတ်နေ့ရက်များကို ဟိုတစ်စ၊ သည်တစ်စ ဆွဲထုတ်လိုက်မိသည်။

❑

၂။

"အဟွတ်... အဟွတ် ...အဟွတ်... အင်း"

"အမေ့ ချောင်းဆိုးတာကလည်း မသက်သာပါလား အမေရယ်"

သူ မေးလိုက်တော့ ရင်ဘတ်လေးဖိပြီး အမေ ပြန်ဖြေရှာသည်။

"ဥတုကလည်း အေးတာကို မလေးရယ်၊ ဒါနဲ့ မယ်အိတစ်ယောက် ရောကျောင်းသွားပြီလား"

"မသွားသေးဘူး အမေ။ တောင်ဘက်ဝိုင်းကို ခဏ သွားတယ်။ ကျွန်မ ဈေးမှာ ချုပ်ထည်သွားသွင်းရင်းနဲ့ တစ်ခါတည်း ပို့ခဲ့လိုက်မယ်"

အမေ ခေါင်းညိတ်ပြပြီး အသာပြန်လှဲသွားသည်။ ချုပ်ထည် သွားသွင်းမည်ဟုသာ ဆိုသည် ချုပ်ခက ဘယ်လောက်မှ ရတော့မည် မဟုတ်။ အရင်တစ်ခေါက်တုန်းက ပိုက်ဆံမလောက်၍ ထောင့်ငါးရာ ပိုထုတ်ထားသေး၏။ ထိုငွေ ပြန်ဆပ်လျှင် နှစ်ထောင်ကျော်သာ ရတော့မည်။ အမေ့အတွက် ပန်းနာပျောက်ဆေး၊ မယ်အိက ဗလာစာအုပ် သုံးအုပ် လိုသည်။ ဟင်းစားက ချဉ်ပေါင်ရှိလျှင် ဖြစ်သော်လည်း ရောဂါသည် အမေ့ကို မိုးအေးအေးမှာ ကြက်စွပ်ပြုတ်လေး လုပ်ပေးချင်မိ၏။ သူ ဘာလုပ်ရမည်နည်း။

"မောင်နှမသုံးယောက်မှာ ကျွန်မက အကြီးဆုံးဖြစ်ပြီး အောက်မှာ မောင်တစ်ယောက်ရှိသည်။ မနှစ်က ဆယ်တန်းကျသည်။ကျောင်းမနေတော့ဘဲ ရန်ကုန်တက်ပြီး ပန်းရန်လုပ်နေသော်လည်း မိုးကောင်းနေ၍ အလုပ်က တွင်ပုံမရ။ ငွေလည်းမလာ။ အငယ်ဆုံးမ မယ်အိက ရှစ်တန်းကျောင်းသူ။ အကြီးနှစ်ယောက်က ဆယ်တန်းမအောင်သော်လည်း မယ်အိမှာ စာတော်သည်။ ကိုးတန်းနှစ်ရောက်လျှင် ဘော်ဒါလေး ထားပေးချင်သည်။ အဖေ့ကိုလည်း အပြစ်မတင်ချင်။ မနှစ်က အာလူးစိုက်ဖို့ အဖေယူထားသည့် အကြွေးပင် ဆပ်နိုင်မည် မထင်ပါ။ အာလူးခင်းလည်း အရှုံးပေါ်ကာ အတိုးသာပေးနိုင်သည်။ သည်ကြားထဲ တို့တိတို့တိ အကြွေးပေါက်စလေးတွေကလည်း မှိုကျင်းများလိုပင် ဟိုတစ်စု သည်တစ်စုနဲ့ ပွစာကြဲနေပြီ။ သည်လိုနှင့်ပင် အကြွေးသံသရာထဲမှ ရုန်းမထွက်နိုင်ခဲ့သည်မှာ ကြာပြီ။ သက်ပြင်းကိုသာ အကြိမ်ကြိမ် ချမိသည်။

ရွာမှာလည်း အုတ်တိုက်တွေ တထောင်ထောင်၊



www.burmeseclassic.com

www.burmeseclassic.com

သွပ်မိုးတွေ တပြောင်ပြောင်များဆို သွားမမေးလိုက်နှင့်၊ သူတို့အိမ်က သားသမီးတွေ နိုင်ငံခြားမှာ သွားအလုပ်လုပ်နေသည့်သူချည်းပင်။ အားလုံး အဆင်ပြေနေကြသည်။ တချို့ အထည်ချုပ်၊ တချို့လည်း အိမ်အကူလုပ်ကြသည်။ အမျိုးမျိုးအဖုံဖုံပင်။ အဖေနှင့် အမေသည် သူ့ကို မသွားစေချင်သော်လည်း သူ စွန့်စားမှ ရတော့မည်။ ရွာထဲမှ လူတွေလို တိုက်မဆောက်နိုင်ဦးတော့ အဖေ့အာလူးကြွေးတော့ ကျေမည်။ ကိုယ်ပိုင်ငွေထုတ်ပြီး အဖေ့ကို ရာသီစာတွေ စိုက်ခိုင်းမည်။ အမေ့ကို ဆေးကုမည်။ သည့်ထက် အဆင်ပြေလာလျှင် မောင်လေးကို ရွာပြန်ခေါ်ပြီး အမေ့ကို စောင့်ရှောက်ရင်း အဖေနှင့်အတူ စိုက်ပျိုးရေးကို ဝိုင်းကူခိုင်းရမည်။ မယ်အိကိုလည်း ဘော်ဒါထားနိုင်မည်။ နှစ်နှစ်၊ သုံးနှစ်လောက်တော့ ရင်းရမည်ထင်သည်။

ကျွန်မ ဆုံးဖြတ်ချက်ချလိုက်၏။ အလုပ်ကလည်း အဆင်သင့်။ အိမ်အကူသဘောပါပဲ။ လူအများကြီးတော့ မဟုတ်ဘူး။ အဘိုးကြီးတစ်ယောက်ကို ချက်ပြုတ်ကျွေးရုံပါ။ တွေးကြည့်လျှင် ကုသိုလ်လည်းရ ဝမ်းလည်းဝ,ပေါ့။ ရွာမှာတော့ အထည်ချုပ်ဟုပင် ပြောရမည်။ လူတွေက မဟုတ်မဟတ်တွေ ပြောရမည်လျှင် ကိုယ့်ထမင်းကိုယ်စားပြီး တောင်မဟုတ်၊ အဖော်ပါ ထမင်းကျွေးပြီး အတင်းပြောမည့် သူတွေချည်း။ လူတမ်းစေ့ နေနိုင်လာလျှင်သာ ပါးစပ်ပေါက်တွေက အလိုလိုပိတ်သွားကြပေမည်။

❑

၃။

အရှိန်ပြင်းပြင်း မောင်းသွားသောကားသံကြောင့် အတွေးစပြတ်ပြီး လမ်းပေါ်သို့ ပြန်ကြည့်လိုက်မိသည်။ ဘုရားဘုရား ဖားလေးက လမ်းလယ်တည့်တည့်မှာ ရောက်နေပြီ။ ရိပ်ခနဲ ရိပ်ခနဲ ပြေးနေသည့် ကားများအောက်မှာ ငြိမ်ချက်သား ကောင်းနေ၏။ သေသွားပြီလား၊ မသေသေးဘူးလား။ ကြည့်နေရင်းနှင့်ပင် ဖားလေး ခေါင်းပြန်ထောင်လာ၏။ ရှေ့ဆက်တိုးဖို့ အားယူနေပြန်သည်။ သူ မသေသေးတာကိုပင် ဝမ်းသာရမလို၊ ရှေ့ဆက်တိုးမှာကိုပဲ စိုးရိမ်ရမလိုနှင့် ဝေခွဲမရ။

ကားတွေ ပိုပိုပြီးများလာပြီ။ ဆုပ်လည်းစူး စားလည်းရူးဆိုသလိုပင် ဖားလေး၏ အခြေအနေက ရှေ့တိုးလည်းအခက်၊ နောက်ဆုတ်ဖို့လည်း လွယ်မည့်ပုံမပေါ်။ လမ်းတစ်ဖက်ကို သူဘာကြောင့် သွားချင်နေသနည်း။ သူရော လူတွေလို အကြောင်းတစ်စုံတစ်ရာ ရှိနေသလားဟု ကျွန်မ တွေးနေမိသည်။ တိုးပြီ။ သူ ရှေ့ကို ထပ်တိုးနေပြီ။ ကမူးရှူးထိုး ပုံစံမျိုးတော့ မဟုတ်။ စူးစူးစမ်းစမ်းနှင့် တစ်လှမ်းချင်းလှမ်းနေတာမျိုး။ ကျွန်မ သူ့ကို ကယ်ချင်မိသည်။ ကယ်ဖို့အခွင့်အရေးမရှိ။ ဆုတောင်းပေးရုံသာ တတ်နိုင်သည်။

ကားတွေ၏ ဘယ်ဘက်ဘီးများမှာ သူနှင့် အရမ်းကပ်နေကြပြီ။ ကားတွေ နည်းနည်းခြားသွားလျှင် မြန်မြန်ခုန်လိုက်ဖို့ ဆုတောင်းမိသည်။ သူကတော့ တစ်လှမ်းချင်းပင်။ ကျွန်မ ရင်တထိတ်ထိတ်နှင့် ကြည့်နေမိသည်။ တစ်ဖက်လမ်းကို ရောက်ဖို့ သိပ်မလိုတော့။ ရောက်တော့မည်၊ ရောက်တော့မည်။

"အား"

ကျွန်မ မျက်စိနှစ်လုံးစုံမှိတ်ပြီး အသံထွက်အောင် အော်လိုက်မိသည်။ ကားဘီးတစ်ခုက သူ့ကို ရက်ရက်စက်စက် နင်းပစ်လိုက်ပြီ။ အတော်ကြာမှ မျက်လုံးကို ပြန်ဖွင့်ကြည့်လိုက်တော့ ကားဘီးသွားရာလမ်းတည့်တည့်မှာ ဖားလေးက မလှုပ်မယှက် ဖြစ်နေပြီ။ ဖားလေး မဟုတ်တော့။ ပြားချပ်နေသည့် ဖားသေလေးတစ်ခု ဖြစ်သွားပြီ။ နောက်ထပ် တစ်ဘီး၊ နောက်ထပ် တစ်ဘီး၊ ဘီးပေါင်းများစွာ သူ့ကိုယ်ပေါ် အကြင်နာမဲ့ ဖြတ်နင်းသွားကြပြီ။ သူ တကယ်သေသွားခဲ့လေပြီ။

ကျွန်မရင်ထဲမှာ နင့်နေအောင် ခံစားမိသလိုမျက်ရည်တွေလည်း လည်လာမိသည်။ ရွာကို ပြန်ချင်ပြီ။ အမေနှင့် အဖေကို လွမ်းသည်။ မောင်လေးနှင့် တွေ့ချင်မိသလို မယ်အိ ဆယ်တန်းဖြေမှာကိုလည်း ဘေးကနေ အားပေးချင်သေးသည်။ မျက်ဝန်းတွေက လေးလံလွန်းလို့ ဖြစ်မည် ပြည့်လျှံနေသည့် မျက်ရည်များကို ပါးနှစ်ဖက်ပေါ် အသာလေးသွန်ချလိုက်တော့ တစ်လိမ့်ချင်း… တစ်လိမ့်ချင်း…။

"ကလင်…ကလင်… ကလင်…"

ဖုန်းသံက အလန့်တကြား ထ,မြည်သည်။ သို့သော် ကျွန်မ မလန့်မိပါ။ ဖုန်းထဲမှ ပြောလာမည့် အသံ၊ မှာကြားချက်တွေကသာ ကျွန်မကို အိပ်မက်ဆိုးတွေ မက်စေမှာပါ။ ပါးပေါ်မှ မျက်ရည်များကို လက်ဖမိုးနှင့် ခပ်ကြမ်းကြမ်း သုတ်ပစ်လိုက်ပြီး ဖုန်းကိုင်လိုက်သည်။

"Hello"

"…."

"Yes, okay"

"…."

"Ya, i will do"

"…."

"Ya, Ya, sure"

ဖုန်းချလိုက်ပြီး မီးဖိုခန်းထဲသို့ အသက်မဲ့သူ တစ်ယောက်လို ကျွန်မ သွားနေမိသည်။ ဒီနေ့ ကျွန်မ၏ ညတာဝန်သည် ငရဲကြီးရှစ်ထပ်ထဲက တစ်ထပ်ထပ်တော့ သေချာပြီ။ အဝီစိလောက် မနက်ဖို့သာ ဆုတောင်းရပေမည်။ ရင်ကာအင်္ကျီဝတ်၊ လက်အိတ်နှစ်ဖက်ဝတ်ပြီး စနစ်တကျနှင့် မီးဖိုဆောင်ဝင်ရန် အသင့်အနေအထားဖြစ်နေပြီ။ နောက်ဆုံးပေါ် မီးဖိုချောင်သုံးပစ္စည်းတွေကို နှစ်နှစ်ဆိုသည့် အချိန်ကာလ တစ်ခုအတွင်း ပိုင်နိုင်ကျွမ်းကျင်စွာ အသုံးချတတ်နေပြီ။

❑

၄။

ဒီနေ့ ညစာကို လူလေး



www.burmeseclassic.com

www.burmeseclassic.com

ယောက်စာ ပြင်ဆင်ပေးရမည်။ ပေါင်းထားသည့် အသားတုံးကို ပါးပါးလှီးပြီး အကင်စက်မှာ ကင်ရန် ပြင်ဆင်လိုက်သည်။ အသားကင်နှင့် လိုက်မည့် Sauce တစ်မျိုးမျိုး၊ နောက်ပြီး အရွက်တစ်ခုခု သုပ်ရန်လည်း မှာထားသည်။ စပါကတီ လေးယောက်စာနှင့် Soup တစ်ခုခု စီစဉ်ရမည်။ အပြီးအစီး တစ်နာရီလောက်သာ ကြာပေလိမ့်မည်။ ဒီမှာ လတ်ဆတ်တယ်ဆိုသည့် အသီးအရွက်တွေ အားလုံးမှာ အဖေစိုက်သည့် ဆလတ်ခင်းကို မီမည်မထင်ပါ။ ခါကြက်ဥလောက်လည်း ကောင်းမည်မထင်မိ။ စိုက်ခင်းတွေနှင့် အတူပျော်နေသည့် အဖေ့မျက်နှာကို ပြေးမြင်မိပြန်သည်။

'ငါ့သမီးကြီး ရွေးချယ်တာ မှန်လိုက်တာ'လို့ ဂုဏ်ယူပြီး ပြောနေသည့် အဖေ့အသံ ကျွန်မနားထဲမှ မထွက်။ မယ်အိကလည်း ဘော်ဒါမှာ စာတော်သည်၊ ဂုဏ်ထူးထွက်နိုင်သည်ဟု ဆရာကိုယ်တိုင်က ပြောထားသည်။ မောင်လေးလည်း အဖေ့ကို ကူရင်းဆယ်တန်း ပြန်ဖြေမည်။ ရွာမှ သတင်းကောင်းတွေအတွက် ကျွန်မ ပျော်ခဲ့ရသည်။ နောက်တစ်နှစ်လောက်ဆို အုတ်တိုက်လည်း ထောင်နိုင်မည်။ ခေါင်လည်း ပြောင်နိုင်ပေမည်။

'အမေတို့ ခုလိုနေနိုင်တာ မလေးရဲ့ အလုပ်ရှင်ကျေးဇူးတွေ အများကြီးပါတယ်။ မလေးလည်း အလုပ်လို့ သဘောမထားဘဲ အဖေလို၊ ဦးလေးလို သဘောထားပြီး စောင့်ရှောက်ပါကွယ်။ ယူတတ်ရင် ကုသိုလ်ပေါ့ မလေးရယ် ရိုရိုသေသေဆက်ဆံနော်'

ဖုန်းဆက်တိုင်း အမေပြောနေကျစကား။ ဟုတ်သည်။ အမေ မမှားပါ။ လစာက မြန်မာငွေနှင့် တစ်လလျှင် ငါးသိန်းစွန်းစွန်း။ ခြားထဲမှာ ဘောက်ဆူးဆိုပြီး နှစ်သိန်းကျော် သုံးသိန်းလောက် ထပ်စောင်းရလိုက်သေးသည်။ ဒီထက် ဝင်ငွေကောင်းသည့်အလုပ် မရှိနိုင်ဘူး။ သားသမီးတွေက အဝေးမှာ၊ ငွေပဲပို့ပေးနိုင်သောကြောင့် အဖေကြီးတစ်ယောက်တည်းမို့ အကူခေါ်ထားပေးသည့်သဘော။ခက်သည်။ အတော်ခက်သည်။ တချို့သောအရာများသည် ကျွန်မတို့ ထင်သလို မရိုးရှင်းခဲ့ကြ။ ကျွန်မတို့က ရိုးလွန်း၊ အ,လွန်းနေတာလည်း ပါမည်။

အသက်ခြောက်ဆယ်ကျော် အဘိုးကြီးတစ်ယောက်က ဖွဲတစ်ဆုပ် မဟုတ်ဘူး၊ ဖွဲတစ်အိတ်ကို အသာလေးနိုင်သည့် သန်သန်မာမာ အဘိုးကြီးတစ်ယောက်ဆိုတာသာ ကျွန်မတို့ ကြိုသိခဲ့လျှင်…။

ကျွန်မတို့၏ ကျေးဇူးရှင် အဖေလို၊ ဦးလေးလို ရိုရိုသေသေဆက်ဆံရမည်ဟု အမေ ပြောခဲ့သည့် အဘိုးကြီးမှာ ညတိုင်း ကျွန်မခုတင်ပေါ်သို့ ရောက်လာတတ်သည် ဆိုတာသာ ကျွန်မတို့ ကြိုသိခဲ့လျှင်…။

ကျွန်မ၏ အလုပ်ရှင် အဘိုးကြီးသည် သားသမီးတွေ ပို့သည့် ပိုက်ဆံတင်မက ကိုယ်ပိုင်စီးပွားရေးတစ်ခုနှင့် အိမ်ထဲမှာပင် ဝင်ငွေရအောင် ဖန်တီးနိုင်သည့် သူတစ်ယောက် ဆိုသည်ကို သာ ကျွန်မတို့ ကြိုသိခဲ့လျှင်…။

နောက်ဆုံး အလုပ်ရှင် အဘိုးကြီး၏ အိမ်တွင်း စီးပွားရေးမှာ သက်ရှိ အရင်းအနှီးအဖြစ် အသုံးချခံရမည့် သူမှာ ကျွန်မ ဆိုတာသာ ကြိုသိခဲ့လျှင်…။

အံကို တင်းတင်းကြိတ်မိ၏။ ခေါက်ဆွဲပြုတ်ထားသည့် ပွက်ပွက်ဆူ ရေနွေးအိုးကို မီးခလုတ် ပိတ်လိုက်သည်။ ဆူပွက်နေသည့် ရေမျက်နှာပြင်ပေါ်က ပူဖောင်းလေးများ တဖြည်းဖြည်း ငြိမ်ကျသွားသည်။ ဒီအကြောင်းတွေ မိသားစုကို ကျွန်မ ဘယ်တော့မှ မပြောဖို့ ဆုံးဖြတ်လိုက်သည်။ ဖားလေး လမ်းမအလယ် အန္တရာယ်ကြားသို့ ရောက်ခဲ့ခြင်းသည် သူ့တွင် အကြောင်းတော့ ရှိမည်။

ကျွန်မလည်း ထိုနည်းတူစွာ ဖြစ်မည်။ အဖေနှင့် အမေ၊ မောင်လေးနှင့် ညီမလေးတို့၏ ပျော်ရွှင်နေသည့် ဘဝတွေကို ကျွန်မ၏ အကြောင်းတရားဆိုးများကြောင့် မပျက်စီးစေလိုပါ။ ❑

၅။

အိမ်ရှေ့မှာ ကားမီးရောင် မြင်ရသည်။ ထွက်ပြီး တံခါးဖွင့်ပေးရန်မလို။ အိမ်တံခါးသော့နှစ်ထပ်၊ ခြံတံခါးသော့နှစ်ထပ် အပြင်မှ ပိတ်ခဲ့ခြင်း ဖြစ်သည်။ မကြာမီ အဘိုးကြီးလေးယောက် အိမ်ထဲ ဝင်လာမည်။ ကျွန်မ ပြင်ဆင်ထားသည့် ညစာကို စားမည်။ အရက်သောက်မည်။ စကားပြောကြမည်။ သူတို့စကားကို ကျွန်မ နားလည်စရာမလို။ သူတို့ စားသောက်ပြီးချိန်ကို အပေါ်ထပ် သီးသန့် အိပ်ခန်းတွင်းရှိ ခုတင်ပေါ်တွင် ကျွန်မ စောင့်နေရုံသာ လိုသည်။

အိပ်ခန်းတွင်းမှ နှစ်လိုဖွယ် မရှိသော အီလည်လည် အမွှေးနံ့ကို ကြိတ်မှိတ် ရှူနေရ၏။ ခုတင်ပေါ် လှဲနေရင်း မျက်လုံးတွေ မှိတ်ထားမိသည်။ ဖားလေးကို မြင်ရ၏။ ကားဘီးနှင့် ရက်စက်စွာ နင်းခံရသည်။ နောက်ထပ် ကားဘီးပေါင်းများစွာ ထပ်ကြိတ်၏။ ဖားသေအတွက် မထူးခြားတော့။ နောက်ထပ် ဖားလေးတွေ ထပ်မရောက်လာဖို့သာ လိုမည်။ နားထဲမှာ လှေကားမှ အပေါ်သို့ တက်လာသည့် ခြေသံတွေ ကြားနေရ၏။ နောက်ထပ်တစ်ယောက်၊ နောက်ထပ်တစ်ယောက် ခြေသံတွေ ထပ်သွားသည်။ ကျွန်မအတွက် မထူးတော့။ နောက်ထပ် ကျွန်မလို အဖြစ်မျိုး မဖြစ်ဖို့သာလိုမည်။ အခန်းတံခါး ဖွင့်သံ ကြားလိုက်ရသည်။ မျက်လုံးတွေကို အားကုန်သုံးပြီး မှိတ်ပစ်လိုက်၏။ တွယ်တာစရာ၊ ချစ်ခင်စရာ မိသားစုမှလွဲပြီး အရာအားလုံး အာရုံထဲမှ ပျောက်သွားသည့်ခဏ…။ ဟိုအဝေးလမ်းမတစ်နေရာမှာ ရှိနေသည့် ဖားသေလေးပေါ်မှာ ကားဘီးရာတွေက… အ… ထပ်… ထပ်…။ ■

**မေနန်းမောင်**



www.burmeseclassic.com

# မြက်ရေကြာကြီး

## ကောင်းမြတ်

အမှတ်စဉ် ဧပြီ ၂၀၀၉

ရုပ်စုံမဂ္ဂဇင်း

ရွှေကြည်လှ/ဆွဲ

သူနဲ့ပတ်သက်ပြီး ကျွန်တော် အမှတ်မိနေဆုံးကတော့ သူ့ဘယ်ဘက်ရင်ဘတ် အထက်နားက မှဲ့နီလေးနှစ်လုံးပါပဲ။ မှဲ့နီလေးနှစ်လုံးက တကယ့်ကို ခပ်သေးသေးလေးတွေပါ။ ပင်အပ်ခေါင်းဘက်က အဝိုင်းကလေးတွေလောက်ပဲ ရှိလိမ့်မယ်။ နောက်ပြီး တစ်လုံးနဲ့တစ်လုံးက လက်သန်းတစ်လုံးစာလောက်ပဲ ကွာတယ်။ အရောင်ကတော့ ကြေးနီရောင် ခပ်ရင့်ရင့်ဖြစ်ပြီး အဲဒီနေရာတစ်ဝိုက် ချွေးတွေ စို့ရွှဲသွားတဲ့အခါ ဖြူညက်ပြီး ချောမွေ့နေတဲ့ သူ့အရေပြားပေါ်မှာ အရောင်ပိုတောက်လာတတ်တယ်။ ကျွန်တော်ကတော့ အဲဒီမှဲ့နီလေးနှစ်လုံးကို မကြာခဏ ကြည့်မိလေ့ရှိတယ်။ အဲဒီမှဲ့နီလေး နှစ်လုံးကို ကြည့်နေလိုက်ရင် ချည်တိုင်ကနေ ရုန်းကန်ထွက်ပြေးဖို့ ကြိုးစားနေတဲ့ မြင်းရိုင်းပျိုလေးတစ်ကောင်လို ခုန်ပေါက်လှုပ်ရှားနေတဲ့ ကျွန်တော့်ရင်ထဲက လှိုင်းတံပိုးတွေဟာ ရေမှုန်ကလေးတွေနဲ့ အတောက်ခံလိုက်ရတဲ့ မီးကျီးရဲရဲတစ်ခဲလို အရှိန်ကျပြီး ငြိမ်သက်သွားတတ်တယ်။ ခုဆို အဲဒီမှဲ့နီလေးနှစ်လုံးကို တခြားလူတစ်ယောက်ကများ ကြည့်နေမှာလား။ ဒါမှမဟုတ် ဘယ်ဘက်ညှပ်ရိုးအောက် တော်တော်ကျသေးတဲ့ မှဲ့နီလေးနှစ်လုံးဟာ...





သူဝတ်တတ်တဲ့ လည်ပင်းပေါက်ကျဉ်းကျဉ်း တီရှပ်အင်္ကျီအောက်မှာ ပုန်းကွယ်နေဆဲပဲလား၊ တကယ်ဆို ဒီမှဲ့နီလေးနှစ်လုံးကို အရင်က တခြားလူတစ်ယောက်ယောက်က မြင်ဖူးခဲ့သလား၊ မြင်ဖူးသလားဆိုတာ ကျွန်တော် မသိပါဘူး။ နောက်ပြီး ဒီမှဲ့နီလေးနှစ်လုံးကို ကျွန်တော် နောက်တစ်ခါပြန် ထပ်မြင်ခွင့်ရပါဦးမလား ဆိုတာကလည်း မသေချာသေးဘူး၊ ဒါပေမဲ့ လောလောဆယ်မှာတော့ ကျွန်တော့်အတွက် အဲဒီမှဲ့နီလေးနှစ်လုံးကို ကြည့်မြင်ရဖို့ အသည်းအသန် လိုအပ်နေတယ်။ ဒါပေမဲ့ မှဲ့နီလေးတွေရဲ့ပိုင်ရှင်ကို တွေ့လို့မရတော့တဲ့အခါ မှဲ့နီလေးတွေကို မကြည့်ချင်တော့မှာလည်း ကျွန်တော် စိုးရိမ်နေမိတယ်။ မင်းဘယ်တော့ လာပါမလား။ ဒီနေ့ ဗနေ။ ကတိပေးထားတဲ့အတိုင်း ဒီကိုရောက်လာပါမလား။

■



www.burmeseclassic.com

www.burmeseclassic.com

အရင်စနေနေ့တွေလိုပဲ သူရောက်လာပြီး အိပ်ခန်းထဲအထိ လာနိုးမှ ထ,မယ်ဆိုတဲ့ စိတ်နဲ့ အိပ်ရာထဲမှာ ပေအိပ်နေခဲ့ပေမဲ့ သူကတော့ ကိုးနာရီခွဲတဲ့အထိ ရောက်မလာသေးဘူး။ ခါတိုင်းလိုဆို ရှစ်နာရီထိုးတာနဲ့ ရောက်လာပြီး အိပ်ရာက မထ,ထအောင် ဇွတ်အတင်းလှုပ်နှိုး၊ စောင်တွေကို အတင်းဆွဲခွာချ၊ ကျွန်တော့်ကို ခုတင်ပေါ်က အတင်းဆွဲချတတ်တယ်။ ဒီနေ့ သူ ဘာဖြစ်လို့ ခုချိန်အထိ ရောက်မလာသေးတာလဲ။ သူ အရင်လို ကတိမတည်တတ်တော့တာလား။ သူက မတည်နိုင်တဲ့ ကတိကို မပေးတတ်တာ ကျွန်တော်သိသလို သူပေးတဲ့ ကတိတွေ အားလုံးကို ကျွန်တော်ယုံတတ်တာလည်း သူ အသိသားပဲ။ သူ လာမှာပါ၊ သူ လာမှာကို ကျွန်တော်ယုံတယ်။ ကားတွေ ဘယ်လောက်ထိ ကျပ်နေပါစေဦးတော့ သူ ရောက်လာတတ်သလို မိုးတွေဘယ်လောက်ရွာနေနေ သူ လာတတ်တာပဲလေ။ ဒါမှမဟုတ် အောက်ထပ်မှာ သူရောက်နေပြီလား။ မေမေ ကော်ဖီမဖျော်ခဲ့လို့ မီးဖိုခန်းထဲကိုဝင်ပြီး ကော်ဖီအရင်ဖျော်နေတာများလား။ ကျွန်တော့်နှာခေါင်းထဲမှာတော့ ကော်ဖီနံ့ရမနေဘူး။ နည်းနည်းညှီပြီး ချဉ်စုတ်စုတ်ဖြစ်နေတဲ့ အနံ့တစ်ခုပဲ ရနေတယ်။ အဲဒီလို အနံ့မျိုးရရင် ပိုပြီး စိတ်လှုပ်ရှားတယ်လို့ သူပြောဖူးတာကို ရုတ်တရက် သတိရမိတဲ့အခါ ကျွန်တော်စိတ်တွေလည်း ပိုပြီးလှုပ်ရှားလာတယ်။ ကျွန်တော့်စိတ်ထဲမှာ ခန္ဓာကိုယ်တစ်ခုလုံးက သွေးတွေဟာ ရုတ်တရက် တစ်နေရာတည်းကိုပဲ စုဆုံစီးဆင်းသွားသလိုမျိုး ခံစားလိုက်ရတယ်။ ဟင့်အင်း၊ ကျွန်တော် အဲဒီလို ဖြစ်လို့မရဘူး။ မကြာခင် သူ ရောက်လာဦးမှာ။

ခေါင်းကို ခပ်သွက်သွက်ခါယမ်းပစ်လိုက်ပြီး ခုတင်ဘေး စားပွဲပေါ်က ဖုန်းကို ကောက်ကိုင်လိုက်တယ်။ ကျွန်တော် ဆက်လို့ဖြစ်ပါ့မလား။ ဟင့်အင်း၊ ခေါ်လို့မရဘူးဆိုတဲ့ ဖြစ်နိုင်ခြေတစ်ခုကို ကျွန်တော် ရင်မဆိုင်ချင်ဘူး။ ဒါ့ထက် ဘာဖြစ်လို့ ခေါ်လို့မရတာလဲ ဆိုတာကို ကျွန်တော် မတွေးရဲဘူး။ နောက်ပြီး ကျွန်တော် ရင်မဆိုင်ရဲဘူး။ စိုးရိမ်ပူပန်မိတဲ့ စိတ်တစ်ခု အာရုံထဲကို ဝင်လာတဲ့အခါ ကျွန်တော် ဗိုက်ဆာသလိုလို ခံစားရတယ်။ ဟုတ်တယ် ကျွန်တော် ဗိုက်ဆာနေတယ်။

yef;cDum;xJrSm
teDa&mifawG
&Sdaew,f
tOga&mif
tpuftajymufawG
awGU
a&mpyfaewJh
teDa&mif
c&rf;a&mif
tpif;aMumif;awG
a&maxG;aewJh
teDa&mif
aemufNyD
tJ'Da&mifawG
xJu
rsOf;aMumif;awG
wGefUuGg;NyD
vdIif;vkH;awG
wpf&pfNyDwpf&pf
wvdrfUvdrfU
wufvmaewJh
vdIif;awG

စောင်တွေကို ဆွဲခွာပြီး ခုတင်ခြေရင်း ကြမ်းပြင်ပေါ် ကျတဲ့အထိ ကန်ချပစ်လိုက်တယ်။ ထ,ထိုင်လိုက်မိတော့ ခြေရင်းဘက်က အရောင်စိုစို ပန်းချီကားချပ်က ကျွန်တော့်ကို ပြောင်ပြနေသလို ခံစားလိုက်ရတယ်။ ပန်းချီကားထဲမှာ အနီရောင်တွေ ရှိနေတယ်။ အဝါရောင်အစက်အပြောက်တွေနဲ့ ရောစပ်နေတဲ့ အနီရောင်၊ ခရမ်းရောင် အစင်းကြောင်းတွေနဲ့ ရောထွေးနေတဲ့ အနီရောင်။ နောက်ပြီး အဲဒီ အရောင်တွေထဲက မျဉ်းကြောင်းတွေ၊ တွန့်ကွေးပြီး လှိုင်းလုံးတွေလို တစ်ရစ်ပြီး တစ်ရစ် တလိမ့်လိမ့်တက်လာနေတဲ့ လှိုင်းတွေ။ အပြာရောင်လှိုင်းတွေ။ မခံစားနိုင်တော့တဲ့အဆုံးတော့ ဘေးနားက ခေါင်းအုံးနဲ့ ကောက်ပေါက်ပစ်လိုက်တယ်။ ပန်းချီကားကို ထိမှန်ပြီး ခေါင်းအုံးက ကြမ်းပေါ်ပြုတ်ကျသွားပေမဲ့ ပန်းချီကားကတော့ သံငုတ်ကို တွဲခိုရင်း ယိမ်းထိုးက,ပြနေတုန်းပဲ။

ခုတင်ပေါ်ကနေ ခပ်သွက်သွက်ဆင်းလာခဲ့ပြီး ခုတင်ဘေးမှာ ပြုတ်ကျနေတဲ့ ခဲရောင်ဘောက်ဆာလေးကို ကောက်စွပ်လိုက်တယ်။ အဲဒီ ဘေးမှာတွေ့လိုက်ရတဲ့ တစ်သျှူးစက္ကူစတွေကိုတော့ ခြေမ ခြေညှိုးနဲ့ ညှပ်ပြီး အမှိုက်တောင်းထဲထည့်လိုက်တယ်။ အမှိုက်တောင်းထဲက အမှိုက်တွေရဲ့ အပေါ်ဆုံးက အရာကို တွေ့လိုက်မိတဲ့အခါမှာတော့ စိတ်ထဲမှာ အော်ဂလီဆန်ချင်သလိုဖြစ်သွားတယ်။ မနေ့ညက ဘာတွေဖြစ်ပျက်ခဲ့တယ် ဆိုတာတွေက ခပ်ရေးရေးပေါ်လာပေမဲ့ အသေးစိတ်တော့ စဉ်းစားလို့ မရတော့ဘူး။ နောက်ပြီး ခေါင်းကိုငုံ့ငဲ့ ကိုယ့်ကိုယ်ကို အနံ့ပြန်ခံကြည့်ပြီး စိတ်ထဲမှာ မသတီချင်သလိုလို ဖြစ်လာတာနဲ့ ရေချိုးခန်းဆီပဲ အရင်ထွက်လာခဲ့လိုက်တယ်။ ❑

"... He won't touch you like I do
He won't love you like I would,
He don't know your body
He don't do you right..."

ဘယ်တုန်းကမှ ကျွန်တော့်ဆီ ဖုန်းမဆက်တတ်တဲ့ သူ့ဆီက ဖုန်းလာဖို့ ဖြစ်နိုင်ခြေနည်းတာကို မေ့ထားပြီး ဖုန်းကို ရေချိုးခန်းထဲအထိ ယူလာခဲ့လိုက်တယ်။ စိတ်အပြောင်းအလဲတစ်ခုဖြစ်မလားလို့ သီချင်းဖွင့်ထားပေမဲ့ အာရုံက ဖုန်းမှာဖွင့်ထားတဲ့ Zayn Malikရဲ့သီချင်းမှာရော ရေချိုးတဲ့ဆီမှာရော သိပ်ကပ်မနေဘူး။

အဲဒီတစ်နေ့က ဒီရေချိုးခန်းထဲကို သူ လိုက်ဝင်လာခဲ့တယ်။ အပြာနုရောင် တီရှပ်အင်္ကျီဝတ်ထားတဲ့ သူ့ကို ကျွန်တော် ဘာမှမပြောခဲ့မိဘူး။ ရေချိုးဇလုံရဲ့ ပေါင်ပေါ်



www.burmeseclassic.com

www.burmeseclassic.com

မှာ ဝင်ထိုင်လိုက်တဲ့ သူ့မျက်နှာကိုပဲ ကျွန်တော် ငေးကြည့်နေခဲ့တာ။ ဘဲဥပုံခပ်သွယ်သွယ်နဲ့ မေးစေ့ဘက်ကို ချွန်းသွားတဲ့ သူ့မျက်နှာက အဓိပ္ပာယ်ဖော်ရခက်နေခဲ့တယ်။ သူ့ရဲ့ နှုတ်ခမ်းပါးပါးနှစ်ခုက ပြုံးတယ်ဆိုရုံလောက် ကွေးကွေးလေး ပြုံးနေတာဆိုပေမဲ့ သူ့ ညာဘက်ပါးက ပါးချိုင့်လေးကတော့ ခပ်ဝင့်ဝင့်ကလေး ပေါ်နေတယ်။ အောက်ကို တချို့ ဝဲကျနေတဲ့ သူ့ဆံစတွေမှာတော့ လက်ကိုင် ရေပန်းက စဉ်ထွက်သွားတဲ့ ရေမှုန်ကလေးတွေ တွဲခိုနေကြတယ်။ အစပိုင်းမှာ ဘာကိုပူမှန်းမသိတဲ့ ပူပန်စိတ်တစ်ခုကြောင့် စိတ်ထဲမှာ တင်းကျပ်နေခဲ့ပေမဲ့ သူခေါင်းကလေးကို ငုံ့ပြီး သွားတက်ကလေးပေါ်အောင် ပြုံးပြလိုက်တဲ့အခါမှာတော့ နေရထိုင်ရတာ ပိုပြီး သက်သက်သာသာဖြစ်သွားတယ်။ ကျွန်တော့်ရဲ့ လက်မောင်းတွေနဲ့ ရင်ဘတ်တွေဆီမှာ ဆပ်ပြာမြှုပ်တွေရဲ့ ချောကျိတဲ့ အထိအတွေ့နဲ့အတူ ညင်ညင်သာသာ ရွေ့လျားနေတဲ့ လှုပ်ရှားမှုတစ်ခုကို ခံစားနေရတယ်။ ကျွန်တော့်မျက်လုံးတွေကို မှိတ်ထားလိုက်တယ်။ နောက်ပြီး အရင်တုန်းက ဘာကိုဆိုလိုမှန်း ရေရေရာရာမသိခဲ့တဲ့ ဖောဠဗ္ဗာရုံ ဆိုတာကို ကျွန်တော် အဲဒီနေ့က သေသေချာချာ နားလည်သွားခဲ့တယ်။

သူ့အကြောင်းကို ကျွန်တော် တွေးနေမိပါလားလို့ သတိရလိုက်တဲ့အချိန်မှာ ကျွန်တော့်လက်ချောင်းတွေကလည်း ကိုယ်ပေါ်မှာ ပြေးလွှားလှုပ်ရှားနေတာကို သတိထားလိုက်မိတယ်။ ဒါပေမဲ့ သူ့လက်ချောင်းတွေနဲ့တော့ မတူဘူး။ ကျွန်တော့်လက်တွေက သူ့လက်တွေလို နူးညံ့ချောမွေ့မနေလို့လား။ ဒါမှမဟုတ် သူ့လက်ချောင်းတွေရဲ့ လှုပ်ရှားမှုနဲ့ မတူလို့လား။ ဘာပဲဖြစ်ဖြစ် ကျွန်တော် ရပ်လိုက်မှဖြစ်မယ်။ မကြာခင် သူ ရောက်လာတော့မှာ မဟုတ်လား။

ရေဇလုံထဲက ထ,ပြီး တဘက်ကို လှမ်းယူဖို့အလုပ်မှာ ကျွန်တော့်ခံတွင်းက တစ်ခါတလေ အနံ့နံ့တတ်တဲ့အကြောင်း သူပြောဖူးတာကို သတိရမိပြန်တယ်။ ကျွန်တော် သွားတိုက်ပြီးပြီလား။ မသေချာဘူး။ ပါးစပ်ထဲမှာလည်း ပူရှိန်းရှိန်းအရသာက ရှိနေသလိုလို မရှိနေသလိုလို။ ဘာပဲဖြစ်ဖြစ် ကျွန်တော် သွားတိုက်ပစ်လိုက်တယ်။

❑

အားကစား ဘောင်းဘီတိုတစ်ထည်နဲ့ တီရှပ်ပွပွတစ်ထည် ကောက်စွပ်ပြီး အောက်ထပ် ထမင်းစားခန်းထဲ ဝင်လိုက်မိတော့ စားပွဲပေါ်က အုပ်ဆောင်းအောက်မှာ ကော်ဖီနဲ့မုန့်က အသင့်ရှိနေတယ်။ အောက်ထပ်မှာလည်း သူ ရောက်မလာသေးဘူးဆိုတော့ ကော်ဖီနဲ့မုန့်က မေမေပြင်ခဲ့တာပဲ ဖြစ်မယ်။ မနက်စောစောထ,ပြီး ဈေးထဲမှာဆိုင်သွားဖွင့်ရတဲ့ မေမေနဲ့ အိပ်ရာစောစောမထ,ချင်တဲ့ ကျွန်တော့်အတွက်တော့ မနက်စာအတူတူ စားဖြစ်တာက ခပ်ရှားရှားပဲ။ ညစာကိုတော့ အမြဲတမ်း အတူတူ စားဖြစ်ပါတယ်။ ဖေဖေဆုံးသွားပြီးကတည်းက ကျွန်တော့်ကို တစ်ယောက်တည်း ပြုစုပျိုးထောင်လာခဲ့တဲ့ မေမေ့ကို ဒီအကြောင်းကြောင့်တော့ ကျွန်တော် အပြစ်မတင်ရက်ပါဘူး။ ကျွန်တော့်ဘဝမှာ လူမှုရေး၊ စီးပွားရေး၊ ပညာရေးကအစ ဘာဆိုဘာမှ အပူအပင်မှ မရှိအောင် ဂရုစိုက်ခဲ့တာပဲလေ။ ကျောင်းဖွင့်ရက်ဆို ကျွန်တော့်ကို စောစောနိုးကျောင်းသွားဖို့ ပြင်ဆင်ခဲ့ပေးပြီးမှ ဈေးသွားတတ်ပေမဲ့ ပိတ်ရက်ဆိုရင်တော့ ကျွန်တော့်ကို မနှိုးခဲ့တော့ဘူး။ အဲဒီတော့ ကျွန်တော်လည်း ပိတ်ရက်ဆို သူလာမှပဲ အိပ်ရာထ,တယ်။ ဒါပေမဲ့ ဒီနေ့တော့ သူရောက်မလာခင် ကျွန်တော် အိပ်ရာထ,ခဲ့ရတယ်။

အုပ်ဆောင်းကိုဖွင့်ပြီး ကော်ဖီကိုသောက်ကြည့်တော့ နည်းနည်းပိုချိုနေတဲ့ ကော်ဖီက မေမေ ဖျော်ပေးခဲ့တယ်ဆိုတာ ပိုသေချာသွားတယ်။ သူဖျော်ပေးတဲ့ ကော်ဖီက ဒီလောက်မချိုဘူး။ အချိုနည်းနည်းပေါ့တဲ့အပြင် အခါးဘက်ကိုတောင် နည်းနည်းပိုရောက်သေးတယ်။ သူဖျော်ပေးတာကို သောက်ဖူးပြီးတဲ့နောက်မှာ အဲဒီအခါးဓာတ်နည်းနည်းကဲတဲ့ ကော်ဖီကို ကျွန်တော် ပိုကြိုက်သွားတယ်။ သောက်သောက်ချင်း လျှာပေါ်မှာ ခါးသက်သက်အရသာမျိုး ဖြစ်စေပေမဲ့ ပြန်ထွေးချင်စိတ် တစ်စက်မှ မဖြစ်မိဘူး။ ပါးစပ်ထဲရောက်ပြီး မျိုမချခင်စပ်ကြားမှာ ခါးတယ်ဆိုတဲ့အရသာဟာ ကောင်းသွားတယ်။ ဆိမ့်တယ်ဆိုတာထက်ကို ပိုတယ်။ အဲဒီလို အရသာမျိုးကို မျိုချလိုက်ရမှာတောင် နှမြောချင် နှမြောမိနေဦးမယ်။

သူဖျော်ပေးတဲ့ ကော်ဖီတင်မကပါဘူး၊ သူ ကော်ဖီဖျော်နေတဲ့ ဟန်ပန်ကလည်း သိပ်သဘောကျစရာကောင်းတယ်။ သူ့အရပ်နဲ့စာရင် နည်းနည်းမြင့်နေတဲ့ စင်ပေါ်က ကော်ဖီမှုန့်ဘူးကို လှမ်းယူလိုက်တိုင်း ခါးတိုတို တီရှပ်အင်္ကျီအောက်နားမှာ ပေါ်သွားတတ်တဲ့ ဖြူလွှလွှနေရာတစ်ခုဟာ သူ့လည်ကုပ်သားတွေထက် ပိုဖြူ ပိုတောက်နေသလိုပဲ။ ကော်ဖီဖျော်စက်ထဲက ကျလာတဲ့ အညိုရောင်ကော်ဖီအရည်တွေကို ခွက်ထဲကို ငုံ့ထည့်၊ နွားနို့နဲ့သကြားထည့်ပြီး စတီးဇွန်းအသေးကလေးနဲ့ မွှေနေတဲ့ သူ့လှုပ်ရှားမှုတစ်ခုတိုင်းမှာ လှုပ်ရှားယိမ်းနွဲ့ က,ခုန်နေကြတဲ့ သူ့ကိုယ်ပိုင် မျဉ်းကြောင်းတွေဟာ ပို့စ်မော်ဒန်ပန်းချီကားတစ်ချပ်ထဲက လှုပ်ရှားသက်ဝင်နေကြတဲ့ လိုင်းတွန့်မျဉ်းကွေးလေးတွေလိုပါပဲ။ အဲဒီ မျဉ်းကြောင်းတွေကို အဓိပ္ပာယ်ဖော်ကြည့်ရတာဟာ သိပ်စိတ်လှုပ်ရှားစရာကောင်းတယ်။ မျဉ်းကြောင်းတွေက အကြောင်း အရာတစ်ခုခုကို ဖော်ပြချင်နေတာ၊ ဒါမှမဟုတ် ခံစားချက်တစ်ခုခုကို ခံစားရစေချင်တာ သိသာနေပေမဲ့ အဲဒါတွေကို သိသိသာသာကြီးလည်း ထုတ်ဖော်ပြမနေပြန်ဘူး။ ဒါပေမဲ့ အဲဒီကောက်ကြောင်းတွေကို မကြာခဏကြည့်လာရတဲ့အခါမှာတော့ မျဉ်းကြောင်းတွေဟာ လူ့စိတ်



www.burmeseclassic.com

www.burmeseclassic.com

ကို နှိုးဆွလှုပ်ရှားစေနိုင်တယ်လို့ ကျွန်တော် ကောက်ချက်ချလိုက်တယ်။

အမှန်အတိုင်းပြောပါဆိုရင် သူ့မျက်နှာဟာ ကျွန်တော်မြင်ဖူးသမျှထဲက ရုပ်ဆိုးတယ်ဆိုတဲ့အထဲမှာ မပါပါသလို ရုပ်ချောတယ်လို့လည်း ပြောလို့မရပါဘူး။ ဒါပေမဲ့ သူပိုင်ဆိုင်ထားတဲ့ တခြားသောလှပမှုတချို့က သူ့မျက်နှာကအားနည်းချက်တချို့ကို လျစ်လျူရှုသွားနိုင်စေတယ်နဲ့ တူပါရဲ့။ ပြောသာပြောရပေမဲ့ ရုပ်ချောခြင်း၊ မချောခြင်းကအတိုင်းအတာတစ်ခုအထိပဲ အရေးကြီးတယ် ဆိုတာ ကျွန်တော် မသိခင်အထိ သူ့မျက်နှာကိုလည်း ကျွန်တော် စေ့စေ့မကြည့်ရဲခဲ့သေးပါဘူး။ ကျွန်တော့်ထက် အသက်ဆယ်နှစ်နီးပါးကြီးပြီး ကျွန်တော့်ကို စာပြပေးတဲ့ သူတစ်ယောက်ရဲ့မျက်နှာကို မျက်နှာချင်းဆိုင်ထိုင်ပြီး ပြောင်ပြောင်တင်းတင်းကြီး ကြည့်ဖို့က သိပ်တော့ မလွယ်ကူဘူးမဟုတ်လား။ ခိုးကြည့်ဖြစ်ခဲ့တယ်လို့ ဝန်ခံရမယ်ဆိုရင်လည်း ကျွန်တော် ခိုးကြည့်ခဲ့တဲ့အထဲမှာ သူ့မျက်နှာတော့ မပါဘူးဆိုတာပါ ဝန်ခံရလိမ့်မယ်။ နောက်ပြီး မေမေက ကျွန်တော့်ကို ပိတ်ရက်တိုင်းမှာ စာပြပေးမယ့်သူအဖြစ် မိတ်ဆက် ပေးပြီးတဲ့နောက် သုံးပတ်မြောက်၊ ကုလားထိုင်တွေကို စားပွဲရဲ့တစ်ဖက်တစ်ချက်မှာ မျက်နှာချင်းဆိုင်ထားရာကနေ ဘေးချင်းယှဉ်လျက် ပြောင်းခဲ့တဲ့နေ့အထိ ကျွန်တော် သူ့ကို ရှိန်နေခဲ့သေးတာကိုလည်း ကျွန်တော်

reÈfarmp&m
aUmifwb
a&ar;ESifqBJ
&eLm
oMuk fy:uk
a&mufbGwb cg
yDawmh
rufarmp&m
aUmifbGw, f
yefyGawGqD
&wb
ESifqBeMuf
cEmuk fy:u
ESifqBeLm
ukefwmb wGf
yD
wyfup&m
aUmifw, f

ဝန်ခံရပါလိမ့်မယ်။

ပေါင်မုန့်မီးကင်နဲ့အတူ ကြက်ဥကြော်စားချင်စိတ်ဖြစ်မိပေမဲ့ မေမေ ကြက်ဥကြော် ကြော်မပေးခဲ့ဘူး။ သူ ကြော်ပေးနေကျ ကြက်ဥဟတ်ဖရိုက်ကို သတိရမိပေမဲ့ ပေါင်မုန့်နှစ်ချပ်ကိုပဲ ကုန်အောင်စားလိုက်ပြီး ကော်ဖီနောက်ဆုံးတစ်ကျိုက်ကို လက်စသတ်ပစ်လိုက်တယ်။ ပြီးတော့ သူ ကျွန်တော့်ကို စာပြပေးနေကျ အခန်းထဲကို ကူးလာလိုက်တယ်။ စားပွဲပေါ်မှာတော့ စာအုပ်တွေက အပုံလိုက်ရှိနေတုန်း။ စာအုပ်တချို့ကို ကောက်ကိုင် ကြည့်လိုက်မိပေမဲ့ ကောက်ကိုင်လိုက်မိတာ ဘာစာအုပ်လို့ သိလိုက်မိအောင်တောင် စိတ်က စာအုပ်တွေဆီမှာ ရှိမနေဘူး။ ဒီအခန်းထဲမှာ တစ်ယောက်တည်းရှိနေရတာဟာ စိတ်ထဲမှာ မသက်မသာ ဖြစ်စေတယ်။ အဲဒီခံစားချက်ကြီးက သိပ်မုန်းစရာကောင်းတယ်။ အဲဒီခံစားချက် ပျောက်သွားဖို့ရာ ဒီအခန်းထဲမှာ သူရှိနေဖို့ လိုမလား။ ဒီအခန်းထဲမှာ သူရှိနေစရာရော ဘာအကြောင်း ရှိနေသေးလို့လဲ။ စာမေးပွဲပြီးပြီဆိုတော့ ကျွန်တော့်ကိုစာပြပေးဖို့မှ မလိုတော့တာ။ စာပြပေးဖို့ မလိုတော့ဘဲနဲ့ လာခဲ့မယ်လေလို့ ကတိပေးခဲ့တာ ဘာကြောင့်လဲ။ ဒါပေမဲ့ခုထိတော့ သူ ရောက်မလာသေးဘူး။

သူ ကတိတည်မှာပါ။ သူက အမြဲတမ်းလည်း ကတိတည်ခဲ့တာပဲလေ။ သူကျက်ခိုင်းတဲ့စာတွေကို ကျွန်တော်ရအောင်ကျက်တိုင်း၊ သူတွက်ခိုင်းတဲ့ပုစ္ဆာတွေကို ကျွန်တော်ပြီးအောင်တွက်ခဲ့တိုင်း သူပေးမယ်လို့ပြောခဲ့တဲ့ ဆုတွေကို တကယ်ပေးခဲ့တာပဲလေ။ သူပေးမယ့်ဆုတွေဟာ မက်မောလောက်စရာကောင်းမှန်း သိလိုက်ရပြီးတဲ့အခါ၊ ဆုဆိုတာဟာ ကျွန်တော်စာလုပ်ဖြစ်စေမယ့် တွန်းအားတွေဖြစ်လာတာပါပဲ။ နောက်ပြီး သူပေးတဲ့ဆုတွေက လက်တွေ့ဆန်လွန်းတဲ့အပြင် ဆုတွေရဖို့ဟာ စာလုပ်ပြီးတဲ့အချိန်အထိပဲ စောင့်စရာလိုခဲ့တယ် မဟုတ်လား။ အစပိုင်းမှာ သူ့သဘောကျပေးခဲ့တဲ့ ဆုတွေဟာ နောက်ပိုင်း ကျွန်တော်တောင်းလို့ပေးခဲ့တဲ့ ဆုတွေအဖြစ် ပြောင်းလဲသွားတဲ့အခါ ပိုပြီးတောင် စိတ်လှုပ်ရှားစရာကောင်းသွားသေးတယ်။ သေချာတယ်၊ ကျွန်တော်ဟာ စာအရမ်းကြိုးစားတဲ့ သူတစ်ယောက် ဖြစ်ခဲ့တယ်။ ခုလို စာကြိုးစားစရာ မလိုတော့တဲ့အချိန်မှာ ဒီဆုတွေကို ကျွန်တော် မျှော်လင့်နေသင့်သေးသလား။ ကျွန်တော် စာမလုပ်ဘဲနဲ့ရော သူ ဆုတွေပေးပါ့မလား။ စာလုပ်စရာ မလိုတော့ပေမဲ့လည်း သူသာ ခုနေရောက်လာရင်တော့ ကျွန်တော့်ကို ဆုတွေပေးဖို့ တောင်းဆိုမိမှာပါပဲ။ ဆုပေးမယ်ဆိုတဲ့ ကတိပေးမထားခဲ့ပေမဲ့ သူလာခဲ့မယ်ဆိုတဲ့ ကတိကိုတော့ သူပေးခဲ့တယ် မဟုတ်လား။ သူ ရောက်လာခဲ့ရင်ဆိုတဲ့ အတွေးရဲ့ နောက်ဆက်တွဲအတွေးတွေဟာ ကျွန်တော့်တစ်ကိုယ်လုံးက အာရုံကြောတွေအားလုံးကို နိုးကြွလှုပ်ရှားသွားစေတယ်။ ကျွန်တော်တစ်ယောက်တည်းလည်း ဒီအခန်းထဲမှာ ဆက်မနေသင့်ဘူးလို့ ဆက်တွေးလိုက်မိတဲ့အခါ လက်ဆစ်တွေကို တဖြောက်ဖြောက် ချိုးရင်း အခန်းထဲက ခပ်သွက်သွက် ထွက်လာခဲ့လိုက်မိတယ်။

❑

ဧည့်ခန်းထဲကို ဆိုဖာပေါ်မှာ ခြေပစ်လက်ပစ် ထိုင်ချလိုက်မိတဲ့အခါ မှန်စားပွဲပေါ်က အဖြူရောင်ကြွေပန်းအိုးထဲမှာ ထိုးစိုက်ထားတဲ့ ပန်းနုရောင် ရေမွှေးနှင်းဆီပန်းတွေရဲ့ ရနံ့ကို ရလိုက်တယ်။ အရင်ကဆို ပန်းရနံ့တွေကို ကျွန်တော် သတိ



www.burmeseclassic.com

www.burmeseclassic.com

မထားမိတတ်ဘူး။ ပန်းတွေကို ပန်းတွေလို့ပဲ မြင်ပြီး မွှေးရနံ့ကလည်း မွှေးတဲ့ရနံ့လို့ပဲ ကျွန်တော် မှတ်ထားခဲ့တယ်။ ဒါပေမဲ့ စားပွဲတင်ပန်းအိုးထဲမှာ မေမေထိုးထားတတ်တဲ့ နှင်းဆီပန်းကလေးတွေကို မကြာခဏဆိုသလို မွှေးကြူနေတတ်တဲ့ သူ့ကို မြင်ရပါများတဲ့အခါ ကျွန်တော်လည်း မွှေးကြည့်မိခဲ့တယ်။ ဟုတ်တယ်၊ နှင်းဆီပန်းတွေရဲ့ ရနံ့ဟာ သိပ်ချစ်စရာကောင်းတယ်။ မွှေးကြည့်လိုက်တဲ့ သူရဲ့ စိတ်ထဲကို လန်းဆန်းသွားစေတယ်။ တည်ငြိမ်သွားစေတယ်။ ဒါတင်မကပါဘူး၊ တစ်ချိန်တည်းမှာပဲ ဘာကိုတောင့်တမှန်းမသိတဲ့ တောင့်တမှုမျိုးနဲ့ လူကို ယစ်မူးသွားစေနိုင်ပြန်တယ်။ ဒါကြောင့်လည်း ဒီနှင်းဆီပန်းရနံ့ကို သူ သိပ်ကြိုက်တာလို့ ကျွန်တော်ထင်တယ်။ ဒီရနံ့မျိုးကို သူ့ခန္ဓာကိုယ်ကလည်း ရနေတတ်တယ်လေ။ နှင်းဆီပန်းရဲ့ရနံ့၊ တိတိကျကျပြောရရင် ရေမွှေးနှင်းဆီရနံ့ဟာ သူ့လည်တိုင်တွေမှာ၊ သူ့ ရင်ညွန့်ဆီမှာ၊ တစ်ခါတလေ သူ့ရဲ့ဆံစတွေဆီမှာပါ ရနေတတ်တယ်။ မိန်းမောစရာကောင်းတဲ့ ရေမွှေးနှင်းဆီရဲ့ ရနံ့ဟာ သူ့ကိုယ်ပေါ်ကို ရောက်သွားတဲ့အခါ ပိုပြီးတော့ မက်မောစရာ ကောင်းသွားတယ်။ ပန်းပွင့်တွေဆီက ရတဲ့ နှင်းဆီရဲ့ရနံ့ထက် ခန္ဓာကိုယ်ပေါ်က နှင်းဆီရဲ့ရနံ့ဟာ ကျွန်တော့်အတွက် ပိုပြီး တပ်မက်စရာကောင်းတယ်။ အဲဒါကြောင့် သူ့ခန္ဓာကိုယ်ရဲ့ ရှုရှိုက်လို့ရနိုင်တဲ့ နေရာအနံ့ကနေ ကျွန်တော် လောဘတကြီး ရှုရှိုက်မိတတ်တယ်။ သူကလည်း ရှုရှိုက်ခွင့် ပြုခဲ့တယ်လေ။ နောက်ပြီး နှင်းဆီပန်းရနံ့ဟာ ဆိုင်ကယ်သော့တစ်ချောင်းနဲ့ တူတယ်။ ဘာဖြစ်လို့လဲဆိုတော့ နှာခေါင်းဖျားလေးကတစ်ဆင့် တိုးဝင်သွားတဲ့ နှင်းဆီပန်းရနံ့ဟာ လူတစ်ယောက်ကို စက်နှိုးထားပြီး မောင်းနှင်ဖို့ အသင့်ဖြစ်နေတဲ့ ဆိုင်ကယ်တစ်စီးအဖြစ် ပြောင်းလဲသွားစေတယ်လေ။ နောက်ပြီး နှင်းဆီပန်းရဲ့ ရနံ့မှာ အသံတွေလည်း ရှိနေတတ်တယ်။ နှင်းဆီပန်းရဲ့ရနံ့က သူ့ကို နမ်းရှိုက်လိုက်တိုင်း အသံတွေနဲ့ တုံ့ပြန်လေ့ရှိတယ်။ နှင်းဆီရနံ့ရဲ့အသံတွေက စကားလုံးတွေ အတိအကျ ရှိမနေပေမဲ့ ကြားရတဲ့ သူကိုတော့ ဘာကိုဆိုလိုတယ်ဆိုတာ နားလည်စေနိုင်ပါတယ်။ ဘာပဲဖြစ်ဖြစ် စာပြေးတဲ့အချိန်မှာ ကြားရတဲ့ သူ့ရဲ့ မာဆတ်ဆတ်အသံထက် နှင်းဆီရနံ့ရဲ့ အသံတွေကိုတော့ ကျွန်တော် အများကြီး ပိုချစ်မိတယ်။

ပန်းအိုးထဲက နှင်းဆီပန်းတွေကို ကျွန်တော် ငုံ့ပြီး အားရပါးရ မွှေးကြည့်လိုက်တယ်။ ပန်းအိုးထဲက နှင်းဆီရနံ့မှာ အသံတွေ ရှိမနေဘူး။ ဒါပေမဲ့ နှင်းဆီရနံ့ကို ရှုရှိုက်လိုက်ရတဲ့ ကျွန်တော့်မှာ နှင်းဆီရနံ့ရဲ့ အသံတွေကို ကြားလိုက်ရတယ်။ ချိုအီပြီး ပျစ်ချွဲချွဲအသံမျိုး။ တယောကြိုးတွေကို ဘိုးတံရဲ့ ထိပ်ဖျားကနေ လက်ကိုင်အရင်းနားအထိ တဖြည်းဖြည်းချင်း ပွတ်ပြီး တွန်းနေတဲ့အခါ ထွက်ပေါ်လာတတ်တဲ့ တအီအီ အသံမျိုး။ ဘိုးတံရဲ့အရင်းနားကို ရောက်သွားတဲ့အခါ ဆတ်ခနဲ ပြန်ပွတ်ဆွဲချလိုက်ရင် ထွက်ပေါ်လာတတ်တဲ့ အွန့်ဆိုတဲ့အသံမျိုး။ အဲဒီတယောသံတွေဟာ သံစဉ်နုတ်စ်တွေ မလိုဘူး။ ဒါပေမဲ့ အသံတိုင်းဟာ စည်းချက်ကျတယ်။ စည်းချက်ညီတယ်။ အသံ အနိမ့်အမြင့်တွေ ရှိတယ်။ တမ်ပိုအတက်အကျတွေရှိတယ်။ ကြားရတဲ့လူကို စိတ်ကျေနပ်အားရစေတယ်။ သောကတွေ အားလုံးကို တစ်ခဏလောက်ဖြစ်ဖြစ် ပျောက်သွားစေနိုင်တယ်။ ကမ္ဘာကြီးကို ခဏလောက် မေ့လျော့သွားစေနိုင်တယ်။ ဝုန်းဝုန်း ဒိုင်းဒိုင်း ဆန်တဲ့ သံစဉ်တွေရဲ့အဆုံး ဂီတသံတွေ ရပ်တန့်သွားတဲ့အထိ နှင်းဆီရနံ့ရဲ့အသံက မိန်းမူးစရာကောင်းနေဆဲပဲ။ စားပွဲတင်ပန်းအိုးထဲက နှင်းဆီပန်းတွေကတစ်ဆင့် နှင်းဆီရနံ့ရဲ့အသံကိုကြားလိုက်ရတဲ့ ကျွန်တော့်ရဲ့ နှလုံးဟာ မြင်းပြိုင်ပွဲတစ်ခုက ကဆုန်ပေါက် ပြေးနေတဲ့ မြင်းဆယ်ကောင်ရဲ့ ခွာသံတွေလိုပဲ အကြားအလပ်မရှိအောင် ဆက်တိုက် ခုန်ပေါက်လှုပ်ရှားနေကြတယ်။ နှလုံးအိမ်ထဲကနေ သွေးကြောတွေထဲကို တိုးဝင်စီးဆင်းသွားတဲ့ သွေးတွေကလည်း မုန်ယိုနေတဲ့ ဆင်ရိုင်းတစ်ကောင်လို နှာမောင်းကိုမြှောက်ပြီး တကျည်ကျည်အော်ရင်း ရန်လို ကြမ်းတမ်းသွားကြတယ်။

နှင်းဆီရနံ့ရဲ့အသံ။ ကျွန်တော့်ဆီမှာရော ဒီအသံတွေအတွက် နှင်းဆီရနံ့ရှိဖို့လိုအပ်သလား။ ကျွန်တော့်ဆီမှာရော နှင်းဆီရနံ့ ရှိနေသင့်သလား။ ဒါမှမဟုတ် ဒိန်ချဉ်တစ်ခွက်လို ချဉ်စုတ်စုတ် နို့အနံ့ဟာ မွှေးရနံ့တစ်ခုပဲလား။ ခွက်တစ်လုံးထဲမှာ ရှိနေတဲ့ ဒိန်ချဉ်ရဲ့အနံ့ကို မွှေးတယ်လို့ ပြောနိုင်တဲ့သူတွေဟာ ခန္ဓာကိုယ်ပေါ်က ဒိန်ချဉ်အနံ့နဲ့တူတဲ့အနံ့ကို မွှေးတယ်လို့ သတ်မှတ်ပေးနိုင်ကြပါ့မလား။ သူကရော ဒိန်ချဉ်နံ့ကို မွှေးတယ်လို့ သတ်မှတ်ထားသလား။ သူ ဒိန်ချဉ်ကြိုက်သလား။ ကျွန်တော့်ဆီမှာ နှင်းဆီရနံ့ ရှိနေခဲ့ရင်ရော သူသဘောကျပါ့မလား။ ကျွန်တော့်ဆီမှာ နှင်းဆီရနံ့ ရှိမနေခဲ့ပေမဲ့ သူ သဘောကျခဲ့တာပဲ မဟုတ်ဘူးလား။ သူ မက်မက်မောမော ရှုရှိုက်ခဲ့တဲ့ ရနံ့က ဘာရနံ့လဲ။ ကျွန်တော်ကတော့ ဒိန်ချဉ်နံ့တစ်ခုကိုပဲ သတိထားမိတယ်။ ကျွန်တော် နှင်းဆီရနံ့ရဲ့အသံတွေကို ကြားသလို သူလည်း ဒိန်ချဉ်နံ့ရဲ့ အသံတွေကို ကြားမယ် ထင်ပါရဲ့။ ဘာနံ့ပဲဖြစ်ဖြစ်ပါ၊ သူ ရှုရှိုက်တာကို ကျွန်တော် နှစ်သက်ခဲ့တာပဲဟာ။ သူသာ စောစောကတည်းက ရောက်လာခဲ့တယ်ဆိုရင် ခုလောက်ဆို ဒိန်ချဉ်ရနံ့ကို မွှေးကြူရှုရှိုက်ကြည့်နေလောက်ရောပေါ့။ ရောက်လာတဲ့အခါ သူ့ဆီမှာရော နှင်းဆီရနံ့ ပါလာမှာလား။ နှင်းဆီရနံ့ရဲ့ အသံကို နောက်ထပ် သတိရလိုက်မိတဲ့အခါမှာတော့ ကျွန်တော့်ကိုယ်တွင်းတစ်နေရာမှာ ပေါက်ကွဲလုဆဲဆဲ မီးတောင်တစ်လုံး ရှိနေပြီဆိုတာ သတိထားလိုက်မိတယ်။ ပန်းအိုးထဲက



www.burmeseclassic.com

www.burmeseclassic.com

# စစ်ကိုင်းတောင်ရိုး ဝါးချက်ဇီဝိတဒါန သံဃာ့ဆေးရုံ

စစ်ကိုင်းတောင်ရိုးဝါးချက်ဇီဝိတဒါန သံဃာ့ဆေးရုံအတွက် အလှူ (၁၁) မျိုး၊ ဘက်စုံအလှူ (၁၃၁၀၀၀/ –) နှုန်းနှင့် ထာဝရငွေပင် ငွေကျပ်၅သိန်းနှင့်အထက် ထူထောင်လှူဒါန်းလိုပါက အောက်ပါနေရာဌာနများနှင့် နီးစပ်ရာအမှုဆောင်များထံတွင် လှူဒါန်းနိုင်ကြပါသည်။

## ဆက်သွယ်လှူဒါန်းရန်

စစ်ကိုင်းတောင်ရိုးဆေးရုံတည်နေရာ ကျူစွာချောင်

ဖုန်း၀၉-၂၁၃၂၀၇၆၊၀၉-၄၅၀၂၀၈၇၃၇၊၀၉-၉၁၀၄၃၇၃၇

### မန္တလေး

ဦးမြင့်စိုး(ဗိုလ်ကလဲပွဲရုံ)ဖုန်း၀၉-၉၁၀၂၃၇၈၇၊ ဒေါ်တင်ဝင်း(လှထု)ဖုန်း၀၂-၃၉၇၃၇၊ ဒေါ် ရီရီမြင့်(သွပ်စက်မှုလက်မှု)ဖုန်း၀၉-၂၀၀၁၇၁၇

### ရန်ကုန်

သီဟသုဓမ္မသီဂီ သီရိသုဓမ္မသီဂီ ဒေါ်ခင်သန်းမြင့်(ပယင်းရတနာ)(မှတ်၉၈၊ကမ္ဘာအေးဘုရားလမ်း၊ဗဟန်း)၀၁-၅၅၄၃၉၇/၀၉၂၀-၅၁၁၃၅၁၀)

ဒေါ်ယဉ်သန်း(အမှတ်၁၊ ငွေကြာယံအိမ်ရာ၊ ၃ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။ ဖုန်း ၀၉-၅၁၅၂၂၇၇၊ ၀၉-၇၉၉၂၅၇၂၀၃)

ဒေါ်ခင်စန်း (AMBO Hotel) အမှတ်-၈၁/အေ-၁၀၊ စုပေါင်းလမ်းသွယ်၊ အင်းယားမြိုင်၊ဗဟန်း။ ဖုန်း၀၉-၅၁၂၂၀၁၂၊၀၁-၅၁၆၆၈၀)

ဒေါ် မြင့်မြင့်ကြည်(အမှတ် ၁၆၊ ကွင်းကျောင်းလမ်း၊ အလုံမြို့နယ်။ ဖုန်း ၀၉-၇၃၀၇၂၄၉၂၊ ၀၉-၇၉၀၅၆၂၁၃၁)

ဒေါ် မြင့်မြင့်စန်း(အမှတ် ၈၊ ပဏ္ဍိတာလမ်း၊ လှိုင်မြို့နယ်။ ဖုန်း ၀၉-၇၃၁၀၉၁၃၄၊၀၉-၂၆၀၉၇၀၁၂၇)

ဒေါ်စန်းစန်းဝိုင်(Real Gems)(အေ-၁၀၊ အမှတ် ၂၃-၂၅၊ ရွှေဂုံတိုင်ဘား၊ ရွှေဂုံတိုင်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်။

ဖုန်း၀၁-၂၅၂၂၅၇၂၊၀၉-၅၁၀၂၂၄၁၊၀၉-၇၉၅၄၄၃၂၇၆)

ဒေါ်ယဉ်ယဉ်နီ(ပွင့်ဦးရတနာ၊ဗိုလ်ချုပ်ဈေး၊ဖုန်း-၀၉-၂၅၀၇၉၃၀၇၃)

ဒေါ်ခင်မြရွှေ(အမှတ် ၂၅၊ကမ္ဘောဇရိပ်သာ၊ဗဟန်း၊ရန်ကုန်၊ဖုန်း-၀၁-၅၄၁၃၉၂၀၊၀၉-၇၉၈၂၃၅၀၀၉)

## အလှူရှင်များ

၁။ "မြင့်သန်းဦး" ထာဝရငွေပင်
ဗိုလ်ချုပ်သန်းဦး + ဒေါ်မြင့်သန်း မိသားစု။
၁၆(D), ကမ္ဘာအေးဗီလာ၊ ၈ မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။

၁၀,၀၀,၀၀၀/-
(တစ်ဆယ်သိန်းကျပ်)

၂။ "ရီရီလေးမောင်" ထာဝရငွေပင်
ဦးခင်လေးမောင် + ဒေါ်ရီရီမြင့် (သမီး) ကိုဥက္ကာ + မရွှေရည်လေးမောင်၊
(သား) ပဒိန်းထွဋ်အောင် + မမွန်မွန်ထက်၊
(မြေး) သွန်းရွှေရည်လင်း၊ သန့်ရွှေရည်လင်း မိသားစု
သစ္စာမဏ္ဍိုင် အိမ်ခြံမြေရောင်းဝယ်ရေး၊ ရွှေဗိမာန်သက်နှင်းတိုက်
၃၃ လမ်း၊ ၈၅×၈၆ ကြား၊ မန္တလေးမြို့။

၃၀,၀၀,၀၀၀/-
(သိန်းသုံးဆယ်ကျပ်)

www.burmeseclassic.com

www.burmeseclassic.com

၃။ "ဝင်းလိုက်ဦးကျော်ဝင်း" ထာဝရငွေပင်
ကွယ်လွန်သူ ဖခင်ကြီး ဦးကျော်ဝင်းအား ရည်စူး၍
(သမီး) သဲသဲဦး မိသားစု — ၂၅,၀၀,၀၀၀ိ/-
ဝင်းလိုက်၊ မန္တလေးမြို့။ — (နှစ်ဆယ့်ငါးသိန်းကျပ်)

၄။ "တင့်ရီငွေဆွဒ့်" ထာဝရငွေပင်
ဒေါ်တင့်တင့်သိန်း၊ ဒေါ်ရီရီသိန်း (မြေး) မောင်နန္ဒစောမြင့်မောင်၊
Mg BRYAN ဒီထွဋ်အောင်(ငွေဆွဒ့်) မိသားစု။ — ၂၀,၀၀,၀၀၀ိ/-
၁၂၁၊ ၄၂ လမ်း၊ ရှမ်းပွဲရပ်၊ မန္တလေးမြို့။ — (သိန်းနှစ်ဆယ်ကျပ်)

၅။ "စန်းမြသီတာ" ထာဝရငွေပင်
ဦးတင်မောင်စန်း + ပါမောက္ခ ဒေါက်တာ ဒေါ်သီတာ မိသားစု — ၁၀,၀၀,၀၀၀ိ/-
ကလေးအထူးကုဆရာဝန်ကြီး၊ မန္တလေးမြို့။ — (တစ်ဆယ်သိန်းကျပ်)

၆။ "Dr.ဦးမြင့်သိန်း + ဒေါ်တင်ရီ၊ (သမီး) ဒေါ်သင်းသင်းမြင့် USA" ထာဝရငွေပင်
20322, Deervale Ln, Hunlington Beach — ၁၁၁,၇၇,၆၀၀ိ/-
CA 92646 USA — (တစ်ရာတစ်ဆယ့်တစ်သိန်း ခုနစ်သောင်း ခုနစ်ထောင့်ခြောက်ရာကျပ်)

၇။ "သစ္စာဦး" ထာဝရငွေပင်
ဒုဗိုလ်မှူးကြီး မောင်ထွန်း(ရေ/ငြိမ်း) + ဒေါ်မြမြရီ
(သမီး) မနှင်းနွယ်ဦး(သစ္စာဦး) မိသားစု — ၅၀,၀၀,၀၀၀ိ/-
ပါရမီရိပ်သာ၊ ရန်ကင်း၊ ရန်ကုန်။ — (သိန်းငါးဆယ်ကျပ်)

၈။ "ဦးဝင်းမြင့် + ဒေါ်ခင်ခင်ထွန်း" ထာဝရငွေပင်
ဦးဝင်းမြင့်(ငွေချုပ်-ငြိမ်း-ရုပ်ရှင်လုပ်ငန်း)+
ဒေါ်ခင်ခင်ထွန်း(ငွေချုပ်-ငြိမ်း- ဆိပ်ကမ်းအာဏာပိုင်)နှင့်
သားသမီးမြေးများ မိသားစု — ၁၂,၀၀,၀၀၀ိ/-
အမှတ် ၁၇၇၊ ဗိုလ်မြတ်ထွန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်။ — (တစ်ဆယ့်နှစ်သိန်းကျပ်)

၉။ "ဦးအောင်သိန်းလင်း + Dr.ဒေါ်ခင်ဆန်းနွယ်" ထာဝရငွေပင်
သိရိပျံ့ချိ ဦးအောင်သိန်းလင်း + Dr.ဒေါ်ခင်ဆန်းနွယ်
သားသမီးမြေးများ — ၃၀,၀၀,၀၀၀ိ/-
C-5 ,ကမ္ဘာ့အေးဗီလာ၊ မရမ်းကုန်းမြို့နယ်။ — (သိန်းသုံးဆယ်ကျပ်)

၁၀။ "ထူး ရေခဲမုန့်" ထာဝရငွေပင်
ဦးတင်ထူး + ဒေါ်နွဲ့နွဲ့ဝင်း (သား) မောင်ထူးအောင်ဝင်း၊
(သမီး) မောင်ဖြိုးသူရ + မခင်စုစုဝင်း၊
(သား) မောင်ထူးဇေယျဖြိုး မိသားစု — ၄၅,၀၀,၀၀၀ိ/-
အမှတ် ၁၄/၁၂၊ (1-A).ဦးရွှေဂွန်းလမ်း၊ အထက်ပုဇွန်တောင်၊ ရန်ကုန်။ — (လေးဆယ့်ငါးသိန်းကျပ်)

၁၁။ "စိန်ပင်းထက် ထာဝရငွေပင်
ဦးစိန်မင်း(ပိုကောင်းကုမ္ပဏီ) + Dr.ဒေါ်ပင်းပင်း
သား မောင်ဟိန်းထက် မိသားစု — ၄၀,၀၀,၀၀၀ိ/-
ဒဂုံစင်တာ၊ မြေနီကုန်းမြို့နယ်၊ ရန်ကုန်မြို့။ — (သိန်းလေးဆယ်ကျပ်)

၁၂။ "ဦးအေးကျော်ဆွေ + ဒေါ်ဥမ္မာလှိုင်(မုံရွာ) မိသားစု" ထာဝရငွေပင်
ဦးအေးကျော်ဆွေ + ဒေါ်ဥမ္မာလှိုင်၊ (သား) မောင်ထက်ကျော်စွာ၊
(သမီး) မခင်ဝေနှင်း — ၁၀,၀၀,၀၀၀ိ/-
အမှတ် ၄၂၊ ဗိုလ်ချုပ်လမ်း၊ အောင်မင်္ဂလာရပ်ကွက်၊ မုံရွာမြို့။ — (တစ်ဆယ်သိန်းကျပ်)

(ဆက်လက်ဖော်ပြပါမည်)

www.burmeseclassic.com

www.burmeseclassic.com

နှင်းဆီပန်းတွေကို ကြည့်မိတော့ ပန်းတွေက ပန်းနုရောင်ကနေ ခရမ်းရောင်ဘက်ကို ရုတ်တရက်ကြီး ပြောင်းလဲသွားတယ်။ ခုအချိန်မှာ ကျွန်တော့်အတွက် မှဲ့နီလေးနှစ်လုံးကို ကြည့်နေဖို့ လိုအပ်နေသလား။

နှင်းဆီရနံ့တွေကို နောက်တစ်ခါ သေသေချာချာ ထပ်ပြီး မွှေးရှူကြည့်လိုက်မိတယ်။ သေချာတယ်။ ကျွန်တော် ဒီပန်းတွေရဲ့အနားမှာလည်း ဆက်နေလို့မဖြစ်ဘူး။ သူ ရောက်လာဦးမယ်လို့ ကျွန်တော် မျှော်လင့်ချင်သေးတယ်။ ဆယ့်တစ်နာရီခွဲပြီဆိုပေမဲ့ သူရောက်လာနိုင်သေးတယ်လေ။ တစ်ခါတုန်းကဆို ဒါ့ထက်နောက်ကျမှတောင် ရောက်လာခဲ့ဖူးသေးတယ် မဟုတ်လား။ ဒါပေမဲ့ အဲဒီနေ့ကတော့ သူ စာမပြပေးဖြစ်တာကိုလည်း သတိရလိုက်မိပြန်တယ်။

❑

ကျွန်တော့်အိပ်ခန်းထဲက ခုတင်ပေါ်ကို ခြေပစ်လက်ပစ် လှဲချပစ်လိုက်တော့ တစ်ကိုယ်လုံးက မွေ့ရာထဲကို အိခနဲ နစ်မြုပ်သွားတယ်။ စောင်တွေကတော့ ခုတင်ခြေရင်းဘက်ကြမ်းပြင်ပေါ်မှာ အပုံလိုက်ပါပဲ။ ခေါင်းအုံးကလည်း ခြေရင်းဘက်နံရံရဲ့ အခြေမှာ ပိန်ပိန်လိမ်လိမ်နဲ့ ငြိမ်သက်နေတုန်းပဲ။ ကျွန်တော့်ဘေးမှာတော့ အပြာရောင်ဖက်လုံး ရှည်ရှည်တစ်ခုပဲ ရှိနေတယ်။ ဘာဖြစ်လို့ ဖက်လုံးတစ်လုံးမှာ အဖုအထစ်တွေပါအောင် တီထွင်မထားခဲ့ကြသလဲ။ ဖက်လုံး

opfUkdf
wpfckuae
jyKwfxGif
a&uusvkqdkJ
opf&GifUav;
wpf&Gif[ m
avt a0Y
cHbku&ovkd
ukdft nf§uae
v@wfxGif
of§w, f
t JD
opf&GifUav;u
ajrjyi fay:ukd
wefyD
usrof&Ekdf
ao;bJ

တစ်လုံးမှာ အဖုအထစ်တွေသာပါရင် ဗိုပြီး ဖက်လို့ကောင်းမယ်လို့ ကျွန်တော်ထင်တယ်။ ဒါပေမဲ့ ဘာအဖုအထစ်မှမပါတဲ့ ဖက်လုံးကိုပဲ ခါတိုင်းလို ကျွန်တော် ခြေရောလက်ရောပါ အသုံးပြုပြီး ဖက်ထားလိုက်တယ်။ ကျွန်တော် အားရပါးရဖက်တဲ့အခါ သူလုပ်လေ့ရှိသလို ကျွန်တော့်ပခုံးပေါ်မှာ ခေါင်းလာမှီလိုက်ဖို့တော့ ဖက်လုံးမှာ ခေါင်းမပါဘူး။ ဒါပေမဲ့ ဖက်လုံးရဲ့ ထိပ်တစ်ဖက်ကိုတော့ သူ့ရဲ့ခေါင်းအမှတ်နဲ့ ကျွန်တော် ခေါင်းပြန်မှီထားပေးလိုက်တယ်။ ဖက်လုံးက ကျွန်တော့်လက်မောင်းနဲ့ ကိုယ်ကြားက ချွေးနံ့မပြင်းတပြင်းကို မသိနိုင်ပေမဲ့ ကျွန်တော်ကတော့ ဖက်လုံးဆီက ခေါင်းလျှော်ရည်ရနံ့ကို ရနေသလိုပဲ။ ကျွန်တော် ဖက်လုံးကို သာသာကလေး မွှေးကြူပစ်လိုက်တယ်။ ဒါပေမဲ့ ဖက်လုံးကတော့ ကျွန်တော်ရဲ့ ညင်သာမှု၊ မြန်ဆန်မှု၊ နူးညံ့မှု၊ ကြမ်းတမ်းမှု၊ ပျော့ပျောင်းမှု၊ မာကျောမှုတွေကို သူသိသလို သိနေမှာ မဟုတ်ဘူးပေါ့။ နောက်ပြီး အနီးကပ်ဆုံးဖြစ်အောင် ဖက်ထားရင်းကနေ ခက်ထန်မာကျောခြင်းတွေကို နူးညံ့ညင်သာခြင်းတွေနဲ့ ပေါင်းစပ်ဖို့ ကြိုးစားနေတာကိုလည်း သတိထားမိမှာ မဟုတ်ဘူး။ နောက်ပြီး အဲဒီလို ပေါင်းစပ်တတ်အောင် သူ သင်ပေးခဲ့သလိုလည်း သင်ပေးတတ်မှာ မဟုတ်ဘူး။

ကျွန်တော် မှတ်မိတယ်။ အဲဒီနေ့က အဖြစ်အပျက်မျိုးဟာ ကျွန်တော့်ဘဝအတွက်တော့ ပထမဆုံးပဲ။ အဲဒီနေ့က မိုးတွေအရမ်းအုံ့ပြီး ပတ်ဝန်းကျင်တစ်ခုလုံးက မှုန်မှိုင်းပြာရီနေခဲ့တယ်။ မိုးမရွာပေမဲ့ စိုစွတ်တဲ့မိုးနံ့ကို ပြတင်းပေါက်က ဝင်လာတဲ့ လေအေးအေးလေးတွေက တစ်ဆင့် ခံစားနေရတယ်။ အောက်ထပ်မှာ သူရောက်နေပြီမှန်း မသိတာနဲ့ ပြတင်းပေါက်နားမှာရပ်ရင်း အရင်တစ်ပတ်က ရေချိုးခန်းထဲကို ရောက်လာခဲ့တဲ့ သူ့အကြောင်းကို စဉ်းစားနေမိတယ်။ သူ ဘာဖြစ်လို့ ဒီလောက်ရဲရဲဝံ့ဝံ့ ဝင်လာခဲ့တာလဲ။ သူ ဘာလိုချင်ခဲ့တာလဲ။ သူ ဘယ်ဘက်ကို ဦးတည်ခဲ့သလဲ။ ကျွန်တော် နားမလည်တဲ့ သင်ခန်းစာတစ်ခုကို မေးသလို မမေးရဲခဲ့ဘူး။ မျဉ်းကြောင်းတွေနဲ့ လှလှပပရေးခြစ်ထားတဲ့ သူ့ကိုစိုးကြည့်နေခဲ့တဲ့ ကျွန်တော့်မျက်လုံးတွေကို သူသတိထားမိသွားတာလား။ ကျွန်တော့်အပြုအမူ အပြောအဆိုတွေဟာ ကျွန်တော့်အတွင်းစိတ်ထဲမှာ ဘာတွေဖြစ်နေတယ်ဆိုတာ သူ့ကို သတိထားမိစေခဲ့တာလား။ ဒါမှမဟုတ် ဒါတွေက သူဖြစ်လာစေချင်ခဲ့တဲ့အရာတွေလား။ သူ့စိတ်ထဲမှာ ဘာဖြစ်နေတယ်ဆိုတာကိုပဲ ကျွန်တော်က သတိမထားခဲ့မိတာလား။ သူ့ မျက်လုံးတွေကရော ကျွန်တော့်ရဲ့ မျဉ်းကြောင်းတွေကို ကြည့်နေခဲ့သလား။ ဖေဖေမရှိတော့ပေမဲ့ ဖေဖေပေးခဲ့တဲ့ အမွေအဖြစ် ဖေဖေရဲ့ထုထဲတဲ့ မျဉ်းကြောင်းတွေနဲ့ ရေးဆွဲထားတဲ့ ကြံ့ခိုင်ကြီးမားတဲ့ရုပ်ပုံတွေ ကျွန်တော့်မှာ ရှိနေတယ်။ ဒါတွေကရော သူ့အတွက် ပန်းချီကားတစ်ချပ်ဖြစ်ခဲ့သလား။ ဖြစ်နိုင်ခြေတွေက လက်တွေ့ဖြစ်ပျက်မှုတွေ မပါရင် ဖြစ်နိုင်ခြေသက်သက်ပါပဲ။ ဒါပေမဲ့ အဲဒါတွေဟာ ဖြစ်နိုင်ခြေသက်သက် မဟုတ်ခဲ့ဘူးလေ။

ပြတင်းပေါက်နားမှာ ရပ်နေတဲ့ ကျွန်တော့်နောက်ကနေ ခါးကို သိုင်းဖက်တယ်။ နှင်းဆီရနံ့ ခပ်သင်းသင်းကို ရလိုက်တဲ့အခါ ဒါ သူပဲဆိုတာ ကျွန်တော် သိလိုက်တယ်။ ရှေ့က လိုက်ကာကို ဆွဲပိတ်လိုက်မိတာကလွဲလို့ ကျွန်တော် ဘာမှ မတုံ့ပြန်



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ဘူး။ နူးညံ့ခြင်းတွေထဲမှာ ခပ်သာသာ မှိုခိုလိုက်ပါရင်း မျက်လုံးတွေကို မှိတ်ထားလိုက်တယ်။ ချောမွေ့နူးညံ့မှုတစ်ခုဟာ ကျွန်တော့်ခန္ဓာကိုယ်ရဲ့ နေရာအနှံ့မှာ အညှာအတာကင်းမဲ့စွာ ပြေးလွှားဆော့ကစားနေတယ်။

သစ်ကိုင်းတစ်ခုကနေ ပြုတ်ထွက်ကြွေကျလုဆဲဆဲ သစ်ရွက်ကလေးတစ်ရွက်ဟာ လေအဝှေ့ခံလိုက်ရသလို ကိုင်းအညှာကနေ လွတ်ထွက်သွားတယ်။ အဲဒီသစ်ရွက်ကလေးက မြေပြင်ပေါ်ကို တန်းပြီး ကျမသွားနိုင်သေးဘူး။ လေယူရာနောက်ကို ဝေ့ကာဝဲကာနေ လိုက်ပါစီးမျောနေတုန်း။ ဟုတ်တယ်၊ လေအဟုန်အတိုင်း အသာတကြည်လိုက်ပါသွားနိုင်သရွေ့တော့ ဒီသစ်ရွက်ကလေးဟာ မြေပေါ်ကို ဘယ်တော့မှ ကျသွားဦးမှာမဟုတ်သေးဘူး။ သစ်ရွက်ကလေးဟာ လေစီးကြောင်းထဲမှာ လေစုန်မျှောပစ်လိုက်တယ်။ သစ်ရွက်ကလေးရဲ့ အညှာတံဟာလည်း လေစီးကြောင်းရဲ့ ထိန်းကွပ်မှုအောက်မှာပဲ လိုက်ပါက‚ခုန်နေရတယ်။

လေစီးကြောင်းဟာ သစ်ရွက်ကလေးကို နေရာတစ်ခုဆီကို သယ်ဆောင်သွားတယ်။ သစ်ရွက်ကလေး မျက်လုံးဖွင့်မကြည့်ဘူး။ ဒါပေမဲ့ အဲဒီနေရာဟာ ဇာတ်စင်တစ်ခု၊ သစ်ရွက်ကလေးနဲ့ ရင်းနှီးနေတဲ့ ဇာတ်စင်တစ်ခုဆိုတာ အသေအချာပါပဲ။ အဲဒီဇာတ်စင်ပေါ် ရောက်တဲ့အခါ လေစီးကြောင်းဟာ လေသံတွေပေးရင်း သစ်ရွက်ကလေးကို ကခုန်စေတယ်။ သစ်ရွက်ကလေးကလည်း လေစီးကြောင်းရဲ့ စေညွှန်းတဲ့အတိုင်း အတိအကျလိုက်ပြီး ကခုန်တယ်။ တကယ်ဆို သစ်ရွက်ကလေးက တစ်ခါမှ ဒီလို ကခုန်ဖူးခဲ့တာမဟုတ်ဘူး။ ဒါက သစ်ရွက်ကလေးအတွက် ပထမဆုံးအကြိမ်ပဲ။ ဒါပေမဲ့ လေစီးကြောင်းကလည်း သိပ်တော်တယ်။ ဇာတ်စင်ပေါ်မှာ ဘယ်လို ကပြရမလဲဆိုတာကို အတိအကျ ချိန်သားကိုက်အောင် ခိုင်းစေနိုင်တယ်။ တချို့ကကွက်တွေက အေးဆေးညင်သာပြီး သက်သက်သာသာရှိတယ်။ တချို့ ကကွက်တွေကတော့ ဝုန်းဒိုင်းဆန်လွန်းပြီးသစ်ရွက်ကလေးခမျာ ကြိုးစားအားတင်းပြီး ကရရှာတယ်။ ဒါပေမဲ့ ဘယ်ကကြိုးပဲဖြစ်ဖြစ် လေစီးကြောင်းရဲ့ တိုက်ခတ်ခိုင်းစေမှုအတိုင်းပါပဲ။ လေစီးကြောင်းဟာ တဖြည်းဖြည်းနဲ့ တိုက်ခတ်မှု မြန်လာသလို သစ်ရွက်ကလေးကလည်း လေကြောင်းရဲ့စည်းချက်အတိုင်း အရှိန်အဟုန်မြှင့်ပြီး ကခုန်ရတော့တယ်။ လေစီးကြောင်းဟာ တဝိုးဝိုး တရှီးရှီး မြည်အောင် တိုက်ခတ်ရင်း နောက်ဆုံးမှာတော့ လေအဟုန်ဟာ အရှိန်ကုန်သလို ဟူးခနဲ ရပ်တန့်သွားတယ်။ သစ်ရွက်ကလေးကလည်း လေစီးကြောင်းအပြင်ဘက်ကို လွင့်ထွက်သွားပြီး ရင်ထဲမှာ အေးခနဲ ဖြစ်သွားတယ်။ ခပ်သွက်သွက် ပြုတ်ကျသွားတဲ့ သစ်ရွက်ကလေးဟာ ဇာတ်စင်ရဲ့ ကြမ်းပြင်နဲ့ ထိတွေ့သွားတဲ့အခါ တိခနဲ ရပ်တန့်သွားတယ်။ လေဆက် မတိုက်တော့တဲ့အခါ သစ်ရွက်ကလေးဟာ တုတ်တုတ်မျှကို မလှုပ်တော့ဘူး။ အချိန်အတော်ကြာအောင် က‚ခဲ့ရတဲ့အပြင် လေကလည်း ငြိမ်သွားတဲ့အတွက် သစ်ရွက်ကလေးမှာ ချွေးတွေရွဲရွဲစိုသွားတယ်။ ဒါဟာ သစ်ရွက်ကလေးရဲ့ ပထမဆုံး ကပြတင်ဆက်မှုပါပဲ။ ဒါပေမဲ့ သစ်ရွက်ကလေး အောင်အောင်မြင်မြင် က‚ပြနိုင်ခဲ့တယ်။ ဟုတ်တယ်။ လေစီးကြောင်းက သိပ်ကို တော်လွန်းတယ်။

လေစီးကြောင်း ပြန်စတင်တဲ့အခါမှာတော့ လေစီးကြောင်းက အောက်ထပ်ဆီကိုပဲ ဦးတည်သွားတော့တယ်။ သစ်သားကြောင်လိမ်လှေကားအတိုင်း ဆင်းသွားတဲ့ လေစီးကြောင်းရဲ့ ခြေသံကို သစ်ရွက်ကလေး ကြားနေရတယ်။ ဒါပေမဲ့ သစ်ရွက်ကလေး ခုထိ မျက်လုံးပြန်မဖွင့်နိုင်သေးဘူး။ ခဏနေတော့ သစ်ရွက်ကလေး အိပ်ပျော်သွားခဲ့တယ်။ ဒါပေမဲ့ လေစီးကြောင်းရဲ့ ကကြိုးတွေ မကုန်သေးဘူးဆိုတာ၊ သစ်ရွက်ကလေးအနေနဲ့ နောက်ထပ် ဒီလိုမျိုး ကခုန်ရဦးမယ်ဆိုတာ အိပ်မက်မက်နေရင်းကနေ သစ်ရွက်ကလေး အလိုလိုကို သိနေခဲ့တယ်။ ဒါ သစ်ရွက်ကလေးရဲ့ ဇာတ်လမ်း အစပဲ။

ကိုင်းတစ်ခုမှာ မြဲမြဲဆက်မထားခဲ့မိတဲ့ သစ်ရွက်ကလေးအတွက် လေပွေမွှေ့ရာ ကခုန်လိုက်မိတာဟာ အပြစ်တစ်ခုလား။ ဒါမှမဟုတ် ဒါဟာ ဖြစ်ရိုးဖြစ်စဉ်တွေထဲက တစ်ခုပဲလား။ အပြစ်ရှိတယ်ဆိုရင်ရော သစ်ရွက်ကလေးမှာပဲ အပြစ်ရှိမှာလား။ လေစီးကြောင်းကရော အပြစ်မရှိဘူးလား။ ဒါမှမဟုတ် သစ်ရွက်ကလေးမှာ အပြစ်လုံးဝမရှိဘူးလား။ ဒီအတွေးတွေဟာ သစ်ရွက်ကလေးရဲ့ အတွေးတွေကို အချိန်တိုင်း စိုးမိုးထားတဲ့ အရိပ်တွေပါပဲ။ အဲဒီအရိပ်မည်းမည်းတွေဟာ သစ်ရွက်ကလေးရဲ့ စိမ်းစိုလန်းဆန်းမှုတွေကို တစ်စတစ်စနဲ့ ဝါးမျိုဖျက်ဆီးခဲ့တဲ့အရာပေါ့။ လေစီးကြောင်းရဲ့ အရိပ်ကနေ သစ်ရွက်ကလေး ထွက်ပြေးချင်မိပေမဲ့ ကခုန်ရင်းနဲ့လည်း ကျေနပ်ပျော်ရွှင်နေချင်မိပြန်တယ်။ ကကြိုးတွေကို နှစ်သက်တတ်တဲ့စိတ်ဟာ လေစီးကြောင်း ခိုင်ခိုင်မြဲမြဲ ကိုင်ထားတဲ့ ရွက်ညှာတစ်ခုပဲလား။ ဘယ်လိုပဲဖြစ်ဖြစ် လေယူရာ ကခုန်နေရဦးမယ့်ဘဝကိုတော့ သစ်ရွက်ကလေး မုန်းတယ်။ သစ်ရွက်ကလေးဟာ ပထမဆုံးအကြိမ်အဖြစ် သူ့မေမေကို အပြစ်တင်ချင်ခဲ့မိတယ်။ သစ်ရွက်ကလေးဟာ သစ်ရွက်ကလေး ဇာတ်လမ်းကို အဆုံးသတ်ချင်ခဲ့တယ်။

ဒါပေမဲ့ မျှော်လင့်ထားခဲ့သလိုပဲ လေစီးကြောင်း ထန်လာရင် သစ်ရွက်ကလေး ကခုန်ရတယ်။ သစ်ရွက်ကလေး ကခုန်ချင်ရင် လေစီးကြောင်းက တိုက်ခတ်ပေးတယ်။ အဲဒီလိုနဲ့ပဲ စနေ၊ တနင်္ဂနွေတိုင်းမှာ သစ်ရွက်ကလေးရဲ့ ကပွဲရှိခဲ့တယ်။ ပရိသတ်တွေလည်း



www.burmeseclassic.com

www.burmeseclassic.com

မလိုအပ်ဘူး။ ဇာတ်ဆရာ လေစီးကြောင်းနဲ့ သစ်ရွက်မင်းသားလေးရှိရင် ကပွဲက ဖြစ်နေပြီပဲလေ။ နောက်ပိုင်းမှာ သစ်ရွက်ကလေးဟာ အကကျွမ်းလာတယ်။ ဇာတ်ဆရာရဲ့ ညွှန်ကြားမှုမလိုဘဲနဲ့ ကျွမ်းကျွမ်းကျင်ကျင် ကပြတတ်သွားတယ်။ အဲဒီအခါ ဇာတ်ဆရာက သိပ်ပျော်သွားတယ်။ လေစီးကြောင်းက အရှိန်တွေကို မြှင့်သထက် မြှင့်တယ်။ ကကွက်ဆန်းဆန်းတွေ ပြောင်းက,ခိုင်းတယ်။ တစ်ခါတလေ သစ်ရွက်ကလေးရဲ့ ကကွက်ဆန်းနဲ့ လေစီးကြောင်းရဲ့ ပြင်းအားတွေ အားပြိုင်ရတဲ့အခါမျိုးတွေတောင် ရှိလာတယ်။ ဒါကလည်း စိတ်လှုပ်ရှားစရာ သိပ်ကောင်းတဲ့ စိန်ခေါ်ပွဲတစ်ခုလိုပါပဲ။ ဒီအားပြိုင်ပွဲတွေမှာတော့ သစ်ရွက်ကလေး တစ်ခါမှ မရှုံးနိမ့်ခဲ့ဖူးဘူး။ နောက်ပြီး မဲ့နီလေးနှစ်လုံးကလည်း သစ်ရွက်ကလေးကို အမြဲအားပေးနေဆဲပဲ။ မဲ့နီကလေးနှစ်လုံးက အားပေးနေသရွေ့တော့ သစ်ရွက်ကလေးက ခွန်အားတွေ အပြည့် ရှိနေဦးမှာပဲ။ တစ်ဆင့်ထက်တစ်ဆင့် မြင့်တဲ့ အားစမ်းပွဲတွေကိုလည်း မျှော်လင့်နေဦးမှာပါပဲ။

ခုရော သစ်ရွက်ကလေးအတွက် အဲဒီလိုမျှော်လင့်နေခွင့် ရှိနေသေးရဲ့လား။ တကယ်ဆို လေစီးကြောင်းဟာ သစ်ရွက်ကလေးဆီကို ရောက်လာစရာ တခြားအကြောင်းတွေ မရှိတော့ဘူး။ ရောက်လာနိုင်စရာ တစ်ခုတည်းသော အကြောင်းက လာခဲ့မယ်ဆိုတဲ့

ukbfwpfck
jrjtJ
qufxm;cbhmvh
op&GtLuav;
twGif
avayG&rSm
uckf
vkdufvm[m
tjypfvpfckvm;
'grS[kvf
'g[m
jzpf&jzpppf0SwG
xJu
wpfckvm;
tjyp&Sv,f
qkdif&m
op&GtLuav;
rSyJ
tjyp&SSvm;

ကတိတစ်ခုပါပဲ။

သူ ကတိတည်ဖို့တော့ ကောင်းတယ်။ သူ ကတိတည်မယ်ဆိုရင် ဒီဖက်လုံးကြီးကိုလည်း ဖက်ထားစရာ အကြောင်းမရှိတော့ဘူးပေါ့။ ဒါပေမဲ့ သူ့ကို ကတိတည်စေချင်မိတာကိုပဲ အပြစ်တစ်ခုလို ခံစားနေမိပြန်တယ်။

❑

အချိန်အတော်ကြာအောင် မိတ်ထားမိတဲ့ မျက်လုံးတွေကို ဖြည်းဖြည်းချင်း ဖွင့်ကြည့်လိုက်မိတယ်။ ကျွန်တော့်မျက်လုံးတည့်တည့်မှာတော့ ခုတင်ဘေးက စားပွဲကို မြင်နေရတယ်။ စားပွဲပေါ်က စာကြည့်မီးအိမ်ရဲ့ မီးခလုတ်ကလေး လေထဲမှာ တွဲလောင်းကျရင်း ယိမ်းထိုးနေတာကို မြင်မိတော့ လေထဲမှာ ဝဲလွင့်နေတတ်တဲ့ သူ့ဆံစတွေကို သတိရလိုက်မိတယ်။ မီးအိမ်ရဲ့ အောက်တည့်တည့်မှာတော့ ကျွန်တော် မမြင်ချင်ယောင်ဆောင်ထားခဲ့တဲ့ ကတ်ပြားလေးတစ်ခု ရှိနေတယ်။ အဲဒီကတ်ပြားပေါ်မှာတော့ ကျွန်တော့်အခန်းခြေရင်းဘက် နံရံပန်းချီကားထဲကပုံ ရှိနေတယ်။ ဒါဟာ သူသိပ်ကြိုက်တယ်လို့ ပြောခဲ့တဲ့ ပုံ။ သူကြိုက်တယ်လို့ ပြောတဲ့အတွက် ကျွန်တော် လက်ဆောင်အဖြစ်ပေးခဲ့တဲ့ ပုံ။ နောက်ပြီး သူ ကော်ပီယူထားလိုက်ပြီလို့ ပြောပြီး ကျွန်တော့်ကို ပြန်ပေးခဲ့တဲ့ ပုံ။ နောက်ပြီး စာမေးပွဲ ပြီးတဲ့ရက်က ကတ်ပြားတစ်ခုပေါ်ကို ရောက်သွားခဲ့တဲ့ ပုံ။ အဲဒီကတ်ပြားဟာ ခု စားပွဲပေါ်မှာ ရှိနေတဲ့ ကတ်ပြားကလေးပါပဲ။ ကတ်ပြားပေါ်မှာတော့ သူ့နာမည်နဲ့ တခြားလူတစ်ယောက်ရဲ့ နာမည် ရှိနေခဲ့တယ်လေ။ အဲဒီ တခြားလူဟာ ကျွန်တော့်မတိုင်ခင်ကတည်းက မဲ့နီလေးနှစ်လုံးကို မြင်ဖူးခဲ့တဲ့သူလား။ ကျွန်တော့်နောက်မှ တွေ့ဖူးခဲ့သူလား။ ဒါမှမဟုတ် မဲ့နီလေးနှစ်လုံးကို တွေ့တောင် မတွေ့ဖူးသေးတဲ့ သူ လားဆိုတာ ကျွန်တော် မပြောတတ်ဘူး။ ဒါပေမဲ့ အဲဒီလူက မဲ့နီလေးနှစ်လုံးကို တွေ့ဖူးသွားမှာကိုတော့ ကျွန်တော်မုန်းတယ်။ အဲဒီခံစားချက်က တော်တော်ကို ဆိုးဝါးတယ်။ အဲဒီခံစားချက်ကို ဘယ်လို နာမည်တပ်လို့ရမလဲ။ မနာလိုတဲ့စိတ်လား၊ လောဘကြီးတာလား၊ ဒေါသထွက်သွားတာလား။ ဒါကို အချစ်လို့ ပြောလို့ရနိုင်သလား။ ဟင့်အင်း ကျွန်တော် သူ့ကိုမချစ်ဘူး။ ဟုတ်တယ်၊ မချစ်ဘူး။ ဒါကို အချစ်လို့တော့ ကျွန်တော် မထင်ဘူး။ ဘယ်လိုခေါ်ရမှာလဲဆိုတာလည်း မသိပြန်ဘူး။ တစ်ခုခုကို ဆုံးရှုံးရတော့မယ်ဆိုတဲ့ အသိကြောင့် ဝမ်းနည်းနေရုံ သက်သက်ပဲလား။

မင်း လာခဲ့မယ်မဟုတ်လားလို့ မေးတဲ့ သူ့အမေးကို ကျွန်တော် မဖြေဘဲ အဲဒီရက်မတိုင်ခင် ကျွန်တော့်ဆီလာခဲ့ဦးမှာလားလို့ပဲ ပြန်မေးခဲ့မိတယ်။ နောက်တစ်ပတ်ကျလာခဲ့မယ်လေ၊ ကိုယ် ကတိပေးပါတယ်ဆိုတဲ့ အဖြေကို သူ ချက်ချင်းပေးခဲ့တယ်။ ခဏလေးတောင် မစဉ်းစားခဲ့ဘူး။ သူ ခပ်လွယ်လွယ်ပဲ ဖြေခဲ့တာလား။ ကတိပေးပါတယ်ဆိုတဲ့ စကားဟာ သူ ပြောနေကျအတိုင်း အကျင့်ပါနေလို့ပဲလား။ ခုထိတော့ သူ ရောက်မလာခဲ့သေးဘူး။ သူက ကတိပျက်တတ်တဲ့လူမျိုး မဟုတ်ဘူးဆိုတာက ရော ကျွန်တော့်ယုံကြည်မှု သက်သက်ပဲ ဖြစ်နေခဲ့သလား။ ဗိုက်ဆာသလိုလို ဖြစ်မိပေမဲ့ အောက်ထပ်ကိုလည်း ပြန်မဆင်းချင်ဘူး။ သူလာတဲ့အထိ ကျွန်တော် စောင့်နေချင်သေးတယ်။ သူလာမှဖြစ်မယ်။

သစ်ရွက်ကလေး ကခုန်



www.burmeseclassic.com

www.burmeseclassic.com

ဖို့ လေစီးကြောင်းကလေး တိုက်ခတ်လာဖို့ လိုအပ်တယ်။ မြေပြင်ပေါ်မှာနားခိုငြိမ်သက်နေရတဲ့ အချိန်တွေဟာ သိပ်ပြီး ပျင်းစရာကောင်းနေတယ်။ ဝေ့တိုက်လာမယ့် လေပြည်ထဲမှာပဲဖြစ်ဖြစ်၊ ဝဲတိုက်လိုက်မယ့် လေပွေထဲမှာပဲဖြစ်ဖြစ် သစ်ရွက်ကလေး ယိမ်းနွဲ့ကခုန်ချင်နေတယ်။ လေစည်းချက်မရှိတဲ့အခါ သစ်ရွက်ကလေးဟာ ဇာတ်စင်ပေါ်မှာ တစ်ယောက်တည်း အထီးကျန်နေရတယ်။ လေစည်းချက်တွေ မကြာခင်ရောက်လာမှ ဖြစ်တော့မယ်။ ဘာဖြစ်လို့လဲဆိုတော့ သစ်ရွက်ကလေးက ကခုန်ချင်စိတ်တွေကို နောက်ထပ်ကြာကြာ ထိန်းထားလို့ရမှာမဟုတ်တော့ဘူး။ သစ်ရွက်ကလေးက မှဲ့နီလေးနှစ်လုံးကို မြင်ယောင်ကြည့်တယ်။ သစ်ရွက်ကလေးရဲ့ အမြင်မှာ မှဲ့နီလေးနှစ်လုံးက ဝေဝါးနေတယ်။ ခဏကြာတဲ့အခါ လေစည်းချက် မရှိပါဘဲနဲ့ သစ်ရွက်ကလေး စတင်လှုပ်ရှားလာတယ်။ စိမ်းညို့နေသေးတဲ့ ရွက်ညှာကလေးဟာ စတင်ကခုန်လိုက်တယ်။ အဲဒီနောက်မှာ နည်းနည်းဝါရော်ခြောက်သွေ့နေပြီဖြစ်တဲ့ ရွက်သားတွေ ရွက်ကြောတွေကလည်း လိုက်ပြီး ကခုန်ကြတယ်။ သစ်ရွက်ကလေးက လေစီးကြောင်း မရှိဘဲ တစ်ကိုယ်တည်း ကခုန်လိုက်တော့တယ်။ ကကွက်တွေဟာ နှေးရာကနေ တဖြည်းဖြည်း မြန်လာတယ်။ ခဏနေတော့ ပြန်နှေးပစ်လိုက်တယ်။ မှဲ့နီလေးနှစ်လုံးကို သစ်ရွက်ကလေး မြင်ယောင်ကြည့်တယ်။ ပြီးတော့ ကကွက်တွေကို အရှိန်ပြန်မြှင့်ပြန်တယ်။ သစ်ရွက်ကလေးဟာ နှင်းဆီရနံ့တွေကို ရှူရှိုက်ကြည့်တယ်။ နှင်းဆီရနံ့ရဲ့ အသံတွေကိုလည်း ကြားယောင်ကြည့်တယ်။ တစ်ချက်တစ်ချက် ဒိန်ချဉ်နံ့တွေကိုလည်း ရတယ်။ ကကွက်တွေဟာ တမ်ပိုအမြင့်ဆုံးကို ရောက်ရှိသွားပြီးတဲ့အခါမှာတော့ သစ်ရွက်ကလေးရဲ့ ကခုန်ဝေ့ဝဲနေမှုဟာ ချဉ်စုတ်စုတ်ရနံ့တွေနဲ့အတူ ရပ်တန့်သွားတယ်။ သစ်ရွက်ကလေးဟာ ဇာတ်စင်ပေါ်မှာ ငြိမ်သက်သွားတယ်။ သစ်ရွက်ကလေးရဲ့ မျက်လုံးတွေဟာ တဖြည်းဖြည်းနဲ့ မှေးစင်းလာတယ်။ အိပ်ပျော်သွားတော့မှာလား။ ပြင်းပြတဲ့ အသက်ရှူသံတွေကတော့ အိပ်မက်ထဲကလိုလိုပါပဲ။

မှေးခနဲဖြစ်သွားရာကနေ ဆတ်ခနဲ သတိရလိုက်တဲ့ တစ်ချက်မှာ သူ့ဆီက အိမ်တံခါးသော့ကို ကျွန်တော်ပြန်တောင်းထားလိုက်မိတာ သတိရလိုက်တယ်။ ဒါပေမဲ့ သိစိတ်တွေဟာ ခဏနေတော့ အိပ်မက်ထဲက အသက်ရှူသံတွေဆီ ပြန်ရောက်သွားပြန်တယ်။ အိပ်မက်ထဲမှာတော့ လေစီးကြောင်းရဲ့ အပြင်ဘက်ကို ရောက်ရှိသွားတဲ့ သစ်ရွက်စိမ်းစိမ်းကလေးဟာ လွတ်လပ်ပျော်ရွှင်စွာ က,ခုန်နေတယ်။

အောက်ထပ်ဆီကတော့ လူခေါ်ဘဲလ်တီးသံတစ်ခုကို ကြားလိုက်ရသလိုလိုပဲ။ ■

ကောင်းမြတ်




၁၉၈၈ – ၈၉ ခုနှစ်က
ဒေါ်အောင်ဆန်းစုကြည်၏
မွန်ပြည်နယ်နှင့် ဧရာဝတီတိုင်း
စည်းရုံးရေးခရီးစဉ်
မှတ်တမ်းစာအုပ် ဖြစ်ပါသည်။
စာရေးသူကိုယ်တိုင်
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
ပြန်ကြားရေးအဖွဲ့ဝင်အဖြစ်
လိုက်ပါခဲ့သည့် ထိုခရီးစဉ်သည်
စိတ်ပင်ပန်းစရာ၊ စိတ်မောစရာ၊
စိတ်အနှောင့်အယှက်ဖြစ်စရာများဖြင့်
ကြုံတွေ့ခဲ့ရသော ခရီးစဉ်ဖြစ်ခဲ့ပါသည်။
ထိုအကြောင်းကို
ဆရာမ မသီတာ(စမ်းချောင်း)က
လွန်ခဲ့သည့် နှစ် ၃၀ ကတည်းက
မှတ်တမ်းအဖြစ် ရေးသားခဲ့သည်။
မွန်ခရီးစဉ်ကို ၁၉၈၈၊ ဒီဇင်ဘာ ၁၄ ရက်နေ့မှာ
စတင်ခဲ့ပြီး ဧရာဝတီတိုင်း ခရီးစဉ်ကို
၁၉၈၉ ဇန်နဝါရီလ ၁၄ ရက်နေ့ မှာ စတင်ခဲ့သည်။
နှစ် ၃၀ ကြာခဲ့ပြီးနောက် ဤစာအုပ်ကို
စာနဒီ စာပေက ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com


စာပေနှင့်ပုံနှိပ်လုပ်ငန်း

စာအုပ်အမျိုးမျိုးကို စာမူပေးပြီးပါက စာအုပ်ဖြစ်သည် အထိ တာဝန်ယူ လုပ်ဆောင်ပေးပါသည်။


- Calendar
- Table Calendar
- File Holder
- Pamphlet
- Box
- Booklet
- Name Card
- Voucher
- Letter Head
- Lable အမျိုးမျိုးကို စိတ်တိုင်းကျ အရည်အသွေး ပြည့်ဝစွာ ဆောင်ရွက်ပေးနေပါသည်။

ကော်ကပ်ချုပ်စက်ဖြင့် စာအုပ်အမျိုးမျိုးကို ချုပ်လုပ်ပေးပါသည်။

အမှတ်(၁၃၃)၊ လမ်း(၄၀)၊ ကုန်သည်နှင့်မဟာဗန္ဓုလလမ်းကြား၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၃၉၈၂၂၀


www.burmeseclassic.com

www.burmeseclassic.com



# ၃၀ နှစ်ပြည့်

## ရွှေချစ်သူများသို့ . . .

၁၉၈၉ ခုနှစ်၊ ဇူလိုင်လမှာ စာတည်းချုပ် ဦးဝင်းငြိမ်း တည်ထောင်ထုတ်ဝေခဲ့တဲ့ ရွှေအမြုတေရုပ်စုံမဂ္ဂဇင်းဟာ ၂၀၁၉ ခုနှစ်မှာ နှစ်သုံးဆယ်ပြည့်ပြီ ဖြစ်ပါတယ်။ ရွှေအမြုတေရုပ်စုံမဂ္ဂဇင်း နှစ်သုံးဆယ်ပြည့် အခမ်းအနားကို ၂၀၁၉ နိုဝင်ဘာ ၁၅၊ ၁၆၊ ၁၇ ရက်နေ့တွေမှာ ရန်ကုန်မြို့ လမ်းမတော်မြို့နယ်၊ သံဈေး ၅ လွှာမှာရှိတဲ့ Yangon Book Plaza မှာ ငါတို့စာပေ(NDSP)နဲ့အတူ ပူးပေါင်းပြီး စာပေပွဲတော်တစ်ခုအသွင် ကျင်းပမှာ ဖြစ်ပါတယ်။ **ပွဲတော်ရဲ့ ခေါင်းစဉ်အမည်** ကို ရွှေချစ်သူများဆီက ရယူလိုပါတယ်။ ရွှေချစ်သူတွေ အကြံပြုပေးလိုက်တဲ့ ခေါင်းစဉ်တွေထဲကတစ်ခုကို ရွှေအမြုတေ အယ်ဒီတာအဖွဲ့နှင့်အတူ ရွှေပိုင်းတော်သားတွေက ရွေးချယ်ဖို့ စီစဉ်ထားပါတယ်။ ရွေးချယ်တဲ့ ခေါင်းစဉ်ကို ၂၀၁၉ ရွှေအမြုတေစာပေဆုပေးပွဲမှာ ကြေညာမှာ ဖြစ်တာမို့ ၂၀၁၉ ဧပြီ ၃၀ ရက် နောက်ဆုံးထားပြီး ဆန္ဒပြုပေးကြဖို့ ဖိတ်ခေါ်ပါတယ်။ ပွဲတော်ကျင်းပမယ့်ရက်တွေဖြစ်တဲ့ နိုဝင်ဘာ ၁၅၊ ၁၆၊ ၁၇ နေ့တွေမှာ ရွှေအမြုတေ စာရေးဆရာတွေရဲ့ဝတ္ထုတိုများ ဖတ်ကြခြင်း၊ စကားပိုင်းဆွေးနွေးပွဲ ပြုလုပ်ခြင်းတို့ ပါဝင်မှာဖြစ်သလို စာပေအနုပညာရှင်တွေရဲ့ အနုပညာတင်ဆက်မှု တွေလည်း ပါဝင်မှာ ဖြစ်ပါတယ်။ ပွဲတော်နှင့်အတူ ၂၀၁၉ နိုဝင်ဘာလထုတ် ရွှေအမြုတေ မဂ္ဂဇင်းမှာ ရွှေအမြုတေ စာရေးဆရာတွေက အမှတ်တရ လက်မှတ်ရေးထိုးမယ့် အစီအစဉ်ပါသလို ရွှေအမြုတေ မဂ္ဂဇင်း လက်ဝယ်ရှိသူတိုင်း ရွှေအမြုတေ စာရေးဆရာတွေရဲ့ အမှတ်တရလက်မှတ်တွေ ရယူနိုင်အောင် စီစဉ်ပေးမှာ ဖြစ်ပါတယ်။ စာတည်းချုပ် ဦးဝင်းငြိမ်းရဲ့ မွေးနေ့အမှတ်တရ ထုတ်ဝေမယ့် **ရွှေ ၇၃** ကိုလည်း နှစ်သုံးဆယ်ပြည့် ရွှေအမြုတေ စာပေပွဲတော်မှာ စတင်ထုတ်ဝေ ဖြန့်ချိမှာဖြစ်ပြီး ရွှေအမြုတေ စုစည်းမှုအဖြစ် ထုတ်ဝေပြီးသမျှ စာအုပ်တွေကိုလည်း ပွဲတော်မှာ ဝယ်လို့ရနိုင်အောင် စီစဉ်ထားမှာ ဖြစ်ပါတယ်။ ရွှေချစ်သူတွေ စိတ်ဝင်စားမယ့် နောက်အစီအစဉ် တစ်ခုကတော့ ပဟေဠိအစီအစဉ် ဖြစ်ပါတယ်။ ဒီအစီအစဉ်မှာ စာပေ၊ ဂီတ၊ ရုပ်ရှင် အနုပညာရှင်တွေက တက်ရောက်လာသူ ရွှေချစ်သူတွေနဲ့ တွေ့ဆုံပြီး ဉာဏ်စမ်း ပဟေဠိတွေ မေးကြဖြေကြရမှာပါ။ ပါဝင်သူတွေကို ရွှေအမြုတေစာအုပ် လက်ဆောင်တွေ ချီးမြှင့်မှာပါ။ အထူးအစီအစဉ်အဖြစ် ရွှေအမြုတေစာပေဆုရ စာရေးဆရာများရဲ့ဝတ္ထုတွေကို သရုပ်ဖော်ထားတဲ့ မဂ္ဂဇင်းသရုပ်ဖော် ပုံတွေကို အကန့်အသတ်ဖြင့် ပုံနှိပ်ပြီး ရောင်းချမယ့်အစီအစဉ် ဖြစ်ပါတယ်။ ဆုရ စာရေးဆရာတွေရဲ့ အမှတ်တရ လက်မှတ်တွေနဲ့ ရောင်းချပေးနိုင်ဖို့ စီစဉ်လျက်ရှိပါတယ်။ ၁၉၈၉ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ နှစ်သုံးဆယ် ဖြတ်သန်းခဲ့တဲ့ ရွှေအမြုတေရဲ့ ကြိုးပမ်းအားထုတ်မှုတွေ ကိုတော့ မှတ်တမ်းစာအုပ်အဖြစ် ထုတ်ဝေနိုင်ဖို့ စာတည်းအဖွဲ့က ကြိုးပမ်းလျက်ရှိတယ်ဆိုတာလည်း သတင်းကောင်း ပါးလိုက်ပါတယ်။ နှစ်သုံးဆယ်ပြည့် ရွှေအမြုတေစာပေပွဲတော်အတွက် ခေါင်းစဉ်အဆိုပြုခြင်းကို Facebook Account 30th Anniversary Shwe Amutay Magazine မှာ မှတ်ချက် Comment ပေးနိုင်မှာဖြစ်သလို Facebook Messenger မှာ လည်း ရေးသားအကြံပြု နိုင်ပါတယ်။ E-mail နဲ့အကြံပြုလိုတယ်ဆိုရင် nyeinfamily@gmail.com ကို ပေးပို့နိုင်ပါတယ်။

■ ချစ်ခင်စွာ

**ရွှေအမြုတေပိုင်းတော်သားများ**

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com